စာပေဗိမာန်စာမူဆု ပြဇာတ်စာပေ၊ တတိယဆု

လွန်ခွက်ချည်းကျန်

အလံမလွင်ဟု

မောင် (မကွေး)



၂၀၁၄ ခုနှစ်၊ စာပေဗိမာန်စာမူဆု၊
ပြဇာတ်စာပေ၊ တတိယဆုရ

avSGtsnfuef
t vHvJ[h

မောင် (မကွေး)

တည်းဖြတ်သူ - ဒေါ်မျိုးမျိုးကြည် (စာတည်း)

အဖုံးပန်းချီ - ဇော်နိုင်ထွန်း

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

၂၀၁၇ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ– ၁၀၀၀

တန်ဖိုး (၁၅၀၀) ကျပ်

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
စာပေဗိမာန်စာတည်းမှူးချုပ်
ဦးကိုကိုနိုင်က
မှတ်ပုံတင်အမှတ် ၀၀၉၆၁ ဖြင့် ပုံနှိပ်၍
မှတ်ပုံတင်အမှတ် ၀၃၉၁၁ ဖြင့် ထုတ်ဝေသည်။

(က)

ကြိုတင်ပန်ကြားလွှာ

ပြီးခဲ့သည့်နှစ် စာပေဗိမာန် ပြဇာတ်စာပေ စာမူပြိုင်ပွဲတွင် အကျွန်ုပ်သည် "ရန်ပယ် ချောင်းလေး စီးစေ" ဟူသော ခေါင်းစဉ်ဖြင့် ပျူယဉ်ကျေးမှုကို နောက်ခံထား၍ ရေးသား သီကုံးခဲ့ပါသည်။ ယခုနှစ်တွင် ယဉ်ကျေးမှုဓလေ့ထုံးတမ်းထက် ဇာတိမာန် ဝင့်ကြွားသော ပြဇာတ်စာပေကို ရေးသားရန် စိတ်ကူးမိလာ၏။ ဤပြဇာတ်စာမူများကို ဆုရရှိရေးထက် ဖတ်ရှုသူ စာဖတ်ပရိသတ်တို့အတွက် ဗဟုသုတရစေခြင်းအလို့ငှာ တင်ပြခြင်းသာ ဖြစ်ပေသည်။ စာဖတ်ပရိသတ်အနေဖြင့် စာပေကို ရသအဖြစ် ခံစားခြင်းထက် မှတ်သားသိမြင် ဗဟုသုတ အလျင် ရရှိစေခြင်းက ပို၍ အကျိုးရှိ၏။ ဝတ္ထုတစ်ပုဒ်၊ ပြဇာတ်တစ်ပုဒ်တွင် ရသသာမက ဗဟုသုတလည်း ပါရှိမှသာ ဖတ်ရသူလည်း အကျိုးရှိပြီး ရေးသားရသူအတွက်လည်း သမိုင်းပေး တာဝန် ကျေပွန်မည်ဖြစ်၏။ သမိုင်းပေးတာဝန်ဆိုသည်ထက် အမျိုးသားရေးတာဝန် ကျေပွန်မည် ဆိုသည်က ပို၍သင့်လျော်ပေမည်။

ယခုရေးသားသောပြဇာတ်မှာ **"လှေခွက်ချည်းကျန် အလံမလဲဟေ့"** ဟူသော ခေါင်းစဉ်ဖြစ်၏။ တတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲတွင် အထင်ရှားဆုံးသော တိုက်ပွဲဖြစ်ပြီး မြန်မာစစ်သည်တို့၏ ဇာတိသွေး ဇာတိမာန်ကို အမြင့်ဆုံးပြသခဲ့သော တိုက်ပွဲကြီးကို တင်ပြလိုက်ခြင်းဖြစ်ပေသည်။ ၎င်းအပြင် မြန်မာတို့တည်ဆောက်ခဲ့သော ခေတ်မီခံတပ်ကြီးကို လည်း မီးမောင်းထိုး၍ ပြလိုက်ခြင်းဖြစ်၏။ ထိုခံတပ်ကြီးကား အထက်မင်းလှမြို့ရှိ နာမည်ကျော် မင်းလှခံတပ်ကြီးပင် ဖြစ်တော့သည်။ မြန်မာတို့သည် ထိုခံတပ်တိုက်ပွဲတွင် အင်္ဂလိပ် မျက်နှာဖြူများကို ရဲရဲဝံ့ဝံ့၊ သတ္တိပြောင်ပြောင်နှင့် ဇာတိသွေး ဇာတိမာန်အပြည့် တိုက်ခဲ့သော တိုက်ပွဲဖြစ်၏။ ထိုတိုက်ပွဲကြီး မစမီကပင် မြန်မာတို့သည် မိမိထက် အင်အားသုံးဆမျှရှိပြီး ခေတ်မီလက်နက်အမြောက်အမြားနှင့် တိုက်ခိုက်လာ၍ သေချာပေါက် ရှုံးနိမ့်မည်ကို သိရှိထားပြီးဖြစ်၏။ သို့ပေမင့် လှေခွက်ချည်းကျန် အလံမလဲဟူသော စိတ်ဓာတ်ကို အရင်းခံလျက် မိမိပိုင်နက် မြန်မာ့မြေကို တစ်လက်မ အထိမခံ၊ အဆုံးရှုံး မခံလိုသော စိတ်ဓာတ်ဖြင့် သွေးနှင့်အသက်ကို ရက်ရက်စက်စက် စတေးခဲ့ကြသည်။ တိုက်ပွဲကာလ အချိန်တိုတိုနှင့် ရှုံးနိမ့်ရပေမယ့် ကမ္ဘာကျော်သော တိုက်ပွဲကြီးပါတကား။ ထိုတိုက်ပွဲပြီးဆုံးလျှင် ကမ္ဘာ့စစ်ဝေဖန် သူများက အောင်ပွဲဆင်ခဲ့သော အင်္ဂလိပ်နယ်ချဲ့ကို မချီးမွမ်းဘဲ ရှုံးနိမ့်ခဲ့ရသော မြန်မာ့စစ်သည် သူရဲကောင်းများကိုသာ တသသ ချီးမွမ်းထောပနာပြုကြကုန်လေသည်။ မြန်မာတို့သည် ခံတပ်ကျ၍ စစ်ရှုံးခဲ့ကြရသော်လည်း မြန်မာ့ဇာတိသွေး ဇာတိမာန်တို့က

အောင်လံမလဲဘဲ ပန်းပန်လျက်ရှိနေကြရာ အင်္ဂလိပ်လက်အောက် နှစ်ပေါင်း (၁၀၀) ကျော် ကျွန်ပြုခံခဲ့ရသော်လည်း တက်ကြွနေသေးသော ဇာတိသွေး ဇာတိမာန်တို့ကို လက်ဆင့်ကမ်းလျက် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ရဲဘော်သုံးကျိပ်တို့နှင့်အတူ ပြည်သူတို့လက်တွဲလျက် စစ်ရေး၊ နိုင်ငံရေး စွမ်းဆောင်မှုတို့ကို ဖြစ်ပေါ်လာစေခဲ့၏။ ထိုစွမ်းဆောင်မှုဖြင့် လွတ်လပ်ရေးရအောင် တိုက်ခိုက်နိုင်ခဲ့ကြသည်မှာ ကမ္ဘာသိ ပြည်သူသိပင် ဖြစ်ပေသည်။

မင်းလှခံတပ်တိုက်ပွဲကို ထိုခေတ်ထိုအခါက နောက်ကြောင်းဖြည့် အရန်တပ်မင်းကြီး သူရမဟာမင်းခေါင် သမိန်ဗရမ်း(ခေါ်) မင်းလက်ဝါးနှင့်အတူ အမှုတော် ထမ်းရွက်နေသော ဇာတ်စာ၊ ဇာတ်စကားနှင့် ဇာတ်တော်ကြီးများ ရေးသားရာ၌ နာမည်ကြီးခဲ့သူ စာပေပညာရှင် ဆင်ဖြူကျွန်းမြို့မြောက်ဘက်နား ကျပင်းရွာသား ဆရာဖီးက-

"မင်းလှမြို့ သောင်အစွန်မှာ ဆောင်ဝန်အားစိုက်
မင်းလက်ဝါးနှင့် တပ်အများ တိုက်ကြသတဲ့၊
တိုက်ပေမင့် . . .
ဗုံးစက်အမြောက် ကုန်းထက်ရောက်အောင်
သုံးရက်လောက် ကြလိုက်တော့ နွားကွဲကျားကိုက်
မနုကြမ်းကြမ်း အမှုထမ်းတို့က
စွမ်းသမျှတိုက်သော်လည်း
လာလိုက်တဲ့ဗုံးဆန် မြေကတုတ်တို့ ပျားတုပ်ခံရ" ဟူ၍ တိုက်ပွဲကြားက ကမန်းကတန်း စာစမ်းခဲ့ပါသေးသည်။ (ကျပင်းဆရာဖီး)

အင်္ဂလိပ်-မြန်မာသမိုင်းအစဉ်ကို ပြုစုကြသော နိုင်ငံခြားသား သမိုင်းဆရာများနှင့် သတင်းစာဆရာများကလည်း အသီးသီး မှတ်ချက်ပြုကြပါသေးသည်။

အင်္ဂလိပ်သတင်းစာဆရာ ဂရက်တန်ဂျယ်ရီ (Grattan Geary) ဆိုသူ၏ သတင်းစာအရေးအသားတွင် -

"မည်သို့ပင်ဖြစ်စေ အနောက်ဘက်ကမ်း မင်းလှခံတပ်မှ မြန်မာတပ်များသည် အားတက်သရော တိုက်ခိုက်သွားပေသည်။ အဂတိမလိုက်စားဘဲ အမှန်အတိုင်းပြောရလျှင် မြန်မာတို့ကို သူရဲဘောကြောင်သူများဟု အညွှန့်ချိုးနှိမ်ချခြင်း မပြုသင့်ပါ။ အဘယ်ကြောင့် ဆိုသော် သူတို့သည် ရဲရဲရင့်ရင့်စွမ်းအားရှိသမျှ ဇွဲနပဲကြီးစွာ အားသွန်ခွန်စိုက် တိုက်ခိုက်ခဲ့သောကြောင့်ဖြစ်သည်" ဟူ၍ ရေးသားထားသည်၊ ဝေဖန်မှုပြုထားသည်ကို တွေ့ရှိရပေသည်။

တစ်ဖန် နိုင်ငံခြားသား သမိုင်းဆရာ ဒေါက်တာ ဒီပီဆင်ဟာ (D.P Singhal) ဆိုသူကလည်း "အရှုံးပေး အညံ့ခံရသည်ထက် အမျိုးသားဇာတိမာန်စိတ်ဖြင့် တိုက်ခိုက်ရင်း သေသွားသည်ကမှ ကောင်းသေး၏ဟု ယူဆကာ တိုက်ခိုက်သွားကြလေ၏" ဟုပင် ထောက်ခံအားပေး ချီးမွမ်းရေးသားခဲ့ပြန်ပါသည်။

ထိုသို့ သမိုင်းဆရာများ၊ သတင်းစာဆရာများက ချီးမွမ်းရေးသား ဂုဏ်ပြုကြရုံမျှမက စစ်ပြိုင်ဘက်ဖြစ်သော မျက်နှာဖြူအရာရှိများကလည်း ချီးမွမ်းဂုဏ်ပြု မှတ်တမ်းပြုကြပါသေးသည်။ ထိုမှတ်တမ်းများ၌ အင်္ဂလိပ်စစ်သေနာပတိ ဗိုလ်ချုပ်ကြီး ပရင်ဒါဂတ်(စ်)၏ စစ်မှတ်တမ်းတွင် -

"မြန်မာတို့သည် သူတို့၏ ခံစစ်နယ်မြေမှ ရုတ်တရက် ဆုတ်ခွာခြင်းမပြုဘဲ ခုခံတိုက်ခိုက်ရင်း တစ်လက်မပြီးမှ တစ်လက်မ ဆုတ်ခွာကြသည်။ ခံစစ်ကြောင်းမှ တစ်တပ်ပြီး တစ်တပ် ခုခံရင်း တပ်ချင်းလဲ၍ ဆုတ်ခွာကြပုံမှာ စနစ်ကျ၍ စံနမူနာ ယူလောက်ပါပေသည်" ဟု ဖွင့်ဟရေးသားခဲ့ပါသည်။

ထို့ပြင် သမိုင်းဆရာတစ်ဦးဖြစ်သော စတီးဝပ် (Stewart) ဆိုသူ ဗြိတိသျှ တစ်ဦးကလည်း -

"စစ်ပွဲကာလအတွင်း တိုက်ပွဲနှင့် တူတန်သောတိုက်ပွဲမှာ မင်းလှခံတပ် တိုက်ပွဲသာဖြစ်သည်။ မြန်မာတပ်များသည် မယိမ်းမယိုင်သော ဇွဲအဓိဋ္ဌာန်ဖြင့် ရဲရဲရင့်ရင့် ခုခံတိုက်ခိုက်ခဲ့ကြောင်းကို ယုံမှားသံသယရှိဖို့ မလိုပါ" ဟု ချီးကျူးရေးသားထားပါသည်။

ဤသို့ နိုင်ငံခြားသား သတင်းစာဆရာများ၊ သမိုင်းဆရာများနှင့် တစ်ဖက်ရန်သူ စစ်ယှဉ်ဘက်များမှ ချီးကျူးဂုဏ်ပြု ရေးသားကြရကုန်သော တိုက်ပွဲကား နာမည်ကျော် မင်းလှခံတပ် တိုက်ပွဲသာဖြစ်ပေသည်။ သေချာပေါက် ရှုံးနိမ့်မည်ကို သိပါလျက် တစ်လက်မ အထိမခံ မျိုးချစ်စိတ်ထက်သန်၍ ဇွဲမာန်အပြည့်နှင့် တိုက်ခဲ့သော တိုက်ပွဲကြီးပါတကား။ အင်အားလက်နက်မမျှ၍ စစ်ရှုံးခဲ့ရပေမင့် မျိုးချစ်မြန်မာတို့၏ ဇာတိမာန်ကိုကား နယ်ချဲ့တို့ အညွှန့်မချိုးနိုင်ခဲ့ပေ။ နယ်ချဲ့တို့၏ ထိုခေတ် ထိုအခါက အကောင်းဆုံးဆိုသော လက်နက်ကြီးများက စစ်ပွဲကို အောင်နိုင်ခဲ့သော်လည်း အမျိုးသားရေးဇာတိမာန်ကို မနိုင်ရှာသော မြန်မာသူရဲကောင်းတို့၏ ဇာတိမာန်ကျောက်တိုင်ဖြစ်သော မင်းလှခံတပ်ကြီးကိုလည်း မြေပြင်မှာ ပြိုလဲအောင် မဖြိုခွဲနိုင်ကြပေ။ ပွန်းပဲ့ရုံမျှပင် မပြုနိုင်ခဲ့ပေ။ ထိုခံတပ်ကြီးသည်ကား ယနေ့ထက်တိုင် မြန်မာသူရဲကောင်းတို့၏ အားမာန်နှင့်အတူ လှေခွက်ချည်းကျန် အလံမလဲစတမ်း ကြံ့ကြံ့ခံလျက် ရှိနေပါသေးသည်။ ထို့ကြောင့် မြန်မာတို့၏ ဇာတိမာန်သည်လည်း မင်းလှခံတပ်ကြီးကဲ့သို့ ကြံ့ကြံ့ခံလျက် လှေခွက်ချည်းကျန် အလံမလဲဘဲ တလူလူ လွင့်ပျံလျက် ရှိပါသေးသည်။

စာရေးသူသည် ဤမင်းလှခံတပ်တိုက်ပွဲကို နောက်ခံထား၍ စိတ်ကူးယဉ် ဇာတ်ကောင်များဖြင့် ဇာတ်အိမ်ဖွဲ့ကာ မြန်မာတို့၏ ဇာတိမာန်ကို ခေတ်မီဆက်တင်များ အသုံးပြု၍ ဤပြဇာတ်စာမူဖြင့် ဂုဏ်ပြုရေးသားလိုက်ရပါလေသတည်း။ [မင်းလှခံတပ်၊ ကွေ့ချောင်းခံတပ်နှင့် ပတ်သက်သော လေ့လာစရာ ဗဟုသုတမှတ်တမ်းများကို ပြဇာတ်စာမူ အပြီး နောက်ကျောစာမျက်နှာ၌ ဖော်ပြထားပါသည်။]

ဤပြဇာတ်စာမူ ရေးသားရာတွင် ရာဇဝင်ဇာတ်ကြောင်းကို လက်လှမ်းမီသမျှ စာအုပ်စာတမ်းများ၊ မြေပြင်အနေအထား တွေ့ရှိမှုများကို မှန်ကန်တိကျနိုင်သမျှ အနီးစပ်ဆုံး တိကျအောင် ကြိုးစားရေးသားထားပါသည်။ စကားပြေအရေးအသားတွင် သတ်ပုံသတ်ညွှန်း တိကျမှန်ကန်စွာ ရေးသားထားပြီး စကားပြောများတွင် အသံထွက်အတိုင်း ရေးသားထား ရှိသဖြင့် စကားပြောအသံထွက်မှာ သတ်ပုံသတ်ညွှန်းနှင့် လွဲနေမည်ဖြစ်ပါသည်။ ၎င်းအပြင် ချင်းဘာသာစကားနှင့် ဒေသသုံး စကားပြောများကိုလည်း ထိုဒေသပြောဆိုဟန်များဖြင့် အနီးစပ်ဆုံးတူအောင် ရေးသားထားပြီး အဓိပ္ပာယ်ယူဆနားလည်ရန် ခက်ခဲသော စကားပြောဟန်ကို အများသိသော ဝေါဟာရများဖြင့်သာ ပြုပြင်ဖော်ပြလိုက်ရပါသည်။

"လှေခွက်ချည်းကျန် အလံမလဲ" ဟု စကားရှိခဲ့သော်လည်း ဤခံတပ်စစ်ပွဲကား ရှုံးနိမ့်ခဲ့ရပေသည်၊ အလံမလဲဟု အားမာန်ခဲလေသမျှ သဲရေကျဖြစ်ခဲ့ရသည့် ဇာတ်လမ်းဖြစ်၏။ မြန်မာ့ဒေါင်းအလံကို လဲချ၍ ဗြိတိသျှယူနီယံဂျက်အလံကို လွှင့်ထူသွားသော်လည်း မြန်မာသူရဲကောင်းတို့၏ ဇာတိသွေး ဇာတိမာန်ပြည့်ဝသော မျိုးချစ်စိတ်ဓာတ်တို့သည် လဲပြိုမကျခဲ့ဘဲ အရှိန်အဟုန် ပိုလို့ပင်တိုးကာ ဇာတိမာန် အောင်လံတလူလူ လွင့်နေပါသောကြောင့် ဤတိုက်ပွဲ၏ ပြဇာတ်အမည်ကို **"လှေခွက်ချည်းကျန် အလံမလဲဟေ့"** ဟုသာ ညာသံဟစ်ကြွေး ရေးသားခဲ့ရပေတော့သည်။

မောင် (မကွေး)

လေ့ခွက်ချည်းကျန် အလံမလဲဟေ့ ပြဇာတ်မှ သရုပ်ဆောင်များ

၁။	ရဲမက် ငရှန်မောင်		ဇာတ်ဆောင်
၂။	ထိပ်တင်ထား		ဇာတ်ဆောင်
၃။	မယ်ခင်		ဇာတ်ပို့
၄။	ဒေါ်အိုစာ	(မယ်ခင်၏အမေ)	ဇာတ်ပို့
၅။	ချင်းမကြီး ဖွိုင်ပါ	(ရှန်မောင်၏အမေ)	ဇာတ်ပို့
၆။	ဦးထီးန်မမန်း	(ပနီဇုံရွာသူကြီး)	ဇာတ်ပို့
၇။	ရဲမက် ငစံအောင်	(ရှန်မောင်၏သူငယ်ချင်း)	ဇာတ်ပို့
၈။	ရဲမက် ငလန်း	(အရှိုချင်းတိုင်းရင်းသား)	ဇာတ်ပို့
၉။	ရဲမက် စီလောင်း	(အရှိုချင်းတိုင်းရင်းသား)	ဇာတ်ပို့
၁၀။	ချင်းတိုင်းရင်းသားများ		ဇာတ်ပို့
၁၁။	ဖောင်ဝန်မင်း မဟာမင်းထင် မင်းလှသီဟသူ		(ရာဇဝင်ဇာတ်ပို့)
၁၂။	သွေးသောက်ကြီး မင်းဒင်		(ရာဇဝင်ဇာတ်ပို့)
၁၃။	စက်ယွန်းဝန် မင်းရဲညွှန့် (ထိပ်တင်ထား၏ဖခင်)		(ရာဇဝင်ဇာတ်ပို့)
၁၄။	မင်းလက်ဝါး		(ရာဇဝင်ဇာတ်ပို့)
၁၅။	ကျပင်း ဆရာဖီး		(ရာဇဝင်ဇာတ်ပို့)
၁၆။	ဆယ့်နှစ်ပွဲရဗိုလ် မင်းကျော်သိဒ္ဓိရန်အောင်		(ရာဇဝင်ဇာတ်ပို့)
၁၇။	ရဲခေါင်သူရိန်		(ရာဇဝင်ဇာတ်ပို့)
၁၈။	စကားပြန် မောင်ဝိုင်း		ဇာတ်ပို့
၁၉။	စကားပြန် ပိုင်ဇေ		ဇာတ်ပို့
၂၀။	ရဲမက် ငတင်ယု		ဇာတ်ပို့
၂၁။	ရဲမက် ငရှန်ကြီး	(ရှန်မောင်၏အဖေ)	ဇာတ်ပို့
၂၂။	ကြေးနန်းဆရာ ဦးလူဇဉ်		ဇာတ်ပို့
၂၃။	ရဲမက် ငဇွဲထက်ရှင်		ဇာတ်ပို့
၂၄။	ရဲမက် ငရှင်ရဲထွဋ်		ဇာတ်ပို့

ကုန်းဘောင်ခေတ် ဘုရင်၊ မိဖုရား၊ အိမ်ရှေ့စံတို့နှင့် နန်းတွင်းတာဝန်ထမ်းဆောင်သူများ၊ မျူးမတ်၊ သေနာပတိ၊ ဗိုလ်ချုပ်၊ ဗိုလ်မှူး၊ သွေးသောက်ရဲမက်များ၊ ပြည်သူပြည်သားများနှင့် ဗြိတိသျှစစ်သားများ ပါဝင်သရုပ်ဆောင်ထားသည်။

“လွေခွက်ချည်းကျန် အလံမလဲဟေ့”

(ဇာတ်လမ်းအကျဉ်း)

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့ကို နောက်ခံထား၍ ရေးသားထားသော ဇာတ်လမ်းဖြစ်သည်။ ဇာတ်လမ်းတွင် မင်းလှမြို့၏ အနောက်ဘက်၊ အနောက်ရိုးမတောင်ခြေရှိ အရှိုချင်းတိုင်းရင်းသားတို့၏ ပနီဆုံကျေးရွာတွင် ချင်းတိုင်းရင်းသား မောင်ရှန်မောင်တို့ ကြိမ်ကြိုးတံတားဆောက်နေစဉ် မင်းလှခံတပ်မှ သွေးသောက်ကြီး မင်းဒင်တို့ အဖွဲ့က မောင်းကြေး နင်းခတ်၍ စစ်သားစုဆောင်းနေကြသည်။ မောင်ရှန်မောင်၊ မောင်စံအောင်နှင့် ချင်းတိုင်းရင်းသား လူငယ်များကလည်း သွေးသောက်ကြီးထံတွင် စစ်မှုထမ်းလိုက်ကြပြီး မင်းလှခံတပ်သို့ လိုက်ပါသွားကြသည်။ မင်းလှခံတပ်သို့ ရောက်သောအခါ ဖောင်ဝန်မင်း မဟာမင်းထင်နှင့် သွေးသောက်ကြီး မင်းဒင်တို့က မောင်ရှန်မောင်၏ဖခင် ရဲမက် ဂရှန်ကြီးနှင့် သူငယ်ချင်းများဖြစ်ခဲ့ကြောင်းကို ပြောပြ၍ သိရှိရသည်။ ဖောင်ဝန်မင်းက ဂရှန်မောင်၏ဖခင်သည် ကနောင်မင်းသားကြီး၏ ကိုယ်ရံတော်အဖြစ် အမှုတော်ထမ်းရင်း မြင်ကွန်း မြင်းခုံတိုင်အရေးတော်ပုံတွင် ကျဆုံးသွားကြောင်းကို ရှင်းပြသည်။ မောင်ရှန်မောင်သည် သွေးသောက်ကြီးမင်းဒင်၏သမီးထိပ်တင်ထားနှင့် ခင်မင်ရာမှ မေတ္တာတောင်းခံခဲ့သည်။ တစ်ချိန်တည်းတွင် သူငယ်ချင်းဖြစ်သူ ငစံအောင်ကလည်း ထိပ်တင်ထားထံမှ မေတ္တာတောင်းခံနေသဖြင့် ဖောင်ဝန်မင်း မဟာမင်းထင်က တိုင်းပြည်၏အမှုတော်ကို သက်စွန့်ကြိုးပမ်း ထမ်းဆောင်နိုင်ဆုံးသူနှင့် ထိပ်တင်ထားကို လက်ဆက်ပေးမည်ဟု ဆုံးဖြတ်ပေးလိုက်သည်။

မန္တလေးရတနာပုံတွင် ဘုံဘောဘားမားသစ်ကုမ္ပဏီမှ သစ်ခိုးထုတ်သော ကိစ္စကို မြန်မာအစိုးရက အရေးယူလိုက်သည့်အတွက် အင်္ဂလိပ်တို့က ထိုကိစ္စကိုအကြောင်းပြု၍ မြန်မာပြည်အထက်ပိုင်းကို ကျူးကျော်စစ်ဆင်နွှဲရန် ပြင်ဆင်နေကြသောအချိန်ဖြစ်သည်။ ထိုအချိန်ကာလတွင် မောင်ရှန်မောင်နှင့် မောင်တင်ယုတို့မှာ နိုင်ငံတော်သစ္စာဖောက်မှုဖြင့် အဖမ်း ခံရသည်။ အဖမ်းခံထားရသော မောင်ရှန်မောင်နှင့် မောင်တင်ယုတို့သည် မျက်နှာဖုံးစွပ်သူရဲကောင်းက ကယ်တင်၍ လွတ်မြောက်ခဲ့ပြီး စကားပြန်မောင်ဝိုင်း၏အကူအညီဖြင့် သရက်မြို့ရှိ အင်္ဂလိပ်စစ်တပ်သို့ ခိုလှုံခွင့်ရခဲ့သည်။ မောင်ရှန်မောင်သည် ဗြိတိသျှအမှုတော်ထမ်းရွက်ရင်း ဗြိတိသျှအရာရှိတစ်ယောက်၏ အနိုင်ကျင့်ခံရ၍ ကိုယ်ဝန်ရရှိသွားသော မယ်ခင်ဆိုသော အမျိုးသမီးတစ်ဦးကို ကယ်တင်လိုက်သည်။ မယ်ခင်ကိုလည်း လက်ထပ်ယူလိုက်သည်။ အင်္ဂလိပ်-မြန်မာစစ်ပွဲ မဖြစ်မီ ရှန်မောင်က မယ်ခင်ကို သူ့မိခင်၏ရွာလယ်ရွဲရွာသို့ ပြန်ပို့သည်။ မယ်ခင်က ရွာသို့မသွားဘဲ ထိပ်တင်ထားနှင့်တွေ့ရန်

မင်းလှခံတပ်သို့သွား၍ မောင်ရွှန်မောင်သည် နိုင်ငံ့သစ္စာဖောက် မဟုတ်ကြောင်း၊ အင်္ဂလိပ်စစ်တပ် အတွင်းသူလျှိုအဖြစ်ဝင်ရောက်ရန် ဇာတ်လမ်းဆင်၍ ထွက်ခဲ့ကြောင်း၊ သူလျှိုလုပ်ရင်း သီပေါဘုရင်၏အမှုတော်ထမ်းရွက်ခဲ့ကြောင်း၊ မောင်ရွှန်မောင်က မယ်ခင်၏အရှက်တကွဲ အကျိုးနည်းဖြစ်မှုကို ကယ်တင်၍ မယ်ခင်ရရှိနေသော ကိုယ်ဝန်အတွက် လှည်းကျိုးဝင်ထမ်းကာ ဟန်ဆောင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ကြောင်း၊ မယ်ခင်ကို နှမလေးတစ်ယောက်လို စောင့်ရှောက်ရင်း ထိပ်တင်ထား၏မေတ္တာကို မျှော်လင့်နေကြောင်း ပြောပြခဲ့သည်။ အင်္ဂလိပ်-မြန်မာစစ်ပွဲမှာလည်း ခံကတုတ်အဆင့်ဆင့် ကျဆုံးခဲ့၏။ ကွေ့ချောင်းခံတပ်ကျဆုံးပြီး ဦးကင်းဘုရားခံကတုတ်တွင် ဖောင်ဝန်မင်းနှင့် မင်းရဲညွှန့်တို့ ကျဆုံးခဲ့သည်။ မင်းလှခံတပ်တိုက်ပွဲကို အင်္ဂလိပ်တို့က ကြည်းကြောင်း၊ ရေကြောင်းညှပ်၍ တိုက်ခိုက်ကာ သိမ်းယူလိုက်သည်။ ရွှန်မောင်၏မိခင် ချင်းမကြီး ဖွိုင်ပါက စစ်ပွဲအတွင်း သားဖြစ်သူကို လိုက်ရှာနေသည်။ သားဖြစ်သူ ရွှန်မောင်နှင့် ဆုံတွေ့သောအခါ သူမြင်ချင်သော မြန်မာစစ်သား မဟုတ်ဘဲ ဗြိတိသျှယူနီဖောင်းဝတ်နှင့် အင်္ဂလိပ်စစ်သားအဖြစ် တွေ့ရသောအခါ အလွန်စိတ်ဆိုးသွားပြီး သားဖြစ်သူ ရွှန်မောင်ကို ရိုက်နှက်ဆုံးမသည်။ ထိုအခါ အင်္ဂလိပ်စစ်သားတစ်ယောက်က ချင်းမကြီးကို ပစ်သတ် လိုက်သည်။ ရွှန်မောင်က သူ၏မိခင်ကို ပစ်သတ်လိုက်သော အင်္ဂလိပ်စစ်သားကို အခဲမကျေဖြစ်ပြီး ဓားနှင့်ထိုးသတ်လိုက်ရာ နောက်ကရောက်လာသော အင်္ဂလိပ်စစ်သားက ရွှန်မောင်ကို ပစ်သတ်လိုက်သည်။ ရွှန်မောင်ကိုသတ်သူ ထိုအင်္ဂလိပ်စစ်သားကိုလည်း စံအောင်နှင့် မြန်မာရဲမက်များက ဝိုင်းဝန်းပစ်သတ်ကြသည်။ ဒဏ်ရာရရှိသွားသူ ရွှန်မောင်ကို ထိပ်တင်ထားနှင့် မယ်ခင်တို့ကဖက်၍ ငိုကြသည်။ ရွှန်မောင်က "ငါ့ဘဝမှာ ခံတပ်ကြီးလည်း ကျသွားပြီ၊ စစ်ပွဲကြီးလည်း ရှုံးသွားပြီ၊ အလွန်ချစ်ရတဲ့ မိခင်လည်း သေပြီ၊ ငါမေတ္တာထားတဲ့ ထိပ်တင်ထားနှင့် ငါသနားခဲ့ရတဲ့ မယ်ခင်တို့ကိုလည်း ဆုံးရှုံးလက်လွှတ်ရပြီ"လို့ပြော၍ သေသွားသည်။ သွေးသောက်ကြီး မင်းဒင်နှင့်မင်းလက်ဝါးတို့က ထိပ်တင်ထားတို့ကို အားပေးရင်း ခံတပ်ကြီးကျဆုံးပေမယ့် ငါတို့ရဲ့ ဇာတိသွေး ဇာတိမာန် အောင်လံမလဲသေးကြောင်းပြော၍ ဇာတ်သိမ်းခန်းဝင်ကြသည်။

မောင် (မကွေး)

လှေခွက်ချည်းကျန် အလံမလဲဟေ့

ဇာတ်ဝင်ခန်း (၁)

နေရာ - မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်မှ မင်းလှခံတပ်။

အချိန် - ခရစ်သက္ကရာဇ် ၁၈၈၅ ခုနှစ်၊ နိုဝင်ဘာလ (၁၇)ရက်၊ မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၁)ရက်။

အပြင်အဆင် - ခေတ်မီဇာတ်ခုံ ဆုံလည်ဆက်တင်ပေါ်၌ ဧရာဝတီမြစ်ဖက်မှမြင်ရသော မင်းလှခံတပ်မြင်ကွင်းကို အထပ်သားများနှင့် ဆက်တင်ဆင်၍ ထားရမည်။ ခံတပ်ထိပ်တွင် အဝေးပစ် ရှေးဟောင်းအမြောက်ကြီးများ ပြုလုပ်၍ ခံတပ်ကို ဇာတ်စင်၏ လက်ယာဘက်တွင် ထားရှိရမည်။ အမြောက်များ၏ ထိပ်ဝတွင် မီးခိုးမိုင်းယမ်းထုပ် ထည့်သွင်းထားပြီး ဇာတ်စင်၏နောက်သို့ ဝါယာကြိုးဖြင့် သွယ်တန်းထားရမည်။ ဖောက်ခွဲချိန် ရောက်သည်နှင့် ဘက်ထရီဖြင့် ရှော့တိုက်ကာ ပေါက်ကွဲစေရမည်။ ထိုခံတပ်ကြီး၏ရှေ့ ရှစ်ပေအကွာတွင် သုံးပေအမြင့် ရေကားပန်းချီ ဆင်ထားပြီး ရေကားပန်းချီ၏ ဝဲဘက်နောက်နားတွင် အင်္ဂလိပ် မီးသင်္ဘောကို အထပ်သားနှင့် ပိုင်းဖြတ်ဆွဲထားသောပုံကို ပုဏ္ဏားကွယ်မှ ဦးပိုင်းထွက်၍ ဆင်ထားရမည်။ ရှေ့နည်းတူ သင်္ဘောပေါ်၌ မီးခိုးမိုင်းယမ်းထုပ်တပ်ဆင်ပြီး အချိန်ကျက ပေါက်ကွဲစေရမည်။

အလင်းရောင် - အနီရောင်ရဲရဲ မီးများထွန်းထားရမည်။

တေးဂီတ - အချိန်ကျသည်နှင့် မောင်းဆိုင်း၊ နှဲ၊ လင်းကွင်း၊ ပတ်မတို့က ခြောက်ပေါက် ပိန်းဗောင်း တီးရမည်။

ဇာတ်ဝင်ခန်း - ကတ္တီပါပြည်ဖုံးကားကြီး ချထားစေ။

အလင်းရောင် - ပြဇာတ်ခွင်မစမီ အမှောင်ချထားရမည်။

ဇာတ်ဝင်ခန်းစ - (မီးအမှောင်ချလိုက်သည်နှင့် နောက်ခံစကားပြောဝင်စေ။)

နောက်ခံပြော - (အမျိုးသမီးတစ်ဦး၏စူးရှသောအသံဖြင့် ပြောစေ။)

"ရွှေပွဲလာ ပရိသတ်များရှင် ယခုတင်ဆက်ပြသမည့် ပြဇာတ်ကတော့ စာရေးဆရာ မောင်(မကွေး) ရေးသားစီမံအပ်သော **'လှေခွက်ချည်းကျန် အလံမလဲဟေ့'** ဆိုတဲ့ ဇာတိသွေးဇာတိမာန်

တက်ကြွတဲ့ ရာဇဝင်ပြဇာတ် ဖြစ်ပါတယ်ရှင်။ မြန်မာနိုင်ငံရဲ့ အားထားဂုဏ်ယူဝင့်ကြွားရတဲ့ မင်းလှခံတပ်တိုက်ပွဲကို နောက်ခံထား တင်ဆက်ထားခြင်းဖြစ်ပါတယ်။ ရှုစားတော်မူကြပါလားရှင်"
(နောက်ခံစကားပြောသံ ပြီးဆုံးသည်နှင့် အသံသြဇာကောင်းသော အမျိုးသားအသံရှင်က ဇာတိသွေး ဇာတိမာန်ပါပါ ဟစ်အော်၍ ပြောစေ)

အမျိုးသားအသံ ။ ။ "ဟေး. . . နယ်ချဲ့မျက်နှာဖြူ စစ်သင်္ဘောတွေ တို့ခံတပ်ရှေ့ကို ရောက်လာပြီဟေ့၊ တို့မြေကို တစ်လက်မ အကျမခံနိုင်ဘူး၊ တိုက်ကြ ပါတော့လား၊ အမြောက်တပ်ဖွဲ့ နေရာယူ. . . အသင့်. . . . ပစ်"
(ကတ္တီပါ ပြည်ဖုံးကားကြီး ဖွင့်စေ)
(လျှပ်စစ်မီး အနီရောင်များ လင်းလာပြီး အဖြူရောင်မီးများ ဖွင့်လိုက်မှိတ်လိုက်လုပ်နေကြစေ)
(တေးဂီတမှ ခြောက်ပေါက်ဗိန်းဗောင်း တရကြမ်းတီးစေ)
(ခံတပ်ပေါ်ရှိ အမြောက်များထိပ်မှ ယမ်းများ ပေါက်ကွဲစေ)

အမြောက်သံ ။ ။ ဒိန်း . . . ဒိန်း . . . . ဒိန်း
သေနတ်သံ ။ ။ ဒိုင်း . . . ဒိုင်း . . . ဒိုင်း
နောက်ခံ ဟစ်ကြွေးသံ ။ ။ "ဟေး. . . မြန်မာ့တပ်မတော်ကွ" "မြန်မာတဲ့ . . . ဟေ့"
(အမြောက်သံ၊ သေနတ်သံ၊ ဟစ်ကြွေးသံများ ဆက်တိုက် ထွက်ပေါ်နေစေ၊ နယ်ချဲ့မျက်နှာဖြူ သင်္ဘောပေါ်၌လည်း ပေါက်ကွဲစေ)
(ထိုအချိန်တွင် မြန်မာစစ်သည်များက ခံတပ်ထက်တွင် ဒေါင်းအလံကို ကိုင်မြှောက်၍ ဝင့်ကြွားနေစေ)

စစ်သည်များ (သံဖြိုင်) ။ ။"မြန်မာဟေ့ . . . မြန်မာ"
(ရဲမက်တစ်ဦးက ဒေါင်းအလံကို မြှောက်ထားရင်း ဟစ်ကြွေးသံပြီးဆုံး သည်နှင့် ရုပ်သေပြကွက် ဖြစ်သွားစေ)
(မီးအနီရောင်မှ အဖြူရောင် ပြောင်းဖွင့်လိုက်ကာ တေးဂီတနှင့် အသံများ လုံးဝဆိတ်ငြိမ်သွားပြီးမှ လျှပ်စစ်မီးများ လုံးဝ အမှောင်ကျ သွားစေ)

အမျိုးသမီး (နောက်ခံပြော) ။ ။ "ရွှေပွဲလာ ဧည့်ပရိသတ်များရှင် ယခုဇာတ်ဝင်ခန်း မြင်ကွင်းကတော့ ခရစ်သက္ကရာဇ် ၁၈၈၅ ခုနှစ်၊ နိုဝင်ဘာလ (၁၇)ရက်၊ မြန်မာ သက္ကရာဇ် ၁၂၄၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၁)ရက်က

နာမည်ကျော် မင်းလှခံတပ်နှင့် နယ်ချဲ့မျက်နှာဖြူတို့ မီးကုန် ယမ်းကုန် တိုက်ခိုက်ခဲ့ကြတဲ့ စစ်ပွဲကြီးပဲဖြစ်ပါတယ်ရှင်၊ ဒီစစ်ပွဲကြီးကတော့ မြန်မာတို့က နယ်ချဲ့ကုလားဖြူတို့ကို မြန်မာ့မြေ တစ်လက်မ အထိမခံဘဲ ကာကွယ်ခဲ့တဲ့ ကမ္ဘာကျော်စစ်ပွဲကြီးဖြစ်ပါတယ်၊ ဒီစစ်ပွဲကြီးမတိုင်မီ မြန်မာတို့အနေနဲ့ ခံစစ်ကြောင်းကို ဘယ်လို ပြင်ဆင်ခဲ့ကြတယ်။ ခံတပ်ကြီးကို ဘယ်လိုတည်ဆောက်ခဲ့တယ် ဆိုတာကို **"လှေခွက်ချည်းကျန် အလံမလဲဟေ့"** ဆိုတဲ့ ဟောဒီ ဂန္ထဝင် ပြဇာတ်တော်ကြီးမှာ ဆက်လက်ရှုစားတော်မူကြ ပါလားရှင်. . . "

(ကတ္တီပါ ပြည်ပုံးကားကြီးချစေ)

ဇာတ်ဝင်ခန်း (၁) ပြီး၏။

ဇာတ်ဝင်ခန်း (၂)

နေရာ - ပနီဆုံကျေးရွာ (မင်းလှမြို့အနောက်ဘက်၊ ရခိုင်ရိုးမအခြေ)

အပြင်အဆင် - ဆုံလည်ဆက်တင်ကို လှည့်လိုက်ရမည်။ ဆုံလည်ဆက်တင်၏ နောက်တွင် ကျောက်တောင်ကြီးများ ပြင်ဆင်ထားရှိပြီး ကျောက်တောင်ခြေတွင် ခြေတံရှည်ဝါးတဲလေး ပြုလုပ်ထားပါ။ အဝေးဘက်ကရောင်းအဖြစ် နောက်ခံပိတ်ကားပေါ်တွင် အနောက်ရိုးမတောင်တန်းကြီးကို ပရိုဂျက်တာနှင့် ထိုးပြထားရမည်။

တေးဂီတ - အခန်းပြောင်းတီးလုံး တီးပြီးသည်နှင့် တောခေလှေနှင့်သက်ဆိုင်သောတီးလုံးတီးကွက် ပြောင်းလဲတီးမှုတ်ရမည်။

အလင်းရောင် - အဖြူရောင်ဘလိုင်းဖွင့်ထားရမည်။

သရုပ်ဆောင် - ချင်းတိုင်းရင်းသားများ၊ သူကြီး၊ စီလောင်၊ ရှန်မောင်၊ မြန်မာစံအောင်နှင့် မောင်လန်းတို့ ပါဝင်ရမည်။

ဇာတ်ဝင်ခန်းစ - **(ကတ္တီပါ ပြည်ဖုံးကားကြီး ဖွင့်စေ)**

ပနီဆုံရွာသူကြီး ။ ။ (အသံဝဲဝဲနှင့် မြန်မာလိုပြောစေ)

"အိမ်း. . . ကျို့ကတော့ ဟောဒီရွှန်းမတောင်ဂျေမှာရှိတဲ့ ပနီဇုံရွာလေးက တကြီး ထီးန်မမန်းပေါ့ဗျာ၊ ကျို့တို့ရွာက ရခိုင်ရွှန်းမတောင်ခြေဆိုပေမယ့် တောင်ဇောင်းပေါ်မှာရှိးတဲ့ တောင်ပေါ်ရွာလို့ ပြောရင်လည်း ရဒယ်လေ့၊ အင်း. . . မြေပြန့်နဲ့က ဝေးပြီကော၊ ဧရာဝတီဆိုတာကို ဝိုး . . . ဘယ်ဆီနေမှန်းမသိ၊ အနီးအနားဆိုလို့ လက်ပန်ဒကားရွာနဲ့ပဲ နီးတယ်၊ အဲ အဲ . . . ဒါတောင် ပနီချောင်းကို ဖြတ်ပြီးမှ လက်ပန်းဒကားကို သွားလို့ရပြီလား ဟရို့၊

အိမ်း. . . အာခု မိုးရွာတယ်နော်၊ ဟိုးပနီက တောင်ကျရီတွေ တရဟော စီးဆင်းဒယ်၊ အဲဒီ ပနီကို ကူးဖို့ရာ မလွယ်လှဘီကော. . . ၊ အေးဒဲ့ကျော့ ပနီကိုဖြတ်ပြီး ဟိုဘက်ကမ်း ဒီဘက်ကမ်း ကြိမ်ကြိုးတံတား ထိုးဘို့ရာဘီ၊

အိမ်း. . . ရွာသားတွေ တောတက်ပြီး ကြိမ်ပင်အခုတ်သွားတာပေါ်မလာဘီ၊ ဟင်း. . . ဒီကောင်တွေ အတော်ဖျင်း၊ အသွားနှေးနှေး

အလာနှေးနှေး၊ ဟို ကုလားဖြူအကောင်တွေနဲ့တွေ့လို့ ခါးခနဲ တေဘို့ကျ ရှိဆုံးက မြန်မြန်တေမဲ့အကောင်တွေဘီ. . . ”
(ထိုသို့ တစ်ဦးတည်း စကားပြောနေစဉ် ဇာတ်ခွင်တစ်ဘက်မှ စီလောင်နှင့် ရှန်မောင်တို့ ရွာသားတချို့နှင့်အတူ ကြိမ်ခွေများပိုက်၍ ဝင်လာစေ။)

စီလောင် ။ ။ (ဝဲဘက်ဇာတ်ခွင်သို့ ဝင်လာသည်နှင့် သူကြီးကိုအော်၍ပြောစေ။)
“ဝေး. . . တကြီး၊ ငါတို့ ကြိမ်နွယ်တွေ ရခဲ့ပြီကော၊ နင်မှာတဲ့ ကြက်ဥကြိမ်တွေလည်း ပါပြီပ”

သူကြီး ။ ။ “ဟေး. . . ဟန်ကျလှဒကွ၊ ကဲ. . . ကဲ ရှန်မောင်က ပနီဟိုဘွဲ့ကမ်းသွား၊ အဲဒီမှာ ရေသဖန်းပင်ကြီးရှိဒယ်ကွေ့၊ ကြက်ဥကြိမ်ကို အဲဒီမှာ ချေလေပ၊ အဲအဲ. . . စီလောင်နဲ့ ရွာသားတွေက ဒီဘက်ကမ်းက ကျို့ပင်မှာ ချေလကွယ့်၊ ကြက်ဥကြိမ် သုံးကြောင်းတန်းပြီး အဲဒီအပေါ်မှာ ဝါးကပ်ရက် ခင်းတာပဲ့၊ လည့်ရန်းကိုလည်း ကြိမ်ကြိုးနဲ့သာ တန်းရပြီကော”
(သူကြီး အမိန့်ပေးလိုက်သည်နှင့် ရွာသားများက ကြိမ်ခွေများဖြေ၍ တန်းနေကြစေ၊ ထိုအချိန်မှာ ဇာတ်ခွင်၏ လက်ယာဘက်မှ မြန်မာစစ်သည်များ ဝင်လာစေ၊ စစ်သည်နှစ်ဦးက မောင်းကြီးတစ်လုံးကို ရှေ့နောက်ထမ်းလျက် ဇာတ်ခွင်တွင်းရောက်သည်နှင့် မောင်းကြီးကို တီးခတ်စေ)

မောင်းသံ ။ ။ ဒူ. . . ဒူ . . . ဒူ. . .

ကြေညာသူ ။ ။ (မောင်းထမ်းရှေ့မှ သွေးသောက်ကြီးက ကြေညာစေ)
“တိုင်းသူပြည်သား လူအများတို့လေ. . . ”

မောင်းသံ ။ ။ ဒူ. . .

ကြေညာသူ ။ ။ “ရတနာပုံပြည့်ရှင် သီပေါဘုရင်မင်းတရားကြီး အမိန့်တော်ရှိလိုက်သည်မှာ နယ်ချဲ့ မျက်နှာဖြူ ဗြိတိသျှတို့သည် အထက်မြန်မာနိုင်ငံတော်ကို ကျူးကျော်စော်ကား မော်ကြွားရန်အလို့ငှာ အောက်မြန်မာ နယ်စပ်အာလံမြို့နှင့် သရက်မြို့တို့မှာ စစ်သည်စုဆောင်း ပြင်ဆင်နေပြီဖြစ်ပါသောကြောင့် နယ်ချဲ့အရေးတော်ပုံကြီးပေါ်ပေါက်ရန်ရှိလေပြီ၊ ထိုနယ်ချဲ့ ကုလားဖြူတို့ရဲ့ရန်ကို ခုခံနိုင်ရန်အတွက် မင်းလှခံတပ်နှင့် ကွေ့ချောင်းခံတပ်များတွင် စစ်သည်အင်အား ဖြည့်တင်းရန်

လိုအပ်နေပြီဖြစ်ပါ၍ အသက်(၁၈)နှစ် ပြည့်ပြီးသူတိုင်း မည်သူမဆို မိမိသဘောဆန္ဒအရ အမှုတော်ထမ်းရွက်နိုင်သည် အမိန့်တော်. . . ”

မောင်းသံ ။ ။ ဒူ. . . ဒူ. . . ဒူ. . .

ရွာသားများ ။ ။ “အလို. . . စစ်သည်စုဆောင်းတာ ဆိုပါ့လား”

သူကြီး ။ ။ (ကြေညာမောင်းအဖွဲ့ခေါင်းဆောင် သွေးသောက်ကြီးကို လက်အုပ်ချီ၍ နူတ်ခွန်းဆက် ပြောကြားစေ)
“အလို . . . နေပြေဒေါ်က ထင်သည်ပ”

မင်းဒင် ။ ။ “ဟုတ်. . . ဟုတ်ပါတယ်၊ နေပြည်တော်က ဘုရင့်အမိန့်ပါ၊ အဲ. . . ဒါပေမဲ့ အကျွန်ုပ်က မင်းလှခံတပ်မှာ အမှုတော်ထမ်းရွက်နေတဲ့ သွေးသောက်ကြီးမင်းဒင် ဖြစ်ပါတယ်၊ ဘုရင့်အမိန့်တော်အရ စစ်သည်စုဆောင်းနေသည်ပဲ့၊ ဒါနဲ့ နောင်ကြီးက ဘယ်သူပါလဲ”

သူကြီး ။ ။ (လက်အုပ်ချီ၍ ပြန်ပြောစေ)
“ဟဲဟဲ. . . ကျို့ ကျို့တော်မျိုးက ဟောဒီ ပနီဆုံကျေးရွာက တကြီး ထီးန်မမန်းပါ ဗိုလ်မင်းကြီး ဘုရား”

မင်းဒင် ။ ။ “အို . . . အို ကျုပ်က သွေးသောက်အဆင့်ပဲရှိတာပါ၊ လက်အုပ် ချီပြီး ပြောစရာမလိုပါဘူး၊ ကျုပ်တို့ တပ်မှူးကြီးတွေကတောင် လက်အုပ်ချီပြီး ဝပ်လျက်ခစားတာ သိပ်ပြီး လက်မခံကြတော့ဘူး၊ သူကြီးမင်းရဲ့. . . ဟဲဟဲ၊ တပ်တော်ကြီးကလည်း ရှေးဆန်တဲ့ တပ်တော်ကြီး မဟုတ်တော့ပါဘူး၊ ဥရောပနိုင်ငံရပ်ခြားက တပ်တွေလို ခေတ်မီတဲ့ တပ်တော်အဖြစ် အိမ်ရှေ့စံ ကနောင်မင်းသားကြီး လက်ထက်တော်ကပင် ပြောင်းလဲခဲ့တဲ့ တပ်တော်ကြီးပါ၊ ဓား၊ လှံလက်နက်အစား သေနတ်၊ မီးပေါက်၊ အမြောက်နဲ့ စိန်တွေ အသုံးပြုလာတဲ့ တပ်တော်ကြီးပေပေါ့၊ ဟဲ ဟဲ ဟဲ၊ ရှေးထုံးအတိုင်း အရှိအသေပြုစရာ မလိုပါဘူး သူကြီးမင်းရယ်”

သူကြီး ။ ။ “မှန်ပါ . . . မှန်ပါ ကျို့တော်မျိုး သိချင်တာက ပနီဆုံရွာက စစ်သည်ရဲမက် ဘလောက်များ ဆွေသရမလဲလို့ပါ”

မင်းဒင် ။ ။ “အို. . . သက္ကရာဇ် ၁၂၂၂-၁၂၂၃ ခုနှစ်၊ မင်းလှခံတပ်ကြီး တည်ဆောက်ခဲ့တာတောင် အိမ်ရှေ့စံကိုယ်တော်ကြီးက ဘယ်ရွာ ဘယ်နှစ်ယောက်၊ ဘယ်မြို့ ဘယ်နှစ်ထောင်လို့ ဆင့်ဆိုခြင်းမပြုခဲ့ဘဲ စစ်သည်ရဲမက်အင်အားနဲ့ လုပ်ခစား လုပ်သားတွေကိုသာ ထောက်ပံ့ စွန့်ကြလို့ ဆောက်စေခဲ့ရတာပါ့၊ ယခုလို စစ်မှုထမ်းဖို့ရာအတွက် ပိုလို့ပင် ဆင့်ခေါ်မှုကိစ္စ မလုပ်လေဘူးပေါ့ သူကြီးမင်းရယ်”

သူကြီး ။ ။ "မှန်လှပါ။ . . . အပြောင်းအလဲရှိပြီကိုး၊ ကျို့တော်မျိုးတို့ ရွှန်းမခြေက ပနီဆုံ မသိခဲ့လေပ"

မင်းဒင် ။ ။ "ဟုတ်တာပေါ့၊ သူကြီးမင်းရယ်၊ ဟောဒီ ရခိုင်ရိုးမအခြေ ဆင်တောင် တစ်ဝိုက်ဟာ လက်ပံတံခါးရွာထက်ပင် တောတောင် စိမ့်စမ်း ပိုမိုကျလေတော့ အပြောင်းအလဲတွေရှိနေတာ ဘယ်မှာ သိပါအံ့နည်း၊ ပနီဆုံလိုနေရာမပြောနှင့် မင်းတုန်းတို့၊ တိုင်တားတို့၊ လက်ပံတံခါး၊ ပဒါန်းငဖဲတို့လို ကြီးမားတဲ့ မြို့ရွာတွေဖြစ်ပါလျက် ခေတ်ရဲ့ အပြောင်းအလဲကို မသိကြသည်ပဲ၊ ပနီဆုံရွာက မသိလေဘူးဆိုတာ မှန်ပေသည် သူကြီးမင်းရယ်"

သူကြီး ။ ။ "အီလိုဆို ဆွေမှုထမ်းရန် မည်သို့ပ"

မင်းဒင် ။ ။ "အိမ်း . . . စစ်မှုထမ်းဖို့ရာအတွက် အသက် ဆယ့်ရှစ်နှစ်ပြည့်ပြီးသူ ဖြစ်ပြီး ကိုယ်တိုင် စိတ်ဝင်စားလို့ ကိုယ့်ဆန္ဒအရ ဝင်လိုသူကိုသာ စစ်မှုထမ်းရမည်ပဲ၊ သူကြီးမင်းရယ်. . . "

သူကြီး ။ ။ (ရွာသားများဘက်လှည့်၍ ပြောစေ)
"ဟေ့ . . . ဟေ့ . . . နေချဲ့ကုလားဖြူတွေနဲ့ စေ့တိတ်မယ်ဒဲ့၊ မင်းတို့ထဲက ဘေတူ စေ့မှုထမ်းမလဲ ပြောကြ"

စီလောင် ။ ။ (ချင်းတဘက်ကို ခေါင်းပေါင်းထားသော စီလောင်က ပြောစေ)
"ဝေး . . . တကြီး ငါ စေ့တားလုပ်မယ်ဗျေ့"

ငကံကြီး ။ ။ "အေး . . . ကျုပ်လည်း စစ်တိုက်ချင်တယ်ပ"

စံအောင် ။ ။ (ခါးတောင်းမြှောင်အောင်ကျိုက်ထားပြီး အင်္ကျီဗလာနှင့် ရင်အုပ်မှာ ဆေးမင်ကြောင်ထိုးထားသော သိန်းငှက်ရုပ်ကြီးကို လက်သီးဆုပ်နှင့် ထုပြရင်းပြောစေ)
"ဟေ့ . . . စံအောင်တဲ့ကွ၊ မြန်မာ့သွေး ရဲရဲနီတယ်၊ ငါ့အဖေကလည်း ရတနာပုံနေပြည်တော်မှာ ရဲမက်ကွ၊ ငါလည်း အဖေ့ခြေရာ နင်းတာပ"

မောင်လန်း ။ ။ (ချင်းတိုင်းရင်းသား မောင်လန်းကလည်း ချင်းတိုင်းရင်းသားအင်္ကျီကို ဝတ်ပြီး ခါးတောင်းမြှောင်အောင်ကျိုက်လိုက်ကာ ပေါင်ပေါ်က ဆေးမင်ကြောင်ကို လက်ဝါးနဲ့ပုတ်၍ လက်ခမောင်းခတ်လိုက်ပြီး လက်ဝှေ့ရေးပြသည့်ဟန်နှင့်ပြောစေ)
"ဟေ့ ငါလည်း စေ့တားလုပ်မယ်၊ ချင်းပေမယ့် မြန်မာ့လေ့ဗျေ့ ကျွမ်းဒယ်ဗျေ့"
(နောက်နားကရပ်နေတဲ့ ချင်းအမျိုးသားတွေနဲ့ ဗမာတွေကလည်း သံပြိုင်ဟစ်၍ပြောစေ)

ရွာသားများ ။ ။ "ဟေး. . . ငါတို့လည်း တိုင်းပြည်ကို ကာကွယ်ပြီကော"

မင်းဒင် ။ ။ (လက်ပိုက်၍ ကျေနပ်စွာသော အပြုံးနှင့် ခေါင်းတညိတ်ညိတ်လုပ်ကာ ပြောစေ)

"ကောင်းပေစွ . . . ကောင်းပေစွ၊ သူကြီးမင်းရဲ့ ပနီဆုံရွာသားတွေဟာ ဇာတိသွေး ဇာတိမာန် ပြည့်ဝလှပါပေတယ်၊ ယခုပင် စစ်သည်မနည်းရခဲ့ချေပါ့"

(သွေးသောက်မင်းဒင်က သူကြီးကို စကားပြောရင်း ချင်းတိုင်းရင်းသားဝတ်စုံကို ဝတ်ဆင်ထားသော ရှန်မောင်ဘက်သို့ လှည့်ကာ လက်ညှိုးထိုး၍ပြောစေ)

"ဟေ့. . . သူများတွေ စစ်မှုထမ်းဖို့ တက်တက်ကြွကြွပါဝင်နေကြတာ၊ အမောင်ကတော့ဖြင့် ဘာမှမပြော တည်ငြိမ်လှပေတယ်၊ အမောင် စစ်မှုထမ်းဖို့ စိတ်မဝင်စားဘူးထင်သည်ပ"

ရှန်မောင် ။ ။ (အေးဆေးတည်ငြိမ်စွာဖြင့် ပြန်ပြောစေ)

"မှန်ပါ . . . ကျွန် . . . ကျွန်တော်မျိုး 'အအူ'နဲ့ မတိုင်ပင်ရသေးလို့ပါ"

မင်းဒင် ။ ။ "ဘာလဲကွ 'အအူ' ဆိုတာ"

ရှန်မောင် ။ ။ "အရှိုချင်းလို 'အအူ' ဆိုတာ အမေလို့ ပြောတာပါ"

မင်းဒင် ။ ။ "အမေ ရှိသေးတယ်ပေါ့၊ အေးလေ တိုင်ပင်သင့်တာပဲ"

ရှန်မောင် ။ ။ "ကျွန်တော်မျိုးတို့က အမေတစ်ခု အဆိုတစ်ခုပါ၊ အဲ အဲ အဆို ဆိုတာ ချင်းလို သားလို့ ခေါ်ပါတယ်၊ စစ်မှုထမ်းလိုက်ရင် အမေက တစ်ယောက်တည်း ကျန်ခဲ့မှာ၊ သူ့ကို လုပ်ကိုင်ပြုစုပေးမယ့် လူလိုသေးတယ်လေ၊ ကျွန်တော်မျိုးကလည်း အမေနဲ့ မခွဲနိုင်ဘူး၊ ဒါကြောင့် စစ်မှုမထမ်းသေးတာပါ"

(ထိုသို့ပြောနေစဉ် ရှန်မောင်ရဲ့ မိခင်ဖြစ်သူက ချင်းတဘက်ကို ခေါင်းပေါင်းလျက် ချင်းစောင်တစ်ထည်ကို ရင်ထက်ဆီမှ ဒူးခေါင်းအထိ ဖုံးအုပ်အောင်ပတ်ထားပြီး အပေါ်လွှာ ချင်းအင်္ကျီကို ဝတ်ဆင်ကာ ဇာတ်ခွင်တစ်ဖက်မှ ဝင်လာစေ၊ မျက်နှာတစ်ပြင်လုံး မဲမှောင်နေအောင် ပါးရဲထိုးထားပြီး ရဲရဲတောက်နေသော နှုတ်ခမ်းနှစ်လွှာက လှုပ်၍အော်ဟစ်ကာ စကားပြောစေ)

မိခင် ။ ။ "ဗျေး. . . မင်းက စေ့ထဲမဝင်ဘူးပေါ့၊ လူမိုက်. . . လူမိုက် နင့်ပါက စေ့သားလေ၊ သူရဲကောင်းဆိုလားပဲ၊ နင်က နင့်အဖေနဲ့ တခြားစေပဲဟဲ့၊ ရှန်မောင် အာခုချေက နင့်သွေးကို နင်ပြရမယ့် အချေပြီလား"

ရှန်မောင် ။ ။ "ဟင် . . . အအူ၊ အမေရယ် ဒီအချိန်က သားရဲ့သွေးကို အဆိုပြရမယ့် အချိန်မှန်း အဆို မသိပြီကော၊ အဆို သိပါတယ်၊ ဒါပေမဲ့ အအူကို တစ်ယောက်ထဲ ထားခဲ့ရမှာ"

မိခင် ။ ။ "ဟဲ့ အဆို၊ ငါက ချင်းလူမျိုး ချင်းမကြီးပါ၊ အတွယ်အတာ မှီခိုစရာ မရှိလည်း ကိုယ့်အားကိုယ်ကိုး ရှာဖွေစားသောက်တတ်တဲ့ လူမျိုးဟဲ့၊ ဘာဝကို ရော့ရဲတင်းတိမ်တတ်တယ်ဟေ့၊ နင်. . . ငါ့ကိုချေ့ရင် တို့ပြေကိုလည်း ချေ့ရမယ်၊ နင်ကာကွယ်ရမယ်၊ ငါရှိနေတဲ့ တိုင်းပြေကို နင့် အေသက်နဲ့လဲပြီး ကာကွေရမယ့် အချေအခါရော့ပြီလေ၊ နင်လိုက်သွား၊ နင့်သွေးကို နင်ပြလေပ"
(ရှန်မောင်က သူ၏ မိခင်ထံသွား၍ ဖက်ပြီးပြောစေ)
[အအူ - အရှိုချင်းလို အမေ၊ အဆို - အရှိုချင်းလို သား၊
ပါ - အရှိုချင်းလို အဖေ]

ရှန်မောင် ။ ။ "အအူ"

မိခင် ။ ။ "ဝေး . . . အဆို"

ရှန်မောင် ။ ။ "အမေ အဆိုကို ချစ်ရဲ့လား"

မိခင် ။ ။ "မချေ့ရင်ကော . . . "

ရှန်မောင် ။ ။ "ချစ်ရဲ့သားနဲ့ ဘာလို့ အမေ့နားက နှင်ထုတ်ရသလဲ အအူ"

မိခင် ။ ။ "အဆိုရယ် . . . အမေတို့ ချင်းလူမျိုး မေ့ခင်တွေက သားသမီးအပေါ် ချေ့တဲ့အချေ့ကို သိန်းဌက်လိုပဲ ကျင့်တယ်ဥ္စေ"

ရှန်မောင် ။ ။ "ပြောပါဦး. . . သိန်းဌက်လို ဘာလို့ ကျင့်ရတာလဲ"

မိခင် ။ ။ "အဆို. . . သိန်းဌက်တွေက ကျော့ကမ်းပါးယံတွေမှာ အသိုက်ဆောက်ပြီးနေတယ်၊ တို့လိုပေါ့၊ ငတို့လည်း တောင်ဇောင်းတွေမှာ အိမ်ဆောက်တယ်၊ သိန်းဌက်တွေက သူ့အသိုက်ထဲမှာ ဥကို ဥချတယ်၊ အေး ဒီဥတွေမပေါ့မချင်း ရင်အော့မကွာ စော့ရှောက်တယ်၊ ဥလေးတွေက အကောင်ပေါ်လာတော့ အဲဒီ သိန်းဌက်ပေါက်စလေးတွေကို အစာရှာကျွေးတယ်၊ ဘေးအန္တရာယ်တွေကို ကာကွေးတယ်၊ အဲဒီ ဌက်ကလေးတွေအပေါ် မိခင်မေတ္တာစေ့ အပြည့်ထားပြီး စော့ရှော့တယ်။ ဒါပေမဲ့ အတောင်စုံလို့ အရွေရော့လာရင် အေး ဒီသိန်းဌက်ကလေးတွေကို ကျော့ကမ်းဘားယံမှာရှိတဲ့ အသိုက်ထဲကနေ တစ်ခါတည်း အော့ကို ကန်ချလိုက်တယ် ဥ့. . . "

ရှန်မောင် ။ ။ "ဟင်. . . သိန်းဌက်မကြီးက သားသမီးတွေကို မိခင်မေတ္တာအပြည့်နဲ့ ယုယချစ်ခင်ပြီး အခုမှ ဘာလို့ကန်ချရတာလဲ၊ ဌက်ကလေးတွေ တောင်ကမ်းပါးကကျပြီး သေကုန်မှာပေါ့"

မိခင် ။ ။ "ဟဲ့ . . . ဘာလို့ သေရမှာလဲ၊ ငါးတွေဟာ ရေထဲချရင် ရေကူးတတ်သလို၊ ငှက်တွေဟာလည်း လေထဲရောက်ရင် ပျံသန်းတတ်တယ်လေ၊ အဲ . . . စေ့သားတွေရဲ့သားဟာလည်း စစ်မောင်းသံကြားရင် စေ့သွေးတော့ ပြသင့်တာပေါ့၊ သိန်းငှက်လေးတွေက အတောင်စုံပြီး အေသိုက်ထဲက ကျလိုက်တာနဲ့ လေထဲကို ရအောင်ပျံပြီး ကိုယ့်ဘဝကို ဖန်တီးကြတယ်ဗျ့၊ သိန်းငှက်စွမ်း ပြကြတယ်ဗျ့၊ သား . . . မင်းဟာ စေ့သားရဲ့သား၊ သူရဲကောင်း ရဲမက်ရဲ့သား မင်းမှာ လက်ရုံးလက်မောင်း အာစွမ်းရှိနေတော့ အခု စေ့မောင်းသံ တဒူဒူကြားရပြီကော၊ နင့်သွေးကို နင်ပြလေကွယ်၊ မင်းလည်း အတောင်စုံပြီ၊ ဇာတိသွေး ဇာတိမာန်နဲ့ ပျံပေတော့လကွယ် အဆိုရယ် . . ."
(ချင်းမကြီး စကားပြောအပြီး သားဖြစ်သူကို ခပ်စိမ်းစိမ်းကြည့်၍ ဆတ်ခနဲ လှည့်ပြန်သွားစေ)

ရှန်မောင် ။ ။ "အမေ . . . အမေ"
(မိခင်ကို လှမ်းခေါ်ရင်း ခေါင်းငိုက်စိုက်ကျသွားစေ)

မင်းဒင် ။ ။ (ရှန်မောင်ရဲ့ ပခုံးကို ကြင်နာစွာ ဖက်၍ပြောစေ)
"အမောင် . . . အမောင့်စိတ်ကို ဖြေသိမ့်ပါလေ၊ မင့်ရဲ့မိခင်က မင့်ကို မိခင်မေတ္တာအပြည့်နဲ့ စောင့်ရှောက်ခဲ့ပြီးပြီပဲ၊ သူရဲ့ဆန္ဒကို မင်းဖြည့်ဆည်းပေးသင့်တယ်၊ သိန်းငှက်လိုကျင့်တဲ့ မင့်အမေရဲ့ မေတ္တာကို အတောင်စုံတဲ့ သိန်းငှက်ကလေးအလား သတ္တိရှိရှိ ရဲရဲဝံ့ဝံ့နဲ့ မင့်အဖေရဲ့သွေးကို မင်းပြပါလေ အမောင် . . ."

ရှန်မောင် ။ ။ "ဟုတ် . . . ဟုတ်ကဲ့၊ အခုချိန်ကစပြီး ကျွန်တော်ဟာ ကျွန်တော့် အဖေဖြစ်တဲ့ ရဲမက် ငရှန်ရဲ့ ဇာတိသွေး ဇာတိမာန် အမွေကို ဆက်ခံပါတော့မယ်ဗျာ"

ရွာသားများ (သံဖြိုင်ကျယ်ကျယ်) ။ ။ "ဟေး . . . ရှန်မောင်တဲ့ကွ ဝေး"

မင်းဒင် ။ ။ "ကိုင်း . . . မြန်မာရဲမက်လောင်းတို့၊ ဟောဒီ ပနီဆုံ ကြိမ်ကြိုးတံတားကို အပြီးဆောက်ပြီး မင်းလှခံတပ်ကြီးရှိရာကို ချီတက်လို့ ရတနာပုံမင်းတရားကြီးရဲ့ အမှုတော်ကို ထမ်းရွက်ကြပါကုန်စို့"
(သွေးသောက်ကြီးကား စကားပြောအပြီး စလွယ်သိုင်းထားသော မားအိမ်ထဲမှ မားကိုထုတ်ကာ မားကိုဝင့်၍ ပြောစေ)
"ဟေ့ . . . မြန်မာ့သွေး ရဲရဲနီတယ်ဟေ့"

ရွာသားများ ။ ။ (သံပြိုင်လိုက်၍ ဟစ်ကြွေးစေ)
“ဟေး . . . မြန်မာ့သွေးကွ၊ မြန်မာ့သွေး”
(အားလုံး လက်သီးလက်မောင်းတန်း၍ ဟစ်ကြွေးကာ ရုပ်သေးပြကွက် ပြုလုပ်စေ)

(ကတ္တီပါ ပြည်ဖုံးကားကြီးချစေ)

(တေးဂီတမှ မြန်မာဆိုင်းဖြင့် မြန်မာပြည်သား တေးသီချင်းကို တီးမှုတ်၍ အခန်းပြောင်း တီးလုံးဝင်စေ)

ဇာတ်ဝင်ခန်း(၂) ပြီး၏။

ဇာတ်ဝင်ခန်း (၃)

နေရာ - နာမည်ကျော် မင်းလှခံတပ်ကြီးရှေ့။

အချိန် - ၁၂၄၆ ခုနှစ်၊ နတ်တော်လဆန်း (၁)ရက်။

အပြင်အဆင် - နောက်ခံပိတ်ကားပေါ်တွင် နာမည်ကျော် မင်းလှခံတပ်ကြီး၏ အနောက်ဘက်မျက်နှာစာပုံကို ပရိုက်တာနှင့် ထိုး၍ ပြထား ရမည်။ ဆုံလည်ဆက်တင်ပေါ်တွင် အမြောက်ကြီးများ ပြင်ဆင် ထားရမည်။

အလင်းရောင် - အနီရောင်ရဲရဲ ဖွင့်ထားရမည်။ ရဲမက်များကို အဖြူရောင် မီးဆလိုက်များ ထိုးပေးထားရမည်။

တေးဂီတ - မြန်မာ့ဆိုင်းဖြင့် မြန်မာပြည်သားသီချင်းကို အခန်းပြောင်း တီးလုံးအဖြစ် တီးနေရမည်။

ဇာတ်ဝင်ခန်းစ - **ကတ္တီပါ ပြည်ဖုံးကားကြီး ဖွင့်စေ**

(တေးဂီတမှ မြန်မာပြည်သားသီချင်းကို အမျိုးသားနှင့် အမျိုးသမီး တွဲဖက်ကာ အသံဩ ကောင်းကောင်းနှင့် ဇာတိသွေး ဇာတိမာန် ပါပါ သီဆိုစေ)

(သရုပ်ဆောင်သည်နှင့် စစ်မောင်းသံ တဒူဒူ တီးခတ်စေ)

အဆို ။ ။ "သေနင်္ဂဗျူဟာ စစ်၏အင်္ဂါ × × × စစ်ချီ စစ်တက် စစ်ထိုး စစ်ဟန် × × × ရဲမာန်ရဲစိတ်ပွားလို့ ကိုယ်ခံလက်ဖွဲ့ တကယ့်ယောကျ်ား × × × ခြေလျင် ဆင်မြင်းရထား × × × တိုက်မောင်း တိုက်စည်ဟိန်းလို့ တံပိုးနဲ့ ခရာသံညံညံ စစ်ကြောင်းကြီးချီလာသံကြား × × × ဇွဲစိတ်မာန်တွေ တဖွားဖွား × × × ကြွားကြွားလျားလျား စွန့်စွန့်စားစား လက်ရုံးလက်မောင်းနဲ့ ကောင်းပါပေ့ ခွန်အားဗလများ × × × မောင်ကြီးတို့ ဘယ်ရွာသား × × × ပုဂံသားလော တကောင်းသား လော ကောင်းပါပေ့ ခွန်အားဗလများ

ပုဂံသားလော ××× တကောင်းသားလော ××× မြင်စိုင်း ပင်းယ အင်းဝ ကုန်းဘောင် ××× အောင်စစ်သည်များ ××× ကချင် ကယား ကရင် ချင်း မွန် မြန်မာ ရခိုင် ရှမ်း ××× တစ်စိတ်တစ်ဝမ်းတည်ထောင် ပြည်ထောင်စုဖွား မြန်မာပြည်သားဟေ့ မြန်မာပြည်သား ×××"

(ဇာတ်စင်ပေါ်တွင် ရဲမက်များ ဓားရေး၊ လှံရေးပြ၍ တိုက်ခိုက်လေ့ကျင့်နေကြစေ)

(တိုက်ခိုက်လေ့ကျင့်၍ အတော်မြိုင်နေစဉ် တပ်မှူးကြီး ဖောင်ဝန်မင်း မဟာမင်းထင် မင်းလှသီဟသူက ရဲမက် ရှန်မောင်ကို လက်ညှိုးထိုး၍ ပြောစေ)

တပ်မှူးကြီး ။ ။ "ဟေ့ . . . ရပ်စမ်း၊ မောင်မင်းက လှံရေးမှာ အတော်ထက်မြက်တာပဲ၊ ဒါပေမဲ့ ရန်သူကို အလစ်အငိုက်မယူတတ်ဘူးဖြစ်နေတယ်၊ မောင်မင်း ဘယ်သူလဲ"

ရှန်မောင် ။ ။ (သူ၏လှံကို ညာဘက်မှာကပ်ထောင်၍ မတ်မတ်ရပ်ကာ သတိဆွဲရင်း ပြန်ပြောစေ)

"ရဲမက် ငရှန်မောင်၊ အနောက်ရိုးမ ပနီဆုံကျေးရွာကပါဘုရား"

တပ်မှူးကြီး ။ ။ "အလို ဒီနာမည် ကြားဖူးတယ်၊ ဟဲ့ . . . သွေးသောက်မင်းဒင် မောင်မင်းပြောတာ သူလား"

မင်းဒင် ။ ။ (တပ်မှူးကြီးရှေ့ သတိဆွဲရပ်၍ ပြောစေ)

"မှန်ပါဘုရား. . . ရတနာပုံနေပြည်တော် မြင်ကွန်း မြင်းခုံတိုင် အရေးတော်ပုံမှာ အိမ်ရှေ့စံ ကနောင်မင်းသားကြီးကို ကာကွယ်ရင်း ကျဆုံးသွားခဲ့တဲ့ လှံကိုင်ရဲမက် ငရှန်ကြီးရဲ့သားပါ ဘုရား"

တပ်မှူးကြီး ။ ။ "အလို . . . ဇာတိသွေး ဇာတိမာန်ပြည့်တဲ့ အမျိုးကောင်းသားက ပေါက်ဖွားလာတာပဲ၊ ငါက ဖောင်ဝန်မင်း မဟာမင်းထင် မင်းလှသီဟသူပဲ၊ ငါနဲ့ မင်းအဖေနဲ့ ကောင်းကောင်းသိတာပေါ့၊ သူသာ အသက်ရှင်ခဲ့သေးရင် ငါ့လို တပ်မှူးကြီး ဖြစ်နေပြီပဲ၊ သူက လှံရေး ကျွမ်းကျင်တယ်၊ ဟာဒီခံတပ်ဆောက်တုန်းက တို့လည်း ရဲမက် ဘဝပေါ့၊ အဲမောင်းလှံရေး အတတ်ပညာကို မင်းအဖေကိုယ်တိုင် ငါတို့ကို သင်ပေးခဲ့ဖူးတယ်၊ မောင်မင်းအသက် ဘယ်လောက်ရှိပြီလဲ"

ရှန်မောင် ။ ။ "ကျွန်တော်မျိုးအသက် နှစ်ဆယ်ပြည့်ပါပြီဘုရား"

တပ်မှူးကြီး ။ ။ "အိမ်း . . . မောင်မင်းက ငါထက် ထက်ဝက်လောက်ငယ်တယ်၊ ဒီခံတပ်ကြီး တည်ဆောက်တုန်းက ငါက မင်းလို အသက်နှစ်ဆယ်ပဲ ရှိသေးတယ်၊ ခံတပ်ကြီးပြီးခဲ့တာလည်း အနှစ်နှစ်ဆယ်ကျော်ဆိုတော့ အဲ အဲ ဘာတဲ့ အောင်ကျော်ချမ်းကြည် ခံတပ်တည်တဲ့၊ 'အောင်'က အ-တန်ဂဏန္တေ တစ်ပေါ့၊ 'ကျော်'က ကကြီး တနလ်ာ နှစ်ဂဏန်း၊ နောက် 'ချမ်း'ကလည်း တနလ်ာ နှစ်ဂဏန်းပဲ၊ 'ကြည်'ကလည်း တနလ်ာ နှစ်ပဲကွယ့်၊ ထောင့်နှစ်ရာနှစ်ဆယ့်နှစ်လို့ ယူတယ်၊ အစပျိုး

မြေညိုမြေရှင်းခဲ့တာပေါ့။ အဲ တကယ်အုတ်မြစ်ချတာက ထောင့်နှစ်ရာ နှစ်ဆယ့်သုံးပဲ၊ အဲဒါကိုတော့ 'အချောင်ကြံစည် ခံတပ်တည်' တဲ့၊ အင်္ဂလိပ်တွေ တို့နိုင်ငံကို သိမ်းယူဖို့ အချောင်ကြံစည်တဲ့အတွက် ခံတပ်တည် ကာကွယ်မယ်ဆိုတဲ့ အဓိပ္ပာယ်ပါ၊ အချောင်ကြံစည် ဆိုတော့ ထောင့်နှစ်ရာနှစ်ဆယ့်သုံး ခုနှစ်ပေါ့ကွယ်၊ အင်း ငါတောင် အသက် လေးဆယ့်ငါးနှစ်ဆိုတော့ မင့်အဖေက ငါတို့ထက်ကြီးတယ်၊ သူက အရွယ်ကောင်းတုန်းမှာ ကျဆုံးခဲ့တာပဲ၊ ရှိသေးရင် အသက် ငါးဆယ်ကျော်ပြီပေါ့၊ အေး ဒီတော့ မင့်အဖေ ငါ့ကို သင်ပေးခဲ့တဲ့ အဲမောင်းလှံတံတိုက်ကွက်ကို ငါက မင်းကိုသင်ပေးမယ်၊ မင်းအဖေရဲ့ အမွေ မင်းရတာပေါ့ကွယ်၊ ကိုင်း . . . ပေးစမ်း မောင်မင်းလှံတံ"

(ရှုန်မောင်က သူ့ရဲ့လှံတံကို ကန့်လန့်ဖြတ် လက်နှစ်ဖက်နှင့်ကိုင်၍ တပ်မှူးကြီးကို ရိုသေစွာ ဆက်သစေ)

ရှုန်မောင် ။ ။ "လှံတော်ပါ ဘုရား"

တပ်မှူးကြီး ။ ။ (တပ်မှူးကြီးက ညာခြေခင်းလျက် လှံတံ၏အရင်းဘက်အဆုံးက ညာလက်တစ်ဖက်ဖြင့် ကိုင်၍ လှံဖျားကို ရင်ဆိုင်ထားသူ ရဲမက် တစ်ဦး၏မျက်နှာကို ချိန်ရွယ်ပြီးပြောစေ)

"ဟေ့ ရဲမက် မင့်မျက်နှာကို ငါက လှံဖျားနဲ့ ချိန်ထားပြီ၊ မောင်မင်း ဘာလုပ်မလဲ"

ရဲမက် ။ ။ "မှန်လှပါ၊ တပ်မှူးကြီးရဲ့ လှံဖျားကို ကျွန်တော်မျိုးရဲ့ လှံဖျားနဲ့ ဟောသလို ရိုက်ဖယ်ပါ့မယ် ဘုရား"

(ရဲမက်က ပြောပြောဆိုဆို တပ်မှူးကြီးရဲ့ လှံဖျားကို သူ၏လှံဖျားနှင့် ဆတ်ခနဲ ရိုက်ဖယ် လိုက်စေ)

(တပ်မှူးကြီးက ညာဘက်လက်တစ်ဖက်ဖြင့် လှံတံအဆုံးကို ကိုင်ရင်း ဘယ်ဘက်မှလှည့်၍ နောက်သို့ လေးကွက်ခုန်ဆုတ်လိုက်ရာ လှံဖျား ရိုက်ချက်လွဲသွားပြီး ရိုက်လိုက်သောအားဖြင့် ရဲမက်၏လှံတံမှာ ရဲမက်၏ဘယ်ဘက်သို့ အားလွန်ပါသွားစေ၊ ထိုသို့ အားလွန် သွားခိုက် တပ်မှူးက ခေါင်းပေါ်တွင် လှံတံကို စကြာပုံရမ်း၍ ရှေ့သို့ ဆက်ရက် ခုန်တက်ကာ ရဲမက်၏ခေါင်းပေါ်သို့ တည့်တည့်အုပ်ရိုက်စေ၊ နှုတ်မှလည်း တိုက်ကွက်ကို ပါးစပ်နှင့် ပြောစေ)

တပ်မှူးကြီး ။ ။ "လှံဖျားကို အဲဒီလိုလာရိုက်ရင် ဟောဒီလို နောက်ကို လေးကွက် ခုန်ရှောင်ပြီး လှံတံကို မျက်စိရှုပ်အောင် ကျားမီးဆွဲ တုတ်ရမ်း လုပ်မယ်၊ ဟောဒီလို ရွှေဘို အုပ်ရိုက်နဲ့ ရိုက်ချမယ်ကွ၊ ကဲ မြင်ပလား၊

မောင်မင်းတို့က လှံကို ထိုးဖို့ပဲ စဉ်းစားထားတာ၊ အခုလို ရွှေဘို အုပ်ရိုက်နဲ့ ရိုက်လိုက်တော့ သူ အငိုက်မိသွားတာပေါ့၊ လှံဆိုတာ ရိုက်လို့လည်းရတယ်ဆိုတာ စိတ်ထဲမှာ ထည့်သွင်းထားရမယ်”

ရှန်မောင် ။ ။ “ဟာ. . . ဟုတ်လိုက်လေ၊ ကျွန်တော်မျိုး မြင်မိပါပြီဘုရား”

တပ်မှူးကြီး ။ ။ “အေး. . . အဲဒါ မင့်အဖေရဲ့ တိုက်ကွက်ပဲ၊ နောက်နေ့တွေမှာ လှံဖျားပြပြီး အဖျားဆွဲ အရင်းထုတ် အုပ်ရိုက်ဆိုတာ ဆက်ပြီး သင်ပြပေးမယ်၊ ကဲ ဒီနေ့ ခေတ်မီလက်နက်သင်တန်းကို လက်သစ်လှေသင်းဗိုလ် မဟာမင်းလှသိန္ဒိကျော်စွာက သင်ကြားလိမ့်မယ်၊ ကိုင်းမင်းလှသိန္ဒိ ဆက်လုပ်”

သိန္ဒိကျော်စွာ ။ ။ (တပ်မှူးကြီးရှေ့ ထွက်ရပ်၍ အရိုအသေပြုကာ ပြောစေ)
“မှန်လှပါ အမိန့်တော်အတိုင်း ထမ်းရွက်ပါ့မယ်ဘုရား”
“မနေ့က သေနတ်မီးပေါက်အကြောင်း အခြေခံလက်နက် သင်ခန်းစာကို သင်ပြပေးခဲ့ပြီ၊ ဒီကနေ့ ရင်ဆိုင်တိုက်စစ်မှာ သေနတ် မီးပေါက်နဲ့ ဘယ်လိုတိုက်ရမယ်ဆိုတာ သင်ပြမယ်၊ အဲ မနေ့က သင်ခန်းစာမှာ သေနတ်မီးပေါက်ကို ယမ်းထည့်နည်း၊ ယမ်းထည့်ပြီး ယမ်းကို ယမ်းသိပ်တံနဲ့ ပြောင်းထဲကို ဘယ်လိုထိုးသိပ်ရမယ်၊ ကျည်ဖူးကို ဘယ်လိုထည့်ရမယ်ဆိုတာ သင်ထားတယ်နော်၊ မှတ်မိရဲ့လား. . . ”

ရဲမက်များ (သံပြိုင်) ။ ။ “မှတ်မိပါတယ် ဗိုလ်မင်း”

သိန္ဒိကျော်စွာ ။ ။ “‘အေး. . . သေနတ်မီးပေါက်တစ်လက်ကို ကျည်ထည့်ချိန်ကနည်းနည်းကြာတယ်၊ တစ်ချက်ပစ်ပြီး နောက်တစ်ချက်ပစ်ဖို့ရာ မလွယ်ဘူး၊ အဲဒီလို တစ်ချက်ချင်း ယမ်းထည့်လိုက်၊ ယမ်းသိပ်လိုက် ကျည်ထည့်လိုက်နဲ့ပဲ ရန်သူရဲ့ကျည်က မောင်မင်းတို့ ဇီဝိန်ကို ခြွေချသွားလိမ့်မယ်၊ ပစ်ပြီးတိုက်ခိုက်ရင် ရန်သူ့ဘက်က ပစ်ချိန်မရအောင် ဆက်တိုက်ပစ်နိုင်မှ ထိုးစစ်ဆိုတာ အောင်နိုင်မှာ၊ သေနတ်မီးပေါက်နဲ့ ရန်သူကို ခေါင်းမဖော်နိုင်အောင် ဆက်တိုက်ပစ်ဖို့အတွက် ဗျူဟာလိုတယ်၊ စနစ်ကျရမယ်၊ လက်ညီရမယ်၊ အဓိက စည်းကမ်းကျနဖို့ပဲ ကွယ့်”

ရဲမက်များ (သံပြိုင်) ။ ။ “မှန်ပါ ဗိုလ်မင်း”

သိန္ဒိကျော်စွာ ။ ။ “အဲဒီ ဗျူဟာကတော့ စစ်သည် အတန်းလိုက် သုံးတန်း၊ ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း စသည် နေရာယူရမယ်၊ အဲဒီနောက်ကမှ မားကိုင် လှံကိုင်ရဲမက်တွေ တစ်ပါတည်း ပါဝင်ရမယ်၊ ကဲ နေရာယူ”

(ရဲမက်များက မင်းလှသိန္ဒီကျော်စွာ အမိန့်ပေးလိုက်သည်နှင့် ဇာတ်ခွင်၏ဘယ်ဘက်မှ ဇာတ်ခွင်၏ညာဘက်သို့ မျက်နှာမူ၍ ဘယ်ဘက်ဇာတ်ခွင်ဘက်မှာကပ်လျက် ခြောက်ယောက်တွဲ သုံးတန်း နေရာယူစေ၊ သေနတ်များ ပခုံးထက်ထမ်း၍ အတန်းညာညှိခြင်းများ ပြုလုပ်ကာ သတိဆွဲရပ်နေကြစေ၊ နောက်ဆုံးက မားလှံရဲမက်များ ပါရမည်။)

ရဲမက်များ (သံဖြိုင်) ။ ။ "နေရာယူပြီး အသင့်"

သိန္ဒီကျော်စွာ ။ ။ (ရဲမက်များ တန်းစီပုံကို စစ်ဆေးဟန်ပြု၍ ကျေနပ်စွာ ခေါင်းတဆတ်ဆတ် ညိတ်ပြရင်း ပြတ်သားသောအသံဖြင့် အမိန့်ပေးစေ)

"မြန်မာစစ်သည် တိုက်ပွဲဝင်ရန် အသင့်ပြင်"

(ရဲမက်သုံးတန်းစလုံး ဒူးတစ်ဖက်ထောင် ထိုင်ချပြီး သေနတ်များကို ပေါင်ပေါ်တင်၍ ကိုင်ထားစေ)

ရဲမက်များ (သံဖြိုင်) ။ ။ "အသင့်"

သိန္ဒီကျော်စွာ ။ ။ "ယမ်းဖြည့်၊ ယမ်းသိပ်၊ ကျည်ထိုး"

(အမိန့်ရသည်နှင့် ရဲမက်များက သေနတ်ပြောင်းအတွင်း ယမ်းမှုန့်များကို ကျွဲချိုယမ်းဘူး အဖျားနှင့်တေ့၍ ယမ်းထည့်စေ၊ ပြီးလျှင် ယမ်းသိပ်တံနှင့် ပြောင်းဝမှ ထိုးသွင်း၍ ယမ်းသိပ်စေ။ ယမ်းသိပ်ပြီးလျှင် ခဲသီး ခဲတောင့်တို့ကို ပြောင်းဝမှ ပြောင်းရင်းသို့ ရောက်အောင် ထည့်စေ)

ရဲမက်များ ။ ။ "တိုက်ပွဲဝင်ရန် အသင့်"

သိန္ဒီကျော်စွာ ။ ။ "အားလုံး ယမ်းထည့်ကျည်ဖြည့်ပြီးပြီ၊ ဒီဗျူဟာမှာ ပစ်မိန့်ပေးလိုက်တာနဲ့ နောက်ဆုံးတန်းက ထရပ်ပြီးပစ်ပါ၊ ကျန်လူတွေ မပစ်နဲ့ဦး၊ နောက်ဆုံး တတိယတန်းပစ်ပြီးတာနဲ့ ရှေ့နှစ်တန်းကို ကျော်တက်ထိုင်ပါ၊ ထိုင်မိတာနဲ့ ကျည်အမြန်ဖြည့်၊ ထိုင်ကျည်ဖြည့်နေတာနဲ့ ဒုတိယတန်းက ထရပ်ပစ်၊ ပစ်ပြီးတာနဲ့ ရှေ့နှစ်တန်းကျော်မှာ ထိုင်ပြီး ကျည်ဖြည့်၊ ကျည်ဖြည့်ပြီးတာနဲ့ ပထမတန်းက ထရပ်ပစ်၊ ပစ်ပြီး ရှေ့နှစ်တန်းကို ကျော်ထိုင်၊ အဲဒီလို နောက်ဆုံးတန်းက ထပစ်၊ ရှေ့တက်ထိုင် ကျည်ဖြည့်၊ အလယ်တန်းက အသင့်၊ နောက်ဆုံးတန်းက

ထရပ်ပစ်၊ ရှေ့နှစ်တန်းကျော်မှာ တက်ထိုင်၊ ဒါပဲ၊ တိုက်ပွဲက ရှေ့ကို တိုးသွားမယ်၊ ပစ်ခတ်မှုက အဆက်မပြတ်၊ အဲဒီအခါ ရန်သူက ခေါင်းမဖော်နိုင်ဘဲ ဖြစ်နေမယ်၊ ဆက်တိုက်ဆက်တိုက်ပစ်ပြီး ရန်သူကို အပြီးချေမှုန်းရမယ်၊ ဟုတ်လား. . . ”

ရဲမက်များ ။ ။ “မှန်ပါ” (သံပြိုင်)

သိန္ဒိကျော်စွာ ။ ။ “ကဲ. . . စကြစို့၊ နောက်ဆုံးတန်း ထ. . . ရပ်. . . ပစ်”

(နောက်ဆုံးတန်း ရဲမက်များက ပြိုင်တူ မတ်တတ်ရပ်၍ပစ်စေ)

သေနတ်သံ ။ ။ “ဒိုင်း . . . ဒိုင်း . . . ဒိုင်း. . . ”

သိန္ဒိကျော်စွာ ။ ။“ရှေ့နှစ်တန်းကျော်တက်၊ ထိုင်ကျည်ဖြည့်၊ နောက်တန်း,ထ ရပ်. . . ပစ်”

သေနတ်သံ ။ ။ “ဒိုင်း. . . ဒိုင်း. . . ဒိုင်း. . . ”

သိန္ဒိကျော်စွာ ။ ။ ‘‘ရှေ့နှစ်တန်းကျော်တက်၊ ထိုင်ကျည်ဖြည့်၊ နောက်တန်း ထ. . . ရပ်. . . ပစ်”

သေနတ်သံ ။ ။ “ဒိုင်း. . . ဒိုင်း. . . ဒိုင်း. . . ”

သိန္ဒိကျော်စွာ ။ ။ “ထ. . . ရပ်. . . ပစ်”

သေနတ်သံ ။ ။ “ဒိုင်း. . . ဒိုင်း. . . ဒိုင်း. . . ”

သိန္ဒိကျော်စွာ ။ ။ “ထ. . . ရပ်. . . ပစ်”

သေနတ်သံ ။ ။ “ဒိုင်း. . . ဒိုင်း. . . ဒိုင်း. . . ”

သိန္ဒိကျော်စွာ ။ ။ “ရပ်”

(တပ်ဖွဲ့အားလုံး ရပ်နေစေ)

သိန္ဒိကျော်စွာ ။ ။ “မဆိုးဘူး၊ အတော် လက်ညိတယ်၊ အခုဆို မင်းတို့က ရန်သူနဲ့ ရင်ဆိုင်ရောက်သွားပြီ၊ ဒီဗျူဟာက သေနတ်တပ်ဖွဲ့ စပစ်တာနဲ့ မားကိုင် လှံကိုင်တပ်ဖွဲ့က နောက်ကနေ တစ်ပါတည်း ကပ်လိုက်နေပါ၊ ကဲ. . . အားလုံး စခန်းသိမ်းအောင်ပွဲဆက်မယ်”

ရဲမက်များ ။ ။ “မှန်လှပါ”

သိန္ဒိကျော်စွာ ။ ။ “ထ. . . ရပ်. . . ပစ်”

သေနတ်သံ ။ ။ “ဒိုင်း. . . ဒိုင်း. . . ဒိုင်း. . . ”

သိန္ဒိကျော်စွာ ။ ။ “ထ. . . ရပ်. . . ပစ်”

သေနတ်သံ ။ ။ “ဒိုင်း. . . ဒိုင်း. . . ဒိုင်း. . . ”

သိန္ဒိကျော်စွာ ။ ။ “အပြီးချေမှုန်း”

(လှံကိုင် မားကိုင်ရဲမက်များ သေနတ်တပ်ဖွဲ့များကို ကျော်တက်၍ မားလှံများနှင့် ဝင်ရောက်တိုက်ခိုက်စေ)

ရဲမက်များ ။ ။ “ကျား . . . ကျား . . . ကျား . . . ”
(သံပြိုင်) “မြန်မာကွ၊ မြန်မာကွ၊ မြန်မာကွ၊ အောင်ပြီ. . . အောင်ပြီ. . . အောင်ပြီ”

(နောက်ခံတီးကွက်မှ ဗိန်းဗောင်းတီးထားစေ)

(ရဲမက်များ ထိုးဟန် ခုတ်ဟန်ပြ၍ အောင်ပွဲကို ဝင့်ကြွားနေစေ)

(ကတ္တီပါ ပြည်ဖုံးကားကြီးချစေ)

(တေးဂီတမှ ဗိန်းဗောင်းနှင့် အခန်းပြောင်းတီးလုံး ဝင်စေ)

ဇာတ်ဝင်ခန်း (၃) ပြီး၏

ဇာတ်ဝင်ခန်း (၄)

နေရာ - မင်းလှခံတပ်ကြီးအနီး၊ တပ်မှူးကြီးများ၏နေအိမ်။

အပြင်အဆင် - နောက်ခံအဖြစ် ထရံကာအိမ်ကြီးတစ်ဆောင်ပုံ နောက်ခံပန်းချီကားချထားပြီး အိမ်ရှေ့တွင် ရက်ကန်းစင်တစ်ခုထားရှိရမည်။

အလင်းရောင် - အဖြူရောင် ဘလိုင်းဖွင့်ထားရမည်။

တေးဂီတ - ဇာတ်ဝင်ခန်းတွင် မောင်းဆိုင်း၊ ပလွေ၊ နှဲနှင့် ပတ်မဝိုင်းတို့မှ တီးခတ်ပေးရမည်။

သရုပ်ဆောင် - ဇာတ်ဆောင်အမျိုးသမီးက ရက်ကန်းခတ်ရင်း သီချင်းဆိုနေရမည်။

ဇာတ်ဝင်ခန်း - **(ကတ္တီပါ ပြည်ဖုံးကားကြီး ဖွင့်စေ)**

ထိပ်တင်ထား ။ ။ (ဇာတ်ဆောင် ထိပ်တင်ထားက ရက်ကန်းခတ်ရင်း မလေးလက်ခတ်သံသီချင်း သီဆိုနေစေ)

"[(မလေးလက်ခတ်သံ)♪ ××× တည်ညံ မြည်သံမစဲ ပွဲတော်နီးပြန် ××× မလေးလက်ရာ အဆင်သာ ငေးမောကြည့်ရရှာ ××× ဟိုနှစ်မှာ ဟိုအသွေး ××× ဒီနှစ်မှာ ဒီအသွေး ××× လှလှပပ ဆင်မြန်းနေသူပါ ××× အပွင့်ရယ်ဝါ ××× အညာမှာ မြရည်လိမ်းတယ် ××× ယိမ်းတန့်နွဲ့ စိမ်းတလဲ့လဲ့ အရှေ့တိုင်းသူရဲ့ ယဉ်ကျေးမှုဆောင်တာ ×××]♪"

(သီချင်းသီဆို အပြီး ရက်ကန်းစင်မှထ၍ ပရိသတ်ဘက်သို့ မျက်နှာမူပြီးပြောစေ)

"အင်း. . . တစ်နေ့တစ်နေ့ ရက်ကန်းခတ်ရတာနဲ့ အချိန်တွေ ကုန်မှန်းမသိ ကုန်နေတာ၊ ရက်လိုက်တဲ့ အဆင်ကတော့ မောင်ကြီးတွေ အကြိုက် အကွက်ဆန်းပေပ၊ ဒါပေမဲ့ ထားထားမှာ ပေးစရာ မောင်ကြီးမှ မရှိသေးတာ၊ အေးလေ. . . ပေးစရာ မောင်ကြီး မရှိသေးလည်း အဘကိုပဲ ပေးရသည်ပဲ့၊ အဘက ထားထားကို အမိမဲ့ သမီးလေးမို့ ချစ်လည်းချစ်၊ အလိုလည်း လိုက်ရှာတာပါ၊ အဘရဲ့ မေတ္တာကို ထားထား သိပါတယ်၊ ဒါကြောင့် အဘ မကြိုက်တာကို ဘာမှမလုပ်ပါဘူး၊ အဘနဲ့ ခွဲနေရမှာ ကြောက်လွန်းလို့ ချစ်သူလည်း မထားခဲ့ပါဘူး၊ အခု အဘ ပြန်လာရင်စားဖို့ ထမင်းဟင်းလည်း အသင့်ပြင်ပြီးပြီလေ၊ ဟော. . . အဘ လာပြီထင်တယ်"

(ထိုသို့ တစ်ဦးတည်းပြောနေစဉ် သွေးသောက်ကြီးမင်းဒင် ဝင်လာစေ)

မင်းဒင် ။ ။ (သွေးသောက်ကြီးက ဝင်လျှင်ဝင်လာခြင်း သမီးကိုခေါ်စေ)
"သမီးရေ. . . သမီး. . . ဟဲ့ ထိပ်တင်ထား"

ထိပ်တင်ထား ။ ။ "ရှင်. . . အဘ၊ သမီးရှိပါတယ်၊ ဘယ်မှ မသွားပါဘူး"

မင်းဒင် ။ ။ (သမီးထံ လျှောက်လာရင်း ပြောစေ)
"အိမ်း. . . ခေတ်ကာလက တယ်မကောင်းလှဘူး၊ မျက်နှာဖြူတွေက တို့ပြည်ကို တိုက်ခိုက်လိမ့်မည်ထင်သည်ပဲ့၊ မျက်နှာဖြူ သူလျှိုတွေက ခံတပ်နဲ့ ခံကတုတ်တွေကို လာလာပြီး ထောက်လှမ်းနေကြတယ်၊ အဲဒါကြောင့် သမီးကို ဘယ်မှမသွားစေချင်ဘူး၊ ဒီကောင်တွေ ဒုက္ခပေးမှာ စိုးရိမ်လို့ဟေ့"

ထိပ်တင်ထား ။ ။ "သမီးလည်း သိတန်သလောက် သိပါတယ်အဘရယ်၊ အိမ်မှာ ရက်ကန်းခတ်ရင်းက ဘယ်ကိုမှ မသွားပါဘူး၊ ဒါနဲ့ အဘ. . . သူတို့က လူမျိုးခြားပဲ၊ ဒီဘက်ကိုလာပြီး ထောက်လှမ်းရင် လူကိုကြည့်မိတာနဲ့ ကုလားဖြူမှန်း ခွဲခြားလို့ရရဲ့သားနဲ့ အဘတို့က မိအောင် မဖမ်းဘူးလား"

မင်းဒင် ။ ။ "ဟယ် . . . အ,လိုက်တဲ့သမီး၊ သူတို့ကိုယ်တိုင် ဘယ်မှာလာပြီး ထောက်လှမ်းပါ့မလဲ၊ မြန်မာသစ္စာဖောက်တွေမွေးပြီး လွှတ်တာပေါ့၊ ငါတို့ခံတပ်က ရဲမက်တွေထဲ သူတို့သူလျှိုတွေထည့်ပြီး လွှတ်ထားတာ၊ အိမ်း. . . စစ်ဖြစ်ရင် မလွယ်ဘူး၊ သူတို့ဘက်က စစ်အင်အား လက်နက်အင်အားကများပြီး ခေတ်မီလက်နက်တွေနဲ့ တိုက်လာကြမှာ၊ တို့ဘက်က သူတို့ထက် အင်အားသုံးပုံတစ်ပုံလောက်ရှိတာ၊ ဓားလှံလက်နက်ဆိုတာလည်း သူတို့ရဲ့ သေနတ်တွေကို ဘယ်မှာခုခံနိုင်ပါ့မလဲ၊ တို့ရှိတာက တစ်ခါပစ် တစ်ခါယမ်းထည့်ရတဲ့ မီးပေါက်သေနတ်လောက်ပဲရှိတာ၊ သူတို့လက်နက်က ကျည်ကို တစ်တောင့်ချင်း ထည့်ပစ်နိုင်တဲ့အပြင် အော်တာမစ်တောက်ဆိုလား ဆက်တိုက်ပစ်နိုင်တဲ့ စက်သေနတ်တွေတောင် ပါသေးသတဲ့၊ အမြောက်တွေကလည်း တို့လို သံလုံးကြီးတစ်လုံးပဲ ထွက်သွားတာမဟုတ်ဘူး၊ နှစ်ဆင့်ကွဲထိပ်ဖူးတွေနဲ့ပစ်မှာ၊ အေးလေ. . . မတူလည်း ယှဉ်ရမှာပဲ၊ သူတို့က နယ်ချဲ့စစ်၊ ငါတို့ဘက်ကတော့ တို့အမျိုး တို့သွေးသားတို့အတွက် ကာကွယ်တဲ့စစ်၊ ဒါကြောင့်. . . ဘယ်လိုပဲ တို့ထက်အင်အားရှိရှိ တိုက်ရမှာပဲ သမီး"

(ထိုစဉ် အိမ်ဝမှခေါ်သံထွက်လာစေ)

ရှန်မောင် ။ ။ "ဗိုလ်မင်းခင်ဗျာ . . . ဗိုလ်မင်း"

မင်းဒင် ။ ။ "ဟေ လာကွာ. . . ဘယ်သူလဲ ဝင်ခဲ့"

ရှန်မောင် ။ ။ (ဇာတ်ခွင်အတွင်းသို့ ဝင်လာ၍ သွေးသောက်ကြီးအား လက်အုပ်ချီ အရိုအသေပြုစေ)

မင်းဒင် ။ ။ "ဟေ့. . . ဟေ့ ငါ ဘုန်းကြီးမဟုတ်ဘူး၊ ခေတ်မီရဲမက်ပီပီ မတ်မတ်ရပ် ခစားစမ်း၊ ပြော ဘာကိစ္စလဲ"

ရှန်မောင် ။ ။ "မှန်ပါ၊ ကျွန်တော်မျိုးတို့ ပနီဆုံရွာသားတွေ စုပေါင်းပြီး ချင်းရိုးရာ ဆုတောင်းပွဲ လုပ်မလို့ပါ၊ အဲဒါ သွေးသောက်ကြီးကနေတစ်ဆင့် တပ်မှူးကြီး ဖောင်ဝန်မင်း မဟာမင်းထင် မင်းလှသီဟသူနဲ့ လှေသင်းဗိုလ် မဟာမင်းလှသိန္ဒိကျော်စွာတို့ကိုပါ ဖိတ်ကြားပြီး ကြွချီတော်မူပါရန် လာရောက်ဖိတ်ကြားတာပါ ဘုရား"

မင်းဒင် ။ ။ "ဟေ. . . ဆုတောင်းပွဲ ဟုတ်လား၊ ဘာဆုတွေ တောင်းကြမှာလဲ"

ရှန်မောင် ။ ။ "မှန်လှပါ၊ မျက်နှာဖြူတွေနဲ့ တိုက်မယ့်စစ်ပွဲအတွက် အောင်နိုင်ရေး ဆုတောင်းကြမှာပါ ဘုရား"

မင်းဒင် ။ ။ "ဟဲ့. . . ဟဲ့ ဘယ်လိုကနေ ဘယ်လို ဒီအစီအစဉ်လုပ်ကြတာလဲဟဲ့"

ရှန်မောင် ။ ။ "မှန်လှပါ၊ ကျွန်တော်မျိုးတို့ ပနီဆုံကျေးရွာက ချင်းအမျိုးသားတွေနဲ့ မြန်မာအမျိုးသားတွေ စုပေါင်းပြီး စီစဉ်တာပါဘုရား၊ အဲဒီပွဲအတွက် ချင်းနတ်ဆရာနဲ့ အလဲ နှစ်ကောင်၊ ခေါင်ရည်က ဆယ်လုံးလှည်းနှစ်စီးနဲ့ ပို့လိုက်ကြပါတယ်ဘုရား၊ နောက်ပြီး ချင်းဆန်နဲ့ ပိန္နဲသီးတွေလည်း ပါပါသေးတယ်ဘုရား"

မင်းဒင် ။ ။ "ဘာလဲကွ အလဲ နှစ်ကောင်ဆိုတာ"

ရှန်မောင် ။ ။ "အလဲ ဆိုတာ နွားကိုပြောတာပါ၊ အမဲသားဟင်းနဲ့ ဧည့်ခံဖို့ပါဘုရား"

မင်းဒင် ။ ။ (လျှာလိပ်ပါးလိပ်ဖြင့် သွားရည်ကျဟန်ပြု၍ပြောစေ)
"ဟေး. . . ခေါင်ရည်နဲ့ အမဲသား ဟန်ကျလှချေရဲ့၊ အိမ်း. . . ခေါင်ရည်မသောက်ရတာ ကြာပြီပဲ့၊ နွဲ့ရသေးတာပေါ့၊ သြော်. . . ဒါနဲ့ ပိန္နဲသီးတွေက ဘာလုပ်ဖို့လဲ"

ရှန်မောင် ။ ။ "ပိန္နဲသီးနဲ့ အမဲသားရောပြီး ချင်းတိုင်းရင်းသားဟင်း ချက်ဖို့ပါ"

မင်းဒင် ။ ။ "အို. . . အဆန်းပါကလား၊ အိမ်း. . . ကောင်းလေစွ၊ ကောင်းလေစွ၊ အဲ. . . ကြံတုန်း မိတ်ဆက်ပေးရဦးမယ် (ထိပ်တင်ထားဘက်လှည့်၍ လက်ညှိုးညွှန်ကာပြောစေ)

"ဟောဒါ ငါ့ရဲ့ တစ်ဦးတည်းသောသမီး ထိပ်တင်ထားတဲ့ကွယ်၊ မိတဆိုးလေးမို့ မောင်မင်းရဲ့ ညီမလေးလို စောင့်ရှောက်ပါ။ သူ့မှာ အဖော်အပေါင်းအသင်းနည်းနေလို့ မောင်မင်းတို့နဲ့ပဲ အပေါင်းအသင်း လုပ်စေချင်တယ်ကွယ်"

(ရှုန်မောင်က ထိပ်တင်ထားကို နှစ်လိုစွာ ပြုံးပြရင်း နှုတ်ဆက်စေ)

ရှုန်မောင် ။ ။ "ဩော် . . . မိမိ ကျွန်တော်က ပနီဆုံကျေးရွာသား ရဲမက် ရှုန်မောင်ပါ။ ညီမရဲ့အစ်ကိုတစ်ယောက်လို သဘောထားနိုင်ပါတယ်"

ထိပ်တင်ထား ။ ။ "ညီမက ထိပ်တင်ထားပါ။ အဘနဲ့ ကျွန်မတို့က စစ်ကိုင်းဇာတိပါ။ အဘ မင်းမှုထမ်းရင်း မင်းလှခံတပ်မှာ တာဝန်ကျတော့ လိုက်ခဲ့ရသည်ပဲ့။ ညီမတစ်ယောက်လို ခင်မင်ပါနော်"

ရှုန်မောင် ။ ။ "အစ်ကိုတို့ ချင်းတိုင်းရင်းသားတွေက ခင်မင်တတ်ပါတယ်၊ ညီမလည်း ဒီနေ့ည ချင်းအမျိုးသားဆုတောင်းပွဲကို လိုက်ခဲ့ပါနော်၊ ပျော်စရာ ကောင်းပါတယ်"

မင်းဒင် ။ ။ "အိမ်း. . . အိမ်း သမီးလည်း အပျင်းပြေ၊ ဗဟုသုတလည်းရအောင် ခေါ်ခဲ့ရတာပကွယ်၊ အဲ. . . ဒါနဲ့ ပြောရဦးမယ်၊ ငါ့ကို ကွေ့ချောင်းခံတပ်ဘက် တပ်စစ်ဆေးဖို့ တပ်မှူးကြီးက တာဝန် ပေးထားတယ်၊ အမောင် လိုက်ခဲ့ပါ။ ဟို. . . စံအောင်ဆိုတဲ့ ရဲမက်လည်း ခေါ်ခဲ့ပေါ့"

ရှုန်မောင် ။ ။ "မှန်လှပါ၊ လိုက်ခဲ့ပါ့မယ် ဘုရား"

မင်းဒင် ။ ။ "အိမ်း. . . ကောင်းလေစွ ကောင်းလေစွ"

(ကတ္တီပါ ပြည်ဖုံးကားကြီးချစေ)

(အခန်းပြောင်းတီးလုံးဝင်)

ဇာတ်ဝင်ခန်း(၄) ပြီး၏။

ဇာတ်ဝင်ခန်း (၅)

နေရာ - မင်းလှခံတပ်ရှေ့။

အပြင်အဆင် - မင်းလှခံတပ်၏ အနောက်ဘက်ဝင်ပေါက် မျက်နှာစာပုံကို နောက်ခံပိတ်ကားပေါ်တွင် ပရိုဂျက်တာနှင့်ထိုး၍ပြထားရမည်။

အလင်းရောင် - ပြာလဲ့လဲ့အရောင် ဖွင့်ထားပြီး သရုပ်ဆောင်များအပေါ်သို့ မီးဆလိုက်အဖြူရောင်များ ထိုးပေးထားရမည်။ ဇာတ်စင်၏ အလယ်တွင် အထပ်သားဖြင့် ထင်းချောင်းများ စုစည်းထောင်ထားပုံကို ဖြတ်ပိုင်းပုံလိုး၍ ထောင်ထားပြီး ရေပါးစက္ကူ အနီရောင်ကို စက္ကူမျှင်အပိုင်းအစအဖြစ် အရှည်လိုက်ညှပ်၍ ထင်းပုံထိပ်တွင် ကပ်ထားကာ အောက်မှ လေပန်ကာဖြင့် အထက်သို့ ပင့်လွှတ်ထားရမည်။ မီးအနီရောင် ဆလိုက်တစ်ခုကို ပရိသတ်မမြင်အောင် ထင်းပုံနှင့် ကွယ်၍ ရေပါးစက္ကူအမျှင်များကပ်ထားရာသို့ ပက်လက်လှန်ကာ ထိုးထားရမည်။ သို့မှသာ စက္ကူမျှင်နှင့် မီးဆလိုက်အနီရောင်တို့ ဆုံတွေ့ကာ ရဲရဲတောက်အရောင်သို့ ဖြစ်ပေါ်နေခိုက် အောက်မှပင့်၍ ဖွင့်ထားသော လေပန်ကာ အရှိန်ကြောင့် စက္ကူမျှင်များ အထက်သို့ ပျံတက်ကာ မီးတောက်မီးလျှံပုံစံများ ဖြစ်နေပေမည်။ မီးခိုးမှုတ်ထုတ်သည့်စက်မှလည်း မီးခိုးများ မှုတ်ထုတ်နေရမည်။

တေးဂီတ - ချင်းတိုင်းရင်းသား တူရိယာဖြစ်သော ဗုံ၊ လင်းကွင်း၊ မောင်းကြီး၊ မောင်းငယ်တို့နှင့် အချက်ကျကျ တီးမှုတ်ရမည်။ တစ်ချက်တစ်ချက် ခွာ၍ ပလွေကြီးကို ငြိမ့်ညောင်းစွာမှုတ်ပေးပြီး အချိန်ခြား၍ ကွဲချို့ပါ မှုတ်ပေးရမည်။

သရုပ်ဆောင် - အရှိုချင်းတိုင်းရင်းသား သင်တိုင်းအကျီကို ဝတ်ဆင်ထားသော ချင်းတိုင်းရင်းသား ရဲမက်များနှင့် မြန်မာရဲမက်များပါဝင်ကာ တပ်မှူးကြီး၊ လှေသင်းဗိုလ်၊ သွေးသောက်ကြီးနှင့် ထိပ်တင်ထားတို့ ပါဝင်ရမည်။

ဇာတ်ဝင်းခန်းစ - **(ကတ္တီပါ ပြည်ဖုံးကားကြီး ဖွင့်စေ)**

တေးဂီတ - (အခန်းပြောင်းတီးလုံး ပြီးဆုံးသည်နှင့် ကွဲချို့သံ တတူတူ မှုတ်ကာ မောင်းကြီးကို တဒူဒူ တီးခတ်လျက် လင်းကွင်းနှင့် ဗုံတို့ကို ခပ်မြိုင်မြိုင်တီးကြစေ)

သရုပ်ဆောင် ။ ။ (ချင်းတိုင်းရင်းသား ရဲမက်များနှင့် မြန်မာရဲမက်များက မီးပုံကြီးကို ဝိုင်းပတ်ကနေကြစေ)
(တပ်မှူးကြီးဖြစ်သော ဖောင်ဝန်မင်း မဟာမင်းထင် မင်းလှသီဟသူနှင့် လက်သစ်လှေသင်း ဗိုလ်မင်းလှသိန္ဒိကျော်စွာတို့က သွေးသောက်ကြီး မင်းဒင်တို့သားအဖနှင့်အတူ ဇာတ်စင်အလယ်တွင် အသင့်စောင့်နေသော ရဲမက် ရှန်မောင်နှင့် စံအောင်တို့ထံ လျှောက်လာစေ၊ ရဲမက် ရှန်မောင်တို့နှစ်ဦးက လက်အုပ်ချီ အရိုအသေပေး၍ ကြိုဆိုစေ)

ရှန်မောင် ။ ။ "တပ်မှူးကြီးတို့ ကြွတော်မူပါဘုရား၊ ကြွတော်မူပါဘုရား"

တပ်မှူးကြီး ။ ။ (မီးပုံပွဲကနေသော ရဲမက်များကို ရာဇမာန်ပါပါ လက်ပိုက်ကြည့်ရင်း ပြောစေ)
"အလို. . . မောင်မင်းတို့ပွဲက အတော်မြိုင်ဆိုင်လှချေရဲ့၊ အကျွန်ုပ်လည်း စစ်မှုထမ်းရင်း ကချင်၊ ရှမ်း၊ ကယား တိုင်းရင်းသားတို့ဌာနေက ရိုးရာပွဲများနှင့် မကြာခဏ ဆုံခဲ့ဖူးတယ်။ အိမ်း. . . ချင်းတိုင်းရင်းသားတို့ရဲ့ ရိုးရာဆုတောင်းပွဲကို အခုမှပဲ မြင်ဖူးရသည်ပဲ့၊ အားရလိုက်ပါဘိ မောင်မင်းရယ်. . . "

စံအောင် ။ ။ "တပ်မင်းကြီးက ယခုလို အားပေးခြီးမြှင့်သည်ကို ကျေးဇူးတင်လှပါတယ်ဘုရား၊ မကြာခင်မှာ ပဆန်းဆရာက "ပွယ်" ပါလိမ့်မယ်ဘုရား"
(စံအောင်စကား ကြားသည်နှင့် တပ်မှူးကြီးက နားမလည်ဟန်ပြုနေစဉ် မဟာမင်းလှသိန္ဒိကျော်စွာက အလျင်အမြန်မေးစေ)

သိန္ဒိကျော်စွာ ။ ။ "ဟဲ့ မောင်မင်းစကား တပ်မှူးကြီး နားမလည်လေပြီ၊ ဘာလဲကွ 'ပဆန်းဆရာ' နဲ့ 'ပွယ်' တယ်ဆိုတာ၊ လင်းစမ်းပ အမောင်"

ရှန်မောင် ။ ။ "မှန်လှပါ ရဲမက်စံအောင်ပြောတဲ့ 'ပွယ်'ဆိုတဲ့စကားဟာ အရှိုချင်းတိုင်းရင်းသားစကားပါ ဘုရား၊ 'ပဆန်းဆရာ' ဆိုတာက နတ်ပွဲပသသူ နတ်ဆရာကို ပြောတာပါဘုရား၊ 'ပွယ်' ဆိုတာ ချင်းလို နတ်ကို ခွင့်ပန်ခြင်း၊ ပသခြင်းတို့ပါ ဘုရား"

သိန္ဒိကျော်စွာ ။ ။ "အိုး. . . ဟို. . . ဟို တိုင်းရင်းသားစကားဖြစ်လေတော့ နားမလည်လေသည်ပဲ့"
(ထိုအချိန်မှာ ခေါင်အိုးကြီးတစ်လုံးကို ရဲမက်စီလောင်နှင့် ရဲမက်မောင်လန်းတို့က သယ်ဆောင်လာပြီး တပ်မှူးများရှေ့တွင် ချပေးစေ)

စီလောင် ။ ။ "တပ်မင်းကြီးဘုရား . . . ဟောဒီမြေပေါ်မှာ နှီးချောဖျာများ အသင့်ခင်းထားသည်ပ၊ အားလုံးဝိုင်းထိုင်၍ ခေါင်ရည်သုံးဆောင်တော်မူပါဘုရား"

တပ်မှူးကြီး ။ ။ (တပ်မှူးကြီးက ခေါင်ရည်အိုးကို ကြည့်၍ပြောစေ)
"အင်း. . . အကျွန်ုပ်ကား တာဝန်ချိန်မှာ သေရည်ကို မသုံးဆောင်လေပြီ၊ သို့ပေမင့် ယခုလို ခေတ္တနားနေသည့် အချိန်ကလည်းဖြစ်ပြန်၊ ခေါင်ရည်ဆိုတာ သောက်ရခဲသည့် အရာကလည်းဖြစ်ပြန်၊ သို့ကြောင့် အမောင်တို့၏ ရိုးရာပူဇော်ပွဲကို အားပေးသည့်အနေဖြင့် အဟမ်း. . . အဟမ်း. . . သုံးဆောင်ရပေအံ့၊ ကဲ မောင်မင်းကိုပဲ မေးရမယ်၊ ခေါင်ရည်ကို မည်သို့ပြုလုပ်သည်လဲဟဲ့"

ရှန်မောင် ။ ။ "မှန်လှပါ၊ ခေါင်ရည်ကို ကောက်ညှင်းဆန်ချက်ပြီး တဆေးနဲ့ ရောနယ်ကာ အိုးတစ်လုံးမှာ ပိတ်ထားတာပါ၊ ခုနစ်ရက်၊ တစ်လ၊ သုံးလဆို သောက်လို့ရပါပြီ။ ခုနစ်ရက်ခေါင်က နည်းနည်းပျော့ပါတယ်၊ အမျိုးသမီးနဲ့ ကလေးတွေ သောက်လို့ရပါတယ်ဘုရား၊ အဲ. . . တစ်လခေါင်နဲ့သုံးလခေါင်တွေကျတော့ နည်းနည်း ပိုပြင်းလာတယ်၊ နှစ်ချို့ခေါင်ကတော့ သောက်လို့အကောင်းဆုံးပါ၊ မူးလည်း အတော်မူးပါတယ် ဘုရား၊ အခုပွဲက တာဝန်ဝတ္တရားများလွန်းတဲ့ အချိန်မို့ ရဲမက်တွေ အမူးမလွန်အောင် ခုနစ်ရက်ခေါင်နဲ့ သုံးလခေါင်ကိုပဲ ဧည့်ခံတာပါ ဘုရား၊ တပ်မင်းကြီး နှစ်ခြိုက်တော်မူပါက နှစ်ချို့ခေါင် နှစ်လုံး ရှိပါသေးတယ် ဘုရား"

တပ်မှူးကြီး ။ ။ "အို. . . အို သိပ်ပြင်းတာ မသောက်လိုပါဘူးကွယ်၊ အနည်းငယ်မျှတော့ မြည်းကြည့်ချင်တယ်ပါ့"

ရှန်မောင် ။ ။ (နောက်သို့လှည့်၍ စီလောင်ကိုပြောစေ)
"ဟေ့ စီလောင်. . . တပ်မှူးကြီးတို့အတွက် နှစ်ချို့ခေါင်နဲ့ 'ပလူတံ'တွေ ယူခဲ့ချေပ"

သွေးသောက် ။ ။ "ဟဲ့. . . ရဲမက်ရှန်မောင် ဘာလဲဟဲ့ 'ပလူတံ'၊ အမောင်တို့စကား ကလည်း အဆန်းသား"

ရှန်မောင် ။ ။ (ဝါးရိုးတံ တစ်ချောင်းကို မြှောက်ပြ၍ပြောစေ)
"မှန်ပါ ဗိုလ်မင်း၊ 'ပလူတံ' ဆိုတာ ဟောဒီ 'ဝါးတံ' လေးပါဘုရား၊ အလယ်မှာ အရင်းက အဖျားထိ တိုးလျှိုပေါက် အပေါက်ပါရှိပါတယ် ဘုရား၊ အရွယ်အစားက လက်သန်းလုံး မရှိတရှိပါ၊ တောင်ပေါ်တက်ပြီး ခဲရာခဲဆစ် ရှာဖွေခုတ်ယူရပါတယ် ဘုရား၊ ဝါးတံမရှိလျှင်လည်း ကျူပင်အရိုးနဲ့ လုပ်လို့ရပါတယ် ဘုရား၊ ခေါင်အိုးရဲ့ ထိပ်ဝမှာ သစ်ရွက်တွေနဲ့ အထုပ်ထုပ်ပြီး ပိတ်ဆို့ထားပါတယ်၊ အဲဒီ သစ်ရွက်ထုပ်ကိုဖောက်ပြီး ဟောဒီ ပလူတံကို ထိုးသွင်းလို့ ခေါင်ရည်ကို

စုပ်ယူရပါတယ် ဘုရား၊ ခေါင်ရည်အိုးမှာ ပလူတံနှစ်ချောင်းကနေ သုံးချောင်းလေးချောင်း စိုက်သွင်းပြီး အဆင့်အတန်းမခွဲခြားဘဲ အတူတူ သောက်သုံးခြင်းဟာ မြန်မာလို လက်ရည်တစ်ပြင်တည်းလို့ ပြောရသလိုပါပဲ ဘုရား၊ အဆင့်အတန်းမခွဲခြားဘဲ အတူသုံးဆောင်တဲ့ အတွက် စည်းလုံးချစ်ကြည် လက်တွဲညီစေတဲ့ စိတ်ဓာတ်တွေ ပြည့်ဝစေပါတယ် ဘုရား၊ တပ်မင်းများ အခုချိန်ကစပြီး ခေါင်ရည်နဲ့ အလဲဟင်းကို သုံးဆောင်တော်မူကြပါ ဘုရား”

(ရှန်မောင်ရဲ့ ဖိတ်မန္တကပြုလိုက်တဲ့ စကားဆုံးလျှင် တပ်မှူးကြီး ဖောင်ဝန်မင်း မဟာမင်းထင်သီဟသူက ပြောစေ)

တပ်မှူးကြီး ။ ။ “အိမ်း. . . မောင်ရင့်စကားကြားရတော့ ချင်းရိုးရာ ဓလေ့ထုံးစံကို အတော်လေးစားမိတယ်၊ ကိုင်း. . . တို့နဲ့အတူ မောင်ရင်တို့ ရဲမက်တွေ အဆင့်အတန်းမခွဲခြားဘဲ အတူတူ ခေါင်ရည် သောက်ကြမယ်၊ ကဲလာထိုင်ကြဟေ့”

(ရဲမက်များနှင့် တပ်မှူးများ ခေါင်ရည်အိုးကို ဗဟိုထား၍ အတူတူခေါင်ရည်သောက်ကြစေ)

(မီးပုံပွဲမှာလည်း တပ်မှူးအချို့က ရဲမက်များနှင့် အတူတူ ဝိုင်းကနေကြစေ၊ ရဲမက်စံအောင်က သွေးသောက်ကြီးသမီး ထိပ်တင်ထားကို အတူကကြရန် ဖိတ်ခေါ်စေ)

စံအောင် ။ ။ “အို. . . အမိငယ် ငါတို့ရဲမက်တွေနဲ့အတူ မောင်ရင်းနှမသဖွယ် အတူတူကကြစို့လား”

ထိပ်တင်ထား ။ ။ (သွေးသောက်ကြီး မင်းဒင်ကို လှမ်းကြည့်ရင်း ပြောစေ)
“အဘ. . . သမီးကို အတူကဖို့ ခေါ်နေသည်ပဲ့”

မင်းဒင် ။ ။ ‘‘ဟေး. . လကွယ်. . . မောင်နှမတွေပဲဟာ၊ ငါ့သမီးလည်း အတူကချေပ၊ ဒါမှ မောင်နှမချင်း သွေးစည်းကြမှာ”

(သွေးသောက်ကြီးက ခွင့်ပြုလိုက်သည်နှင့် ထိပ်တင်ထားက စံအောင်နဲ့အတူလိုက်သွား၍ မီးပုံပွဲတွင် လှည့်ပတ်ကနေကြစေ၊ အတန်ငယ်ကပြီးချိန်မှာ သစ်ရွက်သစ်ခက်များကို သီကုံးဆင်ယင်ထားသော နတ်ဆရာ ဝင်လာပြီးပြောစေ)

နတ်ဆရာ ။ ။ “ဌေး . . . ငါတို့အားလုံး တောနတ်၊ တောင်နတ်၊ မိုးနတ်၊ လေနတ်တို့ကို ‘ပွယ်’ ကျစို့လား ဌေး”

(တပ်မင်းများက နတ်ဆရာ စကားကြားလျှင် နတ်ဆရာဘက်သို့ လှည့်၍ထိုင်စေ၊ နတ်ဆရာက ခေါင်းတစ်အိုးကို လက်နှစ်ဖက်ဖြင့် မြှောက်၍ ပသစေ)

"ဗျေး. . . တောစော့နာ့၊ တောင်စော့နာ့နဲ့၊ မိုးနာ့၊ လေနာ့တို့. . . အသင်တို့ကို ဒီခေါင်ရေအိုးနဲ့ အလဲသားတို့ကို ပွယ်ပါတယ်၊ ကိုင်းအားလုံးကလည်း နာ့တွေကို ခေါ်တေး . . . ခေါ်တေး"

သိန္ဒီကျော်စွာ ။ ။ "ဟဲ့. . . ခေါ်တေး ခေါ်တေးတဲ့. . . ဘာလဲဟဲ့"

ရှန်မောင် ။ ။ "အားလုံးကလည်း နတ်တွေကို ကန်တော့ပါတယ်လို့ ပြောတာပါဘုရား"

နတ်ဆရာ ။ ။ (တစ်ဖန် နတ်ဆရာက ဆက်၍ပြောစေ)

"တပ်မျူးကြီးနဲ့ ရေးမက်တွေက နာ့မင်းတို့ကို ခေါင်ရည်နဲ့ အလဲနဲ့ ထမင်းနဲ့ ကျွေးစပါတယ်၊ မွေးစပါတယ်"

မင်းဒင် ။ ။ "ဟဲ့ ငရှန်မောင်. . . ကျွေးစပါတယ်၊ မွေးစပါတယ်ဆိုတာ ဘာကို ပြောတာလဲ"

ရှန်မောင် ။ ။ "မြန်မာလို ကျွေးမွေးပါတယ်လို့ အဓိပ္ပာယ်ရပါတယ်ဘုရား၊ ဒါကလည်း မြန်မာစကားပါ ဘုရား၊ ချင်းသံဝဲနေလို့ပါ"

နတ်ဆရာ ။ ။ "ကျွေးစပါတယ်၊ မွေးစပါတယ်၊ ဟိုအဖြူကောင်တွေနဲ့ နိုင်ရပါစေ၊ ပိုင်ရပါစေ၊ အောင်ရပါစေ၊ ပွယ်ပါတယ်၊ ခေါ်တေး. . . ခေါ်တေး. . . ခေါ်တေး. . . "

(နတ်ဆရာက ပူဇော်ပသအပြီး ခေါင်အိုးကိုချ၍ တပ်မင်းများဘက် လှည့်ကာ ပြောစေ)

"ဗျေး. . . ပွယ်လို့ပြီးပြီပ၊ နင်တို့ စေ့နိုင်မယ်။ စေ့အောင် မယ်ပ၊ ဗျေး. . . ပျော်ပျော်ရွှယ်ရွှယ် ခေါင်သောက်ကြဗျေ့၊ အလဲနဲ့ ပိန္နဲသီးမြေးကြဗျေ့. . ဗျေး. . . ဒီနေ့. . . ဒီပဲ အောင်ပြီဟေ့. . . အောင်ပြီဟေ့"

(ပြောရင်း ချင်းဓားမတိုကို ခါးကြားမှ ဆွဲထုတ်၍ ဝင့်မြှောက်ကာ ကြွေးကြော်စေ၊ ရဲမက်များကလည်း လက်သီးလက်မောင်းတန်းကာ ဟစ်ကြွေးစေ)

ရဲမက်များ(သံပြိုင်)။ ။ "အောင်ပြီ . . . အောင်ပြီ . . . အောင်ပြီ"

(ပြည်ဖုံးကားကြီး ချစေ)

(အခန်းပြောင်းတီးလုံး ခပ်မြိုင်မြိုင်ဝင်စေ)

ဇာတ်ဝင်ခန်း (၅) ပြီး၏။

ဇာတ်ဝင်ခန်း (၆)

နေရာ - မင်းလှခံတပ်နှင့် ခေးလွယ်ခုတ် ဧရာဝတီမြစ်တစ်ဘက်ကမ်း၊ ကွေ့ချောင်းခံတပ်။

အပြင်အဆင် - ကွေ့ချောင်းခံတပ်၏ မြောက်ဘက်မျက်နှာစာ အဝင်ပေါက်ကို နောက်ခံပိတ်ကားပေါ်တွင် ပရိုဂျက်တာနှင့် ထိုးပြထားရမည်။

အလင်းရောင် - အဖြူရောင်ဘလိုင်း ဖွင့်ထားရမည်။

တေးဂီတ - သာယာငြိမ့်ညောင်းသော တေးတစ်ပုဒ်ကို စန္ဒရားလက်သံကောင်းကောင်းဖြင့် တီးခတ်နေရမည်။

သရုပ်ဆောင် - သွေးသောက် မင်းဒင်၊ ဆယ့်နှစ်ပွဲရဗိုလ် မင်းကျော်သိဒ္ဓိရန်အောင်၊ ရဲမက် ငရှန်မောင်၊ ရဲမက် ငစံအောင်တို့နှင့် ကွေ့ချောင်းခံတပ်မှ ရဲမက်များ။

ဇာတ်ဝင်ခန်းစ - **(ကတ္တီပါ ပြည်ဖုံးကားကြီး ဖွင့်စေ)**
(သွေးသောက်ကြီး မင်းဒင်နှင့် ရဲမက်ငရှန်မောင်၊ ရဲမက် ငစံအောင်တို့က လက်ဝဲဘက်ဇာတ်ခွင်မှ ဝင်လာပြီး ဆယ့်နှစ်ပွဲရ ဗိုလ်မင်းကျော်သိဒ္ဓိရန်အောင်နှင့် ရဲမက်အချို့က လက်ယာဘက်ဇာတ်ခွင်မှ ရပ်၍ စောင့်ကြိုနေကြစေ)

သိဒ္ဓိရန်အောင် ။ ။ "အလို သွေးသောက်ကြီး. . . ခံတပ်ကုန်းပေါ်တက်လာတာ အတော်မောနေပြီလားဗျ"

မင်းဒင် ။ ။ "ဘုရင့်အမှုတော်ထမ်းရတာ မောတယ်မမှတ်ပါဘူး ဗိုလ်မင်း၊ ဟောဟဲ. . ဟောဟဲ၊ အင်း . . . ဗိုလ်မင်းက ခံတပ်ကုန်းလို့သာဆိုတယ်၊ တောင်တစ်တောင်ကို တက်လာရတာပဲ့"

သိဒ္ဓိရန်အောင် ။ ။ "ဟဲ ဟဲ. . . နှုတ်ကျိုးနေလို့ ခံတပ်ကုန်းလို့ပြောရတာပါ၊ ဒီနေရာကို ဧရာဝတီမြစ်ထဲက ကြည့်ရင် တောင်တစ်တောင်ပါပဲ၊ မြစ်အကွေ့ကို အထက်စီးကနေ နေရာယူထားတာ ဘယ်လောက် စစ်ဗျူဟာကျလိုက်သလဲလို့၊ အင်း. . . ဒီလောက်ကောင်းတဲ့ ခံတပ်ကို ဆောက်ခဲ့တဲ့ သွေးသောက်ကြီးမင်းဒင်တို့နဲ့ မြန်မာလူငယ် နိုင်ငံရပ်ခြားပြန် အင်ဂျင်နီယာလေးတွေကို ကျေးဇူးတင်လှသည်ပ၊ နောက်ပြီး နိုင်ငံခြားအင်ဂျင်နီယာအဖြစ် အမှုတော်ထမ်းခဲ့တဲ့ ပြင်သစ်လူမျိုးကိုမိုတိုပဲရီနဲ့ အီတလျံလူမျိုး မိုလီနာရီတို့ကိုလည်း ကျေးဇူးတင်

မိသည်ပဲ့၊ ယမန်နေ့က ဆက်သားလွှတ်၍ စာလွှာရောက်ရှိလာလို့ သွေးသောက်ကြီးတို့ ရောက်လာမယ်ဆိုတာ ကြိုတင်သိပြီးသားပါ၊ ဒါကြောင့် အသင့်စောင့်ကြိုနေရသည်ပဲ့"

မင်းဒင် ။ ။ "တပ်မှူးကြီးက ခံတပ်စစ်ဆေးရန် အမိန့်ရှိ၍သာ လာခဲ့ရတယ် ဗိုလ်မင်း၊ ဆယ့်နှစ်ပွဲရ ဗိုလ်မင်းကျော်သိဒ္ဓိရန်အောင် အကြောင်းသိပြီးသားမို့ စိတ်ချပြီးသားပါ၊ ဗိုလ်မင်းက အလွန် စနစ်ကျပြီး တိုက်ရည်ခိုက်ရည်ရှိသူမို့ ဘာကိုမှပြောစရာမလိုပေဗျ၊ ဒါနဲ့ ဗိုလ်မင်း သတိရှိရမည်က အဝေးပစ်အမြောက်ကြီးများရဲ့ အရှေ့ဘက် အမိန့်ပေးစင်မြင့်ဟာ အရှေ့ဘက်အုတ်ရိုးနဲ့ နီးကပ်နေတဲ့အပြင် အရှေ့ဘက်ကုန်းမြေက ခံတပ်အတွင်းကုန်းမြေနဲ့ မတိမ်းမယိမ်း ရှိလေတော့ ရန်သူက ခက်ခက်ခဲခဲ ကျော်တက်နေစရာမလိုဘဲ အနည်းငယ်အားစိုက်ဝင်ရုံနဲ့ ခံတပ်ထဲကို ရောက်နိုင်တယ်၊ ရန်သူက အရှေ့ဘက် မလွယ်လမ်းကြားကဝင်လာပြီး ဗိုလ်မင်း အမိန့်ပေးရာစင်မြင့်ကို အလွယ်တကူ ရောက်လာနိုင်တယ်၊ ကျုပ်တို့တည်ဆောက်တုန်းက အဲဒီနေရာကို အုတ်ရိုးမြှင့်ဖို့ စဉ်းစားပါသေးတယ်၊ အုတ်ရိုးမြှင့်လိုက်ရင် မြစ်အတွင်းက ရန်သူမြင်တဲ့အတွက် မမြှင့်ခဲ့ပါဘူး"

သိဒ္ဓိရန်အောင် ။ ။ (ရာဇမာန်ပါပါ လက်ပိုက်၍ ခေါင်းတညိတ်ညိတ်ပြုကာ ပြန်ပြောစေ) "မှန်ပေသည် သွေးသောက်ကြီးရယ်၊ ကျုပ်တို့ခံတပ်က အလစ်အငိုက်ယူပြီး တိုက်ခိုက်ရမယ့် ခံတပ်လေ၊ ရန်သူက ခံတပ်ရှိမှန်းမသိအောင် မြေအောက်မှာပုန်းပြီး ဆောက်ထားတာ မဟုတ်လား၊ ရန်သူဟာ မင်းလှခံတပ်ကြီးကိုမြင်ပြီး မင်းလှခံတပ်ရှိရာကိုသာ မဲခြေတင်ပြီး တိုက်ကြမှာ၊ အဲဒီအခါ ကျုပ်တို့ခံတပ်က မင်းလှခံတပ်ကို မဲခြေတင်ချီတက်နေတဲ့ ရန်သူသဘော်ဘတွေကို ခါးလယ်ကဖြတ်တိုက်ပြီး နှစ်မြှုပ်ပစ်ရမယ်၊ ကျုပ်တို့မှာ အဝေးပစ်အမြောက်ကြီးတွေလည်း ရှိတယ်၊ အဲ အဲ နှစ်ဆင့်ကွဲ အမြောက်က ခြောက်လက် လောက်တောင် ပါလိုက်သေး၊ ရန်သူက ခါးဆက်ပြတ်ပြီး မင်းလှခံတပ်က ပြန်ဆုတ်ခွာတဲ့ အချိန်မှာလည်း ကျုပ်တို့က ဆုတ်လာတဲ့ သဘော်ကို ပစ်ခတ်နှစ်မြှုပ်ကြမယ်လေ၊ ဒါကြောင့် ခံတပ်ကို မြေတွင်းခံတပ်အဖြစ် ပုန်းဆောက်ခဲ့တာပေါ့၊ ကောင်းလိုက်တဲ့ ဗျူဟာပဲ၊ ဒါလည်း သွေးသောက်ကြီးတို့ စိမံခဲ့ကြတာပါပဲဗျာ"

မင်းဒင် ။ ။ "အိမ်း . . . အစီအမံ ဘယ်လောက်ကောင်းကောင်း တစ်ကွက်တော့ အားပျော့နေတယ် ဗိုလ်မင်း၊ အဲဒီအရှေ့ဘက် အုတ်ရိုးနိမ့်နေတာရယ်၊

မလွယ်ပေါက် ကြားလမ်းနဲ့ နီးနေတာရယ်က အားနည်းချက်ပဲ၊ ဒါကို ကျုပ်တို့လည်း အခြားသူမသိအောင် လျှို့ဝှက်ထားရတယ်၊ ဗိုလ်မင်းလည်း လျှို့ဝှက်ပါလေ၊ ရဲမက်တွေကိုတောင် အသိမပေးလေနဲ့ ဗိုလ်မင်း"

(နောက်ပါရဲမက်များက တီးတိုးပြောဟန်ပြုနေကြသလို ရဲမက်စံအောင်နှင့် ရဲမက်ရှန်မောင်ကလည်း ဗိုလ်မင်းများ ပြောစကား ကြားလေဟန်နှင့် တီးတိုးပြောနေကြစေ၊ ထိုသည်ကို ရိပ်မိဟန်ဖြင့် သိဒ္ဓိရန်အောင်က နောက်လှည့်ပြောစေ)

သိဒ္ဓိရန်အောင် ။ ။ "ဟဲ့ ရဲမက်တွေ ငါတို့ပြောတာ နင်တို့ကြားပြီပဲ့၊ မောင်မင်းတို့ နှုတ်လုံပါစေ၊ ပေါက်ကြားရင် သေဒဏ်ပဲ၊ မောင်မင်းတို့ကို ယုံကြည်၍ ငှါအနီးမှာ ကိုယ်ရံတော်အဖြစ် ခေါ်ထားတာနော်"

ရဲမက်များ ။ ။ "မှန်လှပါ ဗိုလ်မင်း"

စံအောင် ။ ။ "ဗိုလ်မင်းဘုရား ခံတပ်ကြီးက မြစ်ထဲကကြည့်တော့ မမြင်ရဘူး၊ တောင်ကုန်းကြီးတစ်ကုန်းအဖြစ်သာ မြင်ရပါတယ် ဘုရား၊ နောက်ပြီး ခံတပ်တောင်ကုန်းက ဧရာဝတီမြစ်ထဲကို ထိုးထွက်နေသလိုပဲ့"

မင်းဒင် ။ ။ "အို. . အဲဒီလို မမြင်ရအောင် ခံတပ်ကို တောင်ထိပ်က မြေအောက်ထဲ ထည့်ပြီး ဆောက်ထားတာပေါ့၊ မြေတွင်းခံတပ်လို့ ခေါ်တယ်၊ ခံတပ်ကုန်းက မြစ်ထဲကို ထိုးထွက်နေတာမဟုတ်ပါဘူးကွယ့်၊ မြစ်ကြောင်းက ကွေ့နေတာ၊ နောက်ပြီး မြစ်ကလည်း မြစ်ကျဉ်းလေ၊ ဒါကြောင့် အမြောက် တစ်ကမ်းကို ထိထိမိမိပစ်နိုင်တယ်။ ဗျူဟာမှာ ဒီခံတပ်က အရေးကြီးတယ်ကွယ့်၊ နယ်ချဲ့စစ်သင်္ဘောတွေကို ခါးဖြတ်ပြီး ထိထိမိမိ တိုက်ခိုက်နိုင်တဲ့ နေရာပေါ့၊ ဟောဒီ ခံတပ်အတွင်းမှာ လက်နက်တိုက်တွေ၊ ရုံးခန်းတွေ၊ စစ်တန်းလျားတွေနဲ့ ဆင်ကျူး၊ မြင်းကျူးတွေရှိတယ်"

စံအောင် ။ ။ "ဟင်. . . ခံတပ်ပေါ်ကနေ ဆင်တော်တွေနဲ့ ဘယ်လိုလုပ် တိုက်မှာလဲ၊ ဆင်တွေက အတောင်ပါနေလို့လားဘုရား"

မင်းဒင် ။ ။ "အို. . . ပေါက်ပေါက်ရှာရှာ၊ ဆင်မှာ ဘယ်ကလာ အတောင်ပံရှိရမှာလဲ၊ မောင်မင်းက ကတ်သီးကတ်သပ်ပြောတော့မယ် ဟဲ ဟဲ ဟဲ၊ ဒီလိုကွယ့် အဲဒီဆင်တွေက ဧရာဝတီမြစ်ထဲကရေကို ရေစည်လှည်းတွေနဲ့ထည့်ပြီး ဟောဒီခံတပ်ပေါ်ရောက်တဲ့အထိ ဆွဲတင်ကြရတာ၊ အပေါ်ရောက်တော့ ခံတပ်အလယ် စစ်ရေးပြကွင်းနားမှာ မြေအောက်ရေကန်ကြီးနှစ်လုံး ရှိတယ်၊ အဲ အဲ သုံးပင်အိမ်တစ်လုံးနီးပါး

ကျယ်တယ်ကွယ့်၊ အဲဒီကန်ကြီးတွေနဲ့ ရေပြည့်အောင် ထည့်ရတယ် မောင်မင်းရဲ့”

ရှန်မောင် ။ ။ “အဲဒီရေတွေက ဘာလုပ်ဖို့လဲ ဘုရား”

မင်းဒင် ။ ။ “ဟဲ့. . . ရေပါဆို သောက်ဖို့ သုံးဖို့ပေါ့ဟဲ့”

စံအောင် ။ ။ “မှန်လှပါ. . . သောက်ဖို့ သုံးဖို့ရေက အဲဒီလောက် လိုလို့လား ဘုရား”

သွေးသောက် ။ ။ “ဟဲ့. . . စစ်ဖြစ်ပြီဆိုတာနဲ့ သုံးစွဲဖို့ရေ ဆင်းမခပ်နိုင်ကြတော့ဘူးလေ၊ ရန်သူပိတ်ဆို့လာရင်လည်း စားနပ်ရိက္ခာရေ ပြည့်စုံတော့ တောင့်ခံနိုင်တာပေါ့။ အဓိက ရေ အရေးကြီးတယ်”

သိဒ္ဓိရန်အောင် ။ ။ “ကိုင်း. . . သွေးသောက်ကြီး ခံတပ်ထဲဝင်ပြီး အုပ်ချုပ်ရေးရုံးခန်းကျမှ ဆွေးနွေးကြတာပေါ့၊ ကိုင်း ခံတပ်ထဲဝင်ကြစို့”

(ဆယ့်နှစ်ပွဲရဂိုလ် မင်းကျော်သိဒ္ဓိရန်အောင် စကားဆုံးသည်နှင့် နောက်ပါရဲမက်တစ်ဦးက ခံတပ်တံခါးရှိရာသို့ လှမ်း၍အော်ပြောစေ)

ရဲမက် ။ ။ “ဟေး. . . ဗိုလ်မင်းများ ခံတပ်အတွင်းသို့ ကြွချီတော်မူလာပြီ. . .

(စူးရှသောအသံ) ခံတပ်တံခါးကြီးဖွင့်စေ. . . ”

(ကတ္တီပါ ပြည်ဖုံးကားကြီး ချစေ)

(အခန်းပြောင်းတီးလုံးမှ စန္ဒရားလက်သံဖြင့် လေပြေတီးလုံးတီးစေ)

ဇာတ်ဝင်ခန်း(၆) ပြီး၏။

ဇာတ်ဝင်ခန်း (၇)

နေရာ - မင်းလှခံတပ်ကြီးတောင်ဘက် ရွှေဘုန်းသာဘုရားကြီး။

အပြင်အဆင် - မင်းလှမြို့၏ အထင်ကရ စေတီတော်ကြီးဖြစ်သော ရွှေဘုန်းသာစေတီတော်နှင့် ရင်ပြင်တော်ပုံကို နောက်ခံပိတ်ကားပေါ်တွင် ပရိဂျက်တာနှင့် ထိုး၍ပြထားရမည်။

အလင်းရောင် - အဝါရောင်ဖျော့ဖျော့ အလင်းဖွင့်ထားရမည်။

တေးဂီတ - ပတ္တလား၊ ပလွေ(ပြွေ)၊ ခြောက်လုံးပတ်၊ စည်းဝါးတို့နှင့် ဘုန်းတော်ဘွဲ့သီချင်းကြီးတစ်ပုဒ်ကို အဆိုမပါ အတီးသက်သက်ဖြင့် တီးမှုတ်နေရမည်။

သရုပ်ဆောင် - ရဲမက် ငစံအောင်၊ ရဲမက် ငရှန်မောင်၊ ထိပ်တင်ထားနှင့် သွေးသောက်ကြီး မင်းဒင်၊ ဖောင်ဝန်မင်း မဟာမင်းထင် မင်းလှသီဟသူ။

ဇာတ်ဝင်ခန်းစ - **(ကတ္တီပါ ပြည်ဖုံးကားကြီး ဖွင့်စေ)**

တေးဂီတ - (အခန်းပြောင်းတီးလုံး ပြီးဆုံးသည်နှင့် ဘုန်းတော်ဘွဲ့သီချင်းကို ခန့်ညားထည်ဝါစွာ တီးမှုတ်စေ)

ထိပ်တင်ထား ။ ။ (ထိုင်မသိမ်းအကျီနှင့် ထဘီတို့ကိုဝတ်ဆင်ပြီး ရတနာပုံခေတ် တစ်ပတ်လျှိဆံထုံးလေးနှင့် ယောဂီတဘက်လေး ပခုံးပေါ်တင်၍ လက်အုပ်ချီကာဝင်လာစေ၊ ဇာတ်ခွင်အလယ်ရောက်ရှိမှ ပရိသတ်ဘက် လှည့်၍ပြောစေ)

"အင်း. . . ဒီနေ့က အဘရဲ့ မွေးနေ့လေ၊ ဒါကြောင့် ထားထားက အဘအတွက် ဘုရားမှာ ပန်းရေချမ်းဆီမီး ပူဇော်ကာ ကုသိုလ်ပြုဖို့ အတွက် ဟောဒီ ရွှေဘုန်းသာစေတီတော်မြတ်ကြီးရှိရာကို လာခဲ့ရသည်ပဲ့၊ အို. . . ပန်းအခူးသွားတဲ့ မောင်ကြီးနှစ်ယောက် ကလည်း ကြာလိုက်တာ၊ ထားထားဖြင့် သူတို့ကို စောင့်ရတာစိတ်မရှည်တော့ဘူး" (ထိုအချိန် ဇာတ်ခွင်တစ်ဘက်မှ ရှုန်မောင်နဲ့ စံအောင်က ငြင်းခုံရင်းလက်ထဲ၌ ပန်းစည်းများ ကိုင်၍ဝင်လာစေ)

စံအောင် ။ ။ "ဟေ့. . . စိတ်မရှည်လို့ မဖြစ်ဘူးလေ၊ စိတ်ရှည်ရှည်ထားမှပေါ့ကွ"

ရှုန်မောင် ။ ။ "ဟာ. . . မင်းလုပ်ပုံက စိတ်ရှည်စရာလား၊ မင်းနှယ်ကွာ. . . စောင့်နေတဲ့လူမှ အားမနာ"

စံအောင် ။ ။ "ဟ. . . ဘာလို့ အားနာရမှာလဲ၊ စောင့်တာပဲကွာ မြေကြီးပေါ်ရပ်စောင့်ရတာ၊ အဝီစိက ရပ်စောင့်နေရတာမှ မဟုတ်ဘဲ"

ထိပ်တင်ထား ။ ။ (မျက်စိသူငယ်နှင့် အားတုံ့အားနာဖြစ်သည့်ဟန်ဖြင့် ပျာပျာသလဲ တောင်းပန်ပြောဆိုစေ)
"အို. . . စိတ်ရှည်ရှည်စောင့်ပါ့မယ် မောင်ကြီးရယ်၊ နှမလေး အဝီစိက ရပ်စောင့်တာ မဟုတ်ပါဘူး၊ ရင်ပြင်တော်ပေါ်က ရပ်စောင့်ရတာပါ၊ စိတ်ရှည်ရှည်စောင့်ပါ့မယ်ရှင်"

စံအောင် ။ ။ "ဟေ. . . "

ရှန်မောင် ။ ။ "ဗျာ. . . "
(နှစ်ဦးသား အံ့ဩဟန်ပြစေ)

ရှန်မောင် ။ ။ "နှမငယ် ဘာကို ပြောလိုက်သည်ပ"

ထိပ်တင်ထား ။ ။ "'သြော် နှမလေးက မောင်ကြီးတို့ကို စိတ်ရှည်လက်ရှည် စောင့်နေပါ့မယ်လို့ ပြောတာပါ"
(စံအောင်နှင့် ရှန်မောင်က တစ်ဦးကိုတစ်ဦး မျက်စပစ်ပြ၍ စံအောင်က ရှန်မောင်ကို ပြောစေ)

စံအောင် ။ ။ "'ကဲ ကြားပလား၊ စိတ်ရှည်ရှည်နဲ့ စောင့်ပေးမယ်တဲ့၊ ဟဲ ဟဲ. . . ငါ့ဘက်က ဘယ်လိုဖွင့်ရမယ်ဆိုတာပဲ လိုတော့တယ်"

ရှန်မောင် ။ ။ "ဟေ့. . . ဟေ့ကောင် မင်းကို စောင့်တာမဟုတ်ဘူး၊ ငါရင်ဖွင့်မှာကို စောင့်နေတာကွ"

စံအောင် ။ ။ "မဟုတ်ဘူး၊ ငါ့ကိုစောင့်တာ"

ရှန်မောင် ။ ။ "အို. . . ဘယ်ကလာ၊ ငါ့ကိုစောင့်တာကွ"

စံအောင် ။ ။ "ငါ့ကို စောင့်တာ"

ရှန်မောင် ။ ။ "အို. . . ငါ့ကိုစောင့်တာ"

စံအောင် ။ ။ "မဟုတ်ဘူး. . . ငါ့ကိုစောင့်တာ"

ရှန်မောင် ။ ။ "ဘယ်ကလာ. . . ငါ့ကိုစောင့်တာကွ"
(ထိုအချိန် သွေးသောက်ကြီးမင်းဒင် ဝင်လာ၍ နားမလည်ဟန် အမူအရာနှင့်ပြောစေ)

မင်းဒင် ။ ။ "ဟဲ့. . . ဟဲ့ အချင်းချင်းတွေလေ၊ အို ဘယ်လိုက ဘယ်လို ငြင်းခုံနေကြတာလဲ၊ ကဲ ပြောစမ်း၊ မင်းက ဘာကို စောင့်တာလဲ"

ရှန်မောင် ။ ။ (ထိပ်တင်ထားကို ကြည့်လိုက်၊ စံအောင်ကို ကြည့်လိုက်နှင့် မျက်စိပေကလပ် ပေကလပ်လုပ်၍ ပြောစေ)
"ကျွန် . . . ကျွန်. . . ကျွန်တော်မျိုး. . . ထိပ် . . . . ထိပ်"

မင်းဒင် ။ ။ "ဟဲ့. . . တကျွန်ကျွန် တထိပ်ထိပ်နဲ့၊ ဘာလဲဟ"

ရှန်မောင် ။ ။ "မှန်. . . မှန်လှပါ၊ ကျွန်တော်မျိုးက အင်ကြင်းပင်ထိပ်တက်နေတဲ့ စံအောင်ပစ်ချမယ့် အင်ကြင်းပန်းကို မြေမကျခင်ဖမ်းယူဖို့ စောင့်. . . စောင့်နေတာပါ ဘုရား"

မင်းဒင် ။ ။ (စံအောင်ဘက်လှည့်၍ပြောစေ)
"မောင်မင်းကကော. . . "

စံအောင် ။ ။ "ကျွန်တော်မျိုး. . . မျိုးက အင်ကြင်းပန်းခူးပြီး ပစ်ချပေးဖို့ အောက်က ဖမ်းမယ့်သူ သူ့ကို စောင့်နေတာပါ ဘုရား"

သွေးသောက် ။ ။ "ဟင်း. . . ဟင်း မောင်မင်းတို့နှစ်ယောက်က မတည့်အတူနေဘဲ၊ တိုင်းရင်းသားချင်းလည်းဖြစ်ပြန်၊ တစ်ရွာတည်းသားချင်းလည်းဖြစ်ပြန်၊ တစ်ယောက်နဲ့တစ်ယောက် သင့်သင့်မြတ်မြတ်နေလကွာ"

ထိပ်တင်ထား ။ ။ "ဟင်. . . မောင်ကြီးတို့က တစ်ယောက်ကိုတစ်ယောက် ပန်းခူးရင်း စောင့်ရတာ စိတ်မရှည်လို့ ပြောတာလား"

စံအောင် ။ ။ "အို. . . ဟုတ်လေသည် နှမငယ်"

ထိပ်တင်ထား ။ ။ "အဲ. . . သိပါဘူး၊ ဒီကနှမလေး မောင်ကြီးတို့ကို စောင့်နေတာ စိတ်မရှည်လို့ ပြောမိတာကို ကြားပြီးပြောတယ် ထင်လို့ပါ"

ရှန်မောင် ။ ။ "အို. . . အမိငယ်၊ ဘာကိုပဲပြောပြော မောင်ကြီးတို့က အမိငယ်အပေါ် မကွက်နိုင်ပါဘူးဗျာ၊ ကျုပ်ကွက်တာက ဟောဒီကောင်. . . ဟောဒီအကောင်"

စံအောင် ။ ။ "ငါကလည်း မင်းကိုပဲ စိတ်ကွက်မိတာကွ"

မင်းဒင် ။ ။ "ဟဲ့. . . တော်ကြစမ်း၊ ဒီနေ့ ငါ့မွေးနေ့၊ မင်းတို့က ဘာလက်ဆောင်မှ မပေးတဲ့အပြင် စိတ်အနှောင့်အယှက်လာမလုပ်နဲ့"

ရှန်မောင် ။ ။ "ဟာ. . . ဒီနေ့ ဗိုလ်မင်းမွေးနေ့ ဟုတ်လား"

မင်းဒင် ။ ။ "အေး. . . ဟုတ်တယ်"

စံအောင် ။ ။ "ဟေ့ ငရှန်မောင်၊ ဟန်ကျလိုက်လေ၊ တို့မှာ နှစ်ချို့ခေါင်တစ်လုံး ကျန်သေးတယ်၊ ဟေ့. . . ဒီကနေ့ ရဲမက် ငစံအောင်နဲ့ ရဲမက် ငရှန်မောင်က သွေးသောက်ကြီး မင်းဒင်ရဲ့မွေးနေ့ကို နှစ်ချို့ ခေါင်ရည်တစ်အိုး လက်ဖွဲ့. . . အဲ. . အဲ လက်ဆောင်ပေးမယ်ဟေ့"

မင်းဒင် ။ ။ "အို. . . ဟန်ကျလိုက်လေကွယ်"

တပ်မှူးကြီး ။ ။ "ဘာ ဟန်ကျလိုက်လေလဲ၊ မင်းက အဲဒီအသောက်အစားမက်လို့ ပြဿနာတက်တက်နေတာလေ၊ အခုထိ သွေးသောက်ဘဝပဲ နေရတာ၊ အခုထိ မမှတ်သေးဘူး"

(နောက်ကနေ အမှတ်တမဲ့ရောက်လာသော ဖောင်ဝန်မင်း မဟာမင်းထင် မင်းလှသီဟသူ၏ အသံကြား၍ သွေးသောက်ကြီး ခေါင်းပုဝင်သွားကာ လက်အုပ်ချီ၍ ပျာပျာသလဲ ကြိုဆိုစေ)

မင်းဒင် ။ ။ "အလို. . . တပ်မှူးကြီး ကြွချီတော်မူလာပြီ၊ ကြွပါဘုရား၊ ကြွပါဘုရား"

တပ်မှူးကြီး ။ ။ "ဟေ့ကောင်. . . ဘယ်လိုဖြစ်နေတာလဲ၊ လက်အုပ်တချီချီနဲ့"

မင်းဒင် ။ ။ "မှန်လှပါ၊ မိမိထက် ရာထူးဌာနန္တရကြီးမြင့်တဲ့သူမို့ အရိုအသေပြုအပ်တာပါ ဘုရား"

တပ်မှူးကြီး ။ ။ "မင်းဒင်. . . မင်း ငါ့ကို အရွဲ့တိုက်တာလား"

မင်းဒင် ။ ။ "မတိုက်ပါဘူး ဘုရား၊ ရိုသေတာပါ ဘုရား၊ ရိုသေတာပါဟဲ့ ငသီဟသူရယ်၊ တကတဲ ငါ့သမီးရှေ့လာပြီး ကြိမ်းလိုက် မောင်းလိုက်တာ"

တပ်မှူးကြီး ။ ။ "ဟ. . . မင့်သမီးကလည်း ငါ့သမီးပဲပေါ့ကွ၊ ပုခက်တင် ငယ်ရွယ်စဉ်ကတည်းက ငါကိုယ်တိုင် အနှီးလဲ၊ ပုခက်လွဲလုပ်လာခဲ့ရတာ၊ ငါ့သမီးပေါ့ မဟုတ်ဘူးလား ဟားဟား. . . "

ထိပ်တင်ထား ။ ။ "ဟုတ်တာပဲ့၊ ဘဘရယ်၊ ဘဘလည်း သမီးရဲ့ အဖေပါပဲတဲ့ ရှင်"
(စံအောင်နှင့် ရှန်မောင်က သူတို့သုံးဦးကို နားမလည်စွာနှင့် ကြည့်နေကြစေ၊ ထိုသည်ကို ဖောင်ဝန်မင်း တပ်မှူးကြီးက ရိပ်စားမိ၍ ရှန်မောင်တို့ကို ရှင်းပြစေ)

တပ်မှူးကြီး ။ ။ "ဟဲ့. . . ငရှန်မောင်"

ရှန်မောင် ။ ။ "ဘုရား"

တပ်မှူးကြီး ။ ။ "မောင်မင်း အံ့သြနေသည်ထင်ပ၊ ဟောဒီ မင်းဒင်ရယ်၊ မင့်ရဲ့အဖေ ငရှန်ကြီးရယ်၊ ငါရယ်က သူငယ်ချင်းသုံးယောက်ကွ၊ မောင်မင်း အဖေက ဆုံးပါးခဲ့လို့သာ၊ အခုလိုရှိသေးရင် ငါ့လို တပ်မှူးကြီး ဖြစ်နေပြီပေါ့၊ ဟောဒီ မင်းဒင်ဆိုတဲ့အကောင်က သောက်လိုက်၊ စားလိုက်၊ ပြဿနာတက်လိုက်နဲ့ သွေးသောက်ရာထူးကကို မတက်နိုင်ဘူး၊ အခု သူ့ကို သေရည်မသောက်အောင် ငါကပဲ ထိန်းထားရတာ၊ သူက မူးရင် သွေးဆိုးတယ်၊ ဒါတောင် မင်းတို့ ဆုတောင်းပွဲတုန်းက ငါအလိုလိုက်ခဲ့မိတယ်၊ အခုတော့ မင်းက ခေါင်းရည်အိုးပေးမယ်ဆိုတော့ သူက ဝမ်းသာလုံးဆို့နေပြီလေ၊ တန်တော့. . . သူ့ကို ဘာသေရည်မှ မပေးပါနဲ့၊ ပေးရင် မင်းကိုငါ အရေးယူမယ် ဒါပဲ"

ရှန်မောင် ။ ။ "မှန် မှန်လှပါ ဘုရား"

မင်းဒင် ။ ။ "ဟိုက်. . . ငတ်ပြီပေါ့"

ရှန်မောင် ။ ။ "မှန်လှပါ၊ ကျွန်တော်မျိုးရဲ့ ပါ အကြောင်း၊ အဲ အဲ. . . အဖေအကြောင်း ပြောပြပေးပါလား ဘုရား၊ ပါဆုံးတော့ ကျွန်တော်

ငါးနှစ်သားလောက်ပဲရှိတာ၊ ပါ ဘာကြောင့်ဆုံးတယ်ဆိုတာ ကောင်းကောင်းမသိခဲ့ပါဘူး၊ အအူ' ကလည်း အဲအဲ အမေကလည်း ဘာမှရှင်းမပြပါဘူး၊ 'မင်းအဖေ သူရဲကောင်းကြီး သေပြီ' ဒါပဲ သူပြောပြပါတယ် ဘုရား"

တပ်မှူးကြီး ။ ။ "အိမ်း. . . အိမ်း ရှင်းပြရတာပေါ့ကွယ်၊ ဟိုး. . . ရတနာပုံ နေပြည်တော် သာသနာပြုမင်း ဘဝရှင်မင်းတရားကြီး မင်းတုန်းမင်း လက်ထက်တော်ကပေါ့ကွယ်၊ အိမ်ရှေ့စံမင်းသားကြီးရဲ့အိမ်တော်မှာ ဟောဒီ မင်းဒင်ရယ်၊ ငါရယ်၊ မင့်ရဲ့အဖေ ဂရှန်ကြီးရယ် အတူတူ မင်းမှုထမ်းခဲ့ကြတယ်၊ အိမ်ရှေ့စံကိုယ်တော်ကြီးက ငါတို့သုံးယောက်ရဲ့ တိုက်ရည်၊ ခိုက်ရည်၊ စွမ်းရည်တွေကို သဘောကျပြီး သူ့ရဲ့အနားမှာ ထားတာပေါ့၊ တစ်နေ့တော့ . . . "

(တဖြည်းဖြည်း ဇာတ်ခွင်ပေါ်မှ လျှပ်စစ်မီးများ မှေးမှိန်သွားစေ၊ လျှပ်စစ်မီး လုံးဝမှောင်အတိကျသွားချိန်တွင် သရုပ်ဆောင်များ ထွက်သွားပြီး နောက်ခံ၌ အိမ်ရှေ့မင်း၏အိမ်တော်အတွင်းခန်းပုံ ပန်းချီကားလိပ်ကို ချထားစေ၊ ဘီးတပ်ထော်လီပေါ်တွင် သလွန်တော် တစ်ခုတင်၍ ဇာတ်ခွင်တွင်းသို့ သွင်းထားပြီး လှံကိုင် ရဲမက်များက သလွန်တော်၏နောက်မှ လှံထမ်း လမ်းလျှောက်နေစေ၊ အိမ်ရှေ့စံ ကနောင်မင်းသားကြီးက လက်ထဲတွင် အမြောက်ငယ်ပုံစံတစ်ခုကို ကိုင်ရင်း သလွန်တော်ပေါ်၌ ထိုင်နေစေ)

(မီးအလင်းရောင်များ အားလုံးလင်းလာစေ)

(နောက်ခံတေးဂီတမှ စောင်းတူရိယာဖြင့် မန်းတောင်လက်ယာ ယိုးဒယားသီချင်းကို အဆိုမပါ တီးခတ်ပေးစေ)

အိမ်ရှေ့စံ ။ ။ "ဟား. . . ဟား. . . ဟား. . . ဒီလို အမြောက်လက်နက်နဲ့ဆိုရင် ဒင်းတို့ကုလားဖြူကို ငါတို့မြေက အပြီးအပိုင် မောင်းထုတ်နိုင်ပြီပေါ့၊ ဒင်းတို့ အောက်မြန်မာပြည်ကို မတရားသိမ်းပိုက်ထားတာ ပြန်ပြီး အရယူမယ်၊ ဟင်း. . . ဟင်း"

(ပုံစံငယ် အမြောက်လေးကို ကိုင်မြောက်ကြည့်ရင်းပြောစေ၊ ပြီးမှ အတွင်းတော်သို့ လှည့်ကြည့်ကာ)

"ဟဲ့ သေနတ်ဝန် ရောက်ပြီလားဟဲ့"

နောက်ခံ (အတွင်းတော်) ။ ။ "ရောက်တော်မူပါပြီဘုရား"

အိမ်ရှေ့စံ ။ ။ "ဟဲ့. . . ရှေ့တော်ဝင် ခစားစေ"

နောက်ခံ (အသံကျယ်ကျယ်) ။ ။ "သေနတ်ဝန်မင်း ရှေ့တော်မှောက် ခစားစေ"
(နှစ်စထောင် ခေါင်းပေါင်းဖြူ၊ သိုရင်းအင်္ကျီအရှည်တို့ကို ဝတ်ဆင်ထားသော သေနတ်ဝန်က နူတ်ခမ်းမွေးတကားကားနှင့် အခစားဝင်လာစေ)

သေနတ်ဝန် ။ ။ "မန္တလေးနေပြည်တော်၊ ရတနာပုံပြည့်ရှင် ပဉ္စမသဂ်ီယနာတင်မင်း၊ ဘဝရှင်မင်းတရားကြီး၏ ယုံကြည်အားထားရသည့် ညီတော် အိမ်ရှေ့စံ ကနောင်မင်းသားကြီးကို ကျွန်တော်မျိုး သေနတ်ဝန် ရှေ့တော်မှောက် အခစားရောက်ရှိကြောင်းပါ ဘုရား"

အိမ်ရှေ့စံ ။ ။ "ဟယ် တယ်ရှည်တဲ့စကားပဲ၊ တော်ရုံသင့်ရုံပြော ပြီးရော၊ သေနတ်ဝန် အခစားရောက်ပါပြီဘုရား ဆိုလည်းပြီးတာပဲ၊ မောင်မင်းတို့က ရှေးရိုးကြီး တယ်သုံးတာကိုး၊ ခေတ်နဲ့စနစ်နဲ့လည်းချိန်ပြီး ပြောကြဆိုကြစမ်းပါ၊ ဟို ဥရောပသိုးဆောင်းနိုင်ငံတွေက ဘုရင်နဲ့ အမှုထမ်းကြား စကားပြောရင် တိုတိုရှင်းရှင်း လိုရင်းပဲ ပြောကြ တယ်ကွယ်၊ ရှည်သင့်တဲ့ အချိန်ရှည်၊ တိုသင့်တဲ့အချိန်တိုပေါ့၊ ခေတ်ကိုက သွက်သွက်လက်လက် မြန်မြန်ဆန်ဆန်ခေတ်၊ ခေတ်နဲ့လျော်အောင် ကျင့်ဖို့လိုတယ်၊ လွှတ်တော်က ခေတ်မီသလို ဘုရင်က ခေတ်မီရမယ်၊ တပ်တော်ကလည်း ခေတ်မီရမယ်၊ သိပ်လျှာရှည်နေရင် စကားပြောတာနဲ့ အချိန်ကုန်ပြီး ကုလားဖြူက လက်ဝါးကြီးအုပ်သွားလိမ့်မယ်၊ ဟယ်. . . ပြောရင်း လေကြောရှည်ကုန်ပြန်ပြီ၊ ကိုင်း. . . ဒီမှာကြည့်စမ်း"
(လက်ထဲက ပုံစံငယ်အမြောက်ကို မြှောက်ပြ၍ပြောစေ)
"ဟောဒါ အမြောက်လက်နက် ပုံစံငယ်ပဲ၊ ဒါကို ပြင်သစ်ပြန် ပညာတော်သင်က ယူလာတာ၊ အခု ဒီထဲမှာ ယမ်းထည့်ထားပြီးသား၊ ဟောဒီမှာကြည့်စမ်း"
(ပြောပြောဆိုဆို သလွန်တော် တစ်ဖက်စွန်းတွင်တင်၍ ရွှေကလပ် ဆေးလိပ်ခံခွက်အတွင်းမှ မီးညှိပြီးသား ပြောင်းဖူးဖက် ဆေးပေါ့လိပ်ကြီးကိုယူ၍ တစ်ဖွာနှစ်ဖွာ ဖွာလိုက်ပြီး ပုံစံငယ် အမြောက်၏ အရင်းပိုင်းပေါ်သို့ တို့ညှိလိုက်စေ)

ပေါက်ကွဲသံ ။ ။ "ဒိုင်း"
(လျှပ်တစ်ပြက် ပေါက်ကွဲသံကြောင့် သေနတ်ဝန်နှင့် ကိုယ်ရံတော် ရဲမက်များ လန့်သွားစေ)

သေနတ်ဝန် ။ ။ "ဟိုက်"

ရဲမက်များ ။ ။ "အမလေး ပလုတ်တုတ်"
(အပြင်ဘက်မှ ရဲမက်များ အတွင်းတော်သို့ ပြေးဝင်လာစေ)

အိမ်ရှေ့စံ ။ ။ "ဟား. . . ဟား. . . ဟား ဒါ သေးငယ်တဲ့ ပုံစံငယ်အမြောက်၊ မောင်မင်းတို့အားလုံး ထိတ်လန့်တဲ့အဖြစ် ရောက်စေခဲ့တာပေါ့။ ဒါထက် အဆပေါင်းများစွာကြီးမားတဲ့ အမြောက်ကြီးဆို ဒင်းတို့ကုလားဖြူတွေ သံမှန့်စားထားလည်း ဘာခံနိုင်ဦးမှာလဲ၊ ကဲ အမြောက်ကြီးသာဆို ဘယ်လိုနေမလဲ မောင်မင်း"

သေနတ်ဝန် ။ ။ "မှန်. . . မှန်လှပါ၊ ဒါထက်ဟိန်းတဲ့ ပေါက်ကွဲသံကြီး ထွက်ပေါ်လာမှာပါ ဘုရား"

အိမ်ရှေ့စံ ။ ။ "တန်. . . မောင်မင်းက အသံထွက်တာပဲ သိတာကို၊ ဟောဒီ ပြောင်းဝထဲမှာ အမြောက်ကျည်ဆန်ဆိုတဲ့ သံလုံးကြီးထွက်လာမှာကို မောင်မင်း မတွေးမိဘူးလား၊ အဲဒီသံလုံးကြီးက ထိမှန်လိုက်တဲ့ စစ်မြင်း၊ စစ်ရထား၊ စစ်မီးသင်္ဘောတွေကို ဖြိုဖျက်နိုင်တဲ့ အင်အားရှိတယ်"

သေနတ်ဝန် ။ ။ "ပေါ်တူဂီ အမြောက်များအကြောင်း လေ့လာပြီးဖြစ်လို့ မှန်းဆနိုင်ပါတယ် ဘုရား"

အိမ်ရှေ့စံ ။ ။ "ကျုပ်ပြောချင်တာ အဲဒါပဲ၊ အဲဒီသံလုံးကြီးပဲ ထွက်နေလို့ကတော့ ပေါ်တူဂီအမြောက်နဲ့ ဘာထူးဦးမှာလဲ၊ ကျုပ်လုပ်ချင်တာက အဲဒီအမြောက်ဆန်က ထိမှန်လိုက်တာနဲ့ တစ်ပြိုင်တည်း ထပ်မံ ပေါက်ကွဲစေချင်တာလေ"

သေနတ်ဝန် ။ ။ "ဖြစ်နိုင်ပါ့မလားဘုရား"

အိမ်ရှေ့စံ ။ ။ "အို. . . ဘာလို့မဖြစ်နိုင်ရမှာလဲ၊ ကျုပ်တို့ နိုင်ငံရပ်ခြားပညာတော်သင် လူငယ်အင်ဂျင်နီယာတွေက ဒီအတတ်တွေ သင်ယူလာခဲ့ပြီးလို့ မင်္ဂလာကန်တော်မှာ ရေမြုပ်ပုံးတောင် ဖောက်ခွဲအောင်မြင်ခဲ့ပြီးပြီ မဟုတ်လား၊ ရေထဲကဟာတောင် အောင်မြင်ရင် ကုန်းပေါ်ကဟာ အောင်မြင်ရမှာပေါ့ ဟား. . . ဟား. . . ဟား. . . "

သေနတ်ဝန် ။ ။ "မှန်လှပါ အောင်မြင်ရမှာပေါ့ဘုရား"

အိမ်ရှေ့စံ ။ ။ "ကိုင်း. . ဒီအရေးကိစ္စကို မောင်မင်းက တာဝန်ယူပြီး နိုင်ငံရပ်ခြားပြန် အင်ဂျင်နီယာ လူငယ်တွေနဲ့ အဲဒီသံလုံးကြီးက ထပ်ဆင့်ပေါက်ကွဲနိုင်ဖို့ လုပ်ပါ၊ လူငယ်တွေကိုလည်း ကျုပ်ပြောပြထားပြီးသား၊ မောင်မင်း ကသာ အုပ်ချုပ်မှုကွပ်ကဲပြီး လိုအပ်တာစီမံပေးပါ၊ ဒါပဲ၊ ကျုပ်ရဲ့ ရဲမက်တွေ လေ့ကျင့်တဲ့နေရာ သွားလိုက်ဦးမယ်"

သေနတ်ဝန် ။ ။ "မှန်လှပါ ရွှေတွင်း၊ ငွေတွင်း၊ ပယင်း၊ ဒုတ္ထာ၊ ရတနာခုနစ်ပါးကို ပိုင်ဆိုင်တော်မူသော ရတနာပုံပြည့်ရှင် ပဉ္စမသဂီယနာတင်မင်းကြီး မင်းတုန်းအရှင်ကိုယ်တော်မြတ်ရဲ့ညီတော်၊ အိမ်ရှေ့စံကိုယ်တော်

ကနောင်မင်းသားရဲ့ သဘောတော်အကြံမျှ မှန်လှသည်ဖြစ်ပါသော ကြောင့် ကျွန်တော်မျိုး သေနတ်ဝန်မင်း အလျဉ်အဆင်းသိပြီမို့ ပေးအပ်သမျှတာဝန် မကြာခင် ထမ်းရွက်ပါတော့မည် ဘုံ . . . ဘုံ . . . ဘုံ . . . "

အိမ်ရှေ့စံ ။ ။ "လျှာရှည်တော်မူလိုက်တာကွယ်" (စိတ်မရှည်ဟန်ပြု၍ စိတ်မြန်ကိုယ်မြန်ထသွားစေ)
(လျှပ်စစ်မီးများ အမှောင်ကျသွားစေ)
(တေးဂီတမှ မောင်းဆိုင်း၊ ကြေးနောင်ဝိုင်းနှင့် ပတ်မကြီးတို့က လေးခင်းသံပေး၍ တီးမှုတ်စေ)
(အိမ်တော်တွင်း ပန်းချီကားကို ရုပ်သိမ်း၍ နန်းမြို့ရိုးပန်းချီကား ချထားစေ၊ သလွန်တော်ကိုလည်း ဇာတ်ခွင် ပုဏ္ဏားကွယ်ဘက်သို့ ဆွဲယူပြီး အားလုံးအသင့်ဖြစ်ချိန် လျှပ်စစ်မီးများ ပြန်လင်းလာစေ)
(ရဲမက်များက ဓားလှံလက်နက်များနှင့် နောက်ခံနေရာတွင် လေ့ကျင့်နေစဉ် ငရုန်ကြီး၊ မင်းဒင်၊ မင်းလှ သီဟသူတို့က ရှေ့မှ အဲမောင်းလှံရေးဟန်ရေးပြနေစေ)

နောက်ခံပြော (စူးရှကျယ်လောင်စွာ) ။ ။ "အိမ်ရှေ့စံ ကိုယ်တော်မြတ်ကြီး ကြွချီတော်မူလာပြီ" (လေ့ကျင့်ရေးရဲမက်များအားလုံး မြေပြင်မှာထိုင်ချ၍ လက်အုပ်ချီခစားစေ)

ရဲမက်များ ။ ။ "အိမ်ရှေ့စံ ကိုယ်တော်ကြီး အောင်မြင်ပါစေ"
(တစ်စထောင် ကနောင်ခေါင်းပေါင်းကိုပေါင်း၍ သိုရင်းအကျီ ဝါဖျော့ဖျော့ လွန်းချိတ် တောင်ရှည်ပုဆိုး ရွှေဝါရောင်တောက်တောက်တို့ကို ဝတ်ဆင်၍ မင်းဟန်စိုးဟန် အပြည့်ဖြင့် ကနောင်မင်းသားကြီး ဝင်လာစေ)

အိမ်ရှေ့စံ ။ ။ "အေး . . . မောင်မင်းတို့ပြောသလို တိုင်းရေးပြည်ရာ အောင်မြင်မှာပါ၊ အိမ်း . . . ဒါပေမဲ့ မြေပေါ်မှာ ဝပ်ခစားနေတာကတော့ အတော်ခေတ်နောက်ကျလှတယ်၊ လုပ်စမ်းပါ၊ ဟို အနောက်ဥရောပက သိုးဆောင်းတပ်တွေလို သတိဆွဲ မတ်မတ်ရပ် ရင်ကော့ထားပြီး ခစားစမ်းပါ၊ ရဲမက်စစ်သည်ဆိုတာ မားမားမတ်မတ်၊ ရဲရဲဝံ့ဝံ့ ပုံစံရှိရမယ်၊ အဲ . . . အတွင်းတော်မှာ မင်းတရားကြီးကို ဝပ်လျက်ခစားတာကိုတော့ ငါမပြောလိုဘူး၊ ငါကိုယ်တော်တိုင် အဲသလို ခစားပေးရတာပဲ၊ သူက ဘုရင်လေ၊ ဘုရင်ကို ခစားတဲ့အခါတော့ မြန်မာ့ရိုးရာနန်းတွင်းအစဉ်အလာအတိုင်း သွားတာက ပိုကောင်းပါတယ်၊ ရိုးရာအမွေ ထိန်းသိမ်းတဲ့ သဘောပေါ့ကွယ် ဟဲ့ ငရုန်ကြီး"

ငရှန်ကြီး ။ ။ (မတ်တတ်ရပ် သတိဆွဲလျက်) "အမိန့်ရှိတော်မူပါဘုရား"
အိမ်ရှေ့စံ ။ ။ "ရဲမက်တွေကို အဲမောင်းလှံရေး သင်ပြပေးပြီးပလား"
ငရှန်ကြီး ။ ။ "ကိုယ်တော်ကြီးအလိုကျ သင်ပြပြီးပါပြီဘုရား၊ အခု ဟောဒီ ရဲမက်မင်းဒင်နဲ့ မင်းလှသီဟသူတို့ကို အဆင့်မြင့်တိုက်ကွက်တွေ ထပ်ဆင့်သင်ပေးနေတာပါ ဘုရား"
အိမ်ရှေ့စံ ။ ။ "မောင်မင်းမှာ ဇနီးမယား ရှိသလား"
ငရှန်ကြီး ။ ။ "ရှိပါတယ်ဘုရား"
အိမ်ရှေ့စံ ။ ။ "ဘယ်အရပ်မှာ နေကြသလဲကွယ့်"
ငရှန်ကြီး ။ ။ "မှန်လှပါ၊ ဟို အနောက်ရိုးမ ပနီချောင်းညာက ဆင်တောင်ရဲ့ အနီးပနီဆုံရွာမှာပါ ဘုရား"
အိမ်ရှေ့စံ ။ ။ "နာမည်ကကော ဘယ်လိုခေါ်သလဲ"
ငရှန်ကြီး ။ ။ "မှန်လှပါ၊ သူ့ရဲ့အမည်က 'မဖွိုင်ပါ' ပါဘုရား"
အိမ်ရှေ့စံ ။ ။ (အံ့သြဟန်ပြု၍) "ဘာတဲ့ . . . မဖွိုင်ပါ . . . ဟုတ်လားဟဲ့၊ အဓိပ္ပာယ်က ဘာလဲ"
ငရှန်ကြီး ။ ။ "ကျွန်တော်မျိုးတို့က အရှိုချင်း တိုင်းရင်းသားတွေပါဘုရား၊ ဒါကြောင့် ချင်းတိုင်းရင်းသား နာမည်ကို မှည့်ခေါ်ကြတာပါ၊ ကျွန်တော်မျိုးက ငရှန်ကြီး၊ သူ့အမည်က ဖွိုင်ပါ၊ အဲ . . . ဖွိုင်ပါဆိုတာ ဝါဂွမ်းပွင့်လေးလို့ အဓိပ္ပာယ်ရပါတယ်ဘုရား၊ သူ့အသားအရေက ဖြူဖွေးပြီး ဝါဂွမ်းဖတ်လေးလိုလှလို့ ဝါဂွမ်းပွင့်လေးလို့ ချင်းလို ဖွိုင်ပါဆိုပြီး မှည့်ခေါ်တာပါ ဘုရား"
အိမ်ရှေ့စံ ။ ။ "ဖွိုင်ပါ . . . ဖွိုင်ပါ . . . အတော်လှတဲ့အမည်ပဲ၊ ဒါနဲ့ သားသမီးကော ရှိနေပလားဟဲ့"
ငရှန်ကြီး ။ ။ "မှန်လှပါ၊ ရှန်မောင်ဆိုတဲ့ သားတစ်ယောက်ရှိပါတယ် ဘုရား၊ အခု သူ့အသက် ငါးနှစ်သားလောက်ရှိပါပြီ ဘုရား"
အိမ်ရှေ့စံ ။ ။ "အိမ်း . . . စစ်သည်တော်ရဲ့ သားကလည်း စစ်သည်တော်ပဲ ဖြစ်လာရမှာပေါ့ကွယ်"
(အိမ်ရှေ့စံက ငရှန်ကြီးကိုပြောရင်း ရဲမက်မင်းဒင်ဘက်လှည့်၍ ခပ်ငေါက်ငေါက်ပြောစေ)
"ဟဲ့ . . . ငမူး"
မင်းဒင် ။ ။ "ဘု . . . ဘု . . . ဘုရား"
အိမ်ရှေ့စံ ။ ။ "မူးကော မူးသေးလား"
မင်းဒင် ။ ။ "မ . . . မမူးတော့ပါဘူး ဘုရား၊ နောင်ကို သေရည်ဘယ်တော့မှ မသောက်တော့ပါဘူး ဘုရား"

အိမ်ရှေ့စံ ။ ။ “မောင်မင်း ငါ့ကို ဒီကတိတွေပေးတာ ဘယ်နှစ်ကြိမ်ရှိပြီလဲ”

မင်းဒင် ။ ။ “မှန်လှပါ၊ ရှစ်ဆယ့်ကိုးကြိမ်တိတိ ရှိပါပြီဘုရား”

အိမ်ရှေ့စံ ။ ။ “အေး. . . ဒီတစ်ကြိမ်နဲ့ဆို အကြိမ်ကိုးဆယ်ပေါ့၊ မောင်မင်းကို အမိန့်တော်မှတ်မယ်၊ နာခံစေ”

(ရဲမက် မင်းဒင်က မတ်မတ်ရပ် သတိဆွဲရာမှ ချက်ချင်းထိုင်၍ လက်အုပ်ချီကာ အမိန့်တော်ကို နာယူစေ)

“ရဲမက် ငမင်းဒင်သည် သေရည်မူး၍ အကြိမ်ကြိမ် ပြစ်မှုကျူးလွန်ခဲ့သည်၊ သေရည်မသောက်ပါဟု ကတိပေးသည်ကလည်း ယခုလက်ရှိ အကြိမ်ကိုးဆယ်ရှိပြီဖြစ်၏၊ ကတိသာပေး၍ လုံးဝမဆင်ခြင်ပါ၊ ထို့ကြောင့် မောင်မင်းကို အမိန့်တော်ချလိုက်သည်၊ သေရည်မသောက်ပါဟု ကတိပေးခြင်း အကြိမ်တစ်ရာတိတိပြည့်တဲ့နေ့ မောင်မင်းကို နေပြည်တော်နှင့်ဝေးရာ မင်းလှမြို့သို့ပို့၍ ခံတပ်တည်ဆောက်သောနေရာတွင် အလုပ်ကြမ်းတာဝန် ထမ်းဆောင်စေ”

မင်းဒင် ။ ။ “အကြိမ်တစ်ရာပြည့်ဖို့ ဆယ်ကြိမ်တိတိ လိုနေပါသေးသည်ဘုရား”

အိမ်ရှေ့စံ ။ ။ “ဘာလဲ. . . မောင်မင်းက မြန်မြန်ပြည့်အောင် ဖြည့်မလို့လား”

မင်းဒင် ။ ။ “မဝံ့ကြောင်းပါဘုရား . . . မဝံ့ကြောင်းပါဘုရား”

အိမ်ရှေ့စံ ။ ။ “ဟဲ. . . ဟဲ. . . ဟဲ. . . မောင်မင်းမှာ သမီးရှိတယ်နော်၊ စနေသမီးလေး”

မင်းဒင် ။ ။ “မှန်. . . မှန်လှပါ၊ သုံးနှစ်သမီးလေးပါ ဘုရား”

အိမ်ရှေ့စံ ။ ။ “ငါကိုယ်တော်တိုင် မောင်မင်းရဲ့သမီးလေးကို ထိပ်တင်ထားလို့ အမည်ပေးခဲ့တာ မှတ်မိသေးရဲ့လား”

မင်းဒင် ။ ။ “မှတ်မိပါတယ် ဘုရား”

အိမ်ရှေ့စံ ။ ။ “အိမ်း. . . ကလေးက မင်းစိုးရာဇာအသွေးအမွေးမို့ ထိပ်တင်ထားလို့ ပေးတာ၊ အဲဒီကလေး မျက်နှာမငယ်ရအောင် မောင်မင်း ဆင်ခြင်ပါ၊ ဟဲ့. . . မင်းလှ”

(အိမ်ရှေ့စံ မင်းသားကြီးက ရဲမက်မင်းဒင်ကို ပြောရင်း မင်းလှသီဟသူဘက်လှည့်၍ ပြောစေ)

မင်းလှ ။ ။ “နာခံလျက်ရှိကြောင်းပါဘုရား”

အိမ်ရှေ့စံ ။ ။ “မောင်မင်းကို ရာထူးမြှင့်ပြီး တာဝန်ပေးစရာရှိတယ်၊ အဲဒီတာဝန်က အခြားမဟုတ်ဘူး၊ မင်းလှခံတပ်၊ ကွေ့ချောင်းခံတပ် တည်ဆောက်တဲ့နေရာကိုသွားပြီး ကြီးကြပ်တဲ့တာဝန် ယူရမယ်”

မင်းလှသီဟသူ ။ ။ “မင်းလှမှာ တာဝန်ထမ်းဆောင်ရမည်ဖြစ်၍ ဝမ်းသာမိပါတယ် ဘုရား”

ကနောင် ။ ။ "အိမ်း. . . ငရှန်ကြီးကတော့ ငါကိုယ်တော်မြတ်ရဲ့အနားမှာပဲနေပါ။ အဲ. . . အဲ. . . မောင်မင်းအတွက် လက်ထောက်ရအောင် ဟိုငမူးလည်း ခေါ်သွားပေါ့"
(အိမ်ရှေ့စံစကားကြားလျှင် ရဲမက်မင်းဒင်က အားရဝမ်းသာနှင့်)

မင်းဒင် ။ ။ "မှန်လှပါ၊ နောက်ထပ် ကတိဆယ်ကြိမ် အမြန်ဖြည့်ရမယ့် သဘောလား ဘုရား"

ကနောင် ။ ။ "သယ်. . . ဒီငမူး"
(မင်းဒင်ကို ဖနောင့်နှင့် ထ၍ပေါက်စေ)

မင်းဒင် ။ ။ "အောင်မယ်လေး. . . သေတော်မူပါပြီဘုရား၊ သေတော်မူပါပြီဘုရား"

ကနောင် ။ ။ "သယ်"
(လျှပ်စစ်မီးများ လုံးဝအမှောင်ကျသွားစေ)
(လျှပ်စစ်မီးများ မှောင်အတိကျသွားသည်နှင့် ဘုန်းတော်ဘွဲ့ကို တီးခတ်နေသော စောင်းသံ သဲ့သဲ့ ပြန်၍တီးခတ်နေစေ၊ နန်းမြို့ရိုး ပန်းချီကားကို အမြန်လိပ်တင်၍ မူလဇာတ်ဆောင်များ ပြန်ဝင်လာစေ၊ ပရိုဂျက်တာမှ နောက်ခံပိတ်ကားပေါ်သို့ ရွှေဘုန်းသာစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်နှင့်ပုံတော်ကို ပြန်လည်ထိုးထားစေ)
(လျှပ်စစ်မီး ဖွင့်စေ)

သရုပ်ဆောင်များ။ ။ "ဟား. . . ဟား. . . ဟား. . . . ဟာ. . . "

ထိပ်တင်ထား ။ ။ "ဟိ. . ဟိ အဘကလည်း ပေါက်ပေါက်ရှာရှာ အိမ်ရှေ့စံက ဖနောင့်နဲ့ အပေါက်ခံရတာကို သေတော်မူပါပြီဘုရား. . . သေတော်မူပါပြီဘုရားလို့၊ အဲဒီတော့ မင်းသားကြီးက ပိုစိတ်ဆိုးသွားတာပေါ့၊ သေပါပြီဗျ. . . သေပါပြီဗျလို့ အော်ရမှာ၊ သေတော်မူပါပြီဆိုတော့. . . ဟိ. . . ဟိ. . . ဟိ. . . "

မင်းဒင် ။ ။ "သိပါဘူးကွယ်. . . ငါလည်း အော်မိအော်ရာ အော်လိုက်မိတာပါ၊ ငါ့ကို ဖနောင့်နဲ့ပေါက်ပေမယ့် အိမ်ရှေ့စံကိုယ်တော်ကြီးက ငါ့အပေါ် အတော် သံယောဇဉ်ရှိရှာသူပါ"

မင်းလှသီဟသူ ။ ။ "အိမ်း. . . သံယောဇဉ်လည်းရှိ၊ အားလည်းကိုးမို့ တို့နှစ်ယောက်ကို ဟောဒီ မင်းလှခံတပ်ကို ပို့ခဲ့တာပေါ့၊ ဒီမှာက လျှို့ဝှက်ရမယ့် ကိစ္စတွေရှိတော့ လူယုံတော်တွေကိုခိုင်းတာ သဘာဝကျပါတယ်လေ"

ရှန်မောင် ။ ။ "တပ်မင်းကြီးဘုရား. . . ကျွန်တော့်အဖေရဲ့အကြောင်း ဆက်ပါဦး"

မင်းလှသီဟသူ ။ ။ "အိမ်း. . . ဒီနေ့ ဒီလောက်ပဲ သိထားပါဦးလေ၊ နောက်နေ့ကျ ငါဆက်ပြောပါ့မယ်"

စံအောင် ။ ။ “တပ်မင်းကြီးဘုရား၊ ဟောဒီ ရွှေဘုန်းသာဘုရားကြီးအကြောင်း လည်း သိချင်ပါတယ် ဘုရား”

မင်းလှသီဟသူ ။ ။ “ငါ စကားပြောရတာ ရှည်သွားလို့ပါ။ ကဲ. . . မင်းဒင် မင်းကလည်း ကလေးတွေကို ဘုရားသမိုင်းကြောင်း ရှင်းပြလိုက်ပါ”

မင်းဒင် ။ ။ “ဒီလိုကွယ့်. . . ဘုရားသမိုင်းကြောင်းက မန္တလေးနေပြည်တော်က မဟာမြတ်မုနိကိုယ်တော်မြတ်ကြီးရဲ့ သမိုင်းကြောင်းနဲ့ ဆက်စပ်နေတယ်၊ သက္ကရာဇ် ၁၁၄၆ ခုနှစ်တုန်းက ကုန်းဘောင်မင်းဆက်၊ ပဉ္စမမြောက် အမရပူရမြို့တည် ဆင်ဖြူများသခင် ဘဝရှင်မင်းတရား ဘိုးတော်မင်းကြီးက အိမ်ရှေ့ ဥပရာဇာ သီရိမဟာ ဓမ္မာဘိဇယဘွဲ့ခံ သားတော် သီဟသူကို မည်ဝတီ ရခိုင်ပြည်ကိုသိမ်းယူဖို့ စေလွှတ်ခဲ့တယ်၊ အိမ်ရှေ့စံက သိမ်းယူအောင်မြင်တော်မူပြီးနောက် သက္ကရာဇ် ၁၁၄၆ ခု၊ ပြာသိုလပြည့်ကျော် (၁၁) ရက်၊ အင်္ဂါနေ့မှာ မဟာမြတ်မုနိကိုယ်တော်မြတ်ကြီးကို ရခိုင်ပြည်ကနေ ရခိုင်ရိုးမကိုကျော်ပြီး ပင့်ဆောင်ခဲ့တယ်၊ ပြည်မြို့ရဲ့တစ်ဖက်ကမ်း ပန်းတောင်းမြို့ ရောက်တော့ ရွှေဘုံသာရွာမှာ ခေတ္တစံပယ်ကာ ရွှေဘုံသာမုနိ စေတီတော်မြတ်ကြီးတစ်ဆူ တည်ထားကိုးကွယ်ခဲ့ပြန်တယ်၊ အဲဒီကနေမှ ဧရာဝတီမြစ်ကြောင်းအတိုင်း ပင့်ဆောင်ခဲ့ပြီး ဟောဒီ ခံတပ်ကြီးရဲ့ တောင်ဘက်နား မင်းလှမြို့ရဲ့ မြစ်ဆိပ်ကမ်းမှာ ဖောင်တော်ဆိုက်ရောက်လို့ နှစ်ညတာ ကိန်းဝပ်စံပယ်တော်မူခဲ့တာပေါ့။ အဲဒီမဟာမြတ်မုနိ ကိုယ်တော်မြတ်ကြီး ကိန်းဝပ်စံပယ်ရာ အထွဋ်အမြတ်နေရာအဖြစ် စေတီတစ်ဆူတည်ထားကြရာ ရွှေဘုန်းတော် သာယာသောနေရာဖြစ်လို့ ရွှေဘုန်းသာ ဆုတောင်းပြည့် စေတီတော်လို့ ဘွဲ့တော်မည်ခဲ့ကြတယ်ကွယ်၊ ကိုင်းကိုင်း. . . ဘုရားသမိုင်းလည်း သိပြီမို့ အဘရဲ့ မွေးနေ့မှာ ဟောဒီ ရွှေဘုန်းသာ စေတီတော်မြတ်ကြီးကို ပန်းရေချမ်း ဆီမီးကပ်လှူလို့ ပူဇော်ကြရအောင်ကွယ်တို့”

(ထိပ်တင်ထားတို့နှင့်အတူ တပ်မှူးကြီးတို့သည် ဘုရားဘက်သို့ မျက်နှာမူ၍ ထိုင်ကြကာ ဖူးမြော်ကြည်ညိုကြစေ)

(နောက်ခံတေးဂီတနှင့် အဆိုရှင်အမျိုးသမီးတို့က ထူးမခြားနား ဘုရားရောင်ခြည်တော်ဘွဲ့ ပတ်သီချင်းခံကြီးကို ငြိမ့်ညောင်းစွာ သီဆိုတီးမှုတ်စေ)

(လျှပ်စစ်မီးရောင်တို့ကို နှိပ်ရောင် ပြောင်းလဲစေ)

တေးသံရှင် ။ ။ “ထူး. . . မခြားနား. . . မီးရေစုံသား ××× ရောင်တော်ထွေပြား ××× ပြောင်းလို့လို့ ××× များထွေ ××× ထူးထွေသည့် အံ့ရာသား ××× ရွှန်းရရွှန်းလင်း××× စိမ်းပြာဖြူဝင်း ××× နေရောင်ခြည်လင်း ××× ထွန်းလို့လို့ရွှန်းဝေ ×× မှိုင်ဝေတည့် ပွင့်လှိုင်ကြူး ××× ဘုန်းတန်ခိုးလည်း ××× နှိုင်းဆိုရာဘဲ ××× တူညီမှာလဲ ××× ရဲရဲဝင်းပြောင် ××× နေမင်း . . . နေမင်း သိန်းရာထောင် . . . ယှဉ်ဆောင်ပြိုင်ခိုင်းနှိုင်းရာတူပဲကို ××× ဖြူနီညိုပြာ ထွေလာတည့် ထူးထူးဆန်း ××× ထူးထူးဆန်း ××× တေဇာရောင်ထွန်း ××× ရွှန်းရရွှန်းလှိုင် ××× ဖြာဖြာဝေမြိုင် ×××

(ကတ္တီပါ ပြည်ဖုံးကားကြီး ချစေ)

(သင့်ရာ အခန်းပြောင်းတီးလုံးဝင်စေ)

ဇာတ်ဝင်ခန်း (၃) ပြီး၏။

ဇာတ်ဝင်ခန်း (၈)

နေရာ - မင်းလှခံတပ်အနီး၊ သွေးသောက်ကြီး မင်းဒင်၏နေအိမ်။

အပြင်အဆင် - ဝါးထရံကာ အိမ်ကြီးတစ်ဆောင်၏ အိမ်ရှေ့မြင်ကွင်း ပန်းချီကားကြီး ချထားပြီး အိမ်ရှေ့တွင် ရက်ကန်းစင်တစ်ခုကို ဘီးတပ်ထော်လီပေါ်တွင် တင်၍ထားရှိရမည်။

အလင်းရောင် - အဖြူရောင်ဖွင့်ထားရမည်။

တေးဂီတ - မလေးလက်ခတ်သံ သီချင်းကို အဆိုမပါ အတီးသက်သက်ဖြင့် နောက်ခံတီးမှုတ်ပေးရမည်။

သရုပ်ဆောင် - ထိပ်တင်ထား၊ ရဲမက် ငရှန်မောင်၊ ရဲမက် ငစံအောင်၊ မောင်လန်းနှင့် ရဲမက်များ၊ ဖောင်ဝန်မင်း မဟာမင်းထင် မင်းလှသီဟသူနှင့် သွေးသောက်ကြီးမင်းဒင်တို့ ပါဝင်ရမည်။

ဇာတ်ဝင်ခန်းစ - **(ကတ္တီပါပြည်ဖုံးကားကြီး ဖွင့်စေ)**
(တေးဂီတမှ အခန်းပြောင်းတီးလုံး ပြီးစီးသည်နှင့် မလေးလက်ခတ်သံ တေးသီချင်းကို စန္ဒရား၊ ပလွေ၊ စည်းဝါးတို့ဖြင့် နောက်ခံတီးမှုတ်ပေးစေ။)

ရှန်မောင် ။ ။ (ဇာတ်ခွင်၏ လက်ဝဲဘက်မှဝင်လာ၍ လက်ထဲ၌ အင်ဖက်နှင့် ထုပ်ထားသော အထုပ်ကြီး တစ်ထုပ်ကိုကိုင်၍ ဝင်လာကာ မည်သူမှ မတွေ့ရ၍ ဟိုဟိုဒီဒီကြည့်လျက် လှမ်း၍ခေါ်စေ)
"ထိပ်တင်ထား . . . အို ထိပ်တင်ထား. . . . ညီမငယ်. . . "

ထိပ်တင်ထား ။ ။ (ဇာတ်ခွင်၏ လက်ယာဘက်မှ ရေးကြီးသုတ်ပျာ ဝင်လာပြီး ထူးစေ)
"ရှင် . . . လာပါပြီ"
(နှစ်ဦးသား နီးကပ်လာသည်နှင့်)
"ဟယ် . . . အစ်ကိုရှန်မောင် ဘာများ အရေးကြီးလို့လဲရှင်"

ရှန်မောင် ။ ။ "အရေးကြီးတယ် မဟုတ်ပါဘူး ညီမငယ်၊ အစ်ကိုတို့ရွာက ဟောဒီဆတ်သားခြောက်တွေ ပို့လိုက်လို့ ညီမငယ်တို့အတွက် လက်ဆောင်လာပေးတာပါ"

ထိပ်တင်ထား ။ ။ "အို . . . ကျေးဇူးတင်လိုက်တာ၊ အဘက ဆတ်သားခြောက်ဆို သိပ်ကြိုက်တာရှင့်"

ရှန်မောင် ။ ။ "ဗိုလ်မင်းကြီး ဘယ်သွားလဲ ညီမငယ်"

ထိပ်တင်ထား ။ ။ "ညော်. . . ဒီနေ့ နေပြည်တော်က အရေးပေါ်ကြေးနန်းဝင်လာလို့ တပ်မျူးကြီးရုံးမှာ အစည်းအဝေးထိုင်နေကြတယ်"

ရှန်မောင် ။ ။ "အင်း. . . ဒါဆို ထားထားတစ်ယောက်တည်းပေါ့"

ထိပ်တင်ထား ။ ။ "ဟုတ်ပါတယ်၊ ထားထားတစ်ယောက်တည်းရယ်၊ အစ်ကို ရောက်လာတာနဲ့အတော်ပဲ ထားထားပျင်းနေလို့ ဟင်း. . . ဟင်း. . . "

ရှန်မောင် ။ ။ "ဒါဆို အပျင်းပြေ အဖော်လုပ်ပေးရမယ်ပေါ့"

ထိပ်တင်ထား ။ ။ "ဟုတ်ကဲ့ရှင့်. . . ဘာလဲ အစ်ကိုက ထားထားအဖော်အဖြစ် မလုပ်ချင်ဘူးလား"

ရှန်မောင် ။ ။ "လုပ်ချင်တာပါ့၊ ထားထားရယ်၊ ထားထားရဲ့အဖော်အဖြစ် ဟောဒီ တစ်ခဏတာ မဟုတ်ပါဘူး၊ တစ်သက်စာထမ်းဆောင်ချင်တာပါ့ ထားထားရယ်"

ထိပ်တင်ထား ။ ။ "ရှင် . . . တစ်သက်စာ"

ရှန်မောင် ။ ။ "ဟုတ်တယ်လေ၊ တစ်သက်လုံး စောင့်ရှောက်ပြီး အဖော်လုပ်ပေးချင်တာပါ"

ထိပ်တင်ထား ။ ။ "အစ်ကို. . . အစ်ကို့စကားကြီးက"

ရှန်မောင် ။ ။ "ဟုတ်တယ်. . . အစ်ကို ထားထားကို မေတ္တာရှိနေပြီ" (ထိုအချိန်တွင် ဇာတ်ခွင်ယာဘက်မှ တောင်းတစ်တောင်းထမ်း၍ ဝင်လာသော စံအောင်က ပြောလိုက်စေ)

စံအောင် ။ ။ "ဟေ့. . . မင်းတစ်ယောက်တည်း မေတ္တာရှိနေတယ် မမှတ်နဲ့" (ထိပ်တင်ထားက စံအောင်ဘက်သို့ ဖျတ်ခနဲလှည့်၍)

ထိပ်တင်ထား ။ ။ "ဟယ်. . . အစ်ကိုစံအောင်၊ ပခုံးပေါ်မှာ တောင်းကြီးလည်းထမ်းလို့"

စံအောင် ။ ။ "ဟုတ်တယ် အမိုင်ယ်. . . ရွာက ကောက်ညှင်းဆန်တွေပို့လိုက်လို့ ဟောဒီ ထားထားတို့အတွက် အစ်ကိုယူလာတာ"

ထိပ်တင်ထား ။ ။ "အို. . . ဟန်ကျလိုက်တာ၊ အစ်ကိုရှန်မောင်က ဆတ်သားခြောက်၊ အစ်ကိုစံအောင်က ကောက်ညှင်းဆန်၊ ဒါမှ ကောက်ညှင်းပေါင်းနဲ့ ဆတ်သားခြောက် လိုက်ဖက်မှာ"

စံအောင် ။ ။ "ဟာ. . . ဆတ်သားခြောက်နဲ့ မလိုက်ဖက်ပါဘူး၊ ငါးရံ့ခြောက်တို့၊ ငါးပုတ်ပြားတို့နဲ့မှ လိုက်ဖက်တာ၊ ဆတ်သားခြောက်က စစ်ကောစစ်ရဲ့လား၊ လူတွေဟာ ဆတ်သားခြောက်၊ ဆတ်သားခြောက်ဆိုပြီး ကျွဲသားတွေ ဆေးဆိုးရောင်းနေကြတယ်၊ မန်းရွှေစက်တော်ပွဲတော်မှာဆို ပိုဆိုးသေး"

ရှန်မောင် ။ ။ "ဟေ့ကောင် ငစံအောင်. . . ဒါ ငါ့ကို မင်း သက်သက်အရွဲ့တိုက်ပြောတာပဲ"

စံအောင် ။ ။ "အရွဲ့တိုက်တာ မဟုတ်ပါဘူးဗျာ၊ ကျုပ်က ထားအတွက် စေတနာထားပြီး ပြောတာပါ့"

ရှန်မောင် ။ ။ "ဘာစေတနာထားတာလဲ"

စံအောင် ။ ။ "မေတ္တာ၊ စေတနာတွေပါ၊ ငါလည်း ထားအပေါ် မေတ္တာရှိနေပြီလေ"

ထိပ်တင်ထား ။ ။ "အို. . . အစ်ကိုစံအောင်ကလည်း"

စံအောင် ။ ။ "တကယ်ပြောတာ ထား၊ အစ်ကိုလည်း မင်းအပေါ် မေတ္တာရှိနေပါပြီ၊ အစ်ကို့မေတ္တာကို လက်ခံပါနော်. . . နော်"

ထိပ်တင်ထား ။ ။ "အို. . . အစ်ကိုတို့နှစ်ယောက်လုံးက ထားထားကို မေတ္တာတွေဖွင့်ဟနေတော့ ထားထား ဘယ်လိုဆုံးဖြတ်ရမလဲဟင်"

စံအောင် ။ ။ "ဒါကတော့ လွယ်ပါတယ် အမိငယ်၊ အမိငယ်ရဲ့ ရင်ထဲက တကယ်ချစ်တဲ့သူကို ချစ်သူလို့ သတ်မှတ်လိုက်ပေါ့"

ထိပ်တင်ထား ။ ။ "ရှင်. . . ထားထား မဝေခွဲတတ်ပါဘူးရှင်"
(ထိုအခါ ရှန်မောင်တို့က ထားထားရွေးနိုင်အောင်)

ရှန်မောင် ။ ။ "ဟေ့ကောင် မင်းနဲ့ငါက ရွာမှာဆိုရင် နတ်ပွဲတိုင်း နတ်ပွဲတိုင်း ခေါင်းပေါင်းလုဘက်နော်"

စံအောင် ။ ။ "အေး. . . ဟုတ်တယ်လေ၊ အခုဟာက နတ်ပွဲမဟုတ်ဘူး၊ အချစ်ပွဲ၊ အချစ်ပွဲမို့ အချစ်လုရတာပါ့"

ရှန်မောင် ။ ။ "ဟေ့. . . မင်းလည်းချင်း၊ ငါလည်းချင်း၊ ရိုးရာဓလေ့အတိုင်း မင်းနဲ့ငါ အချစ်အတွက် ခေါင်းပေါင်းလုမယ်၊ မင်းခေါင်းပေါင်းကို ခိုင်အောင်သာပေါင်းထားပေတော့"

စံအောင် ။ ။ "အေးပါ. . . မင်းလည်း မင်းခေါင်းပေါင်းကို ခိုင်အောင်သာပေါင်းထားလေပ"

ရှန်မောင် ။ ။ "အေး. . . ခေါင်းပေါင်းရတဲ့ကောင်က အနိုင်၊ နိုင်သူက ထားထားရဲ့အချစ်ကိုရမယ်"

စံအောင် ။ ။ "အို. . . စိမ်ခေါ်ရင် တိမ်ပေါ်တက်မယ့်အကောင်ကွ"
(စံအောင်နှင့် ရှန်မောင်တို့က မျက်နှာချင်းဆိုင်၍ တစ်ယောက်ခေါင်းပေါင်း တစ်ယောက်လုရန် ဟန်ရေးပြအကဖြင့် ကနေစေ၊ ထိုအချိန်မှာ ချင်းအမျိုးသားရဲမက်များ ပုဏ္ဏားကွယ်အကြားမှ ထွက်လာပြီး အသင့်ယူလာသော ဗုံ၊ လင်းကွင်းတို့နှင့် ချင်းဆိုင်တီးပေးကြစေ)
(တီးမှုတ်သံကြားသည်နှင့် ရှန်မောင်က)

ရှန်မောင် ။ ။ "ရပ်. . . ရပ်. . . နေပါဦး မင်းတို့က ဘယ်လိုကနေ ဘယ်လို ဝုံတွေ လင်းကွင်းတွေနဲ့ ရောက်လာရတာလဲ"
(ထိုအခါ မောင်လန်းက ရယ်ကျဲကျဲလုပ်၍ပြောစေ)

မောင်လန်း ။ ။ "ရှန်မောင်က ဆတ်သားခြောက်၊ စံအောင်က ကောက်ညှင်း၊ မင်းတို့နှစ်ယောက် သွေးသောက်ကြီးမရှိတုန်း ထိပ်တင်ထားဆီသွားမယ်ဆိုတာ ငါတို့သိတယ်လေ၊ အဲဒါတင် မကဘူး၊ မင်းတို့ရင်ဘတ်ထဲက ဟာကြီးလည်း ငါသိတယ်"

စံအောင် ။ ။ "ဘာလဲကွ. . . ရင်ဘတ်ထဲကဟာကြီး"

မောင်လန်း ။ ။ "မင်းတို့ရင်ဘတ်ထဲမှာ ဟိုဟာကြီးရှိတယ်လေ"

စံအောင် ။ ။ "ဘာ ဟိုဟာကြီးလဲ"

မောင်လန်း ။ ။ "အချစ်. . . အချစ်၊ အဲဒီဟာကြီးကြောင့် ချစ်သူရဲကောင်းပီပီ ခေါင်းပေါင်းလုကြမှာကို ငါမှန်းမိတယ်ပါ့၊ ဒါကြောင့် ချင်းရဲမက်တွေ ခေါ်ပြီး ဗုံတီးအားပေးဖို့ ရောက်လာတာဟေ့၊ ကဲ. . . ပြိုင်လိုက်ကြစမ်း၊ ဒါ ရိုးရာပြိုင်ပွဲကွ. . ."
(ပြောပြောဆိုဆို ဝုံနှင် လင်းကွင်းတို့ကို မြိုင်မြိုင်ကြီး တီးကြစေ)

ရဲမက်များ ။ ။ "ဝှေး . . . ဝှေး. . . ဝှေး. . ."
"အို . . . အို . . . အို. . . ."
"အိုဝှေ့ . . . အိုဝှေ့ . . . အိုဝှေ့ . . . "

ဗုံ၊ လင်းကွင်းသံ ။ ။ "တုံးချမ်း . . . တုံး ချမ်း. . . ချမ်း. . . ချမ်း. . ."
(ချင်းဗုံသံ ကြားလိုက်သည်နှင့် ရှန်မောင်နှင့် စံအောင်မှာ သွေးကြွလာကာ ခေါင်းပေါ်သို့ လက်နှစ်ဖက်ကို စကြာပုံဝှေ့ယမ်း၍ သူတို့၏ ခေါင်းပေါင်းကို ကာကွယ်ရင်း ဟန်ရေးပြကာ ကနေကြစေ၊ ရဲမက်များက ညာသံပေး၍ အားပေးစေ)

ရဲမက်များ ။ ။ "အုဝှေ့ . . . အုဝှေ့ . . . အုဝှေ့. . . "
"ဝှေး. . . ဝှေး. . . . ဝှေး. . . ရှန်မောင်ဝှေ့"
"ဝှေး. . . ဝှေး. . . . ဝှေး. . . စံအောင်ဝှေ့"

ဗုံ၊ လင်းကွင်းသံ ။ ။ "ဒုံး . . . ဒုံး . . . ဒုံး . . . ချမ်း . . . ချမ်း . . . ချမ်း. . . "
(သူတို့နှစ်ဦးရဲ့ ချင်းရိုးရာ ကကွက်လက်များက ခေါင်းပေါင်းကို ကာကွယ်ဟန်ပြုလုပ်၍ ခြေထောက်က လေးကွက်သိုင်းနှင့် စည်းချက်ကျကျ ကနေကြရင်း တစ်ယောက်ကို တစ်ယောက် ချောင်းမြောင်းနေကြစေ၊ ကျ၍ ခဏအကြာမှာ စံအောင်က ရှန်မောင်ရဲ့ ခေါင်းပေါင်းကို ဆွဲဖြုတ်လိုက်သလို ရှန်မောင်ကလည်း

စံအောင်ရဲ့ခေါင်းပေါင်းကို ဆွဲဖြုတ်ယူလိုက်ကာ တစ်ယောက် ခေါင်းပေါင်း တစ်ယောက် ပြိုင်တူ ဖြုတ်ယူပြီးသား ဖြစ်နေစေ)

မောင်လန်း ။ ။ "ဝေး. . . ရပ်ကြတော့၊ မင်းတို့နှစ်ယောက် ဘယ်သူ့ကို ဘယ်သူမှ မနိုင်ဘူး၊ အတူတူပဲ၊ အနှုံးမရှိ အတူတူပဲ၊ ကိုင်း ဒါကြောင့် ရိုးရာလေ့ အတိုင်း နောက်ထပ် ပြိုင်ပွဲထပ်လုပ်ရမယ်၊ အဲဒါက နှစ်ယောက်လုံး ရေအပြည့်ပါတဲ့အိုးကို တစ်ယောက်တစ်လုံးစီရွက်ပြီး ကရမယ်။ ကွမ်းနှစ်ယာညက်အတွင်း ရေအိုးကျတဲ့သူက အနှုံး၊ ဟေ့. . . ရေအိုးတွေ ရေဖြည့်ပြီး ယူခဲ့"

ချင်းရဲမက် ။ ။ "ဝေး. . . ယူပြီးပြီပါ့၊ အခြေအနေတူနေကတည်းက ရေအိုးနှစ်လုံး အသင့်ရေဖြည့်ထားသည်ပါ့"

(ရဲမက်နှစ်ဦးယူလာသော ရေအိုးနှစ်လုံးကို စံအောင်နှင့် ရှန်မောင်တို့ကယူ၍ ခေါင်းပေါင်းကို ခေါင်းခုလုပ်လျက် ခေါင်းပေါ်တင်ကာ လက်ကိုလွှတ်ထားလိုက်ကြစေ၊ ထိုအချိန်မှာ ချင်းတို့၏တူရိယာ ဗုံနှင့် လင်းကွင်းတို့ကို မြိုင်မြိုင်ဆိုင်ဆိုင် စ၍တီးကြစေ)

ရဲမက်များ ။ ။ (ရဲမက်တို့က ဆူညံစွာ အားပေးကြစေ)

'ဝေး. . . ဝေး. . . ဝေး. . . "

"အု. . . အု. . . အု. . . . "

"အိုဝေ့. . . အိုဝေ့. . . အိုဝေ့. . . "

"ဝေး. . . ဝေး. . . . ဝေး. . . ရှန်မောင်ဝေ့"

"ဝေး. . . ဝေး. . . . ဝေး. . . စံအောင်ဝေ့"

ဗုံ၊ လင်းကွင်းသံ ။ ။ "ဒုံး . . . ဒုံး . . . ဒုံး . . . ချမ်း. . . ချမ်း. . . ချမ်း. . . "

(ထိပ်တင်ထားက သူတို့နှစ်ယောက်ကိုကြည့်၍ ပျော်ရွှင်နေသဖြင့် လက်ခုပ်တီး အားပေးနေစေ၊ သူတို့နှစ်ယောက်သားမှာ ရေအိုးမကျအောင် ခေါင်းနှင့်ဟန်ချက်ထိန်း၍ ခြေထောက်က လေးကွက်သိုင်းနင်းပြီး လက်များ ဝှေ့ယမ်းလျက် ကနေကြစေ၊ ကွမ်းနှစ်ယာညက် အချိန်စေ့သောအခါ မောင်လန်းက အော်ဟစ်တားစေ)

မောင်လန်း ။ ။ "ရပ်. . . ဘယ်သူမှ မနိုင်ဘူး၊ အနှုံးမရှိ အတူတူ"

(ထိုအချိန်မှာ နောက်နားမှ လက်ခုပ်တီး အားပေးသံ ထွက်ပေါ်လာစေ)

တပ်မှူးကြီး ။ ။ "ကောင်းတယ်ဟေ့. . . ကောင်းတယ်ဟေ့၊ မင်းတို့ ချင်းတိုင်းရင်းသား ရိုးရာ ခေါင်းပေါင်းလုပွဲနဲ့ ရေအိုးရွက်ပြိုင်ပွဲ ကြည့်လို့ကောင်းလှသည်ပါ့"

ရှန်မောင် ။ ။ "ဟေ့. . . ဖောင်ဝန်မင်း မဟာမင်းထင် မင်းလှသီဟသူ ကြွခ်ီ တော်မူလာပြီ"
(အားလုံး ထိုင်ချ၍ လက်အုပ်ခ်ီ ခစားစေ)

တပ်မှူးကြီး ။ ။ "အေး. . . အေး. . . ထကြပါကွာ၊ ရပ်လျက် ခစားစမ်းပါ၊ စစ်သည်တော်တွေပဲ. . . ကိုင်း ထကြစမ်း၊ ငါရောက်နေတာ ကြာလှပြီ၊ မင်းတို့ ခေါင်းပေါင်းလုနေကြတုန်းကတည်းက ဆိုပါတော့"
(နောက်နားမှ တစ်ပါတည်း ပါလာသော သွေးသောက်ကြီးဘက်လှည့်၍ မင်းသံစိုးသံနှင့် ပြောစေ)
"ဟဲ့. . . သွေးသောက်ကြီး၊ မောင်မင်းရဲ့အိမ်မှာ ဒီအစီအစဉ်ရှိတာကို ဘာလို့ ကြိုပြီး သံတော်ဦးမတင်တာလဲကွယ့်"

မင်းဒင် ။ ။ (ဖောင်ဝန်မင်းကို ခပ်မဲ့မဲ့ပြန်ကြည့်၍ ပါးကိုရွဲ့ပြကာ ဖောင်ဝန်မင်းရဲ့ နားနားကပ်၍ ပြောစေ)
"မင်းက ရာထူးကြီးတယ်ဆိုပြီး ဟိတ်ဟန်လုပ်ပြောတာပေါ့. . . ဟင်း. . . ဟင်း. . . "
(ထိုသို့ တိုးတိုးကပ်ပြောပြီးမှ ရဲမက်များကြားလောက်အောင် အသံကို မြှင့်၍ပြောစေ)
"မှန်လှပါ၊ ရွှေတွင်း၊ ငွေတွင်း၊ ပယင်း၊ ဒုတ္ထာ ရတနာခုနစ်ပါးကို ပိုင်ဆိုင်တော်မူပြီး တိုင်းပြည်ရဲ့အချုပ်အခြာအာဏာကို အစိုးရတော်မူသော မင်းတရားကြီး သီပေါအရှင်၏ အမှုတော်ကို အားတက်သရော ထမ်းရွက်တော်မူပါသော၊ အတွင်းကျကျ မင်းလှခံတပ်ရဲ့ စစ်ဗျူဟာမှာ အသစ်ထူခါ အလုပ်ရှုပ်အောင် အုပ်ချုပ်တော်မူပါသော ဖောင်ဝန်မင်း မဟာမင်းထင် မင်းလှသီဟသူဘုရား. . . ကျွန်တော်မျိုး သွေးသောက်ကြီး အပြေးလျှောက်ပြီး သံတော်ဦး တင်ရလျှင်ဖြင့် ယခင်ကပင် ဤအစီအစဉ် အမှန်ပင် မသိရှိကြောင်းပါ ဘုရား"

တပ်မှူးကြီး ။ ။ (သွေးသောက်ကြီး နားနားကပ်၍ ခပ်တိုးတိုး အံကြိတ်ကာ ပြောစေ)
"ဟေ့ကောင်. . . ဒါ. . . မင်း သက်သက်အရွဲ့တိုက်ပြောတာလား"
(ဖောင်ဝန်မင်း တပ်မှူးကြီးက တိုးတိုးပြောပေမယ့် သွေးသောက်ကြီးက ရဲမက်များ ကြားလောက်အောင် မျက်ပြူးဆန်ပျာနှင့် ပြောစေ)

မင်းဒင် ။ ။ "မပြုံ့ကြောင်းပါဘုရား . . . မပြုံ့ကြောင်းပါဘုရား"

တပ်မှူးကြီး ။ ။ (ဖောင်ဝန်မင်း တပ်မှူးကြီးက ထိပ်တင်ထားဘက်လှည့်၍ပြောစေ)
"ဟဲ့. . . သမီး. . . နင့်အဖေ အရင်ကအကျင့်တွေ မပျောက်သေးပါလားဟဲ့"

ထိပ်တင်ထား ။ ။ "ဟဲဟဲဟဲ. . . သမီးက ဘာကိုချစ်လို့ ရယ်စရာလုပ်တာပါ ဘာရဲ့" (ထိုအချိန်မှာ သွေးသောက်ကြီးမင်းဒင်က သမီးဖြစ်သူ ထိပ်တင်ထား ဘက်လှည့်၍ မေးစေ)

သွေးသောက် ။ ။ "ဟဲ့. . . သမီး၊ သမီးတို့ ဒီရဲမက်တွေနဲ့စုပြီး ဘာတွေ လုပ်နေကြ တာလဲဟဲ့"

ထိပ်တင်ထား ။ ။ "အာ. . . သမီးက လိမ်ညာလည်း မပြောတတ်ပါဘူး၊ အမှန်အတိုင်း ပြောရင် အဘ စိတ်ကွက်မှာလား"

သွေးသောက် ။ ။ "ဟေ. . အဘက သမီးအကြောင်း သိပြီးသားပါ၊ သမီးက လိမ္မာတယ်၊ ပွင့်လင်းတယ်၊ ဘယ်သူ့ကိုမှ လိမ်ညာလှည့်ဖြားပြီး မပြောဆိုတတ်ဘူး၊ လိမ္မာတဲ့ သမီးလေးစကားကို အဘက ဘာလို့ စိတ်ကွက်ရမှာလဲကွယ်၊ ရဲရဲသာ ပြောစမ်းပါ့ သမီးရယ်"

ထိပ်တင်ထား ။ ။ "ဒီလို အဘရဲ့. . . ဟောဒီ ရှန်မောင်နဲ့ စံအောင်က အရွယ်ရောက်တဲ့ လူပျိုသားပီပီ ဟောဒီ အရွယ်ရောက်နေတဲ့ သမီးလေးကို ယဉ်ကျေး သိမ်မွေ့စွာ သစ္စာအသိနဲ့ မေတ္တာရှိတဲ့အကြောင်းပြောပြီး ချစ်ခွင့်ပန်ကြတယ် အဘရဲ့"

မင်းဒင် ။ ။ "အို. . . ဟို. . . အရွယ်ရောက်သူချင်း ချစ်ခွင့်ပန်တာ ဘာဆန်းလဲ ကွယ်၊ အဲဒီတော့ သမီးက သူတို့ကို ဘယ်လိုတုံ့ပြန် ပြောဆို လိုက်သလဲကွယ့်"

ထိပ်တင်ထား ။ ။ "အမှန်ကိုပြောရရင် သူတို့နှစ်ယောက်လုံးက တိုင်းပြည်အတွက် အသက်ကိုပေးပြီး အမှုတော်ထမ်းရွက်ကြတဲ့ အရည်အချင်းပြည့်ဝ သူတွေပါ၊ ခက်တာက နှစ်ယောက်လုံးက အရည်အချင်းတူနေတော့ သမီးမှာ ရွေးရခက်နေတာပဲ့၊ အဲဒါကိုသူတို့က ရိုးရာဓလေ့အတိုင်း သူရဲကောင်းရွေးပွဲပြုလုပ်ပြီး နိုင်သူက သမီးရဲ့မေတ္တာကို ဆက်ခံကြဖို့ ဆုံးဖြတ်ကြတယ်၊ အဲဒါကြောင့် ခေါင်းပေါင်းလုပွဲနဲ့ ရေအိုးရွက်ပွဲကို သူတို့နှစ်ယောက် ပြိုင်ဆိုင်ကြတာပါပဲ အဘရယ်၊ ဒါပေမဲ့ ဒီပွဲမှာလည်း အနိုင်အရှုံးမရှိဘဲ အရည်အချင်းက အတူတူပဲဖြစ် နေပြန်တယ် အဘရယ်"

တပ်မှူးကြီး ။ ။ "ကဲ. . . ကဲ. . . အဲဒီကိစ္စ ငါပဲဆုံးဖြတ်မယ်"

ထိပ်တင်ထား ။ ။ "ဘာဟာလည်း သမီးရဲ့ ဖခင်နောက်တစ်ဦးမို့ ဆုံးဖြတ်တာ နာခံပါ့မယ်"

တပ်မှူးကြီး ။ ။ "ကိုင်း. . . ရဲမက် ငစံအောင်နဲ့ ရဲမက် ငရှန်မောင်တို့ နာခံကြစေ. . . " (တပ်မှူးကြီး၏ အသံကြားသည်နှင့် စံအောင်နှင့် ရှန်မောင်က ရှေ့တော်ဝင် ဒူးတုပ်ခစားစေ)

"မောင်မင်းတို့နှစ်ယောက်ဟာ ဟောဒီ သွေးသောက်ကြီးမင်းဒင်ရဲ့ လွတ်လပ်သော အပျိုစင်သမီးလေးကို လွတ်လပ်သော လူပျိုတော်သားများပီပီ မေတ္တာသက်ဝင် ချစ်ခင်ကြောင်းကို တောင်းခံလာပါသော်လည်း အရည်အချင်းတူ၊ လက်ရည်တူ၊ စိတ်ဓာတ်တူတွေဖြစ်နေသောကြောင့် အဆုံးအဖြတ်ပေးရန် အခက်အခဲရှိနေလေသည်၊ ဒါကြောင့် မောင်မင်းတို့နှစ်ယောက်ထဲက မျိုးချစ်စိတ်ဓာတ်၊ ဇာတိသွေး၊ ဇာတိမာန်စိတ်ဓာတ်ပြည့်ဝပြီး တိုင်းပြည်နှင့် မင်းတရားကြီး အတွက် သက်စွန့်ကြိုးပမ်း အမှုတော်ပိုမိုထမ်းရွက်နိုင်သူကို ထိပ်ထားရဲ့ မေတ္တာဆက်ခံခွင့်ပေးတော်မူမယ်၊ အကျွန်ုပ်က မောင်မင်းတို့နှစ်ယောက်ရဲ့ တိုက်ရည်၊ ခိုက်ရည်၊ စွမ်းရည် အရုပ်ရုပ်တို့နှင့် မျိုးချစ်စိတ်ဓာတ်တို့ကိုကြည့်၍ အဆုံးအဖြတ် ပေးတော်မူမယ်၊ တိုင်းပြည်နဲ့ မင်းတရားကြီးအပေါ် သစ္စာရှိရှိ ရဲရဲဝံ့ဝံ့ အမှုတော်ထမ်းရွက်နိုင်သူ၊ ထိပ်တင်ထားရဲ့မေတ္တာကို ဆက်ခံနိုင်သူ ဖြစ်အောင် ကြိုးစားကြစေ. . . အမိန့်တော်"

ရဲမက်များ (သံဖြိုင်) ။ ။ "ဝှေး. . . ဒါမှ အချစ်အတွက် ပြိုင်ပွဲဟေ့. . . "
(လက်သီးလက်မောင်းတန်း၍ ဟစ်ကြွေးစေ)
"အချစ်အတွက် စစ်မှန်တဲ့ပြိုင်ပွဲ"
"အချစ်အတွက် စစ်မှန်တဲ့ပြိုင်ပွဲ . . . ဟေး. . . "

(ကတ္တီပါ ပြည်ဖုံးကားကြီးချစေ)

(သင့်ရာအခန်းပြောင်းတီးလုံးဝင်စေ)

ဇာတ်ဝင်ခန်း (၈) ပြီး၏။

ဇာတ်ဝင်ခန်း (၉)

နေရာ - မင်းလှခံတပ်ကြီးအတွင်း စစ်ရေးပြကွင်း။

အပြင်အဆင် - မင်းလှခံတပ်ကြီးအတွင်း စစ်ရေးပြကွင်းကွက်လပ်တွင် မြောက်ဘက်နံရံ အတက်အဆင်း လှေကားကြီးနှစ်ခုပါသော ခံတပ်အတွင်းဘက်နံရံပုံကို နောက်ခံပိတ်ကားပေါ်တွင် ပရိဂျက်တာနှင့် ထိုးဖျပြထားရမည်။ လှေကားနှစ်စင်းရှေ့တွင် ဘီးတပ်အမြောက်လက်နက်ထားရှိ၍ အမြောက်၏ နောက်တွင် ရဲမက်များ တန်းစီနေရမည်။

အလင်းရောင် - အဖြူရောင် ဘလိုင်းဖွင့်ရမည်။

တေးဂီတ - မောင်းဆိုင်း၊ ပလွေ၊ ခြောက်လုံးပတ်နှင့် စည်းဝါးတို့က လေပြေဆော်သွေးမြူး အစချီ မြဝတီမင်းကြီးရေးသားသော မြင်းတက် ယိုးဒယားကို မောင်းဆိုင်းလက်ကွက် အပြေး၊ အဆော့၊ အသော့၊ အနှော့လေးများဖြင့် အဆိုမပါ အတီးသက်သက် နောက်ခံတီးမှုတ်နေရမည်။

သရုပ်ဆောင် - ဖောင်ဝန်မင်း မဟာမင်းထင် မင်းလှသီဟသူ၊ သွေးသောက်ကြီးမင်းဒင်၊ လက်သစ် လှေသင်းဗိုလ် မဟာမင်းလှသိန္ဒိကျော်စွာနှင့် ရဲမက်များ ပါဝင်ရမည်။

ဇာတ်ဝင်ခန်းစ - **(ကတ္တီပါပြည်ဖုံးကားကြီး ဖွင့်စေ)**
(ရဲမက်များက ဘီးတပ်အမြောက်၏နောက်တွင် တန်းစီရပ်နေစေ)
(တေးဂီတမှ လေပြေဆော်သွေးမြူး ယိုးဒယားသီချင်းကို အသော့နှင့်၍ နောက်ခံတီးမှုတ်စေ)
(ထိုအချိန် တပ်မှူးကြီးနှင့် အရာရှိများ ဝင်လာကာ)

တပ်မှူးကြီး ။ ။ "မောင်မင်းတို့ . . . ဗြိတိသျှတို့ရဲ့ အန္တရာယ်ဟာ ဘယ်လိုမှ ရှောင်လွဲလို့ မရတဲ့ကိစ္စပဲ၊ သူတို့က ငါတို့ထက် ဓနအင်အား၊ လက်နက်အင်အားများလှတယ်၊ လက်နက်မှာဆိုရင် တို့ထက် ခေတ်မီထိရောက်တဲ့ လက်နက်တွေရှိတယ်၊ အဲဒီလို အင်အားများတဲ့ရန်သူကို ယှဉ်ပြိုင်တိုက်ခိုက်ဖို့က ဇွဲ၊ လုံ့လနဲ့ ရဲစွမ်းသတ္တိကို အရင်းခံပြီး ငါတို့တစ်တွေ စည်းလုံးခြင်းနဲ့ ဗျူဟာကျွမ်းကျင်မှုရှိဖို့ လိုအပ်တယ်၊ ဟောဒီခံတပ်ကြီးဟာ တိုင်းပြည်ရဲ့ အရေးကြီးတဲ့ အခန်းကဏ္ဍက ပါဝင်

နေပါပြီ။ အဲဒါကြောင့် ခံတပ်ကြီး မကျဆုံးဖို့လည်း လိုအပ်တယ်၊ ဒါကြောင့် ဒီနေ့ အမြောက်လက်နက် ပစ်ခတ်မှုကျွမ်းကျင်နိုင်အောင် အမြောက်ပစ်ခတ်နည်း ဗျူဟာကို သင်ကြားလေ့ကျင့်ပေးမယ်၊ အဲ. . . သင်တန်းမစမီ မင်းတို့ စောင့်ရှောက်ကာကွယ်ရမယ့် ဟောဒီ ခံတပ်ကြီးအကြောင်းကို မင်းတို့ သိထားအောင် အရင်ဆုံး ပြောပြမယ်၊ ဒါမှ ကိုယ်တာဝန်ယူစောင့်ရှောက်နေတဲ့အရာဟာ ဘာလဲဆိုတာကို မင်းတို့ တိတိပပသိရှိထားမှာ၊ မြင်းစီးလို့ အထီးမှန်း အမမှန်း မသိတဲ့လူဟာ ဘာအသုံးကျမှာလဲ၊ ကိုင်း. . . နားထောင်ကြ၊

ဟောဒီခံတပ်ကြီးကို သက္ကရာဇ် ၁၂၂၂ ခုနှစ်မှာ စတင် တည်ဆောက်ဖို့ နေရာရှာခြင်း၊ မြေညှိခြင်းတွေ ပြုလုပ်တယ်၊ လုပ်ငန်းရဲ့ အစဆိုလည်း မမှားပါဘူး၊ ဒါကြောင့် စာဆိုတောင် ရှိခဲ့ပါသေးတယ်၊ ဘာတဲ့. . .'အောင်ကျော်ချမ်းကြည် ခံတပ်တည်' တဲ့"

(တပ်မှူးကြီးကပြောရင်း ရဲမက်ရှန်မောင်ဘက်သို့ မျက်နှာမူလျက်)

"ဟေ့. . . ရဲမက် ငရှန်မောင် 'အောင်' ဆိုတာ ဘာနေ့နံလဲ"

ရှန်မောင် ။ ။ "တနင်္ဂနွေပါ ဘုရား"

တပ်မှူးကြီး ။ ။ "အေး. . . တနင်္ဂနွေက ဘာဂဏန်းလဲ"

ရှန်မောင် ။ ။ "မှန်လှပါ တစ်ဂဏန်းပါဘုရား"

(ထို့နောက် တပ်မှူးကြီးက စံအောင်ဘက်လှည့်၍)

တပ်မှူးကြီး ။ ။ "ဟေ့. . . ရဲမက် ငစံအောင်"

စံအောင် ။ ။ "ဘုရား. . . "

တပ်မှူးကြီး ။ ။ "ကျော်' ဆိုတာက ဘာနေ့နံလဲ"

စံအောင် ။ ။ "မှန်လှပါ၊ တနလ်္ဂာပါ ဘုရား"

တပ်မှူးကြီး ။ ။ "အေး. . တနလ်္ဂာက ဘာဂဏန်းလဲ"

စံအောင် ။ ။ "နှစ် ဂဏန်းပါ ဘုရား"

တပ်မှူးကြီး ။ ။ "အေး ဟုတ်တယ်၊ 'အောင်' က တစ်၊ 'ကျော်'က နှစ်၊ ဟဲ့ ဟိုဘက်က ရဲမက် ငလန်း ပြောစမ်း. . . 'ချမ်း'က ဘာလဲ"

မောင်လန်း ။ ။ "ချမ်း' ဆိုတာလည်း တနလ်္ဂာနံ၊ နှစ်ဂဏန်းပါ ဘုရား"

တပ်မှူးကြီး ။ ။ "အေး. . . ဟုတ်ပြီ၊ ဟိုဘက်က ရဲမက်၊ မကွေးသား ငဇွဲထက်ရှင် 'ကြည်'က ဘာလဲ"

ဇွဲထက်ရှင် ။ ။ "မှန်လှပါ 'ကြည်' ကလည်း တနလ်္ဂာ နှစ်ဂဏန်းပါပဲ ဘုရား"

တပ်မှူးကြီး ။ ။ ''အေး. . အဲဒါ ခံတပ်တည်တဲ့ သက္ကရာဇ်ပဲ၊ ဘာတဲ့. . . အောင်ကျော်ချမ်းကြည်တဲ့၊ ၁၂၂၂ ခုနှစ်လို့ လက်ာနဲ့ဖွဲ့ခဲ့တယ်၊ ဟေ့. . . အားလုံး လိုက်ဆိုစမ်း. . . 'အောင်ကျော်ချမ်းကြည် ခံတပ်တည်' "

ရဲမက်များ (သံဖြိုင်) ။ ။ "အောင်ကျော်ချမ်းကြည် ခံတပ်တည်"

တပ်မှူးကြီး ။ ။ "ဆို. . . "

ရဲမက်များ ။ ။ "အောင်ကျော်ချမ်းကြည် ခံတပ်တည်"

တပ်မှူးကြီး ။ ။ "ဆို . . . နောက်တစ်ကြိမ်"

ရဲမက်များ ။ ။ "အောင်ကျော်ချမ်းကြည် ခံတပ်တည်"

တပ်မှူးကြီး ။ ။ ''လက်နက်ငယ်သင်တန်းတုန်းကလည်း ငါပြောခဲ့ဖူးပါတယ်၊ 'အောင်ကျော်ချမ်းကြည် ခံတပ်တည်' တို့၊ 'အချောင်ကြံစည် ခံတပ်တည်' တို့၊ အဲ. . . အချောင်ကြံစည် ဆိုတာက နယ်ချဲ့တွေက တို့မြေကို အချောင်ကြံစည်ပြီး သိမ်းပိုက်ဖို့လုပ်နေလို့ ဟောဒီ ခံတပ်ကြီးကို ဆောက်လုပ်ကာကွယ်ရတယ်လို့ အဓိပ္ပာယ်ဖွင့်တယ်၊ "အချောင်ကြံစည်' ဆိုတော့ 'အ'က တနင်္ဂနွေ တစ်၊ 'ချောင်' ဆိုတဲ့ နှစ်က တနလာ၊ 'ကြံ' ကလည်း တနလာ၊ 'စည်' ဆိုတာကတော့ စဆဇစျည အင်္ဂါ (၃)ပေါ့၊ ၁၂၂၃ ခုနှစ်လို့ အလင်္ကာနဲ့ဖွဲ့ခဲ့တာပဲ၊ အဲဒါက အုတ်မြစ်ချ အုတ်ရိုးစစီတဲ့ ခုနှစ်ပေါ့၊ ဘာတဲ့ 'အချောင်ကြံစည် ခံတပ်တည်' ဆိုစမ်း သုံးခေါက်"

ရဲမက်များ (သံဖြိုင်) ။ ။ "အချောင်ကြံစည် ခံတပ်တည်"
"အချောင်ကြံစည် ခံတပ်တည်"
"အချောင်ကြံစည် ခံတပ်တည်"

တပ်မှူးကြီး ။ ။ "ခံတပ်ကြီး ပြီးဆုံးခဲ့တဲ့နေ့ကတော့ 'အုတ်ချပ်ခိုင်မာ နှစ်ကောဇာ' တဲ့၊ 'အုတ်ချပ်ခိုင်မာ နှစ်ကောဇာ' ကို ငရုန်မောင်က အဓိပ္ပာယ် ပြန်ပြစမ်း"

ရုန်မောင် ။ ။ "မှန်လှပါ. . . 'အုတ်'က တနင်္ဂနွေ တစ်၊ 'ချပ်'က တနလာ နှစ်၊ 'ခိုင်' ကလည်းနှစ်၊ 'မာ' က ပဖဿမ ကြာသပတေး ငါး၊ ကောဇာသက္ကရာဇ် ၁၂၂၅ ခုနှစ်လို့ ဆိုပါတယ်ဘုရား"

တပ်မှူးကြီး ။ ။ "အဲဒီ သက္ကရာဇ်တွေ အားလုံးက ကောဇာသက္ကရာဇ်ပဲ၊ ကိုင်း. . . ဆိုစမ်း . . . 'အုတ်ချပ်ခိုင်မာ နှစ်ကောဇာ' "

ရဲမက်များ ။ ။ "အုတ်ချပ်ခိုင်မာ နှစ်ကောဇာ"
"အုတ်ချပ်ခိုင်မာ နှစ်ကောဇာ"
"အုတ်ချပ်ခိုင်မာ နှစ်ကောဇာ"

တပ်မှူးကြီး ။ ။ "အေး. . ဟုတ်ပြီ၊ ကဲ အမြောက်လက်နက်ဗျူဟာကို လက်သစ်လေ့သင်းဗိုလ် မဟာမင်းလှသိန္ဒိကျော်စွာက ဆက်လက်သင်ကြားပေးစမ်း"
(မဟာမင်းလှသိန္ဒိကျော်စွာက တပ်မှူးကြီးကို လက်အုပ်ချီအရိုအသေပေး၍ ရဲမက်များဘက်လှည့်ကာပြောစေ)

သိန္ဒိကျော်စွာ ။ ။ "ကဲ ဒီနေ့. . အမြောက်လက်နက်အကြောင်း သင်ပြပေးမယ်၊ အမြောက်လက်နက်ဆိုတာ တစ်ယောက်တည်း၊ တစ်ဦးတည်း ပစ်လို့ရတဲ့လက်နက်မဟုတ်ဘူး၊ စကားပုံတောင် ရှိသေးတယ်၊ ဘာတဲ့. . . 'ရှေ့လေး နောက်ခြောက် အမြောက်' တဲ့ကွ၊ ဘာတဲ့လဲ"

ရဲမက်များ (သံပြိုင်) ။ ။ "ရှေ့လေး နောက်ခြောက် အမြောက်"

သိန္ဒိကျော်စွာ ။ ။ "အေး. . . ရှေ့လေးဆိုတာက အမြောက်ပစ်ဖို့ ရှေ့ကလုပ်ရတဲ့လေးယောက်ကိုပြောတာ၊ ကဲ. . . ထွက်စမ်း. . . တာဝန်ကျရဲမက်တွေ"
(အမိန့်ပေးလိုက်သည်နှင့် ရဲမက်လေးယောက် ပြေးထွက်လာကာ အမြောက်ပြောင်း၏ဘယ်ညာတွင် နှစ်ယောက်၊ အမြောက်၏နောက်တွင် နှစ်ယောက်ရပ်နေပြီး ပြန်လည်သတင်းပို့စေ)

ရဲမက်များ (သံပြိုင်) ။ ။ "ရှေ့ထွက် လေးယောက် နေရာယူပြီးအသင့်"

သိန္ဒိကျော်စွာ ။ ။ "ကိုင်း. . . နောက်တန်း ခြောက်ယောက်ထွက်"
(အမိန့်ပေးလိုက်သည်နှင့် ရဲမက်ခြောက်ယောက် ပြေးထွက်လာကာ မီးတုတ်တစ်ချောင်း ကိုင်ထားသောရဲမက်က အမြောက်၏အနောက်တည့်တည့်ကရပ်၍ ကျန်ငါးယောက်က မီးတုတ်ကိုင်ရဲမက်၏နောက်မှ တန်းစီရပ်နေစေ)

ရဲမက်များ (သံပြိုင်) ။ ။ "နောက်ထွက် ရဲမက် နေရာယူပြီးအသင့်"

သိန္ဒိကျော်စွာ ။ ။ "ကဲ. . မြင်ကြပလား၊ အမြောက်တပ်သားအစုအဖွဲ့ နေရာယူထားတာ၊ သူတို့က လေ့ကျင့်ပြီးသားရဲမက်တွေ၊ မင်းတို့ကို နမူနာလုပ်ပြတာ၊

အဲ နောက်ဆုံးတန်း ငါးယောက်က ကျည်သယ်၊ ကျည်ပို့၊ ယမ်းသယ် ယမ်းပို့သမားပေါ့၊ အခုတော့ ရပ်ရုံရပ်နေပါ"

ရဲမက်များ (သံဖြိုင်) ။ ။ "ဟုတ်"

သိန္ဒိကျော်စွာ ။ ။ "အမြောက်ရဲမက် ပစ်ခတ်ရန်အသင့်"

(အမြောက်ပြောင်းဘေး ရဲမက်နှစ်ဦးမှာ တစ်ဦးက အောက်တွင် ချထားသော ယမ်းထည့်စည်ထဲမှ ယမ်းမှုန့်များကို ခွက်နှင့်ခပ်၍ ပြောင်းအတွင်းသို့ ထည့်စေ၊ နောက်တစ်ယောက်က အမြောက်၏ နောက်က ထောင်ထားသော ပြောင်းထိုးတံကိုယူ၍ ပြောင်းဝမှ ထိုးသွင်းကာ ယမ်းသိပ်စေ၊ ဤသို့ သုံးကြိမ်မျှ ပြုလုပ်စေ၊ ယမ်းထည့်သူက ဝါဂွမ်းဖတ်များထည့်ပြီး ပြောင်းထိုးသူက ပြောင်းထိုးတံနှင့် ဝါဂွမ်းများကို ထိုးသိပ်စေ၊ ထိုသူပြီးသည်နှင့် ယမ်းထည့်သူက အမြောက်ကျည်လုံးကြီးကို မ၍ ပြောင်းအတွင်းသို့ ထည့်လိုက်စေ)

ရဲမက်များ (သံဖြိုင်) ။ ။ "ယမ်းထည့် ကျည်ထိုး အသင့်"

(ထိုသို့ အော်လိုက်သည်နှင့် မီးတုတ်ကိုင်ရဲမက်က ရှေ့သို့ မီးတုတ်ဖြင့် ညွှန်ပြ၍ပြောစေ)

မီးတုတ်ကိုင် ။ ။ "ပစ်မှတ် လက်ယာဘက် တစ်ထွာ"

(ထိုသို့ အော်လိုက်သည်နှင့် အမြောက်ပြောင်းရင်းရပ်နေသူ နှစ်ယောက်က အမြောက်၏ ပြောင်းရင်းကို လက်ဝဲဘက်သို့ မ,၍ ရွှေ့စေ)

ရဲမက်(သံဖြိုင်) ။ ။ "ပစ်မှတ် လက်ျာဘက် တစ်ထွာ အသင့်"

(မီးတုတ်ကိုင်သူက ပြောင်းရင်း၏နောက်မှ အနည်းငယ်ထိုင်၍ ပြောင်းဖျားကို ခြိန်ကြည့်စေ၊ ပြီးမှ မတ်မတ်ရပ်ပြီး)

မီးတုတ်ကိုင် ။ ။ "ပစ်မှတ် လက်ဝဲဘက် နှစ်လက်မ ပြန်လှည့်"

(ထပ်မံ အမိန့်ရသည်နှင့် ပြောင်းရင်းတာဝန်ကျ ရဲမက်နှစ်ယောက်က ပြောင်းရင်းကိုမ,၍ လက်ယာဘက်သို့ အနည်းငယ်ရွှေ့စေ)

ရဲမက်(သံဖြိုင်) ။ ။ "ပစ်မှ လက်ဝဲဘက် နှစ်လက်မ ပြန်လှည့်ပြီး အသင့်"

မီးတုတ်ကိုင် ။ ။ "ပစ်ခတ်ရန် အသင့်"

(ထိုအခါ လှေသင်းဗိုလ် မင်းလှမဟာသိန္ဒိကျော်စွာက အောင်မြင်ဝင့်ကြွားသောအသံဖြင့်)

သိန္ဒိကျော်စွာ ။ ။ "ပစ်. . . "

(အမိန့်ပေးလိုက်သည်နှင့် မီးတုတ်ကိုင်ရဲမက်က ပြောင်းရင်းပေါ်သို့ မီးတုတ်အဖျားနှင့် တင်ကာရှို့စေ)

အမြောက်သံ ။ ။ “ရှိုး. . . ရှိုး. . . ရှိုး. . . . အုံး. . . . ”

(မင်းလှသိန္ဒိက အောင်မြင်စွာ ဝင့်ကြွားစေ)

သိန္ဒိကျော်စွာ ။ ။ “အေး. . . အဲဒါ အမြောက်ပစ်ခတ်နည်းကွ”

ရဲမက်များ (သံပြိုင်) ။ ။ “အောင်ပြီ. . . အောင်ပြီ. . . အောင်ပြီ. . . ”

(ကတ္တီပါ ပြည်ဖုံးကားကြီးချစေ)

(ဝါးတုတ်နှင့် အခန်းပြောင်းတီးလုံးဝင်စေ)

ဇာတ်ဝင်ခန်း (၉) ပြီး၏။

ဇာတ်ဝင်ခန်း (၁၀)

[ဇာတ်ဝင်ခန်း (၁၀) အခန်း (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င) ဖြစ်၏]

နေရာ - မင်းလှမြို့၏ ဧရာဝတီမြစ်ဆိပ် တစ်နေရာ။

အပြင်အဆင် - ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်း၊ ကွေ့ချောင်းခံတပ်နှင့် ဘုရားကုန်း၊ တောင်များ၊ ဘုရားများ ပါဝင်သော နောက်ခံရှုခင်း ပန်းချီကားလိပ် ချထားရမည်။

အလင်းရောင် - ညနေဆည်းဆာဖြစ်သည့်အတွက် နီဝါရောင်မီးများ ဖွင့်ထားရမည်။

တေးဂီတ - တေးဂီတမှ စန္ဒရားလက်သံကောင်းကောင်းနှင့် သီတာသောင်ခြေတွဲ့ ပတ်ပျိုးသီချင်းကို တေးသံရှင် အမျိုးသမီး၏အသံဖြင့် သီဆို တီးခတ်နေရမည်။

သရုပ်ဆောင် - ဖောင်ဝန်မင်း မဟာမင်းထင် မင်းလှသီဟသူနှင့် ရဲမက် ငရှန်မောင်၊ ဇာတ်ဝင်ခန်း (၁၀-ခ) နောက်ကြောင်းပြန် ဇာတ်ဝင်ခန်းတွင် ကနောင်မင်းသားကြီး၊ အိမ်ရှေ့မင်း၏ ဝန်ကြီးနှစ်ပါး၊ အရာရှိ အရာထမ်း ရဲမက်များနှင့် သံတမန် မေဂျာဖယ်ယာနှင့် သံအဖွဲ့များ ပါဝင်ရမည်။

ဇာတ်ဝင်ခန်းစ - **(ကတ္တီပါ ပြည်ဖုံးကားကြီးဖွင့်စေ)**

တေးဂီတ - အခန်းပြောင်းတီးလုံး ဆုံးသည်နှင့် စန္ဒရား၊ တယော၊ ပလွေတို့ဖြင့် အမျိုးသမီးတေးသံရှင်က သီတာသောင်ခြေတွဲ့ ပတ်ပျိုးသီချင်းကို ငြိမ့်ညောင်းစွာ သီဆိုနေစေ)

သရုပ်ဆောင် - (တေးသံနှင့်အတူ ဖောင်ဝန်မင်း မဟာမင်းထင် မင်းလှသီဟသူက တစ်စထောင်ခေါင်းပေါင်း၊ ရင်ဖုံးအင်္ကျီ အဖြူရောင်၊ အကွက်စိပ် ချည်တောင်ရှည်တို့ကို ဝတ်ဆင်လျက် လက်နှစ်ဖက် နောက်ပစ်ကာ လမ်းလျှောက်ရင်း ဝင်လာစေ။)

တေးသံရှင် (အမျိုးသမီး) - (သီချင်းကို အစပိုဒ်မှ မတီးခတ်ဘဲ အို ငါးကြင်းတွေဆန် ဆိုသော အပိုဒ်မှ စတင်တီးမှုတ်သီဆိုစေ)

"အို. . . ငါးကြင်းတွေဆန် ××× ငါးတန်တွေ သောင်ရေစီးမှာလ ××× ကိုတံငါ လှေယာဉ် စီးပါလို့ ××× ပိုက်ကြီးငယ် ×××× ရေ ချ လာ ××× ဒေါင်. . . ဒင်း. . . သံသာသာနှင့် . . . တံငါ လှေလှော်ဆင်း အို. . . နဒီတွင်းမှာလ နှင်း. . ငွေ. . . ဆော်. . . ချမ်းလို့တုန်. . .

မလုံ. . . ကွေးတယ်လေး. . . ကိုယ်ရေး ကြံတော့နော်. . . . တပေါင်း တန်ခူး မိုးသားကြူး. . . လေရူးဆော်လာပုံ. . . နဒီတွင်းမှာလ . . . ကို. . . ငါးကြင်း. . . ငယ်တို့. . . ပိုက်တွင်းမှာ သူတို့ခုန်. . . ”
(တေးသံသီဆိုပြီး အတီးတစ်ကျော့ဝင်သည်နှင့် ဖောင်ဝန်မင်း မဟာမင်းထင် မင်းလှသီဟသူက လွှမ်းတသသပြောစေ)

တပ်မှူးကြီး ။ ။ “အလို. . . ရတနာပုံ နေပြည်တော်ကနေ ဟောဒီ ခံတပ်ကြီးရှိရာကို တာဝန်ထမ်းရွက်ရတာ သွားလိုက် ပြန်လိုက်နဲ့ အနှစ်နှစ်ဆယ်ပင် ရှိခဲ့လေပြီ၊ ဘာလိုလိုနဲ့ ဒီနှစ်လည်း ချမ်းအေးတဲ့ရာသီ ပြာသို တပို့တွဲကနေ တပေါင်း တန်ခူးသို့ တိုင်ပါပေါ့လား၊ ရွှေပြည်တော် မျှော်တိုင်း ဝေးခဲ့ရ၊ ဘယ်ခါမျှားမှ ပြန်ရပါ့လေ၊ ခံတပ်ကြီး တည်ဆောက်ဆဲကာလကနေ ယနေ့အထိ တာဝန်များထမ်းဆောင်ရင်း ယခုတစ်ဖန် စစ်သည်ရဲမက်တွေ စုဆောင်းရန် ပြန်လည်ရောက်ရှိ ခဲ့တာ တစ်နှစ်ကျော် ကြာခဲ့ပေပါ့၊ ယနေ့ပင် တစ်နှစ်တင်းတင်း ရှိလေတော့၊ ငါဖြည့်ဆည်းထားတဲ့ ရဲမက်တွေနဲ့ အောက်မြစ်စဉ် ဗျူဟာမှာ ဘယ်နေရာကဝင်ပါလို့ ဘယ်လိုတာဝန်တွေ ထမ်းဆောင် ရမယ်ဆိုတာကိုလည်း တွေးမိတိုင်း စိတ်စော တိုင်းပြည်အတွက် ရင်မောလိုက်ပါဘိကွယ်”
(ထိုသို့ လမ်းလျှောက်ရင်းပြောနေစဉ် ရှန်မောင် ဝင်လာစေ၊ တပ်မှူးကြီးအနား ရောက်သည်နှင့်)

ရှန်မောင် ။ ။ “အလို. . . တပ်မှူးကြီးပါလား၊ တပ်မှူးကြီး ကျန်းမာရေးအတွက် လမ်းလျှောက်နေတာပါလား ဘုရား”

တပ်မှူးကြီး ။ ။ “အိမ်း. . . အနားလည်းယူ၊ လေကောင်းလေသန့်လည်း ရှူရတာပေါ့၊ နောက်ပြီး နေပြည်တော်ကိုလည်းမှန်းပြီး လွမ်းမိတယ်၊ နေပြည်တော်က အရှင်နှစ်ပါး ဘယ်လိုများ နေကြပါ့၊ နိုင်ငံရေး အခြေအနေကလည်း မကောင်းလေဘူးကွယ့်၊ နန်းတွင်းမှာ သူ့အစုနဲ့ သူ့သဘောထား ကွဲလွဲ နေကြသည်ပါ့၊ မိဖုရားခေါင်ကြီး စုဖုရားလတ်နဲ့ တိုင်တားမင်းကြီးရယ်၊ လှေသင်းအတွင်းဝန်ရယ်က တစ်စု၊ ဆင်ဖြူမရှင် မိဖုရားကြီးနဲ့ ကင်းဝန်မင်းကြီးတို့က တစ်စု၊ အဲဒီလို ကွဲလွဲမှုတွေရှိနေလေတော့ နန်းတွင်းရေးက မညီညွတ်ဘူးပေါ့ကွယ်၊ ဗြိတိသျှတွေကလည်း ငါတို့ပြည်နဲ့ ပြင်သစ်ပြည်တို့ နှစ်ပြည်ထောင် အကူအညီပေးရေး စာချုပ်က လက်နက်ဝယ်ယူရေးတို့၊ ကုန်စည်ဖလှယ်ရေးတို့ ချုပ်ဆိုတဲ့အပေါ်မှာ မကျေနပ်ကြဘူး၊ စာချုပ်ပါအတိုင်း မလုပ်ဆောင်

နိုင်အောင် ပြင်သစ်ကို တစ်ဖက်က ကန့်ကွက်ပြီး တစ်ဖက်က မြန်မာပြည်သိမ်းဖို့ စစ်ပြင်နေကြတယ်၊ အကြောင်း ပြတာကတော့ ဘုံဘောဘားမားကုမ္ပဏီ သစ်ခိုးထုတ်လို့ မြန်မာဘုရင်က အရေးယူထားတဲ့အမှုကို အကြောင်းပြခဲ့တာပါပဲကွယ်၊ ဘယ်လိုပဲဖြစ်ဖြစ် မြန်မာပြည်ကို လုံးဝသိမ်းယူဖို့ သူတို့ဆုံးဖြတ်ထားတယ်၊ ငါတို့ရဲ့ အထောက်တော်တွေဆီက သတင်းအရတော့ သရက်မြို့နဲ့ အာလံမြို့မှာ ဧရာဝတီသင်္ဘော၊ ကက်သရင်းသင်္ဘောတို့ကို လက်နက်တပ်ဆင်ပြီး ဧရာဝတီက ငှားထားတဲ့ သင်္ဘောတွေ အပါအဝင် သင်္ဘောပေါင်း (၂၄) စင်း၊ တွဲသမွန်ကြီးပေါင်းက (၂၃) စင်းပါတဲ့ ရေကြောင်းတပ်ဖွဲ့ကို အသင့်ပြင်ထားသတဲ့၊ ဒါ့အပြင် ဗြိတိသျှတပ်မဟာသုံးတပ်၊ အိန္ဒိယအမျိုးသား တပ်မဟာက သုံးတပ်၊ စက်မှုလက်မှုတပ်ခွဲပေါင်းက ခြောက်တပ်၊ မြေပြင်အဝေးပစ်အမြောက်ကြီးတပ် တစ်တပ်၊ ရိုးရိုးစစ်မြေပြင်သုံး အမြောက်တပ်က နှစ်တပ်၊ တောင်ပေါ်ပစ် အမြောက်တပ်ဖွဲ့ သုံးဖွဲ့ စသည်ဖြင့် စစ်သည်အင်အား (၉,၄၆၇) ယောက်နဲ့ အသင့်ဖွဲ့စည်းထားသတဲ့ကွယ်”

ရှန်မောင် ။ ။ “အလို. . . တပ်မင်းကြီးဟာက အတိအကျပါလားဘုရား”

တပ်မှူးကြီး ။ ။ “ဟဲ့. . . မတိကျလို့ ဖြစ်မလား၊ ဒါက ကလေးကစားတာ မဟုတ်ဘူး၊ တိုင်းပြည်ချင်း စစ်ခင်းမယ့်ကိစ္စ၊ ဒါကြောင့် တို့ရဲ့အထောက်တော်တွေက သတင်းရသမျှကို အတိအကျ ထောက်လှမ်းပြီး သတင်းပို့လိုက်ရတာပါ၊ တို့ဘက်က အဲဒီလောက် အရေးကြီးတဲ့ကိစ္စ ထောက်လှမ်းရယူနေတာတောင် နေပြည်တော်က လွှတ်တော်နဲ့ တကွ မှူးကြီးမတ်ရာတွေ တပ်ချုပ်တပ်မင်းတွေက အေးတိအေးစက်၊ ဦးကောင်းတို့၊ ဆင်ဖြူမရှင်မိဖုရားကြီးတို့က စစ်မတိုက်ရေး၊ တစ်ဖက်က စုဖုရားလတ်နဲ့ တိုင်တားမင်းကြီးတို့က ခုခံတိုက်ခိုက်ရေး အပြိုင် ငြင်းကြခုန်ကြနဲ့ ပွဲဆူနေကြတုန်း၊ ငါစိုးရိမ်တာက နွားကွဲကျားဆွဲခံရမှာကိုပဲ စိုးရိမ်မိတာပါပဲလေ. . .”

ရှန်မောင် ။ ။ “ကျွန်တော်မျိုးတို့လည်း အဲဒီစစ်ပွဲမှာ ဘယ်လိုဆင်နွှဲရမယ်ဆိုတာ မိန့်ပါဦးဘုရား”

တပ်မှူးကြီး ။ ။ “အိမ်း. . . ရဲမက်အသစ်တွေထဲမှာတော့ မင်းနဲ့ စံအောင်ဟာ ထူးချွန်သူ၊ အရည်အချင်း ပြည့်ဝသူပါ၊ အေး. . . မောင်မင်း တာဝန်ထမ်းဆောင်ဖို့ထက် ငါကိုယ်တိုင်တောင် ဘယ်အခန်းကဏ္ဍက ပါဝင်ရမယ်ဆိုတာကို မသိသေးပါဘူး၊ နေပြည်တော်ကလာတဲ့

ကြေးနန်းမှာ ဟောဒီ အောက်မြစ်စဉ် စစ်ကြောင်းဌာနကိုဦးစီးမယ့် စစ်ဗျူဟာမှူးအဖြစ် လက်ဝဲဝင်းတော်မှူးကြီး ဗိုလ်ချုပ် သီရိမဟာဇေယျကျော်ထင်ခေါ် လှေသင်းအတွင်းဝန် ဦးရွှေမောင်က ကြီးမှူးမယ်လို့ သိရတယ်၊ ဝင်းတော်မှူးကြီး ရောက်ရှိမှပဲ တာဝန်အရပ်ရပ်ကို ခွဲဝေပေးတော်မူလိမ့်မယ် မောင်မင်း. . . ”

ရှန်မောင် ။ ။ “ဒါနဲ့ တပ်မှူးကြီးဘုရား၊ ကျွန်တော်မျိုးရဲ့ ဖခင်အကြောင်းလေး ဆက်လက်ဖြေကြားပေးပါဦး ဘုရား”

တပ်မှူးကြီး ။ ။ “အိမ်း. . . ဟိုတစ်နေ့ကစကား ပြန်ဆက်ရမှာပေါ့၊ မောင်မင်းရဲ့ ဖခင်အကြောင်းပြောရင် အိမ်ရှေ့ဥပရာဇာ ကနောင်မင်းသားကြီး အကြောင်းကစမှ ပြည့်စုံမယ်ထင်တယ်၊ ဒီလိုကွယ်၊ ငါတို့ရဲ့ မင်းသားကြီးဟာ ရိုးသားတယ်၊ ပွင့်လင်းတယ်၊ ရိုးသားတယ်ဆိုပြီး အထင်တော့ မသေးလိုက်နဲ့၊ တကယ့်ခေတ်မီတဲ့ ကိုယ်တော်ကြီးကွ၊ ရိုးသားတယ်ဆိုတာ စိတ်ဓာတ်ဖြူစင်တာကိုပြောတာ၊ စကားပြောရင်လည်း လိုအပ်တာကိုပဲပြောတယ်၊ အပိုစာလာ ဇာခွဲမပြောတတ်ဘူး၊ ပရိယာယ်မာယာနဲ့လည်း မပြောတတ်ဘူး၊ ပြောလိုက်ရင် တဲ့တိုးပဲ၊ ပွင့်လင်းတယ်ပေါ့ကွယ်၊ နောက်ပြီး မင်းဆီမင်းသွေးဆိုပြီး ပိုးဖဲကတ္တီပါနဲ့ မွေ့လျော်မယ် ထင်သလား၊ ညီလာခံတက်ရင်သာ အဆောင်အယောင်ကို သုံးစွဲဝတ်ဆင်ပြီး အိမ်တော်မှာနေတဲ့အခါမျိုး ဖျင်ကြမ်းပုဆိုး၊ ဖျင်ကြမ်းအင်္ကျီနဲ့ပဲ နေတာ၊ ငြိမ်ငြိမ်နေတယ် မမှတ်နဲ့၊ သူ့လက်ထဲမှာ တူဖြစ်ဖြစ်၊ ဂွဖြစ်ဖြစ် ကိုင်ထားတတ်တယ်။ ဘာလို့လဲဆိုရင် သူက စက်ကိရိယာတီထွင်တာ ဝါသနာပါတော့ တူတစ်ချောင်းနဲ့ ထုလိုက်နှက်လိုက်၊ ဝက်အူတွေ နတ်ခေါင်းတွေကို ဂွတစ်ချောင်းနဲ့ ဖြုတ်လိုက် တပ်လိုက်၊ အမြဲတမ်း သူ့လက်မှာ စက်ဆီတွေ ပေနေတာပဲ မောင်မင်းရေ့ . . . ”

“တစ်နေ့တော့. . . မင်းတရားကြီးထံလာတဲ့ အင်္ဂလိပ်သံအဖွဲ့ဟာ ပြန်ခါနီး ကိုယ်တော်ကြီးထံလာပြီး နှုတ်ဆက်ခစားကြတယ်ကွယ့်၊ ညီလာခံကထွက်လာစမို့ သူက အိမ်တော်ကို မပြန်သေးဘဲ လွှတ်တော်ဝင်း အပြင်ဘက်နားက ကွမ်းထောက်တိုက်တော်ဆောင်မှာ ခေတ္တနားနေတုန်းဆိုတော့ အဲဒီ နားနေဆောင်မှာပဲ နှုတ်ဆက်ခစားတဲ့ပွဲ ပြုလုပ်ကြရတာပေါ့၊ နားနေဆောင်ဆိုတာက ယာယီအဆောက်အဦမို့ အောက်က ဝါးကြမ်းခင်း၊ အဲဒီအပေါ်ကမှ ကတ္တီပါကော်ဇောတွေ ခင်းထားရတယ်၊ ခေါင်းရင်းခန်းဘက်မှာ မင်းသားကြီး

နားတဲ့အခန်း၊ ခြေရင်းခန်းမှာက ဧည့်ဆောင်၊ အဲဒီ ဧည့်ဆောင်ကို ထွက်လာဖို့ ခေါင်းရင်းခန်း အလယ်တည့်တည့်မှာ အပေါက်တစ်ပေါက် ထားရှိတယ်၊ အဲဒီတံခါးပေါက်ရဲ့ ရှေ့တည့်တည့်မှာ အိမ်ရှေ့မင်းသား ထိုင်ဖို့အတွက် ကတ္တီပါဖုံး ထိုင်ခုံကြီးတစ်လုံးရှိတယ်၊ အဲဒါပဲ သိပ်ခမ်းခမ်းနားနား လုပ်မထားဘူး၊ သူ့စိတ်ကြိုက် စီစဉ်ပေးထား ရတာလေ၊ သူက ရှင်းရှင်းလင်းလင်းမှကြိုက်တာ၊ သံအဖွဲ့က ရောက်လာပြီး ကော်ဇောတွေပေါ်မှာ ထိုင်နေရင်း အိမ်ရှေ့စံ ကိုယ်တော်ကြီး ထွက်တော်မူလာမယ့် တံခါးပေါက်ကို အရိပ် တကြည့်ကြည့်နဲ့ပေါ့ကွယ်. . . ”

(လျှပ်စစ်မီးများ မှောင်အတိကျသွားစေ၊ ထိုအချိန်တွင် မူလ ဇာတ်ကောင်များထွက်သွားပြီး အိမ်ရှေ့မင်းသား၏ နားနေဆောင် အတွင်းခန်း ပန်းချီကားကို အလယ်တွင် တံခါးတစ်ပေါက် တပ်ဆင် ထားပြီး ချထားစေ၊ တံခါးပေါက်ရှေ့တွင် ကတ္တီပါခုံကို ထော်လီ လှည်းပေါ်တင်၍ တွန်းပို့ထားစေ)

(တေးဂီတမှ မြန်မာ့စောင်းတစ်လက်တည်းဖြင့် နန်းကြာညိုကြော့ ယိုးဒယားသီချင်းကို တီးခတ်နေစေ)

ဇာတ်ဝင်ခန်း (၁၀–ခ)

(ဝန်များ၊ ဝန်ထောက်များနှင့် အင်္ဂလိပ်သံအဖွဲ့တို့က ကြိုတင်၍ ထိုင်လျက် နေရာယူထားစေ)

(လျှပ်စစ်မီးများ ပြန်လည်လင်းလာစေ)

(သံအဖွဲ့က တံခါးပေါက်ရှိရာသို့ လှမ်းမျှော်နေကြစေ၊ ထိုအချိန်တွင် ကိုယ်ရံတော်ရဲမက်များ အပြေးရောက်လာ၍ ထိုင်ခုံ၏နောက်ဘက်တွင် နေရာယူစေ)

နောက်ခံပြော (အသံကျယ်ကျယ်) ။ ။ “မန္တလေး ရတနာပုံနေပြည်တော်၊ ဘဝရှင်မင်းတရားကြီး၏ညီတော် အိမ်ရှေ့ဥပရာဇာကနောင်မင်းသားကြီး ကြွချီတော်မူလာပြီ. . . ”

(ကိုယ်ရံတော်တပ်ဖွဲ့များ တံခါး၏ ဝဲဘက်၊ ယာဘက်တို့တွင် နေရာယူပြီးဖြစ်စေ)

တေးဂီတ ။ ။ (စောင်းတော် တီးခတ်နေစဉ် မောင်းဆိုင်း၊ နဲ့၊ ပတ်မကြီးတို့က စည်တော်ယွန်းစေ)

(ထိုအချိန်မှာ ကနောင်မင်းသားကြီးက အကျီအဖြူတစ်ထည်ကို ဝတ်ဆင်လျက် ပိုးသားပုဆိုးတောင်ရှည်ကိုဝတ်ဆင်ကာ ရွှေစလွယ်ကို ဆင်မြန်းလျက် လက်ထဲတွင် ဂွတစ်ချောင်းကို အဝတ်တစ်ထည်နှင့်

သုတ်ရင်းကိုင်ကာ ဝင်လာစေ၊ ရောက်သည်နှင့် ကတ္တီပါခုံပေါ်တွင် တင်ပျဉ်ခွေတက်ထိုင်ပြီး မည်သူ့ကို မျှ ဘာမှမပြောသေးဘဲ နတ်ခေါင်းလှည့်သော ဂွမ္ မက်ဆီများကို သုတ်နေစေ၊ ပြီးမှ မေဂျာဖယ်ယာ ဦးဆောင်သော သံအဖွဲ့ဘက်သို့ လှမ်းကြည့်လျက်)

"ဟဲ့. . . သံတော်ဦးတင်ကြစမ်း"

ဝန်ထောက်မင်း။ ။ (ဝန်ထောက်မင်းက လက်အုပ်ချီ၍ လျှောက်တင်စေ)

"မှန်လှပါ. . . အင်္ဂလိပ်သံအဖွဲ့နှင့် သံအမတ်ကြီးတို့ နေပြည်တော်က မပြန်ခင် လာရောက်နှုတ်ဆက်တော်မူပါသည် ဘုရား"

အိမ်ရှေ့စံ ။ ။ "အေးလေ. . . သိပြီးသားပဲ"

မေဂျာဖယ်ယာ ။ ။ "Hello....Good Evening Prince"

ဝန်ထောက်မင်း။ ။ "ကောင်းသော ညနေခင်းပါလို့ နှုတ်ဆက်ပါတယ်ဘုရား"

အိမ်ရှေ့စံ ။ ။ "ငါသိပါတယ်ကွ"

(မင်းသားကြီးက သံအဖွဲ့ခေါင်းဆောင် မေဂျာဖယ်ယာကို စူးရှသော မျက်လုံးအစုံဖြင့် ရဲဝံ့စွာကြည့်၍)

"Yes, Good Evening Major"

(အင်္ဂလိပ်လိုပြောအပြီး မြန်မာလို တစ်ကိုယ်တည်းပြောစေ)

"အင်း. . . သူ့ကို ဘုရင်မင်းမြတ်ကြီးက အတော်အလေးထားကြောင်းတော့ ပြောဦးမှ)

"Hello, Major Phayre, the king gives you special consideration."

မေဂျာဖယ်ယာ ။ ။ "I give the king a sign of respect as he gives me such a special consideration."

(မေဂျာ၏ စကားဆုံးသည်နှင့် မင်းသားကြီးက တစ်ကိုယ်တည်း ပြောဟန်ပြုစေ)

အိမ်ရှေ့စံ ။ ။ "အို. . . အခုလို အလေးထားတဲ့အတွက် ဘုရင်မင်းကို အရိုအသေပြုတယ်ဆိုပါ့လား၊ အင်း. . . ယဉ်ကျေးရှာသားပဲ၊ အင်း. . . သေနတ်ယမ်းမှုန့်ကို ဘယ်လူမျိုးက စလုပ်ပါသလဲလို့ မေးဦးမှ"

"Major, who invented gun powder?"

မေဂျာဖယ်ယာ ။ ။ "Germany and England first made the gunpowder. But it has been read that China made it previously."

ဝန်ထောက်မင်း။ ။ "သေနတ် ယမ်းမှုန့်ကို ဂျာမနီနဲ့ အင်္ဂလန်တို့က စလုပ်ပါတယ်၊ သို့သော် စာအုပ်များမှာ ဖတ်ဖူးတာက တရုတ်ပြည်မှာ အချိန်စောစီးစွာကပင် ယမ်းချက်လုပ်နေကြတာ သိရပါတယ်လို့ သူပြောပါတယ် ဘုရား"

အိမ်ရှေ့စံ ။ ။ "သယ်. . . သူပြောတာ ငါနားလည်ပါတယ်ကွ"
"အင်း. . . သေနတ်တွေ ဘယ်တိုင်းပြည်က စလုပ်သလဲလို့ မေးရဦးမယ်"
"Which countries have made the guns first?"

မေဂျာဖယ်ယာ ။ ။ "I don't know about guns. But they have been used since last 500 years in England. "

ဝန်ထောက်မင်း။ ။ "သေနတ်တွေကိုတော့ မပြောတတ်ပါ၊ အမြောက်လက်နက်ကို လွန်ခဲ့တဲ့ နှစ်ငါးရာ လောက်ကတည်းက အင်္ဂလန်မှာ သုံးကြပါတယ်လို့ ပြောပါတယ်ဘုရား"

အိမ်ရှေ့စံ ။ ။ "အို. . . လာပြန်ပြီ၊ သူ့စကား ငါနားလည်တယ်၊ ကိုင်း. . . မောင်မင်း၊ ဒီလောက် ဘာသာပြန်ချင်ရင်လည်း သင်္ဘောကို ဘယ်နိုင်ငံကစပြီး တည်ဆောက်ခဲ့သလဲလို့ မေးစမ်း၊ တကတဲကွာ. . . "

ဝန်ထောက်မင်း။ ။ "Who has first built the ship?"

မေဂျာဖယ်ယာ ။ ။ "The engine used in the ship was first invented in England. The ship with an engine was invented by America "

ဝန်ထောက်မင်း။ ။ "သင်္ဘောသုံးတဲ့စက်ကိုတော့ အင်္ဂလန်က စတင်တီထွင်ပြီး စက်ပါတဲ့ သင်္ဘောကိုတော့ အမေရိကန်က စတင်တီထွင်တယ်လို့ ပြောပါတယ်ဘုရား"

အိမ်ရှေ့စံ ။ ။ "OK...OK..."
(နှုတ်ဆက်ပွဲတွင် မေဂျာဖယ်ယာနှင့် အိမ်ရှေ့စံ ကနောင်မင်းသားကြီးတို့ အပြန်အလှန် စကားပြောနေဟန်ကို အသံမထွက်ဘဲ ဟန်မူယာနှင့် ဆက်လက်သရုပ်ဆောင်နေကြစေ၊ ထိုအချိန်မှာ ဖောင်ဝန်မင်း မဟာမင်းထင် မင်းလှသီဟသူရဲ့ စကားပြောသံများ နောက်ခံ စကားပြောအဖြစ် ထွက်ပေါ်လာစေ)

နောက်ခံပြော ။ ။ "သံအဖွဲ့ရဲ့ နှုတ်ဆက်ပွဲမှာ ကိုယ်တော်ကြီးနဲ့ မေဂျာဖယ်ယာတို့ဟာ လက်နက်များအကြောင်း ပြောဆိုဆွေးနွေးကြတယ်၊ ကိုယ်တော်ကြီး ကလည်း မြန်မာပြည်ဟာ တရုတ်ပြည်နဲ့ ရှေးယခင်ကတည်းက ကူးလူးဆက်ဆံမှုရှိခဲ့လို့ ယမ်းချက်လုပ်နည်းအတတ်ပညာကို ဥရောပနိုင်ငံတွေဆီက သိရှိခဲ့ရသလို တရုတ်ပြည်ဘက်ကလည်း ရှေးယခင်ကတည်းက သိရှိလာခဲ့ရတဲ့ အကြောင်း၊ မြန်မာ့တပ်မတော်မှာ ယခင်ကတည်းက လင်းန့်ချေးနဲ့ ကျွန်းမီးသွေးကို ကန့်နဲ့ ရောယှက်စပ်ယူကာ အဆင့်မြင့်ယမ်းတွေ ချက်လုပ်နိုင်တဲ့အကြောင်း၊

အရည်အသွေး အဆင့်မြင့်အောင် ဥရောပဘက်ကရတဲ့ နည်းစနစ်တွေနဲ့ ထပ်မံဖြည့်စွက်ခဲ့လို့ အရည်အသွေး အဆင့်မီတဲ့ယမ်းတွေ မြန်မာ့တပ်မတော်မှာ အလုံအလောက် ရှိနေပြီဖြစ်တဲ့အကြောင်း၊ အမြောက်တွေကို သံရည်ကျိုစက်ရုံတွေက သွန်းလောင်းနိုင်ခဲ့လို့ ကြေးသွန်းအမြောက်၊ သံရည်ကျိုသွန်းလောင်းတဲ့ အမြောက်တွေ ပုံအောနေအောင် ရှိနေတဲ့အကြောင်းတွေ ပြောပြခဲ့တယ်၊

ဒါပေမဲ့ မင်းသားကြီးက အလွန်ပါးနပ်တယ်၊ သူတို့ အင်္ဂလိပ်တွေ ကြောက်လန့်ရုံလောက် လက်နက်တွေအကြောင်း ဝင့်ကြွားကာ ပြောနေပေမယ့် ရေမြုပ်ပုံးတို့၊ နှစ်ဆင့်ကွဲ အမြောက် အကြောင်းတို့ကို အသာလျှိုထားတယ်၊ တိုင်းပြည်ကထွက်တဲ့ သယံဇာတတွေနဲ့ လက်နက်လုပ်ပုံ နည်းစနစ်တွေကိုလည်း မပြောဘဲ လျှိုထားတယ် ကွယ့်”

(ထိုစဉ် ဇာတ်တစ်ခွင်လုံး မီးအမှောင်ကျသွားစေ)

“တစ်နေ့တော့ အိမ်ရှေ့ဥပရာဇာကိုယ်တော်တိုင် တည်ဆောက်ပြီးစီးတဲ့ ဟောဒီ မင်းလှခံတပ်နဲ့ ကွေ့ချောင်းခံတပ်ကို လာရောက်စစ်ဆေးတယ်၊ အဲဒီမှာ မောင်မင်းရဲ့ အဖေလည်း ပါလာတယ်လေ၊ သူက ကိုယ်ရံတော်တပ်မှူးပေါ့၊ ဒီရောက်တော့ ကိုမိုတိုပယ်ရီနဲ့ မိုလီနာရီတို့ကို ခံတပ်ကြီးရဲ့အကြောင်း ကိုယ်တော်ကြီးက မေးမြန်းတယ်၊ ကိုမိုတိုပယ်ရီတို့က တို့တစ်တွေ ဝိုင်းဝန်းသင်ပေးလို့ မြန်မာစကားကို မွှတ်နေအောင် ပြောတတ်နေတော့ အိမ်ရှေ့ဥပရာဇာနဲ့ စကားပြောရတာ ပိုပြီး အဆင်ပြေနေကြတာပေါ့ကွယ်” (နောက်ခံစကားပြောနေစဉ် မူလအခမ်းအနားကို အလျင်အမြန် ရုပ်သိမ်း၍ မင်းလှခံတပ်ကြီးပုံကို နောက်ခံပိတ်ကားပေါ်၌ ပရိဂျက်တာနှင့် ထိုးပြလိုက်စေ၊ ခံတပ်ကြီး၏ရှေ့တွင် ကနောင်မင်းသားကြီးက အိမ်ရှေ့ဥပရာဇာ အဆောင်အယောင် အပြည့်အစုံကို ဝတ်ဆင်ထားပြီး နောက်က ထီးတော်မိုးက ရွှေထီးဆောင်းပေးနေစေ၊ ဗိုလ်မှူး မင်းလှသီဟသူ၊ သွေးသောက် မင်းဒင်တို့နှင့် အတူ နိုင်ငံခြားသား အင်ဂျင်နီယာ၊ မြန်မာ အင်ဂျင်နီယာလူငယ်များနှင့် ရဲမက်များက ဝတ်စုံပြည့်ပါဝင်လျက် ပါဝင်သရုပ်ဆောင်ကြစေ) (မီးများပြန် လင်းလာပြီး တေးဂီတမှ မြမန်းဂီရိ ယိုးဒယားသီချင်းကို ပတ္တလား တစ်လက်တည်းနှင့် အပြေးအသေ့ နောက်ခံတီးပေးစေ)

ဇာတ်ဝင်ခန်း (၁၀–၈)

(ကနောင်မင်းသားကြီးက ရာဇမာန်ဟန်ပါပါနှင့် သရုပ်ဆောင်ကာပြောစေ)

အိမ်ရှေ့စံ ။ ။ "အလို. . . ဟောဒီ မင်းလှခံတပ်ကြီးကား အလွန်တရာ ခံညားလှပါပေရဲ့၊ သပ်ရပ်ခိုင်ခံ့လှပါပေရဲ့၊ ဒီလို တောင့်တင်း ခိုင်မာလှတဲ့ ခံတပ်ကြီးကို ဒင်းတို့ ကုလားဖြူတွေ သိကြားမင်းဆီက ဝရဇိန်လက်နက် ငှားယူလာတောင် ဖြိုခွင်းလို့ ရရိုးလားဟဲ့"

မင်းလှသီဟသူ ။ ။ "မှန်လှပါ၊ တော်တန်လက်နက်လောက်နဲ့ ဖြိုခွင်းမရပါဘုရား"

(အိမ်ရှေ့စံသည် ပြင်သစ်အင်ဂျင်နီယာ ကိုမိုတိုပယ်ရီနှင့် အီတာလျံအင်ဂျင်နီယာ မိုလီနာရီ တို့၏ဘက်သို့လှည့်ကာ ပြောဆိုစေ)

အိမ်ရှေ့စံ ။ ။ "ဟယ်လို. . . ကိုမိုတို. . . ဒီခံတပ်ကြီးရဲ့ အကျယ်အဝန်းက အတောင်ဘယ်လောက် ရှိသလဲ"

ကိုမိုတို ။ ။"Oh! No, I used feet and inches."

အိမ်ရှေ့စံ ။ ။ "အို. . . အခေါ်အဝေါ်ကို ပေ၊ လက်မတွေပဲ သုံးတယ်ပေါ့၊ ကဲလေ ပြောစမ်းပ၊ ဘယ်နှစ်ပေ ဘယ်နှစ်လက်မရှိသလဲကွယ့်"

ကိုမိုတို ။ ။ (ကိုမိုတိုက သင်ယူထားသော မြန်မာစကားနှင့် ကျွမ်းကျင်စွာ ပြောဆိုစေ)

"မှန်လှပါ. . . အရှေ့အနောက် အလျား (184) ပေနဲ့ တောင်မြောက် အလျား (171) ပေရှိပါတယ်။ အဲ. . . ခံတပ်အမြင့်ကတော့ 26 ပေပါ၊ နောက်ပြီး အနောက်ဘက်တွင် အဝင်ပေါက်တစ်ခုရှိပြီး ခံဒပ်အလယ်မှာ စစ်ရေးပြကွက်လပ် ချန်ထားပါဒယ်၊ နံရံလေးဘက်မှာ စစ်သည်တော်များနေထိုင်ရန်နဲ့ ရိက္ခာသိုလှောင်ရန် အခန်းများ ဖွဲ့စည်းထားပါဒယ်၊ အင်း. . . အရှေ့ဘက်ခြမ်းမှာ ခုနစ်ခန်း၊ အနောက်ဘက်ခြမ်းမှာ လေးခန်းနဲ့ တောင်ဘက်မှာ ခြောက်ခန်း၊ မြောက်ဘက်မှာ လေးခန်း၊ အားလုံးပေါင်း 21 ရှိပါတယ်"

"ခံတပ်အတွင်းပိုင်းကနေ ခံတပ်အပေါ်ဒက်ဖို့ တံတောင်ဆစ်ကွေ့လှေကားနှစ်စင်းနဲ့ အနောက်ဘက် အဝင်ပေါက်ရဲ့ ဝဲဘက်က ခံတပ်ကြီးပေါ်ကို အမြောက်ဒွေ ဒင်နိုင်ရန် ဆင်ခြေလျှောလုပ်ထားပြီး ရထားတံလမ်းလည်း ထည့်ထားပါဒယ်။ နောက်ပြီး ရန်သူရဲ့ အမြောက်ဒဏ်ဒွေကို ခံနိုင်အောင် နံရံထုကြီးနှစ်ခုအကြားမှာ မြေထားဒွေ ထည့်ထားပါဒယ် မင်းဒါးကြီး"

အိမ်ရှေ့စံ ။ ။ "Oh...Very Good, ...Very Good..."
"သိပ်ကောင်းတယ်ကွာ"
(ထိုသို့ ပြန်ပြောအပြီး မြန်မာအင်ဂျင်နီယာ အရာရှိဘက်လှည့်၍ မေးစေ)
"ဟဲ့.. နိုင်ငံရပ်ခြား ပညာတော်သင်ပြန်မြန်မာ အင်ဂျင်နီယာလေး မောင်မင်း ပြောစမ်း၊ ခံတပ်အုတ်စီတဲ့အခါ မောင်မင်း ဘယ်လို စီသလဲ၊ နိုင်ငံရပ်ခြားက အင်္ဂတေစပ်တဲ့အတိုင်းလား၊ ဘယ်လို စပ်သလဲ လျှောက်တင်စမ်း"
(စစ်ဝတ်စုံအပြည့်ဖြင့် မြန်မာအင်ဂျင်နီယာက လက်အုပ်ချီ၍)

အင်ဂျင်နီယာ ။ ။ "မှန်လှပါ... လျှောက်တင်ပါမည်ဘုရား၊ အုတ်စီရာမှာ နိုင်ငံခြားနည်း အင်္ဂတေထက် မြန်မာ့ရှေးရိုးစဉ်လာနည်းက ပို၍ကောင်းမွန်ပါသောကြောင့် ကျွန်တော်မျိုးတို့က မြန်မာနည်းအတိုင်းပေါင်းစပ်၍ အင်္ဂတေပြုလုပ်ပါတယ်ဘုရား၊ မြန်မာတို့ရဲ့ အင်္ဂတေစပ်နည်း စာချိုးမှာ...

အုံတုံသတ္တ၊ နဝကွဲကော်၊ ဒွေးနော်တင်လဲ၊ ဥသျှစ်ခွဲနှင့် လဲဝါတစ်ဆုပ်၊ ဆီတစ်မှုတ်ဟူ၍ ဖြစ်ပါတယ်ဘုရား...။

အဓိပ္ပာယ်မှာ အုံတုံစေး ခုနစ်ဆ၊ ကွဲကော်အစေးက ကိုးဆ၊ တင်လဲရည်က နှစ်ဆ ဖြစ်ပြီး ဥသျှစ်အစေးက ရှစ်ဆ၊ လဲမှို့ဝါလက်တစ်ဆုပ်နဲ့ ဆီတစ်မှုတ်...အဲ...အဲ တစ်မှုတ်ဆိုတာ ငါးကျပ်သားမှုတ်ပါ ဘုရား၊ အဲဒါတွေကိုရောပြီး သမအောင်မွှေရပါတယ်၊ ပြီးလျှင် မောင်းဆုံမှာထည့်ပြီး စေးပျစ်နေအောင် ထောင်းပေးရပါတယ် ဘုရား၊ အရည်အသွေး မီမမီ သိရှိလိုလျှင်ဖြင့် နံရံကို ပစ်ပေါက်၍ကြည့်ရပါတယ် ဘုရား။ နံရံမှာ ကပ်နေပြီး လုံးဝ ကွာမကျပါက အရည်အသွေးမီ အင်္ဂတေကောင်းဖြစ်ကြောင်း သိရပါတယ် ဘုရား၊ ဒီအင်္ဂတေစပ်နည်းမျိုးမှာ နှစ်ကြာလာလေ စွဲမြဲခိုင်မာလေမို့ သိုးဆောင်းနိုင်ငံတွေရဲ့ အင်္ဂတေစပ်နည်းထက် များစွာသာလွန်ကြောင်းပါ ဘုရား"

အိမ်ရှေ့စံ ။ ။ "အို... ဟို... ဟို... မောင်မင်းက နိုင်ငံရပ်ခြား ပညာသွားသင်ပြီး လုပ်တော့ မြန်မာ့ နည်းနဲ့ပါလားကွယ့်"

အင်ဂျင်နီယာ ။ ။ "မှန်လှပါ၊ နိုင်ငံရပ်ခြားကို ပညာတော်သွားသင်တော့ သူတို့နည်းတွေကို သိခဲ့ရလို့ မြန်မာနည်းတွေနဲ့ယှဉ်ကာ လေ့လာလိုက်တဲ့အခါ မြန်မာ့ရိုးရာနည်းက ပိုမိုသာလွန်နေကြောင်း တွေ့ရှိရပါသဖြင့် မြန်မာ့နည်းကိုသာ သုံးစွဲရကြောင်းပါဘုရား"

အိမ်ရှေ့စံ ။ ။ "အိမ်း. . . မောင်မင်းစကားကြားရတော့ ဂုဏ်ယူမိပါတယ်ကွယ်၊ အများကတော့ နိုင်ငံခြားကဟာဆို အထင်ကြီးကြတာပ၊ အင်း. . . မောင်မင်းကို ပညာတော်သင်လွှတ်ရကျိုးနပ်ပါပေရဲ့၊ မောင်မင်းဟာ နှိုင်းဆချင့်ချိန်နိုင်တယ်လေ၊ မောင်မင်းတင်မကပါဘူး၊ နေပြည်တော်မှာ ပညာတော်သင်ပြန်လာတဲ့လူငယ်တွေက ဖန်ချက်တဲ့အတတ်၊ သံရည်ကျိုပုံစံသွင်းတဲ့အတတ်၊ ယမ်းချက်၊ ဆပ်ပြာချက်၊ မဲနယ်တွေတောင် ချက်တဲ့အတတ်ပညာတွေကို နိုင်ငံရပ်ခြားနည်းနဲ့ မြန်မာနည်းတွေ ပေါင်းစပ်ပြီး ထိထိမိမိ လုပ်ကိုင်နေကြတယ်၊ အဲ. . . မှတ်မိလို့ ပြောရဦးမယ်၊ ငါကိုယ်တော်မြတ်က သံအဖွဲ့ခေါင်းဆောင် မေဂျာဖယ်ယာကို မေးဖူးတယ်၊ ဗဟန်းကျောက်ခေါ်တဲ့ ကန့်ကို ယဉ်ပါးစွာသုံးနိုင်ဖို့ ဘယ်လိုချက်သလဲလို့မေးတော့ သူက မပြောတတ်ဘူး၊ အေးလေ. . . သူတို့ အင်္ဂလန်မှာက အီတလီနိုင်ငံကနေပဲ သွင်းယူအသုံးပြုကြတာကို၊ တို့မြန်မာနိုင်ငံမှာတော့ ဟိုးရှေးကျကျအခိုန်ထဲက အဲဒီ ဗဟန်းကျောက်ကို မြန်မာတွေနဲ့ ရှမ်းတိုင်းရင်းသားတွေက ချက်လုပ်နေကြပြီကွယ့်၊ ကိုင်း. . . တပ်မှူးများ ငါကိုယ်တော်မြတ်ကိုမိုတိုပယ်ရီတို့နဲ့ ရှေ့လုပ်ငန်းစဉ်တွေ တိုင်ပင်ဆွေးနွေးလိုက်ဦးမယ်၊ မောင်မင်းတို့ လွတ်လပ်သလို နားနားနေနေနေကြကွယ်တို့. . . "
(မင်းသားကြီးနှင့် နိုင်ငံခြားအင်ဂျင်နီယာတို့ ဇာတ်ခွင်မှ ထွက်သွားကြပြီး ရဲမက်များနှင့် အခြားတပ်မှူးများလည်း ဝင်သွားကြစေ၊ ထိုအချိန်မှာ မင်းလှသီဟသူနှင့် သွေးသောက်မင်းဒင်တို့က ကိုယ်ရံတော်တပ်မှူး ငရှန်ကြီးကို နှုတ်ဆက်ကြစေ)

မင်းလှသီဟသူ ။ ။ "အို. . . ကိုယ်ရံတော် တပ်မှူးကြီး ကျန်းခဲ့သလို့ မာပါစ"

ငရှန်ကြီး ။ ။ "ကောင်းပါ့ဗျာ. . . ကောင်းပ. . . ဟဲဟဲ၊ ဟယ်. . . မင်းဒင်လည်းပါသကို"

မင်းဒင် ။ ။ "မပါလို့ ရမလားကွ၊ ငါက ဒီမှာ ကြီးလေးတဲ့တာဝန် ထမ်းဆောင်ရတာ"

ငရှန်ကြီး ။ ။ "သီဟသူကတော့ ကြီးကြပ်သူမှန်း ငါသိပါတယ်၊ မင်းရဲ့ ကြီးလေးတဲ့တာဝန်က ဘာလုပ်ရတာလဲ၊ အုတ်ခဲသယ်၊ မြေသယ်လား"

မင်းဒင် ။ ။ "ဖွီး. . . လူကိုများ နှိမ်နှိမ်ချချ ပြောရက်လိုက်တာ၊ ဟေ့ကောင် ငါ့မျက်နှာ အသေအချာ ကြည့်စမ်း၊ အုတ်ခဲသယ်၊ မြေသယ်တဲ့ အလုပ်သမားလား"

ငရှန်ကြီး ။ ။ (မင်းဒင်၏ မျက်နှာနားကပ်၍ ပြူးတူးပြဲတဲနဲ့ကြည့်စေ)

"အေး. . . ဟုတ်သား၊ ဒီရုပ်ဒီရေ. . . ဒီဟာကြီးက အုတ်ခဲသယ်၊ မြေသယ် မလုပ်လောက်ဘူး၊ ဘာလုပ်သလဲ"

မင်းဒင် ။ ။ "ထမင်းချက်. . . ဟဲ ဟဲ ဟဲ. . . "

ငရွန်ကြီး ။ ။ "ဟား. . . ဟား. . . နောက်တီးနောက်တောက်နဲ့၊ လူနောက်. . . ဘယ်သူ့ထမင်းချက်ရတာလဲ. . . ၊ ကိုမိုတိုတို့ရဲ့ ထမင်းချက်လား"

မင်းဒင် ။ ။ "ဟ. . . ဘယ်သူ့ထမင်းချက်ရမှာလဲ၊ ကိုယ်စားဖို့ ကိုယ့်ထမင်း ကိုယ်ချက်ရတာပေါ့. . . ဟား. . . ဟား. . . ဟား. . . "

ငရွန်ကြီး ။ ။ "လူနောက်ကြီးပဲ"

မင်းဒင် ။ ။ "အဲ. . . တကယ်တော့ ငါ့တာဝန်က ကိုမိုတိုတို့၊ မိုလီနာရီတို့နဲ့ မြန်မာအင်ဂျင်နီယာတွေရဲ့ လုံခြုံရေးကို တာဝန်ယူရတယ်"

ငရွန်ကြီး ။ ။ "သြော်. . . ကုလားအိပ်ဖန်စောင့်ကိုး. . . "

မင်းဒင် ။ ။ "ဟေ့. . . ဟေ့ကောင် မင်းနော်. . . ကုလားအိပ်ဖန်စောင့်လို့ကွာ၊ ငါတို့ရဲ့ ခံတပ်ဆောက်လုပ်တဲ့နေရာက ကုလားဖြူတွေ သိမ်းပိုက်ထားတဲ့ အောက်မြန်မာပြည်နယ်စပ်ကွ၊ ခံတပ်ဆောက်ပြီဆိုကတည်းက ကုလားဖြူတွေရဲ့ အထောက်တော်တွေက တို့ဆီမှာခြေချင်းလိမ်နေတာပဲ၊ သူတို့က ပြင်သစ်ကို သိပ်ကျေနပ်တာမဟုတ်ဘူး၊ နောက်ပြီး တို့ခံတပ်ဆောက်တာကိုလည်း သူတို့ မနှစ်လိုဘူး၊ အချိန်မရွေး ဒုက္ခပေးနိုင်တယ်၊ အဲဒါကြောင့် အင်ဂျင်နီယာတွေရဲ့ လုံခြုံရေးကို ငါက အနီးကပ်စောင့်ရှောက်ပေးနေရတာပေါ့၊ ဟဲ. . . ဟဲ. . . ဟဲ. . . "

ငရွန်ကြီး ။ ။ (မင်းလှသီဟသူဘက် လှည့်၍ပြောစေ)
"သီဟသူ. . . တိုင်းရေးပြည်ရေးထက် နန်းတွင်းရေးက ပိုခက်တယ်မောင်၊ ငါလည်း နေပြည်တော်မှာ အေးအေးနေရတယ်မမှတ်နဲ့၊ အိမ်ရှေ့စံ ကိုယ်တော်ကြီးကို အခြား မင်းညီမင်းသားတွေနဲ့ အပေါင်းပါမှူးမတ်တွေက သိပ်ပြီး လိုလားပုံမရဘူး၊ ကိုယ်တော်ကြီးလုပ်နေတဲ့ ခေတ်မီလုပ်ငန်းတွေကို ပုံစံအမျိုးမျိုးနဲ့ ဖျက်လိုဖျက်ဆီး လုပ်ကြတယ်လေ၊ အထူးသဖြင့် မြင်စိုင်း မြင်းခုံတိုင် မင်းသားအုပ်စုက ပိုဆိုးတယ်၊ သူတို့ရဲ့ရန်ကို အထူး ဂရုစိုက်နေရတယ်"

မင်းလှ ။ ။ "အို. . . ကိုယ်တော်ကြီးအတွက် စိုးရိမ်လှပါဘိ၊ မင်း သူ့ကို အထူးဂရုစိုက်ပါကွာ"

ငရွန်ကြီး ။ ။ "ဟာ. . . ဂရုမစိုက်ဘဲ နေပါ့မလားကွ၊ ကိုယ်တော်ကြီးအတွက်ဆိုငါ့အသက်ကို ဖက်ရွက်လောက်မှ တန်ဖိုးမထားဘူးဟေ့"

(ဤသို့ အော်ဟစ်ပြောဆိုကာ ဓားကိုထုတ်၍ ဝင့်ကြွားရင်း ရုပ်သေပြကွက် ဝင်သွားစေ)
(မီးများအားလုံး မှောင်အတိ ကျသွားစေ)
(လျှပ်စစ်မီးပိတ်သွားစဉ် ဆက်တင်ကို ဖျက်သိမ်း၍ ဥယျာဉ်တော်နောက်ခံပန်းချီကား ချထားစေ၊ ဘီးတပ် အမြောက်တစ်လက်ကို ဇာတ်ခွင်အတွင်းသို့ အမြန်လှိမ့်သွင်းထားပြီး အမြောက်ကြီး၏ နောက်တွင် ကနောင်မင်းသားကြီးက အမြောက်ကြီးနှင့်အတူရှိနေစေ)
(မီးအမှောင်ချခိုက် တပ်မှူးကြီး မင်းလှသီဟသူ၏ အသံက နောက်ခံစကားပြောအဖြစ် ပေါ်ထွက်လာစေ)

တပ်မှူးကြီး ။ ။ "အဲဒီလိုပါပဲ. . . မောင်မင်းရဲ့ဖခင်ဟာ တိုင်းပြည်နဲ့ မင်းနှစ်ပါး အပေါ်မှာ အတော်သစ္စာရှိရှာတယ်၊ မင်းတုန်းမင်းတရားကြီးနဲ့ ကနောင်မင်းသားကြီးတို့အပေါ် အန္တရာယ်ရန်စွယ် မြူမှုန်တစ်စက် ကလေးလောက်ကိုမျှ မကျရောက်စေအောင် အကာအကွယ်ပေးတယ်၊ မောင်မင်းရဲ့အဖေ သစ္စာရှိမှု၊ ရဲရင့်မှုနဲ့ မင်းနှစ်ပါးတို့အပေါ်မှာ ဘယ်လိုကာကွယ်ခဲ့တယ်ဆိုတာ ငါပြောပြမယ်"
"သိုးဆောင်းလူမျိုးတို့ရဲ့ ခရစ်သက္ကရာဇ် ၁၈၆၆ ခုနှစ်၊ ငါတို့မြန်မာသက္ကရာဇ် ၁၂၂၈ ခုနှစ်က မြင်ကွန်းမင်းသားနဲ့ မြင်းခုံတိုင်မင်းသားတို့က မင်းတရားကြီးကိုပုန်ကန်တဲ့ အရေးတော်ပုံ ပေါ်ပေါက်ခဲ့တယ်၊ မင်းတုန်းမင်းကြီးက နန်းတော်အပြင်ဘက် ယာယီနန်းဆောင်မှာ စံမြန်းနေစဉ် ကနောင်မင်းသားကြီးကတော့ ထုံးစံအတိုင်း တူတစ်လက်၊ ဂွတစ်ချောင်းနဲ့ အလုပ်ရှုပ်နေချိန်ပေါ့"

ဇာတ်ဝင်ခန်း (၁၀–ဃ)

(လျှပ်စစ်မီးများ လင်းလာစေ၊ အိမ်ရှေ့ဥပရာဇာ ကနောင်မင်းသားကြီးက သံတူတစ်လက်နှင့် အမြောက်ကြီးရဲ့ လှည်းဘီးပန်းတောင်းကို ထုနှက်နေစေ)
(ထိုသို့ သံတူနှင့်ထုလိုက်၊ ဂွနှင့်ကျပ်လိုက်လုပ်နေစဉ် ခေတ္တခဏအကြာတွင် ခြောက်ပေါက်သံ ဗိန်းဗောင်းကို မြန်မာဆိုင်းဝိုင်းက တရကြမ်းတီးမှုတ်နေစေ၊ ရဲမက်များနှင့် ကိုယ်ရံတော်တပ်မှူး ငရှုန်ကြီးတို့ ပြေးဝင်လာစေ)

ငရှုန်ကြီး ။ ။ "မှန်လှပါ. . . မှန်လှပါ. . . ပုန်ကန်မှုကြီးပါ ဘုရား. . . ပုန်ကန်မှုကြီးပါ ဘုရား"

အိမ်ရှေ့စံ ။ ။ (ကနောင်မင်းသားကြီးက သံတူကိုကိုင်ရင်း ငရှန်ကြီးကို အံ့သြစွာ ကြည့်လိုက်စေ)
"ဟဲ့. . . ငရှန်ကြီး ဘာဖြစ်တာလဲဟဲ့. . . "

ငရှန်ကြီး ။ ။ (ကျီးကန်းတောင်းမှောက် မျက်လုံးများနှင့် ဘေးဘီသို့ကြည့်ရင်း)
"မှန်လှပါ. . . မြင်ကွန်း မြင်းခုံတိုင်မင်းသားများ ပုန်ကန်တော် မူပါပြီ ဘုရား၊ ဒီဘက်ကို ချီတက်လာပြီဖြစ်လို့ အမြန်ရှောင်ရှား တော်မူပါဘုရား"

အိမ်ရှေ့စံ ။ ။ "အလို. . . ဒင်းတို့ တကယ်လုပ်ကြံကြပြီပေါ့၊ အို. . . နောင်တော် မင်းတရားကြီးကို ငါပြေးပြီးကာကွယ်ရမယ်၊ သူက နန်းအပြင် ယာယီဆောင်မှာဆိုတော့ အန္တရာယ်များလှတယ်၊ ကိုင်း. . . မောင်မင်းက ပုန်ကန်သူတွေ ရှေ့မတိုးနိုင်အောင် ကာကွယ်ထား ဟေ့" (ပြောပြောဆိုဆို လက်ထဲကတူကို မြှောက်၍ ဟန်ရေးပြကာ ပြေးထွက်သွားစေ)

နောက်ခံ ။ ။ "မြင်ကွန်း မြင်းခုံတိုင်မင်းသားများ ပုန်ကန်ခြားနားနေပါပြီ ဘုရား၊ ရှောင်ရှားတော်မူပါ"

(အသံကျယ်ကျယ်)

ရန်သူနောက်ခံ ။ ။ "ဟေး. . . မြင်ကွန်း မြင်းခုံတိုင်တဲ့ကွ၊ ဦးရီးတော်ကို အမြန် လုပ်ကြံကြပါတော့လား၊

(အများဟစ်ကြွေးသံ) ခုတ်ကြပါတော့လား၊ ပစ်ခတ်ကြပါတော့လား. . . ၊ ဝိုင်းဟေ့. . . ဝိုင်းဟ၊ ဦးရီးတော် ပြေးမထွက်အောင် လေးဘက်က ဝိုင်းကြဟ. . . "

(ဗိန်းဗောင်းတီးခတ်သံများ ဆက်လက်တီးခတ်နေစေ၊ ထိုစဉ် ဇာတ်ခွင်၏ လက်ဝဲဘက်မှ ဓား၊ လှံ၊ သေနတ်ကိုင်ဆောင်ထားသော ပုန်ကန်သူများနှင့် မြင်ကွန်း မြင်းခုံတိုင်မင်းသားနှစ်ပါး ပြောင်းတိုသေနတ်ကိုယ်စီနှင့် ပြေးဝင်လာစေ၊ ကိုယ်ရံတော်တပ်မှူး ငရှန်ကြီးက အဲ့မောင်းလှံတံကို ဝှေ့ယမ်းလျက်)

ငရှန်ကြီး ။ ။ "ဟေ့. . . ရှေ့မတိုးနဲ့၊ ဘုရင်မင်းမြတ်ကို ပုန်ကန်ခြားနားသူ မည်သူမဆို ရန်သူပဲ၊ ငါလှံက ဘယ်သူ့အသည်းနှလုံးကိုမှ မရွေးဘူး၊ ထိုးသွင်းသုတ်သင်မှာပဲဟေ့"

မြင်ကွန်း ။ ။ (ထိုအခါ မြင်ကွန်းမင်းသားကြီးက)
"ဟေ့. . . ဥပရာဇာအိမ်မှာကပ်နေပြီး ခွေးဝဲစားလောက်မှ တန်ဖိုး မရှိတဲ့အကောင်၊ သခင်အားရ ကျွန်ပါးဝ လာမလုပ်နဲ့"

ငရှန်ကြီး ။ ။ "အရှင်မင်းသား. . . ရာဇမာန် ဝင့်မောက်မနေပါနဲ့၊ ဖခင်ကို ပစ်မှားတဲ့ အဇာတသတ် လက်သစ်မို့ သည်းခံခွင့်လွှတ်မည်မဟုတ်ပါ။ ဝင့်ရဲဝင့်ကြည့် ငရှန်ကြီး လှံဖျားက သူပုန်မရွေးဘူး မင်းသား"

မြင်ကွန်း ။ ။ "ဟဲ့. . . ငယ်ကျွန်တော်သားတို့၊ သင်းတို့ကို အမြန်သုတ်သင်ကြစမ်း"

သူပုန်များ ။ ။ (သူပုန်များနှင့် ရဲမက်များ တိုက်ခိုက်ကြစေ)
"ဟေး. . . ခုတ်ဟ. . . ထစ်ဟ"
"ဟေး. . . လှံလှံချင်း၊ ဓားဓားချင်း တိုက်ကြဟ. . . ထိုးကြဟ"
(သူပုန်နှစ်ဦးက ငရှန်ကြီးကို ဓားနှင့်ပြေးခုတ်စေ၊ ငရှန်ကြီးက လှံကို စကြာပုံဝှေ့ယမ်း၍ ခုတ်လာသော ဓားနှစ်လက်ကို ဇော်ဂျီတုတ်ထမ်းဖြင့် ခံထားကာ ညာရှေ့သို့ လေးကွက် ခုန်တက်၍ လှံအရင်းမှကိုင်ကာ ဝှေ့ယမ်းယူပြီး လှံအဖျားပိုင်းနှင့် ခုတ်လာသူ သူပုန်နှစ်ဦး၏ကျောသို့ ပတ်၍ရိုက်စေ၊ ဓားသမားနှစ်ဦး ရှေ့သို့မှောက်လျက်လဲကျသွားချိန် လှံသမားတစ်ဦးက ငရှန်ကြီး၏လက်ဝဲဘက်နံကို လှံဖျားနှင့် ပြေး၍ ထိုးသွင်းစေ၊ ငရှန်ကြီးက နှစ်ဖက်ပူးဆုပ်ကိုင်ထားသော လှံအရင်းမှ လက်ယာဘက်လက်ကို အရင်းမှ အဖျားသို့ဆွဲ၍ ရန်သူ၏လှံဖျားကို သူ၏လှံဖျားနှင့် ရိုက်ချကာ ရန်သူ၏လက်ဝဲဘက်သို့ ဆက်ရက်ခုန်ပစ်တက်၍ သူ၏လှံဖျားနှင့် ရန်သူ၏လက်ဝဲဘက်နံကို ထိုးသွင်းလိုက်စေ၊ ထိုအခါ မြင်ကွန်းမင်းသားကြီးက ပြောင်းတိုသေနတ်နှင့် ထိုးချိန်ကာ)

မြင်ကွန်း ။ ။ "အလို. . . တယ်လည်း တော်လှသကိုး၊ အေး. . . ဒါပေမဲ့ ဟောဒီမှာ ပြင်သစ်လုပ် ပြောင်းတိုပစ္စတိုလို့ ခေါ်တယ်ဟေ့"

သေနတ်သံ ။ ။ "ဒိုင်း. . . "

မြင်ကွန်း ။ ။ "အို့ဟို. . . လှံသူရဲကောင်းကြီး ဘာတတ်နိုင်သေးလဲဟ"
(ငရှန်ကြီးမှာ သေနတ်မှန်သောအရှိန်နှင့် နောက်သို့ ယိမ်းသွားပြီး၊ လက်ယာဘက်လက်နှင့် လှံကိုမြဲအောင်ကိုင်လျက် လက်ဝဲဘက်လက်က သေနတ်ကျည်ဆန်ဝင်သွားသော ရင်ဝကို ပိတ်ထားကာ အားယူ၍ ဟန်ချက်ကို ပြန်ထိန်းထားစေ၊ ပြီးမှ လက်ယာဘက်လက်တစ်ဖက်ဖြင့် လှံကို မြှောက်ကိုင်၍ ပစ်ရန်ချိန်နေစဉ်)

မြင်းခုံတိုင် ။ ။ "အို. . . ကိုသက်ပြင်းပါလား၊ ကိုင်း. . . ဟောဒါ အင်္ဂလန်လုပ် ပြောင်းတိုတဲ့ကွ"

သေနတ်သံ ။ ။ "ဒိုင်း. . . "
(ပေါက်ကွဲသံနှင့်အတူ ငရှန်ကြီး လှံတံလွတ်ကျသွားပြီး ရင်ဘတ်ကို အုပ်ကာ လဲကျသွားစေ။ အခြားရဲမက်များလည်း ပြေးကြစေ)

မြင်းခုံတိုင် ။ ။ "ဟေ့ . . . တစ်တောရှင်းပြီ၊ ဦးရီးတော်နဲ့ ဖခမည်းတော်ကို ဆက်လက်သုတ်သင်ကြဟေ့"

သူပုန်များ (ညာသံပေး) ။ ။ "ဟေး . . . မြင်ကွန်း မြင်းခုံတိုင်တဲ့ကွ . . . "
(လျှပ်စစ်မီးများ မှောင်အတိကျသွားပြီး ဗိန်းဗောင်းတီးကွက် တိတ်ဆိတ်သွားစေ)

ဇာတ်ဝင်ခန်း (၁၀–၈)

(လျှပ်စစ်မီးရောင်များ အမှောင်ချထားခိုက် မင်းလှသီဟသူ၏ အသံဖြင့် နောက်ခံစကားပြော ဝင်နေစေ) (တေးဂီတမှ လွမ်းချင်း တစ်ပုဒ်ကို မောင်းဆိုင်း၊ ပလွေတို့ဖြင့် နောက်ခံတီးပေးစေ)

မင်းလှသီဟသူ (နောက်ခံပြော) ။ ။ "အဲ့ . . . ဒီလိုနဲ့ မြင်ကွန်း မြင်းခုံတိုင်ရဲ့ အရေးတော်ပုံမှာ မောင်မင်းရဲ့ ဖခင် ကျဆုံးခဲ့ရတယ်ကွယ်၊ ရဲမက်အချို့လည်း သေကျေဒဏ်ရာ ရခဲ့ကြတယ်။ မြင်ကွန်း မြင်းခုံတိုင် မင်းသားတို့အဖွဲ့က မင်းအဖေရဲ့ ခုခံမှုကို ကျော်လွှားပြီး မင်းတုန်းမင်းကြီးရှိရာကို လုပ်ကြံဖို့ အပြေးသွားကြတော့ ယာယီမြေနန်းဆောင်မှာ စံမြန်းနေတဲ့ မင်းတုန်းမင်းကြီးရှိရာကို အိမ်ရှေ့ဥပရာဇာ ကနောင်မင်းသားကြီးကလည်း အပြေးသွားတဲ့ အချိန်၊ ပုန်ကန်သူတို့နဲ့တွေ့ပြီး မင်းသားကြီး လုပ်ကြံခံရတယ်၊ မင်းတရားကြီးကတော့ မြေနန်းဆောင်ကနေ မလွယ်တံခါးကထွက်ပြီး နန်းတော်အတွင်းကို ရှောင်ရှားနိုင်ခဲ့တယ်ကွယ်"
(မီးရောင်များလင်းလာပြီး မူလပထမ အခမ်းအနားအပြင်အဆင်နှင့် ဇာတ်ကောင်တို့ ပြန်ဝင်လာစေ)

မင်းလှသီဟသူ ။ ။ "အင်း . . . မင်းတရားကြီး အသက်ဘေးက လွတ်မြောက်ခဲ့ပေမယ့် တိုင်းပြည်ကို ဗြိတိသျှရန်က ကာကွယ်ဖို့ ခေတ်မီလက်နက်တွေ တပ်ဆင်ထားပြီး ခေတ်မီတိုးတက်တဲ့ တပ်မတော်ဖြစ်ဖို့ ပြင်သစ်၊ အီတလျံ၊ ဂျာမဏီ စစ်ရေးနည်းပြတွေနဲ့ သင်ပြပြုပြင်နေတဲ့ အိမ်ရှေ့ဥပရာဇာ ကနောင်မင်းသားကြီးမှာတော့ ဘာမဟုတ်တဲ့ မြင်ကွန်းမြင်းခုံတိုင်အရေးမှာ သွေးမြေကျလို့ ကံတော်ကုန်ခဲ့ရရှာတယ်လေ၊ သူနဲ့အတူ အဂ္ဂမဟာသေနာပတိ မြတောင်ဝန်ကြီးတို့ အသက်ဆုံးရှုံးခံရပြီး တိုက်ပွဲဟူသမျှ ထက်မြက်ခဲ့တဲ့ လောင်းရှည်ဝန်ကြီးမှာ ဒဏ်ရာအကြီးအကျယ်ရကာ မသန်မစွမ်းနဲ့ ဘဝဆုံးရှုံးခဲ့ရတယ်၊ ရေနံချောင်းဝန်ကြီးမှာလည်း ကျည်သင့်ဒဏ်ရာ

ရရှိခဲ့တယ်ကွယ်၊ အဲဒီ နိုင်ငံ့သူရဲကောင်းတွေ ကျဆုံးခဲ့ရတာဟာ စက်မှုနိုင်ငံအဖြစ်သို့ အရှိန်တက်စဖြစ်နေတဲ့ မြန်မာတို့ရဲ့အင်အားကို ချိုးနှိမ်ပစ်ရာ ရောက်ရှိခဲ့တယ်လေ. . .”

“မောင်မင်း. . .(ငိုသံပါပါနှင့်ပြောစေ) ငါလေ. . . တွေး. . . တွေးမိလေတိုင်း. . . . ဝမ်း. . ဝမ်းနည်းမိတယ်. . . ကွယ်. . .”

(ကတ္တီပါ ပြည်ဖုံးကားကြီးချစေ)

(တေးဂီတမှ သင့်ရာအခန်းပြောင်းတီးလုံးဝင်စေ)

ဇာတ်ဝင်ခန်း (၁၀) ပြီး၏။

ဇာတ်ဝင်ခန်း (၁၁)

နေရာ - မင်းလှခံတပ်အနီး၊ ရွှေဘုန်းသာစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်။

အပြင်အဆင် - ရွှေဘုန်းသာစေတီတော်မြတ်ကြီးနှင့် ရင်ပြင်တော်ပုံကို နောက်ခံပိတ်ကားပေါ်တွင် ပရိုဂျက်တာနှင့် ထိုးဖျန်ပြထားရမည်။

အလင်းရောင် - အပြာရောင်မီးများ ဖွင့်ထားပြီး သရုပ်ဆောင်များရှိရာသို့ အဖြူရောင် ဆလိုက်မီးများ ထိုးပေးထားရမည်။

တေးဂီတ - ပတ်ပျိုးသီချင်းတစ်ပုဒ်ကို ပတ္တလား၊ ပလွေတို့ဖြင့် အဆိုမပါ အတီးသက်သက် တီးမှုတ်နေရမည်။

သရုပ်ဆောင် - ရဲမက် ရှန်မောင်၊ ရဲမက် စံအောင်၊ ရဲမက် မောင်လန်းနှင့် ထိပ်တင်ထားတို့ ပါဝင်သရုပ်ဆောင်ရမည်။

ဇာတ်ဝင်ခန်းစ - **(ကတ္တီပါ ပြည်ဖုံးကားကြီးဖွင့်စေ)**

တေးဂီတ - (အခန်းပြောင်းတီးလုံး ပြီးဆုံးသည်နှင့် ပတ်ပျိုးသီချင်းတစ်ပုဒ်ကို လွမ်းဆွတ်ဖွယ် တီးမှုတ်စေ)

သရုပ်ဆောင် - (ရဲမက် ရှန်မောင်သည် ဘုရားဝတ်ဖြည့်နေစေ။ ဝတ်ဖြည့်အပြီး ပရိသတ်ရှိရာသို့ ထလာပြီး စကားပြောစေ)

ရှန်မောင် ။ ။ "ပါ. . . ရယ်၊ ပါ ရဲ့ အကြောင်းကို တပ်မှူးကြီးကပြောပြလို့ အဆိုသိရပါတယ် ပါ၊ သားလေ သူရဲကောင်း ဖခင်တစ်ယောက်ရဲ့ သားဖြစ်ရတာကို အဆို ဂုဏ်ယူမိပါတယ်. . ပါ၊ ပါ ပါရဲ့အကြောင်းကို အအူက ပြောမပြခဲ့ပါဘူး၊ မင့်အဖေ ဆုံးပြီဆိုတဲ့ စကားတစ်လုံးကိုသာ သားသိခဲ့ရတာပါ ပါ ရယ်၊ အအူက ပါ ဘယ်လိုဆုံးတယ်ဆိုတာကို ပြောမပြခဲ့ပေမယ့်၊ မင်းရဲ့အဖေဟာ သူရဲကောင်းရဲမက်ကြီးတဲ့၊ အဆို မင်းလည်း အရွယ်ရောက်လာရင် အဖေ့ခြေရာ နင်းရမယ်တဲ့၊ အအူရယ်. . . အမေ့သားကြီး အဖေ့ အကြောင်းကို သိရပါပြီလေ၊ အဆိုလည်း ပါခြေရာနဲ့ တစ်ထပ်တည်းကျအောင် လိုက်နင်းပါ့မယ်၊ ပါ နဲ့ အအူ ရယ်"

(ထိုအချိန်မှာ ထိပ်တင်ထားက နံ့သာရောင် ထိုင်မသိမ်းအကျီနှင့် လုံချည်လေးကို ဝတ်ဆင်လျက် ရတနာပုံခေတ် တစ်ပတ်လျှို ဆံထုံးလေးမှာ စံပယ်ပန်းကုံးလေး ပန်လျက်ဝင်လာစေ)

ထိပ်တင်ထား ။ ။ "ဟင်. . . မောင်ကြီး . . . "

ရှန်မောင် ။ ။ "အို. . . ညီမငယ်. . . တစ်ယောက်တည်းလားကွယ့်"
(ထိုစဉ် နောက်က ကပ်ပါလာသော စံအောင်က ဝင်ပြောစေ)

စံအောင် ။ ။ "တစ်ယောက်တည်း မဟုတ်ဘူးဟေ့၊ စိတ်မချလို့ ငါပါ လိုက်လာတာ ဟ"

ရှန်မောင် ။ ။ "ဟ. . . စိတ်မချရလောက်အောင် မင်းလှခံတပ်လိုနေရာ ဘုရင့် တပ်တော်တွေ အပြည့်ရှိနေလို့ ဘယ်သူခိုး ကြမ်းပိုးမှလည်း မကပ်နိုင်ပါဘူး ကွာ၊ ဒီမှာ ခြေချင်းလိမ်နေကြတဲ့ ရဲမက်တွေကလည်း စည်းပျက် ကမ်းပျက် ရဲမက်တွေမဟုတ်ဘူး၊ စည်းကမ်းသေဝပ်လှတဲ့ မြန်မာ့ တပ်မတော် ရဲမက်တွေပါကွာ၊ ဗြိတိသျှကို ကြောက်ရလောက် အောင်လည်း မင်းဗြိတိသျှတွေက သရက်နဲ့ အာလံမှာ၊ ကိုင်း. . . ဆိုစမ်း၊ ဘယ်သူ့ကြောင့် စိုးရိမ်ရတာလဲ"

စံအောင် ။ ။ "ဟဲ. . . ဟဲ. . . အားတော့နာပါတယ်၊ မေးရှာတော့လည်း ပြောပြရှာရမှာပေါ့ကွာ၊ ဒီလိုဟေ့ သူခိုး ကြမ်းပိုးကို မစိုးရိမ်ဘူး၊ တို့ကြောက်တာက ဗြိတိသျှမလုပ်ဝံ့တဲ့အလုပ်ကို လုပ်ဝံ့တဲ့သူကို ကြောက်တာ"

ရှန်မောင် ။ ။ "မင်းဟာ လွန်လှချေရဲ့၊ ဗြိတိသျှမလုပ်ဝံ့တဲ့ အလုပ်က ဘာလဲ"

စံအောင် ။ ။ "ဗြိတိသျှက မြန်မာပြည်ကို ကျူးကျော်ဖို့ပဲ ချောင်းနေတာ၊ သွေးသောက်ကြီး မင်းဒင်ရဲ့ သမီးကို မေတ္တာစကားပြောဖို့ နည်းနည်းမှ မလုပ်ဝံ့ဘူး၊ အဲ. . . လုပ်ဝံ့တဲ့သူတစ်ယောက် ရှိတယ်"

ရှန်မောင် ။ ။ "ဟ. . . ဘယ်သူလဲ"

စံအောင် ။ ။ "ဟဲ. . . ဟဲ. . . အားတော့နာပါတယ်"

ရှန်မောင် ။ ။ "လာပြန်ပြီ. . . ဒီအားနာတာက ပြောမှာပြောစမ်း"

စံအောင် ။ ။ (ပြည်တည်တည်မျက်နှာထားနှင့် နယ်ချဲ့ကို တိုက်စစ်ဆင်သလို ငရှန်မောင်ကို လက်ညှိုးထိုး၍) "ဟောဒီ. . . ဘုန်းဘုရားလေးက နှလုံးသားအရေးကို တိုက်စစ်ဆင်မှာ စိုးလို့ဟေ့. . . ဟား. . . ဟား. . . "

ရှန်မောင် ။ ။ "ဟယ်. . . ဟယ်. . . ပြီးတော့ ငါ့ကိုဆော်တာပဲ၊ ဟေ့ကောင် စံအောင်၊ ငါက ချင်းတိုင်းရင်းသားပါကွ၊ တို့တိုင်းရင်းသားတွေက ပေးပြီးတဲ့ကတိ ဘယ်တော့မှ မဖျက်ဘူး၊ ရဲရင့်တယ်၊ တည်ကြည်တယ်၊ သစ္စာရှိပြီး ကတိတည်တဲ့ လူမျိုးကွ၊ တပ်မျူးကြီးရဲ့ အဆုံးအဖြတ်ကိုပဲ နာခံမယ်၊ မှန်ကန်တဲ့နည်းနဲ့ နှလုံးသားစစ်ဆင်ရေးလုပ်မယ်၊ ဒါပဲ၊ နောက်ပြီး ငါ့ရဲ့ မျိုးချစ်စိတ်မာတ်နဲ့ ရဲစွမ်းသတ္တိ ဇာတိမာန်ကိုပြမယ်၊ ဒါဟာ ငါ့ရဲ့ အချစ်ဗျူဟာပဲ"

စံအောင် ။ ။ (တောင်းပန်သော မျက်နှာလေးနှင့်) "ဟား. . . ဟား. . . သူငယ်ချင်း စိတ်ဆိုးသွားသလား၊ ငါက ရယ်စရာ နောက်ပြောင်တာပါကွာ၊ စိတ်မဆိုးပါနဲ့. . . နော်. . . နော်. . . "

ရှန်မောင် ။ ။ "စိတ်တော့ မဆိုးဘူးဟေ့၊ ကျွဲမြီးတော့ တိုတယ်ကွ၊ ငါဟာ မင်းထင်သလို မဟုတ်ပါဘူး၊ မင်းလည်း အရည်အချင်းရှိတဲ့စစ်သည်၊ ငါလည်း အရည်အချင်းရှိတဲ့ စစ်သည်ပါ၊ မင်းနဲ့ငါ အချစ်ပွဲမှာ တရားတဲ့ ယှဉ်ပြိုင်မှုနဲ့ပဲ သွားမယ်၊ စဉ်းလဲတဲ့အကျင့် မလုပ်ဘူးဆိုတာတော့ ယုံလိုက်ပါ သူငယ်ချင်း"

ထိပ်တင်ထား ။ ။ "ကဲ. . . ကဲ. . . မောင်ကြီးတို့စကားတွေ တော်ကြပါတော့၊ ကြားထဲကနေ နှမလေး အနေခက်လှတယ်ကွယ်၊ နှမလေး သဘောထားကိုလည်း ပြောထားပြီးသားပါ၊ မောင်ကြီးတို့ နှစ်ယောက်ထဲက တိုင်းပြည်အတွက် ပိုပြီး စွမ်းစွမ်းတမံ ထမ်းဆောင်နိုင်သူကို နှမလေးက ရွေးမှာပါ၊ အဲ တစ်ခုတော့ရှိတယ်၊ မျိုးချစ်စိတ်ဓာတ်မရှိတဲ့ သစ္စာဖောက်ဆိုရင်တော့ ပြိုင်ပွဲက တစ်ခါတည်း ပယ်ဖျက်မှာနော်၊ အဲဒါတော့ ဂရုစိုက်ပါ၊ မပြောမရှိနဲ့ တစ်ခါတည်း ပြောထားတာ. . . "
(ထိုအချိန်တွင် ရဲမက်မောင်လန်း အိုးစည်ကြီးတစ်လုံးကို စလွယ်သိုင်းလွယ်၍ သူတို့အနီး ရောက်လာစေ၊ လက်ကလည်း အငြိမ်မနေဘဲ အိုးစည်ကို အားပါးတရ တီးနေစေ)

ရှန်မောင် ။ ။ "ဟဲ့. . . ဟဲ့ ငလန်း၊ ဒါ ဘုရားရင်ပြင်တော်လေ၊ ဘယ့်နှယ် အိုးစည်တီးနေရတာလဲ"

မောင်လန်း ။ ။ "ဟဲ. . . ဟဲ. . . ဟဲ. . . လက်စမ်းကြည့်တာပါ၊ နက်ဖြန် ဟောဒီဘုရားကြီး ဆွမ်းလုံးချပွဲလေ၊ အဲဒါကြောင့်. . . ငါတို့ တစ်အိုးစားအဖွဲ့နဲ့ မကွေးသားရဲမက် ငဇွဲထက်ရှင်တို့ရဲ့ တစ်အိုးစား ပေါင်းပြီး အိုးစားဖက် အိုးစည်ဝိုင်း ထောင်ထားတာကွ၊ ကြည့်စမ်း ဟောဒီမှာ. . . "

အိုးစည်သံ ။ ။ "ဗုံ. . . ဗုံ. . . ထုံ. . . ထုံ"

မောင်လန်း ။ ။ "စစ်သည်တော်လည်း အိုးစည်တီးတတ်ပါတယ်ကွ"

ရှန်မောင် ။ ။ "တယ်ဟုတ်ပါလားကွ၊ ဒါဆို ငါတို့ တစ်အိုးစားအဖွဲ့နဲ့ ဟိုကောင် ငရှင်ရဲထွဋ်ဆို့ တစ်အိုးစား အဖွဲ့ကို ပေါင်းပြီး အိုးစားဖက် ဒိုးပတ်ဝိုင်း ထောင်မယ်ကွာ၊ အင်း. . . ခက်တာက တို့မှာ ဗုံမရှိဘူး"

မောင်လန်း ။ ။ "အမယ်လေး. . . ဒိုးပတ်များ ပေါလွန်းလို့၊ ဟို မင်းလှသား ရဲမက် ငတင်ယုက ဒိုးပတ် အိုးစည် လုပ်ရောင်းနေတာ၊ သူ့အိမ်မှာ လုပ်ပြီးသားတွေကို ပုံလို့ပါဗျာ"

ထိပ်တင်ထား ။ ။ "ဟယ်. . . အဲဒီ မင်းလှသား ငတင်ယုက အိုးစည်တွေ၊ ဒိုးပတ်တွေ လုပ်တယ်ပေါ့၊ သူက စစ်သည်တော်ပဲ၊ စစ်သည်တော်က အိုးစည်လုပ်တယ် အံ့ရော"

မောင်လန်း ။ ။ "အို. . . အမိငယ်၊ စစ်သည်နဲ့ ပြည်သူ အတူတူပါပဲ၊ စစ်သည်လည်း ပြည်သူထဲကနေ စစ်သည်ဖြစ်ရတာ၊ ငတင်ယုတို့က အဲဒီ အိုးစည် လုပ်ငန်းကို ဟိုးယခင်ကတည်းက မိသားစုလုပ်ငန်းလုပ်လာတာတဲ့၊ ဘာတဲ့. . . လုပ်ငန်းနာမည်တောင်ရှိသေး၊ ရဲမက်တင်ယု ရွှေပြည်စိုး အိုးစည်လုပ်ငန်းတဲ့၊ သူ့အိမ်က ထုပ်တန်းမှာ ထုံးနဲ့ ရေးထားတာ ငါဖတ်ခဲ့ရတယ်၊ မိသားစုရိုးရာ အိုးစည်လုပ်ခဲ့ကြတယ်လေ၊ စစ်မှုထမ်းဖို့ စစ်သည်စုဆောင်းတော့ သူလည်း စစ်မှုထမ်းလိုက်တာပေါ့ကွယ်၊ အမိငယ် သတိမထားမိလို့ပါ၊ မြန်မာနိုင်ငံမှာ မင်းလှအိုးစည် ဆိုတာ နာမည်အကြီးဆုံး၊ နေပြည်တော်က မန္တလေးအိုးစည်တို့၊ ပျော်ဖွယ်အိုးစည်တို့ထက် လက်ရာအရည်အသွေး ကောင်းကြတယ်၊ ရွှေနန်းတော်မှာဆို ဟောဒီ မင်းလှအိုးစည်ကိုပဲ သုံးကြတာပါဗျာ"

ထိပ်တင်ထား ။ ။ "အို. . . အံ့ဩစရာပဲ၊ မန္တလေးမှာ အိုးစည်လုပ်ငန်းတွေ ရှိပါလျက် ရွှေနန်းတော်က မင်းလှအိုးစည်မှ သုံးသတဲ့၊ အင်း. . . ကျွန်မတို့ မင်းလှမြို့အတွက် ဂုဏ်ယူစရာပါပဲရှင်"

ရှန်မောင် ။ ။ "အေး. . . ငါ အဲဒီ ငတင်ယုဆီသွားပြီး ဒိုးပတ်နှစ်လုံး သွားဝယ်ရဦးမယ်၊ သူ့အိမ်က ဘယ်နားလေးမှာလဲ"

မောင်လန်း ။ ။ "ဟ. . . ကြေးနန်းရုံ မသိဘူးလား"

ရှန်မောင် ။ ။ "ဟ. . . သိတာပေါ့ကွ၊ ရွာတန်းလေးမှာ"

မောင်လန်း ။ ။ "အဲဒီ ကြေးနန်းရုံနားက အိမ်တွေအကုန်လုံး အိုးစည်လုပ်ကြတယ်၊ မြန်မာပြည် အထက်အောက်နှံ့နေအောင် အိုးစည်တင်ပို့ရောင်းချတဲ့ နေရာပဲ၊ အိုးစည်တန်းလို့ခေါ်တယ်၊ အဲ ငတင်ယုရဲ့အိမ်က ရှာရတာ လွယ်ပါတယ်၊ ကြေးနန်းရုံနဲ့ မျက်နှာချင်းဆိုင် လမ်းအရှေ့ဘက်က အိမ်ပဲဟေ့"

ရှန်မောင် ။ ။ "အေး. . . ညနေကျ အဲဒီသွားဝယ်မယ်"
(ထိုအချိန်မှာ မောင်လန်းက အိုးစည်ကိုလွယ်လျက် လက်သီးကို နာနာဆုပ်ကာ အားရပါးရတီးစေ)

မောင်လန်း ။ ။ "ဟေ့. . . အိုးစည်ကိုကွယ်. . . လိမ်ဖယ်ဖယ်တီးပါလို့. . . မောင့်လက်သီးကို လက်သီးကို လက်သီးကို. . . လက်သီးကိုဗျာ. . . ရွှေ. . . ရွှေ. . . "
(ထိုအချိန် သွေးသောက်ကြီးမင်းဒင် ဝင်လာ၍)

မင်းဒင် ။ ။ "ဟေ့. . . ဘယ်ကောင် ဘုရားထဲလာအိုးစည်တီးနေတာလဲကွ"

မောင်လန်း ။ ။ "ဗျာ. . . ကျွန်. . . ကျွန်တော်မျိုး မောင်လန်းပါ"

မင်းဒင် ။ ။ "ဒူးနေရာ ဒူး၊ တော်နေရာတော်ကွ၊ ဒီရင်ပြင်တော်က ဘုရားဝတ်ဖြည့်ပူဇော်ဖို့ထားတာ၊ မြင်လား. . . ဟိုမှာ ပုတီးစိပ်တဲ့လူနဲ့၊ တရားထိုင်တဲ့လူနဲ့၊ မင်းကား မအပ်မစပ် ဆူဆူညံညံ အိုးစည်တီးရတယ်လို့၊ ကဲ. . . မင်းအပြစ် မင်းသိပလား"

မောင်လန်း ။ ။ "သိ. . သိ. . . သိပါပြီ ခင်. . . ခင်ဗျား"

မင်းဒင် ။ ။ "အေး. . သိရင် အိုးစည်ကို လက်နှစ်ဖက်နဲ့ကိုင်၊ ခေါင်းပေါ်မှာမြှောက်ထား၊ ခေါင်းနဲ့အိုးစည် မထိစေနဲ့၊ ကိုင်း. . . ပါးစပ်ကလည်းဆို၊ 'ကျွန်တော်မျိုး ဘုရားပေါ်မှာ အိုးစည် မတီးတော့ပါဘူး ခင်ဗျာ' လို့ဆို၊ ဆိုတိုင်း ဆိုတိုင်း ထိုင်ထလုပ်ပါ၊ ကဲ. . . အကြိမ်ငါးဆယ် လုပ်စေ"

မောင်လန်း ။ ။ (အိုးစည်ကိုလက်နှစ်ဖက်ဖြင့်မြှောက်၍ နှုတ်မှလည်းပြောရင်း ထိုင်ထလုပ်နေစေ)

"ကျွန်တော်မျိုး ဘုရားပေါ်မှာ အိုးစည် မတီးတော့ပါဘူး ခင်ဗျ. . . "

"ကျွန်တော်မျိုး ဘုရားပေါ်မှာ အိုးစည် မတီးတော့ပါဘူး ခင်ဗျ. . . "

"ကျွန်တော်မျိုး ဘုရားပေါ်မှာ အိုးစည် မတီးတော့ပါဘူး ခင်ဗျ. . . "

(ကတ္တီပါ ပြည်ဖုံးကားကြီးချစေ)

(တေးဂီတမှ စိန်အိုးစည်တီးလုံးဖြင့် အခန်းပြောင်းတီးလုံးဝင်စေ)

ဇာတ်ဝင်ခန်း (၁၁) ပြီး၏။

ဇာတ်ဝင်ခန်း (၁၂-က)

နေရာ - မင်းလှခံတပ်ကြီးရှေ့ လမ်းမပေါ်။

အပြင်အဆင် - မင်းလှခံတပ်၏ အနောက်ဘက်မျက်နှာစာဝင်ပေါက် ပန်းချီကားကြီး ချထားရမည်။

အလင်းရောင် - အနီရောင်မီးများ ဖွင့်ထားရမည်။

သရုပ်ဆောင် - ရဲမက် ဇွဲထက်ရှင်နှင့် ရဲမက် ရှင်ရဲထွဋ်တို့အပြင် ရဲမက် ရှန်မောင်တို့ သရုပ်ဆောင်ရမည်။

ဇာတ်ဝင်ခန်းစ - **(ကတ္တီပါ ပြည်ဖုံးကားကြီး ဖွင့်စေ)**
(တေးဂီတမှ အခန်းပြောင်တီးလုံးပြီးသည်နှင့် ရုပ်ထားရမည်)

ဇွဲထက်ရှင် ။ ။ (ရဲမက် ဇွဲထက်ရှင်က အထုပ်ကြီးတစ်ထုပ်ကိုထမ်းလျက် ဇာတ်ခွင်၏ လက်ဝဲဘက်မှထွက်လာပြီး ၎င်းနောက်က ရဲမက် ရှင်ရဲထွဋ်ကို လိုက်ပါလာစေ)
"ဟေ့ကောင် ရှင်ရဲထွဋ် လာစမ်းပါကွ၊ ခပ်မြန်မြန်၊ ခဏနေ နေဝင်တော့မှာ၊ လုပ်ငန်း စရတော့မယ်လေ"

ရှင်ရဲထွဋ် ။ ။ "အေးပါကွ. . . လာပါပြီ၊ မင်းအထုပ်ထဲက အကောင်ကြီးကို ငါကြောက်လို့ကွ"

ဇွဲထက်ရှင် ။ ။ "ဟေ့ကောင်. . . ဘာမှ ကြောက်စရာမလိုဘူး၊ ဒီအကောင်တွေက အကောင်ပဲကြီးတာ၊ လူကို လုံးဝအန္တရာယ်မပြုဘူး၊ ကဲ ငါပြောမယ်၊ ငါက ကြေးနန်းရုံ ပြတင်းပေါက်ကနေ ဒီကောင်ကြီးကို အခန်းထဲထည့်လိုက်မယ်၊ အဲဒီအချိန်မှာ ကြေးနန်းရိုက်တဲ့ ကြေးနန်းဆရာ လူဦးဇဉ်ဆိုတဲ့အကောင်က လန့်ပြီး ကြေးနန်းရုံထဲက ထွက်ပြေးလိမ့်မယ်၊ အဲဒီ လူဦးဇဉ်ဆိုတဲ့အကောင်က နိုင်ငံခြားပြန်သာဆိုတယ်၊ မြွေမပြောနဲ့ တီကောင်တောင် ကြောက်တဲ့အကောင်၊ အဲဒီကောင် ထွက်ပြေးနေတုန်း မင်းက အမှောင်ထဲကနေ ဖျတ်ခနဲထွက်လာပြီး ကြေးနန်းရုံထဲဝင်၊ တို့လိုအပ်တဲ့ဟာတွေ တစ်ခါတည်း ခိုးယူလာခဲ့၊ ဒီမြွေကြီးက စပါးကြီးမြွေလို့ခေါ်တယ်၊ လူကို လုံးဝမကိုက်ဘူး၊ မကြောက်နဲ့၊ ကိုယ့်အလုပ်ကိုသာ အာရုံစိုက်ပြီးလုပ် ဟုတ်ပြီလား"

ရှင်ရဲထွဋ် ။ ။ ''မကြောက်ဘူးဆိုပေမယ့်. . . နည်းနည်းတော့ ဒူး. . . ဒူးတုန်တယ်. . . ဟဲ. . ဟဲ''

ဇွဲထက်ရှင် ။ ။ "ကဲ. . . မမှောင်ခင် သွားကြစို့"
(ဇွဲထက်ရှင်နှင့် ရှင်ရဲထွဋ်တို့ ဇာတ်ခွင်၏လက်ယာဘက်သို့ ဝင်သွားစေ၊ ထိုအချိန် ဇာတ်ခွင်၏လက်ဝဲဘက်မှ ရှုန်မောင် ထွက်လာစေ)

ရှုန်မောင် ။ ။ "အင်း. . . တပ်မှူးကြီး ဝေယျာဝစ္စတွေ လုပ်နေရတာနဲ့ အချိန်တောင် အတော်နည်းသွားပါပေါ့လား၊ မကြာခင် မိုးချုပ်တော့မယ်၊ အိုးစည်တန်းအမြန်သွားပြီး ငတင်ယုအိမ်အရောက်သွားမှပဲလေ"
(ပြောပြောဆိုဆို ဇာတ်ခွင်၏ လက်ယာဘက်သို့ ဝင်သွားစေ)

(အခန်းပြောင်းတီးလုံး သင့်ရာတီးမှုတ်စေ)

ဇာတ်ဝင်ခန်း (၁၂-ခ)

အပြင်အဆင် - (ဇာတ်ခွင်၏ လက်ယာဘက်တွင် ကြေးနန်းရုံငယ်ထားရှိပြီး အထဲတွင် မီးခွက်ထွန်းထားရမည်။ ကြေးနန်းရုံ၏ ဝဲဘက်ဇာတ်စင်တွင် အိုးစည်ဒိုးပတ်များ ချိတ်ဆွဲထားသော တဲသာသာ အိမ်လေးပါရှိပြီး အိမ်ရှေ့တွင် မီးခွက်ထွန်းထားရမည်။)

သရုပ်ဆောင် - ငတင်ယု၊ ငရှုန်မောင်နှင့် ငဇွဲထက်ရှင်၊ ငရှင်ရဲထွဋ်နှင့် ငလူဦးဇင်တို့ ပါဝင်သရုပ်ဆောင်ရမည်။

အလင်းရောင် - ညရှုခင်းဖြစ်၍ ပြာလဲ့လဲ့အလင်းရောင်ဖွင့်ထားပြီး ကြေးနန်းရုံလေးနှင့် အိုးစည်ရောင်းသောအိမ်တို့ကို မီးဆလိုက်အဖြူရောင် ထိုးပေးထားရမည်။
(မင်းလှခံတပ်ကြီး၏ အနောက်ဘက်ဝင်ပေါက် ပန်းချီကားကြီးကို လိပ်တင်လိုက်စေ)

ဇာတ်ဝင်ခန်းစ - (ဇာတ်ကားလိပ်ဖွင့်လိုက်သည်နှင့် ဇဲထက်ရှင်က အထုပ်ကြီးကို ထမ်းလာကာ ကြေးနန်းရုံ ပြတင်းပေါက်နား ရပ်နေစေ၊ ပြီးလျှင် အထုပ်ထဲမှ မွေကြီးကိုထုတ်ယူ၍ ပြတင်းပေါက်မှ ထည့်သွင်းလိုက်စေ)
(တေးဂီတမှ စိတ်ချောက်ချားဖွယ်ရာတီးလုံးကို တီးခတ်ထားစေ)
(မွေကြီး ပြတင်းပေါက်မှ အထဲရောက်သည်နှင့်)

လူဦးဇင် ။ ။ "အောင်မယ်လေး . . . မွေ . . . မွေကြီးဗျ"

(တေးဂီတမှ လင်းကွင်းသံ၊ ပတ်မသံ ဆူညံစွာ တီးလိုက်စေ)
(လူဦးဇင်က ကြေးနန်းရုံထဲမှ ခုန်ထွက်လာကာ အိုးစည်ရောင်းသော အိမ်ရှေ့သို့ ပြေးသွားပြီး)

လူဦးဇင် ။ ။ "နောင်. . . နောင်ကြီးတင်ယု. . . နောင်ကြီးတင်ယု. . . ကယ်. . . ကယ်ပါဦးဗျ"

(အော်ဟစ် အကူအညီတောင်းနေစဉ် ရှင်ရဲထွဋ်က ကြေးနန်းရုံတစ်ဖက်ကွယ်မှ ပြေးထွက်လာပြီး ကြေးနန်းရုံထဲသို့ ဝင်ကာ စာရွက်တစ်ထပ်ကို လက်မှကိုင်၍ ပြန်ထွက်လာပြီး ဇွဲထက်ရှင်နှင့် အတူ ဇာတ်ခွင်၏ ယာဘက်သို့ ပြေးထွက်သွားစေ၊ ထိုအချိန်တွင် တင်ယုက မီးခွက်ကြီးကိုင်ကာ အိမ်ထဲမှ ထွက်လာစေ)

တင်ယု ။ ။ "ဟ. . . ဟ. . . ကြေးနန်းဆရာ ဘာ. . ဘာဖြစ်လို့လဲ"

လူဦးဇင် ။ ။ (ပြူးတူးပြဲတဲနှင့် ကြေးနန်းရုံဘက်သို့ လက်ညှိုးထိုး၍ပြောစေ)
"ကြေး. . . ကြေးနန်းရုံထဲမှာ. . . မြွေ. . . မြွေကြီး. . . မြွေကြီး. . . အကြီးကြီးပဲ. . . လုပ် လုပ်ပါဦးဗျ"
(ထိုအချိန် ဇာတ်ခွင်၏လက်ဝဲဘက်မှ ရှန်မောင် ဝင်လာစေ)

ဇရှန်မောင် ။ ။ "ဟာ. . . နောင်ကြီးတင်ယုတို့ ဘာဖြစ်နေကြတာလဲ"

တင်ယု ။ ။ "ဟို. . . ဟို. . ကြေးနန်းရုံထဲကို မြွေကြီး ဝင်လာလို့တဲ့၊ တော်တော် ကြီးပုံရတယ်၊ နိုင်ငံခြားပြန်ကြီးတော့ အတော်လန့်ဖျပ်နေလေရဲ့"

ရှန်မောင် ။ ။ "အထဲမှာ မီးခွက်ထွန်းထားပြီးသားမဟုတ်လား. . . ကျွန်တော် သွားကြည့်လိုက်ဦးမယ်"
(ရှန်မောင်က ကြေးနန်းရုံရှိရာသို့သွား၍ အပေါက်ဝမှ ခေါင်းပြူ၍ ကြည့်ကာ အထဲသို့ ဆတ်ခနဲ ဝင်သွားစေ၊ အပြန်တွင် လက်ထဲ၌ စပါးကြီးမြွေကြီးကိုကိုင်၍ ပြန်ထွက်လာစေ)
"စပါးကြီးမြွေကြီးပါ. . . လူကို မကိုက်တတ်ပါဘူး၊ ကျွန်တော်တို့ တောင်ယာတက်ခုတ်ရင်း အမြဲတွေ့နေကျပါ၊ မြွေသူတော်ကောင်းကြီး တွေလေ၊ အဲ. . . ဒါပေမဲ့ မိတ်လိုက်တဲ့အချိန်နဲ့ မြွေရေခွံလဲတဲ့ အချိန်တွေမှာတော့ သူ့ကို သွားကိုင်ရင် ကိုက်တတ်တယ်၊ ဒါပေမဲ့ အဆိပ်မရှိပါဘူး၊ သွေးထွက်ရုံလောက်ပဲ ထိခိုက်တာပါ"
(ရှန်မောင်က မြွေကြီးကို လူဦးဇင်၏ မျက်နှာရှေ့တည့်တည့် မြှောက်၍ ပြစေ၊ လူဦးဇင်မှာ မြွေကြီးကိုကြည့်၍ ကြောက်လန့်နေစေ။)

လူဦးဇင် ။ ။ "အမလေး ဘုရားငုတ်တုတ်၊ အား. . . ကြောက်. . . ကြောက်တယ်ဗျ"

တင်ယု ။ ။ "ကဲ. . . ငရှန်မောင် သူအကြောက်လွန်နေပြီ၊ အဲဒါကြီးကို မင်းပဲ တော်ရာသွားပို့လိုက်ပါကွာ"

ရှန်မောင် ။ ။ "ဟုတ်ပါပြီဗျာ. . . ပို့မှပို့ ကတို့ထိပို့ရမှာပေါ့၊ ဟိုမြင်ကျတောင်တောစပ် သွားလွှတ်လိုက်မယ်၊ ကျုပ်က ဒိုးပတ်လာဝယ်တာဗျ"

တင်ယု ။ ။ "အေး. . အေးပါ၊ အဲဒါကြီးကိုသာ အရင်သွားလွှတ်လိုက်ပါကွာ၊ အပြန်ကျတော့မှ ဒိုးပတ်ဝယ်ပါ၊ အဆင်သင့်ရှိပါတယ်၊ ငွေကြေး မပါလည်း ယူသွား နောက်မှပေးပေါ့၊ ကျေးဇူးရှင်ရယ်. . . ဟဲ. . ဟဲ၊ ကိုင်း မြန်မြန်သွား. . . "

(ရှန်မောင်က မြွေကြီးကိုကိုင်လျက် လက်ဝဲဘက်ဇာတ်ခွင်သို့ ပြန်ဝင်သွားစေ၊ ထိုအခါမှ လူဦးဇင်က ထိတ်ခနဲ အမှတ်ရဟန်နှင့်ပြောစေ။)

လူဦးဇင် ။ ။ "ဟာ. . . ခုမှ သတိရတယ်၊ ရုံထဲမှာ နေပြည်တော်ကပို့လိုက်တဲ့ လျှို့ဝှက်ကြေးနန်း၊ ကျွန်တော် အင်္ဂလိပ်စကားလွှာပေါ်မှာ ဖော်ပြီးသား၊ အဲ. . . အဲဒါ အရေးကြီးတယ်၊ အခုညတွင်းချင်း တပ်မှူးကြီးထံ ပေးပို့ရမှာ၊ လုပ်. . လုပ်ပါဦး၊ ကျွန်. . ကျွန်တော် အထဲကို မ. . . မဝင်ရဲဘူး"

တင်ယု ။ ။ "ရဲရဲသွားစမ်းပါ. . . အထဲမှာ ဘာကောင်မှ မရှိတော့ပါဘူး"

လူဦးဇင် ။ ။ "လိုက်. . . လိုက်ခဲ့ပါဦးဗျာ"

တင်ယု ။ ။ "ဟကောင်. . . လျှို့ဝှက်ကြေးနန်းဆို၊ ငါလိုက်လို့ မဖြစ်ဘူးလေ၊ တာဝန်မရှိဘဲ အဲဒီအနား မသွားသင့်ဘူး"

လူဦးဇင် ။ ။ "လာ. . . လာပါဗျာ၊ အဲဒီ ကြေးနန်းစာကို နောင်ကြီး ဖတ်မကြည့်ရင်ပြီးတာပဲ၊ အပြင်ဘက်ကဖြစ်ဖြစ် စောင့်ပေးစမ်းပါဗျာ"

တင်ယု ။ ။ "ကဲ. . . ကဲ သတ္တိခဲကြီး ရှေ့ကကွ"

(နှစ်ဦးသား ကြေးနန်းရုံဘက်သို့ သွားကြစေ၊ ကြေးနန်းရုံအဝရောက်သောအခါ လူဦးဇင်က သူ့စိတ်ကိုတင်းသည့်ဟန်ဖြင့် လက်ခမောင်းခတ်၍)

လူဦးဇင် ။ ။ "အို. . . ဘာတဲ့. . . ငါဟဲ့ လူဦးဇင်၊ ပြိုင်စံရှားတဲ့ နိုင်ငံခြားက ပြန်လာတာကွ၊ ဟေ့ ဘယ်သူမှ အတွေးမစားနဲ့၊ မကွေးသားအကြောင်း ပြရသေးတာပဲ့"

တင်ယု ။ ။ "ဟဲ့. . . ဟဲ့. . . အို. . . သူခိုးပြေးမှ ထိုးကွင်းထနေပြန်ပြီ၊ ကဲ. . . ကဲ. . . အထဲကို ဝင်မှာဖြင့် ဝင်စမ်း"

(လူဦးဇင်က ကြေးနန်းရုံထဲသို့ မဝံ့မရဲ လှမ်းကြည့်ပြီး အတော်သတိထားသည့်ဟန်နှင့် ဝင်သွားစေ၊ ဝင်သွား၍ ခေတ္တအကြာ လူဦးဇင် အထိတ်တလန့်နှင့် ပြန်၍ ပြေးထွက်လာစေ။)

လူဦးဇင် ။ ။ "အမလေး. . . ကိုယ်. . . ကိုယ်. . . ကိုယ်ကျိုးတော့ နည်း. . . နည်းပါပြီဗျ"

တင်ယု ။ ။ (ပျာပျာသလဲ ဖြစ်သွားသည့်ဟန်ဖြင့်)
"ဟဲ့. . ဟဲ့. . ဟဲ့. . ဘာလဲ. . . မွှေ. . . မွှေကိုက်လိုက်လို့လား"

လူဦးဇင် ။ ။ "မွှေကိုက်တာထက် ဆိုးတယ်ဗျ၊ ငယ်ထိပ် မွှေအပေါက်ခံရတာကမှ တော်ဦးမယ်. . . အီး. . . အီး. . . ဟီး. . . ဟီး. . . "

တင်ယု ။ ။ "ဟဲ့. . . ယောကျ်ားတန်မဲ့ ငိုမနေနဲ့လေ"

လူဦးဇင် ။ ။ "ငိုရတာပေါ့ဗျ၊ ကျုပ်ကိစ္စက သေဒဏ်ဗျ. . . သေဒဏ်"

တင်ယု ။ ။ "အို. . . ငိုနေလို့ မပြီးဘူးလေ၊ အကြောင်းစုံပြောပြမှပေါ့"

လူဦးဇင် ။ ။ (ဝမ်းနည်းပက်လက် အမူအရာဖြင့်)
"နေပြည်တော်က ပို့လိုက်တဲ့ ကြေးနန်းစက္ကူလွှာ မရှိတော့ဘူးဗျ၊ အဲဒါ အရေးတကြီးကြေးနန်း"

တင်ယု ။ ။ "ဟဲ့. . . လေလွင့်ပြီး စားပွဲခုံအောက် ကျနေတာ ဖြစ်ပါဦးမယ်"

လူဦးဇင် ။ ။ "ကျုပ်သေသေချာချာ ရှာပြီးပါပြီ၊ ငါးတောင်ပတ်လည်လောက်ရှိတဲ့ ဒီအခန်းကျဉ်းလေးထဲ အကုန်ရှာပြီးပြီ၊ ကျုပ်. . . ကျုပ်တော့ သေချာပေါက် မင်းပြစ်ဒဏ်သင့်ပြီး ကွပ်မျက်ခံရမှာ သေချာပါတယ်ဗျာ၊ အား. . . ဟား. . . အီး. . . ကျုပ် မိန်းမတောင် မရလိုက်သေးပါဘူးဗျာ. . . အီး. . . ဟီး. . . ဟီး. . . "

တင်ယု ။ ။ "ဟယ်. . . အရေးထဲ တဏှာရူးက ထနေပြန်ပြီ၊ ဒီကိစ္စ အရေးကြီးတယ်၊ ငါပါ မင်းနဲ့ အဖော်လိုက်ခဲ့မိလို့ ငါ့မှာပါ တာဝန်ရှိလာပြန်ပြီ"
(ထိုအချိန် ဇာတ်ခွင်အတွင်းသို့ ဗိုလ်မှူး နန္ဒကျော်ခေါင်နှင့် ရဲမက်များ ဝင်လာစေ)

နန္ဒကျော်ခေါင် ။ ။ "ဟေ့. . . ဟေ့. . . ကြေးနန်းဆရာ လူဦးဇင်"

လူဦးဇင် ။ ။ "ဘုရား . . . ဘုရား. . . "
(ငတင်ယုဘက်လှည့်၍)
"နောင်ကြီး. . . နောင်ကြီး. . . ဒုက္ခကြီးလာပြီဗျ"

တင်ယု ။ ။ "ငါလည်း မင်းဘက်က ကူညီဖြေရှင်းပေးပါ့မယ်၊ မင်းပေါ့လျော့မှု မဟုတ်ဘူးဆိုတာ ငါသက်သေရှိနေပါတယ်၊ ကဲ မင်း မပူပါနဲ့ကွာ"

နန္ဒကျော်ခေါင် ။ ။ "ဟေ့. . . လူဦးဇင်"

လူဦးဇင် ။ ။ "ဘုရား. . . ဗိုလ်မှူးရောက်လာတာနဲ့ အတော်ပါပဲ ဘုရား၊ ကျွန်တော်မျိုးကြီး ဒုက္ခရောက်နေပါတယ်ဘုရား၊ ကယ်တော်မူပါဘုရား"

နန္ဒကျော်ခေါင် ။ ။ "ဟဲ့. . . ရောက်မဆိုက် ဘာဒုက္ခတွေလဲဟဲ့"
(ရဲမက် ငတင်ယုက ဝင်၍ပြောစေ။)

တင်ယု ။ ။ "မှန်လှပါ. . . ကျွန်တော်မျိုး ရဲမက်ငတင်ယု လျှောက်ထားပါရစေ ဘုရား"

နန္ဒကျော်ခေါင် ။ ။ "ဟဲ့. . . ဘာများလဲဟဲ့ ပြောစမ်းပါ့"

တင်ယု ။ ။ "မှန်လှပါ၊ မကြာသေးမီအချိန်လောက်က ဟောဒီ ကြေးနန်းရုံထဲကို မြွေကြီးတစ်ကောင်ဝင်လာလို့ ကြေးနန်းဆရာက ကျွန်တော်မျိုးအိမ်ကို ထွက်ပြေးလာပါတယ် ဘုရား၊ အဲဒီအချိန်မှာ ရဲမက် ငရှုန်မောင်ရောက်လာလို့ အကူအညီတောင်းတော့ ကြေးနန်းရုံထဲကိုဝင်ပြီး အိမ်မွေးတိရစ္ဆာန်တစ်ကောင်ဖမ်းသလို ဖမ်းယူလာပါတယ် ဘုရား၊ အခု ရဲမက်ငရှုန်မောင်က မြွေကြီးကို သွားလွှတ်နေပါတယ် ဘုရား၊ ဒါပေမဲ့ ဟောဒီကြေးနန်းဆရာက ကြေးနန်းရုံထဲ ပြန်ဝင်တဲ့အခါ နေပြည်တော်က လျှို့ဝှက်အရေးကြီးကြေးနန်းစာလွှာ ပျောက်နေတာ တွေ့ရပါတယ် ဘုရား"

နန္ဒကျော်ခေါင် ။ ။ "အလို. . . လျှို့ဝှက်ကြေးနန်းစာ ဆိုပါလား၊ ဟဲ့. . . ဒီအရေးက ပေါ့သေးသေး မဟုတ်ဘူးလေ၊ ဟဲ့ ရဲမက်တွေ ကြေးနန်းရုံထဲ ဝင်ရှာကြစမ်း"
(ရဲမက်များ ကြေးနန်းရုံပတ်ခြာလည်နှင့် အတွင်းသို့ စေ့စေ့စပ်စပ် ရှာနေကြစေ၊ ခဏနေ ရဲမက်တစ်ဦးမှ)

ရဲမက် ။ ။ "ဘာကြေးနန်းစာမှ မတွေ့ရပါဘူး ဘုရား"
(ထိုအခါ လူဦးဇင်က)

လူဦးဇင် ။ ။ "ကျွန်တော်မျိုး ကြေးနန်းယူပြီးလို့ စက္ကူလွှာမှာ ကြေးနန်းဖော်ပြီးရုံ ရှိပါသေးတယ် ဘုရား၊ ဟောဒီ ပြူတင်းပေါက်ကနေ မြွေကြီးဝင်လာလို့ ဒီအတိုင်းထားပြီး ပြေးထွက်ခဲ့ရတာပါ ဘုရား"

နန္ဒကျော်ခေါင် ။ ။ "ဟဲ့. . . ငတင်ယု"

တင်ယု ။ ။ "ဘုရား"

နန္ဒကျော်ခေါင် ။ ။ "ငါလည်း မောင်မင်းထံ အိုးစည်ဝယ်ဖို့ လာတာပဲ၊ ဒီကျတော့ အရေးပေါ်ကိစ္စနဲ့ တည့်တည့်တိုးနေပြီ၊ တာဝန်ဝတ္တရားအရ ရှောင်လွှဲလို့လည်းမရဘူး၊ ဒီကိစ္စက အရေးကြီးတယ်၊ ကိုင်း ငါမေးမယ်၊ မောင်မင်းတို့ရဲ့ ကြေးနန်းရုံထဲ ငရှန်မောင်အပြင် ဘယ်သူ ဝင်သေးသလဲ"

တင်ယု ။ ။ "မှန်လှပါ။ . . အခြားဘယ်သူမှ မဝင်ပါဘူး ဘုရား"

နန္ဒကျော်ခေါင် ။ ။ "စောစောက မောင်မင်းပြောတယ်၊ ငရှန်မောင်က မွှေကြီးကို အိမ်မွေးတိရစ္ဆာန်လေးတစ်ကောင်လို ဖမ်းယူကိုင်တွယ်တယ်ဆို"

တင်ယု ။ ။ "မှန်လှပါ။ . . မွှေကြီးကို သူက မကြောက်မရွံ့ဘဲ ယုယုယယနဲ့ ကိုင်တွယ်လာတာ တွေ့ရပါတယ် ဘုရား"

နန္ဒကျော်ခေါင် ။ ။ "မောင်မင်းနဲ့ ငရှန်မောင်တို့မှာ ရန်ငြိုးရန်စရှိသလား"

တင်ယု ။ ။ "မရှိပါဘုရား၊ အလွန်ခင်မင်တဲ့ ရဲမက်တွေပါ၊ သူက ကျွန်တော်မျိုးထံ ဒိုးပတ်ဝယ်ဖို့ လာတာပါ ဘုရား"

နန္ဒကျော်ခေါင် ။ ။ "အိမ်း. . . တန်တော့၊ ငါတွေးမိပြီ၊ ရဲမက်ငရှန်မောင်က ငတင်ယုအိမ် ဒိုးပတ်ဝယ်ဖို့ လာတာကို အကြောင်းပြပြီး သူကိုယ်တိုင် မွေးမြူထားတဲ့ မွှေကြီးကို ကြေးနန်းရုံ ပြတင်းပေါက်ကနေ သွင်းထည့်လိုက်မယ်၊ မောင်မင်းတို့ မွှေကြီးတွေ့ပြီး ပြဿနာတက်နေတဲ့အချိန်မှာ မှင်မောင်းကောင်းကောင်းနဲ့ ဒိုးပတ်လာပြီး ဝယ်ဟန်ပြုမယ်၊ မောင်မင်းတို့က အကူအညီတောင်းတော့ မွှေကြီးကို ဝင်ဖမ်းရင်း လျှို့ဝှက်ကြေးနန်းကို သူ့ရင်ဖုံးအင်္ကျီထဲ လျှိုထည့်ခိုးယူသွားတာပဲ ဖြစ်နိုင်တယ်၊ အဲဒီကောင်ဟာ ဗြိတိသျှသူလျှို ဖြစ်ရမယ်၊ ကဲ. . . ဒင်း ဘယ်သွားလဲ"

တင်ယု ။ ။ "မှန်လှပါ။ . . ခုလေးတင် မွှေကြီးကို မြင်ကျတောင်တောထဲ သွားလွှတ်မယ် ပြောပါတယ် ဘုရား"

နန္ဒကျော်ခေါင် ။ ။ "ဟဲ့. . . ရဲမက် ငဆော်ကြီး၊ တပ်မှူးကြီးထံ အခုအဖြစ်အပျက်တွေကို အမြန်သတင်းသွားပို့၊ ဟေ့ ကျန်တဲ့ရဲမက်တွေ ငရှန်မောင်ကို မိအောင်ဖမ်းကြဟေ့"

(တေးဂီတမှ မြန်မာ့ဆိုင်းဝိုင်းနှင့် ဗိန်းဗောင်းတီးခတ်စေ။)

(ရဲမက်များ ဇာတ်ခွင်၏နောက်သို့ ပြေးထွက်သွားစေ။)

"ဟေ့. . . ငရှန်မောင်ကို ရှာဖွေဟ. . . "

(နောက်ခံမှနေ ရဲမက်များ ပြောဆိုသံ ထွက်ပေါ်နေစေ။)
“ဟေး. . . ငရှန်မောင်ကို ဖမ်းဟေ့. . . ”
“ဟေ့. . . ငရှန်မောင်. . . . မပြေးနဲ့၊ တွေ့ပြီဟေ့”
“တွေ့ပြီဟေ့. . . ဝိုင်းဟ. . . ဝိုင်းဟ”
“မိပြီဟေ့. . . လက်ပြန်ကြိုးတုတ်”
(ဗိုလ်မှူး နန္ဒကျော်ခေါင်နှင့် ရဲမက် ငတင်ယုတို့က ဇာတ်ခွင်၏ လက်ယာဘက်သို့ မျှော်ငေးစေ။)

(ကတ္တီပါ ပြည်ဖုံးကားကြီးချစေ)

(အခန်းပြောင်းတီးလုံးတီးစေ)

ဇာတ်ဝင်ခန်း (၁၂) ပြီး၏။

ဇာတ်ဝင်ခန်း (၁၃)

နေရာ - မင်းလှခံတပ်ကြီးအတွင်း အုပ်ချုပ်ရေးရုံးခန်း။

အပြင်အဆင် - ရုံးခန်းပုံအတွင်း ပန်းချီဇာတ်ကားကြီး ချထားရမည်။

အလင်းရောင် - အဖြူရောင် ဖွင့်ထားရမည်။

သရုပ်ဆောင် - ဖောင်ဝန်မင်း မဟာမင်းထင် မင်းလှသီဟသူနှင့် ဗိုလ်မှူးနန္ဒကျော်ခေါင်နှင့် ရဲမက်များ၊ တရားခံ ငရှန်မောင်၊ ငတင်ယုနှင့် လူဦးဇင်။

ဇာတ်ဝင်ခန်းစ - **(ကတ္တီပါ ပြည်ဖုံးကားကြီးဖွင့်စေ)**
(တပ်မှူးကြီးက အခက်အလက်များပါသော နောက်မှီကုလားထိုင်ကြီးတွင် ထိုင်နေပြီး ဗိုလ်မှူးနန္ဒကျော်ခေါင်နှင့် ရဲမက်များက မတ်တတ်ရပ်နေစေ၊ တရားခံအဖြစ် ငရှန်မောင်၊ ငတင်ယုနှင့် ကြေးနန်းဆရာ လူဦးဇင်တို့က တပ်မှူးကြီးရှေ့တွင် ဆောင့်ကြောင့်ထိုင်နေကြစေ)

တပ်မှူးကြီး ။ ။ "ဟဲ့ . . . ဗိုလ်မှူးနန္ဒကျော်ခေါင်၊ အမှုအကြောင်းအရာများကို တင်လျှောက်စေ"

နန္ဒကျော်ခေါင် ။ ။ "မှန်လှပါ. . . မင်းလှခံတပ်ကြီး၏ ယာယီအုပ်ချုပ်ရေးတပ်မှူးကြီး ဖောင်ဝန်မင်း မဟာမင်းထင် မင်းလှသီဟသူကို ကျွန်တော်မျိုးလှေသင်းဗိုလ်မှူး နန္ဒကျော်ခေါင် ရိုသေစွာ လျှောက်တင်အပ်ပါသည်ဘုရား"

"ယမန်နေ့ည နေဝင်ရီအချိန်က မြန်မာပြည်ရဲ့ ပထမဦးဆုံးကြေးနန်းရုံဖြစ်သော ကြေးနန်းရုံတော်တွင် တရားခံ ကြေးနန်းဆရာ လူဦးဇင်သည် အရေးကြီး လျှို့ဝှက်ကြေးနန်းစာ ပျောက်ဆုံးသွားသော အရေးတော်ဖြစ်ခဲ့ကြောင်းပါဘုရား"

"အမှုဖြစ်စဉ်ကို တင်ပြရမည်ဆိုပါလျှင် ကြေးနန်းဆရာ ငလူဦးဇင်သည် လျှို့ဝှက် ကြေးနန်းစာကို စက္ကူလွှာပေါ်၌ ရေးသားဖော်ပြပြီးချိန်၊ ပြတင်းပေါက်မှ စပါးကြီးမြွေတစ်ကောင် ဝင်ရောက်လာသဖြင့် ကြောက်လန့်ထွက်ပြေးရာမှ အိုးစည်ဒိုးပတ်လုပ်ကိုင်သော ရဲမက်ငတင်ယုထံ အကူအညီတောင်းခံပါသည်။ ရဲမက် ငတင်ယုက ဒိုးပတ်ဝယ်ရန် အကြောင်းပြလာသူ ရဲမက်

ငရှန်မောင်ကို ဆက်လက်အကူအညီတောင်းခံသဖြင့် ရဲမက် ငရှန်မောင်က သူကိုယ်တိုင်ထည့်ခဲ့သော မွေကြီးကို ဖမ်းဆီးရင်း ကြေးနန်းစာကို ခိုးဝှက်ခဲ့ကြောင်းပါဘုရား"

"ဤအမှုတွင် ရဲမက် ငရှန်မောင်နှင့် ရဲမက် ငတင်ယုတို့က ကြိုတင် ကြံစည်ခဲ့ပါကြောင်း ကောက်ချက်ချမှတ်ရပါသည်ဘုရား"

တပ်မှူးကြီး ။ ။ "ဟဲ့. . . ကြေးနန်းစာကို ပြန်ရခဲ့သလား"

နန္ဒကျော်ခေါင် ။ ။ "မှန်လှပါ. . . ကျွန်တော်မျိုးတို့ ဖမ်းဆီးမိတဲ့အချိန်မှာ ရဲမက် ငရှန်မောင်ရဲ့ လက်ထဲတွင် ကြေးနန်းစာမရှိတော့ကြောင်းပါ ဘုရား"

တပ်မှူးကြီး ။ ။ "ဒီအမှုအပေါ် ဘယ်လိုသုံးသပ်ပါသလဲ"

နန္ဒကျော်ခေါင် ။ ။ (က) "မှန်လှပါ ကြေးနန်းဆရာ လူဦးဇင်သည် ဤလျှို့ဝှက် ကြေးနန်းစာကို အသက်နဲ့လဲ၍ ကာကွယ်စောင့်ရှောက်ရမည့် တာဝန်ရှိပါလျက် ဘာမဟုတ်တဲ့ မွေကြီးတစ်ကောင်ကို ကြောက်လန့်၍ တာဝန်ဝတ္တရားများ ပျက်ယွင်းခဲ့ပါသည် ဘုရား၊ ထို့ကြောင့် တရားခံ လူဦးဇင်ကို တာဝန်ဝတ္တရား ပျက်ကွက်မှုဥပဒေနှင့် အရေးယူသင့်ကြောင်းပါ ဘုရား"

(ခ) "တရားခံ ငတင်ယုသည် ကျူးလွန်သူ ငရှန်မောင်နှင့် ပေါင်းဖက်၍ အလိုတူအလိုပါ ပြုလုပ်သဖြင့် တိုင်းပြည် သစ္စာဖောက်မှုနှင့် အရေးယူသင့်ကြောင်းပါဘုရား"

(ဂ) "အဓိက တရားခံဖြစ်သော ငရှန်မောင်သည် တိုင်းပြည်၏ လျှို့ဝှက်ချက်ကို ခိုးယူပါသဖြင့် တိုင်းပြည်အပေါ် သစ္စာ ဖောက်တဲ့အပြင် တစ်ဖက်ရန်သူအတွက် ထမ်းဆောင် ပေးပါသဖြင့် ပုန်ကန်မှုထဲတွင် အကျုံးဝင်နေရကာ ပုန်ကန် သစ္စာဖောက်မှုကြီးဖြင့် ကြီးလေးသော အရေးယူမှုများ ပြုလုပ်သင့်ကြောင်းပါ ဘုရား"

တပ်မှူးကြီး ။ ။ (တရားခံများဘက်သို့ကြည့်၍)
"ဟဲ့. . . ကြေးနန်းဆရာ၊ ဗိုလ်မှူးနန္ဒကျော်ခေါင်ရဲ့ စွဲချက်အရ မောင်မင်းက တာဝန်ဝတ္တရားပျက်ကွက်မှုဖြစ်နေတယ်၊ မောင်မင်း ဝန်ခံပါသလား"

လူဦးဇင် ။ ။ "မှန်လှပါ ကျွန်တော်မျိုး၏ ပေါ့ဆမှုကြောင့် ကြေးနန်းစာ ပျောက်ဆုံးကြောင်း ဝန်ခံပါတယ် ဘုရား၊ တပ်မှူးကြီးပေးသော အပြစ်အား ခံယူပါ့မယ် ဘုရား"

တပ်မှူးကြီး ။ ။ "အိမ်း. . . မင်းမှူထမ်းကောင်း ပီသပါပေရဲ့၊ မိမိရဲ့အပြစ်ကို ဝန်ခံပြီး ပေးသောအပြစ်ကို ရဲရဲဝံ့ဝံ့ ခံယူခြင်းဟာ ယောကျ်ားကောင်း ယောကျ်ားမြတ်တို့ရဲ့ စိတ်နေနှလုံးသားပဲ၊ မောင်မင်းရဲ့ တာဝန်မဲ့မှုကို အရေးယူရင် ငါတို့ကိုယ်ကိုယ် ငါတို့လည်း အရေးယူကြရမှာပဲ၊ ဘာကြောင့်လဲဆိုရင် ဒီကြေးနန်းရုံဟာ ခံတပ်ကြီးရဲ့ ဆက်သွယ်ရေး သွေးကြောဖြစ်နေလေတော့ လုံခြုံရေးပြည့်ဝအောင် စီစဉ်ထားရမယ့် သူက ကျုပ်တို့ပဲ၊ ဒါကြောင့် တို့လည်းပဲ တာဝန်မကင်းပါဘူး၊ တာဝန်ပေါ့လျော့ပါပေတယ်၊ ဒါကြောင့် ကိုယ့်ကိုယ်ကိုယ် အရင် အရေးယူတဲ့အနေနဲ့ နက်ဖြန်ခါ ရဲမက်စုံညီ တန်းစီမယ့် စစ်ရေးပြ ကွင်းမှာ ရဲမက်တွေရှေ့မှာ ငါတို့၏ပေါ့လျော့မှုကို ဝန်ချတောင်းပန်ပါ့မယ်"

"ကိုင်း. . . တို့မှာ ဆက်သွယ်ရေးဆရာကလည်း မောင်မင်း တစ်ယောက်တည်းရှိတာမို့ တာဝန်ဝတ္တရားကို ဆက်လက် ထမ်းဆောင်ပြီး နောက်နောင်ခါ ဤသို့မဖြစ်လေအောင် ဂရုစိုက်ရပါမယ်၊ မူလတာဝန်ကို ပြန်လည်ထမ်းဆောင်စေ"

(လူဦးဇဥ်အမှုအား အမိန့်ချမှတ်ပြီး ငရှန်မောင်နှင့် ငတင်ယုတို့ကို အသေအချာကြည့်၍)

"အိမ်း. . . စိတ်မကောင်းပါဘူးကွယ်၊ မောင်မင်းတို့ နှစ်ယောက်ရဲ့ ပြစ်ဒဏ်ဟာ သစ္စာဖောက်တို့သွားရာလမ်းဖြစ်တဲ့ သေဒဏ်ပဲ၊ မောင်မင်းတို့နှစ်ယောက်အမှုကို နောက်ခုနစ်ရက် တစ်ပတ်တိတိ ဆိုင်းငံ့ပေးထားမယ်၊ မောင်မင်းတို့မှာ ထုချေခွင့် ရှိတယ်၊ အယူခံခွင့် ရှိတယ်၊ ချေပခွင့်ရှိတယ်၊ မင်းတရားကြီးထံ အသနားခံခွင့်ရှိတယ်၊ ကိုင်း. . . ကျန်အမှုကို နောက်မှ ဆက်လက်စစ်ဆေးမယ်၊ စစ်ခုံရုံး စဲစေ. . . "

ရဲမက်တစ်ဦး ။ ။ "စစ်ခုံရုံး စဲစေ . . . "

(အသံကျယ်ကျယ်) (ရဲမက်များက တရားခံ ငရှန်မောင်နှင့် ငတင်ယုကို တွဲယူခေါ်သွားစေ၊ ရုံးခန်းအတွင်းမှ အားလုံးထွက်သွားသည်နှင့် တပ်မှူးကြီးနှင့် ဗိုလ်မှူးနန္ဒကျော်ခေါင်တို့ တိုင်ပင်ဆွေးနွေးနေစေ။)

တပ်မှူးကြီး ။ ။ "ဟဲ့. . . နန္ဒကျော်ခေါင်"

နန္ဒကျော်ခေါင် ။ ။ "ဘုရား. . . "

တပ်မှူးကြီး ။ ။ "တရားခံ ငရှန်မောင်နဲ့ ငတင်ယုတို့ ချုပ်ထားတဲ့ အချုပ်ခန်းကို လုံးဝ လူအဝင်အထွက်မရှိစေနဲ့၊ ဧည့်တွေ့ခွင့်လည်း မပေးနဲ့"

နန္ဒကျော်ခေါင် ။ ။ "မှန်လှပါ"

တပ်မှူးကြီး ။ ။ "နောက်ပြီး ငါစီမံတဲ့အတိုင်း မောင်ရင် တစ်သဝေမတိမ်း ပြုလုပ်ပါ"

နန္ဒကျော်ခေါင် ။ ။ "မှန်လှပါ တပ်မှူးကြီး၊ တပ်မှူးကြီးရဲ့ အစီအစဉ်များကို ကျေညက်စွာ သိပြီးပြီမို့ အမှားအယွင်းမရှိအောင် စီမံလုပ်ကိုင်ပါ့မယ် ဘုရား"

တပ်မှူးကြီး ။ ။ "အိမ်း. . . ရင်လေးတယ်ကွယ်၊ ငရှန်မောင်ဟာ ငါ့ရဲ့ အချစ်ဆုံး သူငယ်ချင်း သူရဲကောင်း ငရှန်ကြီးရဲ့သားကွ၊ သူ့အဖေက သူ့သားကို သူ့လို သူရဲကောင်းဖြစ်စေချင်တာ၊ အေး. . . ငါလည်း . . . ငရှန်မောင်ကို သူ့အဖေခြေရာ နင်းစေချင်တာ၊ အို. . . ငါတို့ ဖြစ်စေချင်တိုင်း မျှော်လင့်လို့မရဘူးလေ၊ ဘယ်သူမပြု မိမိမှုတဲ့၊ ကိုယ့်အမှု ကိုယ်ပြုမှ ရပေမပေါ့လေ"

နန္ဒကျော်ခေါင် ။ ။ "လောကကြီးမှာ ကိုယ့်အကြောင်း ကိုယ်ကောင်းမှ ရပါတယ် ဘုရား"

(ကတ္တီပါ ပြည်ဖုံးကားကြီးချစေ)

(အခန်းပြောင်းတီးလုံးဝင်စေ)

ဇာတ်ဝင်ခန်း (၁၃) ပြီး၏။

ဇာတ်ဝင်ခန်း (၁၄)

နေရာ - မင်းလှခံတပ်ကြီးအနီး၊ သွေးသောက်ကြီးမင်းဒင်၏နေအိမ်။
အပြင်အဆင် - သွေးသောက်ကြီးမင်းဒင်နေအိမ် ဇာတ်ကားချထားပြီး အိမ်ရှေ့တွင် ရက်ကန်းစင်တစ်ခုချထားရမည်။
အလင်းရောင် - အဖြူရောင် ဖွင့်ထားရမည်။
သရုပ်ဆောင် - ထိပ်တင်ထား၊ ရဲမက် စံအောင်၊ ရဲမက် မောင်လန်းနှင့် သွေးသောက်ကြီးမင်းဒင်တို့ ပါဝင်သရုပ်ဆောင်စေရမည်။
ဇာတ်ဝင်ခန်းစ - **(ကတ္တီပါ ပြည်ဖုံးကားကြီးဖွင့်စေ)**
သရုပ်ဆောင် - (သွေးသောက်ကြီးနေအိမ်သို့ ဝင်စံအောင်နှင့် မောင်လန်းတို့ ဝင်လာစေ။)

မောင်လန်း ။ ။"ကိုင်း. . . ကိုယ့်လူ. . . ဒါ အကွက်ပဲ၊ ရှန်မောင်က သစ္စာဖောက်မှုနဲ့ အဖမ်းခံရပြီ၊ အခု ထိပ်တင်ထားရဲ့အချစ်ကို မင်းပဲရတော့မယ်၊ အခွင့်အရေးရှိတုန်း သူ့အချစ်ကို မြန်မြန်တောင်းကွ"

စံအောင် ။ ။ (သူ၏ဦးခေါင်းကို ဘယ်ညာယမ်းပြလျက်)
"ဟေ့ကောင် မဟုတ်သေးဘူးလေ၊ ပွဲလန့်တုန်း ဖျာခင်းရအောင် ငါက အချောင်သမား မဟုတ်ဘူးကွ၊ ရှန်မောင် ဒုက္ခရောက်နေတုန်း ငါတစ်ကိုယ်ကောင်းဆန်လိုက်ရင် မတရားရာ ရောက်သွားမှာပေါ့၊ ယောကျ်ားကောင်းပီပီ တရားသဖြင့် ယှဉ်ပြိုင်မှုကိုပဲ ပြချင်တာပါကွာ"

မောင်လန်း ။ ။ "ဟေ့ကောင်. . . အချစ်ပွဲနဲ့ စစ်ပွဲမှာ တရားတာ၊ မတရားတာ မရှိဘူးလေ. . . "

စံအောင် ။ ။ "ဟေ့ကောင်. . . . အဲဒါ လူဖျင်းစကားကွ၊ တရားသောအချစ်ပွဲနဲ့ တရားသော စစ်ပွဲသာ ခင်းသင့်တယ်ဆိုတာ မင်းမသိဘူးလား၊ နောက်ပြီး ရှန်မောင်က ငါတို့ရဲ့ သွေးသောက်သူငယ်ချင်းလေ"
(ထိုအချိန် ထိပ်တင်ထား ဝင်လာစေ။)

ထိပ်တင်ထား ။ ။ "ဟယ်. . . မောင်ကြီး စံအောင်တို့ပါလား၊ အလည်လာကြတာနဲ့ တူတယ်"

စံအောင် ။ ။ ''အလည်လည်းလာရင်း၊ ရှန်မောင်ရဲ့ သတင်းကိုလည်း လာပြောရင်းပါ အမိုင်ယ်"

ထိပ်တင်ထား ။ ။ "မနေ့ညက အဘပြောပြလို့ အကုန်သိပြီးပါပြီ၊ မောင်ကြီး ရှန်မောင် အတွက် ထားထား စိတ်မကောင်းဖြစ်မိတယ်၊ မောင်ကြီး ရှန်မောင်ကို ထားထား အထင်ကြီးထားသမျှ သဲထဲရေသွန်ဖြစ်ရပါတယ်ရှင်"

မောင်လန်း ။ ။ "စိတ်မကောင်းမဖြစ်ပါနဲ့ နှမရယ်၊ သူ့သဘော သူဆောင်သွားတဲ့ ကိစ္စပါ၊ မလုပ်အပ်တဲ့အရာ လုပ်မိတာကို"

စံအောင် ။ ။ "အင်း. . . ခုဟာက စွဲချက်တင်ထားရုံပဲ ရှိသေးတာပါ၊ စီရင်ချက် မချရသေးပါဘူး"

ထိပ်တင်ထား ။ ။ "ဒါနဲ့ မောင်ကြီး. . . စီရင်ချက်ချရင် ဘယ်လိုအပြစ်ပေးမှာလဲ"

စံအောင် ။ ။ (ချက်ချင်းစကားမပြောသေးဘဲ စိတ်မကောင်းဟန် အမူအရာနှင့် ခေါင်းတယမ်းယမ်းပြုကာ)
"အင်း. . . လွယ်တော့ မလွယ်လှဘူး၊ စီရင်ချက်ချ. . . ချ. . ရင်. . "
(ပြောရင်း စကားက ထွက်မလာဘဲ ထစ်နေစေ)

ထိပ်တင်ထား ။ ။ "အို. . . ပြောမှာ ပြောစမ်းပါ မောင်ကြီးရယ်. . . "

စံအောင် ။ ။ (စိတ်ကို တင်းယူသည့်ဟန်ဖြင့်)
"ဟင်း. . . စီရင်ချက် ချ. . . ချ. . . ချရင်. . . သေ. . . သေဒဏ်ပါ"

ထိပ်တင်ထား ။ ။ "ရှင်. . . "(အံ့အားသင့်သွားပြီး ခေါင်းငိုက်စိုက်ကျသွားစေ။)
"မောင်ကြီးရယ်. . . ဖြစ်မှဖြစ်ရလေကွယ်၊ နှမလေး မောင်ကြီးကို မျိုးချစ်စိတ်မာတ်ရှိသူလို့ ထင်ခဲ့မိပါတယ်ရှင်" (ပြောရင်း ခေါင်းကို ပြန်မော့၍ အံကိုကြိတ်ကာ လက်သီးနှစ်ဖက်ကို နာနာဆုပ်လိုက်ပြီး)
"အခု. . . အခုတော့ မောင်ကြီးဟာ နှမလေး မနှစ်မြို့ဆုံးအရာဖြစ်တဲ့ အမျိုးသားသစ္စာဖောက် ဖြစ်နေပါရောလား. . . ဟင်း. . . ဟင်း. . . တိုင်းပြည်အပေါ်၊ မင်းတရားကြီးအပေါ် သစ္စာစောင့်သိမှု မရှိတဲ့သူကိုတော့ နှမလေး မုန်းတယ်. . . မုန်းတယ်. . . အဟင့် ဟင့်. . . ဟင့်. . . "
(ထိပ်တင်ထားမှာ ငိုယို၍ ဇာတ်ခွင်အတွင်းမှ ပြေးထွက်သွားစေ။)

စံအောင် ။ ။ "အို. . . အမိငယ် . . . အမိငယ်"
(ထိုအချိန်တွင် သွေးသောက်ကြီးမင်းဒင် ဝင်လာစေ)

မင်းဒင် ။ ။ "ဟဲ့. . . ဟဲ့. . . ဘာဖြစ်နေကြတာလဲဟဲ့"

စံအောင် ။ ။ "မှန်လှပါ. . . ရဲမက်ဂရုန်မောင်အကြောင်း ပြောပြလိုက်လို့ အမိငယ် စိတ်မကောင်းဖြစ်သွားတာပါ ဘုရား"

မင်းဒင် ။ ။ "အို. . . သမီးလေး စိတ်မကောင်းဖြစ်တာ မပြောနဲ့ ငါလည်းပဲ စိတ်မကောင်းဖြစ်မိတယ် မောင်မင်း၊ အိမ်း. . . ဖြစ်ဖြစ်သမျှ ကြုံလာရတဲ့ လောကဓံတွေပါ၊ သူ့ဘဝနဲ့သူ ဖြစ်ထိုက်လို့ ကြုံရပေမယ့် သူ့အပေါ် သံယောဇဉ်ရှိကြတဲ့ ငါတို့မှာ ဘယ်လိုမှ ဖြေသိမ့်လို့ မရပေဘူးကွယ်"

မောင်လန်း ။ ။ "မှန်လှပါဘုရား. . . သွေးသောက်ကြီးရဲ့ အမြင်မှာ ရှုန်မောင်အပေါ် ဘယ်လိုမြင်ပါသလဲ ဘုရား"

မင်းဒင် ။ ။ "အခုဟာက ဗိုလ်မှူးနန္ဒကျော်ခေါင်ရဲ့ အမှုဖြစ်စဉ်အပေါ် ကောက်ချက်ချပြီး အမှုစွဲတင်တဲ့အဆင့်ပဲရှိပါသေးတယ်၊ နောက်တစ်ခါ အမှုစစ်တဲ့ အခါ ငရှန်မောင်တို့က စွဲချက်အပေါ် ချေပလျှောက်ထားနိုင်ပါသေးတယ်၊ အင်း. . . ရှန်မောင်က ဒီလို သစ္စာဖောက်အလုပ်ကို လုပ်လိမ့်မယ် မထင်မိပါဘူးကွယ်၊ ထန်းသီးကြွေခိုက် ကျီးနင်းခိုက် ကြုံသွားတယ် ထင်သည်ပါ့"

(ထိုအချိန် ဇွဲထက်ရှင်နှင့် ရှင်ရဲထွဋ်တို့ ဝင်လာစေ။)

ဇွဲထက်ရှင် ။ ။ "အလို. . . သွေးသောက်ကြီးတို့ ရဲမက် ငရှန်မောင်အကြောင်း ပြောနေကြသည်ထင်ပါ့၊ အင်း. . . သွေးသောက်ကြီးထင်သလို ထန်းသီးကြွေခိုက် ကျီးနင်းခိုက် ကြုံတယ်ဆိုသလိုလည်း ဖြစ်နိုင်ပါတယ်။ ဒီကိစ္စက နိုင်ငံတော် သစ္စာဖောက်မှုကြီးပဲ၊ ကွန်တော်မျိုးတို့ ဆိုရင် ဒီလိုသစ္စာဖောက်အလုပ်ကိုလုပ်ဖို့ နည်းနည်းမှ မစဉ်းစားမိပါဘူး ဘုရား"

မောင်လန်း ။ ။ "အမယ်. . . သူခိုးက လူလိုဟစ်နေပြန်ပြီ"

(မောင်လန်းစကားကြား၍ ဇွဲထက်ရှင် ထိတ်လန့်သွားစေ။)

ဇွဲထက်ရှင် ။ ။ "ဟာ. . . ဟာ. . . မင့်စကားက ကြောက်စရာကောင်းလှချေရဲ့၊ မင်း. . . မင်း. . . လူကို ခင်ရင် ရာဇဝတ်သင့်မယ့်စကားနဲ့ မကျီစယ်ပါနဲ့လားကွာ"

မောင်လန်း ။ ။ "ဟ. . . ကျီစယ်နေတာ မဟုတ်ဘူး၊ တည့်တည့်ပြောတာ"

မင်းဒင် ။ ။ "ဟာ. . . ပြောစမ်း၊ ဒီကောင် ငဇွဲထက်ရှင် ဘာလုပ်ခဲ့သလဲ၊ နိုင်ငံတော် သစ္စာဖောက်မှုလား၊ ခိုးမှုလား၊ လုယက်မှုလား"

မောင်လန်း ။ ။ "သစ္စာမရှိမှုပါဘုရား၊ သူတွင်မဟုတ်ဘူး၊ ဟိုဘက်က ငရှင်ရဲထွဋ်ပါပါသေးတယ် ဘုရား"

(ရှင်ရဲထွဋ်မှာ မျက်လုံးပြူးသွားကာ)

ရှင်ရဲထွဋ် ။ ။ "ဟာ. . . ဟာ. . . ငါ့ကို ဆွဲမထည့်နဲ့၊ သူ. . . သူ. . .

(ဇွဲထက်ရှင်ကို လက်ညှိုးထိုး၍) သူလုပ်တာ. . . "

ဇွဲထက်ရှင် ။ ။ "ဟာ. . . ဟာ. . . မင်းလည်းပါတယ်လေ"

ရှင်ရဲထွဋ် ။ ။ "အို. . . မင်းပဲ ငါ့ကို မြှောက်ပေးလို့ ငါလုပ်ရတာ"

မင်းဒင် ။ ။ (မျက်နှာရိပ် မျက်နှာထားနှင့် အသံမာမာပြောစေ)

"ဟိတ်. . . တိတ်စမ်း၊ မင်းတို့နှစ်ယောက် သစ္စာမရှိတဲ့အလုပ် လုပ်ခဲ့တယ်ပေါ့၊ တန်တော့ ငါက ငရှန်မောင်နဲ့ ငတင်ယုကို အစကတည်းက ဒီလိုအလုပ်မျိုး မလုပ်လောက်ဘူးလို့ ထင်ထားတာ၊

အခုတော့ မှန်နေပြီပေါ့၊ လက်စသတ်တော့ မင်းတို့နှစ်ယောက်ကိုး၊ ကိုင်း. . . ဒီနှစ်ကောင် ဖမ်းကြစမ်း”

(ဇွဲထက်ရှင်နှင့် ရှင်ရဲထွဋ်က လက်အုပ်ချီ၍ထိုင်ချကာ)

ဇွဲထက်ရှင် ။ ။ “သနားတော်မူပါ ဘုရား. . . သနားတော်မူပါ”

မင်းဒင် ။ ။ “အို. . . မသနားနိုင်ဘူး”

(ထိုအခါမှ ငစံအောင်က ပျာပျာသလဲ ဝင်ပြောစေ)

စံအောင် ။ ။ “သွေး. . . သွေးသောက်ကြီး ဘုရား၊ သူတို့လုပ်တဲ့အမှုက ဒီလိုပါဘုရား၊ မနေ့က ခံတပ် အနီးနားက ဒေါ်တင်တင် ကျွန်တော်မျိုးထံ ရောက်လာပြီး သူ့သမီးပျောက်နေတဲ့အကြောင်း ပြောပါတယ်ဘုရား၊ ဒါနဲ့ ကျွန်တော်မျိုးက သူတို့အကြောင်းသိပြီးသားမို့ ဇွဲထက်ရှင်ကို သွားတွေ့ပြီး သစ္စာရှိလားလို့ သွားမေးပါတယ်၊ အဲ. . . သူက သစ္စာမရှိဘူးလို့ ငြင်းပါတယ် ဘုရား၊ သူပြောတာကို မယုံလို့ သူတို့နေတဲ့ အခန်းထဲကို သွားကြည့်တော့ ငရှင်ရဲထွဋ်နဲ့ မယ်သစ္စာတို့ကို တွေ့ရပါတယ် ဘုရား။ ဒါကြောင့် ဇွဲထက်ရှင်ကို သစ္စာမရှိဘူးဆိုတဲ့ လိမ်လည်ပြောဆိုမှုအကြောင်းကို ဒီမှာပြန်ပြောပြတာပါ ဘုရား”

မင်းဒင် ။ ။ “ဟင်. . . မောင်မင်းဟာ ငရှန်မောင်တို့ သစ္စာဖောက်မှုနဲ့ မဆိုင်ဘူးပေါ့”

ရှန်မောင် ။ ။ “ဟဲ. . ဟဲ. . သစ္စာဖောက်မှု မဟုတ်ပါဘူး ဘုရား၊ သစ္စာမရှိဘူးလို့ လိမ်လည်ပြောဆိုမှုပါ ဘုရား”

မင်းဒင် ။ ။ “ပြောရင် ရှုပ်နေတာပဲ၊ ဘာသစ္စာလဲ”

စံအောင် ။ ။ “ဒေါ်တင်တင်သမီး မယ်သစ္စာပါ ဘုရား”

မင်းဒင် ။ ။ “တယ်. . . လေ. . . စကားကို ရှုပ်အောင်လုပ်တဲ့ အကောင်၊ သစ္စာဖောက်မှုနဲ့ မယ်သစ္စာဆိုတဲ့ မိန်းကလေးကို မိန်းမခိုးတဲ့ကိစ္စ ရောပြီး ပြောရသလားဟဲ့၊ လာစမ်း. . . ရှေ့ကို. . . ထိုင်စမ်း”

(မောင်လန်းက သွေးသောက်ကြီးရှေ့ ထိုင်လိုက်ချိန်တွင် သွေးသောက်ကြီးက ခြေထောက်ကိုမြှောက်၍ ဖနောင့်နှင့်ပေါက်စေ။)

“ကိုင်း သစ္စာမရှိဘူးလို့ ပြောဦးဟဲ့. . . ပြောဦးဟဲ့. . . ”

မောင်လန်း ။ ။ “အောင်မငေး. . . . ဂျ၊ အောင်မငေး. . . တေပါဝိဂျ”

(ကတ္တီပါ ပြည်ဖုံးကားကြီးချစေ)

(အခန်းပြောင်းတီးလုံးဝင်စေ)

အတ်ဝင်ခန်း (၁၄) ပြီး၏။

ဇာတ်ဝင်ခန်း (၁၅)

နေရာ - မင်းလှခံတပ်ကြီးအနီး၊ အချုပ်ခန်းတိုက်ဆောင်။

အပြင်အဆင် - သံတိုင်များနှင့် တံခါးပိတ်ထားသော အချုပ်ခန်းတိုက်ဆောင်ပုံပန်းချီဇာတ်ကား ချထားရမည်။

အလင်းရောင် - ညဉ့်အမှောင်ဖြစ်သည့်အတွက် ပြာလဲ့လဲ့အလင်းရောင်ဖွင့်ထားပြီး အချုပ်ခန်းတံခါးနှင့် သရုပ်ဆောင်များကို မီးဆလိုက်အဖြူရောင် ထိုးထားရမည်။

သရုပ်ဆောင် - အစောင့်ရဲမက်နှစ်ယောက်နှင့် ငရုန်မောင်၊ ငတင်ယုတို့အပြင် မျက်နှာဖုံးစွပ်ထားသူတစ်ဦးတို့ ပါဝင်ရမည်။

တေးဂီတ - ဇာတ်ခွင်စသည်နှင့် ဒရမ်သံပေး၍ စိတ်ချောက်ချားဖွယ် တီးကွက်ကို တီးထားရမည်။

ဇာတ်ဝင်ခန်းစ - **(ကတ္တီပါ ပြည်ဖုံးကားကြီးဖွင့်စေ)**

သရုပ်ဆောင် - (အစောင့်ရဲမက်နှစ်ယောက်တွင် တစ်ယောက်က သေနတ်ထမ်း၍ တစ်ယောက်က လှံတံကိုင်ကာ အချုပ်ခန်းရှေ့တွင် ခေါက်တုံ့ခေါက်ပြန်လျှောက်နေစေ၊ ထိုစဉ် ရှမ်းဘောင်းဘီအနက်၊ အင်္ကျီအနက်နှင့် မျက်နှာဖုံးအနက်စွပ်ထားသော လူတစ်ယောက်က ခြေသံဖော့ဖော့နင်း၍ မျက်နှာက အရပ်ရှစ်မျက်နှာကို အရိပ်တကြည့်ကြည့်,ကြည့်ရင်းဝင်လာကာ သေနတ်ကိုင်အစောင့်တစ်ယောက်၏ နောက်ကနေ ဇက်ပိုးကို လက်ဝါးစောင်းနှင့် ခုတ်ချလိုက်စေ၊ ထိုအစောင့်လဲကျသွားစဉ် ကျန်အစောင့်ကသိသွား၍ လှံဖျားနှင့်ထိုးမည်ပြုရာ လှံဖျားကို ရိုက်ဖယ်၍ မေးကြောကို လက်သီးနှင့်ထိုးလိုက်စေ၊ လှံကိုင်အစောင့် လဲကျသွားစဉ် အစောင့်၏ခါးကြားမှ သော့တံကိုယူ၍ အချုပ်ခန်းတံခါးကို ဖွင့်လိုက်ရာ ရှုန်မောင်နှင့် ငတင်ယုတို့ ထွက်လာစေ။)

မျက်နှာဖုံးစွပ် ။ ။ "ရှူး. . . တိုးတိုး. . . ပြင်သစ်ပြည်လုပ် သော့ခလောက်ကြီးလည်း ပွင့်သွားပြီ၊ မင်းတို့လည်း လွတ်လာပြီ၊ မင်းတို့ ငါ့နောက်က အသာလိုက်ခဲ့. . . "

ရှုန်မောင် ။ ။ "နောင်ကြီးက. . . "

မျက်နှာဖုံးစွပ် ။ ။ “မမေးနဲ့. . . မင်းတို့ကို သေဒဏ်ချမှာ ကျိန်းသေတယ်၊ ငါနဲ့လိုက်ခဲ့၊ ပြေးပေါက်ပြေးလမ်းပြမယ်” (နှစ်ယောက်သား မျက်နှာဖုံးစွပ်နောက်က လိုက်သွားစေ၊ ဇာတ်ခွင်တစ်ဖက်ထောင့်ရောက်သည်နှင့်)

မျက်နှာဖုံးစွပ် ။ ။ “ရော့. . . ဒီမှာ စာလွှာ၊ မနက်ကျမှ ဖတ်ကြည့်၊ မလွန်ရွာဆိပ်ကမ်းမှာ လှေတစ်စင်း အသင့်လုပ်ထားတယ်၊ အဲဒီလှေနဲ့ ဧရာဝတီမြစ်အတိုင်း စုန်ဆင်းပါ၊ ဆင်ပေါင်ဝဆိပ်ကမ်းမှာ အင်္ဂလိပ်ပိုင်သဘော်ဘော ဆိုက်ကပ်ထားတယ်၊ သဘော်ဆိပ်မှာ စာထဲကပါတဲ့လူနဲ့ဆက်သွယ်၊ ကဲ. . . သွားတော့၊ အချိန်မရှိတော့ဘူး”

(ထိုအချိန်တွင် ကြက်တွန်သံ ထွက်ပေါ်လာပြီး ဗဟိုရှစည်သံ ထွက်ပေါ်လာစေ)

ကြက်တွန်သံ ။ ။ “အောက် အီး အီး အွတ်”

ဗဟိုရှစည်သံ ။ ။ “တူ. . . မောင်. . . . ဒိုင်း. . . ”

(ကတ္တီပါ ပြည်ဖုံးကားကြီးချစေ)

(အခန်းပြောင်းတီးလုံးဝင်စေ)

ဇာတ်ဝင်ခန်း (၁၅) ပြီး၏။

ဇာတ်ဝင်ခန်း (၁၆)

နေရာ - ဆင်ပေါင်ဝဲမြို့၏ တောင်ဘက်မြစ်ကမ်းဘေး။

အပြင်အဆင် - ဧရာဝတီမြစ်နှင့် မြစ်၏အနောက်ဘက်ကမ်းပုံကို နောက်ခံပိတ်ကား ပေါ်တွင် ပရိဂျက်တာနှင့် ထိုး၍ပြထားရမည်။ သုံးပေအမြင့် ရေကားကို ဘက်ဂရောင်းရှေ့ ရှုစ်ပေအကွာတွင် ဆင်ထားပြီး ရေကား၏နောက်တွင် လှေငယ်တစ်စင်း ပြထားရမည်။

အလင်းရောင် - နံနက်ခင်းဖြစ်နေ၍ နီဝါရောင်မီးများ ဖွင့်ထားပြီး သရုပ်ဆောင်များကို အဖြူရောင် မီးဆလိုက်ဖြင့် ထိုးပေးထားရမည်။

တေးဂီတ - ရေလားပတ်ပျိုးတစ်ပုဒ်ကို ပတ္တလားလက်သံကောင်းကောင်းဖြင့် တီးခတ်နေရမည်။

သရုပ်ဆောင် - ငရှန်မောင်၊ ငတင်ယုနှင့် အီတာလျံ သံအရာရှိ အင်ဒရီနို (M. Andreino)၊ စကားပြန် မောင်ဝိုင်းတို့ ပါဝင်သရုပ်ဆောင်ရမည်။

ဇာတ်ဝင်ခန်းစ - **(ကတ္တီပါ ပြည်ဖုံးကားကြီးဖွင့်စေ)**

တေးဂီတ - (အခန်းပြောင်းတီးလုံးပြီးဆုံးသည်နှင့် ရေလားပတ်ပျိုးတစ်ပုဒ်ကို ပတ္တလားပညာရှင်က တီးခတ်နေစေ)

သရုပ်ဆောင် - (ရေကားနောက်ခံမှ လှေငယ်က အနည်းငယ် လှုပ်ရှားနေပြီး ငတင်ယုက လှေကြိုးကို ကမ်းစပ်တွင်ချည်နှောင်နေဟန်ပြုလုပ်စေ။)

ရှန်မောင် ။ ။ "နောင်ကြီးတင်ယု. . . လှေကို ကြိုးချည်လို့ပြီးပလား"

တင်ယု ။ ။ "အေး. . . ပြီးပြီဟေ့၊ ဒါနဲ့ တို့က ဘယ်ကိုဆက်သွားရမှာလဲ"

ရှန်မောင် ။ ။ "အင်း. . . ဟောဒီ. . . (စက္ကူလိပ်ကို ထောင်၍ပြစေ)
စက္ကူလွှာထဲဖတ်ရတာကတော့ အီတလီသံအမတ် မစ္စတာ အင်ဒရီနိုနဲ့ တွေ့ရမယ်တဲ့၊ ဒီနေရာမှာ ချိန်းထားပြီးသားလို့ ဖတ်ရတယ်"
(ထိုစဉ် နိုင်ငံခြားဝတ်စုံကို ဝတ်ဆင်ထားသော လူနှင့် မြန်မာဝတ်စုံ ခေါင်းပေါင်း၊ အင်္ကျီ တောင်ရှည်ဝတ်ဆင်ထားသော သူတို့ဝင်လာစေ။)

တင်ယု ။ ။ "ဟော ဟိုမှာ. . . သိုးဆောင်းဝတ်စုံနဲ့လူ လာတယ်"

သံအမတ် ။ ။ (ရှန်မောင်တို့ကို တွေ့လျှင်တွေ့ချင်း)
"What is your name?"

စကားပြန် ။ ။ "မင်းတို့နာမည် ဘယ်သူလဲတဲ့"

ရှန်မောင် ။ ။ "အကျွန်ုပ် နာမည်က ရှန်မောင်၊ ဟောဒီလူကတော့ တင်ယုပါ"

စကားပြန် ။ ။ (သံအမတ်ဘက်သို့လှည့်၍)
"They are Maung Shan Maung and Maung Tin Yout"

သံအမတ် ။ ။ "OK...OK...I am Mr. Andreino"

စကားပြန် ။ ။ "သူက. . . မစ္စတာ အင်ဒရီနိုပါတဲ့"

ရှန်မောင် ။ ။ "အော်. . . ကျွန်တော်တို့နဲ့ ချိန်းထားတဲ့လူပေါ့၊ ကျွန်တော်တို့ ဘာဆက်လုပ်ရမလဲ"

စကားပြန် ။ ။ "ကိုယ့်နာမည်က စကားပြန် မောင်ဝိုင်းလို့ ခေါ်ပါတယ်။ မောင်ရင်တို့ ကိစ္စအတွက် သံအမတ်ကြီးက ကိုယ့်ကို အာဏာကုန် လွှဲအပ်ထားပါ တယ်၊ အခု မောင်ရင်တို့က တို့နဲ့အတူ သရက်မြို့ကို သွားရမယ်၊ ဟောဟိုမှာ. . . (ဇာတ်ခွင်၏ တစ်ဖက်သို့ ညွှန်ပြ၍) သင်္ဘောဆိုက်ကပ် ထားတယ်၊ မောင်ရင်တို့ကို အဲဒီသင်္ဘောနဲ့ ခေါ်သွားပြီး သရက်မြို့ကို ပို့ပေးမယ်၊ အဲဒီမှာ သံအမတ်ကြီးရဲ့ အဆက်အသွယ်တွေဖြစ်တဲ့ လစ်ဘာပူတပ်မဟာက အမှတ်(၁) မဒရပ်ကင်းထောက်တပ်တွေကို ဦးစီးမယ့် ဗိုလ်မှူးကြီး ရော်လင်ဆင် ရှိတယ်၊ သံအမတ်ကြီးနဲ့ ဗိုလ်မှူးကြီးတို့က မောင်ရင်တို့ ခိုလှုံမှုကို လက်ခံဖို့ အစီအစဉ် ဆွဲထားတယ်"

ရှန်မောင် ။ ။ "ဒါဆို. . . ခင်ဗျားတို့သံအမတ်ကြီးက အင်္ဂလိပ်သူလျှိုပေါ့. . . ဟုတ်လား"

စကားပြန် ။ ။ "အေး. . . နိုင်ငံရေးအခြေအနေအရ လုပ်ပေးနေရတာပါ"

ရှန်မောင် ။ ။ "ဒီကိစ္စ ကျွန်တော်သိတယ်၊ ဖောင်ဝန်မင်းက ပြောပြဖူးတယ်၊ မြန်မာနဲ့ ပြင်သစ်ချုပ်ဆိုထားတဲ့ စာချုပ်နဲ့ ပြင်သစ်ဝန်ကြီးချုပ်ပေးလိုက်တဲ့ စာကို မိဖုရားကြီး စုဖုရားလတ်ဆီမှာ အမှုထမ်းနေတဲ့ နိုင်ငံခြားသူ အပျိုတော်က ခိုးဝှက်ပြီး အီတလီသံမှူးကို ပေးတယ်တဲ့၊ အဲဒီ အီတလီသံအမတ်က အဲဒီလျှို့ဝှက်စာတွေကို အင်္ဂလိပ်ကို ပေးလိုက်ပြီ ပေါ့"

(ခံပြင်းဟန်နှင့်ပြောစေ)

"တောက်. . . မိုက်ရိုင်းလိုက်လေဗျာ၊ တို့မင်းတရားကြီးက သူ့ကို မြှောက်စားခဲ့တာကိုမှ မထောက်ထား၊ ဟင်း. . . ဟင်း. . "

(သံအမတ်ကြီးကို အံကြိတ်၍ကြည့်ရင်း)

"ဒင်း. . . တော့ ငါ့လက်နဲ့ တွေ့တော့မယ်"

(ထိုအခါ ရှန်မောင်ရဲ့အမူအရာကို အကဲခတ်မိသွားဟန်ဖြင့် စကားပြန် မောင်ဝိုင်းက ပြောစေ။)

စကားပြန် ။ ။ "အို. . . မောင်ရင့်စိတ်ကိုထိန်းပါ၊ သူ့ကို မောင်ရင် လွယ်လွယ်နဲ့ အန္တရာယ်ပြုလို့မရဘူးလေ၊ ဟောဒီမှာကြည့် (မောင်ဝိုင်းက လက်ခုပ်တီးလိုက်စေ၊ ထိုအခါ ဇာတ်ခွင်အတွင်းသို့ ရိုင်ဖယ်သေနတ်များနှင့် ချိန်တွယ်ရင်း ကုလားစစ်သားခြောက်ယောက်ဘယ်ညာညှပ်၍ ဝင်လာစေ။)

"မြင်ပလား၊ တို့ကလည်း မောင်ရင်တို့ကို လျှော့တွက်မထားဘူးနော်၊ မောင်ရင်တို့က အခု မင်းပြစ်မင်းဒဏ်သင့်ထားတာ၊ တို့ပြောသလိုမှ မနေရင် မောင်မင်းတို့ မင်းပြစ်ဒဏ်က လွတ်လိမ့်မယ် မထင်နဲ့"

တင်ယု ။ ။ "ဟုတ်တယ် ရှန်မောင်. . . မင်းစိတ်ကို မင်းထိန်းပါ၊ အခုအချိန်က သူ့လိုတန်ဖိုးမရှိတဲ့ လူတစ်ယောက်အတွက် ငါတို့ရဲ့အသက်ကို အဆုံးရှုံးမခံနိုင်သေးဘူး၊ တို့မှာ ဒါ့ထက် အရေးကြီးတာတွေ ရှိသေးတယ်"

(ရှန်မောင်က သက်ပြင်းကို အသာချ၍)

ရှန်မောင် ။ ။ "ဟင်း. . . ဟုတ်ပြီလေ၊ ခင်ဗျားတို့အစီအစဉ်အတိုင်း ကျုပ်တို့ လိုက်လုပ်မယ်၊ အဲ. . . ဒါပေမဲ့ ကောက်ကျစ်မယ်တော့ မကြံနဲ့၊ ရှန်မောင်တို့သွေးက ရဲရဲနီတယ်နော်"

စကားပြန် ။ ။ "ဟုတ်ပြီ စိတ်ချပါ၊ ကိုင်းလာ. . . သင်္ဘောဆီ သွားကြရအောင်၊ ကြာကြာနေ မလိုအပ်တဲ့သူတွေနဲ့ တွေ့ကုန်ရင်အခက်၊ လာ. . . သွားစို့"

(စကားပြန် မောင်ဝိုင်းက ပြောအပြီး ဇာတ်ခွင်ထောင့်ကရပ်နေတဲ့ သံအမတ်ကြီးထံသွား၍ ခြေဟန်လက်ဟန်ဖြင့် ပြောဆိုနေစေ၊ ထိုခဏမှာ ရှန်မောင်က ဇာတ်စင်ရှေ့သို့တိုး၍ ပရိသတ်ဘက် မျက်နှာမူကာ တစ်ကိုယ်တည်း ပြောနေစေ)

(နောက်ခံ ပတ္တလားမှ ပတ်ပျိုးသီချင်းကို လွမ်းငွေ့ဝေအောင် တီးခတ်နေစေ)

ရှန်မောင် ။ ။ "ထားထားရယ်. . . မောင်ကြီး ထားထားကို သိပ်ပြီး သတိရမိပါတယ်ကွယ်၊ မောင်ကြီးလေ ထားထားအပေါ် ဟောဒီလို နှလုံးသားထဲကနေ နင့်နေအောင် ချစ်ခဲ့ရတာပါ၊ အခုတော့ မောင်ကြီး ချစ်တဲ့ ထားထားက မောင်ကြီးကို စိတ်နာနေလောက်ပါပြီ၊ ထားထားလိုချင်တဲ့ အရည်အသွေးမျိုး မောင်ကြီးမှာ ရှိပါတယ်ကွယ်၊ ဒါပေမဲ့ ကံကြမ္မာရဲ့ ဖန်လာတဲ့အရေးရယ်ကြောင့် မောင်ကြီး ဘဝမှာ လူတကာရဲ့ တံတွေးခွက် ပက်လက်မျောခဲ့ရပါတယ်၊ အဲဒီ

သစ္စာဖောက်မှုကြီးကို မကျူးလွန်ခဲ့မိတာအမှန်ပါ၊ ဗိုလ်မှူးနန္ဒကျော်ခေါင် အထင်လွဲခဲ့လို့ မောင်ကြီးမှာ သစ္စာဖောက်တရားခံဖြစ်ခဲ့ရပါတယ်၊ ဒီအတိုင်း ငုံ့ခံနေရင် မောင်ကြီးဟာ တိုင်းပြည် သစ္စာဖောက်မှုနဲ့ ကွပ်မျက်ခံရမှာ အသေအချာပါပဲ၊ မောင်ကြီးလေ၊ မောင်ကြီးဘဝကို သစ္စာဖောက်အဖြစ် ကွပ်မျက်မခံနိုင်ဘူး၊ မောင်ကြီး သေရမှာ မကြောက်ရွံ့ပါဘူး၊ သေရဲပါတယ်ကွယ်၊ ဒါပေမဲ့ သေးသိမ်လှတဲ့ သေခြင်းမျိုးနဲ့ လုံးဝမသေချင်ဘူး ထားထားရယ်၊ ဒါကြောင့် မောင်ကြီးတို့ လွတ်ရာကို ပြေးခဲ့ရတာပါ၊ မောင်ကြီးကို ခွင့်လွှတ်ပါကွယ်”

(ထိုအခါ တင်ယုကလည်း ရှုန်မောင်ရဲ့ဘေးမှ ရပ်လျက် ငိုယိုး၍)

တင်ယု ။ ။ “စည်. . . စည်ရယ်. . . မောင်ကြီးလည်း အစည့်ကို ချစ်ပါတယ်ကွယ်၊ အဟင့်. . အဟင့်”

ရှုန်မောင် ။ ။ “ဘာလဲဗျ. . . စည်. . . စည်. . . ”

တင်ယု ။ ။ “စည်. . . စည်. . ဆိုတာ ငါ့မိန်းမလေ၊ သူ့ရဲ့အလှဟာ အိုးစည်တစ်လုံးလို အကွေ့အဝိုက် အဟိုက်ကလေးတွေနဲ့ အသည်းစွဲအောင် လှလွန်းလို့ စည်စည်လို့ နာမည်ပေးထားတာ၊ အင်း. . . အခုလို ရာဇဝတ်ပြေးဖြစ်နေရတော့ ငါ့မှာပတ်မကြီးတီးနေရတာကိုပဲ သတိရတယ်ကွာ”

ရှုန်မောင် ။ ။ “လာပြန်ပြီ. . . အိုးစည်လုပ်တဲ့သူက အိုးစည်မတီးဘဲ ပတ်မကြီးတီးရတာ လွမ်းလှတယ်လို့ဗျာ၊ ဒါလောက်မှ ပတ်မကြီးတီးချင်လည်း ဟောဒီ စစ်ပွဲကြီးပြီးရင် ဦးစိန်ဗေဒါကြီး ဆိုင်းဝိုင်းထဲလိုက်ပြီး ပတ်မတီးလုပ်ပါလား”

တင်ယု ။ ။ (ဇာတ်မင်းသားဟန်နှင့်ပြောစေ။)

“အင်း. . . ပတ်မတီး လုပ်သင့်ရင်လည်း လုပ်ရတာပ ဇာတ်ဆရာရယ်၊ အဲဒီ စိန်ဗေဒါကြီးရဲ့ ပတ်မကြီးကို ငါကိုယ်တော်တိုင် ဆောက်မား ဆောက်ခုံး ဖွဖွသုံးလို့၊ တုံးတို ယမနေကနေ ပတ်မကြီးဖြစ်တဲ့အထိ လုပ်ခဲ့ရတာပ ဇာတ်ဆရာရယ်၊ အကျွန်ုပ်၏ ချစ်မြဲတဲ့ ချစ်ဇနီးသည် အစည်ဟာလည်း ပထမအစ မူလကတော့ ခါးသေးလို့ရင်ခို ပဒုမ္မာ အဆင်းအလှနဲ့ ဝင်းပတဲ့ အိုးစည်တစ်လုံးလိုပါ့၊ ယခုတော့လေ ဝက်သားကို အလီလီ အဆီကိုမှ သူစားလှ၍ အချက်ပြောင်ပြောင် ဝက်ကောင်ကြီးလို ဝလာပြီး ထိန်ဝေဖြာတဲ့ စိန်ဗေဒါရဲ့ ပတ်မကြီးသို့ အလားရှိရလေပြီ ဇာတ်ဆရာရယ်၊ ဒါကြောင့် သေနတ်မပါတဲ့ ဟောဒီ

ဇာတ်ဆရာပြောသလို ဟောဒီ စစ်မီးကြီးပြီးလေလျှင်ဖြင့်
စည်စည်လို့ခေါ်တဲ့ ပတ်မကြီးကို လက်သီးကိုဆုပ်ကာ သြော်...
လက်သီးကိုဆုပ်ကာ အစည်ဆိုတဲ့ ပတ်မကြီးကို သြော်...
အစည်ဆိုတဲ့ ပတ်မကြီးကိုနော်ဗျာ... ဟောသလို တီး... တီး....
တီးလိုက်ပါတော့မဗျာ"
(ပြောပြောဆိုဆို ရှုန်မောင်၏ ကျောပြင်နှင့် ရင်ဘတ်ကြီးကို သူ၏
လက်သီးဆုပ်နှစ်ဖက်ဖြင့် ပတ်မတီးသလို တီးလိုက်စေ။)

ရှုန်မောင် ။ ။ "အမလေးဗျ"
(ကုလားစစ်သားများက ဝိုင်းရယ်ကြစေ)

(ကတ္တီပါ ပြည်ဖုံးကားကြီးချစေ)

(အခန်းပြောင်းတီးလုံးအဖြစ် ကာလပေါ် လေမှုတ်တူရိယာဝိုင်းမှ ပတ်မကြီးကိုထု၍
ဝိုချင်းဆိုင်းဆန်ဆန် တီးမှုတ်စေ)

ဇာတ်ဝင်ခန်း (၁၆) ပြီး၏။

ဇာတ်ဝင်ခန်း (၁၇)

နေရာ - မင်းလှခံတပ်ကြီးအနီး၊ သွေးသောက်ကြီး မင်းဒင်၏နေအိမ်။
အပြင်အဆင် - သွေးသောက်ကြီး၏ ထရံကာအိမ် ပန်းချီဇာတ်ကားကြီး ချထားပြီး အိမ်ရှေ့တွင် ရက်ကန်းစင်တစ်ခု ထားရှိရမည်။
အလင်းရောင် - မီးအဖြူရောင် ဖွင့်ထားရမည်။
သရုပ်ဆောင် - သွေးသောက်ကြီး မင်းဒင်၊ ထိပ်တင်ထား၊ စံအောင်၊ မောင်လန်း၊ ဇွဲထက်ရှင်နှင့် ရှင်ရဲထွဋ်တို့ ပါဝင်သရုပ်ဆောင်ရမည်။
ဇာတ်ဝင်ခန်းစ - **(ကတ္တီပါ ပြည်ဖုံးကားကြီးဖွင့်စေ)**
(ရှင်ရဲထွဋ်၊ ဇွဲထက်ရှင်တို့က တောင်ရှည်ပုဆိုးစကို မျက်နှာဖုံးလျက် ငိုယိုဟန် ပြုလုပ်နေစေ)

ရှင်ရဲထွဋ် ။ ။ "အဟီး. . . ဟီး. . . အခံရခက်သကွာ၊ ငါဖြင့် သူတို့နှစ်ယောက် လွတ်ဖို့အရေး ဘုရားမှာ ဆုတောင်းလိုက်ရတာ"

ဇွဲထက်ရှင် ။ ။ "ငါလည်းပဲ ချေပခွင့်ရအောင် တပ်မှူးကြီးကို အသနားခံနေရ တာကွ. . . အား. . ဟား. . ဟား အီး. . . "

ငစံအောင် ။ ။ (ငိုယိုနေသူနှစ်ယောက်နားကပ်၍)
"ရောင်းရင်းတို့. . . ရောင်းရင်းတို့. . . ငိုမနေပါနဲ့ကွာ၊ ငါလည်း ရှုန်မောင်တို့ဟာ သစ္စာဖောက် မဟုတ်နိုင်ဘူးလို့၊ တပ်မှူးကြီးကအစ တပ်မှူး တပ်ဗိုလ်တွေအထိ ကာကွယ် ပြောကြားနေတာပါ။ အခုတော့ သူတို့က ထွက်ပြေးကြတယ်၊ အဲဒါက ဝန်ခံလိုက်သလို ဖြစ်သွားတာပေါ့၊ အမှန်ကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်ဖြေရှင်းရင် သူတို့မဟုတ်ဘူးဆိုတာကို အားလုံးက ကောက်ချက်ချကြမှာ၊ အင်း. . . အခုလို ထွက်ပြေးတော့ ဟုတ်နေတယ်လို့ပဲ အများက ထင်ကြပြီပေါ့၊ မိုက်လိုက်တဲ့ လူတွေကွာ. . . "

မောင်လန်း ။ ။ "အဲ. . . ဟိုနှစ်ယောက် ငိုပြနေတယ်၊ ငိုမနေနဲ့ ကိုယ့်လူရေ. . . ဟင်း. . . ဟင်း. . . ငါထင်တယ်နော်. . . ဟင်း ဟင်း. . . ငါထင်တယ်. . . "

ထိပ်တင်ထား ။ ။ (နောက်ကနေ ရောက်လာပြီး)
"အို. . . မောင်ကြီး ဘာထင်တာလဲ"

မောင်လန်း ။ ။ "ဟိုနှစ်ကောင် ငိုနေတာ. . . ဟင်း. . . ဟင်း. . . ငါထင်တယ်"

ဇွဲထက်ရှင် ။ ။ (မလုံမလဲ ဟန်ပြ၍ပြောစေ။)
"ဟေ့. . . ဟေ့ကောင်. . . ဘာထင်တာလဲ"

မောင်လန်း ။ ။ "ဟင်း. . . ဟင်း. . . ငါထင်တယ်"

ရှင်ရဲထွဋ် ။ ။ (ပျာပျာသလဲနှင့်)
"ဟေ့ကောင်. . . မင်း ဘာထင်တာလဲ"

မောင်လန်း ။ ။ "ဘာထင်ရမှာလဲ၊ ရှန်မောင်တို့အဖြစ်ကို သနားနေမိတဲ့အကောင်က ငါထင်တယ်လို့ ပြောတာ"

ဇွဲထက်ရှင် ။ ။ "ဟာ. . . အရေးထဲ လာနောက်နေပြန်ပြီ၊ သူများတွေ စိတ်မကောင်းဖြစ်နေကြရတဲ့အထဲ အဲဒီလို မနောက်သင့်ဘူးကွ"

မောင်လန်း ။ ။ "အေးလေ. . . ငါသိပါတယ်၊ မင်းတို့ စိတ်ပြေရာပြေကြောင်းဖြစ်သွားအောင် ငါက ပျော်တော်ဆက်ပေးလိုက်တာပါကွာ"
(ထိုအချိန် သွေးသောက်ကြီးမင်းဒင် ဝင်လာစေ။)

မင်းဒင် ။ ။ "ကိုင်းကိုင်း. . . အားလုံး ဝမ်းနည်းပက်လက်ဖြစ်နေကြတုန်း ဝမ်းသာစရာစကား ပြောရဦးမယ်"

ထိပ်တင်ထား ။ ။ "ဘာများလဲ အဘ"

မင်းဒင် ။ ။ "တခြားတော့ မဟုတ်ပါဘူး၊ နေပြည်တော်က ရာထူးခန့်အပ်လွှာကြေးနန်းဝင်လာတယ်၊ အဲဒီ ကြေးနန်းထဲမှာ ငါ့ကို ဗိုလ်မှူးရာထူးမြှင့်တင်ပေးလိုက်တယ်တဲ့"

စံအောင် ။ ။ "ဟား. . . ဟန်ကျလိုက်လေ၊ သွေးသောက်ကြီးကို အဆင့်ခုန်ကျော်ပြီး တပ်မှူးအဖြစ် တာဝန်အပ်နှင်းတာပေါ့"

မင်းဒင် ။ ။ "အင်း. . . အဆင့်ခုန်ကျော်တယ်ဆိုတာတော့ဟုတ်တယ်၊ ဒါပေမဲ့ ပင်ကိုယ်ထဲက ငါ့အဆင့်ဟာ တပ်မှူးအဆင့်ကို ရောက်နှင့်နေရမှာ၊ ငါက သောက်လိုက်စားလိုက် ပြဿနာတက်လိုက်နဲ့ ရာထူးလေးတိုးမယ်ကြံရင် အရေးယူခံရရင်းနဲ့ ဒီအဆင့်ကကိုပဲ မကျော်နိုင်ခဲ့တာကြာပါပြီကွာ၊ ကနောင်မင်းသားကြီး လက်ထက်တော်ကတည်းက ဆိုပါတော့၊ အခုတော့ အရေးကြီးတဲ့ စစ်ရေးအချိန်ကာလဖြစ်နေတော့ ဝန်ကြီးတွေ၊ ဗိုလ်ချုပ်တွေက တာဝန်ကြီးကြီးပေးဖို့ ဆုံးဖြတ်လိုက်တဲ့ သဘောဖြစ်ပုံရပါတယ်"

ထိပ်တင်ထား ။ ။ "ဟယ်. . . ဝမ်းသာလိုက်တာ၊ အဘက လှေသင်းဗိုလ်မှူးဖြစ်ပြီပေါ့"

မင်းဒင် ။ ။ "အိမ်း. . . ရာထူးတိုးမြှင့်ပွဲနဲ့ ဘွဲ့အမည်အပ်နှင်းတဲ့ပွဲကို ဖောင်ဝန်မင်းမဟာမင်းထင် မင်းလှသီဟသူကိုယ်တိုင် ခံတပ်ကြီး စစ်ရေးပြကွင်းမှာ ပြုလုပ်ပေးမယ်တဲ့"

ထိပ်တင်ထား ။ ။ “ဘယ်တော့လဲ အဘ”
မင်းဒင် ။ ။ “နက်ဖြန်ခါ နံနက်မှာတဲ့ကွယ်”
အများ ။ ။ “ဟေး. . . ဟေး. . . ဒါမှ တို့တပ်မှူးကွ”
ဇွဲထက်ရှင် ။ ။ “ကိုင်း. . . ရဲမက်တို့ . . . ဟောဒီ အသစ်စက်စက် တပ်မှူးကြီးကို ဂါရဝပြု. . . ”
(ရဲမက်များအားလုံး လက်အုပ်ချီ၍ ထိုင်ချကာ ဂါရဝပြုကြစေ၊ သွေးသောက်ကြီးမင်းဒင်က လက်ပိုက်၍ ခေါင်းတညိတ်ညိတ်ခံယူစေ။)

(ကတ္တီပါ ပြည်ဖုံးကားကြီးချစေ)

(အခန်းပြောင်းတီးလုံးဝင်စေ)

ဇာတ်ဝင်ခန်း (၁၇) ပြီး၏။

ဇာတ်ဝင်ခန်း (၁၈)

နေရာ - မင်းလှခံတပ်ကြီးအတွင်း စစ်ရေးပြကွင်း။

အပြင်အဆင် - ခံတပ်အတွင်း မြောက်ဘက်နံရံ အတက်လှေကားကြီးနှစ်စင်းပုံကို နောက်ခံပိတ်ကားပေါ်တွင် ပရိုဂျက်တာနှင့် ထိုး၍ပြထားရမည်။

အလင်းရောင် - အဖြူရောင် အလင်းဖွင့်ထားရမည်။

သရုပ်ဆောင် - ယာယီတပ်မှူးကြီး ဖောင်ဝန်မင်း မဟာမင်းထင် မင်းလှသီဟသူနှင့် အရာရှိအရာခံများ၊ ရဲမက်များ၊ သွေးသောက်ကြီးမင်းဒင်နှင့် ငစံအောင်၊ ငမောင်လန်း၊ ငဇွဲထက်ရှင်၊ ငရှင်ရဲထွဋ်၊ ဂင်းတို့သည် ရတနာပုံခေတ် စစ်သည်ဝတ်စုံကို သူ့အဆင့်နှင့်သူ ဝတ်ဆင်၍ ပါဝင်သရုပ်ဆောင်ရမည်။

တေးဂီတ - ဇာတိသွေး ဇာတိမာန်ပြည့်ဝသော "မြန်မာပြည်သား" သီချင်းကို မြန်မာ့ဆိုင်းဝိုင်းကြီးနှင့် အဆိုမပါ အတီးသက်သက် နောက်ခံတီးမှုတ်၍ နေရမည်။

ဇာတ်ဝင်ခန်းစ - **(ကတ္တီပါ ပြည်ဖုံးကားကြီးဖွင့်စေ)**
(တေးဂီတမှ အခန်းပြောင်းတီးလုံး ပြီးဆုံးသည်နှင့် "မြန်မာပြည်သား" သီချင်းကို တီးမှုတ်စေ)

သရုပ်ဆောင် - (တန်းစီထားသော စစ်သည်တော်များရှေ့တွင် ဖောင်ဝန်မင်း မဟာမင်းထင် မင်းလှသီဟသူ က ခဲ့ညားစွာ လက်ပိုက်၍ ရပ်နေစေ)

တပ်မှူးကြီး ။ ။ "ရဲမက်တို့ ဒီကနေ့ဟာ ငါတို့ မင်းလှခံတပ်ရဲ့ ထူးချွန်သော သူရဲကောင်းကြီးကို ရာထူးအဆင့်တိုးမြှင့်ခြင်းနဲ့ ဘွဲ့အမည်တော် အပ်နှင်းခြင်းအခမ်းအနားဖြစ်ပါတယ်။ ရာထူးတိုးမြှင့်ခြင်း အစီအစဉ်အရ သွေးသောက်ကြီးမင်းဒင်ကို သီပေါအရှင် ဘုရင်မင်းတရားကြီးရဲ့ အမိန့်တော်ဖြင့် တိုးမြှင့်ခြင်းဖြစ်တယ်၊ ဘုရင့်အမိန့်တော် ပြန်မယ်"

ရဲမက်တစ်ဦး (အသံမြှင့်၍) ။ ။ "ရတနာပုံပြည့်ရှင် ဘုရင်မင်းတရားကြီး သီပေါအရှင်ရဲ့ အမိန့်တော်" (ရဲမက်များအားလုံး မြေပြင်၌ ဒူးထောက်လျက် လက်အုပ်ချီ၍ နာခံကြစေ။)

တပ်မှူးကြီး ။ ။ "မန္တလေးနေပြည်တော်၊ ရတနာပုံပြည့်ရှင် ဘုရင်မင်းတရားကြီး အမိန့်တော် မှတ်လိုက်သည်။ . . ၊ မင်းလှခံတပ်ကြီးတွင် အမှုတော်

ထမ်းရွက်နေသော အဖ ဦးအောင်ဒင်၏သား၊ သွေးသောက်ကြီး ငမင်းဒင်သည် ရတနာပုံပြည့်ရှင် ပဉ္စမသင်္ဂီယနာတင် မင်းတုန်းမင်းတရားကြီး၏ လက်ထက်တော်မှစ၍ ယနေ့အထိ ဘုရင့်အမှုတော်ကို သူရဲကောင်းပီသစွာ ဦးဆွေးဆံမြည့် အမှုတော်ထမ်းရွက်ခဲ့သူ ဖြစ်သည်။

သို့ပါသော်လည်း ငမင်းဒင်သည် သေရည်သောက်သုံးမှုကို ခုံမင်လှပြီး မကြာခဏ ပြဿနာတက်တတ်သောကြောင့် ရာထူးတိုးမြှင့်မှုရပ်ဆိုင်းခြင်းကို အနှစ်(၂၀)တိတိ ပြစ်ဒဏ် ချမှတ်ခဲ့သည်။

ထိုသို့ ရာထူးတိုးမြှင့်ခြင်းကို ရပ်ဆိုင်းထားပါသော်လည်း ငမင်းဒင်သည် စိတ်ဓာတ်မကျဘဲ ဇာတိသွေး ဇာတိမာန်အပြည့်ဖြင့် ဘုရင့်အမှုတော်ကို ဆက်လက်ထမ်းရွက်နေခြင်း၊ တိုက်ရည်ခိုက်ရည် စွမ်းဆောင်ရည်နှင့် သေနင်္ဂျုဟာကို ကျွမ်းကျင်လိမ္မာပါးနပ်သူဖြစ်ခြင်း၊ ထို့ပြင် ယခုလို တိုင်းပြည်အတွက် အရေးကြီးသော စစ်ရေးကာလမှာ အရည်အချင်းရှိသူများကို ဦးဆောင်နိုင်စေခြင်းဟူသော အကြောင်းအချက်များကြောင့် ၎င်းသွေးသောက်ကြီး ငမင်းဒင်အား အဆင့်ခုန်ကျော်၍ ဗိုလ်မှူးအဆင့်သို့ တိုးမြှင့်တာဝန်ပေးအပ်လိုက်သည် အမိန့်တော်. . . ”

(စစ်သည်တော်များက သံပြိုင်အော်ဟစ်စေ)

စစ်သည်များ (သံပြိုင်) ။ ။ “မင်းတရားကြီး. . . သက်တော်ရာကျော်ရှည်ပါစေ. . . ”

တပ်မှူးကြီး ။ ။ “နောက်ထပ် အမိန့်တော်. . . ၊ ရာထူးတိုးမြှင့်လိုက်သော ဗိုလ်မှူး မင်းဒင်ကို လက်သစ် လှေသင်းဗိုလ်မှူး မဟာသိဒ္ဓိကျော် မင်းဒင်ဟု ဘွဲ့မည်တော်နာမလည်း တည်စေသတည်း”

(စစ်သည်တော်များက သံပြိုင်အော်ဟစ်စေ)

စစ်သည်များ ။ ။ “လက်သစ် လှေသင်းဗိုလ်မှူး မဟာသိဒ္ဓိကျော် မင်းဒင် မင်းတရားကြီး ပြည့်အကျိုး စွမ်းဆောင်နိုင်ပါစေ”

(တပ်မှူးကြီး ဖောင်ဝန်မင်းက ဘွဲ့အမည်တော် ရေးထားသော ရွှေစလွယ်တော်ကိုကိုင်၍ ရပ်နေစေ၊ ဗိုလ်မှူး မင်းဒင်က တပ်မှူးရှေ့သို့ ဝင်လာ၍ ဘယ်ဒူးထောက်ကာ ညာလက်ကို လက်သီးဆုပ်၍ မြှောက်ထားစေ၊ တပ်မှူးကြီး ဖောင်ဝန်မင်းက ရွှေစလွယ်ကို ဗိုလ်မှူး မင်းဒင်ကို စလွယ်သိုင်း စွပ်ပေးလိုက်စေ၊ ထိုအချိန်မှာ စစ်သည်တော်များက သံပြိုင်အော်ဟစ်စေ။)

စစ်သည်တော်များ။ ။ "လက်သစ် လေ့သင်းဗိုလ်မှူး မဟာသိဒ္ဓိကျော် မင်းဒင်"
(သံပြိုင်သုံးကြိမ်) "လက်သစ် လေ့သင်းဗိုလ်မှူး မဟာသိဒ္ဓိကျော် မင်းဒင်"
"လက်သစ် လေ့သင်းဗိုလ်မှူး မဟာသိဒ္ဓိကျော် မင်းဒင်"
(ရဲမက်များ ဟစ်ကြွေးသံပြုအပြီး တန်းဖြုတ်၍ ဇာတ်ခွင်အတွင်းမှ ထွက်သွားစေ၊ ထိုအချိန်မှာ တပ်မှူးကြီးနှင့် မင်းဒင်တို့ ကျန်ရှိနေကာ စကားလက်ဆုံကျနေစေ)

တပ်မှူးကြီး ။ ။ "ဟဲ့ . . . ဟဲ့ . . . ကိုယ့်လူ၊ ကိုရင် အခု ရာထူးမြင့်သွားပြီမဟုတ်လား"

မင်းဒင် ။ ။ "အို . . . ရာထူးမြင့်လည်း အတူတူပါပဲ၊ မင်းက ငါ့ကို သွေးသောက်အဆင့်နဲ့ တပ်မှူးအဆင့်လောက်တာဝန်တွေ ထမ်းရွက်ခိုင်းထားတာပဲ၊ ဒီအလုပ်က ဒီအလုပ်ပါပဲကွာ၊ အခုမှ တပ်မှူးအလုပ်ကို တပ်မှူးအဆင့်နဲ့ ထမ်းဆောင်ရမှာ"

တပ်မှူးကြီး ။ ။ "ဟဲ့ . . . ဟဲ့ . . . ဟဲ့ . . . မင်းကို သေရည်မသောက်စေချင်လို့ ရာထူးနှိမ့်ပြီး အပြစ်ပေးထားတာလေ၊ ဒါပေမဲ့ ဝတ္တရားကတော့ သွေးသောက်ကြီးဖြစ်နေလည်း တပ်မှူးတွေလုပ်တဲ့ အလုပ်ဝတ္တရားတွေနဲ့ မင်းကို အမှုတော်ထမ်းခိုင်းထားတာပါ၊ အခုတော့ သူ့ဟာနဲ့သူ အံဝင်ခွင်ကျဖြစ်သွားတာပေါ့ကွာ၊ ကိုင်း . . . အခု တပ်မှူးဝတ္တရားကို တပ်မှူးကြီးဝတ္တရားလို့သာ အောက်မေ့ပြီး ထမ်းဆောင်ပေတော့၊ တို့မှာ စစ်ရေးစစ်ရာ အနေအထားက အရေးကြီးကာလ ဖြစ်နေပြီလေ၊ နေပြည်တော်မှာလည်း တိုင်းရေးပြည်ရေး ဆွေးနွေးကြ၊ ပြင်သစ်နဲ့ သံတမန်ကဏ္ဍမြှင့်တင်ပြီး ဗြိတိသျှနဲ့ ပြဿနာအဝဝကို ညှိနှိုင်းကြ၊ ဆွေးနွေးကြနဲ့ ဘုရင့်အာဏာတည်မြဲရေး၊ တိုင်းပြည် သူ့ကျွန်ဘဝမရောက်ရေးတို့ကို ကြိုးပမ်းအားထုတ်နေကြရတယ်၊ လွတ်တော်မှာဆိုရင် နေ့စဉ်မပြတ်အားတယ်ကို မရှိပါဘူး၊ အေးလေ . . . အဲဒါတွေ မောင်ရင်လည်း သိပြီးသားတွေပါ"

မင်းဒင် ။ ။ "ဒါနဲ့ ငရုန်မောင်ကိစ္စက ဘယ်လိုလုပ်ကြမလဲ"

တပ်မှူးကြီး ။ ။ (အနည်းငယ် စဉ်းစားဟန်ပြု၍)
"အို . . . သူ့ကိစ္စ သူ့သဘောပေါ့၊ မောင်ရင် သူ့ကိစ္စကို အစအဆုံးသိထားတော့ အထူး နှုတ်လုံမှဖြစ်မယ်၊ မောင်ရင့်သမီးကိုတောင် ပြောမပြပါနဲ့"

မင်းဒင် ။ ။ "အို . . . မင်းကလည်း ငါ့အကြောင်း သိရဲ့သားနဲ့၊ အလုပ်ဝတ္တရားနဲ့ မိသားစုကိစ္စ ဘယ်တုန်းကမှ ရောထွေးယှက်တင် မလုပ်ခဲ့ပါဘူး၊

အလုပ်ထဲက လျှို့ဝှက်ရမယ့်အကြောင်းအရာတွေကိုလည်း မိသားစုကို ဘယ်တုန်းကမှ မပြောပြခဲ့တာ မင်းအသိပါ”

တပ်မှူးကြီး ။ ။ “မဟုတ်ဘူးဟေ့. . . ထန်းရည်မူး ကျွဲခိုးပေါ်မှာကြောက်လို့ဟေ့. . . ”

မင်းဒင် ။ ။ “ဟေ့. . . ဟေ့ကောင်၊ တစ်ခါလာ ဒီသေရည်ကိစ္စ၊ တစ်ခါလာ ဒီသေရည်ကိစ္စပဲ ထည့်ထည့်ပြောနေတာ၊ ငါမသောက်တော့လို့ မင်းတရားကြီးကတောင် ရာထူးမြှင့်ပေးလိုက်ပြီလေ”

တပ်မှူးကြီး ။ ။ ‘‘ဟ. . . မင်းတရားကြီးက မင့်အကြောင်း မသိလို့လေ၊ အေး. . . မင့်အကြောင်းသိတဲ့ငါက မောင်ရင် ခိုးကြောင်ခိုးဝှက် လုပ်တတ်မှန်းသိလို့ ပြောရတာ”

မင်းဒင် ။ ။ “ဘာ. . . ခိုးကြောင်ခိုးဝှက်လဲ”

တပ်မှူးကြီး ။ ။ “ခိုးကြောင်ခိုးဝှက်မို့ မယ်သစ္စာ လင့်နောက်လိုက်ပြေးတဲ့ကိစ္စ အကြောင်းပြပြီး သူ့အမေ ဒေါ်တင်တင်ဆိုတဲ့ မုဆိုးမကြီးကို မောင်ရင် ကျိတ်ကြံနေတာ မသိဘူးမှတ်နေလား. . . ဟဲ. . . ဟဲ. . . ”

မင်းဒင် ။ ။ “တယ်. . . ဒီကောင်နော် တပ်မှူးကြီးဖြစ်နေလို့သာ၊ နင်. . . ငါနဲ့ တန်းတူဆို ဟောသလို ဟောသလို (ပြောပြောဆိုဆို နောက်ကျောကို လက်သီးနှင့် လိုက်ထုစေ)
နင့်ကို. . . လက်သီးနဲ့ ထုမှာဟ”

တပ်မှူးကြီး ။ ။ “ဟေ့. . . ဟေ့ကောင်. . . ဟေ့ကောင်. . . ဟာ ဒီကောင်ကွာ ရဲမက်တွေ မြင်ကုန်တော့မှာပဲ”

(ကတ္တီပါ ပြည်ဖုံးကားကြီးချစေ)

(အခန်းပြောင်းတီးလုံးဝင်စေ)

ဇာတ်ဝင်ခန်း (၁၈) ပြီး၏။

ဇာတ်ဝင်ခန်း (၁၉)

နေရာ - အနောက်ရိုးမတောင်ခြေ၊ ဆင်တောင်အနီး၊ ပနီဆုံရွာ။

အပြင်အဆင် - အနောက်ရိုးမတောင်တန်းကြီးနှင့် ဆင်တောင်ကို နောက်ခံထား၍ ပနီဆုံကျေးရွာပုံကို နောက်ခံပိတ်ကားပေါ်တွင် ပရိုဂျက်တာနှင့် ထိုးပြထားရမည်။ နောက်ခံဘက်ကရောင်း၏ ရှေ့တွင် အရှိုချင်း တိုင်းရင်းသားတို့၏ ခြေတံရှည်တဲလေးတစ်လုံးနှင့် တဲရှေ့တွင် ပန်းဝါးတိုင် စိုက်ထူ၍ တဲတံစက်မြိတ်တွင် နွားခေါင်းကြီး ချိတ်ဆွဲထားရမည်။ ထို့အပြင် ထင်းမီးပုံကို အခန်း(၅)တွင် ဖော်ပြထားသကဲ့သို့ ပြင်ဆင်ထားရမည်။

အလင်းရောင် - နေ့ရှုခင်းဖြစ်သည့်အတွက် အဖြူရောင်အလင်းဖွင့်ထားရမည်။

တေးဂီတ - ချင်းတိုင်းရင်းသား တူရိယာဖြစ်သော ဗုံသံ၊ မောင်းသံ၊ လင်းကွင်းသံ တို့ကို အချက်ကျကျတီးမှုတ်၍ ပလွေသံကို ခွဲခွဲခင်ခင် မှုတ်ပေးရမည်။

သရုပ်ဆောင် - ပဆန်းဆရာခေါ် နတ်ဆရာနှစ်ဦး၊ ကျေးရွာသူကြီးနှင့် ဒေါ်ဖွိုင်ပါ တို့အပြင် ချင်းရိုးရာဝတ်စုံများနှင့် ချင်းလူငယ်များ၊ ချင်းတိုင်းရင်း သူများ ပါဝင်သရုပ်ဆောင်ရမည်။

ဇာတ်ဝင်ခန်းစ - **(ကတ္တီပါ ပြည်ဖုံးကားကြီး ဖွင့်စေ)**

သရုပ်ဆောင် - (အရှိုချင်းတိုင်းရင်းသား/တိုင်းရင်းသူများက မီးပုံကိုပတ်၍ ကနေပြီး ဗုံ၊ လင်းကွင်း၊ မောင်း တို့ကို တီးကြသူများက နံဘေးမှနေ၍ တီးရင်း အားပေးနေကြစေ။)

သူကြီး ။ ။ (ကနေကြသော တိုင်းရင်းသား/တိုင်းရင်းသူများရှေ့ထွက်လာ၍ ဖွိုင်ပါကို လှမ်းပြောစေ)
"ဝေး. . . ဖွိုင်ပါရေ. . . နင့်နာ့ပွဲ ငတို့လာတယ်ဝေ့. . . "

ဖွိုင်ပါ ။ ။ (ဇာတ်ခွင်အတွင်းသို့ဝင်လာကာ)
"ဝေး. . . တဂျီး. . . ငါလည်း နင့်ကို မျှော်နေတယ်ဝေ့၊လာကြ လာကြ. . . ဟဲ့ ခေါင်ရည်အိုး ယူခဲ့ကြဝေ့. . . " (တိုင်းရင်းသူ နှစ်ယောက်က ခေါင်ရည်အိုးနှင့် ပလူတံ တို့ကို ယူလာစေ။)
"ဝေး. . တဂျီး ထီးန်မမန်း ခေါင်ရည်နဲ့အလဲသား သုံးဆောင်လေပါ့"

သူကြီး ။ ။ "နင့်မလည်း. . . အစည်က စေ့မှုထမ်းသွားတော့ တစ်ယောက်တည်း ပြီကော. . . "

ဖွိုင်ပါ ။ ။ "ဗျေး. . . ငါက ချင်းမကြီးပါ၊ တစ်ယောက်တည်းနေလို့ အားမငယ်လေပ"

သူကြီး ။ ။ "အင်း. . . ဘာလိုလိုနဲ့ ငရှန်မောင် စေ့မှုထမ်းသွားတာ သုံးနှစ်ရှိပြီကော"

ဖွိုင်ပါ ။ ။ "အေး. . . ငါလည်း မင်းလှကို သွားရဦးမယ်၊ ရှန်မောင်ကို ငါကိုယ်တိုင် ဂျပ်ခုတ်ရက်ထားတဲ့ ချင်းစောင်တစ်ထည်လောက် ပေးချင်သည်ပဲ့"

သူကြီး ။ ။ "အိမ်း. . . သူလည်း ဘယ်လိုနေပဲ့၊ သူ့ ပါ ကတော့ သူရဲကောင်းဆိုလား၊ ကိုယ်ရံတော်ဆိုလား မင်းသားကြီးနဲ့ နေခဲ့တာပဲ၊ အိမ်း. . . ငရှန်ကြီးလည်း သေပြီပဲ့"

ဖွိုင်ပါ ။ ။ "အေး. . . သူက သူရဲကောင်းပီသသည်ပဲ့၊ ချင်းလူမျိုးဆိုတာ အဲဒီလို သူရဲကောင်းပီသပြီး သစ္စာရှိမှ မျိုးရိုးဂုဏ်မြှင့်လေပြီကော၊ အင်း. . . 'အစည်'ကလည်း သူ့ပါရဲ့ခြေရာ တစ်ထပ်တည်း နင်းမှာပါ၊ ငါ့သား သူရဲကောင်းကြီးဖြစ်ပါစေ၊ ချင်းတိုင်းရင်းသားပီပီ သစ္စာရှိသူဖြစ်ပါစေ"

(ထိုအချိန်တွင် ပဆန်းဆရာနှစ်ယောက်ဝင်လာပြီး ပဆန်းဆရာနှစ်ယောက်စလုံးတွင် ပန်းနှင့် သစ်ရွက်များသီကုံး၍ လည်ပင်းနှင့် ဦးခေါင်းတို့မှာ ဆင်မြန်းထားစေ)

ပဆန်းဆရာ ။ ။ "ဗျေး. . . ဖွိုင်ပါရေ. . . နင့်နတ်ပွဲကို 'ပွယ်' ကြရအောင်ဗျ့၊ ဟောတဂျီး ထီးန်မမန်းလည်း ကိုပေါ်မောင် ရောက်နေပြီပဲ့"

သူကြီး ။ ။ "ကိုင်း. . . မင်းတို့နှစ်ယောက် ဘာတာဝန်တွေ ခွဲထားသည်ပဲ့"

ပဆန်းဆရာ ။ ။ "ငါက မိုးနတ်သခင်နတ်မင်းကို အရင်ပွယ်မယ်ပဲ့၊ အဲ. . . ဟို ပဆန်းဆရာကတော့ ကိုပေါ်မောင် ရွာထိပ်ထွက်ပြီး တောနတ် တောင်နတ်တွေ ပွယ်ရမည်ကော"

သူကြီး ။ ။ "ဟုတ်ပါပြီကော ပဆန်းဆရာ ကိုပေါ်မောင်၊ မောင်ရင်က စပြီး ပွယ်လေပ"

(ထိုအချိန်တွင် ချင်းတိုင်းရင်းသား/တိုင်းရင်းသူများက တစ်ယောက်နှင့်တစ်ယောက် လက်ချင်းချိတ်၍ ကနေကြစေ)

ပဆန်းဆရာ ကိုပေါ်မောင် ။ ။ "ဗျေး. . . ဝါးပန်းပွားတိုင်ကို ဦးခိုက်ဗျ့၊ ငါတို့ ပွယ်ကြမည်ပဲ့"

(ပဆန်းဆရာ ကိုပေါ်မောင်က ပြောလိုက်သည်နှင့် ချင်းတိုင်းရင်းသား/တိုင်းရင်းသူတို့က လက်ချင်းချိတ်ကနေရာမှ တဲအိမ်ရှေ့က ဝါးလုံးတိုင်တွင် ပန်းခက်များ ချည်နှောင်ထားသော ဝါးပန်းပွားတိုင်ကို ဝုံသံနှင့်စည်းချက်ညီညီကရင်း ဦးခိုက်ကာ ကန်တော့ပန်းဆင်စေ)

(ချင်းတေးဂီတ ဗုံ၊ လင်းကွင်းတို့က ခပ်မြိုင်မြိုင် တီးခတ်နေရာမှ ခပ်လေးလေး တီးခတ်ပေးစေ။)

(ထိုအချိန်မှာ ပဆန်းဆရာ ကိုပေါ်မောင်က)

ပဆန်းဆရာ ။ ။ "အို. . . မိုးအရှင်သခင်နတ်မင်းတို့၊ အသင်တို့ကြောင့် ငါတို့မှာ မိုးရေရသည်ပဲ့၊ စပါးဆန်ရေ ပေါများသည်ပဲ့၊ ထို့ကြောင့် အသင်တို့ကို ဟောဒီ ခေါင်ရည်နဲ့ အလဲသားတို့ကို ပွယ်ပါ၏၊ ခေါင်ရည်ချိုနဲ့ ထမင်းကို ကျွေးစပါတယ် မွေးစပါတယ်. . . ပွယ်ပါတယ်. . . ပွယ်ပါတယ်. . . "

(ဟု အစပိုင်း မြန်မာလို ခပ်ကျယ်ကျယ်ပြော၍ နောက်ပိုင်းတွင် နှုတ်မှ လှုပ်ရုံ တိုးတိုးလေး ပွစိပွစိရွတ်ဖတ်နေစေ၊ ပွယ်လို့ပြီးသောအခါ ပဆန်းဆရာက)

"ဝေး. . . မိုးနတ်အရှင်သခင် နတ်မင်းကြီးကို ပွယ်လို့ပြီးပြီပဲ့၊ အို. . . တောပွယ်နတ်ဆရာ တောနတ်တောင်နတ်တို့ကို ပွယ်ချေပဲ့"

(ပဆန်းဆရာ ကိုပေါ်မောင်ရဲ့ စကားဆုံးလျှင် တောနတ်ပသမည့် နတ်ဆရာနှင့် နောက်ပါသုံးဦးတို့က ခမောက်တစ်လုံးစီဆောင်း၍ ခေါင်အိုးနှင့် အမဲသားဟင်းတို့ကို သယ်သူက သယ်၊ ထမင်းတောင်းကို မသူကမနှင့် ထွက်သွားကြစေ၊ ထိုအချိန်မှာ ချင်းရိုးရာတေးဂီတမှ အရှိန်မြှင့်၍ ခပ်သွက်သွက် တီးခတ်စေ၊ ချင်းတိုင်းရင်းသားတိုင်းရင်းသူတို့က မြူးမြူးကြွကြွ ကခုန်နေကြစေ။)

(ထိုသို့ ကခုန်နေကြစဉ် ဖွိုင်ပါနှင့် ချင်းတိုင်းရင်းသူများက တစ်ဖက် ဇာတ်ခွင်မှနေ ဝါးကျည်တောက်ကြီးများနှင့် ရေများ သယ်လာကြပြီး ဇာတ်ခွင်ထောင့်က အသင့် စောင့်ကြိုနေကြစေ)

(မျက်နှာချင်းဆိုင် ဇာတ်ခွင်ဘက်မှ တောနတ်ပွယ်သူ နတ်ဆရာနှင့် အဖွဲ့က မိုးရွာ၍ ခမောက်ဆောင်းထားသည့်ဟန်ဖြင့် ပြန်ဝင်လာချိန်မှာ ဖွိုင်ပါနှင့် ချင်းတိုင်းရင်းသူတို့က မိုးနတ်သခင်ကြောင့် မိုးကောင်းနေသည့်ဟန်ဖြင့် ရေနှင့်ပက်ဖြန်း၍ မိုးအတုရွာပေးစေ)

ချင်းတိုင်းရင်းသား များ (သံဖြိုင်) ။ "ဝေး. . . မိုးနတ်မင်းတန်ခိုးနဲ့ မိုးကောင်းတယ်ဝေ့၊ မိုးရွာပြီဝေး. . . "

(ကတ္တီပါ ပြည်ဖုံးကားကြီးချစေ)

(အခန်းပြောင်းတီးလုံးဝင်စေ)

ဇာတ်ဝင်ခန်း (၁၉) ပြီး၏။

ဇာတ်ဝင်ခန်း (၂၀)

နေရာ - သရက်မြို့ရှိ ကန်တိုမင်ရပ်ကွက် (ယခင် တောကျောင်းနေရာ)။

အပြင်အဆင် - ခံတပ်တစ်ခုနှင့် ဗြိတိသျှစစ်တန်းလျားပုံကို ပန်းချီဇာတ်ကား အဖြစ် ချထားရမည်။ ဇာတ်ကားရှေ့တွင် ဗြိတိသျှသုံး လှည်းဘီးတပ် အမြောက်များ ပါရှိရမည်။

အလင်းရောင် - အဖြူရောင် အလင်းဖွင့်ထားရမည်။

တေးဂီတ - အင်္ဂလိပ် ဘင်ခရာသံကို ခေတ်ပေါ်တူရိယာဖြင့် တီးမှုတ်နေရမည်။

သရုပ်ဆောင် - ဗြိတိသျှ စစ်ယူနီဖောင်းများနှင့် ဗိုလ်မှူးကြီး ရော်ဘင်ဆင်၊ ရှန်မောင်၊ တင်ယု၊ စကားပြန် ပိုင်ဇေ၊ ဗြိတိသျှစစ်သည်များ ပါဝင်ရမည်။

ဇာတ်ဝင်ခန်းစ - (အခန်းပြောင်းတီးလုံး ပြီးဆုံးသည်နှင့် စစ်ခရာသံ မှုတ်ရမည်)

(ကတ္တီပါ ပြည်ဖုံးကားကြီးဖွင့်စေ)

(ဇာတ်ခွင်၏ ဘယ်ဘက်ထောင့်မှစ၍ မောင်ရှန်မောင်နှင့် မောင်တင်ယုတို့ပါသော ဗြိတိသျှစစ်သား အယောက်နှစ်ဆယ်ခန့်သည် ဗြိတိသျှစစ်ယူနီဖောင်းအပြည့်ဖြင့် နှစ်ယောက်တစ်တွဲ တန်းစီ ချီတက်လာစေ၊ ဘေးမှာ ဆာဂျင်တစ်ယောက်က အချိန်မှတ်ရင်း လိုက်လာစေ)

ဆာဂျင် ။ ။ "Left .... Right .... Left .... Right .... Left"
"Left .... Right .... Left .... Right .... Left"
"Stop..."
"Turn .... Right"
"Yes...."
(ဆာဂျင်က ဘယ်ညာနင်း စစ်ရေးပြမှုရပ်၍ ညာလှည့်ခိုင်းအပြီး ဇာတ်ခွင်ယာဘက်ထောင့်တွင် အသင့်ရပ်နေသော ဗိုလ်မှူးကြီးထံသို့ သွား၍ သတင်းပို့ဟန်ပြုစေ၊ ဗိုလ်မှူးကြီးက ဆာဂျင် သတင်းပို့ပြီး သည်နှင့် တပ်ဖွဲ့ရှေ့သို့ လာရပ်စေ)

အင်ဒရီနို ။ ။ "Shan Maung..."

ရှန်မောင် ။ ။ "Yes...." (ရှေ့ထွက်ရပ်စေ)

အင်ဒရီနို ။ ။ "Tin Yout..."

တင်ယု ။ ။ "Yes...." (ရှေ့ထွက်ရပ်စေ)

(ဗိုလ်မှူးကြီးက စကားပြန် မောင်ပိုင်ဇေကို လက်ယပ်ခေါ်လိုက်၍ ရှုန်မောင်တို့ကို လက်ညှိုးထိုးပြစေ)

ပိုင်ဇေ ။ ။ မောင်ရှုန်မောင်နဲ့ မောင်တင်ယု နားထောင်ပါ၊ မင်းတို့ကို ပြောပြရမယ့်စကားတွေကို ဗိုလ်မှူးကြီး ရော်ဘင်ဆင်က ငါ့ကို အကုန်လုံး ပြောပြထားပြီးပြီ၊ ငါကနေ ဗိုလ်မှူးကြီးရဲ့ စကားကို ပြောပြမယ်၊ မင်းတို့ဟာ မြန်မာ့တပ်မတော်ရဲ့ သစ္စာဖောက်တွေ ဖြစ်တယ်”

ရှုန်မောင် ။ ။ (မျက်နှာထား တင်းမာသွားပြီး အသံမာမာဖြင့်)
“ဟေ့. . . ငါတို့ကို သစ္စာဖောက်လို့ မပြောနဲ့၊ အခြေအနေအရ မင်းတို့ဆီကို ခိုလှုံရတာ”

ပိုင်ဇေ ။ ။ “အေးလေ. . . မင်းပြောသလို ခိုလှုံတယ်ပဲထားပါ၊ ငါတို့ဆီမှာ ခိုလှုံရင် ဗြိတိသျှအမှုတော်ကို ထမ်းရွက်ရမယ်၊ မင်းတို့က နယ်မြေကျွမ်းတဲ့ အတွက် ငါတို့ ကင်းထောက်တပ်ဖွဲ့ကို လမ်းပြပေးရမယ်၊ ကဲ. . . ဘာပြောစရာရှိသေးလဲ”

ရှုန်မောင်နှင့် တင်ယု (သံပြိုင်) ။ ။ “မရှိပါဘူး”
(ပိုင်ဇေက ပြောအပြီး ဗိုလ်မှူးကြီးဘက်သို့လှည့်၍ ခေါင်းညိတ်ပြစေ၊ မေဂျာက ကျေနပ်ဟန်ပြု၍ ဇာတ်ခွင်မှ ထွက်သွားစေ၊ ဆာဂျင့်က တပ်ဖွဲ့ကို တန်းဖြုတ်အမိန့်ပေးစေ)

ဆာဂျင့် ။ ။ “You may go...”

တပ်ဖွဲ့ ။ ။ “Yes, Sir.”
(ဆာဂျင့်၏ အမိန့်ရသည်နှင့် တပ်ဖွဲ့မှာ တန်းဖြုတ်၍ ဇာတ်ခွင် အတွင်းမှ ထွက်သွားကြစေ၊ ရှုန်မောင်နှင့် တင်ယုသာကျန်ခဲ့၍ နှစ်ဦးသား တိုင်ပင်ဆွေးနွေးနေကြစေ)

ရှုန်မောင် ။ ။ ‘‘ကိုင်း. . . နောင်ကြီးတင်ယုရေ. . . ဖြစ်သမျှအကြောင်း အကောင်းချည်းလို့သာ သဘောထားပေတော့၊ ဝက်ဖြစ်မှတော့ မစင်ကြောက်နေလို့ မရတော့ဘူးဗျ”

တင်ယု ။ ။ “အေး. . . ဟုတ်တာပေါ့၊ ငါတို့က မစင်တောထဲ ရောက်နေတာကို၊ ဒီကောင်တွေရဲ့အကျင့်က မစင်ထက် ရွံစရာကောင်းတယ်၊ ကြည့်ပါလား၊ နယ်စပ်လုံခြုံရေးအကြောင်းပြပြီး ချထားလိုက်တဲ့ စစ်တပ်တွေ နည်းတာမှမဟုတ်ဘဲ၊ အနည်းဆုံးအင်အား ရှစ်ထောင်၊ ကိုးထောင် ကျော်နိုင်တယ်၊ လက်နက်တွေကလည်း အတော်ခေတ်မီတယ်၊ အမြောက်တပ်ဆို ကြည့်ပါလား၊ နှစ်ဆင့်ကွဲအမြောက်တွေနဲ့ချည်းပဲ။ နောက်ပြီး တောင်ပေါ်ပစ် အမြောက်တပ်ဖွဲ့က သုံးတပ်ကွ၊ ရေကြောင်းချီဖို့ သင်္ဘောကတင် ဧရာဝတီနဲ့ ကက်သရင်း

သဘော်အပြင် ဧရာဝတီကုမ္ပဏီက ငှားထားတဲ့ သဘော်တွေပါ အပါအဝင် လက်နက်တပ်ဆင်ထားတဲ့ သဘော် (၂၄) စင်း၊ တွဲသမွန်ကြီးတွေက (၂၃) စင်းတောင် ပါလိုက်သေးတယ်"

ရှန်မောင် ။ ။ "အေး. . . ဟုတ်တယ်၊ ရေတပ်အပြင် တောင်ပေါ်ပစ် အမြောက်တပ်က မင်းပြောတဲ့အတိုင်း သုံးတပ်၊ ခြေလျင်တပ်က ဗြိတိသျှတပ်မဟာ သုံးတပ်၊ အိန္ဒိယအမျိုးသား တပ်မဟာက ခုနစ်တပ်၊ စစ်မြေပြင် စက်မှုလက်မှုတပ်ခွဲပေါင်းက ခြောက်တပ်၊ မြေပြင် အဝေးပစ်အမြောက်ကြီးက တစ်တပ်၊ ရိုးရိုးစစ်မြေပြင်သုံး အမြောက်တပ်က နှစ်တပ်၊ အားလုံး အမြောက်လက်နက် (၇၇)လက် ရှိတဲ့အပြင် အမြန်ပစ် စက်သေနတ်က (၂၇)လက်တောင်ပဲ၊ အင်အား အတိအကျဆိုရင် (၉၄၆၇)ယောက်တောင် ပါဝင်တယ် နောင်ကြီးရေ. . ."

တင်ယု ။ ။ "အင်း. . . အင်အား ကိုးထောင်ကျော်ကို မြစ်အရှေ့ဘက်ကမ်းနဲ့ အနောက်ဘက်ကမ်းကို လူခွဲတိုက်မယ်ဆိုရင် တစ်ဖက်ကို လေးထောင်ကျော်လောက်နဲ့ တိုက်ကြမှာကွ၊ ငါတို့ မင်းလှခံတပ်မှာ ရှိတာကိုက အင်အား (၁,၅၀၀) တောင် ပြည့်မယ်မထင်ဘူး"

ရှန်မောင် ။ ။ "အေး. . အောက်မြစ်စဉ်ဗျူဟာတစ်ခုလုံးတောင်မှ ရဲမက်စစ်သည် အင်အားက (၃,၄၀၀)ပဲ ရှိတာ၊ သူတို့ရဲ့အင်အား ၉,၀၀၀ ကျော်ကို ဘယ်လိုခုခံနိုင်မှာလဲကွာ"

တင်ယု ။ ။ "အင်း. . . ဒါဆို တို့မြန်မာစစ်သည်တော်တွေက စစ်တိုက်ရာမှာ အင်အားထက် မျိုးချစ်စိတ်ဓာတ်ထက်သန်မှုဆိုတဲ့ ခွန်အားကိုပဲ အားကိုးကြရတော့မှာပေါ့၊ အင်အားတကာ့ အင်အားထဲမှာ မျိုးချစ် စိတ်ဓာတ်ဆိုတဲ့ ဇာတိသွေးဇာတိမာန်ခွန်အားက အမြင့်ဆုံးပဲဟေ့၊ အခု မနိုင်သေးရင် နောင်တစ်ချိန်နိုင်ရမှာပေါ့"

(ထိုအခါ ငရှန်မောင်က တက်ကြွသော အသံနေအသံထားဖြင့်)

ရှန်မောင် ။ ။ "အေး. . . ဟုတ်တယ်၊ အရေအတွက် အင်အားထက် အရည်အချင်း မီတဲ့ မျိုးချစ်စိတ်ဓာတ် ခွန်အားတွေ တို့မှာရှိတယ်ဟေ့"

(လက်သီးဆုပ်ကာ မြှောက်ရင်း ဟစ်ကြွေးလိုက်စေ။)

(ကတ္တီပါ ပြည်ဖုံးကားကြီးချစေ)

(မြန်မာ့ဆိုင်းဝိုင်းဖြင့် ဇာတိမာန်ပါပါ အခန်းပြောင်းတီးလုံးဝင်စေ)

ဇာတ်ဝင်ခန်း (၂၀) ပြီး၏။

ဇာတ်ဝင်ခန်း (၂၁)

နေရာ - သရက်မြို့၊ ကန်တိုမင် ဗြိတိသျှရပ်ကွက် ပါတီပွဲ။

အပြင်အဆင် - ဂျင်နရယ် ပရင်ဒါဂတ်(စ်)၏ ပါတီပွဲဖြစ်သည့်အတွက် ရောင်စုံမီးများဖွင့်ထားရမည်။ စားပွဲခုံများနှင့် ကုလားထိုင်များထားရှိပြီး စားပွဲများပေါ်တွင် ဖယောင်းတိုင်အကြီး (ဝါဆိုဖယောင်းတိုင်) တစ်တိုင်စီ ထွန်းထားပြီး ဖယောင်းတိုင်အသေးများနှင့် ဖယောင်းတိုင်ကြီးကို ဝိုင်းပတ်၍ ထွန်းထားရမည်။ ပုဝိုင်းဝိုင်း အရက်ဖန်ပုလင်းများနှင့် ခြေတံရှည် ကလပ်ဖန်ခွက်များ အစီအရီထားရှိရမည်။

အလင်းရောင် - ရောင်စုံမီးဆလိုက်များက လှုပ်ယမ်း၍ ထိုးထားကြပြီး LED မီးရောင်စုံဆလိုက်များက တဖျပ်ဖျပ် ဖွင့်ချိ မှိတ်ချိ ပြုလုပ်နေရမည်။

တေးဂီတ - ခေတ်ပေါ်တေးဂီတမှ ဗြိတိသျှတို့၏ ဂန္ဓဝင်မြောက် တေးသီချင်းတစ်ပုဒ်ကို အဆိုမပါ အတီးသက်သက်ဖြင့် တီးမှုတ်ပေးရမည်။

သရုပ်ဆောင် - ဗြိတိသျှအရာရှိများက ရှေးခေတ် အနောက်တိုင်းဝတ်စုံများဝတ်ဆင်လျက် ဗြိတိသျှ အမျိုးသမီးများက ရွှေရောင်ဆံပင်များတဝင်းဝင်းနဲ့ရှိကြပြီး ထီးဂါဝန်များကိုလည်း ဝတ်ဆင်ထားလျက် ပွတ်(စ်)သဘင် ဆင်ယင်ကျင်းပနေကြရမည်။ ရှန်မောင်နှင့် တင်ယု တို့က စားပွဲထိုးဝတ်စုံဖြင့် ဝတ်ဆင်ပါဝင်ရမည်။

ဇာတ်ခွင်စ - (ဇာတိမာန်တက်ကြသော မြန်မာ့ဆိုင်းဝိုင်းသံဖြင့် အခန်းပြောင်းတီးလုံးဆုံးသည်နှင့် နိုင်ငံခြားသံစဉ်များ တီးခတ်စေ။)

(ကတ္တီပါဖြည်ဖုံးကားကြီး ဖြည်းညင်းစွာ ဖွင့်စေ)

(သရုပ်ဆောင်များက အနောက်တိုင်းယဉ်ကျေးမှုဖြစ်သော ပွတ်(စ်)သဘင်ပွဲကို ကျားမတစ်တွဲ ရင်ချင်းအပ်လျက်ကနေကြစေ၊ ရှန်မောင်တို့က လင်ပန်းပေါ်တွင် အရက်ခွက်များတင်၍ လိုက်လံပေးဝေနေကြစေ၊ ထိုစဉ် ဗြိတိသျှအရာရှိတစ်ဦးထံ ရှန်မောင်က အရက်ခွက်ပေးလိုက်စဉ်)

ဗြိတိသျှ ။ ။ "Thank you Mr. Shan Maung"

ရှန်မောင် ။ ။ (အမှတ်တမဲ့ဟန်ဖြင့် မြန်မာလိုပြောစေ။)
"အို. . . သူ ငါ့နာမည် သိနေပါလား"

ဗြိတိသျှ ။ ။ "သိတာပေါ့ မစ္စတာရွှန်မောင်"

ရွှန်မောင် ။ ။ "ခင်ဗျားက မြန်မာလို ပြောတတ်ပါ့လား"

ဗြိတိသျှ ။ ။ "Yes... ကျွန်ုပ် မြန်မာစကား ကောင်းကောင်းပြောတတ်တယ်၊ ဘာဖြစ်လို့လဲဆိုရင် ကျွန်ုပ်က ရန်ကုန်မှာနေခဲ့တာ ဆယ့်ငါးနှစ်တောင် ရှိခဲ့ပြီ၊ အကျွန်ုပ်အလုပ်က ဗြိတိသျှစစ်တပ်နဲ့ မြန်မာတွေ ဆက်သွယ်ပေးရတဲ့ လုပ်ငန်းလေ၊ မြန်မာစကားသင်ထားမှ အလုပ်ဖြစ်မှာကို"

ရွှန်မောင် ။ ။ "ခင်ဗျားမဆိုးဘူး၊ မြန်မာလိုပြောတာ အင်္ဂလိပ်သံ လုံးဝမဝဲဘူး"

ဗြိတိသျှ ။ ။ "Thank You မစ္စတာရွှန်မောင်၊ ဒီလိုချီးမွမ်းတဲ့အတွက် ဝမ်းသာပါတယ်၊ အကျွန်ုပ်ကို သင်နဲ့အတူလက်တွဲဖို့ မေဂျာ ဂျင်နရယ် ပရင်ဒါဂတ်(စ်)က တာဝန်ပေးအပ်ထားတယ်လေ၊ ဒါကြောင့် မစ္စတာရွှန်မောင်ဆိုတဲ့ နာမည်နဲ့ မစ္စတာတင်ယုဆိုတဲ့ နာမည်တွေကို သိထားရတာပေါ့"

ရွှန်မောင် ။ ။ "ကျုပ်က ခင်ဗျားနဲ့လက်တွဲပြီး ဘာတွေလုပ်ရမှာလဲ"

ဗြိတိသျှ ။ ။ "ဒီကိစ္စက လျှို့ဝှက်ကိစ္စပါ၊ အခုပြောလို့ မဖြစ်သေးဘူး၊ လုပ်ငန်းစလုပ်ပြီဆိုတော့ ခင်ဗျားကိုပြောပြမယ်၊ ခုချိန်ခါတော့ မိတ်ဆွေအရင်းအချာလို အတူတူပျော်ကြပါးကြတာပေါ့၊ ဩော်... ဒါနဲ့ ခင်ဗျားကို စစ်ရေးလေ့ကျင့်တဲ့နေရာကနေ အကျွန်ုပ်ထံ ခေါ်ယူပြီးပြီ၊ မနက်ဖြန် ခင်ဗျားနဲ့ မစ္စတာတင်ယုတို့ကို ကျုပ်လာခေါ်မယ်၊ စစ်ရေးလေ့ကျင့်နေစရာ မလိုတော့ဘူး"

(ထိုအချိန်မှာ မောင်တင်ယုက ရွှန်မောင်တို့အနား ရောက်လာပြီး)

တင်ယု ။ ။ "ဟေ့ကောင်... သူနဲ့ ဘာတွေပြောနေတာလဲ"

ရွှန်မောင် ။ ။ "'အဲ... မင်းလာတာနဲ့ အတော်ပဲ၊ မိတ်ဆက်ပေးရဦးမယ်၊ သူနာမည်က...

(ရွှန်မောင်က မပြောတတ်ဟန်ပြုနေစေ၊ ထိုသို့ဖြစ်နေစဉ် ဗြိတိသျှက အလိုက်သိစွာဖြင့် မြန်မာလိုပြောစေ)

ဗြိတိသျှ ။ ။ "I am ... မစ္စတာ လူနို၊ တာဝန်က ဆက်ဆံရေးအရာရှိပါ"

တင်ယု ။ ။ "ဩော်... ကပ္ပတိန် လူနိုပေါ့"

ဗြိတိသျှ ။ ။ "Oh! No,...No... အကျွန်ုပ်က စစ်ဗိုလ်မဟုတ်ဘူး၊ အရပ်သားအရာရှိပါ ဟဲ... ဟဲ... ဟဲ"

(သူတို့ စကားလက်ဆုံကျနေခိုက် နိုင်ငံခြားတူရိယာ သံစဉ်များက စန္ဒရားလက်ကွက် ကော့တွဲများကို ခပ်ဆတ်ဆတ်နှိပ်၍ ဖလိုင်ဗစ်(စ်)ကို ခပ်မြိုင်မြိုင်သုံးကာ တီးလိုက်စေ၊ စန္ဒရားသံနှင့်အတူ ဂျပ်(စ်)ဘင်နှင့်

ဒရမ်သံတို့က တိုင်ပင်မြန်သွားပြီး ထိုအမြန် တိုင်ပင်ထဲတွင် ဆိုက်ဆိုဖုန်းက တေးသွားအလိုက် ခွဲခွဲပျစ်ပျစ် မှုတ်ပေးလျက် ထရမ်းပက်များက အခုအထွေအထစ်ဖြင့် ဗစ်(စ်)သံလိုက်ကာ တီးမှုတ်ကြစေ၊ တေးသွားမြန်လိုက်သည်နှင့် ဖြည်းညင်းစွာ ကနေသော စုံတွဲများက လူချင်းခွာလိုက်ပြီး အတွဲလိုက် မျက်နှာချင်းဆိုင်ကာ ခုန်ပေါက်၍ မြူးထူးပျော်ရွှင်စွာ ကကြစေ၊ ရှုန်မောင်တို့အနားမှ မစ္စတာလူနိုကလည်း မရိုးမရွဖြစ်သည့်ဟန်ပြုလျက် ဝင်ရောက်ကစေ၊ ရှုန်မောင်နှင့် တင်ယုတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ခေါင်းညိတ်ပြကာ ဇာတ်စင်ပေါ်မှ ထွက်သွားစေ။)

(ထိုသို့ ကကွက်တီးကွက်မြိုင်၍နေစဉ် ခဏအကြာမှာ မောင်တင်ယုနှင့် ရှုန်မောင်တို့အဖွဲ့က အိုးစည်ဝိုင်းဖြင့် ဝင်လာစေ၊ အိုးစည်ဝိုင်းတွင် မောင်တင်ယုနှင့် ရှုန်မောင်က အိုးစည်တီး၍ မြန်မာလူမျိုး ဗြိတိသျှ စစ်သားလေးယောက်က လင်းကွင်း၊ နဲ့၊ ဝါးလက်ခုပ်တီးကြကာ ဗျာပါဆံအကတို့ဖြင့် ခပ်မြိုင်မြိုင်တီးမှုတ်၍ ဝင်လာစေ)

ဝိုင်းတော်သား ။ ။ "ဟေ့. . . အိုးစည်ကိုလွယ်××× လိမ်ဖယ်ဖယ် တီးပါ့မောင်ရယ် ×××လိမ်ဖယ်ဖယ် တီးပါ့မောင်ရယ်××× ဒီမောင်မောင် တီးပါတဲ့ မောင့်လက်သီးကို လက်သီးကို ××× မောင့်လက်သီးကို လက်သီးကို ×××× လက်သီးကိုဗျာ ××× ရွှေချပါလို့ဗျာ××××"

(သံပြိုင်ဆို၍ မြိုင်မြိုင်တီးကာ သွက်လက်သော ဗျာပါဆံ အကကြောင့် နိုင်ငံခြားတေးသွားများရပ်သွားလျက် ဒန့်စ်ကနေသူများက အကရပ်လိုက်ပြီး ကြောင်တက်တက်ဖြစ်ကာ ကြည့်နေကြစေ)

"အိုဗျ မောင့်လက်သီးကို လက်သီးကို ××× မောင့်လက်သီးကို လက်သီးကို ×××× လက်သီးကို နော်ဗျာ ×××× ရွှေချပါလို့ဗျာ ××××"

(ထိုသို့ ကြောင်တက်တက်ကြည့်နေရာမှ ပြုံးရွှင်လာပြီး စည်းဝါးတိုင်ပင်အလိုက် လက်ခုပ်တီးကြစေ၊ မစ္စတာလူနိုနှင့် မျက်နှာဖြူနှစ်ယောက်တို့ကလည်း စိတ်ပါလာဟန်ပြု၍ အိုးစည်ဝိုင်းထဲသို့ ဝင်၍ကကြစေ၊ အိုးစည်ဝိုင်းအတန်ငယ် ဖျော်ဖြေ၍ပြီးချိန်တွင်)

လက်ခုပ်သံ ။ ။ "ဖြောင်း. . . . ဖြောင်း. . . ဖြောင်း. . . "

(လက်ခုပ်သံများထွက်ပေါ်လာပြီး နိုင်ငံခြားဝတ်စုံကို သေသပ်စွာဝတ်ဆင်ထားသော ဂျင်နရယ် ပရင်ဒါဂတ်(စ်)က လက်ခုပ်တီးရင်းပြောစေ။)

ဂျင်နရယ် ။ ။ "Oh...Very Good...Very Good...Myanmar Music..."

(ထိုအခါမှာ နိုင်ငံခြားတူရိယာဝိုင်းကလည်း အားကျမခံ ပြန်လည်တီးမှုတ်စေ)
(ဗြိတိသျှများကလည်း ပြန်၍ ကနေကြစေ)
(နိုင်ငံခြားတူရိယာတီး၍ ခဏအကြာမှာ ရှန်မောင်တို့ မြန်မာ အိုးစည်အဖွဲ့ကလည်း ထပ်မံဆင်နွှဲစေ)

အိုးစည်ဝိုင်း ။ ။ "အို . . . ဘာတဲ့ ××× အိုးစည်ကိုလွယ် ××× လိမ်ဖယ်ဖယ် တီးပါ့မောင်ရယ် ××× လိမ်ဖယ်ဖယ် တီးပါ့မောင်ရယ် ××× ဟေ့ . . . ဟေ့ ဒီမောင်တီးပါတဲ့ ××× ဟေ့ ဟေ့ မောင့်လက်သီးကို လက်သီးကို××× မောင့်လက်သီးကို လက်သီးကို ××× လက်သီးကို နော်ဗျာ . . . . ရွှေချပါလို့ ××× ဗျာ ×××"

ဂျင်နရယ် ။ ။ "OK ... OK ... Very Good..."

စကားပြန် ဝိုင်ဇေ ။ ။ "မင်းတို့ မြန်မာတူရိယာဝိုင်း အလွန်ကောင်းတယ်လို့ ဗိုလ်ချုပ်က ပြောတယ်"

ဂျင်နရယ် ။ ။ (အိုးစည်ကို လက်ညှိုးထိုး၍) "What is this?"

ဝိုင်ဇေ ။ ။ "ဒါ ဘာလဲလို့ မေးနေတယ်၊ ဒါကို အိုးစည်လို့ ငါသိပြီးသား၊ ဒီအိုးစည်ကို မင်းတို့ဘယ်ကရသလဲ"

တင်ယု ။ ။ "ဒီအိုးစည်ကို ကျုပ်ကိုယ်တိုင် ပြီးခဲ့တဲ့ တစ်ပတ်လောက်က လုပ်ထားတာ၊ ဟောဒီ ဂျင်နရယ် ပရင်ဒါဂတ်(စ်)ရဲ့ ပါတီပွဲမှာ တီးဖို့ပဲ"

ဝိုင်ဇေ ။ ။ "အေး . . . သူကမေးဦးမှာ၊ အိုးစည်လုပ်ပုံလုပ်နည်း ငါ့ကိုပြောပြပါ၊ ငါက တစ်ခါတည်း သူ့ကိုရှင်းပြလိုက်မယ်၊ နောက်ပြီး မင်းတို့က သူ့ရဲ့ ပါတီပွဲကို လာရောက်ဖျော်ဖြေတဲ့အကြောင်းကောပေါ့"

တင်ယု ။ ။ "အိုးစည်ကို ကုက္ကိုသား၊ ချဉ်ယုတ်သား၊ နဘဲသား၊ ယမနေသားတွေနဲ့ လုပ်ရပါတယ်၊ ပန်းကုံးထိပ်ဝကို ရှစ်လက်မထားပြီး အောက်ခြေလှိုင်ဝကို ခြောက်လက်မထားရပါတယ်၊ ခါးကတော့ လှသလိုဟိုက်ပြီး သေးပေးရတာပေါ့၊ အပေါ်က သားရေကို နွားသားရေ သုံးပါတယ်၊ မှန်ပြင်ကိုတင်းစေတဲ့ ပန်းကုံးကြိုးတွေကိုလည်း နွားသားရေနဲ့ပဲ လုပ်ပါတယ်၊ ပတ်စာကိုတော့ ထမင်းပျော့ပျော့နဲ့ အုတ်ဖုတ်တဲ့ ဖိုလယ်ပြာကို နယ်ပြီး ပတ်စာအဖြစ် သုံးပါတယ်"
(စကားပြန်ဝိုင်ဇေက ဂျင်နရယ် ပရင်ဒါဂတ်(စ်)နားသွား၍ တိုးတိုးတိုးတိုးနှင့် ပြောဟန်ပြုစေ၊ ပရင်ဒါဂတ်(စ်) ခေါင်းတညိတ်ညိတ်ပြု၍)

ဂျင်နရယ် ။ ။ "OK... OK ... Very Good...Oh return of music"

ဝိုင်ဇေ ။ ။ "နောက်တစ်ကြိမ် ထပ်တီးပြပါဦးတဲ့"

(ပိုင်ဇေ၏ စကားဆုံးလျှင် ရှုန်မောင်တို့အိုးစည်ဝိုင်းက နောက်တစ်ကြိမ် ထပ်မံတီးမှုတ်စေ)

အိုးစည်ဝိုင်း ။ ။ "ဟေ့ လာ မောင်တို့ . . . ဝါး ××× အိုးစည်ကိုလွယ် ××× လိမ်ဖယ်ဖယ် ×××× ××××× ×××× "

(အရှိန်ကောင်းကောင်း အဆို၊ အတီး၊ အကနှင့် မြိုင်နေစဉ် ဂျင်နရယ် ပရင်ဒါဂတ်(စ်)က ဓာတ်ပုံဆရာကို လက်ယပ်ပြ၍ခေါ်စေ)

ဂျင်နရယ် ။ ။ "Photo grapher ...Photo grapher..."

(ဓာတ်ပုံဆရာလုပ်သူက သုံးချောင်းထောက် သစ်သားကင်မရာကြီးကို ထမ်း၍ မီးပြသူက ဖလက်ရှ်ပေါင်ဒါခွက်ကိုကိုင်ကာ ဝင်လာစေ)

ပိုင်ဇေ ။ ။ "ကဲ. . . ကဲ. . . ကိုရှုန်မောင်တို့ အိုးစည်ဝိုင်း ဒီဘက်လှည့်ပြီး တီးဟန်၊ မှုတ်ဟန် ကနေတဲ့ဟန်နဲ့ ငြိမ်ပေးပါ ဓာတ်ပုံရိုက်မယ်"

(ရှုန်မောင်တို့အဖွဲ့က ဓာတ်ပုံဆရာဘက်လှည့်၍ သရုပ်ပြပေးစေ၊ ဓာတ်ပုံဆရာက ကင်မရာ၏ သုံးချောင်းထောက်ကိုထောက်၍ ခြုံလွှာအနက်ကြီးကို ကင်မရာပေါ်မှ လွှမ်းခြုံကာ ပုံရိပ်ကိုချိန်နေစဉ် ဖလက်ရှ်ပေါင်ဒါခွက်ကိုကိုင်၍ မီးပြသူက ကင်မရာဘေးမှရပ်၍ မီးခွက်ကို မြှောက်ထားစေ၊ ဓာတ်ပုံဆရာက ပုံရိပ်ချိန်၍ ဖိုးကပ်စ်ဖြတ်ဟန် ပြုလုပ်ပြီး မှန်ဖလင်ဆလိုက်ထည့်ဟန် စလိုက်ဆွဲဟန် ပြုလုပ်၍ မှန်ဘီလူးရှေ့က ကက်ဖုံးကို ကိုင်ထားကာ)

ဓာတ်ပုံဆရာ ။ ။ "ရယ်ဒီ. . . ဝမ်း. . . တူး. . . သရီး"

(ကက်ဖုံးကို ဖွင့်လိုက်စဉ် မီးခွက်ကိုင်သူက မီးခတ်၍ ဖလက်ရှ်ပေါင်ဒါကိုမီးရှို့လိုက်စေ)

ဖလက်ရှ်ဂန်းသံ ။ ။ "ဖုန်း. . . "

(မီးရောင် ဝင်းခနဲ လင်းလက်လာစေ)

(ကတ္တီပါ ပြည်ဖုံးကားကြီးချစေ)

(အခန်းပြောင်းတီးလုံးအဖြစ် အိုးစည်သံဖြင့် တီးမှုတ်စေ)

ဓာတ်ဝင်ခန်း (၂၁) ပြီး၏။

ဇာတ်ဝင်ခန်း (၂၂)

နေရာ - မင်းလှခံတပ်ကြီးအနီး ရွှေဘုန်းသာ စေတီတော်ရင်ပြင်။

အပြင်အဆင် - ရွှေဘုန်းသာ စေတီတော်မြတ်ကြီးနှင့် ရင်ပြင်တော်ပုံကို နောက်ခံပိတ်ကားပေါ်တွင် ပရိဂျက်တာဖြင့် ထိုးရိုက်ပြထားရမည်။

အလင်းရောင် - နေ့ခင်းအလင်းရောင်ဖြစ်သည့်အတွက် အဖြူရောင်အလင်း ဖွင့်ထားရမည်။

တေးဂီတ - အိုးစည်ပုံမောင်းသံများနှင့် တီးမှုတ်နေရမည်။

သရုပ်ဆောင် - ရတနာပုံခေတ် ဝတ်စားဆင်ယင်မှုဖြင့် ဝတ်စားထားသော ရဲမက်များ၊ အမျိုးသမီးများနှင့်အတူ ဖောင်ဝန်မင်း မဟာမင်းဒင်၊ မင်းလှသီဟသူနှင့် မြန်မာအရာရှိများက ပိုးချိတ်တောင်ရှည်များ၊ ကတ္တီပါရင်ဖုံးအင်္ကျီများနှင့် တစ်စထောင် ခေါင်းပေါင်းများပေါင်းလျက် ပါဝင်သရုပ်ဆောင်ကြရမည်။

ဇာတ်ဝင်ခန်းစ - **(ကတ္တီပါ ပြည်ဖုံးကားကြီးဖွင့်စေ)**

တေးဂီတ - (အခန်းပြောင်းတီးလုံးနှင့်တစ်ဆက်တည်း အိုးစည်ဝိုင်းတော်သံဆက်လက်တီးနေရမည်)

(အမျိုးသမီးများက ရတနာပုံခေတ် ဝတ်စားဆင်ယင်မှုနဲ့ ပန်းအိုးများ၊ ကန်တော့ပွဲများ ကိုင်၍ တန်းစီဝင်လာစေ၊ နောက်ဆုံးတန်းက အိုးစည်ဝိုင်းမှာ ဦးရွှေရိုးနှင့် ဒေါ်မိုးအကတို့က လိုက်ပါလာစေ)

တပ်မှူးကြီး ။ ။ "အို. . . ကိုမင်းဒင်ရေ . . . ကျုပ်တို့ခံတပ်ကြီးရဲ့ ဘုံကထိန်ပွဲက ဘာလိုလိုနဲ့ အတော်စည်ကားကြပါလားဗျ၊ အင်း. . . ရဲမက်တွေ အတော်ပျော်ရွှင်ပုံရတယ်"

မင်းဒင် ။ ။ "အေး. . . ကုသိုလ်စိတ်လွှမ်းမိုးထားတော့ ဘာကိုမှ သတိမရကြတော့ဘူးပေါ့၊ အလွန်ပျော်ရွှင်နေကြတာ၊ ကိုယ်တိုင် တွေ့ကြုံရမယ့် ကြောက်ခမန်းလိလိ စစ်ပွဲကြီးဖြစ်လာမှာကိုတောင် သတိမမူမိကြတော့ဘူးပေါ့"

တပ်မှူးကြီး ။ ။ "အိမ်း. . . စစ်ပွဲဆိုလို့ ကျုပ်တို့ အထောက်တော်တွေဆီက ပို့လိုက်တဲ့ သတင်းအရ ဒင်းတို့ ကုလားဖြူတွေက စစ်ပြင်နေကြပြီဆိုပဲ၊ စစ်သင်္ဘောအဖြစ်အသုံးပြုဖို့ ဧရာဝတီသင်္ဘောနဲ့ ကက်သရင်းသင်္ဘောအပြင် ဧရာဝတီကုမ္ပဏီက ငှားရမ်းထားတဲ့ သင်္ဘောတွေက

မနည်းဘူးတဲ့၊ အားလုံး သဘော်နဲ့ တွဲသမွန် အရေအတွက်က အစင်း ငါးဆယ်နီးပါးရှိဆိုပဲ၊ အားလုံးကိုလည်း လက်နက်တွေ အပြည့် တပ်ဆင်ပြီး အကြီးအကျယ် စစ်ရေးလေ့ကျင့်နေကြသတဲ့"

မင်းဒင် ။ ။ "ဟုတ်တယ် သူငယ်ချင်း၊ ငါတို့ရဲ့ အထောက်တော်တွေက တကယ် အလုပ်လုပ်နေကြပြီ၊ သတင်းတွေကို ဆက်သားတွေနဲ့ လက်ဆင့် ကမ်းပြီး သရက်ကနေ မင်းလှခံတပ်အရောက် သတင်းတွေပို့နေတယ်၊ တစ်ခုခက်တာက ငါတို့ သူလျှိုတွေအတွက် လုပ်ရခက်တဲ့အလုပ်က ပေါ်နေပြီလေ"

တပ်မှူးကြီး ။ ။ "ဟ. . . ဘာတွေကို သူတို့ဘက်က ခိုင်းထားလို့လဲ"

မင်းဒင် ။ ။ "ထူးပေါက်ခံကတုတ်က ခဲယမ်းမီးကျောက်တွေကို ဖောက်ခွဲ ဖျက်ဆီးခိုင်းထားတယ်"

တပ်မှူးကြီး ။ ။ "အိမ်း. . . ဒါတော့ ငါတို့သူလျှိုတွေ အလုပ်ရခက်ပြီပေါ့၊ ဘာကြောင့်လဲ ဆိုရင် ငါတို့ မြန်မာတပ်တော်တွေအတွက် အသက်သွေးကြောက ခဲယမ်းမီးကျောက်ပဲ၊ ကိုယ့်သွေးကို ဖောက်ထုတ်ရမယ့်ကိစ္စဖြစ်လေတော့ တို့သူလျှိုတွေ အခက်တွေ့ပြီပေါ့၊ သူတို့ ဘယ်လုပ်ချင်ပါ့မလဲ"

မင်းဒင် ။ ။ "သူတို့ခိုင်းတဲ့အတိုင်းမလုပ်ရင်လည်း ဗြိတိသျှက တို့လူတွေကို သူလျှိုလို့ သေချာပေါက် သိသွားကြမှာ၊ ခက်ပြီကော"

တပ်မှူးကြီး ။ ။ "ဟေ့ကောင်. . . ငါအကြံရပြီ၊ ငါတို့မှာ အဆင့်အတန်းမမီလို့ ပယ်ထားတဲ့ ယမ်းတွေရှိတယ်၊ ပစ်လို့ခတ်လို့တော့မရဘူး၊ မီးရှို့တာ လောက်တော့ရမယ်၊ ဟာဒီ မင်းလှက ရေနံထွက်တဲ့ အရပ်၊ လက်ယက်တွင်းတွေလောက်တူးရင်ကို ရေနံက ရနေတာ"

မင်းဒင် ။ ။ "အေးလေ. . . အဲဒီ ရေနံလောက်ကတော့ ဘယ်ရေနံမဆို တဲရွာမှာ ပေါမှပေါ"

တပ်မှူးကြီး ။ ။ "ထူးပေါက်ကံရွာက ဆိပ်ကမ်းမှာ လှေတစ်စင်းကပ်ထား၊ အဲဒီ လှေပေါ်မှာ နှမ်းရိုးဆုပ်နဲ့ ရေနံတွေထည့်၊ ပြီးတော့ ယမ်းမှုန့်အထုပ်တွေ ပါတင်၊ အဲဒါတွေ သူတို့ကို လာဖောက်ခွဲခိုင်းလိုက်လေ၊ ဒါဆို လုပ်ကွက် တစ်ကွက် ပြလို့ရတာပေါ့"

မင်းဒင် ။ ။ "ဟာ. . . ဟန်ကျလိုက်လေ၊ ငါအခုပဲ ဆက်သားနဲ့ သတင်းပို့မယ်၊ အခု ဆက်သားကိုလွှတ်ရင် သူကတစ်ဆင့် မလွန်ဆက်သား၊ မလွန် ဆက်သားကနေ နောက်နှစ်ဆင့်လောက် ထပ်ပြီး သတင်းပို့ရင် ဒီနေ့ညနေ သရက်မြို့ကို သတင်းရောက်သွားမယ်"

(ထိုသို့ တိုင်ပင်နေကြစဉ် ရဲမက်ငဇွဲထက်ရှင် ဝင်လာစေ၊ ထိုအခါ တပ်မှူးမင်းဒင်တို့က အမူအရာပြောင်း၍ စကားပြောကြစေ)

မင်းဒင် ။ ။ "တပ်မှူးကြီး ဖောင်ဝန်မင်း မဟာမင်းထင် မင်းလှသီဟသူ ဘုရား. . . ယခုပင် ဆက်သားဖြစ်သူ ငဇွဲထက်ရှင် ရောက်ရှိလာကြောင်းပါ ဘုရား"

တပ်မှူးကြီး ။ ။ "ဟဲ့. . . မောင်မင်းပြောတဲ့ ဆက်သားဆိုတာ ဒီရဲမက်လားကွယ့်"

မင်းဒင် ။ ။ "မှန်လှပါ. . . ဆက်သား ငဇွဲထက်ရှင်ပါတဲ့ဘုရား၊ ဒါကြောင့် ကျွန်တော်မျိုးကြီး ယခုပင် လျှို့ဝှက်သင်္ကေတနှင့် စာရေးပြီး ဆက်သားကို အပို့လွှတ်လိုက်ပါ့မယ် ဘုရား"

တပ်မှူးကြီး ။ ။ "ဟဲ့. . . ရဲမက် ငဇွဲထက်ရှင်"

ဇွဲထက်ရှင် ။ ။ "ဘုရား. . . "

တပ်မှူးကြီး ။ ။ "တပ်မှူးမင်းဒင်ပေးတဲ့စာကို မပေါက်ကြားစေဘဲ အမြန်ပို့ပေးပါ"

ဇွဲထက်ရှင် ။ ။ "မှန်လှပါ. . . လျှို့ဝှက်စာကို မိမိအသက်နဲ့လဲ၍ ကာကွယ်ပြီး ယူဆောင်သွားပါ့မယ် ဘုရား"

တပ်မှူးကြီး ။ ။ "ကိုင်း. . . ကိုင်း. . . မောင်မင်းတို့ လုပ်ငန်းအမြန်စကြပေတော့"

မင်းဒင်နှင့် ။ ။ "မှန်လှပါ. . . တပ်မှူးကြီးဘုရား"

ဇွဲထက်ရှင် (သံပြိုင်)

(ကတ္တီပါ ပြည်ဖုံးကားကြီးချစေ)

(အခန်းပြောင်းတီးလုံးဝင်စေ)

ဇာတ်ဝင်ခန်း (၂၂) ပြီး၏။

ဇာတ်ဝင်ခန်း (၂၃)

နေရာ - သရက်မြို့ရှိ ဗြိတိသျှတို့၏ ကန်တိုမင်ရပ်ကွက်။

အပြင်အဆင် - စစ်တန်းလျားပုံ ပန်းချီဇာတ်ကားကို ချထားရမည်။

အလင်းရောင် - ညရှုခင်းဖြစ်သည့်အတွက် ပြာလဲ့လဲ့အလင်းရောင်ဖွင့်ထားပြီး သရုပ်ဆောင်များကို ဆလိုက်မီးအဖြူရောင် ထိုးပေးထားရမည်။

သရုပ်ဆောင် - ငရှန်မောင်၊ ငတင်ယုနှင့် မြန်မာသုံးဦးတို့အပြင် မျက်နှာဖုံးစွပ်ထားသူ နှစ်ဦးတို့ ပါဝင်ရမည်။

ဇာတ်ခွင်စ - **(ကတ္တီပါ ပြည်ဖုံးကားကြီးဖွင့်စေ)**

(ဇာတ်ခွင်ပေါ်တွင် ရှန်မောင်၊ တင်ယုနှင့် မြန်မာသုံးယောက် တိုင်ပင်နေကြစေ)

ရှန်မောင် ။ ။ "ကဲ. . . ရောင်းရင်းတို့၊ ငါတို့ကို ကုလားဖြူတွေက ထူးပေါက်ခံကတုတ်က ယမ်းတိုက်ကို ဖောက်ခွဲခိုင်းထားတယ်"

တင်ယု ။ ။ "ဟာ. . . အဲဒါမှ ဒုက္ခ၊ တို့မှာ ကိုယ့်တပ်ကိုပြန်နင်းရမယ့် ဆင်ဖြစ်နေပြီ"

ရှန်မောင် ။ ။ "မပူပါနဲ့ကွာ၊ ခုနကတင် ဆက်သားလာပြီး သတင်းပို့သွားတယ်၊ ငါက ဂျပ်စာကိုနှစ်လုံးကျော်ဖတ်ပြီး ဖော်လိုက်တဲ့အခါ ထူးပေါက်ရွာကမ်းခြေမှာ လှေတစ်စင်းလောင်စာတွေ၊ ယမ်းပေါင်ဒါအထုပ်တွေနဲ့ အသင့်လုပ်ထားမယ်တဲ့၊ ငါတို့က အဲဒီလှေကိုသွားပြီး မီးရှို့ဖောက်ခွဲလိုက်ရုံပဲ၊ နောက်ပြီး ဗြိတိသျှကောင်တွေကို ထူးပေါက်ခံကတုတ်က ခဲယမ်း၊ မီးကျောက်တင်လာတဲ့ လှေကြီးတစ်စင်းကို ဖောက်ခွဲလိုက်တယ်လို့ တင်ပြမယ်၊ မြစ်ထဲမှာ ညမှောင်မှောင်မီးလောင်ပေါက်ကွဲတာကို သူတို့လည်း အဝေးကနေမြင်မှာပါ။ ကဲ. . . တာဝန်ခွဲဝေကြစို့"

တင်ယု ။ ။ "ဘယ်လို တာဝန်ခွဲမှာလဲ"

ရှန်မောင် ။ ။ "ငါက ခံတပ်ကလွတ်လိုက်တဲ့ လူနှစ်ယောက်နဲ့တွေ့မယ်၊ အဲဒီလူတွေနဲ့ငါကတစ်ဖွဲ့၊ မင်းက ဒီသုံးယောက်ကိုဦးဆောင်ပြီး ထူးပေါက်ရွာကမ်းစပ်ကလှေကို မီးသွားရှို့"

တင်ယု ။ ။ "မင်းတို့သုံးယောက်က"

ရှုန်မောင် ။ ။ "မင်းတို့ထွက်သွားတာနဲ့ ငါက ချိန်းထားတဲ့နေရာမှာ ခံတပ်က လွတ်ထားတဲ့ နှစ်ယောက်နဲ့ သွားတွေ့မှာ၊ ဘာလုပ်ရမယ်ဆိုတာ ကိုတော့ အဲဒီကျမှသိရမှာပေါ့၊ ကိုင်း မင်းတို့သွားကြတော့၊ အခု နေထွက်မှ သန်းခေါင်ယံ တစ်မောင်းတီးလောက် မင်းတို့ ထူးပေါက်ရွာကို ရောက်မယ်"
(တင်ယုနှင့် မြန်မာသုံးယောက် ဇာတ်ခွင်မှထွက်သွားစေ)
(မီးအလင်းရောင်များ မှောင်အတိကျသွားပြီး မီးမှောင်နေခိုက် နောက်ခံကားကို လိပ်တင်လိုက်စေ၊ ဘက်ကရောင်းတွင် သစ်ပင်၊ သစ်တောများပါသော ပန်းချီကားကြီး အသင့်ချထားစေ)
(မီးများ ပြန်လင်းလာစေ)

ရှုန်မောင် ။ ။ (ဇာတ်ခွင်ထဲတွင် ရှုန်မောင်တစ်ယောက်တည်းသာရှိပြီး ရှုန်မောင်က လက်နှစ်ဖက်ကိုအုပ်၍ ချိုးကူသံပေးစေ)
"တကူ. . . ကူး. . . . တကူ. . . . ကူး. . . "
(ထိုအချိန်မှာ ဇာတ်ခွင်အတွင်းဘက်မှ လူနှစ်ယောက် ခြေဖွဖွ နင်းသည့်ဟန်ဖြင့် ထွက်လာစေ၊ တစ်ကိုယ်လုံး အနက်ရောင် ဝတ်ဆင်၍ မျက်နှာဖုံးအနက်များလည်း တပ်ဆင်ထားစေ)

မျက်နှာဖုံးစွပ် ။ ။ "ဟေ့. . . ဘာငှက်လဲဟေ့"

ရှုန်မောင် ။ ။ "ရွှေချိုးဖြူ"

မျက်နှာဖုံးစွပ် ။ ။ "ငါက ရွှေချိုးနက်"
(မျက်နှာဖုံးစွပ်သူနှစ်ဦးက ပြောပြောဆိုဆို မျက်နှာဖုံးများဖြုတ်၍ ပြစေ)

ရှုန်မောင် ။ ။ (အံ့အားသင့်စွာဖြင့်) "ဟာ. . . ဗိုလ်. . . ဗိုလ်မျိုး နန္ဒကျော်ခေါင်၊ ဟင်. . . ခင်ဗျားက စကားပြန်မောင်ဝိုင်း"

နန္ဒကျော်ခေါင် ။ ။ "ရှူး. . . တိုးတိုး. . . ဒါ တပ်မှူးကြီး ဖောင်ဝန်မင်းရဲ့ အစီအစဉ်ပဲ၊ မင်းတို့ကို တရားခံဖြစ်အောင်လုပ်တာလဲ ငါပဲ၊ အချုပ်ထဲက လွတ်ပေးတာလဲ ငါပဲကွ၊ ဟောဒီလူက နေပြည်တော်ကလွတ်လိုက်တဲ့ ဗိုလ်မျိုးမောင်ဝိုင်း"

ရှုန်မောင် ။ ။ "ဒါဆို. . . ဟို အီတလီသံအမတ်က"

မောင်ဝိုင်း ။ ။ "အေး. . . အဲဒါကတော့ ဗြိတိသျှသူလျှိုအကြီးစားပဲ၊ ငါက သူ့ကို အယုံသွင်းပြီး မင်းတို့ကို ဗြိတိသျှဘက်ရောက်အောင် ပို့ပေးရတာပေါ့"

ရှုန်မောင် ။ ။ (ဗိုလ်မှူးနန္ဒကျော်ခေါင်ဘက်လှည့်၍)
"ဒါဆို ကျွန်တော်မျိုးတို့ ဘာဆက်လုပ်ရမလဲ"

နန္ဒကျော်ခေါင် ။ ။ "ငါတို့လုပ်ရမယ့် ဗျူဟာကတော့ အရင်းခုတ်ရင် အဖျားထင်းဖြစ်တယ်ဆိုတဲ့ ဗျူဟာပဲ"

ရှုန်မောင် ။ ။ "ဘယ်လို. . . ဘယ်လို. . . ကျွန်တော်မျိုး နားမရှင်းဘူး"

နန္ဒကျော်ခေါင် ။ ။ "ဗြိတိသျှတွေရဲ့ ရှေ့တန်းထိုးစစ်ဟာ သစ်ပင်ရဲ့အခက်အလက်တွေပဲ၊ အဲဒီ အခက်အလက်တွေကို ထောက်ခံပံ့ပိုးနေတာ စားနပ်ရိက္ခာနဲ့ ခဲယမ်းမီးကျောက်ဆိုတဲ့ ပင်စည်အရင်းပဲ၊ အဲဒီပင်စည်ကို ခါးဖြတ်ခုတ်လိုက်ရင် အဖျားအနား သစ်ကိုင်း သစ်ခက်ဖြစ်တဲ့ ထိုးစစ်စစ်ကြောင်းဟာ ထင်းဖြစ်သွားတာပေါ့ကွာ"

ရှုန်မောင် ။ ။ "ကျွန်တော်မျိုး သဘောပေါက်ပါပြီ ဗိုလ်မှူး၊ အခု ကျွန်တော်တို့ ဘာလုပ်ကြမလဲ"
(ဗိုလ်မှူးက လက်ထဲတွင် အသင့်ပါလာသော အထုပ်တစ်ထုပ်ကို ပေးရင်း)

နန္ဒကျော်ခေါင် ။ ။ "အင်း. . . လောလောဆယ်တော့ ငါတို့နဲ့ ပုံစံတူသွားအောင် ဟောဒီဝတ်စုံလေး ဝတ်ထားလိုက်"
(ရှုန်မောင်က အင်္ကျီအနက်နှင့် ရှမ်းဘောင်းဘီအနက်ကို ဝတ်ဆင်ကာ မျက်နှာဖုံးကို စွပ်လိုက်စေ)

မောင်ဝိုင်း ။ ။ "ဟုတ်ပြီ. . . ဒါမှ ဗြိတိသျှတွေ အမှတ်မထင် တွေ့သွားရင်တောင် မင်းကို မမှတ်မိတော့ဘူးပေါ့"

နန္ဒကျော်ခေါင် ။ ။ "ကိုင်း. . . လာကြ၊ အမှောင်ထုကို အကာအကွယ်ယူပြီး သင်္ဘောဆိပ်ကရိက္ခာသိုလှောင်ရုံတွေဆီသွားမယ်"
(မီးများ အမှောင်ကျသွားစေ၊ မီးမှောင်နေခိုက် သစ်ပင် သစ်တောပုံပန်းခြီကားကို ဆွဲတင်လိုက်စေ၊ ထိုဇာတ်ကား၏နောက်တွင် ဧရာဝတီမြစ်၏ ညရှုခင်းပုံကို ပရိဂျက်တာနှင့် ထိုး၍ပြထားပြီး ထိုနောက်ခံ၏ရှေ့တွင် သိုလှောင်ရုံပုံဖြတ်ပိုင်းပန်းခြီကားချပ်ကို ချထားစေ)
(တေးဂီတမှ ဒရမ်တီးခတ်သံကို စိတ်ချောက်ချားဖွယ် ဖြစ်အောင် ရိုက်ခတ်တီးခတ်စေ)
(အပြာရောင်လျှပ်စစ်မီးများပြန်လင်းလာသည်နှင့် မျက်နှာဖုံးစွပ်သုံးဦးက ခြေသံဖွဖွနင်း၍ ခိုးကြောင်ခိုးဝှက်ဝင်လာကြစေ၊ သိုလှောင်ရုံရှေ့ရောက်သည်နှင့် လက်ထဲကမီးတုတ်ဖြင့် သိုလှောင်ရုံကို မီးတင်ရှို့စေ)

(မီးတုတ်များနှင့် ရှို့သည့်ဟန်ပြုလုပ်သည်နှင့် သိုလှောင်ရုံခေါင်မိုးပေါ်ရှိ စက္ကူအနီရောင်အမျှင်များကို နောက်ကွယ်မှ ပန်ကာဖြင့် ပင့်မှုတ်ထားပြီး အနီရောင်မီးဆလိုက်ဖြင့် ပင့်ထိုးထားစေ)
(သိုလှောင်ရုံမီးလောင်နေစဉ် မျက်နှာဖုံးစွပ်သုံးယောက် ဇာတ်ခွင်မှ ပြေးထွက်သွားစေ)

နောက်ခံ ။ ။ "Fire...Fire...Fire..."

(သံပြိုင်) "မီး. . . မီး. . . မီး. . . ဗျို့"

သံချောင်းခေါက်သံ ။ "တောင်. . . တောင်. . . တောင်. . . "

(ပြိတိသျှစစ်သားများ ရေပုံးများကိုင်၍ ပြေးဝင်ကာ မီးလောင်ရာသို့ ငြိမ်းသတ်နေစေ)

(ကတ္တီပါ ပြည်ဖုံးကာကြီးချစေ)

(အခန်းပြောင်းတီးလုံးဝင်စေ)

ဇာတ်ဝင်ခန်း (၂၃) ပြီး၏။

ဇာတ်ဝင်ခန်း (၂၄)

နေရာ - သရက်မြို့၊ ကန်တိုမင် ဗြိတိသျှရပ်ကွက်။
အပြင်အဆင် - ဗြိတိသျှ စစ်တန်းလျားများပုံ ပန်းချီဇာတ်ကားကြီးချထားရမည်။
အလင်းရောင် - အဖြူရောင်အလင်းဖွင့်ထားရမည်။
သရုပ်ဆောင် - ဗြိတိသျှ ဆက်ဆံရေးအရာရှိ မစ္စတာလူနို၊ ပိုင်ဇေ၊ ရှန်မောင်နှင့် တင်ယုတို့ ပါဝင် သရုပ်ဆောင်ရမည်။
ဇာတ်ဝင်ခန်းစ - **(ကတ္တီပါပြည်ဖုံးကားကြီး ဖွင့်စေ)**
(မစ္စတာလူနိုနှင့် ပိုင်ဇေတို့ ဝင်လာစေ)

မစ္စတာလူနို ။ ။ "ဟဲလို. . . မစ္စတာပိုင်ဇေ၊ ညက သင်္ဘောဆိပ်က ရိက္ခာဂိုဒေါင်သုံးလုံး မီးလောင်သွားတယ်"

ပိုင်ဇေ ။ ။ "ကျုပ်လည်း ကြားပါတယ်၊ ညက ကျွန်ုပ်က ဧရာဝတီမြစ်ထဲကနေ မော်တော်ဘုတ်နဲ့ ထူးပေါက်ခံကတုတ်အခြေအနေကို ကပ္ပတိန်ဟတ်ဂတ်(စ်)နဲ့ သွားကြည့်နေလို့ မီးလောင်တဲ့နေရာကို မရောက်လိုက်ဘူး"

မစ္စတာလူနို ။ ။ "အဲဒီ. . . ထူးပေါက်ခံကတုတ်က ဘာသတင်းထူးသလဲ"

ပိုင်ဇေ ။ ။ "သတင်းကတော့ ထူးပေါက်ကံရွာ ဆိပ်ကမ်းမှာကပ်ထားတဲ့ လှေကြီးတစ်စင်းပေါက်ကွဲပြီး အကြီးအကျယ် မီးလောင်နေတာကို အဝေးကနေ မှန်ပြောင်းနဲ့ လှမ်းကြည့်ရင်း တွေ့ရပါတယ်"

မစ္စတာလူနို ။ ။ "OK...OK... ရှန်မောင်တို့အဖွဲ့ အောင်မြင်သွားပြီ၊ အဲဒီကိစ္စကို ပရင်ဒါဂတ်(စ်) ခိုင်းထားတာဆိုတော့ ကျွန်ုပ် သူ့ကို အမြန်သတင်းသွားပို့မယ်"

ပိုင်ဇေ ။ ။ "ဒါနဲ့ မစ္စတာ. . . ဂိုဒေါင်တွေ မီးလောင်တဲ့ကိစ္စက ဘယ်လို ဖြစ်တာလဲ"

မစ္စတာလူနို ။ ။ "မီးလောင်တာကို စစ်ထောက်လှမ်းရေးအဖွဲ့က စုံစမ်းစစ်ဆေးနေတယ်၊ မီးက ပေါ့ဆမီးမဟုတ်ဘဲ ရှို့မီးဖြစ်နေတယ်၊ သေသေသပ်သပ်လုပ်ပြီး ရှို့တဲ့မီးပါ၊ ဒါကြောင့် ကျုပ်တို့ တပ်တွေထဲမှာ မြန်မာသူလျှိုတွေရောက်နေတာ သေချာတယ်၊ အနှေးနဲ့အမြန် ဖော်ထုတ်ရမှာပေါ့"

(ထိုအချိန်တွင် ရှန်မောင်နှင့်တင်ယု ဝင်လာစေ၊ မစ္စတာလူနိုက ရှန်မောင်တို့ကို မြင်လိုက်သည်နှင့်)

မစ္စတာလူနို ။ ။ "ဟလို. . . မစ္စတာရှန်မောင်. . . မောင်ရင်တို့လက်စွမ်းက တယ်လဲ ပြောင်မြောက်ပါ့ကလား၊ အင်း. . . မြန်မာတွေကို အထင်သေးလို့ မရဘူးနော်"

ရှန်မောင် ။ ။ "ယခုလို ချီးမွမ်းတာ ကျေးဇူးတင်ပါတယ်၊ ဒါနဲ့ မစ္စတာလူနို. . . ညက မီးလောင်တယ်ဆို"

မစ္စတာလူနို ။ ။ "ဟုတ်တယ်. . . မြန်မာသူလျှိုတွေ ဆိပ်ကမ်းက ဂိုဒေါင်တွေကို မီးရှို့သွားတာပါ၊ အင်း. . . ဗြိတိသျှစစ်တပ်မှာ အမှုထမ်းနေတဲ့ မြန်မာတွေဖြစ်မှာပေါ့၊ အဲ. . . အဲ. . . မစ္စတာရှန်မောင်တို့ကို ပြောတာမဟုတ်ဘူးနော်၊ သင်တို့က ရှင်းပါတယ်၊ မီးလောင်နေတဲ့ အချိန်မှာ ထူးပေါက်ကံရှာက ဆိပ်ကမ်းမှာ မြန်မာစစ်တပ်ရဲ့ ခဲယမ်း မီးကျောက်တင်ထားတဲ့ လေ့ကြီးကို ဖောက်ခွဲလိုက်တဲ့အချိန်ပေါ့၊ ဒါကြောင့် မစ္စတာရှန်မောင်တို့ကို ကျွန်ုပ်တို့ သံသယရှိစရာမလိုပါဘူး၊ ဟဲ. . . ဟဲ. . . "

ပိုင်ဇေ ။ ။ "ဒီကိစ္စကို အရေးယူဖို့ လွယ်ပါတယ် မစ္စတာ လူနို"

မစ္စတာလူနို ။ ။ "အို့. . . ဘယ်လိုအရေးယူမလဲ မစ္စတာပိုင်ဇေ"

ပိုင်ဇေ ။ ။ "ဟောဒီ သရက်မြို့က ဗြိတိသျှတပ်မှာ အမှုထမ်းနေတဲ့ မြန်မာလူမျိုးတွေကို လက်ချိုးရေလို့တောင်ရတာပဲ၊ အဲဒီကောင်တွေ အကုန်ဖမ်းပြီး ရိုက်စစ်မယ်၊ ညှင်းဆဲမယ်၊ မသေရုံတမယ် နှိပ်စက်မယ်"

ရှန်မောင် ။ ။ (ပိုင်ဇေကို မကျေနပ်ဟန်နှင့်ကြည့်ရင်း)
"ဒီမှာ ကိုပိုင်ဇေ. . . အားလုံးကို ဝါးလုံးရှည်နဲ့သိမ်းရမ်းလို့ ဘယ်ဖြစ်ပါ့မလဲဗျ၊ ခင်ဗျားလည်း မြန်မာပဲ၊ မြန်မာအချင်းချင်း ကိုယ်ချင်းစာစိတ်ထားပါ၊ လက်ညှိုးမကောင်း လက်ညှိုး၊ လက်မ မကောင်း လက်မပေါ့ဗျ၊ ခင်ဗျားတို့ ရအောင်စုံစမ်းလေ၊ သေချာ လောက်တော့မှ အရေးယူပေါ့၊ ခင်ဗျားအကြံက မိုက်တွင်းနက်လွန်းတယ်"

ပိုင်ဇေ ။ ။ "ဟေ့ကောင်. . . ဘာစကားပြောတာလဲ၊ ငါ့ကို မိကျောင်းမင်း ရေကင်းလာမပြန်နဲ့၊ ဗြိတိသျှတပ်မှာ အမှုထမ်းတာ ခြောက်နှစ်၊ ခုနစ်နှစ်ရှိပြီကွ၊ မင်းက မနေ့တစ်နေ့ကမှ ဗြိတိသျှကျွန်ဖြစ်တဲ့ အကောင်က . . . "

(ပိုင်ဇေရဲ့ စကားကြောင့် ရှန်မောင်က စိတ်တိုသွားဟန်ဖြင့် ပိုင်ဇေ၏ ရှေ့တွင် တိုက်ခိုက်ရန် ဟန်ရေးပြင်လိုက်စေ)

ရှန်မောင် ။ ။ "ဟေ့ကောင်. . . ငါ့ကို ကုလားကျွန်ဆိုတဲ့စကား မသုံးနဲ့၊ အခြေအနေအရ ဒီမှာလာပြီး ခိုလှုံရတာ၊ ကျွန်စိတ်နည်းနည်းမှ မရှိဘူးကွ"

(ပိုင်ဇေကလည်း ရှန်မောင်ကို တိုက်ခိုက်ရန်ပြင်လိုက်ရင်း)

ပိုင်ဇေ ။ ။ "ဟေ့ကောင်. . . ကြီးကျယ်မနေနဲ့၊ လူကိုက မျိုးချစ်စိတ်ရှိသလို ဘာလိုလိုနဲ့၊ ဟေ့ကောင် မင်းမှာရှိတဲ့မျိုးချစ်စိတ်ဆိုတာ ဘာမှသုံးစားလို့မရတဲ့ဟာကွ၊ အဲဒီစကားနဲ့ ကျယ်မနေနဲ့၊ သတ္တိရှိရင် မင်းနဲ့ငါ တစ်ယောက်ချင်းတိုက်မယ်"

ရှန်မောင် ။ ။ "အေး. . . ရှန်မောင်ဆိုတဲ့ကောင်ကလည်း စိမ်ခေါ်ရင် တိမ်ပေါ်အထိ လိုက်မယ့်အကောင်ကွ၊ ဟား. . . ဟား. . . ဟား. . . "

(ရှန်မောင်နှင့် ပိုင်ဇေမှာ တိုက်ခိုက်ရန် တစ်ယောက်ကိုတစ်ယောက် အကွက်ချောင်းနေကြစေ၊ ထိုအချိန်မှာ မစ္စတာလူနိုကာ နှစ်ယောက်ကြားက ရပ်လိုက်ရင်း)

မစ္စတာလူနို ။ ။ "ဟိုး. . . ဟိုး. . . ရပ်ကြပါတော့၊ သင်တို့နှစ်ယောက် ရန်မဖြစ်ကြပါနဲ့၊ မစ္စတာပိုင်ဇေ သင်ပြောတာ အနည်းငယ်လွန်ပါတယ်၊ မြန်မာဟာ မြန်မာမျိုးချစ်စိတ်ရှိရမှာပေါ့၊ အင်္ဂလိပ်မှာလည်း အင်္ဂလိပ်မျိုးချစ်စိတ်ရှိတာပဲ၊ မောင်ရှန်မောင်ပြောတာမှန်တယ်၊ သူလျှိုတစ်ယောက်အတွက်နဲ့ မဆိုင်တဲ့မြန်မာတွေ ဒုက္ခမရောက်စေချင်ဘူး၊ ဒီကိစ္စ ဒီမှာတင်ရပ်ကြပါ၊ ကျွန်ုပ်တို့မှာ ဒဲ့ထက် အရေးကြီးတာတွေ လက်တွဲလုပ်ကြရဦးမှာလေ၊ ကဲ ကျွန်ုပ် သွားမယ်၊ ဆက်ပြီးတော့ ရန်မဖြစ်ကြပါနဲ့"

ပိုင်ဇေ ။ ။ "ဟုတ်ကဲ့. . . ကျွန်တော်တို့ ဆက်ပြီး ရန်မဖြစ်တော့ပါဘူး၊ မစ္စတာလူနို စိတ်ချလက်ချသွားပါ"

(မစ္စတာလူနိုက အားလုံးကိုနှုတ်ဆက်၍ ဇာတ်ခွင်အတွင်းမှ ထွက်သွားစေ)

(မစ္စတာလူနို ထွက်သွားသည်နှင့် ရှန်မောင်နှင့် ပိုင်ဇေက ဇာတ်ခွင်တစ်ဖက်တစ်ချက်တွင် ရပ်နေပြီး တစ်ယောက်ကို တစ်ယောက် မကျေမချမ်းဟန်ဖြင့်ကြည့်ကာ တစ်ယောက်ကို တစ်ယောက် ချောင်းနေကြစေ၊ တင်ယုက ကြားထဲမှ ရပ်လိုက်ပြီး)

တင်ယု ။ ။ "နေဦး. . . နေဦး. . . ငါက နံပါတ်စဉ်ခေါ်ပေးမယ်၊ ကိုင်း. . . တစ်. . . နှစ်. . . သုံး. . . "

(ပိုင်ဇေနဲ့ ရှန်မောင်တို့က တစ်ဟုန်ထိုး တစ်ဦးနှင့်တစ်ဦး ရင်ဆိုင်ပြေးလာကာ အနားရောက်သည်နှင့် တစ်ယောက်ကိုတစ်ယောက် ဖက်လိုက်ကြစေ)

ပိုင်ဇေ ။ ။ "ဟေး. . . ဒါမှ ငါ့ရဲ့ချစ်သူငယ်ချင်းကွ"

ရှန်မောင် ။ ။ "ဟား. . . ဟား. . . ဟား. . . မစ္စတာလူနိုကတော့ တို့နှစ်ယောက်ကို တကယ်ရန်ဖြစ်မယ်လို့ ထင်သွားတာ"

(နှစ်ဦးသား ဖက်ထားရာမှ ရယ်ရယ်မောမောနှင့် ခွာလိုက်ကြပြီး)

ပိုင်ဇေ ။ ။ "ဟုတ်တာပေါ့၊ မစ္စတာလူနိုက တို့နှစ်ယောက်က မျက်နှာကြောမတည့်ဘူးလို့ သေချာပေါက် ထင်သွားမှာ၊ ဒါမှ ငါတို့ရဲ့လုပ်ငန်းကို သံသယမရှိဘဲ လုပ်လို့ရမှာလေ"

တင်ယု ။ ။ "မင်းတို့နှစ်ယောက်က သရုပ်ဆောင် သိပ်ကောင်းတာပဲ၊ မစ္စတာလူနိုကတော့ အတော်ထိတ်လန့်သွားလေရဲ့"

ပိုင်ဇေ ။ ။ "ဒါနဲ့ ရှန်မောင်. . . သူငယ်ချင်းကို အကူအညီတစ်ခု တောင်းရဦးမယ်၊ ငါက နေပြည်တော်ကပေးတဲ့တာဝန်အရ ဟောဒီဗြိတိသျှတပ်ထဲကို စိမ့်ဝင်ခဲ့ရတာ ခြောက်နှစ်လောက် ရှိပါပြီ၊ ရန်ကုန်မှာ အမှုထမ်းခဲ့တာပေါ့၊ အခု ရန်ကုန်ကနေ ငါ့မွေးရပ်မြေသရက်ကို ရောက်ခဲ့တယ်၊ ဒီမှာလည်း နေပြည်တော်ကပေးတဲ့တာဝန်တွေကို မသိမသာ လုပ်ပေးနေရတာပေါ့၊ မင်းတို့ နှစ်ယောက်ဟောဒီကိုလာဖို့အတွက် ငါရယ်၊ ဗိုလ်မှူး နန္ဒကျော်ခေါင်ရယ်၊ ဗိုလ်မှူးမောင်ဝိုင်းရယ် စီစဉ်ပြီး ဇာတ်လမ်းထွင်ခဲ့ရတာပါ"

ရှန်မောင် ။ ။ "အေးလေ. . . ညက ဗိုလ်မှူးနန္ဒကျော်ခေါင်နဲ့တွေ့လို့ ပြောပြကာမှ ငါလည်း သိရတာပါ၊ နောင်ကြီးတင်ယုတောင် ခုနကမှ ငါပြောပြလိုက်ရတာ၊ ပထမတော့ မောင်ရင်တစ်ယောက်တည်းပဲ ငါတို့နဲ့တွဲရမှာလို့ စက္ကူလွှာမှာ ရေးထားတဲ့စာကိုဖတ်ပြီး သိခဲ့ရတာ၊ ညကမှ ဒီကိစ္စအားလုံး ဗိုလ်မှူးနဲ့ တပ်မှူးကြီးတို့ အစီအစဉ်တွေမှန်းသိလိုက်ရတာပဲ၊ ဒါနဲ့ မင်းက ဘာအကူအညီ တောင်းချင်တာလဲ"

ပိုင်ဇေ ။ ။ "ဒီလိုကွ. . . ဟောဒီ သရက်မြို့မှာ ငါ့ရဲ့မွေးချင်းဆိုလို့ အဒေါ်ဖြစ်တဲ့ဒေါ်အိုစာနဲ့ နှမဝမ်းကွဲ မယ်ခင်တို့ပဲ ရှိကြတော့တာ၊ သူတို့က အတော်ဆင်းရဲတယ်၊ အရွယ်ရောက်နေတဲ့ မယ်ခင်က ကုန်သည်ကြီးဦးပွရဲ့ပွဲရုံမှာ တောက်တိုမည်ရလုပ်ရင်း သားအမိနှစ်ယောက်ရဲ့ဝမ်းရေးကို ဖြေရှင်းနေရတယ်။ အခုတော့ မယ်ခင်လေး ဒုက္ခရောက်နေပြီ၊ သူမှာ ကိုယ်ဝန်သုံးလရှိပြီး ကိုယ့်ကိုယ်ကိုယ်သတ်သေဖို့

တောင်ကြံနေတုန်း ငါနဲ့ တွေ့ခဲ့ရတာ၊ ငါက သူ့ကို ကြိုးဆွဲချမယ့်ဘေးက ကယ်ခဲ့ပြီး အကျိုးအကြောင်းမေးတော့ ပွဲစားငပွက သူ့ကို မျက်နှာဖြူအရာရှိနဲ့ အခန်းထဲ ပိတ်ပေးလို့ ကိုယ်ဝန်ရှိနေတာတဲ့၊ အခုလည်း ပွဲစားက သူ့ကို ခေါ်နေပြန်ပြီ၊ မလာရင် သူရစရာရှိတဲ့ အကြွေးတွေနဲ့ သူတို့နေတဲ့ အိမ်နဲ့ဝိုင်းကို သိမ်းမယ်ပြောနေတယ်၊ မင်း. . . အဲဒီကိစ္စကို ရှင်းပေးပါကွာ”

ရှန်မောင် ။ ။ “မင်းညီမဝမ်းကွဲက အိမ်ထောင်ရှိသလား”

ပိုင်ဇေ ။ ။ “အို. . . အပျိုစင်နုနုလေးပါကွာ၊ ဒါကြောင့် လင်ကောင်မပြနိုင်ဘဲ ကိုယ်ဝန်ရှိနေလို့ သူစိတ်ဒုက္ခရောက်ရတာပေါ့”

ရှန်မောင် ။ ။ “ငါ သူနဲ့တွေ့ပြီး နည်းနည်းမေးချင်တယ်”

(ထိုအခါ ပိုင်ဇေက နောက်ကိုလှည့်၍ လက်ခုပ်တီးလိုက်စေ၊ လက်ခုပ်တီးအပြီး မိန်းကလေးတစ်ဦး နွမ်းပါးစွာဝတ်ဆင်၍ ငိုရှိုက်ကာ ဝင်လာစေ)

ရှန်မောင် ။ ။ “အို. . . အတော်နုနယ်သေးတာပဲ၊ ငါ့ညီမမှာ ကိုယ်ဝန်ရှိနေပြီဆို”

(မယ်ခင်က ခေါင်းလေးငုံ့၍ တရှိုက်ရှိုက်ငိုရင်းပြောစေ)

မယ်ခင် ။ ။ “ဟုတ်. . . ဟုတ်. . . ဟုတ်ပါတယ်ရှင်. . . ”

ရှန်မောင် ။ ။ “ဘယ်နှစ်လရှိပြီလဲ”

မယ်ခင် ။ ။ “သုံးလ ရှိပါပြီ”

ရှန်မောင် ။ ။ “ညီမရဲ့ ဖြစ်စဉ်ကို ပြောပြစမ်းပါ”

မယ်ခင် ။ ။ “အဟင့်. . . ဟင့်. . . ဟင့်. . . ကျွန်မက ပွဲစားဦးပွအိမ်မှာ တောက်တိုမည်ရ လုပ်ပါတယ်၊ တစ်နေ့တော့ ပွဲစားက သူ့ရဲ့ ဆန်၊ ဆီ၊ ကုလားပဲတွေ ကုလားတပ်ကို ဈေးကောင်းကောင်းနဲ့ သွင်းရဖို့ အရေးအတွက် ကုလားဖြူစစ်ဗိုလ်မှူးကို သူ့အိမ်မှာခေါ်ပြီး ဧည့်ခံပါတယ်၊ ကျွန်မက သူတို့ သောက်ဖို့ စားဖို့ အကုန်စီစဉ်ပေးနေရပါတယ်၊ ညဉ့်အတော်နက်လာတော့ ကျွန်မကို အရက်မူးနေတဲ့ ကုလားဖြူနဲ့ အခန်းထဲထည့် အဟင့်. . . ဟင့်. . . ဟင့်. . . ပိတ်ထားပါတယ်၊ အဲဒီမှာ ကျွန်မရဲ့ဘဝ ပျက်စီးခဲ့ရပါတယ်ရှင်”

ရှန်မောင် ။ ။ “ရက်စက်လိုက်တဲ့လူဗျာ. . . မျိုးချစ်စိတ်ဓာတ် နည်းနည်းမှမရှိတဲ့ လူယုတ်မာ. . တောက်၊ ဒါနဲ့ ကိုယ်ဝန်ရှိတော့ နင်က ဦးပွကို မပြောဘူးလား”

မယ်ခင် ။ ။ “ပြောပါတယ်. . . ၊ ဦးပွက. . . ကိုယ်ဝန်ရှိလာရင်လည်း အဲဒီ ကုလားဖြူဗိုလ်မှူးကို လက်ထပ်ယူလိုက်ပေါ့တဲ့၊ နင်ကောင်းစားသွားမှာပါတဲ့”

ရှန်မောင် ။ ။ "အဲဒီတော့ ညီမက ဘာပြန်ပြောလိုက်သလဲ"

မယ်ခင် ။ ။ "အို. . . ကျွန်မက ဘဝပေး အကျိုးနည်းခဲ့လို့ လူမျိုးခြားသွေး အနှောခံရတာ၊ ကုလားမယား ဘယ်တော့မှ အဖြစ်မခံနိုင်ဘူးလို့ ပြောပြီး သူ့အိမ်က အပြီးအပိုင် ထွက်လာခဲ့တယ်"

ရှန်မောင် ။ ။ "အေး. . . ဒါမှ မျိုးချစ်စိတ်ဓာတ်ကွ၊ အခု ညီမကို ဦးပွက ခြိမ်းခြောက်ခေါ်နေတယ်ဆို"

မယ်ခင် ။ ။ "ဟုတ်တယ်၊ ဒါကြောင့် သူ့ဆီသွားပြီး ကုလား အသုံးတော်ခံမယ့် အစား သေတာမှ မြတ်ဦးမယ်ဆိုပြီး ကြိုးဆွဲချသေဖို့လုပ်ခဲ့တာ၊ မောင်ကြီးပိုင်ဇေနဲ့ တွေ့သွားလို့"

ရှန်မောင် ။ ။ (စဉ်းစားဟန်ပြုနေစေ၊ ခဏနေသောအခါ)
"ကိုယ်စဉ်းစားလို့ရပြီ၊ ဒီနေ့ည ဦးပွအိမ်ကိုသွား၊ သူခိုင်းတာတွေ လုပ်ပေးလိုက်၊ ငါ့ညီမ ဒီတစ်ခါ မနစ်မွန်းအောင် မောင်ကြီးတို့ အချိန်မီ စီစဉ်မယ်"

ပိုင်ဇေ ။ ။ "ကျေးဇူးတင်လိုက်တာဗျာ၊ ကိုယ်က စကားပြန်သာ လုပ်တတ်တာ၊ တိုက်ရေးခိုက်ရေးမှာ အစွမ်းမရှိဘူး"

ရှန်မောင် ။ ။ "ကိုင်း. . . သူငယ်ချင်းတို့၊ အခုပဲ ညရောက်တော့မယ်၊ ဒီကိစ္စ ဘယ်လို စီစဉ်မယ်ဆိုတာ ဟောဟို ခင်တန်းလေးမှာ သွားပြီး တိုင်ပင်ကြစို့ကွာ. . . "
(အားလုံး ဇာတ်ခွင်မှ ထွက်သွားဟန်ပြင်စေ)

(ကတ္တီပါ ပြည်ဖုံးကားကြီးချစေ)

(အခန်းပြောင်းတီးလုံးဝင်စေ)

ဇာတ်ဝင်ခန်း (၂၄) ပြီး၏။

ဇာတ်ဝင်ခန်း (၂၅)

နေရာ - သရက်မြို့၊ မြစ်ဆိပ်ကမ်းအနီး၊ ပွဲစား ဦးပွအိမ်။

အပြင်အဆင် - ပွဲစား ဦးပွ၏ အိမ်အတွင်းခန်းပုံ ပန်းချီဇာတ်ကားကြီး ချထားပြီး အိမ်ရှေ့တွင် စားပွဲနှင့် ထိုင်ခုံများ ချထားကာ ပုဝိုင်းဝိုင်း အရက်ပုလင်းများနှင့် လည်တံရှည် ကလပ်ဖန်ခွက်များ ချထားရမည်။ နံရံအနီးတွင် တိုင်ငုတ်တိုပေါ်၌ မီးလင်းဖိုခေါ်သော ပက်လက်မြေအင်တုံကြီးထဲတွင် ဝါစေ့နှင့် ရေနံရောသောမီးများ ထွန်းထားရမည်။

တေးဂီတ - မောင်းဆိုင်းနှင့် ဦးမင်းကျော် နတ်ဆိုင်းဆန်ဆန် အရက်သမားနှင့် လိုက်ဖက်သော တီးကွက်ကို တီးခတ်နေရမည်။

ဇာတ်ဝင်ခန်းစ - **(ကတ္တီပါ ပြည်ဖုံးကားကြီးဖွင့်စေ)**

(တေးဂီတမှ အရက်သမားဆိုင်းကို ခပ်မြိုင်မြိုင်တီးပေးပြီး ခပ်ဖွဖွဆက်တီးနေစေ)

ဦးပွ ။ ။ “ဟဲ့. . . မယ်ခင်. . . အရက်ပုလင်းတွေ၊ အမြည်းတွေ စုံပြီလားဟဲ့”

မယ်ခင် ။ ။ “စုံပါပြီရှင့်”

(ထိုအချိန် ဗြိတိသျှ စစ်ယူနီဖောင်းဖြင့် ဗိုလ်မှူးတစ်ယောက် ဝင်လာစေ၊ ထိုဗိုလ်မှူးက မြန်မာစကား မတောက်တခေါက်ပြောစေ)

ဗြိတိသျှ ။ ။ “ဟယ်. . လို. . . မစ္စတာ မောင်ပွ. . . ”

ဦးပွ ။ ။ “ဟော. . . အမေချာ ကြွလာပြီ၊ ကြွ. . ကြွပါ ခင်ဗျာ၊ စစ်တောင်း. . . စစ်တောင်းပါ”

(ဗြိတိသျှအရာရှိက ကုလားထိုင်တွင် ဝင်ထိုင်လိုက်စေ၊ ထိုအခါ ဦးပွက မယ်ခင်ကို မျက်နှာရိပ်မျက်နှာကဲပြ၍ လက်ဟန်ခြေဟန်နှင့် အရက်ထည့်ခိုင်းစေ၊ မယ်ခင်က ခါးကိုညွတ်ကိုင်း၍ ရှိသေစွာ အရက်ထည့်ပေးစေ)

ဗြိတိသျှ ။ ။ “အိုး. . . မြန်မာဝူးမန်း(နှ်)၊ လေဒီက အလွန်လှဒယ်၊ သင်နဲ့ကျွန်ုပ် ဟိုတစ်ခါ အတူအိပ်တယ်နော်. . . ဘဲရီးဂွတ်. . . ဘဲရီးဂွတ်”

ဦးပွ ။ ။ “ယက်. . . ယက်. . . ဘဲထီးကွတ်တယ်မို့လား. . . ဘဲထီးကွတ်ကွယ် ဟဲ. . . ဟဲ. . . ”

(ဖြိတိသျှအရာရှိက အရက်ခွက်ကိုကိုင်၍ အားပါးတရသောက်စေ၊ မယ်ခင်ကလည်း ထပ်ငှဲ့ပေးနေစေ၊ ခဏနေ မူးဟန်ပြလာစေ)

ဖြိတိသျှ ။ ။ "ဟယ်လို. . . မစ္စတာပွ၊ အကျွန်ုပ် ဒီတစ်ခါလည်း ဘဲရီးဂွတ်ချင်တယ်"

ဦးပွ ။ ။ "ဟဲ. . . ဟဲ. . . ဘဲထီးမကွတ်ခင် ပြောရဦးမယ်၊ ဒီတစ်ခါ ကုလားပဲနဲ့ ပဲဆီတွေ ဘယ်သူ့ဆီကမှ မဝယ်ပါနဲ့၊ ကျုပ်ဆီကပဲ ဝယ်ပါ"

ဖြိတိသျှ ။ ။ "အိုခေ. . . အိုခေ. . . မောင်မင်းဆီကပဲ အကျွန်ုပ်ဝယ်မယ်၊ ကျွန်ုပ် ဘဲရီးဂွတ်ချင်လှပြီ"

ဦးပွ ။ ။ "အိုး. . . ဝမ်းသာလိုက်တာ၊ အမေချာ ကြိုက်သလောက်ကွတ်ပါ၊ ဟဲ့ဟဲ့ မယ်ခင် ဧည့်သည်က ဘဲထီးကွတ်ချင်လို့တဲ့ ဟဲဟဲ. . . "

မယ်ခင် ။ ။ "အို. . . ကျွန်မကို ဒီတစ်ခါ အနိုင်ကျင့်လို့ မရဘူးမှတ်၊ အရင်တစ်ခါ အကြောင်းမသိလို့ ဘဝပျက်ခဲ့ရတာ"

ဦးပွ ။ ။ (အခြေအနေ မဟန်မှန်းသိ၍ ခပ်လောလောပြောစေ)
"အို. . . အမေချာ. . . မြန်မြန်ကွတ်ပါ၊ မြန်မြန်ဘဲထီးကွတ်ပါ၊ လွတ်သွားမယ်"
(ဖြိတိသျှအရာရှိက မယ်ခင့်၏ ဘယ်ဘက်လက်ကို ဆွဲလိုက်စဉ် မယ်ခင်က ညာဘက်လက်ဝါးနှင့် ဖြိတိသျှရဲ့ပါးကို တအား လွဲရိုက်လိုက်စေ)

လက်ဝါးရိုက်သံ ။ ။ "ဖြန်း. . . "

ဖြိတိသျှ ။ ။ "အား. . . အကျွန်ုပ်ပါးကို ရိုက်တယ်၊ မရဘူး ကျုပ်က ဇွတ်ကို ဘဲရီးဂွတ်မှာပဲ"

မယ်ခင် ။ ။ "အို. . . လွတ်စမ်း၊ ကုလားအစော်ကားခံလိမ့်မယ်မထင်နဲ့၊ မယ်ခင်တဲ့. . . မယ်ခင်"
(မယ်ခင်က ဇွတ်တရွတ်ရုန်းရင်း လက်ဝါးနှင့် ရိုက်နေစေ၊ ဖြိတိသျှ ကောင်ကလည်း ဇွတ်တရွတ်ဆွဲခေါ်သွားစေ)

ဖြိတိသျှ ။ ။ "အိုး. . . . ဘဲရီးဂွတ်. . . ဘဲရီးဂွတ်. . . "

မယ်ခင် ။ ။ "ဟဲ့. . . အမျိုးယုတ်ကြီး. . . လွတ်စမ်း. . . လွတ်စမ်း. . . "
(ထိုသို့ ဆွဲလိုက်ရုန်းလိုက်ဖြစ်နေစဉ် တစ်ကိုယ်လုံး အနက်ရောင် ဝတ်ထားပြီး မျက်နှာဖုံးစွပ်ထားသူဝင်လာစေ)

မျက်နှာဖုံးစွပ် ။ ။ "ဟိတ်. . . ရပ်လိုက်စမ်း. . . ကုလားဖြူကောင်၊ မင်းလက်ထဲက ကောင်မလေးကို လွှတ်လိုက်"

ဖြိတိသျှ ။ ။ "အိုး. . . မိုင်. . . ဂျေ့၊ သင် ဘယ်သူလဲ"

မျက်နှာဖုံးစွပ် ။ ။ "ငါ မင်းရဲ့ သေမင်းလေ"

ဗြိတိသျှ ။ ။ “အို. . . ငါ့မှာ ဓားပါတယ်၊ မင်းကို ငါနိုင်အောင်တိုက်မယ်”

မျက်နှာဖုံးစွပ် ။ ။ “ကိုင်း. . . ထုတ်လိုက်စမ်း မင်းရဲ့ဓား၊ ဟောဒါက မြန်မာ့ဓား”
(မျက်နှာဖုံးစွပ်က ပြောရင်း နောက်ကျောမှာ သိုင်းထားသော ဓားအိမ်ထဲမှ ဓားကို ထုတ်ပြလိုက်စေ၊ ဗြိတိသျှလည်း သူ့ခါးတွင် တွဲလောင်းချထားသော ဗြိတိသျှစစ်သုံးဓားကို ဓားအိမ်ထဲမှ ဆွဲနုတ်လိုက်ကာ မယ်ခင့်ကို လွှတ်လိုက်စေ)
(ဗြိတိသျှအရာရှိနှင့် မျက်နှာဖုံးစွပ်တို့မှာ တစ်ဦးကိုတစ်ဦး ဓားဖျားနှင့် ချိန်ရင်း စက်ဝိုင်းပုံ လှည့်ပတ်လျှောက်လှမ်းနေကြစေ၊ ခဏနေ ဗြိတိသျှကောင်က မျက်နှာဖုံးစွပ်၏ရင်ဝသို့ ဓားဦးဖြင့်လှမ်းထိုးစေ၊ မျက်နှာဖုံးစွပ်ကလည်း သူ၏ဓားဖျားဖြင့်ရိုက်၍ ဗြိတိသျှရဲ့ဓားဦးကို ဖယ်လိုက်စေ၊ တစ်ဦးနှင့်တစ်ဦး ဓားဖျားချင်း ရိုက်လိုက်၊ ရှေ့သို့ ခြေလှမ်းတက်၍ ဓားဦးနှင့်ထိုးလိုက်လုပ်နေကြစေ၊ တစ်ခါတွင် ဗြိတိသျှ၏ထိုးဓားကို မျက်နှာဖုံးစွပ်က ရိုက်ဖယ်၍ ဗြိတိသျှ၏ လည်ပင်းကို တွက်ဓားနှင့် ပက်လိုက်စေ၊ ဗြိတိသျှပက်လက်လန်ကျအသွား၊ မျက်နှာဖုံးစွပ်က ဓားကို အောက်စိုက်၍ လက်နှစ်ဖက်နှင့် ဆုပ်ကိုင်ကာ ဗြိတိသျှ၏ရင်ဝသို့ အားကုန်စိုက်ချလိုက်စေ)

ဗြိတိသျှ ။ ။ “အား. . . . ”
(မျက်နှာဖုံးစွပ်မှာ ဗြိတိသျှကောင်ကို ဓားဖြင့် အဆုံးစီရင်ပြီးနောက် မယ်ခင်၏လက်ကို ဆွဲကာ ပွဲစားဦးပွတ်ကို ဓားဖြင့်ချိန်ထားလိုက်စေ)

မျက်နှာဖုံးစွပ် ။ ။ “ဟေ့. . . မျိုးချစ်စိတ်မရှိတဲ့အကောင်၊ သားသမီးချင်းမှ ကိုယ်ချင်းမစာနာ၊ ကိုယ့်လိုဘ တစ်ခုထဲကြည့်ပြီး မြန်မာအချင်းချင်း ပန်းကောင်းအညွှန့်ချိုးလုပ်တဲ့အကောင်၊ မင်းကိုလည်း ဒီအတိုင်းမထားဘူး”
(ပွဲစားဦးပွတ်မှာ ကြောက်ရွံ့တုန်လှုပ်၍ မျက်နှာဖုံးစွပ်ရှေ့တွင် ဒူးတုပ်ထိုင်ချလိုက်ပြီး လက်အုပ်ချီကာ တောင်းပန်စေ)

ဦးပွ ။ ။ “အမလေး. . . အသက်ကိုတော့ ချမ်းသာပေးပါခင်ဗျာ၊ ခင်ဗျားလိုချင်တာရှိရင် ယူယူပါ”

မျက်နှာဖုံးစွပ် ။ ။ “တိတ်စမ်း. . . ကျက်သရေမရှိတဲ့ မျက်နှာကြီးနဲ့ မပြောနဲ့၊ ကျုပ်က ဓားပြတိုက်နေတာ မဟုတ်ဘူး၊ ကျုပ်လိုချင်တာ ပစ္စည်းဥစ္စာ၊ ငွေကြေးမဟုတ်ဘူး၊ မျိုးချစ်စိတ်ဓာတ်မရှိတဲ့ ကြောင်သူတော်ရဲ့ လည်ချောင်းသွေးကို သောက်ချင်တာ”

ဦးပွ ။ ။ “ခင်ဗျားပြောတဲ့ဟာကြီး. . . ဘာ. . . ဘာတဲ့၊ မျိုးချစ်ဆိုတဲ့ကြောင်ကြီး ကျုပ်အိမ်မှာ မရှိပါဘူးဗျာ”

မျက်နှာဖုံးစွပ် ။ ။ (မားနှင့် ရွယ်လိုက်၍) "တယ်. . . ငါခုတ်လိုက်ရ၊ ကြောင်သူတော်ဆိုတာ နင့်ကိုပြောတာ ဟဲ့. . .၊ ကိုယ့်လူမျိုးကို မချစ်တဲ့ကောင်၊ အေး. . . နင့်ကို ငါ့မားနဲ့ မခုတ်တော့ပါဘူး၊ ငါ့မားသိက္ခာကျတယ်၊ ကဲ. . . နင့်ကို သတ်တဲ့နည်းက. . . ရော့ ငါ့မားကိုယူ"

(မားကို ဦးပွရှေ့ပစ်ချ၍ မယ်ခင်ကို လက်ဆွဲခေါ်ကာ လျှပ်တစ်ပြက်ပြေးထွက်သွားစေ)

(ဦးပွကလည်း မားတစ်လက် သူ့ရှေ့ကျလာသဖြင့် ကြောက်ရွံ့ဟန်ပြနေသော မျက်နှာက ချက်ချင်းပြောင်းလဲသွားပြီး ကောက်ကျစ်ဟန်အမူအရာနှင့် မားကိုကောက်ယူကာ မျက်နှာဖုံးစွပ်ကို ခုတ်ဟန်ပြုလိုက်စေ)

ဦးပွ ။ ။ "ဟေ့. . . သူခိုး မားရိုးကမ်းတဲ့ မားပြကြီး သေပေတော့၊ ဟင်. . . ပြေးတော့လည်း မြန်လိုက်တာ၊ ငပွကို ဒါလောက်တောင် ကြောက်ရသလားဟဲ့၊ ဟေး. . . ငပွတဲ့ကွ တစ်ပွထဲရှိတယ်"

(ဦးပွက ထိုသို့ကြိမ်းမောင်းနေစဉ် စကားပြန်ပိုင်ဇေနှင့် ဗြိတိသျှစစ်သားများ ဝင်လာစေ၊ ရောက်လျှင်ရောက်ခြင်း ပိုင်ဇေတို့က သေနတ်နှင့်ချိန်ရင်း)

ပိုင်ဇေ ။ ။ "ဟေ့. . . လက်ထဲက မားချစမ်း၊ မချရင် ပစ်ထည့်လိုက်မှာနော်"

(ဦးပွမှာ သူ့ကို သေနတ်များနှင့်ချိန်ထားသော ဗြိတိသျှစစ်သားများကိုမြင်လျှင် လက်ထဲမှမားကိုချ၍ လက်မြှောက်ထားစေ)

ဦးပွ ။ ။ "မ. . . မ. . . မပစ်ပါနဲ့. . . ကြောက်ပါပြီဗျ"

ပိုင်ဇေ ။ ။ "ဟာ. . . ကြည့်စမ်း၊ ဒီလူ အရာရှိကို သတ်ထားတယ်၊ လက်ထဲမှာလည်း သွေးအလိမ်းလိမ်းနဲ့ မားကိုင်ထားတယ်၊ ဖမ်း. . . ဖမ်းကြစမ်း"

(ဗြိတိသျှစစ်သည်များက ဦးပွကို ဖမ်းဆီးလိုက်စေ)

ဦးပွ ။ ။ "ကျွန်. . . ကျွန်တော်သတ်တာ မဟုတ်ပါဘူးဗျ၊ ဒါ. . . ဒါကျွန်တော့်မားလည်း မဟုတ်ပါဘူး၊ ဟို. . . ဟို. . . မျက်နှာဖုံးစွပ်နဲ့ မား. . . မားပြ သတ်သွားတာပါ"

ပိုင်ဇေ ။ ။ "ဟေ့. . . သွေးရူးသွေးတန်းနဲ့ လိမ်ညာမနေနဲ့၊ ခင်ဗျားအိမ်ထဲမှာ မျက်နှာဖုံးစွပ်တဲ့ ဘယ်အကောင်မှ မတွေ့ဘူး၊ ကျုပ်တို့တွေ့တာ အလောင်းရဲ့ဘေးမှာ သွေးသံရဲရဲနဲ့ မားကိုကိုင်ထားတဲ့ ခင်ဗျားတစ်ယောက်တည်းတွေ့တာ"

ဦးပွ ။ ။ "ကျွန်တော်သတ်တာ မဟုတ်ပါဘူးဗျ၊ ဘုရားစူး၊ မြွေပွေးကိုက်၊ မြေမျိုရစေရဲ့ဗျ"

ဝိုင်ဇေ ။ ။ "တိတ်စမ်း. . . ခင်ဗျားလို ဆန်ကောလောက်မှ ဇောက်မနက်တဲ့ လူယုတ်မာကျိန်တာ ကျုပ်မယုံဘူး၊ ကျိန်စာ သနတယ် မကျိန်နဲ့။ ဥပဓိရုပ်ကြည့်ရုံနဲ့ လူယုတ်မာကြီးမှန်း ကျုပ်သိတယ်၊ ခင်ဗျား ပြောစရာရှိရင် တပ်ရင်းရုံးကျမှပြော၊ ကြာတယ် သူ့ကိုခေါ်ခဲ့ကြ"

ဦးပွ ။ ။ (အော်ကြီးဟစ်ကျယ် ငိုချစေ)
"အို. . . အမေရဲ့. . . သားအဖြစ်ကို ကြည့်လှည့်ပါဦးဗျ. . . အား. . . အီး. . . အီး. . "

(ကတ္တီပါ ပြည်ဖုံးကားကြီးချစေ)

(အခန်းပြောင်းတီးလုံးအဖြစ် ခေတ်ပေါ်တေးဂီတဝိုင်းက ငိုချင်းဆိုင်းဆန်ဆန် တီးမှုတ်လိုက်စေ)

ဇာတ်ဝင်ခန်း (၂၅) ပြီး၏။

ဇာတ်ဝင်ခန်း (၂၆)

နေရာ - သရက်မြို့၊ ဒေါ်အိုစာ၏နေအိမ်။

အပြင်အဆင် - ဒေါ်အိုစာ၏ တဲသာသာ အိမ်စုတ်လေးပါသော ပန်းချီကားကြီး ချထားရမည်။ အိမ်လေး၏ရှေ့တွင် ကွပ်ပျစ်တစ်ခု ချထားရမည်။

အလင်းရောင် - အဖြူရောင် အလင်းဖွင့်ထားရမည်။

တေးဂီတ - မြန်မာ့စောင်းတော်နှင့် တော်ကြီးငယ်အစချီသီချင်းကို အဆိုမပါ တီးခတ်နေရမည်။

သရုပ်ဆောင် - ဒေါ်အိုစာနှင့် ရပ်မိရပ်ဖများ၊ ရှုန်မောင်၊ မယ်ခင်၊ တင်ယု၊ ပိုင်ဇေနှင့် ကုလားစစ်သားများ ပါဝင်ရမည်။

ဇာတ်ခွင်စ - ဒေါ်အိုစာ၏ အိမ်ရှေ့တွင် ရပ်မိရပ်ဖငါးဦးနှင့် ဒေါ်အိုစာတို့ ရပ်နေရမည်။

(ကတ္တီပါပြည်ဖုံးကားကြီးဖွင့်စေ)

ဦးဆင့် ။ ။ "ဟဲ့. . . မိအိုစာ. . . ကန်တော့အုပ်တင်မယ့်လူတွေက လာကောလာမှာလားဟဲ့"

ဒေါ်အိုစာ ။ ။ "လာမှာပါ ဦးဆင့်ရယ်. . . ဒါကြောင့် ရှင်တို့ ရပ်မိရပ်ဖတွေ ဖိတ်ထားရတာပေါ့"

ဦးဆင့် ။ ။ "အိမ်း. . . မိန်းကလေး အရွယ်ရောက်လာတော့လည်း မိဘတို့ ဝတ္တရားရှိတဲ့အတိုင်း နေရာချထားရသည်ပါ့"

ဒေါ်အိုစာ ။ ။ "မှန်တာပေါ့ရှင်. . . ဟော. . ပြောရင်းဆိုရင်း သူတို့လာပြီ" (အုပ်တင်မည့်အဖွဲ့တွင် ကုလားစစ်သားများက မြန်မာလို ဝတ်ဆင်လျက် ကန်တော့ပွဲများကို ရွက်လာကာ၊ နောက်မှ ရှုန်မောင်၊ တင်ယုနှင့် ပိုင်ဇေတို့ ပါဝင်ကာ လိုက်ပါလာစေ)

ဦးဆင့် ။ ။"အို. . . ကန်တော့ပွဲကို ကုလားက ရွက်လာတယ်"

ကုလားဆာမိ ။ ။ "ဝုတ်ဒယ်လေ. . . တာခါဒဲ ကာလားလည်း မြန်မာပြေနေဒယ်၊ မြန်မာကာတော့ပွဲ ရွက်ရဒယ်ပေါ့. . . ဟဲ. . . ဟဲ. . . ဟဲ"

ဒေါ်အိုစာ ။ ။ (ရှုန်မောင်ကို နှုတ်ဆက်ရင်း)
"ဟဲ့. . . အမောင်. . . မင်းနှယ်ကွယ်. . . ကုလားကို ကန်တော့ပွဲ ရွက်ခိုင်းရတယ်လို့၊ နင့်ကုလားကလည်း စကားပြောလိုက်တာမှ ကမ္ဘဝါစာဖတ်မှာကျနေတာပဲ"

ရှန်မောင် ။ ။ "အင်. . . လူပျိုဘားတိုက်မှာ မိန်းကလေးမရှိတော့ ယောကျ်ားသားတွေပဲ ကန်တော့ပွဲ ရွက်ခိုင်းရတာပေါ့၊ နောက်ပြီး ကုလားတပ်ဆိုတော့ မြန်မာလည်း မရှိဘူးလေ၊ ဒီကုလားတွေက ဗြိတိသျှစစ်သားဆိုပေမယ့် ရန်ကုန်မွေးပြီး ရန်ကုန်မှာကြီးတာပါ၊ နောက်ပြီး ဗုဒ္ဓဘာသာဝင်ကုလားတွေလေ၊ ဟိုဘက်က ကုလားတွေကလည်း ဘင်္ဂလားမှာ မွေးပေမယ့် မြန်မာပြည်ရောက်တာကြာနေတော့ မြန်မာ့ဓလေ့ကို သူတို့ကထိတွေ့မှုရှိပြီးသားတွေပါ၊ ကျွန်တော့်ကို အတော်ခင်တဲ့လူတွေပေါ့"

ဦးဆင့် ။ ။ "ဟဲ့. . . ဟဲ့. . . မယ်အိုစာ. . . အုပ်တင်တာပဲ၊ အုပ်ကို ဘယ်သူရွက်ရွက် အဓိကမကျဘူး ဟဲ့၊ ဒါနဲ့ မောင်ရင်ရဲ့ မိဘက"

ရှန်မောင် ။ ။ (တင်ယုကို လက်ညှိုးထိုး၍)
"ကျွန်တော့်မိဘအဖြစ် ဟောဒီ နောင်ကြီးတင်ယုကပဲ အဘလည်းဟုတ်၊ အမိလည်းဟုတ်ပါ၊ သူပဲ ကျွန်တော့်မိဘပေါ့ ခင်ဗျာ"

ဦးဆင့် ။ ။ "အေး. . . စစ်မှုထမ်းတွေဆိုတော့ မိဝေး ဖဝေးနေရတော့ ခင်ရာဆွေမျိုး၊ မြိန်ရာ ဟင်းကောင်းပေါ့ကွာ၊ အိမ်း. . . မိသား ဖသားပီပီ ယခုလို ရိုးရာဓလေ့အတိုင်း တောင်းရမ်းလက်ထပ်တာ ကောင်းပါတယ်၊ ကိုင်းကိုင်း. . . ဓလေ့ထုံးစံအတိုင်း ကန်တော့အုပ်တင်ကြရအောင်"
(ဦးဆင့် စကားဆုံးသည်နှင့် ရပ်မိရပ်ဖများက ကွပ်ပျစ်ပေါ် အသင့်တက်ထိုင်ပြီး ရှန်မောင်တို့က အောက်မှထိုင်ကြစေ)

ဒေါ်အိုစာ ။ ။ "ဟဲ့. . . သမီး လာဟေ့၊ ဒီမှာ လူစုံနေပြီ"
(မယ်ခင် ထွက်လာ၍ ရှန်မောင်၏ နံဘေးတွင် ဝင်ထိုင်လိုက်စေ၊ ထိုအခါ ဦးဆင့်က လေယူလေသိမ်းနှင့်)

ဦးဆင့် ။ ။ "ဗုဒ္ဓဂုဏော အနန္တော၊ ဓမ္မဂုဏော အနန္တော၊ သံဃဂုဏော အနန္တောတဲ့၊ အဲ. . . ဘုရား တရား. . . သံဃာဟုဆိုအပ်သော ရတနာသုံးပါးကို ဦးထိပ်ထား၍ ရှိခိုးပူဇော်ကြပါကုန်စို့"
(အားလုံးက မြတ်စွာဘုရားအား ဦးထိပ်ထား၍ ရတနာသုံးပါးကို ပူဇော်ကြစေ)
"အိမ်း. . . ဘုရား တရား သံဃာကို လက်အုပ်ချီမိုး ရှိခိုးဦးတင်၍ ပြီးပြန်တော့ ရပ်ရွာ အဓိအဘတို့ကို သတို့သား သတို့သမီးတို့က ကန်တော့ကြစေ"
(ရှန်မောင်နှင့် မယ်ခင်က ရပ်မိရပ်ဖတို့ကို ကန်တော့ကြစေ)

"ယခုလို ရပ်မိရပ်ဖ ဆရာသမား ဦးထိပ်ထား၍ ဦးခိုက်ကန်တော့လို့ ပြီးပြန်တော့ နှစ်ဖက်သော အမိအဘတို့ကို ရည်စူး၍ သတို့သားနှင့် သတို့သမီးတို့က ကန်တော့ကြစေ"

(မင်္ဂလာစုံတွဲက ထပ်မံကန်တော့ကြစေ)

"ဤသို့ မြတ်စွာဘုရားကို ဦးထိပ်မှာထားလျက် အနန္တော အနန္တငါးပါးကို ရှိခိုးပူဇော်ခြင်းဖြင့် မင်္ဂလာမည်ပေသည်။ မြန်မာထုံးတမ်းအစဉ်အလာအရ ဘုရား၊ တရား၊ သံဃာ၊ ဆရာ၊ မိဘ ပူဇော်၍ ရပ်ရွာလူထုကို. . . အကျွန်ုပ်တို့သည် တစ်ဦးနှင့်တစ်ဦး ချစ်ခင်ပါသဖြင့် နှစ်ဦးသဘောတူကြည်ဖြူပါသောကြောင့် ယနေ့မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်း ဆက်ဆံပါမည်ဟု အသိပေး ကြေညာခြင်းသည် မင်္ဂလာမည်ပါသောကြောင့် ယနေ့မှစ၍ ဤသတို့သားနှင့် သတို့သမီးတို့ကို အကြင်လင်မယားအဖြစ် အကျွန်ုပ်တို့ရပ်ရွာက အသိအမှတ်ပြုလိုက်ပါသည်၊ ချစ်စ ကြင်စ ကြင်နာစဖွယ်မောင်နှံတို့သည် ဘဝသက်ဆုံး ပျော်ရွှင်စွာ ပေါင်းသင်း နိုင်ကြပါစေသား"

(မင်္ဂလာပွဲပြီးမြောက်ပြီဖြစ်၍ ဇာတ်ကောင်များ တစ်ဦးနှင့်တစ်ဦး စကားပြောနေကြစေ၊ ရှုန်မောင်နှင့် ပိုင်ဇေတို့က ဇာတ်ခွင်ရှေ့သို့ ထွက်လာကြပြီး)

ပိုင်ဇေ ။ ။ "အခုလို အနစ်နာခံပြီး မယ်ခင်လေးကို ကူညီလိုက်တဲ့အတွက် ကိုရှုန်မောင်ကို ကျေးဇူးတင်လှပါတယ်ဗျာ"

ရှုန်မောင် ။ ။ "ကိုပိုင်ဇေ. . . ကျွန်တော့်မှာ ချစ်ရမယ့်သူရှိတယ်၊ သူ့နာမည်က ထိပ်တင်ထားတဲ့၊ ကျွန်တော်. . . ကျွန်တော့်ရဲ့အသည်းနှလုံးကို အစိတ်စိတ်အမြွာမြွာ အကွဲခံပြီး ကူညီလိုက်ရတာပါ၊ အဲဒါဘာကြောင့်လဲဆိုရင် မြန်မာအမျိုးသမီးတစ်ဦးရဲ့ အရှက်တကွဲ အကျိုးနည်းအဖြစ်ကို မခံနိုင်လို့ဘဲ၊ ဒီပွဲမှာ ကျွန်တော်မြတ်တာက ဟောဒီ စစ်မီးကြီးမလောင်ခင်မှာ မိစ္ဆာကောင်တစ်ကောင်ကို သုတ်သင်လိုက်ခဲ့နိုင်တာပါပဲဗျာ"

ပိုင်ဇေ ။ ။ "အင်း. . . ကျုပ်ကလည်း ခင်ဗျားလို တိုက်ရည်ခိုက်ရည်နဲ့ သူရဗျတ္တိမရှိပေမယ့် အမျိုးသစ္စာဖောက် ငပွဆိုတဲ့ လူယုတ်မာကို ကျုပ်ရဲ့ ဉာဏ်စွမ်းရှိသမျှ နှလုံးရည်တိုက်ကွက်နဲ့ အနိုင်ရလိုက်တယ်လေ၊ ဒီလူယုတ်မာလည်း ဗြိတိသျှအရာရှိသတ်မှုနဲ့ ရုံးတင်စစ်ဆေးပြီး ကွပ်မျက်ခံရမှာ သေချာပါတယ်လေ. . . "

ရှန်မောင် ။ ။ "ဒါနဲ့. . . မျက်နှာဖုံးစွပ် သူရဲကောင်းအကြောင်း ဗြိတိသျှတွေ သိသွားပလား"

ပိုင်ဇေ ။ ။ "ဟား. . . ဟား. . . ဟား. . . အဲဒီကိစ္စက ပိုင်ဇေ အမျိုးသား သစ္စာဖောက်ဖြစ်သွားမှသာ သူတို့သိကြမှာလေ. . . ၊ အခုတော့ ပိုင်ဇေက အမျိုးသား. . . "

(ရှန်မောင်က ဆက်လက်၍ပြောစေ)

ရှန်မောင် ။ ။ "အမျိုးသား သစ္စာဖောက် မဟုတ်ဘူးဟေ့"

(အသံမြှင့်၍)

(ရှန်မောင်ရဲ့ အော်ဟစ်သံကြောင့် မင်္ဂလာပွဲလာသူများက ဘုမသိ ဘမသိ လှည့်ကြည့်ကြစေ)

(ကတ္တီပါ ပြည်ဖုံးကားကြီးချစေ)

(အခန်းပြောင်းတီးလုံးဝင်စေ)

ဇာတ်ဝင်ခန်း (၂၆) ပြီး၏။

ဇာတ်ဝင်ခန်း (၂၇)

နေရာ - မင်းလှခံတပ်အတွင်း။

အလင်းရောင် - အဖြူရောင် အလင်းဖွင့်ထားရမည်။

သရုပ်ဆောင် - ဖောင်ဝန်မင်း မဟာမင်းထင် မင်းလှသီဟသူ၊ လှေသင်းဗိုလ်မှူး မဟာမင်းဒင်၊ ရဲမက် ငစံအောင်၊ ရဲမက် ငဇွဲထက်ရှင်၊ ရဲမက် ရှင်ရဲထွဋ်၊ ကြေးနန်းဆရာ လူဦးဇဉ်နှင့် ရဲမက်များက ရတနာပုံခေတ် စစ်သည်တော်ဝတ်စုံ အပြည့်ဝတ်ဆင်၍ သရုပ်ဆောင်ရမည်။

ဇာတ်ဝင်ခန်းစ - **(ကတ္တီပါ ပြည်ဖုံးကားကြီးဖွင့်စေ)**

သရုပ်ဆောင် - (လှေသင်းဗိုလ်မှူး မဟာမင်းဒင်က ဇာတ်ခွင်ရှေ့သို့ရပ်လျက် တစ်ဦးတည်း စကားပြောနေစေ)

မင်းဒင် ။ ။ "အိမ်း. . . ငရှန်မောင်တစ်ယောက် ခံတပ်ကနေထွက်သွားတာ တစ်နှစ်တင်းတင်းပင် ရှိခဲ့ပါပြီကော၊ သူထွက်သွားရတဲ့ အကြောင်းအရင်းက တပ်မှူးကြီးဖောင်ဝန်မင်း မဟာမင်းထင် မင်းလှသီဟသူနဲ့ ဗိုလ်မှူး နန္ဒကျော်ခေါင်တို့ရဲ့ လျှို့ဝှက်စီမံမှုနဲ့ ထွက်သွားရတာပါ၊ ပထမ ငဇွဲထက်ရှင်နဲ့ ငရှင်ရဲထွဋ်တို့ကို ကြေးနန်းရုံထဲ မြွေကြီးတစ်ကောင် ထည့်ပြီး လျှို့ဝှက်ကြေးနန်းစာကို အခိုးခိုင်းတယ်၊ ငဇွဲထက်ရှင်တို့က လျှို့ဝှက်ကြေးနန်းစာကိုခိုးယူပြီး ဖောင်ဝန်မင်းထံ တိုက်ရိုက်ဆက်သနေချိန်မှာ အစီအစဉ်အတိုင်း ဗိုလ်မှူး နန္ဒကျော်ခေါင်က ကြေးနန်းဆရာ လူဦးဇဉ်နဲ့ ရဲမက်ငတင်ယု၊ ရဲမက်ငရှန်မောင်တို့ကို ကြေးနန်းစာပျောက်ဆုံးမှု၊ နိုင်ငံတော်သစ္စာဖောက်မှုနဲ့ ဖမ်းယူစွဲချက်တင်၊ ပြီးတော့မှ ငရှန်မောင်နဲ့ ငတင်ယုတို့ကို ဗိုလ်မှူးနန္ဒကျော်ခေါင်ကိုယ်တိုင် မျက်နှာဖုံးစွပ်ပြီး အခန်းထဲက ခိုးထုတ်ခဲ့ရတယ်၊ နောက်မှ အစီအစဉ်အတိုင်း အီတလီသံအမတ်ကို မလိမ့်တပတ်လုပ်ပြီး စည်းရုံးထားတဲ့ နေပြည်တော်က ဗိုလ်မှူးမောင်ဝိုင်းထံ ရောက်အောင် စီမံကြတယ်၊ ကောင်းလိုက်တဲ့ အစီအမံတွေပါ။ အခုတော့ ငရှန်မောင်တို့က ဗြိတိသျှစစ်တပ်ထဲမှာ ခိုလှုံပြီး ဘုရင်မင်းမြတ်အတွက် သူလျှိုအလုပ်တွေ လုပ်ပေးနေကြပြီပေါ့"

(ဗိုလ်မှူးမင်းဒင် စကားပြောနေစဉ် ငဇွဲထက်ရှင်နှင့် ငရှင်ရဲထွဋ်တို့ ရောက်လာစေ)

ဇွဲထက်ရှင် ။ ။ "အလို. . . တပ်မျူးက တစ်ယောက်တည်း ဘာတွေတွေးနေတာလဲ ဘုရား"
(ဗိုလ်မျူးမင်းဒင်က ဇွဲထက်ရှင်တို့ဘက်လှည့်ကြည့်ရင်း)

မင်းဒင် ။ ။ "ဘာရယ် မဟုတ်ပါဘူး၊ ရှန်မောင်တို့အကြောင်းကို စဉ်းစားနေတာပါ"

ဇွဲထက်ရှင် ။ ။ "ဟုတ်. . . ဟုတ်ပါတယ်ဘုရား၊ ကျွန်တော်မျိုးတို့နှစ်ယောက် လက်ချက်ကြောင့် ငရှန်မောင်နဲ့ နောင်ကြီးတင်ယုတို့ ဒုက္ခရောက်ရတာပါ"

မင်းဒင် ။ ။ "ဟဲ့. . . ဒါ ဒုက္ခရောက်တယ် မခေါ်ဘူးဟဲ့၊ လျှို့ဝှက်အမှုတော် ထမ်းရွက်တာ၊ မောင်မင်းတို့ နှစ်ယောက်ကို ကြေးနန်းစာခိုးဖို့ လွှတ်လိုက်တာလည်း တပ်မျူးကြီးကိုယ်တိုင် အမိန့်ပေးလို့ နှင်တို့ လုပ်ရပြီကော"

ငရှင်ရဲထွဋ် ။ ။ "မှန်လှပါ. . . တပ်မင်းကြီး အမိန့်ပေးလို့ လုပ်ရတယ် ထားပါတော့၊ သူတို့နှစ်ယောက်မှာ ဘာမှ ကြိုတင်မသိဘဲ ဘုမသိ ဘမသိ ခံလိုက်ရတာပါ"

မင်းဒင် ။ ။ "ဒါကတော့ ကြိုတင်ပြောထားရင် သရုပ်မပါဘဲနေမှာကြောက်လို့ ယုတ္တိရှိအောင် လုပ်လိုက်ရတာပါ၊ အခုတော့ သူတို့နှစ်ယောက်က တိုင်းပြည်ရဲ့ အထူးတာဝန်ကို ထမ်းဆောင်နေကြပြီလေ၊ လျှို့ဝှက်လုပ်ငန်းမို့ အိမ်ကသမီးတောင် ငါမပြောပါဘူး၊ မောင်မင်းတို့လည်း နှုတ်လုံပါစေ"

ဇွဲထက်ရှင် ။ ။ "ဟော. . . တပ်မျူးကြီး ကြွလာပြီ"
(အားလုံးက လက်အုပ်ချီ၍ ကြိုဆိုစေ)

မင်းဒင် ။ ။ "တပ်မျူးကြီး ကြွတော်မူပါဘုရား. . . ကြွတော်မူပါ"

တပ်မှူးကြီး ။ ။ "ဟဲ့. . . ဗိုလ်မျူး မင်းဒင်တို့ ဘာတွေတိုင်ပင်နေတာလဲဟဲ့"

မင်းဒင် ။ ။ "ငရှန်မောင်တို့အကြောင်း ပြောဆိုနေတာပါဘုရား"

တပ်မှူးကြီး ။ ။ (ဇွဲထက်ရှင်တို့ နှစ်ယောက်ကို ထွက်သွားရန် လက်ဟန်ခြေဟန်ပြ၍)
"မောင်မင်းတို့နှစ်ယောက် တော်ရာခဏ ရှောင်နေစမ်း"

ဇွဲထက်ရှင် ။ ။ "မှန်လှပါ ဘုရား"
(ဇွဲထက်ရှင်နှင့် ရှင်ရဲထွဋ်တို့ ဇာတ်ခွင်မှ ထွက်သွားစေ)

တပ်မှူးကြီး ။ ။ "ဟေ့ကောင်. . . သရက်က သတင်းရတယ်"

မင်းဒင် ။ ။ "ဘာတဲ့လဲ ကွ"

တပ်မှူးကြီး ။ ။ "မင်းတပည့်တွေက အတော် လက်သံပြောင်လှဆိုပဲ၊ သရက်ဆိပ်ကမ်းက သိုလှောင်ရုံ သုံးလုံး မီးတင်ရှို့လိုက်တယ်တဲ့"

မင်းဒင် ။ ။ "ဟာ. . . ဟုတ်လိုက်လေ၊ ဒင်းတို့က ပွဲဦးထွက် လက်စွမ်းပြလိုက်တာပေါ့၊ အေး. . . ငါ့တပည့်ဆိုတာထက် အခုတော့ ဗိုလ်မှူးနန္ဒကျော်ခေါင်ရဲ့ တပည့်တွေပေါ့၊ အင်း. . . ဗိုလ်မှူးနန္ဒကျော်ခေါင်ရဲ့ အရင်းလဲရင် အဖျားထင်းဖြစ်တယ်ဆိုတဲ့ အစီအစဉ်က ပွဲဦးထွက် လက်သံပြောင်လှပေပါ့"

တပ်မှူးကြီး ။ ။ "နေပြည်တော်မှာလည်း အတော့်ကို အလုပ်ရှုပ်နေကြတယ်။ တိုင်းပြည်ကို သီပေါအရှင် မင်းတရားကြီး နန်းတက်ပြီးကတည်းက (၁) လယ်ယာဆည်မြောင်းဘက်ဝန်ကြီးဌာနကို ရေနံချောင်းမြို့စား ဝန်ကြီး သတိုးမင်းကြီး မဟာမင်းလှမင်းခေါင်ကျော်၊ (၂) ပြည်သူ့ လုပ်ငန်းဌာနကို ခန်းပတ်မြို့စား ဝန်ကြီး သတိုးမင်းကြီး မင်းလှ မဟာဥဇနာ၊ (၃) ကုန်းကြောင်း စစ်ဘက်ဌာနကိုတော့ လယ်ကိုင်းစား သေနတ်ဝန် ကင်းဝန်ကြီး သတိုးမင်းကြီး မဟာမင်းလှ စည်သူကျော်၊ (၄) ကတော့ ကူးသန်းရောင်းဝယ်ရေးဌာနပေါ့ကွာ၊ အဲဒီဝန်ကြီးဌာနကိုတော့ အတွင်းဝန်ဝက်မစွတ်မြို့စား သတိုးမင်းကြီး မဟာမင်းလှမင်းခေါင်သီဟသူခေါ်တဲ့ ယောအတွင်းဝန် ဦးဘိုးလှိုင်၊ (၅) သာသနာရေးဌာနမှာက အတွင်းဝန် ဆောမြို့စားမင်းကြီး မဟာမင်းထင်သခ်ာ၊ (၆) ကတော့ ဘဏ္ဍာရေးဌာနပေါ့ကွာ၊ အတွင်းဝန် ယောမြို့စားမင်းကြီး မင်းခေါင်ကျော်၊ (၇) အခွန်တော်ဌာနကိုတော့ အတွင်းဝန် ရွှေတိုက်ဝန် တောင်ခွင်မြို့စား မင်းကြီး မဟာမင်းထင်စည်သူ"

မင်းဒင် ။ ။ "တောင်ခွင်မြို့စားဆိုတော့ ဟို. . . ပဌနကိုရိအောက်ဘက်က ကျွန်းတော်တောင်ခွင်ကို ပြောတာလား"

တပ်မှူးကြီး ။ ။ "အေးလေ. . . ငါတို့ အောက်မြစ်စဉ်စစ်ကြောင်း ထိန်းချုပ်ထားတဲ့ မိကျောင်းရဲမြို့ တောင်ဘက်က တောင်ခွင်စားပေါ့၊ နောက်ပြီး နံပါတ်(၈) ရာဇဝတ်ဌာနကိုတော့ မြို့ဝန် မြို့သာမြို့စားမင်းကြီး မဟာမင်းလှ မင်းခေါင်သူရိန်၊ နောက်ပြီး နံပါတ်(၉)က တရားစီရင်ရေးဌာနပဲ၊ အဲ. . . ဒီ တရားစီရင်ရေးဌာနကိုတော့ ဝန်ထောက်မင်းကြီး သီရိမဟာရာဇသင်္ကြန်ပဲ"

မင်းဒင် ။ ။ "အင်း. . . ရာဇသင်္ကြန်အမတ်ကြီးနဲ့ ဒီရာထူးကတော့ လိုက်ဖက်ပါပေ့ဗျာ"

တပ်မှူးကြီး ။ ။ "အင်း (၁၀)က ရေကြောင်းစစ်ဘက်ဌာန၊ အဲဒီဌာနကတော့ ရတနာပုံနေပြည်တော်ခေတ်ရဲ့ အထူးဌာနပေါ့၊ တို့တစ်တွေရဲ့

ဌာနကြီးပါပဲဗျာ၊ တို့ဌာနကို ဝန်ထောက် လှိုင်းတက် မြို့စားမင်းကြီး မဟာမင်းခေါင်သခ်ဳယာက စီမံတယ်၊ (၁၁)မှာက နိုင်ငံခြားရေး ဝန်ကြီးဌာန၊ ဒီဌာနကလည်း ခေတ်မီတဲ့နိုင်ငံဖြစ်ဖို့ရာ အမြင် ကျယ်ကျယ်နဲ့ ဖွဲ့စည်းပေးခဲ့ရတာ၊ နိုင်ငံခြားရေးဌာနကိုတော့ ဝန်ထောက် မြောင်လှမြို့စားမင်းကြီး သီရိမဟာ ဇေယျသူ၊ (၁၂)ဖြစ်တဲ့ နိုင်ငံခြားသားများ အုပ်ချုပ်ရေးဌာနကိုတော့ ဝန်ထောက် ပဌနဂိုရ်မြို့စား မင်းကြီး မဟာမင်းထင်ရာဇာ”

မင်းဒင် ။ ။ “ပဌနဂိုရ်ဆိုတာ ဟောဟို ကွေ့ချောင်းခံတပ် တောင်ဘက်ကပဲ၊ အင်း. . . အဲဒီဌာနကျတော့ နိုင်ငံခြားရေးဌာနထဲ ဘာလို့ မထည့်တာလဲ”

တပ်မှူးကြီး ။ ။ “ဟဲ့. . . နိုင်ငံခြားရေးဌာနဆိုတာက နိုင်ငံရပ်ခြား တိုင်းတစ်ပါးက တိုင်းပြည်တွေနဲ့ သံခင်းတမန်ခင်း ဆက်သွယ်လို့ တစ်ပြည်ထောင်နဲ့ တစ်ပြည်ထောင် ချစ်ကြည်ရင်းနှီးအောင် ဆက်ဆံတဲ့ဌာနလေ၊ နိုင်ငံခြားသား အုပ်ချုပ်ရေးဌာနဆိုတာက တို့နိုင်ငံအတွင်းကို သံတမန်အရ နေထိုင်ကြသူတွေ၊ ကုန်သွယ်မှုအရ နေထိုင်ကြသူတွေနဲ့ နိုင်ငံအတွင်းမှာ ခိုလှုံပြီးစားသောက်နေထိုင်ကြသူတွေ အကြောင်းအမျိုးမျိုးနဲ့ တို့ပြည်အတွင်း လာရောက်နေထိုင်ကြသူတွေကို အုပ်ချုပ်နိုင်အောင်ပေါ့၊ အဲဒီ နိုင်ငံရပ်ခြားသားတွေက သူ့သဘောသူ စည်းမရှိ၊ ကမ်းမရှိ လွတ်ထားရင် ကိုယ့်နိုင်ငံရဲ့ ဘာသာဓလေ့စရိုက်နဲ့ မကိုက်ညီဘဲ ထင်ရာစိုင်းလာနိုင်တယ်၊ ဟို. . . သိုးဆောင်းစကားပုံတစ်ခုရှိပါတယ်၊ ဘာတဲ့ ရောမကိုရောက်ရင် ရောမလိုကျင့်ရမယ်တဲ့၊ အဲဒါက ဥရောပ တိုင်းပြည်တွေက ပြောတဲ့စကား၊ ရောမကို မင်းသိတယ်မဟုတ်လား”

မင်းဒင် ။ ။ “အို. . . သိတာပေါ့၊ ခေတ်မီတဲ့ မြန်မာပြည်သားပါ၊ ဒါလောက်တော့ သိပါတယ်၊ ရောမဆိုတာ အုတ်ရောရော ကျောက်ရောရောကို သိမ်းကျုံးမတဲ့နိုင်ငံ”

တပ်မှူးကြီး ။ ။ “သေလိုက်ပါ့လား. . . ၊ ရောမဆိုတာ ပြင်သစ်ပြည်နားက ပတ်ဝန်းကျင်မှာရှိတဲ့ နိုင်ငံတွေကို ပြောတာဟဲ့၊ မင်းကိုပြောရတာနဲ့ စကားကို ဘယ်တောင်ရောက်သွားမှန်းမသိတော့ဘူး၊ အဲ. . . အဲဒီရောမကို ရောက်ရင် ရောမက ဓလေ့စရိုက်အတိုင်း နေထိုင်ကျင့်ကြံရမယ်လို့ဆိုတာ၊ အဲသလိုပဲ၊ တို့နိုင်ငံမှာလာနေတဲ့ နိုင်ငံခြားသားတွေက မြန်မာပြည်နေပြီး မြန်မာ့ဓလေ့စရိုက်အတိုင်း မနေဘဲ ထင်ရာစိုင်းနေရင် တိုင်းပြည်မငြိမ်မသက်ဖြစ်သွားမှာပေါ့၊

ဒါကြောင့် မတူကွဲပြားပေမယ့် တူယှဉ်လက်တွဲပြီးနေနိုင်အောင် ညှိနှိုင်းပေါင်းစပ်ထိန်းချုပ်သင့်တယ်၊ သူတို့ကို ဥပဒေနှင့်အညီ စောင့်ရှောက်နိုင်အောင် နိုင်ငံခြားသား အုပ်ချုပ်မှုဌာနကို ဖွင့်ပေးရတာပေါ့"

မင်းဒင် ။ ။ "အင်း. . . နားလည်ပါပြီ၊ လူမျိုးမတူ၊ ဘာသာမတူ၊ ဓလေ့စရိုက်မတူညီတဲ့သူတွေ လူနည်းစုကလည်း အများစရိုက်နဲ့ မတူတာကို လိုက်လျောညီစွာ ပြုမူနေထိုင်ဖို့နဲ့ လူအများစုကလည်း လူနည်းစုအပေါ် ငဲ့ညှာထောက်ထား ခွင့်လွှတ်တတ်တဲ့တရားတွေ လက်ကိုင်ပွားရင် မတူကွဲပြားပေမယ့် တူယှဉ်လက်တွဲနေနိုင်ကြပါတယ်။ အေးလေ. . . အုပ်ချုပ်ရေးပိုင်းကလည်း ဥပဒေနဲ့အညီ ပေါင်းစပ်ပေးရမှာဆိုတော့ ဟုတ်တာပါပဲ၊ အဲဒီဌာနကို သီးခြားဖွင့်လှစ်သင့်တာပေါ့"

တပ်မှူးကြီး ။ ။ "အေး. . . အဲဒီလို နိုင်ငံခြားသားတွေအပေါ် ဥပဒေနဲ့အညီ နေထိုင်နိုင်အောင် ဥပဒေဘောင်အတွင်းကနေ လုပ်ကိုင်စားသောက်နိုင်အောင် အုပ်ချုပ်ကွပ်ကဲပေးတဲ့ ဝန်ကြီးဌာနရယ်လို့ ဘယ်မင်းအဆက်ဆက်ကမှ မပြုလုပ်ခဲ့ပါဘူး၊ ငါတို့အရှင် သီပေါဘုရင်ရဲ့ ရတနာပုံခေတ် လက်ထက်တော်ကမှ ထူးထူးခြားခြား စွမ်းဆောင်ခြင်းတစ်ရပ်ပေပဲပေါ့"

"နောက်ပြီး နိုင်ငံတော်အုပ်ချုပ်ရေးဌာနအဖြစ်ကတော့ ဝန်ထောက် မြို့သစ်မြို့စား မင်းကြီး မဟာမင်းလှမင်းခေါင်နဲ့ နံပါတ်(၁၄)ဖြစ်တဲ့ စက်ရုံတော်များ အုပ်ချုပ်ရေးဌာနဖြစ်တဲ့ စက်မှုဝန်ကြီးဌာနကို ဝန်ထောက် ရန်အောင်မြင်မြို့စားမင်းကြီး မဟာမင်းခေါင်တို့က အုပ်ချုပ်ကြတယ်၊ အဲဒီလို ဝန်ကြီးဌာန(၁၄)ရပ်နဲ့ အုပ်ချုပ်တော်မူသော သီပေါအရှင်မင်းတရားကြီးရဲ့ ရတနာပုံနေပြည်တော်အစိုးရမှာဖြစ်နေတဲ့ အခက်အခဲကတော့ ဗြိတိသျှတို့ရဲ့ ဘုံဘောဘားမားကုမ္ပဏီရဲ့ သစ်ခိုးထုတ်တဲ့ကိစ္စပဲ"

မင်းဒင် ။ ။ "အေး. . . အဲဒီကိစ္စကို အကြောင်းပြပြီး ဗြိတိသျှက တို့ပြည်ကို ကျူးကျော်ဖို့ ပြင်ဆင်နေတာပဲ၊ အခုလည်း ကြည့်ပါလား၊ အဲဒီ ဘုံဘောဘားမားကုမ္ပဏီကိစ္စကို ဗြိတိသျှက ညှိနှိုင်းနေတဲ့အချိန်မှာကို မသိမသာ စစ်ပြင်ဆင်နေတာ မင်းတို့ငါတို့ အောက်မြစ်စဉ်ဌာနဖြစ်တဲ့ မင်းလှခံတပ်က သိနှင့်နေရပြီလေ၊ ငါတို့ကသာ ရှုန်မောင်တို့အုပ်စုကို သူလျှိုလွှတ်မထားရင် ဒင်းတို့ကိစ္စ တို့ဘယ်လိုလုပ်ပြီး သိပါ့မလဲ"

တပ်မှူးကြီး ။ ။ "အိမ်း. . . အဲဒါကြောင့် ဗိုလ်မှူး နန္ဒကျော်ခေါင်တင်ပြတဲ့ အရင်းလဲရင် အဖျားထင်းဖြစ်တယ်ဆိုတဲ့ စစ်ဆင်ရေးကို ငါတို့လုပ်ခဲ့ကြတာပေါ့၊ အခုလုပ်နေတဲ့ ဗိုလ်မှူးနန္ဒကျော်ခေါင်နဲ့ ရှန်မောင်တို့က စစ်သတင်းလည်း ထောက်လှမ်းရင်း အကိုင်းအခက်အလက်တွေဆီ အာဟာရအဆီအနှစ်တွေပို့ပေးမယ့် ပင်စည်အရင်းကို လစ်ရင် လစ်သလို အခွင့်သာရင် သာသလို အဖျက်အမှောင့်ပြုလုပ် တိုက်ခိုက်နေကြပြီလေ"

(ထိုအချိန်မှာ ကြေးနန်းဆရာ ငလူဦးဇဉ်နဲ့ ငရှင်ရဲထွဋ်၊ ငဇွဲထက်ရှင်တို့ ဝင်လာစေ)

တပ်မှူးကြီး ။ ။ "ကိုင်း. . . လက်သစ်လေ့သင်းဗိုလ်မှူး မဟာမင်းဒင်၊ မောင်မင်းရဲ့ တပည့်တွေ ရောက်လာပြီကွယ့်"

(တပ်မှူးကြီးက မင်းဒင်နှင့် လွတ်လပ်စွာ ပြောဆိုရင်းမှာ ရာဇကုန္ဒေကို ဆယ်ယူလျက် မင်းသံ စိုးသံနှင့် ပြောဆိုစေ၊ ထိုအခါ ဗိုလ်မှူးမင်းဒင်ကလည်း အလိုက်သိစွာဖြင့်)

မင်းဒင် ။ ။ "မှန်လှပါ တပ်မှူးကြီးဘုရား၊ သူ ဘာလျှောက်ထားစရာရှိ၍ ပြန်ဝင်လာသည်မသိပါ ဘုရား"

(တပ်မှူးကြီးကို ပြောဆိုရင်းကနေ ရဲမက်တပည့်များဘက်လှည့်၍)

မင်းဒင် ။ ။ "ဟဲ့. . . မောင်မင်းတို့ ဘာများ လျှောက်ထားစရာရှိလို့လဲဟဲ့"

ဇွဲထက်ရှင် ။ ။ "မှန်လှပါ. . . ကျွန်တော်မျိုးက ကြေးနန်းစာ ခိုးယူခဲ့တဲ့အကြောင်း ပြောပြလို့ ငလူဦးဇဉ်က သူ့ရဲ့ကြေးနန်းစာ ဘယ်ရောက်သွားသလဲ မေးလို့ပါဘုရား"

လူဦးဇဉ် ။ ။ "မှန်လှပါ. . . ကျွန်တော်မျိုးရဲ့ ကြေးနန်းစာကို ဟောဒီ ငဇွဲထက်ရှင်နဲ့ ငရှင်ရဲထွဋ်တို့က သူတို့ခိုးယူပြီး တပ်မှူးကြီးထံ ဆက်သတဲ့အကြောင်း ပြောပါတယ်ဘုရား၊ ကျွန်တော်မျိုးက သူတို့စကားကို မယုံပါဘူးဘုရား၊ တပ်မှူးကြီးထံ မဆက်သဘဲ သူတို့ယောက်ဖ ဗြိတိသျှကို ဆက်သလိုက်မှာ ကြောက်လို့ပါ ဘုရား"

မင်းဒင် ။ ။ "သြော်. . . ဒီလိုကိုး၊ ဟောဒီမှာ တပ်မှူးကြီး ကိုယ်တော်တိုင် ရှိတယ်"

တပ်မှူးကြီး ။ ။ "ဟဲ့. . . ဒါက လျှို့ဝှက်ကိစ္စလေ. . . အို ခက်ကြတာပဲ၊ ကဲ. . . ကဲ. . . ငလူဦးဇဉ် အဲဒီ ကြေးနန်းစာက ဘယ်မှမရောက်ဘူးငါ့လက်ထဲမှာ၊ ကိုင်း. . . ငါသွားမယ်"

(တပ်မှူးကြီးက ပြောပြောဆိုဆို ထွက်သွားစေ၊ ထိုအခါ ဗိုလ်မှူးမင်းဒင်က)

မင်းဒင် ။ ။ "ဟဲ့. . . ငလူဦးဇင်၊ ဒီအကြောင်းတွေ မောင်မင်းကို ဘယ်သူ ပြောတာလဲ"

လူဦးဇင် ။ ။ "မှန်လှပါ. . . ငဇွဲထက်ရှင် ပြောပြတာပါဘုရား"

မင်းဒင် ။ ။ "ဟဲ့. . . ငဇွဲထက်ရှင် ရှေ့တိုးခစားစမ်း"

(ငဇွဲထက်ရှင်က ရှေ့တိုး၍ ဗိုလ်မှူးမင်းဒင်ခြေရင်း၌ ထိုင်လျက် ခစားစေ)

"ဒီကိစ္စ လျှို့ဝှက်ကိစ္စမို့ အိမ်ကသမီးတောင် အသိမပေးဘူး၊ မောင်မင်းတို့လည်း ဘယ်သူ့ကိုမှ မပြောရဘူးလို့ ငါမပြောဘူးလား"

ဇွဲထက်ရှင် ။ ။ "ပြောပါတယ် ဘုရား. . . ပြောပါတယ် ဘုရား"

မင်းဒင် ။ ။ "ဒါဆို. . . မောင်မင်း ဘယ်သူ့ကို ပြောပြတာလဲ"

ငဇွဲထက်ရှင် ။ ။ "မှန်လှပါ. . . အဖြစ်မှန်ကို သိစေချင်လို့ ငလူဦးဇင်ကို ပြောမိပါတယ်ဘုရား"

မင်းဒင် ။ ။ "ငါက ဘယ်သူ့ကိုမှ မပြောနဲ့ဆိုတာ မောင်မင်းက ငလူဦးဇင်ကို မောင်မင်းအစ်မ ယောကျ်ားမို့ ပြောလိုက်တာလားဟဲ့. . . "

"ကိုင်း. . . ပြောဦးဟ. . ပြောဦးဟ"

(ငဇွဲထက်ရှင်ကို ဖနောင့်နှင့်ပေါက်စေ)

ငဇွဲထက်ရှင် ။ ။ "အမယ်လေး သေပါပြီဗျ. . . သေပါပြီဗျ. . . ရွှေယောက်ဖကြီး ကယ်. . . ကယ်တော်မူပါဗျ. . . "

(ကတ္ထီပါ ပြည်ဖုံးကားကြီးချစေ)

(အခန်းပြောင်းတီးလုံးဝင်စေ)

ဇာတ်ဝင်ခန်း (၂၇) ပြီး၏။

ဇာတ်ဝင်ခန်း (၂၈)

နေရာ - မန္တလေးမြို့၊ ရတနာပုံနေပြည်တော်၊ နန်းတွင်း ဘုရင့်ညီလာခံ။

အပြင်အဆင် - နောက်ခံဇာတ်ကားအဖြစ် နန်းတွင်းပန်းချီဇာတ်ကားကြီးချထားပြီး ရှေ့တွင် ရှင်ဘုရင်ထိုင်ရန် ပလ္လင်တော်နှင့် ထီးဖြူများ အုပ်မိုးထားကာ ကိုယ်ရံတော်ရဲမက်များက ပလ္လင်နောက်နှင့် ဝဲယာတို့တွင် သေနတ်ထမ်း၍ စောင့်ကြပ်နေကြရမည်။

အလင်းရောင် - အဖြူရောင် အလင်းဖွင့်ထားရမည်။

တေးဂီတ - အခန်းပြောင်းတီးလုံးပြီးသည်နှင့် ခေတ်ပေါ်တေးဂီတက စည်တော်ရွှမ်းရမည်။

သရုပ်ဆောင် - ရှင်ဘုရင်နှင့်တကွ မှူးကြီးမတ်ရာ သေနာပတိများ ဝတ်စုံပြည့်ပါဝင်သရုပ်ဆောင်ရမည်။

ဇာတ်ဝင်ခန်းစ - (အခန်းပြောင်းတီးလုံး ပြီးဆုံးသည်နှင့် ခေတ်ပေါ် လေမှုတ်တူရိယာပိုင်းမှ ပတ်မကြီးနှင့် တွဲဖက်၍ စည်တော်ရွှမ်းစေ)

(ကတ္တီပါ ပြည်ဖုံးကားကြီး ဖွင့်စေ)

(ပြည်ဖုံးကားကြီးဖွင့်လိုက်သည်နှင့် မှူးကြီးမတ်ရာ သေနာပတိများမှာ ရာဇပလ္လင်ရှေ့တွင် ဖြစ်သလိုထိုင်နေကြပြီး တစ်ဦးနှင့်တစ်ဦး စကားလက်ဆုံကျနေကြစေ၊ ထိုအချိန်တွင် သံတော်ဆင့်တစ်ဦးရဲ့အသံ နောက်ခံမှ ထွက်ပေါ်လာစေ)

နောက်ခံပြော ။ ။ "ပဥ္စမသင်္ဂီယနာတင် မင်းတရားကြီး၏သားတော်၊ ရတနာပုံပြည့်ရှင် သီပေါဘုရင် မင်းတရားကြီး ကြွချီတော်မူလာပြီ. . ."

(တေးဂီတမှ မောင်းဆိုင်းနှင့် နဲကြီးတို့က စည်တော်ရွှမ်းစေ)

(မှူးကြီးမတ်ရာ သေနာပတိများက အဆောင်အယောင် အဝတ်အစားများ သေသပ်စွာ ပြုပြင်လျက် ရာဇပလ္လင်ရှိရာသို့ မျက်နှာမူကာ ဝပ်လျက်ခစားနေကြစေ)

(ထိုအချိန်မှာ ရာဇပလ္လင်၏ နောက်ခံတံကဲမှ တံခါးနှစ်ချပ်ပွင့်လာပြီး သီပေါဘုရင်မင်းမြတ်နှင့် မိဖုရားကြီးစုဖုရားလတ်တို့ ပလ္လင်ထက်သို့ ကြွချီလာစေ၊ မင်းနှစ်ပါးထိုင်မိသည်နှင့် သီပေါဘုရင်မင်းမြတ်က မိန့်စေ)

(တေးဂီတက စည်တော်ရွှမ်းရာမှ မန်းတောင်လက်ျာ မန္တလေးဘွဲ့ ယိုးဒယားသီချင်းကို အဆိုမပါ အတီးသက်သက် ပတ္တလား၊ ပလွေ လက်သံတို့ဖြင့် နောက်ခံတီးပေးစေ)

ဘုရင် ။ ။ "မင်းကြီးများ. . . . "

မှူးမတ်များ (သံဖြိုင်) ။ ။ "ဘုရား. . . "

ဘုရင် ။ ။ "အထက်မြန်မာနိုင်ငံ၊ ရတနာပုံနေပြည်တော်ကို စိုးစံအုပ်ချုပ်မင်းလုပ်တော်မူသော ရွှေတွင်း၊ ငွေတွင်း၊ ပယင်းဒုတ္ထာ ရတနာခုနစ်ပါးနှင့် စက်မှုလက်မှုအတတ်ပညာ စက်ရုံတော်များကို ပိုင်ဆိုင်တော်မူ၍ လယ်တွင်းခရိုင် စည်ကားမြိုင်လျက်ရှိပေသော သီပေါဘုရင်အရှင်မင်းကြီးဖြစ်တော်မူသကိုး. . . ဗျာ"

မှူးမတ်များ ။ ။ "ဘုန်းတော်တန်ခိုး သိဒ္ဓိတိုးလို့ ပြည့်အကျိုးဆောင်နိုင်သော မင်းမြတ်တစ်ပါးပါ ဘုရား"

ဘုရင် ။ ။ "အိမ်း. . . ယနေ့သည်ကား မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ်၊ သီတင်းကျွတ်လကွယ်နေ့၊ ခရစ်သက္ကရာဇ် ၁၈၈၅ ခုနှစ်၊ နိုဝင်ဘာလ (၇) ရက်နေ့ ဗြိတိသျှတို့အရေး တိုင်ပင်ဆွေးနွေးမည့် ညီလာခံပင်မဟုတ်ပါလားကွယ်. . . တို့"

ကင်းဝန်မင်းကြီး။ ။ "မှန်လှပါ. . . ဗြိတိသျှတို့သည် ကိုလိုနီနယ်ချဲ့စနစ်ကိုကျင့်သုံးလျက် တောင်လက်ယာ ဇမ္ဗူကျွန်းသို့ နယ်ချဲ့လျက်ရှိလေရာ ယခုအခါတွင် ဆန်ရေစပါး၊ သစ်တောများနှင့် ပတ္တမြားတွင်း၊ ကျောက်စိမ်းတွင်းနှင့် ပယင်း၊ ဒုတ္ထာတွင်းများသာမက ကျောက်မီးသွေး၊ ရေနံ ပေါပြည့်လျှံသည့် ကျွန်တော်မျိုးတို့ မြန်မာနိုင်ငံကို သိမ်းပိုက်ယူငင်ရန် ကောက်ကျစ်စဉ်းလဲ လောဘကဲလျက် မက်မက်မောမော ရှိနေပါသော ကြောင့် ယခုလျှင် ပြဿနာရှိခဲ့ရသော ဘုံဘောဘားမားကုမ္ပဏီသစ်ခိုးထုတ်မှုအပေါ် (၂၃)သိန်း ဒဏ်ငွေရိုက် အရေးယူခြင်းကို အကြောင်းပြလျက် ကျူးကျော်နယ်ချဲ့ရန် ဆန္ဒရှိနေကြောင်းကို ကျွန်တော်မျိုးတို့ အတတ်သိပြီးဖြစ်ပါတယ် ဘုရား"

မိဖုရားကြီး ။ ။ "ဟဲ့. . . နိုင်ငံခြားရေးဝန်ကြီး မြောင်လှမြို့စား မင်းကြီး သီရိမဟာဇေယျသူ"

ဇေယျသူ ။ ။ "မိဖုရားခေါင်ကြီး စုဖုရားလတ်၏စကား မြေဝယ်မကျ နားဆင်တော်မူလျက်ရှိကြောင်းပါ ဘုရား"

စုဖုရားလတ် ။ ။ "ဘုံဘောဘားမား သစ်ကုမ္ပဏီအရေးယူခြင်းကိစ္စကို ဗြိတိသျှတို့က အရေးဆိုလာသော အချက်အလက်များကို အခြားမှူးမတ်မင်းပရိသတ်တို့ သိရှိမှတ်သား အကြံတော်ပွားစေနိုင်ရန် ပြန်လည်ဖတ်ပြစေ. . . "

ဇေယျသူ ။ ။ "မှန်လှပါ. . . ကျွန်တော်မျိုး မြောင်လှမြို့စား မင်းကြီး သီရိမဟာဇေယျသူက ဗြိတိသျှတို့ထံမှ နိုင်ငံခြားရေးဌာနသို့လိပ်မူ၍ ပေးပို့လိုက်သော ရာဇသံစာလွှာကို ဝန်ကြီးများ သိမှတ်နိုင်စေရန် ဖတ်ကြားတင်သွင်းပါသည် ဘုရား"

"ဗြိတိသျှတို့၏ ရာဇသံလွှာမှာ . . .

(၁) ဘုံဘောဘားမား သစ်ကုမ္ပဏီနှင့် ဖြစ်ပွားသောကိစ္စကို စစ်ဆေးရန်၊ အိန္ဒိယဘုရင်ခံချုပ်ထံမှ ဖျန်ဖြေရေးကိုယ်စားလှယ်အဖွဲ့ ဆိုက်ရောက်သည်အထိ စောင့်ဆိုင်းပေးပါရန်၊

(၂) ၎င်းဖျန်ဖြေရေးကိုယ်စားလှယ်အဖွဲ့ မဆိုက်ရောက်သေးမီကာလအတွင်း အမှုကို မစစ်ဆေးသေးဘဲ ဆိုင်းထားပါရန်၊

(၃) မန္တလေးတွင် အင်္ဂလိပ်တို့၏ သံအမတ်ကို ဆက်လက်ထားရှိခွင့်ပြုရန်နှင့် ၎င်းသံကိုယ်စားလှယ်ကို စောင့်ရှောက်ရန်အတွက် လက်နက်ကိုင် တပ်ဖွဲ့တစ်ဖွဲ့ကိုလည်း ချထားခွင့်ပြုရန်

ဟူ၍ အချက်သုံးချက် ပေးပို့ခဲ့ပါသည်။ ထိုအချက်များအပြင် ထပ်ဆင့်ရေးသား ဖြည့်စွက်ထားသည်မှာ -

"အိန္ဒိယအစိုးရသည် အထက်ပါ တောင်းဆိုချက်(၃)ချက်ကို အပြန်အလှန် ဆွေးနွေးခြင်း၊ ပြင်ဆင်ချက်တင်သွင်းခြင်းတို့ကိုလည်းကောင်း၊ ထိုအချက်များကို ပြောဆိုစေ့စပ်ရန် ကိုယ်စားလှယ်သံအဖွဲ့စေလွှတ်ခြင်းတို့ကိုလည်းကောင်း လုံးဝလိုလားခြင်းမရှိပါ၊ အိန္ဒိယအစိုးရထံမှ စေလွှတ်လိုက်မည့် ကိုယ်စားလှယ်အဖွဲ့ကို နန်းတော်တွင်းသို့ ဝင်ရောက်ရာတွင် ဖိနပ်စီးနင်းခွင့်နှင့် ဆောင်ဓားလက်နက်များ ကိုင်ဆောင်ခွင့်ကိုလည်း လွတ်လပ်စွာ ပေးစေလိုပါသည်။ မြန်မာဘုရင်သည် နိုင်ငံခြားတိုင်းပြည်များနှင့် ဆက်သွယ်လိုသောအခါ အိန္ဒိယဘုရင်ခံချုပ်၏ အကြံပေးချက်များကို လိုက်နာစေလိုပါသည်။

ဤသို့ တောင်းဆိုထားသော အင်္ဂလိပ်တို့၏ ရာဇသံလွှာကို မန္တလေးနေပြည်တော်သို့ ၁၈၈၅ ခုနှစ်၊ အောက်တိုဘာလ (၃၀)

ရက်ခန့်တွင် Ashley Eden အမည်ရှိသော သဘော်ဖြင့် ရောက်ရှိခဲ့ကြောင်းပါ၊ ရတနာပုံနေပြည်တော်၏ အရှင်နှစ်ပါးနှင့် မှူးမတ်ဝန်ကြီးများဘုရား. . . ”

(ထိုသို့ နိုင်ငံခြားရေးဝန်ကြီးက ဖတ်ကြားတင်သွင်းအပြီး မှူးမတ်အချို့က မခံမရပ်နိုင်ဖြစ်၍ နန်းတော်တစ်ခုလုံး ပွက်လောရိုက်သွားစေ)

မှူးမတ်များ (အသံကျယ်ကျယ်) ။ ။ “အို. . . မိုက်ရိုင်းလိုက်လေ. . . ”

“ဟုတ်ပါ့ဗျာ. . . ကျုပ်တို့ဘုရင်ကိုများ မလေးမစားနဲ့ ရာဇသံပို့ရတယ်လို့ ခံပြင်းလိုက်တာ”

“သူတို့တောင်းဆိုထားတာ ကြည့်ပါဦးလေ၊ ဒီက အချုပ်အခြာအာဏာကို အစိုးရတဲ့မင်းဗျ၊ ဘုရင့်အစိုးရအဖွဲ့က ကလေကဝမဟုတ်ဘူး၊ ကိုယ့်တရားကိုယ်စီရင်ပိုင်ခွင့်ရှိတယ်လေ”

“ဟုတ်ပ ဟုတ်ပ. . . ကျုပ်တို့အမှုစစ်မှာကို အိန္ဒိယကလွှတ်လိုက်တဲ့ ဖျန်ဖြေရေးအဖွဲ့ရောက်မှစစ်ရမယ်လို့ဗျာ”

“အို ဒါ့ထက်ဆိုးတာက နန်းတွင်းကို ဖိနပ်စီးဝင်မတဲ့၊ စီးရဲစီးကြည့်လေ၊ ငါ့မားက ဘယ်ဗြိတိသျှလည်ပင်းမှ မရွေးဘူးနော်”

“အို. . . ဖိနပ်စီးဖို့နေနေသာသာ လက်နက်ကိုင်ဆောင်ခွင့်ပေးဖို့ဆိုတာ ပိုလို့ဝေးသေး”

“တောက်. . . တို့ဘုရင်က နိုင်ငံခြားတိုင်းတစ်ပါးနဲ့ ဆက်ဆံရာမှာ သူတို့ကို သံတော်ဦးတင် အသိပေးရမတဲ့၊ ရာရာစစကွာ”

ဘုရင် ။ ။ “တိတ်စေ. . . ” (ဘုရင်မင်းမြတ်က ဆူညံပွက်လောရိုက်နေမှုများကို ထိန်းသိမ်းပြောဆိုလိုက်လျှင် အားလုံးငြိမ်သက်သွားစေ)

“အမတ်တွေ. . . ဒါ နန်းအပြင်မဟုတ်ဘူး၊ ညီလာခံဆိုတာ သတိထားကြဦးလေ၊ မောင်မင်းတို့ မခံမရပ်နိုင်ဖြစ်နေကြသလို ကျွန်ုပ်ကိုယ်၌ကလည်း မခံမရပ်နိုင်ဖြစ်ရပါတယ်ကွယ်တို့၊ ခေတ်မီတိုးတက်တဲ့ တိုင်းနိုင်ငံဖြစ်လေတော့ ကိုယ့်ခံစားချက်ကို ရှေ့တန်းတင်ပြီး ယခုလို အုန်းအုန်းကျွက်ကျွက် မပြုသင့်ပေဘူး၊ တိုင်းပြည်ခေါင်းဆောင်တွေဆိုတာ စည်းကမ်းရှိရမယ်၊ လက်လွတ်ခြေလွတ် စကားမပြောပါနဲ့၊ ဆွေးနွေးစရာရှိလျှင် စည်းစနစ်ကျကျ အဆိုအမိန့်တွေနဲ့ ဆွေးနွေးကြပါ”

“ကိုင်း. . . ယခုဖတ်ကြားလိုက်တဲ့စာလွှာကို လွှတ်တော်မှာ တင်သွင်းဆုံးဖြတ်ခဲ့ပြီးလို့ ယမန်နေ့ သီတင်းကျွတ်လကွယ် (၁၄) ရက်ကပဲ ပြန်ကြားပြီးပါပြီ”

"ဗြိတိသျှတို့က ဘုံဘောဘားမား သစ်ခိုးတဲ့ အမှုကိစ္စကို အကြောင်းပြပြီး ရန်သတ္တုရှုပြုလိုတဲ့သဘောပါ၊ တိုင်းပြည်အနေနဲ့ စစ်ရေးအတွက် အသင့်မဖြစ်သေးတာရယ်၊ နောက်တစ်ချက်က သံတမန်ဆက်ဆံရေး မပျက်စေရေးတွေနဲ့ တိုင်းပြည်အချုပ်အခြာ အာဏာတည်မြဲရေးတွေက ယခုလို သစ်ခိုးမှုစစ်ဆေးခြင်းနဲ့ နှိုင်းယှဉ်ကြည့်ရင် သစ်ခိုးမှုဆိုတာ အလွန်သေးငယ်တဲ့အမှုပါ၊ တိုင်းရေးပြည်ရေးကိစ္စက သူ့ထက် အဆပေါင်းများစွာ အရေးကြီးရှာတယ်လေ မောင်မင်းတို့ရဲ့၊ ဒါကြောင့် သစ်ခိုးမှုမှာ ဒဏ်ငွေ (၂၃)သိန်းကျော် တောင်းခံအရေးယူခြင်းကို မပြုလုပ်တော့ပါကြောင်းနှင့် တစ်ပြည်ထောင်နဲ့ တစ်ပြည်ထောင် သံအမတ်ထားရှိမှုကို လက်ခံကြောင်းလည်း ယမန်နေ့ကပဲ ပြန်ကြားလိုက်တယ်၊ အေး. . . ကျန်တာကတော့ အလျှော့မပေးနိုင်ဘူးကွယ့်၊ အိမ်း. . . ဗြိတိသျှကလည်း မြန်မာပြည်ကို ကျူးကျော်ဖို့အရေး ရမယ်ရှာစရာလည်း မရှိတော့ဘူးပေါ့၊

ယခု ညီလာခံ ခေါ်ယူရတဲ့အကြောင်းရင်းက ဗြိတိသျှဟာ ကျွန်ုပ်တို့တိုင်းပြည်က မည်ရွေ့မည်မျှ လိုက်လိုက်လျောလျော ပြုနေသည်ဖြစ်စေ စစ်တိုက်ဖို့ လိုလားနေတာ အမှန်ဖြစ်တယ်၊ ယခုပဲ ဗြိတိသျှတို့က စာလွှာတင်သွင်းလာခြင်းနဲ့တစ်ပြိုင်တည်း စစ်ရေးပြင်ဆင်မှုတွေပါ တစ်ပါတည်း ပြုလုပ်နေကြောင်းကို ကျွန်ုပ်တို့၏ အထောက်တော်တွေထံမှ ကြားသိရပြီးဖြစ်တယ်၊ ဤသည်အတွက် အကယ်တန္တ ဗြိတိသျှတို့နှင့် စစ်မီးပွားခဲ့ပါက ကျွန်ုပ်တို့ဘက်က မည်သို့မည်ပုံ ရင်ဆိုင်ကြမလဲဆိုတာ မောင်မင်းတို့ထံက အကြံဉာဏ်တွေလိုတယ်၊ ဒါကြောင့် ညီလာခံခေါ်ယူရတာ ဖြစ်ပေတယ်ကွယ်၊ ကိုင်း. . . အကြံတော်များရှိက တင်ပြကြစေဗျား. . . "

(ထိုအခါ ဘုရင့်ရာဇပလ္လင်တော်၏လက်ယာဘက်တွင် သလွန်တော်ဖြင့် စံမြန်းနေသော ဆင်ဖြူမရှင်မယ်တော်ကြီးက ဝင်ရောက်မိန့်စေ)

ဆင်ဖြူမရှင် ။ ။ "ဟဲ့. . . သားတော်နဲ့ သမီးတော်၊ ဒီအရေး၊ ဒီကိစ္စကို မယ်မယ် ဝင်ရောက်ဆွေးနွေးပါရစေ၊ ဒါကြောင့် ညီလာခံမှာ မယ်မယ့်စကား မိန့်ကြားခွင့်ပြုကြပါ"

ဘုရင် ။ ။ "မှန်လှပါ. . . သက်ကြီးစကား သက်ငယ်ကြားလို့ ရှေးထုံးစကား ရှိလေဖူးသည့်အတွက် မယ်မယ်ရဲ့စကား ရွှေနားတော်ပန်ဆင်ရန် အသင့်ရှိကြောင်းပါ ဘုရား"

ဆင်ဖြူမရှင် ။ ။ "အေး. . . စစ်တိုက်ဖို့အရေး ဆွေးနွေးဖို့ထက် ပြည်ထောင်အချင်းချင်း စစ်ခင်းရင် ဘာတွေ လိုအပ်မယ်၊ ဘယ်လိုဆုံးဖြတ်မယ်ဆိုတာ အရင်စဉ်းစားပြီးမှ စစ်ခင်းသင့်တယ်"

(ဆင်ဖြူမရှင် မယ်တော်ကြီးက ကင်းဝန်မင်းကြီးဘက် မျက်နှာလှည့်၍ ပြောစေ)

"ဟဲ့. . . ဦးကောင်း"

ကင်းဝန်မင်းကြီး။ ။ "မှန်လှပါ. . . ကင်းဝန်မင်းကြီးဦးကောင်း ခစားလျက်ရှိကြောင်းပါ ဘုရား"

ဆင်ဖြူမရှင် ။ ။ "ပြည်ထောင်အချင်းချင်း စစ်ခင်းမယ်ဆိုရင် မိမိတိုင်းပြည်ဘက်က ဘာတွေလိုအပ်မလဲကွယ့်"

ကင်းဝန်မင်းကြီး။ ။ "မှန်လှပါ မယ်တော်ဘုရား၊ အမေးတော် ရှိလာသည့်အတွက် လျှောက်ထားဝံ့ပါသည် ဘုရား၊ တစ်ဖက်ရန်သူနဲ့ စစ်ခင်းမယ်ဆိုရင် နံပါတ်(၁) ဘာကြောင့်စစ်ခင်းမယ်ဆိုတာ အရေးကြီးပါတယ်၊ နံပါတ်(၂)က ဘယ်လိုစစ်အင်အား အသုံးချမလဲဆိုတာပါ ဘုရား"

စုဖုရားလတ် ။ ။ "အို. . . သစ်ခိုးမှုကိစ္စ မကျေနပ်လို့ တို့နိုင်ငံကို ရာဇာစစ ရာဇသံ ပေးရတယ်လို့၊ အဲဒီလို မခန့်လေး မခန့်စား မောက်ကျော်စော်ကား တဲ့အတွက် နဂါးမှန်းသိအောင် အမောက်ထောင်ပြရမှာပဲ"

ကင်းဝန်မင်းကြီး။ ။ "မှန်လှပါ သစ်ခိုးမှုဆိုတာ သေးသိမ်တဲ့ အမှုအခင်းပါ ဘုရား၊ အခုလည်း အဲဒီသေးသိမ်တဲ့အမှုကို အပြစ်မယူ ခွင့်လွှတ်တော်မူပါတယ်လို့ ရာဇသံစာလွှာပါးခဲ့ပြီပဲ ဘုရား၊ စစ်ခင်းကြတဲ့အထိ မလိုအပ်လောက်ပါဘူး ဘုရား"

စုဖုရားလတ် ။ ။ "အို. . . ဦးကောင်းက ခမည်းတော်တို့ လက်ထက်တော်ကတည်းက အမှုတော်ထမ်းရွက်လာသည်မို့ အသက်အရွယ်ကြီးရင့်လွန်းပြီး မျက်စိမှုန်ကာ နားထိုင်း အကြံတော်တွေ မှိုင်းနေပြီထင်ပဲ့၊ ယခုပင်လျှင် မောင်တော်က မိန့်ကြားခဲ့ပြီလေ၊ သေးငယ်တဲ့အမှု အကြောင်းပြုပြီး ကျူးကျော်စစ် ဆင်နွှဲဖို့ စစ်ပြင်ထားကြတယ်လို့ အထောက်တော်များထံက ဆက်သွင်းတဲ့သတင်းစကား မောင်တော်ဘုရားက မိန့်ကြားခဲ့တာ သင်မကြားလေရော့သလား သက်ကြားအိုကြီးရဲ့"

(စုဖုရားလတ်၏စကားက အနည်းငယ် ရိုင်းပျလေလျှင် ဆင်ဖြူမရှင် မယ်တော်ကြီးက)

ဆင်ဖြူမရှင် ။ ။ "ဟဲ့. . . ဟဲ့. . . မင်းမိဖုရားဆိုတာ သိမ်မွေ့ရတယ်လေ၊ ငါးစိမ်းသည် ရန်တွေ့ မပြောလေနဲ့ သမီးတော်. . . အို. . . ခက်လိုက်တာကွယ်"

ကင်းဝန်မင်းကြီး။ ။ "မှန်လှပါ။ . . ဦးဆွေးဆံမြည့် အမှုတော်ထမ်းရွက်ခဲ့သည့်အတွက် ဘဝညိုညို သက်ကြားအိုပါ ဘုရား၊ အရှင်နှစ်ပါးတို့ထံ သစ္စာရှိစွာ အမှုတော်ထမ်းရွက်ရင်း မျက်စိမှုန်လို့ နားထိုင်းတဲ့အရွယ်ရောက်နေပေမယ့် တိုင်းပြည်ရဲ့အရေး နားမလေးသေးသလို တိုင်းပြည်လုံခြုံမျက်စိလည်း မမှုန်သေးပါ ဘုရား၊ နွားခြေရာခွက်ထဲက ဖားသူငယ် မဟုတ်လေသည့်အတွက် ပင်လယ်ရပ်ခြား တိုင်းတစ်ပါးတွေရဲ့ တိုးတက်ကြွယ်ဝနေမှုကို အမြင်ကျယ်ကျယ်နဲ့ မြင်နေမိသလို ကမ္ဘာအရပ်ရပ်က သတင်းစကား တစ်ခွန်းမမှားရအောင် နားထောင်နိုင်ပါသေးတယ် ဘုရား၊ စစ်တိုက်တယ်ဆိုတာ တိုင်းပြည်အတွက် အလွန်အရေးကြီးလှသလို ရင်းနှီးရတဲ့ ဓနနဲ့ ဘဝတွေကလည်း မနည်းလှပါဘူး ဘုရား၊ ဤလို ဘာမဟုတ်တဲ့ သိမ်ဖျင်းသေးငယ်တဲ့ အမှုအတွက် တန်ဖိုးမဖြတ်နိုင်လောက်အောင် ကြီးမားလှတဲ့ တိုင်းပြည်ရဲ့ခွန်အားကို အကြောင်းမဲ့ မဖြုန်းတီးသင့်ပါ၊ စစ်တိုက်တယ်ဆိုရာမှာ လူသူလက်နက် ဓနအင်အား တောင့်တင်းခိုင်မာမှသာ တိုက်သင့်ပါတယ် ဘုရား"

စုဖုရားလတ် ။ ။ "တယ်လဲဆိုတဲ့စာပါလား ဝန်မင်းရဲ့ စုစုတို့မှာ သေနတ်မီးပေါက်အမြောက်လက်နက်တွေလည်းရှိတယ်၊ လူသူအင်အားလည်း တစ်အိမ်တစ်ယောက်ထုတ်လိုက်ရင် တစ်ပြည်လုံးရဲ့အင်အားက နည်းမှမနည်းတာဘဲ"

ကင်းဝန်မင်းကြီး။ ။ "မှန်လှပါ။ . . အိမ်ရှိလူကုန် အင်အားထုတ်၍ ရသည်ဖြစ်ပါစေ။ . . လူတိုင်းလူတိုင်းကို လက်နက်တပ်ဆင်ဖို့ နေနေ။ . . အပြီးအပိုင်ဖွဲ့စည်းထားတဲ့ သန္ဓေတပ်များအတွက်တောင်မှ အပြည့်အဝ လက်နက်မတပ်ဆင်နိုင်သေးပါဘူး ဘုရား၊ လက်နက်ပြည့်စုံအောင် ကိုယ့်နိုင်ငံအတွင်းက လက်နက်စက်ရုံတွေက ထုတ်ပေးသလို နိုင်ငံခြားကလည်း ဝယ်ယူတင်သွင်းထားရပုံမယ် ဘုရား။ လက်နက်ပြည့်စုံပြန်တော့ လက်နက်က ခေတ်မီဦးမှ၊ ခေတ်မီလက်နက်တွေကိုင်နိုင်ပြန်တော့ ကျွမ်းကျင်စွာ ကိုင်တွယ်နိုင်ဦးမှ၊ နောက်ပြီး ရှေးရှေးက သေနင်္ဘာဟာတွေအစား ဥရောပခေတ်မီနိုင်ငံတွေက စစ်ဗျူဟာတွေကိုလည်း ကျွမ်းကျင်တတ်ကျွမ်းမှ၊ အဲဒီလို အသင့်ဖြစ်အောင်လည်း နှစ်နဲ့ချီလို့ ကြိုးစားရဦးမှာပါ ဘုရား။ ဒါကြောင့်

နှစ်ပြည်ထောင် စစ်ခင်းမယ့်အရေးကို တစ်ဖက်နဲ့တစ်ဖက် လိုက်လျော်ညီစွာ ဟန်ချက်ညီလို့ အဆင်ပြေအောင် ထိန်းထားသင့်ပါသေးတယ်ဘုရား၊ အကောင်းဆုံးက မပြည့်စုံသေးခင် ကာလမှာ လိုက်လိုက်လျောလျော ဆက်ဆံကြတာ အသင့်မြတ်ဆုံးပါဘုရား”

လှေသင်းအတွင်းဝန် ။ ။ “အို . . . အမတ်အိုကြီးက မစွမ်းဘင်းကလည်းရှိ၊ ကန်စွန်းခင်းကလည်းညှိဆိုသလို ဖြစ်နေပြီ။ ကြောက်လို့ စစ်မတိုက်ရဲရင် မတိုက်ရဲဘူး ပြောလိုက်စမ်းပါ၊ အကြောင်းပြစရာမရှိ ပြမနေပါနဲ့၊ ပြရမယ့်ဟာက အဲဒါမဟုတ်ဘူး၊ ဇာတိသွေး ဇာတိမာန်ကို ပြရမှာဗျ” (လှေသင်းအတွင်းဝန်ရဲ့စကားကို တောင်ခွင်မင်းကြီး ဦးသိုင်းက ပြန်လည်ချေပပြောဆိုရာတွင် လှေသင်းအတွင်းဝန်ရဲ့ လူအမည်ကိုပါ ထည့်၍ပြောစေ)

တောင်ခွင်မင်းကြီး။ ။ “ဒီမှာ . . . ကိုရွှေမောင် . . . အမတ်ကြီးကို အဲဒီလို မပြောပါနဲ့၊ ဒါမည်မည်ရရ အမတ်ကြီး မဟုတ်ပါဘူး၊ ရှေ့မီ နောက်မီ အမြင်ကျယ်ကျယ်ရှိလေတဲ့ ပညာရှိအမတ်ကြီးပါ၊ အရာရာကို နှိုင်းဆချင့်ချိန်ဉာဏ်နဲ့ကြည့်ပြီးမှ သူပြောတာပါ၊ သေနင်္ဂဗျူဟာကျွမ်းကျင်ပြီး အပွဲပွဲ နွှဲခဲ့သူမို့ ကြောက်မွေးပါရင် ဇာဂနာနဲ့တောင် ဆွဲနုတ်မယ့်သူလေ၊ စစ်တိုက်ရမှာကြောက်လို့ ပြောနေတာမဟုတ်ဘူး ဝန်မင်းရဲ့၊ အဆင်သင့်မဖြစ်ခင် စစ်မက်အမှုပြုခဲ့ပါက ပြည်အင်အားကို ဖြုန်းတီးရာရောက်သွားမှာ စိုးရွံ့လို့ သူက ပြောပြတာပါ၊ စစ်မတိုက်ဘူးလို့ ပြောတာ မဟုတ်ပါဘူး၊ အသင့်ဖြစ်ရင်တိုက်မယ်ဆိုတဲ့ သဘောပါ”

စုဖုရားလတ် ။ ။ “အို . . . လှေသင်းအတွင်းဝန် ဦးရွှေမောင်ပြောတာ အမှန်ပဲ၊ ဒီအဘိုးကြီး စစ်တိုက်ရမှာ ကြောက်လို့ တောင်အကြောင်းပြ မြောက်အကြောင်းပြလုပ်နေတာ”

(မိဖုရားကြီးက ပြောရင်းက ရံရွှေတော်များဘက်သို့လှည့်၍)

“ဟဲ့ . . . အပျိုတော်တွေ ဟောဒီအဘိုးကြီးကို ထဘီနဲ့ ကျောက်ပျဉ်ပေးလိုက်စမ်း”

(ထိုအခါ ဆင်ဖြူမရှင် မယ်တော်ကြီးက စိတ်ဆိုးမာန်ဆိုးဖြင့် မိဖုရားကို ငေါက်ငမ်းစေ)

ဆင်ဖြူမရှင် ။ ။ “ဟယ် . . . ဒီကောင်မလေး ရိုင်းစိုင်းချေရဲ့၊ ငါမြှောက်စားလို့ တောက်ကြွားတာနဲ့ စကားအရာမောက်မာလှချေရဲ့၊ ဟဲ့ . . . စုစု . . . နင့်ကိုနင် မိဖုရားကြီးဆိုတာ သတိမှထားရဲ့လား ဟဲ့”

(ထိုသို့ပြောကြားနေစဉ် သီပေါဘုရင်မင်းကြီးက ဝင်ရောက်ဟန့်တားစေ)

ဘုရင် ။ ။ "တိတ်. . . စေ၊ မယ်မယ်နဲ့စုစု ရာဇကုန္ဒြေ ဆည်တော်မူကြစမ်းပါလေ. . . တိုင်းပြည်ဦးသျှောင်တွေက ညီလာခံကို မထီမဲ့မြင်ပြုနေရင် အတိုင်းတိုင်းအပြည်ပြည်က ကြားလို့မှ မသင့်တော်သလို အောက်လက်ငယ်သား မင်းမှုထမ်းများကလည်း ဘယ်မှာ လေးစားကြပါတော့မလဲ၊ ဒီအရေး၊ ဒီကိစ္စကို အပြန်အလှန်ရန်တွေ့နေလို့မပြီးဘူး၊ ကိုင်း. . . ကိုင်း. . . ဒီအရေး ဒီကိစ္စကို ငါကိုယ်တော်တိုင် ဆုံးဖြတ်တော်မူမယ် နာခံစေ. . . "

"ဤအရေး ဤကိစ္စ ဖြစ်ပေါ်လာရခြင်း၏ အကြောင်းရင်းမှာ ဗြိတိသျှတို့က မြန်မာ့မြေကို ကျူးကျော်လိုသောကြောင့် အကြောင်းအမျိုးမျိုးပြု၍ သေးငယ်တဲ့အမှု ကြီးကျယ်အောင် လုပ်နေခြင်းသာဖြစ်၏၊ အကျွန်ုပ်တို့ဘက်က သူတို့ရဲ့ တောင်းဆိုချက်များကို မည်သို့ပင် လိုက်လျောသည်ဖြစ်စေ ရန်လိုသူက ရန်ပြုမှာ အသေအချာပင်ဖြစ်သည်၊ ဘယ်လိုပင် ရှောင်လွှဲရှောင်လွှဲ ဗြိတိသျှတို့က လာရောက်တိုက်ခိုက်ကြမှာ လက်ခတ်မလွဲပါ၊ ထို့ကြောင့် ဗြိတိသျှတို့၏ ရန်စကျူးကျော်ရာတွင် မြန်မာဘုရင်တစ်ပါး၏ ဂုဏ်သိက္ခာကိုပြရန် စစ်တိုက်ခြင်းမှတစ်ပါး အခြားမရှိလေပြီ၊

ဒါကြောင့် ခုခံတိုက်ခိုက်ရန်၊ အမျိုးဘာသာ သာသနာအတွက် ကာကွယ်ရန်၊ မျိုးရိုးဂုဏ်သိက္ခာ၊ ဇာတိသွေး၊ ဇာတိမာန်တွေကိုပြရန် စီမံစရာရှိတာစီမံကြ၍ တရားသောစစ်ဆင်နွှဲရန် ပြင်ဆင်ကြစေ. . . "

(ဆင်ဖြူမရှင် မယ်တော်ကြီးက မကျေမနပ်နှင့် သလွန်တော်ပေါ်မှ ဆင်း၍ မိဖုရားကြီး စုဖုရားလတ်ကို မကျေမနပ်ဟန် မျက်စောင်းခိုတ်၍ ထွက်သွားစေ) (မယ်တော်ကြီး ထွက်သွားသည်နှင့် ဘုရင်မင်းမြတ်က)

ဘုရင် ။ ။ "ဟဲ့. . . စစ်ဘက်ဌာနဝန်ကြီး. . . မောင်မင်း ဘယ်လိုစီမံထားသလဲ"

စစ်ဘက်ဝန်ကြီး။ ။ "မှန်လှပါ. . . လှိုင်းတက်မြို့စားမင်းကြီး မဟာမင်းခေါင်အသခ်ယာလျှောက်ထားအပ်ပါသည်ဘုရား၊ စစ်ဘက်ဆိုင်ရာ ထောက်လှမ်းသိရှိမှုအရ ဗြိတိသျှတို့ အလုံးအရင်းနှင့် စစ်ပြင်လျက်ရှိနေကြောင်းကို ကြိုတင်သိရှိထားပြီးဖြစ်ပါသောကြောင့် ခုခံကာကွယ်ရေး စစ်အတွက် ကျွန်တော်မျိုးကြီးတို့ဘက်မှ စစ်ကြောင်းသုံးကြောင်း လျာထားပြီး အသင့်ရှိကြောင်းပါ ဘုရား"

ဘုရင် ။ ။ "အလို. . . စစ်ကြောင်းကြီး သုံးကြောင်းပင် လျာထားပြီးပြီဆိုပါလား၊ ဝီရိယကောင်းလှပါပေရဲ့၊ မည်သည့်စစ်ကြောင်းကြီးများကို လျာထားသလဲဟဲ့. . . "

စစ်ဘက်ဝန်ကြီး။ ။ "မှန်လှပါ. . . ဗြိတိသျှတို့သည် ဧရာဝတီမြစ်ကြောင်းမှ အယောင်ပြချီတက်ပြီး အဓိက စစ်ကြောင်းကြီးကို အလယ်ရိုးမအရှေ့ဘက်ပျဉ်းမနား၊ တောင်ငူမှ ချီတက်လာနိုင်ပါတယ်၊ နောက်တစ်ဖန် မြေထဲမြို့မှ စစ်ကြောင်းကို တောင်တွင်းကြီး၊ ကျောက်ပန်းတောင်း၊ မြင်းခြံလမ်းဘက်မှလည်း ချီတက်နိုင်ပါတယ်ဘုရား၊ ဤသို့ မထင်မှတ်ရာ ဒေသများမှ စစ်ကြောင်းချီတက်လာနိုင်ပါသဖြင့် နံပါတ်(၁) ဧရာဝတီအောက်မြစ်စဉ်စစ်ကြောင်း၊ နံပါတ်(၂) တောင်တွင်းကြီးစစ်ကြောင်းနဲ့ နံပါတ်(၃) တောင်ငူစစ်ကြောင်း အစရှိသည့် စစ်ကြောင်းကြီးသုံးကြောင်းကို လျာထားစီမံရေးဆွဲထားပါသည် ဘုရား"

ဘုရင် ။ ။ "အိမ်း. . . မောင်မင်းလျှောက်ထားတာ မှန်ပေသည်။ အင်္ဂလိပ်တွေက အတော်ဉာဏ်များတယ်၊ တစ်နေရာမှ အယောင်ပြပြီး အခြားတစ်နေရာက တိုက်ခိုက်လာနိုင်တယ်၊ မောင်မင်းက လာရာလမ်းကြောင်းတွေကို အကုန်ပိတ်ဆို့စီစဉ်နေတာလည်း အလွန်ကောင်းမြတ်တဲ့ အစီအစဉ်တွေပါ၊ ဒါနဲ့ အောက်မြစ်စဉ်စစ်ကြောင်းကို ဘယ်သူ့ကို ဦးဆောင်စေပြီး လက်နက်လူသူအင်အား ဘယ်လောက်လောက်ထားမလဲ"

စစ်ဘက်ဝန်ကြီး။ ။ "မှန်လှပါ. . . တပ်မှူး၊ တပ်ချုပ်ကြီးများနဲ့ သဘာရင့်၊ ဝါရင့် ဝန်ကြီးများကို တိုင်ပင်ဆွေးနွေး၍ နံပါတ်(၁)ဖြစ်တဲ့ အောက်မြစ်စဉ်ရေကြောင်းဌာနကို လက်ဝဲဝင်းတော်မှူးကြီး သီရိမဟာ ဇေယျကျော်ထင် လှေသင်းအတွင်းဝန် ဦးရွှေမောင်ကို အကြီးအမှူးထား၍ လက်နက် အမှုထမ်း ငါးထောင်ကျော် စီစဉ်စေ့စပ်အပ်ပါသည် ဘုရား"

ဘုရင် ။ ။ "အိမ်း. . . လှေသင်းအတွင်းဝန်နဲ့ ဒီစစ်ကြောင်းက သင့်မြတ်လှပါပေတယ်၊ ခဲယမ်းမီးကျောက် ပြည့်စုံဖို့နဲ့ လူသူအင်အား တိုးပေးနိုင်ရင် ပိုကောင်းမယ်လို့ထင်တယ်၊ တောင်တွင်းကြီး စစ်ကြောင်းကိုလည်း မောင်မင်း ဘယ်လိုစီမံထားသလဲကွယ့်"

စစ်ဘက်ဝန်ကြီး။ ။ "မှန်လှပါ။ . . နံပါတ်(၂)ဖြစ်တဲ့ တောင်တွင်းကြီးစစ်ကြောင်းကိုတော့ မြို့ဝန် အကျဉ်ပတ် မြင်းဝန် ပင်လယ်မြို့စားကြီး မင်းကြီး မဟာမင်းထင်ရာဇာကို အကြီးအမှူးထား၍ စစ်သည်အင်အားငါးထောင်ကျော် စီစဉ်စေ့စပ်အပ်ပါသည်ဘုရား"

ဘုရင် ။ ။ "အိမ်း. . . အကျဉ်ပတ်မြင်းဝန်နဲ့ ဒီနေရာကလည်း သင့်မြတ်ပါပေရဲ့၊ တောင်ဝူစစ်ကြောင်းကို လျှောက်တင်စမ်းပါဦး"

စစ်ဘက်ဝန်ကြီး။ ။ "မှန်လှပါ။ . . တောင်ဝူစစ်ကြောင်းကိုတော့ အလွန်အားကိုးရတဲ့ မြို့ဝန် ရွှေလှံဗိုလ် ကောလင်းမြို့စားမင်းကြီး မဟာမင်းခေါင်အနော်ရထာက အုပ်ချုပ်ကွပ်ကဲ၍ လူသူ လက်နက် ငါးထောင်ကျော်ကို စီမံစေပါမယ် ဘုရား"

ဘုရင် ။ ။ "အို. . . ရွှေလှံဗိုလ်ကို ကွပ်ကဲခိုင်းမယ်ဆိုပဲ့လား၊ တော်ပေစွ. . . တော်ပေစွ၊ ဒါပေမဲ့ စစ်ကြောင်းတစ်ကြောင်းကို အင်အားငါးထောင်စီဆိုတော့ အားလုံးပေါင်းမှ စစ်သည် အင်အားတစ်သောင်းခွဲပဲရှိတယ်၊ လူသူအင်အားအရာ နည်းလွန်းလှသကို ဟဲ့. . . နိုင်ငံတော် အုပ်ချုပ်ရေးဌာနဝန်ကြီး"

အုပ်ချုပ်ရေးဝန်ကြီး ။ ။ "မှန်လှပါ။ . . နိုင်ငံတော်အုပ်ချုပ်ရေးဌာန ဝန်ထောက် မြို့သစ်မြို့စားမင်းကြီး မဟာမင်းလှမင်းခေါင် ခစားလျက်ရှိကြောင်းပါ ဘုရား"

ဘုရင် ။ ။ "မောင်မင်းရဲ့ အုပ်ချုပ်ရေးဌာနက မြို့ရွာနယ်ပယ်တွေမှာရှိတဲ့ မြို့ဝန်၊ မြို့စား၊ သူကြီးတို့ကို အမိန့်တော်ထွက်ရမယ်၊ ငြိတိသျှအရေးတော်ပုံ ပေါ်ပေါက်လျှင်ပေါ်ပေါက်ခြင်း မိမိရဲ့ဌာနေနှင့် နီးစပ်သော စစ်ကြောင်းကို လူသူအင်အားအကူအညီ၊ ရိက္ခာအင်အား အကူအညီနဲ့ ကျန်းမာရေးအကူအညီများကို အချိန်မီ ဆောင်ရွက်နိုင်အောင် ကြိုတင်စီမံကြစေလို့ အမိန့်တော်ထုတ်ပါ၊ အရေးတော်ပုံ ပေါ်ပေါက်သည်နှင့် ထိုအစီအမံတို့ကို အချိန်မီဆောင်ရွက်စေချင်တယ်၊ ကဲ. . . ဝန်မင်းများ"

မှူးမတ်များ (သံဖြိုင်) ။ ။ "ဘုရား. . . "

ဘုရင် ။ ။ "ယခုစစ်ကြောင်း သုံးကြောင်းအတွက် အုပ်ချုပ်မှုအဆင့်ဆင့်၊ တာဝန်အဆင့်ဆင့်တို့ကို ခွဲဝေသတ်မှတ်ပေးပြီး လိုအပ်သော လက်နက်ခဲယမ်းမီးကျောက်များကို အမြန်ဖြည့်ဆည်းပေးစေ၊

နောက်ပြီး စီမံပြီး စစ်ကြောင်းသုံးကြောင်းကတာဝန်ထမ်းဆောင်ရမည့် ဒေသသို့ သက္ကရာဇ် ၁၂၄၇ ခု၊ တန်ဆောင်မုန်းလဆန်း (၅)ရက်က စပြီး တပ်စဉ်မပျက် ချီတက်ကြစေဗျား... ကိုင်း... ညီလာခံစဲမယ်..."

သံတော်ဆင့် ။ ။ (စူးရှသောအသံဖြင့် ဇာတ်ခွင်နောက်မှ ထွက်ပေါ်စေ)
(နောက်ခံပြော) "ညီလာ...ခံ...စဲ...စေ..."

(ကတ္တီပါ ပြည်ဖုံးကားကြီးချစေ)

(အခန်းပြောင်းတီးလုံးဝင်စေ)

ဇာတ်ဝင်ခန်း (၂၈) ပြီး၏။

ဇာတ်ဝင်ခန်း (၂၉)

နေရာ - သရက်မြို့၊ ဒေါ်အိုစာ၏နေအိမ်။

အပြင်အဆင် - ဒေါ်အိုစာ၏ တဲသာသာ အိမ်ကလေးကို ပန်းချီဇာတ်ကားကြီး အဖြစ် နောက်ခံချထားရမည်။

အလင်းရောင် - အဖြူရောင် အလင်းဖွင့်ထားရမည်။

သရုပ်ဆောင် - မယ်ခင်၊ ဒေါ်အိုစာ၊ ဂရှန်မောင်၊ ငပိုင်ဇော်တို့ ပါဝင်သရုပ်ဆောင်ရမည်။

ဇာတ်ဝင်ခန်းစ - **(ကတ္တီပါ ပြည်ဖုံးကားကြီးဖွင့်စေ)**

(တဲအိမ်ကလေးရှေ့တွင် မယ်ခင်က ဆန်ကောနှင့် ဆန်ပြာနေစေ၊ ထိုအချိန်မှာ ရှန်မောင်က ဗြိတိသျှစစ်ဝတ်စုံနှင့် ဝင်လာစေ)

မယ်ခင် ။ ။ "ဟင်. . . မောင်ကြီးပြန်လာပြီ၊ မောင်ကြီး ထမင်းစားတော့မလား၊ ဒီနေ့ မောင်ကြီးကြိုက်တဲ့ ယင်ပေါင်စာငါးလေးတွေ အိုးကပ်ချက်ထားပြီး ကင်ပွန်းချဉ်ရွက်ချဉ်ရည်လေး ချက်ထားတယ်လေ"

ရှန်မောင် ။ ။ "မဆာသေးပါဘူး မယ်ခင်ရယ်၊ ဒါနဲ့ အမေကော ထမင်းစားပြီးပြီလား"

မယ်ခင် ။ ။ "အမေက စောစောထဲက စားပြီးလို့ ဘုန်းကြီးကျောင်းဘက် ထွက်သွားပြီ"

ရှန်မောင် ။ ။ "အေး. . . အေး. . . လူကြီးဆိုတာ ဦးဦးဖျားဖျားကျွေးရတယ်၊ ဒါနဲ့ မယ်ခင်ကော နေကောင်းရဲ့လား"

(ရှန်မောင်မေးကာမှ မယ်ခင်က သူ့ရဲ့ စူထွက်ခါစ ဝမ်းဗိုက်ကလေးကိုပွတ်၍)

မယ်ခင် ။ ။ "မယ်ခင် နေကောင်းပါတယ်၊ တစ်ခါတစ်ခါ ထိုင်လိုက်ထလိုက်ရင် လေးနေတာတစ်ခုပဲ"

ရှန်မောင် ။ ။ "ဒါတော့ မယ်ခင်ရယ်၊ ကိုယ်လေးလက်ဝန်ရှိနေတဲ့အခါ အထိုင်အထ နေးတတ်တာပဲလေ၊ မယ်ခင် လမ်းမှန်မှန်လျှောက်နော်၊ အစားအသောက်လည်း အမေပြောသလို ဆင်ခြင်၊ လူကြီးဆိုတာ အတွေ့အကြုံရှိတယ်"

မင်ခင် ။ ။ "ဟုတ်ကဲ့ မောင်ကြီး"

(မယ်ခင်က ရှုန်မောင်ရဲ့စကားကို ပြန်ဖြေရင်း ရှုန်မောင်ကို စေ့စေ့စပ်စပ်ကြည့်နေစေ)

ရှုန်မောင် ။ ။ "မယ်ခင်. . . ဘာကြည့်တာလဲ"

မယ်ခင် ။ ။ "တခြားမဟုတ်ပါဘူး၊ မောင်ကြီးဟာ စိတ်ရင်းစေတနာကောင်းတယ်၊ ကိုယ့်လူမျိုးအပေါ် စေတနာထားတယ်၊ မောင်ကြီးတို့ပြောတဲ့ ဟိုမျိုးချစ်စိတ်ဆိုလား ဘာလား အဲဒါကြီးလည်း ရှိတယ်၊ ယောကျ်ားပီသပြီး ကြံ့ခိုင်တယ်၊ ဒါပေမဲ့ စိတ်မကောင်းတာတစ်ခုရှိတယ်"

ရှုန်မောင် ။ ။ "ဟဲ့. . . ဘာများ စိတ်မကောင်းစရာရှိလို့လဲ"

မယ်ခင် ။ ။ ''တခြားတော့ မဟုတ်ပါဘူး၊ ဒီလောက် မြန်မာပီသတဲ့ ယောကျ်ားကောင်း ယောကျ်ားမြတ်က ဟောဒီ ကုလားစစ်သားဝတ်စုံကြီးကို ဝတ်ထားရတာ မယ်ခင် စိတ်မကောင်းဖြစ်မိလို့ပါ"

ရှုန်မောင် ။ ။ "မယ်ခင်ရယ်. . . ကိုယ်က ဝတ်ချင်လို့ ဝတ်ထားရတာမှ မဟုတ်ဘဲ၊ အခြေအနေနဲ့ အချိန်အခါကြောင့် ဝတ်ထားရတာ၊ ကိုယ်လည်း ဒီဝတ်စုံကြီးကို ဝတ်ထားရတာ မသတီလှပါဘူးကွယ်၊ မောင်ကြီးတို့ရည်မှန်းချက်ပြည့်တဲ့နေ့ အဲဒီဝတ်စုံကြီးကို ချွတ်ပြီး ဟောဒီလို ဟောဒီလို. . . (မြေကြီးကို ခြေထောက်နှင့် ဆောင့်နင်းပြရင်း) နင်းချေပစ်လိုက်မှာ"

မယ်ခင် ။ ။ "ဒါနဲ့. . . မောင်ကြီး၊ အခုတလော ကုလားတွေ အတော်များလာတယ်၊ ဘယ်နေရာကြည့်ကြည့် ကုလားဖြူနဲ့ ကုလားမည်းတွေ ယောက်ယက်ခတ်နေတာပဲ၊ ကြည့်ရတာ တစ်ခုခု အရေးကြီးနေတဲ့ပုံပဲ"

ရှုန်မောင် ။ ။ "အေး. . . ဟုတ်တယ်၊ မောင်ကြီးလည်း မယ်ခင်တို့ကိုပြောပြဖို့ အခုအိမ်ပြန်လာတာ၊ နေပြည်တော်ကနေ မနေ့တစ်နေ့ကပဲ အင်္ဂလိပ်တောင်းဆိုထားတာတွေ လိုက်လျောပေးမယ်လို့ စာပြန်လိုက်တာ၊ အဲဒီစာက အိန္ဒိယဘုရင်ခံချုပ်ဆီတောင် မရောက်သေးဘူး၊ သူတို့စစ်တိုက်ဖို့ ပြင်နေကြပြီလေ၊ ဒီရက်ပိုင်းမှာ မောင်ကြီးတို့ စစ်တိုက်ထွက်ရလိမ့်မယ်၊ အဲဒါ မယ်ခင်တို့သားအမိကို အမေအိုစာရဲ့ဇာတိဖြစ်တဲ့ မင်းတုန်းနယ်ဘက်က လယ်ရွှေရွာကို ခဏရှောင်နေဖို့ လာပြောတာ၊ နတ်မောက်တောင်နားက လယ်ရွှေရွာကို ဆရာတော်ဦးသုမင်္ဂလ ကြွမယ် ပြောတယ်၊ ဘုန်းကြီးက မယ်ခင်တို့သားအမိကို သူနဲ့ထည့်လိုက်ဖို့လည်း မိန့်တယ်"

(ထိုအချိန် ဒေါ်အိုစာ ဝင်လာစေ)

ဒေါ်အိုစာ ။ ။ "ဟယ်. . . မောင်ရှန်မောင်ပြန်လာပြီ၊ အခုပဲ အမေလည်း ဘုန်းကြီးကျောင်းက ပြန်လာတာ၊ ဆရာတော် ဦးသုမင်္ဂလက တို့သားအမိကို လယ်ရွဲရွှာလိုက်ခဲ့ဖို့ပြောတယ်၊ မောင်ရှန်မောင်နဲ့လည်း ဆရာတော်က တိုင်ပင်ပြီးသားဆို"

ရှန်မောင် ။ ။ "ဟုတ်တယ်အမေ. . . သား. . . ဆရာတော်နဲ့ အသေးစိတ်တိုင်ပင်ပြီးပြီ၊ စစ်ဖြစ်ရင် ဒီနေရာက အန္တရာယ်များတယ်၊ လယ်ရွဲရွှာကတော့ အေးအေးချမ်းချမ်းရှိမယ်အမေ၊ သားတို့က စစ်ဦးကထွက်ရမှာမို့ အမေတို့ကိစ္စကို စီစဉ်စရာရှိရင် စီစဉ်ရအောင် အိမ်ခဏ ပြန်လာခဲ့တာ"

မယ်ခင် ။ ။ "မောင်ကြီးရယ်. . . မတတ်နိုင်ပါဘူး၊ အမေ့ရှေ့မှာပဲ ပြောပြရတော့မှာပဲ၊ မောင်ကြီးက မယ်ခင့်ကို အရှက်တကွဲ အကျိုးနဲ့ မဖြစ်အောင် မယ်ခင့်ရဲ့ အမည်ခံယောကျ်ားအဖြစ် ခံယူထားပေမယ့် မယ်ခင်ရဲ့ ရင်ထဲမှာ ဟို. . . ဟို. . . မယ်ခင်ချစ်တဲ့ ယောကျ်ားလို့ပဲ မြင်မိပါတယ် ဘယ်လိုမှ အမည်ခံယောကျ်ားလို့ မထင်မိပါဘူး၊ မယ်ခင် မောင်ကြီးကို ချစ်တယ်. . . ဟင့်. . . ဟင့်. . . အခုတော့ ချစ်လို့မှ အားမရသေးဘူး၊ မယ်ခင် မောင်ကြီးနဲ့ ခွဲရတော့မယ်၊ နောက်ပြီး စစ်ထွက်ယောကျ်ားမို့ စိတ်မချနိုင်ပါဘူးရှင်. . . ရယ်၊ အဟင့် ဟင့်. . . " (မယ်ခင်က ပြောရင်း ငိုနေစေ)

ရှန်မောင် ။ ။ "မယ်ခင်ရယ်. . . ကိုယ့်မှာ ချစ်ခွင့်ပန်ခဲ့တဲ့သူရှိတယ်၊ အဲဒီသူက အခုမင်းလှခံတပ်မှာ မောင်ကြီးကို စောင့်နေလေရဲ့၊ ဒါပေမဲ့လေ အခုလောက်ဆို သူက မောင်ကြီးကို စိတ်နာနေလောက်ပြီ"

မယ်ခင် ။ ။ "ဟင်. . . သူက မယ်ခင်နဲ့ မောင်ကြီးတို့ အိမ်ထောင်ပြုလိုက်တာကို သူသိသွားပြီပေါ့"

ရှန်မောင် ။ ။ (သူ့ရဲ့ဦးခေါင်းကို ဘယ်ညာယမ်းလျက် ကြေကွဲဆို့နှင့်သောအသံဖြင့်) "သူ. . . သူ. . . မောင်. . . မောင်ကြီးကို စိတ်နာလောက်ပြီ၊ မယ်ခင်နဲ့ မောင်ကြီးကိစ္စကို သူမသိလောက်သေးပါဘူး၊ သူစိတ်နာတာက မောင်ကြီးဟာ မင်းတရားကြီးနဲ့ တိုင်းပြည်အပေါ် သစ္စာဖောက်သွားတဲ့ အမျိုးသားသစ္စာဖောက်တစ်ယောက်လို့ပဲ သူသိနေမှာပါ"

မယ်ခင် ။ ။ "ဖြစ်မှဖြစ်ရလေ မောင်ကြီးရယ်"

ရှန်မောင် ။ ။ "ဒါနဲ့. . . မယ်ခင်ကော မောင်ကြီးကို အမျိုးသားသစ္စာဖောက်လို့ မမြင်ဘူးလား"

မယ်ခင် ။ ။ "ရှင်. . . "

ရှန်မောင် ။ ။ "မယ်ခင်. . . . ကိုယ့်ကို ဘယ်လိုမြင်သလဲ"

မယ်ခင် ။ ။ "မောင်ကြီးဟာ ကုလားတပ်မှာ အမှုထမ်းနေရပေမယ့် အမျိုးသားသစ္စာဖောက် မဟုတ်ပါဘူး၊ ကိုယ့်လူမျိုးကိုချစ်တတ်တဲ့ မြန်မာအမျိုးသားကောင်းတစ်ယောက်အဖြစ် မယ်ခင် မြင်ပါတယ်၊ ဘာလို့လဲတော့ မမေးနဲ့ ရှင်းပါတယ်၊ မောင်ကြီးဟာ မယ်ခင့်ကို တစ်ခါမှလည်း မမြင်ဘူး မသိဘူးသေးဘဲနဲ့ မယ်ခင့်ရဲ့ အရှက်တကွဲ အကျိုးနည်းဖြစ်ရမယ့်ကိစ္စမှာ ချစ်ခဲ့ရသူတစ်ယောက်လုံးကို အဆုံးရှုံးခံပြီး လင်ယောကျ်ားအဖြစ် ရပ်တည်ပေးခဲ့တာ၊ တော်ရုံတန်ရုံ ယောကျ်ားသားတွေ မလုပ်ရဲပါဘူး၊ မောင်ကြီးကသာ ရဲရဲဝံ့ဝံ့ လှည်းကျိုးထမ်းရဲတဲ့သူပါ၊ အဲဒီစိတ်ဓာတ်ဟာ ဘာလဲဆိုရင် ကိုယ့်လူမျိုးအပေါ် ချစ်တဲ့စိတ်၊ အနစ်နာခံရဲတဲ့စိတ်၊ သစ္စာရှိတဲ့ စိတ်ဓာတ်ပါ၊ ဒါကြောင့် မယ်ခင်က မောင်ကြီးကို အမျိုးသားသစ္စာဖောက်တစ်ယောက်လို့ လုံးဝ မမြင်မိပါဘူးတဲ့ရှင်"

(မယ်ခင့်စကားကြားတော့ ရှန်မောင်မှာ အားရဝမ်းသာဖြစ်ဟန်ဖြင့် မယ်ခင်ရဲ့ကိုယ်လုံးလေးကို သိမ်းကျုံးပွေ့ဖက်လိုက်စေ)

ရှန်မောင် ။ ။ "မယ်ခင့်ကို ကိုယ်ချစ်သွားပြီကွာ"

မယ်ခင် ။ ။ "အို. . . မောင်ကြီးရယ်. . . "

ရှန်မောင် ။ ။ (မယ်ခင့်ကို ဖက်ထားရာမှ မလွတ်သေးဘဲ)
"မောင်ကြီးလေ. . . ထိပ်တင်ထားနဲ့တွေ့တဲ့တစ်နေ့မှာ မောင်ကြီးချစ်ခွင့်ပန်ခဲ့တဲ့စကားကို ပြန်လည်ရုပ်သိမ်းပါ့မယ်၊ မောင်ကြီးတို့မင်းလှခံတပ်ကို တိုက်တဲ့အချိန် မောင်ကြီး သူ့ကို တွေ့ဖြစ်အောင် သွားတွေ့မယ်"

မယ်ခင် ။ ။ "မောင်ကြီးကို တစ်ခုပြောပါရစေ၊ မောင်ကြီးဟာ ကိုယ့်အမျိုးကို ပြန်တိုက်ရမှာနော်၊ မောင်ကြီးလက်ချက်နဲ့ မြန်မာစစ်သားတွေ သေကျေကုန်မှာကို မယ်ခင် စိုးရိမ်မိတယ်ကွယ်"

ရှန်မောင် ။ ။ "မယ်ခင်ရယ်. . . "

မယ်ခင် ။ ။ "ရှင်. . . ရယ်. . . "

ရှန်မောင် ။ ။ "မယ်ခင်ရယ်. . . ဟောဒီ မောင်ကြီးလက်နဲ့ မြန်မာရဲမက်တွေ သွေးတစ်စက်မှ မကျစေရဘူးလို့ မောင်ကြီး ကတိပေးပါတယ်ကွယ်"

မယ်ခင် ။ ။ "ဝမ်းသာလိုက်တာ မောင်ကြီးရယ်၊ ဒါပေမဲ့ ဖြစ်နေတာက စစ်ပွဲပါ၊ စစ်ပွဲဆိုတာ သူသေ ကိုယ်သေ တိုက်ရတဲ့ပွဲ၊ တစ်ဖက်က မြန်မာရဲမက်တွေက ကုလားဝတ်စုံဝတ်ထားတဲ့ မောင်ကြီးကိုမြင်လို့ သူတို့ရဲ့ဓားနဲ့ ခုတ်လာရင် မောင်ကြီး ဘယ်လိုလုပ်မလဲ"

ရှန်မောင် ။ ။ (ရှန်မောင်က ခေါင်းကိုငုံ့ပြရင်း)
"မောင်ကြီး လည်စင်းပေးလိုက်ပါ့မယ်ကွယ်"

မယ်ခင် ။ ။ "သူတို့က ယမ်းမီးပေါက်သေနတ်နဲ့ မောင်ကြီးကို ပစ်ရင်ကော"

ရှန်မောင် ။ ။ "မောင်ကြီး ရင်ကော့ပေးလိုက်ပါ့မယ်ကွယ်"

မယ်ခင် ။ ။ "ဖြစ်မှဖြစ်ရလေ မောင်ကြီးရယ်၊ မောင်ကြီးရဲ့အဖြစ်ကို မယ်ခင်တွေးမိတိုင်း စိုးရိမ်မိတယ်၊ ဒီအတိုင်းဆို မောင်ကြီးက ကိုယ့်အသက်ကိုယ် သေလူလို့ သတ်မှတ်ထားတယ်ပေါ့"

ရှန်မောင် ။ ။ "ဟုတ်တယ် မယ်ခင်. . .၊ စစ်တိုက်ပြီဆိုရင် မောင်ကြီးတို့ မြန်မာရဲမက်တွေရဲ့ ချိန်ထားတဲ့ မီးပေါက်သေနတ်ရှေ့မှာ မောင်ကြီးသေချာပေါက် ရောက်နေနိုင်သလို ရွယ်ထားတဲ့ မားတွေရဲ့အောက်မှာလည်း သေချာပေါက် ရောက်နေနိုင်ပါတယ်၊ အဲဒီလို ကြုံတွေ့ဖို့ကလည်း လက်ခတ်မလွဲပါ၊ ဒါကြောင့် စောစောက မောင်ကြီးပြောသလို ရင်ကော့ပေးပြီး လည်စင်းခံပေးရုံကလွဲလို့ အခြား မရှိပါဘူးကွယ်"

မယ်ခင် ။ ။ "မယ်ခင်လေ မောင်ကြီးကို ချစ်တာထက်ပိုလို့ လေးစားမိတယ်ရှင်"

ရှန်မောင် ။ ။ "မောင်ကြီးကလည်း နှမလေးရဲ့စိတ်ဓာတ်ကို နှလုံးသားကနေ လေးစားရင်း ပိုလို့ချစ်မိပါတယ်ကွယ်"
(ရှန်မောင်ကပြောရင်း မယ်ခင့်ကို တင်းကျပ်စွာ ဖက်ထားလိုက်စေ)

မယ်ခင် ။ ။ "အို. . . မောင်ကြီးရယ်"
(ထိုအချိန်တွင် နောက်မှ တိတ်တိတ်လေး ဝင်လာသောပိုင်ဇေက)

ပိုင်ဇေ ။ ။ "အောင်မယ်လေး. . . လေး. . .၊ လုပ်. . . လုပ်ကြပါဦးဗျ. . . အမယ်လေး. . . သွားပါပြီ ဗျာ. . . သွားပါပြီ"
(ပိုင်ဇေ၏ အလန့်တကြားအသံကြား၍ ရှန်မောင်က ပျာပျာသလဲလှည့်ကြည့်ကာ)

ရှန်မောင် ။ ။ "ဟာ. . . ကိုပိုင်ဇေ. . . ကိုပိုင်ဇေ. . . ဘာဖြစ်သွားလို့လဲဗျ"

ပိုင်ဇေ ။ ။ "ဘာဖြစ်ရမလဲကွ. . .၊ နှမလူလု အူနုကျွဲခတ်သွားလို့ဗျ"

ရှန်မောင် ။ ။ (နားမလည်သော အမူအရာဖြင့်)
"ဘယ်လို. . . ဘယ်လို. . . ကျွဲ. . . ကျွဲခတ်"

ပိုင်ဇေ ။ ။ "ဘယ်လို ကျွဲခတ်ရမှာလဲ၊ ဟောဒီရွှေယောက်ဖက ဟောဒီကျုပ်နှမဝမ်းကွဲလေးကို ကျုပ်ရင်ထဲက လုသွားပြီး ကျုပ်ရှေ့မှာ ဖက်ထားလို့ အူနုကို ကျွဲအခတ်ခံရသလို အောင့်သက်သက်ကြီး ဖြစ်တာပါလို့ ပြောတာဟေ့"

ရှန်မောင် ။ ။ "ဟင်. . . မယ်ခင်နဲ့ကျုပ်ကို ကိုပိုင်ဇေပဲ ပေးစားပြီး၊ ဘာလို့ အခုမှ အောင့်သက်သက်ဖြစ်ရတယ်လို့"

ပိုင်ဇေ ။ ။ "အေးလေ. . . ငါကိုယ်တိုင်ပေးစားတာတော့ အမှန်ပါ။ ဒါပေမဲ့ မင်းက နှမကို မောင်ရှေ့မှာတင် ဖက်ပြနေတော့"

ရှန်မောင် ။ ။ "အို. . . ဟို. . . ဟို. . . ဒါကြောင့်ကိုး၊ ခင်ဗျား ရောက်နေမှန်း မသိလို့ပါ"

ပိုင်ဇေ ။ ။ "ဒါဆို မင်းက မောင်လုပ်သူရှေ့မှာ ဆင်ဆင်ခြင်ခြင်"

ရှန်မောင် ။ ။ "အို. . . ဒီလိုမဟုတ်ပါဘူး၊ ခင်ဗျားရှေ့မှာ ဟောဒီ မယ်ခင်လေးကို သေတစ်ပန် သက်ဆုံး ချစ်ခင်ပေါင်းသင်းပါ့မယ်ဆိုတဲ့အကြောင်းကို ဟောဒီ ချစ်ဗျူဟာနှာခေါင်းကြီးနဲ့ မယ်ခင်ဆိုတဲ့ ခင်ဗျားရဲ့နှမ အချောအလှလေးရဲ့ စစ်တလင်း ပါးပြင်မို့မို့လေးကို အကြောင်းမဲ့ မန္တမ်းရအောင် ဟောသလို. . . နှာခေါင်းနဲ့ နမ်းပြမလို့ပါဗျာ"
(ပိုင်စေ. . . သူ့နဖူးသူရိုက်လိုက်၍ နောက်သို့လန်သွားစေ)

ပိုင်ဇေ ။ ။ "ဟိုက်. . . သေလိုက်ပါတော့ဟ ကုလားဖြူတွေ"

(ကတ္တီပါ ပြည်ဖုံးကားကြီးချစေ)

(အခန်းပြောင်းတီးလုံးဝင်စေ)

ဇာတ်ဝင်ခန်း (၂၉) ပြီး၏။

ဇာတ်ဝင်ခန်း (၃၀)

နေရာ - မန္တလေးရတနာပုံနေပြည်တော်။

အပြင်အဆင် - မန္တလေးနန်းမြို့ရိုး ပန်းချီဇာတ်ကားကြီး ချထားရမည်။ နောက်ထပ် ဇာတ်ဝင်ခန်းအတွက် နန်းမြို့ရိုး ပန်းချီဇာတ်ကားကြီး၏နောက်တွင် စစ်ကိုင်းဘက်ကမ်းမှ ဘုရားပုထိုးများနှင့် ဧရာဝတီမြစ်ရှုခင်းကို နောက်ခံပိတ်ကားပေါ်တွင် ပရိဂျက်တာနှင့် ထိုးပြထားရမည်။ ဘက်ကရောင်း၏ရှေ့ ရှစ်ပေကွာတွင် သုံးပေမြင့်ရေကား ချထားရမည်။ ရေကား၏နောက်တွင် မြန်မာပြည်ပိုင် စစ်သင်္ဘောများ၏ ဖြတ်ပိုင်းပုံများကို 'တုလွတ်ယာဉ်ကျော်'၊ 'ရေနန်းစကြာ' အမည်များ ကမ္ဘည်းထိုး၍ထားကာ အသင့်ပြင်ဆင်ထားရမည်။

အလင်းရောင် - ရဲရင့်ထက်သန်စေသော အနီရောင်မီးများ ဖွင့်ထားပြီး သရုပ်ဆောင် တို့ကို အဝါရောင် မီးဆလိုက်များ ထိုးပေးထားရမည်။

တေးဂီတ - 'မြန်မာပြည်သား' အမည်ရှိ တေးသီချင်းကို အသံဩကောင်းသော အမျိုးသားအဆိုတော်နှင့် စူးရှတက်ကြွသော အမျိုးသမီး အဆိုတော်တို့၏ အသံနှင့်တွဲဖက်ကာ မြန်မာ့ဆိုင်းဝိုင်းကြီးက စည်တိုသံမြိုင်မြိုင်တီး၍ ခေတ်ပေါ် လေမှုတ်တူရိယာဝိုင်းဖြင့် တွဲဖက်တီးခတ်ပေးရမည်။

သရုပ်ဆောင် - ဆင်၊ မြင်း၊ ဗိုလ်ပါနှင့် စစ်သည်ရဲမက်များ၊ ဆင်မြင်းများကို လူဝင်၍ လှုပ်ရှားရအောင် ကျောက်ဆည်အက ဆင်များ၊ မြင်းများပြုလုပ်၍ ဗိုလ်ချုပ်၊ ဗိုလ်မှူးများ စီးနင်းပါဝင်ရမည်။ ပြည်သူပြည်သားများက ပန်းသပြေ၊ ငွေဖလားများနှင့် ပါဝင်ရမည်။

နောက်ခံပြော ။ ။ (အခန်းပြောင်းတီးလုံး ပြီးဆုံးသည်နှင့် လျှပ်စစ်မီးများ လုံးဝ မှောင်အတိကျသွားစဉ် နောက်ခံစကားပြောကို စူးရှကြည်လင် ပြတ်သားသောအသံဖြင့် အမျိုးသမီးတစ်ဦးကပြောစေ)

"ရွှေပွဲလာ မိဘပြည်သူများရှင်... ရာဇဝင်စာတင်လောက်တဲ့ ရတနာပုံတစ်ခေတ်ရဲ့ သက္ကရာဇ် ၁၂၄၇ ခုနှစ်၊ တန်ဆောင်မုန်း လဆန်း (၅) ရက် ဖြစ်ပါတယ်ရှင်..."

"အင်္ဂလိပ်တို့ဟာ မြန်မာအစိုးရက သူတို့ရဲ့တောင်းဆိုမှုကို မည်သို့ပင် လိုက်လျောပေးခဲ့ပေမယ့် မြန်မာနိုင်ငံအပေါ် စစ်မက်

ကျူးကျော်ရန် လက်နက်အင်အား၊ စစ်သည်၊ စစ်သဘော်များနှင့် တိုက်ခိုက်လာမည်သာ ဖြစ်ကြပါတယ်. . . ”

“ဒါကြောင့် သီပေါမင်းတရားကြီးက ဘုရင်တစ်ပါးရဲ့ ဂုဏ်သိက္ခာကို စစ်မက်ယှဉ်၍ ခုခံတိုက်ခိုက်ခြင်းဖြင့် ထိန်းသိမ်းရန် ဆုံးဖြတ်ချက် ချခဲ့ပြီး ထီးကျိုးစည်ပေါက် မင်းဆက်မပျောက်ရလေအောင် ခုခံစစ်ဆင်နွှဲရန်အတွက် စစ်ကြောင်းကြီး သုံးကြောင်းကို အင်္ဂလိပ်မြန်မာနယ်ခြားသို့ ချီတက်စေခဲ့ပါတယ်၊ ယခုဇာတ်လမ်းရဲ့ပြကွက်မှာ မန္တလေးရတနာပုံ နေပြည်တော်မှ တောင်ငူစစ်ကြောင်းနှင့် တောင်တွင်းကြီးစစ်ကြောင်းတို့ ချီတက်ကြပုံ အခမ်းအနားကို ဇာတိသွေး ဇာတိမာန်တက်ကြွစွာ ဖော်ကျူးပြသမည်ဖြစ်ပါ၍ ရွှေပွဲလာ မင်းပရိသတ်များ အားပါးတရ ရှုစားတော်မူကြပါလားရှင်. . . ”

(နောက်ခံစကားပြော ပြီးဆုံးသည်နှင့် စစ်မောင်းသံ၊ စစ်စည်သံ၊ စစ်ခရာသံများ၊ ကျွဲချိုသံ၊ တံပိုးသံများ ထွက်ပေါ်လာစေ)

နောက်ခံသံ ။ ။ “တူ. . . မောင်း. . . ဒိုင်း. . . ဒူ ဒူ ဒူ တူတူ . . . တူ. . . ဒူ. . . ဒူ. . . ”

ဇာတ်ဝင်ခန်းစ ။ ။ (စစ်မောင်းသံ၊ ခရာမှုတ်သံများ ထွက်ပေါ်လာပြီးသည်နှင့် မြန်မာ့ဝိုင်းတော်မှ မြန်မာပြည်သား တေးသီချင်းကို ဇာတိသွေး ဇာတိမာန် တက်ကြွစွာ တီးမှုတ်သီဆိုစေ)

(သီချင်းစာသား ပထမပိုဒ်ပြီးသည်နှင့် အနီရောင်ဇာတ်ခွင်လျှပ်စစ်မီးများ လင်းလာစေ)

(ကတ္တီပါ ပြည်ဖုံးကားကြီးဖွင့်စေ)

တေးသီချင်း ။ ။ ××× သေနင်္ဂဗျူဟာ စစ်၏အင်္ဂါ ××× စစ်ချီ စစ်တက် စစ်ထိုး စစ်ခံ စစ်ဖက် စစ်ပြန်နဲ့ ××× ကိုယ်ခံလက်ဖွဲ့ တကယ့်ယောကျ်ား ××× ခြေလျင် ဆင်မြင်းရထား တိုက်မောင်း တိုက်စည် ဟိန်းလို့ တံပိုးနဲ့ စည်သံညံညံ စစ်ကြောင်းကြီး ချီလာသံကြား ××× ရဲစိတ်မာန်တွေ တဖွားဖွား ××× ကျားကျာလျားလျား ××× လက်ရုံးလက်မောင်းနဲ့ ကောင်းပါပေ့ ခွန်အား ဗလများ ××× မောင်ကြီးတို့ ဘယ်ရွာသား ××× ပုဂံသားလော××× တကောင်းသားလော ပြောပါစ ခွန်းတုံ့ပြန်စကား ××× ပုဂံသားလော ××× တကောင်းသားလော ××× ပေါင်းစည်းကာ ရောနှောပါလို့ မြင်စိုင်း ပင်းယ အင်းဝ ကုန်းဘောင် အောင်စစ်သည်များ ကချင်၊ ကယား၊ ကရင်၊ ချင်း၊

မွန်၊ မြန်မာ၊ ရခိုင်၊ ရှမ်း ××× တစ်စိတ်တစ်ဝမ်းတည်ထောင်ပြည်ထောင်စုဖွား ××× မြန်မာပြည်သားဟေ့ ××× မြန်မာပြည်သား ×××

(တေးသီချင်းနှင့်အညီ မြန်မာရဲမက်စစ်သည်များက ရဲရဲတောက်စစ်ဝတ်စုံများအပြည့်ဖြင့် ယမ်းမီးပေါက်သေနတ်တို့ကို ထမ်းသည့် တပ်ဖွဲ့ကထမ်း၊ လှည်းဘီးတပ်အမြောက်တို့ကို ဆွဲသူကဆွဲ၊ ဓားတဝင့်ဝင့်နှင့် တပ်မှူးတို့က စစ်မြင်းများကို စီးသူကစီး၊ ဇာတိသွေးဇာတိမာန် ဝင့်လျက် မင်းခမ်းမင်းနား စစ်ချီပုံနှင့် ခီတက်လာကြစေ၊ မျှော်လင့်ရှာသူ ပြည်သူပြည်သားတို့က ရောင်စုံဝတ်စားဆင်ယင်ထားလျက် အောင်သပြေ ရေစင်ဖျန်းလို့၊ တောင်ဝှေးကို ထောက်တဒေါက်ဒေါက်နှင့် လူအိုလူမင်း မျှော်ခေါ်ရင်းဖြင့် မျက်ရည်တစမ်းစမ်း အလွမ်းဖက်သူတွေကလည်း လက်ကလေးကိုပြ ပဝါစကိုယမ်းလျက် နှုတ်ဆက်ကြစေ)

(တေးဂီတကလည်း တေးသီချင်းတစ်ပုဒ် ပြီးဆုံးသည်နှင့် အသံရှိန်လျှော့ကာ အတီးပိုဒ်ကို ဆက်လက်တီးခတ်နေစေ)

(ထိုအချိန်မှာ ကွမ်းသီးလုံးခန့် သျှောင်ထုံးလေးကို ခေါင်းပေါ်မှာကျစ်လျစ်နေအောင် ထုံးထားသော အရိုးပြိုင်းပြိုင်း ခါးကိုင်းကိုင်းဖြင့် အမယ်အိုတစ်ယောက်က တောင်ဝှေးကိုထောက်လျက် သားဖြစ်သူရဲမက်ရှိရာကို တုန်ချည့် တုန်ချည့်နှင့် လျှောက်လာရင်း အသည်းအူအသံတုန်လေးဖြင့် ပြောစေ)

အမယ်အို ။ ။ "အို. . . မျှော်တလင့်လင့် တမ်းတခဲ့ရ ဒါမှ ငါ့သားပါ့လား"

သားရဲမက် ။ ။ "အို. . . တောင်ဝှေးကိုထောက် တဒေါက်ဒေါက်နှင့် အမေဖြင့် လာမှလာပါ့မလားလို့"

(မိခင်အမယ်အိုက သားဖြစ်သူ၏ လက်မောင်း၊ လက်ဖျံများနှင့် မျက်နှာ၊ ရင်အုပ်တို့ကို ယုယစွာ ပွတ်သပ်ရင်း ဆရာဇော်ဂျီ၏ ကဗျာစာသားဆန်ဆန်အသုံးပြု၍ ပြောစေ)

အမယ်အို ။ ။ "အို. . . သား. . . သား. . . ငါ့သားကြီး. . . အမယ်မင့်ထွားလိုက်တာ၊ စစ်သားကြီးလုံးလုံး ဗိုလ်မှူးကြီး ရှူးလောက်ရဲ့၊ အင်း. . . ပခုံးနဲ့လက်ပြင်၊ ကျောချင်က သံချောင်း၊ ဟယ်. . . တစ်နှစ်အတွင်းမှာ ချက်ချင်းပဲပြောင်းရော့ထင့်၊ ကောင်းလိုက်ပေ့အမေ့သား၊ ဤဇမ္ဗူ တလူရှားပေမို့ မယ်ဘွားမှာလေ ပန်းသပြေညောင်ရေသွန်းလောင်းလို့ ငါ့သားလှ အောင်စေကြောင်း အမြဲပဲဆုတောင်းပါ့မယ်ကွယ်. . . . "

(မိခင်၏ ကရုဏာသက်စွာ ချီးမွမ်းသည့်စကား ကြားလိုက်လျှင် သားဖြစ်သူ ရဲမက်ကြီးက လက်သီးကိုဆုပ်ပြီး လက်မောင်း ကြွက်သားများ ထောင်းထောင်းထလာတဲ့အထိ လက်နှစ်ဖက်ကို ကွေး၍ မြှောက်ပြပြီး ညာလက်သီးဆုပ်ကို အထက်သို့ ဝင့်ကြွားစွာ တန်းခနဲ မြှောက်ဝင့်လိုက်ပြီး ဆရာဇော်ဂျီ၏ ကဗျာစာသားဆန်ဆန် ပြန်ပြောစေ)

သားရဲမက် ။ ။ "အမယ်. . . မမ. . . သားလှအတွက်သာငဲ့ နောင်များဖြင့် မပူပါနဲ့၊ မြန်ပြည်မှာမွေး မြန်မာ့သွေးမို့ အလေးပင်မမူ အသက်ပင်လှူခဲ့ပေါ့၊ ဟောဒီ လက်ရုံးဝင့်ဒီတစ်အားနဲ့ ဘယ်တိုင်းခြားဝင့်မှာလဲ မမရယ်. . ."

အမယ်အို ။ ။ သားရဲ့စကားကိုကြားရပြီး အားရဝမ်းသာဖြစ်လို့ မျက်ရည်များပင် ကျလျက် ထက်သန်သော အပြုံးဖြင့် ပြုံးပြကာ သူ၏ အရိုးပြိုင်းပြိုင်း ထနေသော ညာလက်ကို လက်သီးဆုပ်လျက် မြှောက်ပင့်ဝင့်ကြွားလိုက်ရင်း အသံစွာစွာဖြင့်)

"ဟယ်. . . ဒါမှ အမွေ့သား. . . မြန်မာပြည်သားဟေ့. . . မြန်မာပြည်သား. . . ကွ"

တေးဂီတ ။ ။ (မြန်မာပြည်သားသီချင်းကို နောက်တစ်ကျော့ ထပ်မံသီဆိုတီးမှုတ်စေ)

"သေနင်္ဂဗျူဟာ စစ်၏အင်္ဂါ ××× စစ်ချီ စစ်တက် ××× ×××× ×××× မြန်မာပြည်သားဟေ့ မြန်မာပြည်သား ××××"

(တေးသီချင်းသံနှင့်အတူ ရဲတံခွန်စစ်အလံများ၊ မြန်မာ့ဒေါင်းအလံများကို လွှင့်ထူ၍ ရဲရဲတောက်ချီတက်လာသော တပ်တော်ကြီးက မိခင်နှင့် သားဖြစ်သူရဲမက်တို့၏နောက်ကနေ ခမ်းနားစွာ ချီတက်နေကြစေ)

(သီချင်းဆုံးသည်နှင့် လျှပ်စစ်မီးများ မှောင်အတိကျသွားကာ တေးသံများ လုံးဝ တိတ်ဆိတ်သွားစေ)

နောက်ခံပြော ။ ။ (ထိုသို့ မှောင်အတိကျကာ တိတ်ဆိတ်ငြိမ်သက်နေစဉ် နောက်ခံစကားပြောသူ အမျိုးသမီးတစ်ဦး၏ စူးရှတက်ကြွသောအသံဖြင့် အထက်မင်းလှမြို့၊ ကဗျာဆရာ တောသားကြီး လူနိုင်၏ "မင်းလှခံတပ် သွေးချောင်းစီး၊ မြန်မာ-အင်္ဂလိပ်တိုက်ပွဲ" ကဗျာမှ ကောက်နုတ်ထားသော စာပိုဒ်ကို အသံနေအသံထားဖြင့် ရွတ်ဖတ်စေ)

"ရေချိုးဆိပ်ကား၊ လူရိပ်လူခြေ၊ ကင်းရှင်းနေခဲ့ အသက်မဲ့. . . ။
စစ်ရိပ်ငွေ့သည်၊ တအီအီနှင့်၊ မြန်မာပြည်မြောက်ပိုင်း၊ ဒုန်းစိုင်းချီတက်၊
ခရီးဆက်ပေါ့. . . ။

မိုးလည်းမစင်၊ ဆောင်းမဝင်သေး၊ ညွှန့်ရွင်ခက်လှိုင်း၊ သစ်ပင်တိုင်းသည်၊ လေရိုင်းရူးကို အံတုလျက်။ ။
မိုးသားတိမ်လိပ်၊ တရိပ်ရိပ်၊ စစ်စိတ်နှိုးဆွ၊ တရွရွ။ ။
ဒေါင်းအလံသည်၊ မောင်းသံထပ်ဆင့်၊ ကြွားကြွားဝင့်၊ တလွင့်လွင့်။ ။ ”
“ရွှေပွဲလာ ပရိသတ်များရှင်။ ။ တောင်ငူစစ်ကြောင်းကြီးနှင့် တောင်တွင်းကြီးစစ်ကြောင်းကြီးတို့ အားမာန်ဝင့်ဝင့် အောင်လံတွေ လေမှာဝင့်လို့ စစ်ချီနေကြတဲ့အချိန်မှာ မန္တလေးနေပြည်တော်ရဲ့ ဧရာဝတီမြစ်ဆိပ်ကမ်းမှာက မြန်မာမင်းဘုရင် သီပေါအရှင်၏ ရေနွေးငွေ့မောင်း စစ်မီးသင်္ဘောများဖြစ်ကြတဲ့ ‘ရေနန်းစကြာ’၊ ‘မြနန်းစကြာ’၊ ‘စကြာယာဉ်မွန်’ နှင့် ‘တုလွတ်ယဉ်ကျေး’ တိုက်သင်္ဘောတို့က မော်တော်ဘုတ်ခေါ်သော ရွှေလောင်းဓာတ်လှေများ ခြံရံလျက် ဒေါင်းအလံ၊ စစ်အလံ၊ တံခွန်အောင်လံတို့ဖြင့် အောင်လံတလူလူ လွင့်ထူကာ မီးခိုးတအူအူ ဥဩသံ တတူတူပေးလျက် ဧရာဝတီမြစ်ကြောင်းကို စုန်ဆင်း၍ ခံစစ်ကြောင်း ချီတက်ကြသော အခမ်းအနားဖြစ်ပါတယ်ရှင်။ ။ ရွှေပွဲလာပရိသတ်များ ရှုစားနိုင်ကြစေလေအောင် ဆက်လက်တင်ဆက်ပြသလိုက်ပါတယ်ရှင်။ ။ ရှုစားတော်မူကြပါရှင်။ ။ ”
(နောက်ခံ ဘက်ကရောင်းဖြစ်သော မန္တလေးနန်းမြို့ရိုးပုံ နောက်ခံဇာတ်ကားကြီးကို ဖွင့်လိုက်ပြီး နောက်ခံပရိုက်တာနှင့် ထိုးပြထားသော ဧရာဝတီမြစ်ရှုခင်းပေါ်လာစေ။ ဘုရင့်ရေတပ်မတော် တိုက်သင်္ဘောတို့က ရွှေလောင်းဓာတ်လှေများ ခြံရံလျက် ဇာတ်ခွင်၏ ဝဲဘက်ထောင့်မှ ယာဘက်ထောင့်သို့ မီးခိုးတလူလူ ဥဩသံ တတူတူပေး၍ ရေကား၏နောက်မှ တရွေ့ရွေ့ ချီတက်လာစေ)

တေးဂီတ ။ ။ (မြန်မာပြည်သား တေးသီချင်း၏ အတီးပိုဒ်ကို မြိုင်မြိုင်ဆိုင်ဆိုင် တီးမှုတ်နေကြစေ။ တိုက်သင်္ဘောများ ဇာတ်ခွင်အလယ်သို့ရောက်ချိန် သင်္ဘောများက နှေးသွားသလို နောက်ခံတီးလုံးများကလည်း အသံရှိန်လျှော့ထားစေ)

သရုပ်ဆောင် ။ ။ (ဇာတ်ခွင်အတွင်းသို့ ရတနာပုံခေတ် ဝတ်စားဆင်ယင်မှုဖြင့် အမျိုးသမီးပျိုများ ပြေးဝင်လာကာ သင်္ဘောများကို လက်ပြ၍ ဝှေ့ယမ်းနှုတ်ဆက်နေကြစေ)

အေးမုံ ။ ။ “ဟဲ့။ ။ ဟဲ့။ ။ မိထွေးညို။ ။ မြန်မြန်လာဟော့၊ ငါတို့မောင်ကြီးတွေ စစ်ထွက်သွားပြီ၊ အားရအောင် နှုတ်ဆက်ကြဟော့။ ။ ”

ထွေးညို ။ ။ "ဟုတ်ပ့ါ အေးမှုံရယ်. . . ကြည့်စမ်းပါဦး၊ ဥဩသံတတူတူ မီးခိုးတွေ တလူလူနဲ့ ရှေ့ဆုံးက ရေနန်းစကြာ မီးသင်္ဘောကို မောင်းလာတာ နှင့်ရဲ့ချစ်သူ၊ ငါ့ရဲ့အစ်ကိုလေ ရွှေယောက်မရဲ့"

အေးမှုံ ။ ။ "ဟုတ်ပ့ါ မိထွေးညိုရယ်၊ မောင်ကြီးက အဲဒီသင်္ဘောမှာ မာလိန်မျူးဆိုလား၊ ပဲ့နင်းဆိုလားပဲ၊ အဲဒီသင်္ဘောကြီးမောင်းတတ်ဖို့ ပြင်သစ်ပြည်မှာ နှစ်နှစ်လောက်တောင် သွားသင်ခဲ့ရတာတဲ့၊ ဟော ဟော. . . ဟိုးနောက်က မြနန်းစကြာသင်္ဘောပေါ်က နှစ်ဆင့်ကွဲဆိုလား၊ သုံးဆင့်ကွဲဆိုလား အဲဒီမီးသေနတ်ကြီးကိုပစ်မယ့် ညည်းချစ်သူလေ"

ထွေးညို ။ ။ "အေးမှုံကလည်း ပြောရော့မယ်၊ ငါ့ရဲ့မောင်ကြီး ဘန္ဓက ပစ်မှာက နှစ်ဆင့်ကွဲ အမြောက်ပါဟဲ့၊ ဘယ်ကလာ မီးသေနတ်ရမှာလဲ၊ သူ့အမြောက်ကြီးကို အိမ်ရှေ့စံ ကနောင်မင်းသားကြီးကိုယ်တော်တိုင် တီထွင်ထားတာတဲ့တော်၊ အဲဒီအမြောက်ကြီးကို မြနန်းစကြာသင်္ဘောဦးမှာ တပ်ဆင်ထားတာတဲ့၊ ဟယ်. . . ဟို ဟိုမှာ. . . ဟိုမှာ သင်္ဘောဦးမှာ အမြောက်ကြီး၊ အဲ. . . အဲ. . ကြည့်စမ်း အမြောက်ကြီး နောက်ကရပ်နေတာ မောင်ကြီး ဘန္ဓကတော့၊ အို. . . ခံညားလိုက်တာ. . . မောင်ကြီးတို့ စစ်နိုင်ပါစေတော်. . . "

အေးမှုံ ။ ။ "ဟေ့ကောင်မတွေ. . . တို့မောင်ကြီးတွေ ကြားရလိုကြားရငြား အသံကုန်အော်ပြီး နှုတ်ဆက်ကြရအောင်ဟေ့"
(ပျိုမေတစ်သင်းက ပါးစပ်ကို လက်ဝါးနှစ်ဖက်နှင့် ကာ၍ အော်ပြောစေ)

အများ ။ ။ "မောင်ကြီးတို့ရေ. . . ကုလားတွေကို တစ်ယောက်မကျန် မောင်းထုတ်ခဲ့ကြပါတော့"

(ကတ္တီပါ ပြည်ဖုံးကားကြီးချစေ)

(အခန်းပြောင်းတီးလုံးဝင်စေ)

ဇာတ်ဝင်ခန်း (၃၀) ပြီး၏။

ဇာတ်ဝင်ခန်း (၃၁)

နေရာ - မင်းလှခံတပ်ကြီး၏ မြစ်ဆိပ်ကမ်း။

အပြင်အဆင် - မင်းလှမြို့မှ မြင်ရသော ဧရာဝတီမြစ်၏ တစ်ဖက်ကမ်းရှုခင်းပုံကို နောက်ခံပိတ်ကားပေါ်တွင် ပရိဂျက်တာဖြင့် ထိုးပြထားရမည်။ နောက်ခံ၏ရှေ့ ရှုစ်ပေအကွာတွင် သုံးပေမြင့် ရေကားချထားပြီး မြန်မာတိုက်သဘော်များစုန်ဆင်းလာပုံကို ဇာတ်ခွင်၏ လက်ဝဲဘက်ထောင့်မှ လက်ယာဘက်ထောင့်သို့ တရွေ့ရွေ့ မောင်းနှင်လာရမည်။

အလင်းရောင် - ဇာတ်ခွင်တစ်ခုလုံးကို အနီရောင်မီးများ ဖွင့်ထားပြီး သရုပ်ဆောင်များကို အဝါရောင် မီးဆလိုက်များ ထိုးပေးထားရမည်။

တေးဂီတ - မြန်မာပြည်သား တေးသီချင်းကို အဆိုမပါ အတီးသက်သက်ဖြင့် နောက်ခံတီးပေးနေရမည်။

သရုပ်ဆောင် - ဖောင်ဝန်မင်း မဟာမင်းထင် မင်းလှသီဟသူ၊ ဆယ့်နှစ်ပွဲရ ပြည်လုံးအံ့လေ့သင်းဗိုလ် မင်းကျော်သိဒ္ဓိရန်အောင်၊ လေ့သင်းဗိုလ် မဟာမင်းလှသိန္ဒိကျော်စွာ၊ လက်သစ်လေ့သင်း ဗိုလ်မှူး မဟာသိဒ္ဓိကျော်မင်းဒင်နှင့် ရဲမက်များ ရတနာပုံရဲမက်ဝတ်စုံပြည့်ပါဝင်လျက် ဗိုလ်မှူးမင်းဒင်၏ သမီး ထိပ်တင်ထားတို့ ပါဝင်သရုပ်ဆောင်ရမည်။

ဇာတ်ဝင်ခန်းစ - (အခန်းပြောင်းတီးလုံး ပြီးဆုံးသည်နှင့် ပြည်ဖုံးကားကြီး မဖွင့်သေးခင် အမျိုးသမီးတစ်ဦးရဲ့ စူးရှတက်ကြွသောအသံဖြင့် မင်းလှမြို့မှ စာရေးဆရာကြီး တောသားကြီးလူနိုင်၏ ကဗျာကို ကောက်နုတ်ရွတ်ဆို၍ နောက်ခံစကားပြောဝင်စေ။)

နောက်ခံပြော ။ ။ “ * ဧရာဝတီမြစ်ကြောင်း၊ ရေစီးကြောင်းသည်၊ ကွေ့ချောင်းဘက်ဆီ၊ မလွန်ဆီသို့၊ ဦးတည်စီးဆင်း၊ အဟုန်ပြင်း၏။
* မြင်းကြတောင်ကား၊ ညိုမှောင်ရစ်ဆိုင်း၊ ဈာန်ကသိုဏ်းနှင့် ရန်တိုင်း ဖြိုခွင်း၊ ဗျူဟာကျင်း၍၊
* မင်းလှမြို့ကား၊ နယ်ချဲ့များသွေး၊ တဝလွေးဖို့၊ ဓားသွေးလှံသတဆဆ. . . ”

“ရွှေပွဲလာ ပရိသတ်များရှင့်. . . အောက်မြစ်စဉ် စစ်ကြောင်းကြီးသည် အင်္ဂလိပ်-မြန်မာ နယ်စပ်ကို ခံစစ်ကြောင်းဆင်နွှဲရန်အတွက် တိုက်သဘော်များနှင့် မင်းလှခံတပ်ကြီးရှိရာသို့ ဧရာဝတီမြစ်ကြောင်း

အတိုင်း ခမ်းနားထည်ဝါစွာ စုန်ဆင်းလာကြပါပြီ၊ ခံတပ်အတွင်းရှိ ရဲမက်များက ကြိုဆိုနေကြသော အခန်းကဏ္ဍဖြစ်ပါတယ်ရှင်။ မြန်မာ့ရေကြောင်း တပ်မတော်ကြီးရဲ့ ခမ်းနားထည်ဝါလှပုံကို ရှုစားတော်မူကြပါလားရှင်. . . ”

ဇာတ်ခွင်စ - (ကတ္တီပါ ဖြည်ဖုံးကားကြီးဖွင့်စေ)

သရုပ်ဆောင် - (ရေကား၏နောက်မှ မြန်မာ့ရေတပ်ပိုင် တိုက်သင်္ဘောများနှင့် ဓာတ်လှေများ ခြံရံလျက် လက်ဝဲဘက်ဇာတ်ခွင်မှ လက်ယာဘက် ဇာတ်ခွင်သို့ ဝင်လာကြစေ၊ တိုက်သင်္ဘောများ ဇာတ်ခွင်အလယ်သို့ ရောက်ရှိ ခဏ်တွင် တပ်မှူးတစ်ယောက် ရတနာပုံခေတ်စစ်သည် အဆောင် အယောင်အပြည့်အစုံဖြင့် ဝင်လာစေပြီး)

တပ်မှူး ။ ။ “ဟေ့. . . ရဲမက်တော်တွေ ဘုရင်မင်းမြတ်ရဲ့ တိုက်သင်္ဘောတွေ စုန်ဆင်းလာပြီ၊ ကြိုဆိုကြဖို့ တန်းစီကြဟေ့”

(တပ်မှူး၏ အမိန့်ရသည်နှင့် ရတနာပုံခေတ် စစ်သည်အဆောင် အယောင်များကို ဝတ်ဆင်ထားသော မြန်မာ့စစ်သည်တော်များ ထွက်လာ၍ တန်းစီနေကြစေ။ ထိုစဉ် စစ်သည်တော်များ၏ရှေ့တွင် ရတနာပုံခေတ် ဝတ်စားဆင်ယင်မှုကို ဝတ်ဆင်ထားသော အမျိုးသမီးများကို ထိပ်တင်ထားမှ ဦးဆောင်၍ ပန်းစည်းများ၊ သပြေခက်များကိုင်၍ စောင့်ကြိုနေကြစေ၊ ဖောင်ဝန်မင်း မဟာမင်းထင် မင်းလှသီဟသူနှင့် ဗိုလ်မှူးမင်းဒင်တို့က အဆောင်အယောင် အပြည့်အစုံဝတ်ဆင်လျက် ဝင်လာပြီး ဖောင်ဝန်မင်းက မိန့်စေ)

ဖောင်ဝန်မင်း ။ ။ “အလို. . . ကြည့်စမ်းပါ၊ ဧရာဝတီမြစ်အတွင်းမှာ မီးခိုးတလူလူ ဥဩသံ တတူတူနဲ့ ခမ်းနားလှပါပေရဲ့၊ တိုက်သင်္ဘော ဘာမထီ စာစီလို့ပင်မရ၊ စစ်သွေးတွေ တကြွကြွနဲ့ ရဲမာန်ဝင့်လို့ အောင်လံခို၊ ရေတပ်တော်ကြီး ချီလာပါပေါ့လား ဟရို့. . . ၊ အိမ်း. . . ခေတ်မီလက်နက် အမြောက်စက်တွေကလည်း အစွမ်းထက်လှပါဘိ၊ သင်္ဘောဦးမှာ တစ်လီ၊ ဘေးဝဲယာမှ အလီလီနဲ့ အမြောက်ကျည်ပစ်ခတ်ဖို့ စစ်တပ်ကယ် ချီလာဘိသည်မှာ ရဲတံခွန် အောင်လံတဝင့်ဝင့်နှင့် ဘယ်ရန်သူ ဘယ်တိုင်းသားခြားဝံ့အံ့နည်း. . . ကွယ်”

“ဟဲ့. . . ဟဲ့. . . အကြိုတော်များ ဟောဟိုဆိပ်ကမ်းမှာ သင်္ဘောတွေ ဆိုက်ကပ်နေပြီကွယ့်၊ လက်ဝဲဝင်းတော်မှူးကြီး သီရိမဟာဇေယျ ကျော်ထင် လှေသင်းအတွင်းဝန် ဦးရွှေမောင်ကို ရွှေထီးတော်မိုးလို့ ကြိုဆိုကြစမ်း. . . ”

(ဖောင်ဝန်မင်း အမိန့်ရှိသည်နှင့် ရွှေထီးတော်ကိုင်ထားသူ နှစ်ယောက်က ဇာတ်ခွင်ပုဏ္ဏားကွယ်နားသို့ အရောက်ပြေး၍ ထီးတော်မိုးကြစေ။ ထိုအခါမှာ လက်ဝဲဝင်းတော်မှူးကြီးက အဆောင်အယောင် အပြည့်အစုံ ဆင်မြန်းလျက် ရာဇကန္တေကြီးစွာဖြင့် လှမ်းကြွလာစေ၊ ထိပ်တင်ထားနှင့် ပျိုမေတစ်သင်းတို့ကလည်း ဝင်းတော်မှူးကြီးကို ပန်းကုံးစွပ်၍ ကြိုဆိုကြစေ၊ ထိုသို့ ကြိုဆိုနေစဉ် စစ်သည်တော်များက သံပြိုင်ဟစ်ကြွေး၍)

စစ်သည်များ (သံပြိုင်) ။ ။ "ရတနာပုံ မင်းတရားကြီး သက်တော်ရာကျော် ရှည်ပါစေ. . . "
"လက်ဝဲဝင်းတော်မှူးကြီး သက်တော်ရာကျော် ရှည်ပါစေ. . . "
"အောက်မြစ်စဉ် စစ်ကြောင်းကြီး အောင်ပွဲခံနိုင်ပါစေ. . . "
(ဝင်းတော်မှူးကြီးက ဇာတ်ခွင်အလယ်သို့ရောက်သည်နှင့်)

ဝင်းတော်မှူးကြီး။ ။ "အလို. . . ငါတို့ရဲ့ အောက်မြစ်စဉ် စစ်ကြောင်းရဲမက်တွေက တက်ကြွပါပေ့ကွယ်၊ ဟဲ့. . . ဖောင်ဝန်မင်း မဟာမင်းထင် မင်းလှသီဟသူ"

ဖောင်ဝန်မင်း ။ ။ "ဘုရား. . . နာခံလျက်ပါ ဘုရား"

ဝင်းတော်မှူးကြီး။ ။ "မောင်မင်း ကြိုတင်စီမံထားတဲ့ မင်းလှခံတပ်ရဲ့ စစ်သည်တော်တွေက စည်းကမ်းကျန လှပါပေရဲ့"

ဖောင်ဝန်မင်း ။ ။ "မှန်လှပါ. . . အားလုံးကို စည်းစနစ်ကျနစွာ ဖွဲ့စည်းထားပါတယ် ဘုရား"

ဝင်းတော်မှူးကြီး။ ။ "အိမ်း. . . ဒီနေရာမှာပဲ တစ်ပါတည်း မိန့်ရမယ်ကွယ်၊ ဟောဒီ အောက်မြစ်စဉ် စစ်ကြောင်းအတွက် နေပြည်တော်မှာကတည်းက ငါကိုယ်တော်တိုင် ကျွမ်းကျင်လိမ္မာတဲ့ အရာရှိ အရာခံတွေနဲ့တိုင်ပင်ပြီး စစ်ဗျူဟာကို ရေးဆွဲခဲ့တယ်၊

အဲဒီဗျူဟာမှာ ခံစစ်ကြောင်း ငါးကြောင်းသတ်မှတ်ခဲ့ရာမှာ မောင်မင်းက အမှတ်စဉ်(၂) ဖြစ်တဲ့ ထူးပေါက်ခံကတုတ်ကို လှေသင်းဗိုလ် မဟာမင်းလှ သိန္ဒိကျော်စွာတို့နဲ့ဦးစီးပြီး တပ်အင်အား (၁၅၀၀)နဲ့ တာဝန်ယူတိုက်ခိုက်ရမယ်"

(လက်ဝဲဝင်းတော်မှူးကြီးက ဖောင်ဝန်မင်းကို ပြောရင်းနှင့် မြေထဲဝန်ဘက်သို့လှည့်ကာ)

"ဟဲ့ မြေထဲဝန် မဟာမင်းထင် မင်းလှမင်းခေါင် ထင်မှတ်တယ်"

(ထိုအခါ မြေထဲဝန်မှ)

မြေထဲဝန် ။ ။ "မှန်လှပါ. . . မြေထဲဝန် မဟာမင်းထင် မင်းလှမင်းခေါင် ခစားလျက်ပါ ဘုရား"

ဝင်းတော်မှူးကြီး။ ။ "အိမ်း. . အိမ်း. . ဒါနဲ့ ဟို. . မြောက်ထားဝယ် အစုလေးက မင်းထင်ရာဇာကောက္ခယ်"

မင်းထင်ရာဇာ ။ ။ "မှန်လှပါ ကျွန်တော်မျိုးကြီး မင်းထင်ရာဇာ ခစားလျက်ရှိကြောင်းပါဘုရား"

ဝင်းတော်မှူးကြီး။ ။ "အိမ်း. . . အိမ်း. . . မောင်မင်းတို့နှစ်ပါးက နံပါတ်(၁)နေရာဖြစ်တဲ့ ဆင်ပေါင်ဝဲနယ်စပ် စစ်အောင်ခန်းခံတပ်မှာ ရဲမက်စစ်သည် (၅၀၀)နဲ့ တာဝန်ယူရမယ်"

မင်းထင်ရာဇာ ။ ။ "မှန်လှပါ. . . လျှောက်တင်ပါရစေ ဘုရား"

ဝင်းတော်မှူးကြီး။ ။ "ဟဲ့. . . ဘာများလဲဟဲ့. . . "

မင်းထင်ရာဇာ ။ ။ "မှန်လှပါ. . . စစ်အောင်ခန်း ခံတပ်ဟာ ဗြိတိသျှတို့နဲ့ ပထမဆုံး ထိတွေ့ရမယ့် ခံတပ်ပါဘုရား၊ စစ်အင်အား (၅၀၀)မျှက စစ်ဦးစစ်ဖျား အတွက် နည်းလွန်းနေပါတယ်ဘုရား"

ဝင်းတော်မှူးကြီး။ ။ "ဟား. . . ဟား. . ဟား. . . မောင်မင်းက စစ်ဦး စစ်ဖျားကနေ အလုံးအရင်းနဲ့ အနိုင်တိုက်ချင်တဲ့ပုံပဲ၊ ဟဲ. . . ဟဲ. . . မောင်မင်းရဲ့ စိတ်ဓာတ်ကို ချီးကျူးပါတယ်ကွယ်၊ ဒါပေမဲ့ ဗြိတိသျှက ငါတို့ အောက်မြစ်စဉ်စစ်ကြောင်းထက် အင်အားသုံးဆလောက်ရှိတယ်။ အဲဒီအင်အားကို ဖြိုခွင်းဖို့အတွက် မောင်မင်းရဲ့ စစ်အောင်ခန်း ခံတပ်နဲ့တင် မလုံလောက်ဘူးလေ၊ မောင်မင်းတို့က အနည်းငယ် တိုက်ပြပြီး စစ်မြို့ရမှာ၊ မောင်မင်းတို့ရဲ့ အင်အား(၅၀၀)က ဗြိတိသျှကို အနည်းငယ်တိုက်ပြ၊ ပြီးလျှင်တပ်ဆုတ်ပြီး ကွေ့ချောင်းခံတပ်ကို သွားပေါင်းရမယ်၊ အင်္ဂလိပ်တို့က မောင်မင်းတို့ ဆုတ်သွားတာနဲ့ မဆင်မခြင် အတင်းလိုက်တိုက်မှာ၊ အဲဒီအခါ သူတို့တပ်တွေက ဖြန့်ကြက်သွားပြီး ငါတို့ဗျူဟာထဲ ဝင်လာမယ်လေ၊ အဲဒီလို ဗျူဟာ ပြန့်ထွက်သွားမှ တို့ထက် အင်အား သုံးဆလောက်ရှိတဲ့ရန်သူကို ငါတို့ အောက်မြစ်စဉ် စစ်ကြောင်းက အသာဖြတ်တောက်စိမ့်ဝင်ပြီး တိုက်ခိုက်နိုင်မှာပေါ့၊ စစ်တိုက်ရာမှာ ရှေ့လောကြီးလို့ မဖြစ်ဘူးလေ၊ လျှော့တန်လျှော့၊ တင်းတန်တင်းရတယ်၊ ကိုင်း. . . သဘော ပေါက်ပလား"

မင်းထင်ရာဇာ ။ ။ "မှန်လှပါ သဘောပေါက်ပါပြီ ဘုရား"
(ထိုအခါ ဝင်းတော်မှူးကြီးက ဆက်၍မိန့်စေ)

ဝန်းတော်မှူးကြီး။ ။ "ဟဲ့. . . စက်ဝန်းယွန်းစုဝန် မင်းရဲညွန့်"

မင်းရဲညွန့် ။ ။ (ရှေ့ထွက်လာပြီး)
"ခစားလျက်ရှိကြောင်းပါ ဘုရား"

ဝန်းတော်မှူးကြီး။ ။ "အိမ်း. . . မောင်မင်းရဲ့စစ်ကြောင်းက ပန်းတော်ပြင် ခံကတုတ်ပဲ၊ အဲဒီ ပန်းတော်ပြင် ခံကတုတ်ကို အင်းအား (၃၀၀)နဲ့ မောင်မင်းက တာဝန်ယူရမယ်၊ အင်အား(၃၀၀)ကို နည်းတယ်လို့တော့ စောဒကမတက်လေနဲ့ကွယ်၊ ဖောင်ဝန်မင်းရဲ့ ထူးပေါက်ခံကတုတ် အင်အား (၁၅၅၀)က ထူးပေါက် ခံကတုတ်ကနေ ဗြိတိသျှကို မီးကုန်ယမ်းကုန် ဆင်နွှဲပြီး မောင်မင်းရဲ့ ပန်းတော်ပြင် ခံကတုတ်ကို လျှပ်တစ်ပြက် လာပေါင်းမှာ၊ အဲဒီအခါ မောင်မင်းရဲ့ ခံကတုတ်မှာ အင်အားက စစ်ကြောင်းနှစ်ကြောင်းပေါင်းပြီးသားဖြစ်သွားပြီး မင်းလှခံတပ်ကို မကျဆုံးအောင် အသေအကျေ တိုက်ခိုက်ကြရမှာပါ။ မောင်မင်းတို့ ခံစစ်ကြောင်းက တို့မြေကို တစ်လက်မ အကျ မခံရအောင် တိုက်ရမယ်။ မယ့်ဉာသလို့ ဆုတ်ရပြီဆိုရင်တောင် တစ်လက်မပြီးမှ တစ်လက်မ ဆုတ်ပါ၊ နားလည်လား. . . "

မင်းရဲညွှန့် ။ ။ "မှန်လှပါ နားလည်တော်မူပါပြီ ဘုရား"

ဝန်းတော်မှူးကြီး။ ။ "(လက်ညှိုးထိုး၍) "ဟဲ့. . . ဒါ ဆယ့်နှစ်ပွဲရဗိုလ် ထင်သည်ပဲ့!"

သီဒို့ရန်အောင် ။ ။"မှန်လှပါ. . . ဆယ့်နှစ်ပွဲရဗိုလ်လို့ အများက ခေါ်ဝေါ်ကြတဲ့ လက်ရွေးကြီး လှေသင်းဗိုလ် မင်းကျော်သိဒို့ရန်အောင်ပါ ဘုရား၊ ယခု ကွေ့ချောင်းခံတပ်ကို တာဝန်ယူထားရပါတယ် ဘုရား"

ဝန်းတော်မှူးကြီး။ ။ "အိမ်း. . . ကွေ့ချောင်းခံတပ်နဲ့ မောင်မင်းက သင့်လျော်လှသဖြင့် မောင်မင်းကပဲ ကွေ့ချောင်းခံတပ်ကို ဆက်လက်တာဝန်ယူပါ။ အမြောက်တပ်နဲ့ စိန်တပ်ခွဲပါတပ်သား (၅၅၀)နဲ့ တာဝန်ယူရမယ်။ လက်တွေ့ တိုက်ပွဲဝင်တဲ့အခါ မြေထဲဝန်နဲ့ မင်းထင်ရာဇာတို့ရဲ့ ဆင်ပေါင်ဝဲမြို့က အင်အားတွေ မောင်မင်းနဲ့ လာပေါင်းပြီး အင်အားဖြည့်ပေးလိမ့်မယ်၊ မောင်မင်းရဲ့ ကွေ့ချောင်းခံတပ်က အလွန်အရေးကြီးတဲ့နေရာနော်၊ ဗြိတိသျှရဲ့ စစ်သင်္ဘောတွေက မင်းလှခံတပ်ရှိရာကို သဲကြီးမဲကြီး ချီတက်နေစဉ်မှာ မောင်မင်းရဲ့ ကွေ့ချောင်းခံတပ်က နှစ်ဆင့်ကွဲအမြောက်ကြီးတွေနဲ့ အဲဒီ ဗြိတိသျှစစ်ကြောင်းကို ခါးကနေ ဖြတ်ပြီး ပစ်ခတ်တိုက်ခိုက်ရမယ်။ ခံတပ်ရဲ့အနေအထားက တောင်ထိပ်မြေအတွင်းကနေ ပုန်းဆောက်ထားပြီး ခံတပ်ရဲ့မြေပြင်အနေအထားက သင်္ဘောလမ်းကြောင်း မြစ်လယ်ဘက်ကို ထိုးထွက်နေတဲ့အတွက် ဗြိတိသျှသင်္ဘောတွေဟာ အမြောက်ကြီးတွေရဲ့ လက်တစ်ကမ်းမှီရာမှာရှိမယ်၊ ရန်သူရဲ့ သင်္ဘောတွေကိုလည်း အသေအချာချေမှုန်းပြီး နှစ်မြုပ်နိုင်လိမ့်မယ်၊ မောင်မင်း အထူးကြီးကြပ်ကွပ်ကဲပါ"

သိဒ္ဓိရန်အောင် ။ ။ "မှန်လှပါ. . . တိုင်းပြည့်တာဝန်ကို သက်စွန့်ကြိုးပမ်း ထမ်းဆောင်ပါ့မယ် ဘုရား"

ဝန်းတော်မှူးကြီး။ ။ "အိမ်း. . . ကောင်းလေစွ၊ ကောင်းလေစွ၊ နောက်ပြီး မင်းလှခံတပ်ကိုတော့ လက်ရွေးကြီး လှေသင်းဗိုလ်၊ မင်းထင်မင်းလှ ရဲခေါင်သူရိန်က အမြောက်တပ်၊ စိန်တပ်တွေပါ အင်အား (၅၅၀)နဲ့ ခုခံရမယ်။ ဟဲ့. . . မင်းလှ ရဲခေါင်သူရိန်. . . ဘယ်မှာလဲ"

မင်းလှရဲခေါင် သူရိန် ။ ။ "မှန်လှပါ. . . ခစားလျက်ပါ ဘုရား"

ဝန်းတော်မှူးကြီး။ ။ "အိမ်း. . . အိမ်း. . . မောင်မင်းရဲ့ခံတပ်က အရေးကြီးဆုံးပဲ၊ တိုက်ပွဲရဲ့ အဆုံးအဖြတ်ကို မောင်မင်းရဲ့ခံတပ်က အဆုံးအဖြတ်ပေးမှာ၊ ခံတပ်ထိပ်က ဒေါင်းအလံမလဲစေအောင် မောင်မင်း တာဝန်ယူပါ။ နောက်ပြီး မောင်မင်းတို့ မင်းလှခံတပ်နဲ့ မင်းလှမြို့ကိုကာကွယ်ရာမှာ လိုရာကို အင်အားဖြည့်ဖို့အတွက် တိုက်ပွဲတိုင်းမှာ နာမည်ကျော်တဲ့ မင်းလက်ဝါးဆိုတဲ့ မင်းကြီးသူရမဟာမင်းခေါင် သမိန်ဗရမ်းရဲ့ တပ်မကြီးလည်း ငါနဲ့အတူ ပါလာတယ်၊ ဘာမှအားငယ်စရာမလိုဘူး၊ မင်းကြီး မင်းလက်ဝါးရဲ့ တပ်မကြီးတစ်တပ်လုံးရှိတယ်၊ နောက်အောက်မြစ်စဉ်စစ်ကြောင်းအတွက် တုလွတ်ယဉ်ကျေး အစရှိတဲ့ တိုက်သဘော်တွေကို လက်နက်အမြောက်တပ်ဆင်ပြီး စစ်ဖောင်၊ စစ်လှေ၊ ဓာတ်လှေများပါ ပါဝင်ပြီး တိုက်ပွဲဝင်ကြမှာမို့ ငါတို့ အောက်မြစ်စဉ်စစ်ကြောင်းက လှေခွက်ချည်းကျန် အလံမလဲစတမ်း အားမာန်အပြည့်နဲ့ တိုက်ကြစို့ဟေ့"

စစ်သည်များ (သံဖြိုင်) ။ ။ (စစ်သည်များ လက်သီးလက်မောင်းတန်း၍)
"လှေခွက်ချည်းကျန် အလံမလဲဘူးဟေ့"

(ကတ္တီပါ ဖြည်ဖုံးကားကြီးချစေ)

(အခန်းပြောင်းတီးလုံးဝင်စေ)

ဇာတ်ဝင်ခန်း (၃၁) ပြီး၏။

ဇာတ်ဝင်ခန်း (၃၂)

နေရာ - အနောက်ရိုးမတောင်ခြေ၊ ပနီဆုံကျေးရွာ။

အပြင်အဆင် - အနောက်ရိုးမတောင်တန်းကြီးနှင့် ခြေတံရှည်တဲလေးပါသော ရှူခင်းကို နောက်ခံပိတ်ကားပေါ်တွင် ပရိုဂျက်တာနှင့် ထိုးပြထားရမည်။

အလင်းရောင် - အရုဏ်ဦးဖြစ်သဖြင့် အနီရောင်မီးများ ဖွင့်ထားကာ သရုပ်ဆောင်များကို အဖြူရောင်ဆလိုက်များ ထိုးပေးထားရမည်။

သရုပ်ဆောင် - ချင်းမကြီး ဖွိုင်ပါနှင့် သူကြီးတို့ ပါဝင်သရုပ်ဆောင်ရမည်။

ဇာတ်ဝင်ခန်းစ - **(ကတ္တီပါ ပြည်ဖုံးကားကြီးဖွင့်စေ)**

(ချင်းမကြီး ဖွိုင်ပါက ပလိုင်းကြိုးကို ခေါင်းမှာသိုင်း၍ ဝါးတောင်ဝှေးကို ထောက်ကာ ထွက်လာစေ)

ဖွိုင်ပါ ။ ။ (ပရိသတ်ဘက်လှည့်၍ တစ်ကိုယ်တည်း ပြောနေစေ)

"အို. . . အဆို. . . အဆိုရယ်. . . နင် ငါတို့ရွာက ထွက်သွားတာ သုံးနှစ်သုံးမိုးတောင် ရှေ့ပြေပေါ့၊ အခု အဆို. . . အဆိုက ဘုရင့်ရေးမက်စေ့သားကြီး ဖြစ်နေပြီလေ. . . အဆိုရယ် မင့်ကို အအူလွမ်းလှတယ်ကွယ်၊ အခုလည်း အဆိုကို လွမ်းလို့ အအူ လိုက်လာရခြေပ"

(ထိုသို့ပြောနေစဉ် ဇာတ်ခွင်တစ်ဖက်မှ သူကြီးဝင်လာစေ)

သူကြီး ။ ။ "ဝှေး. . . ဖွိုင်ပါ. . . ဒါက ဘယ်သွားမလို့လဲဝှေး. . . "

ဖွိုင်ပါ ။ ။ "ငါ. . . အဆို့ဆီ သွားမလို့ဝှေး. . . "

သူကြီး ။ ။ "ဟဲ့. . . အဆိုက စေ့သားလုပ်နေတာ၊ မင်းလှမှာဆိုတော့ ဝေးလှသဝှေ့၊ နင်သွားရင် ကန်နီ၊ ကန်တုတ်မှာ တစ်ညတော့ အိပ်ရမည်ပ"

ဖွိုင်ပါ ။ ။ "အို. . . ဘယ်လောက်ဝေးဝေး. . . ငါက သွားပြီပ၊ ငါက ချင်းမကြီးပါ၊ ငါတို့ ချင်းတွေက ဘယ်လောက်ပဲဝေးဝေး အရောက်သွားတတ်တယ်ဝှေ့၊ တောင်တန်းကြီးတွေ ဘယ်လောက်မြင့်မြင့်၊ တောကြီးတွေ ဘယ်လောက်ပဲကြီးကြီး ငါရောက်အောင် သွားမှာပဲဝှေး. . . "

သူကြီး ။ ။ "အေးလေ. . . နင်သွားချင်လည်း သွားပေါ့၊ နင်တစ်ယောက်တည်းလား ဝှေ့"

ဖွိုင်ပါ ။ ။ "အေးပေါ့။ . . တကြီးရယ်၊ ငါတစ်ယောက်တည်းသွားမယ်၊ မောရင် ဟောဒီ ပနီချောင်းထဲက ရေကို သောက်မယ်၊ မိုးရွာရင် ဟောဟို အင်ဖက်ကို ဆောင်းမယ်။ လမ်းမှာ ဆာနေရင် ဟောဒီ ကောက်ညှင်း ကျည်တောက်ထဲက ကောက်ညှင်းကို စားမယ်ဗျေး၊ အဲ. . . အင်အား နည်းလာရင် ဟောဟိုတောင်ဇလပ်ပန်းကိုဝါးပြီး အားဖြည့်မယ်ပ"

သူကြီး ။ ။ "ဗျေး. . . ငရှုန်မောင်ကို ဘာလက်ဆောင်ပေးမှာလဲဗျေး'

ဖွိုင်ပါ ။ ။ "အဆိုနဲ့တွေ့ရင် ငါကိုယ်တိုင် ဂျပ်ခုတ်ထားတဲ့ ချင်းတဘက်စောင်နဲ့ ငါကိုယ်တိုင် မီးဖုတ်ထားတဲ့ တင်းဝါးကောက်ညှင်းကျည်တောက်တွေ လက်ဆောင်ပေးမယ်ဗျေ့၊ ငါ. . . အဆို့ကို လွမ်းတယ်၊ သူ့အဖေလို စေ့သားကြီးလုပ်နေတာ ကြည့်ချင်တယ်ဗျေ့"

သူကြီး ။ ။ "ဟိုရောက်ရင် သူတို့က ကုလားတွေနဲ့ စေ့တိုက်နေမှာတဲ့၊ နင်ဘယ်လို လုပ်မလဲ"

ဖွိုင်ပါ ။ ။ "အို့. . . ငါ့သားက စေ့တိုက်နေရင် ငါလည်း ဝင်တိုက်မှာပေါ့ဗျေ့၊ ငါ့သားက ကုလားတွေကို ဓားနဲ့ခုတ်တဲ့အခါ ငါက ကုလားတွေကို ဟောဒီ ဝါးတောင်ဗျေးနဲ့ ဝင်ရိုက်မယ်ဗျေး"

သူကြီး ။ ။ "အို. . . အာဂချင်းမကြီးပါလားဗျေး၊ အေးလေ အဲဒီလို သတ္တိ၊ ဗျတ္တိတွေ ရှိနေမှတော့ သွားပါဗျေ့. . . ၊ ငါမတားပါဘူး၊ ကဲ. . . ကဲ. . . နေမမြင့်ခင် သွားချည်ပကွယ်"

(ဖွိုင်ပါက သူကြီးကို လက်ဝှေ့ယမ်းပြ၍ ထွက်သွားစေ၊ သူကြီးကလည်း လက်ဝှေ့ယမ်းရင်း)

"အို. . . သူက ချင်းတိုင်းရင်းသား ပီသပါပေ့၊ အခုလို စေ့ရေး မငြိမ်မသက်ကာလမှာ စေ့တိုက်မယ့်သားကို သွားပြီး အားပေးမလို့တဲ့၊ အေး. . . နင်ကတော့ ရဲရင့်တဲ့ သိန်းဌက်မကြီးပေပဲကွယ်. . . "

(ကတ္တီပါ ဖြည်ဖုံးကားကြီးချစေ)

(အခန်းပြောင်းတီးလုံးဝင်စေ)

ဇာတ်ဝင်ခန်း (၃၂) ပြီး၏။

ဇာတ်ဝင်ခန်း (၃၃)

နေရာ - သရက်မြို့ရဲ့ တောတွင်းတစ်နေရာ။

အပြင်အဆင် - နောက်ခံအဖြစ် တောကား၊ တောင်ကား ချထားရမည်။ ဖြတ်ပိုင်းပုံ နွားလှည်းနှစ်စီး ရှေ့ဆင့်နောက်ဆင့် မောင်းလာပြီး ရှေ့လှည်းပေါ်တွင် ဆရာတော်နှင့် ကပ္ပိယတစ်ဦးကစီးနင်း၍ နောက်လှည်းပေါ်တွင် လှည်းမောင်းသူနှင့်အတူ ဒေါ်အိုစာနှင့် မယ်ခင်တို့ ပါလာရမည်။

အလင်းရောင် - အဖြူရောင် ခပ်လင်းလင်းဖွင့်ထားရမည်။

ဇာတ်ဝင်ခန်းစ - **(ကတ္တီပါ ပြည်ဖုံးကားကြီးဖွင့်စေ)**
(လှည်းများမှ နွားများ၏ချွဲသံကို နောက်ခံမှ ပြုလုပ်ပေးစေ။)
(ဇာတ်ခွင်အတွင်းသို့ လှည်းနှစ်စီးဝင်လာစေ။)

စံအောင် ။ ။ "ဟေ

ဆရာတော် ။ ။ "ဟဲ့. . . ဟဲ့. . . ကပ္ပိယကြီး. . . လှည်းခဏရပ်စမ်း"

ကပ္ပိယ ။ ။ "တင်. . . တင်ပါ့ဘုရား"

ဆရာတော် ။ ။ "ဟဲ့. . . ဒကာမကြီး မအိုစာ၊ အညောင်းပြေ အညာပြေ ဆင်းဦးဟဲ့"

ဒေါ်အိုစာ ။ ။ "တင်ပါ့ဘုရား၊ တပည့်တော်မလည်း ညောင်းညာနေပါပြီ ဘုရား"
(အားလုံး လှည်းပေါ်မှဆင်း၍ ဇာတ်ခွင်ရှေ့သို့ ထွက်လာစေ၊ ထိုအချိန်မှာ မယ်ခင်က ဆရာတော်ဘုရားကို လျှောက်တင်စေ။)

မယ်ခင် ။ ။ (လက်အုပ်ချီလျက်) "မှန်လှပါ. . . တပည့်တော်မ လျှောက်တင်ပါရစေ ဘုရား"

ဆရာတော် ။ ။ "ဟဲ့. . . ဘာများလျှောက်တင်မလို့လဲဟဲ့"

မယ်ခင် ။ ။ "မှန်လှပါဘုရား. . . တပည့်တော်မရဲ့ လင်ယောကျ်ားမှာ မင်းလှခံတပ်ဘက်သို့ စစ်တိုက်ထွက်မှာပါဘုရား၊ အဲဒီလို သွားရင်း မင်းလှမြို့ကို ရောက်တဲ့အခါ သူအလွန် ချစ်ခင်နှစ်သက်တဲ့ ထိပ်တင်ထားဆိုတဲ့ အမျိုးသမီးနဲ့ တွေ့ဖြစ်ကြမှာပါဘုရား၊ အဲဒီအခါကျရင် မောင်ကြီးက ထိပ်တင်ထားအပေါ် အလွန်ချစ်ခင် နှစ်သက်ပါလျက် တပည့်တော်မရဲ့ဘဝကို ထောက်ထားပြီး ချစ်ခွင့်ပန်ခဲ့မှုကို ပြန်လည်ရုပ်သိမ်းမှာဖြစ်ပါတယ် ဘုရား၊ တကယ်တော့ မောင်ကြီးနဲ့ တပည့်တော်မတို့က အကြင်လင်မယားစစ်စစ်မဟုတ်ပါဘူး ဘုရား၊

တပည့်တော်မှာ ကုလားစစ်ဗိုလ်အနိုင်ကျင့်လို့ ရခဲ့တဲ့ကိုယ်ဝန်ကို အင်္ဂါးဖခင်အဖြစ် လှည်းကျိုးဝင်ထမ်းနေသူပါ ဘုရား၊ ယနေ့အထိ လင်မယားလိုမနေဘဲ မောင်ရင်းနှမသဖွယ် နေထိုင် စောင့်ရှောက်ခဲ့သူပါ၊ အဲဒီလို တပည့်တော်မရဲ့ အရှက်တကွဲ အကျိုးနည်းဖြစ်မယ့် အရေးက ကာကွယ်ပေးတဲ့ မောင်ကြီးရဲ့အသည်းနှလုံးကို မပြိုကွဲစေချင်လို့ သွားပြီး သူချစ်တဲ့ ထိပ်တင်ထားကို အကြောင်းစုံပြောပြပါရစေ ဘုရား"

ဆရာတော် ။ ။ "အလို့ . . . ဒကာမလေးတို့က စစ်ရေးထက် အချစ်ရေးက အရေးကြီးနေပုံပဲ၊ ဟောဒီ စစ်ပွဲကြီးပြီးမှသွားပြောလို့မရဘူးလားကွယ်"

မယ်ခင် ။ ။ "မှန်လှပါ. . . မောင်ကြီးဟာ အခြေအနေအရ ကုလားတွေရဲ့ အမှုတော်ထမ်းရွက်နေရပေမယ့် မျိုးချစ်စိတ်ဓာတ်ရှိသူပါ ဘုရား၊ စစ်ထွက်လို့ သူသေကိုယ်သေ သတ်ကြဖြတ်ကြတဲ့အခါ သူ့ရဲ့ လက်ချက်နဲ့ မြန်မာ့သွေးတစ်စက် မြေပေါ်မကျစေရဘူးလို့ ပြောပါတယ် ဘုရား"

ဆရာတော် ။ ။ "ဟဲ့ . . . စစ်ဖြစ်တယ်ဆိုတာ လူသတ်ပွဲကြီးပဲ၊ ကိုယ်က သူ့ကို မသတ်ပေမယ့် သူက ကိုယ့်ကို သတ်မှာက လက်ခတ်မလွဲပါဘူး ဒကာမလေး၊ သူက မြန်မာတွေကို မသတ်ပေမယ့် ကုလားအမှုထမ်းနေတဲ့သူ့ကိုတော့ မြန်မာတွေကသတ်ပစ်မှာ သေချာတယ်၊ အဲဒီလို ဖြစ်လာရင် ဘယ်လိုလုပ်မလဲ"

မယ်ခင် ။ ။ "အဲဒီလိုဖြစ်လာရင် သူက အသေခံပဲ့မယ်လို့ ပြောပါတယ် ဘုရား၊ စစ်ပွဲမှာ သူက သူ့ကိုယ်သူ သေလူလို့ သတ်မှတ်ပြီးသားပါ ဘုရား"

ဆရာတော် ။ ။ "အေးလေ. . . သေလူလို့ သတ်မှတ်ထားသူက မင်းလှအထိ ရောက်ချင်မှရောက်မှာပါ၊ ဒကာမလေးက ဘယ်အတွက်ကြောင့် အန္တရာယ်တောထဲ ပြေးဝင်ရမှာလဲ၊ သူ့မေတ္တာအကြောင်းတွေ သွားပြောတော့လည်း သဲထဲရေသွန်သလို အဖတ်မတင်ပါဘူးလေ၊ တစ်ဖက်က မိန်းမပျိုမှာလည်း အကြောင်းစုံသိရှိသွားပေမယ့် သူနဲ့ တွေ့ဆုံနိုင်မှာမှ မဟုတ်တော့ဘဲ"

မယ်ခင် ။ ။ "မှန်လှပါ. . . သေလူနဲ့ မဆုံနိုင်ပေမယ့် ရှင်နေခဲ့တဲ့ သူ့ရဲ့ချစ်သူဟာ အဖြစ်မှန်ကို သိသွားပြီး သူ့ရဲ့ သန့်ရှင်းတဲ့မေတ္တာကိုသိရလို့ ဖြေသိမ့်နိုင်မှာပါ၊ တပည့်တော်မက အရင်ဦးပြီး မောင်ကြီးရဲ့ စိတ်နေသဘောထား ကောင်းမွန်မှုနဲ့ ထိပ်တင်ထားအပေါ် ထားရှိတဲ့ မပျက်ပြယ်သော မေတ္တာအကြောင်းတွေ ပြောထားမိတော့

ကံကောင်းထောက်မစွာ သေကံမရောက် သက်မပျောက်ခဲ့သေးရင်
တောင် သူတို့နှစ်ဦး ပေါင်းဖက်ဆုံတွေ့သွားနိုင်ပါတယ် ဘုရား၊
ဒါကြောင့် တပည့်တော်မကို မင်းလှမြို့ကို သွားခွင့်ပြုပါ ဘုရား"
(ခေါင်းတခါခါပြု၍ ဆုံးဖြတ်ရန် ခက်ခဲနေပုံပြုလုပ်နေခြိန် ဇာတ်ခွင်
အတွင်းသို့ မားများကိုင်ဆောင်ထားသော လူနှစ်ယောက် ဝင်လာကာ
ဆရာတော်ကို ဦးခိုက်စေ)

ဆရာတော် ။ ။ "ဟဲ့. . . မားလက်နက်တွေနဲ့ ဘယ်သူတွေများလဲဟဲ့"

မားကိုင်သူ ။ ။ "မှန်လှပါ. . . မင်းလှနယ်က ငဒွေးကြီးနဲ့ ငဒွေးလှတို့ပါဘုရား"

ဆရာတော် ။ ။ "ဟဲ့. . . ဒွေးကြီးနဲ့ ဒွေးလှ ငါ့တပည့်တို့ ဘယ်သွားကြမလို့လဲ"

မားကိုင်သူ ။ ။ "မှန်လှပါ. . . ကုလားဖြူအရေး ပေါ်ပေါက်လာပြီဖြစ်လို့ ဆရာတော်
သင်ကြားပေးထားတဲ့ ကိုယ်ခံပညာတွေနဲ့ မင်းလှခံတပ်မှာ အမှူတော်
သွားထမ်းမလို့ပါ ဘုရား"

ဆရာတော် ။ ။ "သြော်. . . ငါ့တပည့်နှစ်ယောက်က စစ်မှုသွားထမ်းမယ်ပေါ့"

မားကိုင်သူ ။ ။ "မှန်လှပါ. . . အမျိုးဘာသာ သာသနာကို ထိခိုက်လာမည့်အရေး
ကာကွယ်နိုင်အောင်ပါ ဘုရား. . . "

ဆရာတော် ။ ။ "အိမ်း. . . အိမ်း. . . လောကီအရေး လောကီအရာအပေါ် ဘုန်းကြီး
အဆုံးအဖြတ်မပေးချင်ပါဘူး၊ ဒါပေမဲ့ ငါ့တပည့်တို့ရဲ့ မျိုးချစ်
စိတ်ဓာတ်ကိုတော့ ဘုန်းကြီး ဂုဏ်ပြုပါတယ်ကွာ၊ အင်း. . . ဒါနဲ့
ကြုံတုန်းကြုံခိုက် ငါ့တပည့်များဆီက အကူအညီတောင်းခံပါရစေ"

မားကိုင်သူ ။ ။ "အမိန့်ရှိပါ ဘုရား. . . ဆရာတော့်အတွက်ဆို ဘာမဆို အကူအညီ
ပေးရန် အသင့်ရှိကြောင်းပါ ဘုရား"

ဆရာတော် ။ ။ "တခြားမဟုတ်ပါဘူးကွယ့်၊ ဟောဒီ ဒကာမလေးကို ဘေးဒုက္ခ
မရောက်စေဘဲ မင်းလှမြို့ကို အရောက်ပို့ပေးစေချင်တာပါ"

မားကိုင်သူ ။ ။ "အလို. . . အခုလို စစ်ရေးကာလ အရေးကြီးချိန်မှာ နှမက မင်းလှကို
သွားချင်တယ်"

မယ်ခင် ။ ။ "အရေးကြီးကိစ္စကြောင့်ပါ မောင်ကြီးရယ်"

မားကိုင်သူ ။ ။ "မင်းလှက ဘယ်သူ့ဆီ သွားချင်တာလဲ"

မယ်ခင် ။ ။ "မင်းလှက လက်သစ်လှေသင်းဗိုလ်မှူး မဟာမင်းဒင်ရဲ့အိမ်ကိုပါ"

မားကိုင်သူ ။ ။ "အို. . . ဟန်ကျလိုက်လေ၊ တို့က စစ်မှုထမ်းချင်နေတာ၊ စစ်သား
စုဆောင်းရေးကိစ္စကို ဗိုလ်မှူး မဟာမင်းဒင်က တာဝန်ယူထားတာတဲ့၊
ဟုတ်လိုက်လေဗျာ၊ ကဲကဲ လိုက်ခဲ့ပါဗျာ၊ ဟောဒီ နှမလေးကို
ခလုတ်မထိ ဆူးမငြိဘဲ မှည့်တစ်ပေါက်မျှ မစွန်းထင်းစေရအောင်

စောင့်ရှောက်ပြီး ခေါ်သွားပါ့မယ်ကွယ်”

ဆရာတော် ။ ။ (ခေါင်းတညိတ်ညိတ်ပြုရင်း)

“သာဓု. . . သာဓု. . . သာဓုပါဗျာ၊ ငါ့တပည့်တွေကို ဘုန်းကြီး ယုံပြီးသားပါ။ ခုလို ကူညီတဲ့အတွက် ဘုန်းကြီး စိတ်အေးရပြီပေါ့။ ကိုင်း. . . ဒကာမလေး သူတို့နောက်ကို ယုံယုံကြည်ကြည်နဲ့သာ လိုက်သွားပါ။ ဒီလူတွေက ဘုန်းကြီးရဲ့ တပည့်ရင်းတွေပါကွယ်၊ ကိုင်း. . . အချိန်မလင့်ခင်သွားကြတော့၊ နောက်ရက်တွေမှာ ဗြိတိသျှက စစ်ခ်ီတော့မယ်ထင်တယ်၊ ကဲ. . . သွား သွားကြတော့ ကွယ်. . . ”

(မယ်ခင်နှင့် ဓားကိုင်သူ ငဒွေးကြီးနှင့် ငဒွေးလှတို့က ဆရာတော်ကို ထိုင်၍ ဝတ်ဖြည့်ကြစေ)

(ကတ္တီပါ ပြည်ဖုံးကားကြီးချစေ)

(အခန်းပြောင်းတီးလုံးဝင်စေ)

ဇာတ်ဝင်ခန်း (၃၃) ပြီး၏။

ဇာတ်ဝင်ခန်း (၃၄)

နေရာ - ဆင်ပေါင်ဝဲနယ်အတွင်းက စစ်အောင်ခန်း ခံကတုတ်။

အပြင်အဆင် - စစ်အောင်ခန်း ခံကတုတ်မှ မြင်ရသော ဧရာဝတီမြစ် အနောက်ဘက်ကမ်း မြင်ကွင်းပုံကို နောက်ခံပိတ်ကားပေါ်တွင် ပရိုဂျက်တာနှင့် ထိုးပြထားရမည်။ နောက်ခံကား၏ရှေ့ ရှစ်ပေအကွာတွင် သုံးပေမြင့်ရေကားဆင်ထားပြီး ရေကား၏ ရှေ့ယာဘက် ဇာတ်ခွင်ထောင့်တွင် မြေကတုတ်ပုံ ပန်းချီဖြတ်ပိုင်းများ ဆင်ယင်ထားကာ အမြောက်လက်နက်များနှင့် ဒေါင်းအလံ လွှင့်ထူထားရမည်။ စစ်အောင်ခန်း ခံတပ်ဟူသော ဆိုင်းဘုတ်ကိုလည်း စိုက်ထူထားရမည်။

အလင်းရောင် - အနီရောင်မီးများ ဖွင့်ထားပြီး ဇာတ်ဆောင်များကို အဖြူရောင်မီးဆလိုက်များ ထိုးပေးထားရမည်။

တေးဂီတ - လေးထွေသံကပ် တီးလုံးသက်သက်ကို မောင်းဆိုင်း၊ ပလွေတို့ဖြင့် ခပ်ဖွဖွ နောက်ခံတီးပေးရမည်။

သရုပ်ဆောင် - မင်းထင်ရာဇာ၊ မြေထဲဝန် မဟာမင်းထင် မင်းလှမင်းခေါင်တို့နှင့် စစ်သည်ရဲမက်များ ရတနာပုံခေတ် တပ်မတော် ဝတ်စားဆင်ယင်ပုံ အပြည့်ဖြင့် သရုပ်ဆောင်ပါဝင်ရမည်။

ဇာတ်ဝင်ခန်းစ - (အခန်းပြောင်းတီးလုံး ပြီးဆုံးသည်နှင့် အမျိုးသမီးတစ်ဦး၏ စူးရှတက်ကြွသောအသံဖြင့် နောက်ခံစကားပြောဝင်စေ။)

(လျှပ်စစ်မီးများ လုံးဝ အမှောင်အတိ ချထားစေ။)

နောက်ခံပြော ။ ။ "ရွှေပွဲလာ ပရိသတ်များရှင့်. . . ၁၈၈၅ ခုနှစ်၊ နိုဝင်ဘာလ (၁၄)ရက်၊ တန်ဆောင်မုန်းလဆန်း (၈) ရက်တွင် နယ်ချဲ့ဗြိတိသျှတို့ရဲ့ တပ်ပေါင်းစုဟာ မြန်မာ့မြေကို ကျူးကျော်သိမ်းပိုက်ရန်အတွက် သရက်မြို့ကနေ တစ်သုတ်ပြီးတစ်သုတ် ထွက်ခွာချီတက်ကာ အင်္ဂလိပ်-မြန်မာနယ်ခြား၊ ဒဂုံဏ်မှော်ကျောက်တိုင်ကိုကျော်ဖြတ်၍ ချီတက်ခဲ့ကြပါတယ်ရှင့်. . . "

(ကတ္တီပါ ပြည်ဖုံးကားကြီးဖွင့်စေ)

(နီဝါရောင် လျှပ်စစ်မီးများ လင်းလာစေ။)

(မင်းထင်ရာဇာနှင့် မင်းလှမင်းခေါင်တို့ ဇာတ်ခွင်ရှေ့ ထွက်လာစေ။)

မင်းထင်ရာဇာ ။ ။ (ဧရာဝတီမြစ်ဘက်သို့ လက်ညှိုးထိုး၍ပြောစေ။)
"ဗိုလ်မင်း. . . ဗိုလ်မင်း. . . ဟိုမှာ တုလ္ဓတ်ယဉ်ကျေး မြန်မာစစ်သင်္ဘော မဟုတ်လား"

မင်းလှမင်းခေါင်။ ။ "ဟုတ်ပ. . . ဟုတ်ပ. . . တုလ္ဓတ်ယဉ်ကျေး စစ်သင်္ဘောက မြစ်ကြောင်း ပိတ်ဆို့ရေးအတွက် စီစဉ်နေကြတာပါဗိုလ်မင်း"

မင်းထင်ရာဇာ ။ ။ "ပိတ်ဆို့ရေးတာဝန်ခံက အီတလီ အမျိုးသားအရာရှိ ကိုမိုတို မဟုတ်လား၊ အိမ်း. . . သူက ခံတပ်ကြီး စတင်တည်ဆောက်ကတည်းက မြန်မာ့တပ်မတော်မှာ အမှုထမ်းခဲ့တဲ့ နိုင်ငံခြားသားအင်ဂျင်နီယာ အရာရှိပဲ၊ သူဘယ်လိုစီမံထားသလဲ ဗိုလ်မင်း"

မင်းလှမင်းခေါင်။ ။ "သူ ရေကြောင်းပိတ်ဆို့ဖို့ စီမံနေပုံကတော့ ထုထည်ကြီးမားလှတဲ့ သစ်သားဘောင်ကြီးတွေမှာ အမြင့် (၁၀)ပေ၊ ထုထည် ခြောက်လက်မ ပတ်လည်ရှိတဲ့ သစ်သားတိုင်များကို တစ်ခုနဲ့တစ်ခု အကွာအဝေးညီညီ ခပ်ယိုင်ယိုင်စိုက်ထူပြီး တိုင်တွေရဲ့ အဖျားတွေကို ချွန်ထက်နေအောင် ချွန်ထားပါတယ်၊ အဲဒီဖောင်တွေကို ရေကြောင်းကျဉ်းမြောင်းတဲ့ နေရာမှာ ကျောက်တုံး ကျောက်ခဲတွေတင်ပြီး ရေအောက်ကို နှစ်မြုပ်မယ်၊ အဲ. . . ဆန်တက်လာတဲ့ သင်္ဘောမ်းတွေက အဲဒီ ငြောင့်ဆူးတွေစူးပြီး သင်္ဘောနစ်မြုပ်အောင်လုပ်ဖို့ပါပဲ ဗိုလ်မင်း"

မင်းထင်ရာဇာ ။ ။ "အလို. . . အတော်လည်း ဉာဏ်သွားတဲ့ ပုဂ္ဂိုလ်ပါပဲဟရို့၊ အခုသူ့သင်္ဘောက မြစ်ထဲမှာ ဟိုဘက် ဒီဘက် ကူးခတ်ခုတ်မောင်းနေတယ်"

မင်းလှမင်းခေါင်။ ။ "မြစ်ကျဉ်းအတွင်း ရန်သူသင်္ဘော ခုတ်မောင်းမယ့်လမ်းကြောင်းကို ရှာနေတာပါ၊ အဲဒီ ညောင်ပင်မှော်အနီးက ရေကြောင်း အတိမ်အနက်ကို တိုင်းတာပြီး ရန်သူသင်္ဘောတွေ ခုတ်မောင်းနိုင်လောက်တဲ့ ရေစူးမှာ အဲဒီငြောင့်ဆူးတွေ တပ်ထားတဲ့ဖောင်ကို ကျောက်တုံး ကျောက်ခဲများထည့်ပြီး နှစ်မြုပ်ထားမှာပါ ဗိုလ်မင်း"
(မင်းလှမင်းခေါင်က ပြောရင်း လက်ညှိုးထိုး၍ အရေးတကြီး ပြောဆိုစေ)
"ဟာ. . . ဗိုလ်မင်း. . . ဗိုလ်မင်း. . . ဟိုမှာ ရန်သူသင်္ဘောတွေ ချီတက်လာပြီ"

မင်းထင်ရာဇာ ။ ။ "ဟာ. . . ဟုတ်တယ်ဟေ့၊ ဒီကောင်တွေက စစ်မကြေညာဘဲ အလစ်ချီတက်လာတာပဲ၊ ခံတပ်ကို အမြန်အသင့်ပြင်ခိုင်းပါ"

မင်းလှမင်းခေါင်။ ။ (စူးရှစွာအော်ဟစ်ပါ) "ဟေး. . . ကုလားဖြူသင်္ဘောတွေ ချီတက်လာပြီ၊ အားလုံးအသင့်ပြင်ထားပါ"

မင်းထင်ရာဇာ ။ ။ "အလို. . . ကြည့်စမ်းပ၊ တုလွတ်ယဉ်ကျေးသဘော်ကို ရန်သူသဘော်နှစ်စီးက ညှပ်ပူးညှပ်ပိတ် တိုက်နေပြီ"
(နောက်ခံတီးလုံးမှ ဗိန်းဗောင်းတီးလုံးသံကို မြှင့်တီးထားစေ။)

မင်းလှမင်းခေါင်။ ။ "ဟာ. . . ဟုတ်တယ် ဗိုလ်မင်း၊ အဲဒီရန်သူသဘော်တွေကို ကျုပ်မြင်ရုံနဲ့ သိတယ်၊ ဧရာဝတီသဘော်နဲ့ ကက်သရင်းသဘော်တွေပဲ၊ ဟာ. . . ဟာ. . . နှစ်ဖက်ညှပ်ပြီး ပစ်ခတ်နေပြီ"

မင်းထင်ရာဇာ ။ ။ "ဟုတ်ပါ့ဗျာ. . . ငါတို့ရဲ့ တုလွတ်ယဉ်ကျေးသဘော်ကလည်း ပြန်ပြီး ပစ်ခတ်နေတယ်ဟေ့"
(အမြောက်သံ၊ သေနတ်သံများ ထွက်ပေါ်လာစေ။)

မင်းလှမင်းခေါင်။ ။ "အို. . . ဒုက္ခပါပဲ၊ ကိုယ့်ဘက်က သဘော်တစ်စီးထဲ၊ သူတို့ဘက်က သဘော်နှစ်စီး ညှပ်ပစ်ခတ်နေတာ၊ ဒီအတိုင်းဆို ရေရှည်မလွယ်ဘူး ဗိုလ်မင်း၊ ကတုတ်ကနေ ပစ်ကူပေးရအောင်ကလည်း အလှမ်းဝေးနေတယ်"

မင်းထင်ရာဇာ ။ ။ "ဟာ. . . ဟာ. . . သူတို့သဘော်နှစ်စီးက ငါတို့သဘော်ကိုညှပ်ပြီး ဖမ်းမိသွားပြီဟေ့"

မင်းလှမင်းခေါင်။ ။ "ဟော. . . ကျုပ်တို့ဆီကို ရန်သူသဘော်တွေ ဆက်လက်ချီတက်လာပြီ၊ အားလုံး နေရာယူ ယမ်းထည့်၊ ကျည်ထိုးအသင့်. . . "
(ရန်သူသဘော်များက ဇာတ်ခွင်၏ ဝဲဘက်ထောင့်မှ ဝင်လာစေ)
(တေးဂီတမှ ဗိန်းဗောင်းတီးစေ)

မင်းလှမင်းခေါင်။ ။ "ရန်သူသဘော်တွေ ပစ်ကွင်းထဲ ဝင်လာပြီ၊ ယမ်းကုန် မီးကုန် ပစ်. . . "
(ခံတပ်အတွင်းမှ အမြောက်များက ပစ်ခတ်စေ)

အမြောက်သံ ။ ။ "ဒိန်း. . . ဒိန်း. . . ဒိန်း. . . "

မင်းထင်ရာဇာ ။ ။ "ပစ်ကြဟေ့. . . ကုလားဖြူတွေ တို့မြေပေါ်ကို တစ်လက်မကျော်မလာစေနဲ့ဟေ့"
"ပစ်. . . "

အမြောက်သံ ။ ။ "ဒိန်း. . . ဒိန်း. . . ဒိန်း. . . "
(တေးဂီတမှ ဗိန်းဗောင်းသံများ ဆူညံနေစေ။)

မင်းထင်ရာဇာ ။ ။ "ဟေ့. . . ဟုတ်ပြီကွ၊ ငါတို့ရဲ့ အင်အားငါးရာလောက်က ဒင်းတို့ကို တပ်မကြီးတစ်တပ်လို တိုက်ခိုက်လိုက်တော့ ဒင်းတို့ အခံရခက်နေပြီပေါ့၊ ဟော. . . ကြည့်ကြစမ်း၊ ဒီကောင်တွေ ဒေါသတကြီး ရှေ့ကို ဇွတ်တက်လာကြပြီဟေ့၊ ကိုင်း. . . ရဲမက်တို့ ငါတို့လုပ်ရမယ့် အလုပ်က ဒါပါပဲ၊ အင်္ဂလိပ်တွေ စိတ်ဆိုးမာန်ဆိုးဖြစ်အောင် ကလိလိုက်တာပဲ၊

ဒါမှ ဒင်းတို့ ရှေ့လောတကြီး ခ်ီတက်လာပြီး ငါတို့ရဲ့ အောက်မြစ်စဉ် ဗျူဟာအတွင်းကို ဝင်ရောက်လာလိမ့်မယ်၊ တို့ဗျူဟာထဲရောက်မှ ဒင်းတို့ကို ညှပ်ပူးညှပ်ပိတ်တိုက်ပြီး ဧရာဝတီမြစ်ထဲ အပြီးအပိုင် မြုပ်ပစ်မယ်၊ ကိုင်း. . . ရဲမက်တို့ စည်းကမ်းတကျ တပ်ဆုတ်ပြီး ကွေ့ချောင်းခံတပ်မှာ သွားပေါင်းမယ်၊ ဆင်ပေါင်ဝဲမြို့စောင့်တပ် ကလည်း တို့လိုပဲ အနည်းငယ်တိုက်ပြီး ကွေ့ချောင်းခံတပ်မှာ လာပေါင်းမယ်၊ ကဲ. . . တပ်တော်ဆုတ်ကြစို့. . . ”

(ရဲမက်များက ခံကတုတ်အထက်မှ ဒေါင်းအလံများကို ကိုင်မြှောက်၍ ဇာတ်ခွင်၏ယာဘက်သို့ တပ်ဆုတ်ရင်း ဝင်သွားစေ။)

(ဗြိတိသျှစစ်သင်္ဘောများကလည်း မြစ်ကြောင်းအတိုင်း ပစ်ခတ်ရင်း ခ်ီတက်လာစေ။)

(ကတ္တီပါ ပြည်ဖုံးကားကြီးချစေ)

(ဇာတိမာန်တက်ကြွသော အခန်းပြောင်းတီးလုံးဝင်စေ)

ဇာတ်ဝင်ခန်း (၃၄) ပြီး၏။

ဇာတ်ဝင်ခန်း (၃၅)

နေရာ - ထူးပေါက်ခံကတုတ်အနီး။

အပြင်အဆင် - တောကား တောင်ကား ချထားရမည်။

အလင်းရောင် - ညရှုခင်းဖြစ်သဖြင့် အပြာရောင်မီးများ ဖွင့်ထားကာ သရုပ်ဆောင်များကို အဖြူရောင် မီးဆလိုက်များ ထိုးပေးထားရမည်။

သရုပ်ဆောင် - မျက်နှာဖုံးစွပ်ထားပြီး တစ်ကိုယ်လုံး အနက်ရောင် ဝတ်ဆင်ထားကြသော ဗိုလ်မှူးနန္ဒကျော်ခေါင်၊ စကားပြန်မောင်ဝိုင်း၊ စကားပြန် ပိုင်ဇေ၊ ဂျုန်မောင်နှင့် ငတင်ယုတို့ ပါဝင်သရုပ်ဆောင်ရမည်။

ဇာတ်ဝင်ခန်းစ - **(ကတ္တီပါ ပြည်ဖုံးကားကြီး ဖွင့်စေ)**

(ဇာတ်ခွင်အတွင်းသို့ ဂျုန်မောင်နှင့် ငတင်ယုတို့နှစ်ယောက် တိတ်တဆိတ်ဝင်လာဟန်ဖြင့် ခြေဖော့နင်း၍ ဝင်လာကာ ဂျုန်မောင်က လက်ခုပ်နှစ်ဖက်ကိုအုပ်၍ ချိုးကူသံပေးစေ)

(တေးဂီတမှ ဒရမ်ရိုက်ချက်များ စိတ်လှုပ်ရှားဖွယ်ရာ တီးခတ်နေစေ)

ချိုးကူသံ ။ ။ "တကူ. . . ကူး. . . ကူး. . . "

(ဂျုန်မောင်ရဲ့ ချိုးကူသံကြားသည်နှင့် တစ်ဖက်မှ ချိုးကူသံပြန်ပေးစေ)

ချိုးကူသံ ။ ။ "တကူ. . . ကူး. . . ကူး. . . "

(ချိုးကူသံ ပြန်ပေးပြီး ဗိုလ်မှူး နန္ဒကျော်ခေါင်နှင့် စကားပြန် ပိုင်ဇေတို့ ဝင်လာစေ)

နန္ဒကျော်ခေါင် ။ ။ "ဘာငှက်လဲဟေ့"

ဂျုန်မောင် ။ ။ "ချိုးလည်ပျောက်"

နန္ဒကျော်ခေါင် ။ ။ "ဟုတ်ပြီ. . . ဒါဆို ဂျုန်မောင်ပေါ့"

ဂျုန်မောင် ။ ။ "မှန်လှပါ. . . ဂျုန်မောင်ပါဘုရား"

နန္ဒကျော်ခေါင် ။ ။ "စကားပြန် ဝဝိုင်း ရောက်ပလား"

ဂျုန်မောင် ။ ။ "မရောက်သေးပါဘူးဘုရား"

(ထိုအချိန် ဇာတ်ခွင်နောက်မှ ချိုးကူသံ ထွက်ပေါ်လာစေ။)

ချိုးကူသံ ။ ။ "တကူ. . . ကူး. . . ကူး. . . "

(ချိုးကူသံကြားသည်နှင့် ဗိုလ်မှူးနန္ဒကျော်ခေါင်က ချိုးကူသံပြန်ပေးစေ။)

ချိုးကူသံ ။ ။ "တကူ. . . ကူး. . . ကူး. . . "
(ချိုးကူသံဆုံးသည်နှင့် စကားပြန် ငပိုင်း ဝင်လာစေ။)

မောင်ဝိုင်း ။ ။ "ဘာဌက်လဲဟေ့"

နန္ဒကျော်ခေါင် ။ ။ "ချိုးပြာ"

မောင်ဝိုင်း ။ ။ "ဗိုလ်မျူးတို့ ရောက်နေတာကြာပလား"

နန္ဒကျော်ခေါင် ။ ။ "သိပ်မကြာသေးပါဘူး၊ ဒါနဲ့ စစ်အောင်ခန်း ကတုတ်အခြေအနေ"

မောင်ဝိုင်း ။ ။ "စီစဉ်ထားတဲ့အတိုင်း ကုလားတွေ ဒေါသထွက်သွားအောင် ကတုတ်ကနေ မီးကုန်ယမ်းကုန် ပစ်ပြီး ကုလားတွေ ရှေ့လောတကြီး ချီတက်လာချိန်မှာ တပ်ဆုတ်ပေးထားပါတယ်ဘုရား"

နန္ဒကျော်ခေါင် ။ ။ "စစ်မြူတယ်ဆိုတာ အဲဒါပဲ၊ ဒီကောင်တွေ မခံချင်စိတ်နဲ့ ဆင်ကန်းတောတိုး ချီတက်လာကြမှာ၊ ဒါနဲ့ လွန်ချီကျွန်းရဲ့အရှေ့ဘက်မြစ်ကြောင်းကနေ ဆင်ပေါင်ဝဲအထိ ဘယ်သူ့တပ်က ချီတက်သွားမှာလဲ"

မောင်ဝိုင်း ။ ။ "မှန်လှပါ. . . စစ်အောင်ခန်းကတုတ်ကျပြီးနောက် လွန်ချီကျွန်းရဲ့အရှေ့ဘက်မြစ်ကြောင်းကို လယ်ကြားရွာကနေ လီယက်ဒေါ်စန်း (Lieut Dodgson) ကြီးမျူးတဲ့ တပ်ခွဲ (၂)ခွဲက ချီတက်ပါမယ်၊ ချီတက်လျှင်တက်ခြင်း အဲဒီတပ်တွေက ကြေးနန်းရုံးကို သွားရောက်ဖျက်ဆီးပြီး အဆက်အသွယ်ဖြတ်ပါလိမ့်မယ် ဘုရား၊ နောက်နိုဝင်ဘာလ(၁၆)ရက်မှာ ဆင်ပေါင်ဝဲမြို့ဆီကို ချီတက်ကြမှာပါ"

နန္ဒကျော်ခေါင် ။ ။ "အိမ်း. . . မောင်မင်းရဲ့သတင်းက တိကျသားပဲ၊ ဒါဆို လွန်ချီကျွန်းရဲ့အနောက်ဘက် မြစ်ကြောင်းကနေ ထူးပေါက်ခံကတုတ်ကို ဗိုလ်မျူးကြီးရော်ဘင်ဆင်ကြီးမျူးတဲ့တပ်ဖွဲ့ ဝင်လာနိုင်တယ်ပေါ့လေ. . . ငပိုင်ဇေသူတို့ ဘယ်အချိန် ထူးပေါက်ခံကတုတ်ကိုဝင်တိုက်နိုင်သလဲ"

ဝိုင်ဇေ ။ ။ "မှန်လှပါ. . . ကျွန်တော်မျိုးကြီးရထားတဲ့သတင်းကတော့ ဗိုလ်မျူးကြီးရော်ဘင်ဆင်ရဲ့တပ်တွေက ထူးပေါက်ခံကတုတ်ကိုမရောက်ခင် ဇောင်ချမ်းတောင်ရွာမှာ သဘော်ပေါ်က ဆင်းမယ်၊ နောက်ပြီး ခံကတုတ်ကို အနောက်ဘက်က ပတ်ကျော်ပြီး ထူးပေါက်ရွာကို အရောက်သွားမယ်လို့ သိရပါတယ်၊ ထူးပေါက်ရွာကို သူတို့တပ်တွေ ရောက်ချိန်မှာ ဗိုလ်ချုပ်ပရင်ဒါဂတ်(စ်)ကိုယ်တိုင် အမြောက်တင်ဧရာဝတီသဘော်နဲ့ပါလာပြီး ရေကြောင်းကနေ ထူးပေါက်ခံကတုတ်ကို တိုက်မှာပါဘုရား၊ အဲဒီအချိန်မှာ ခံကတုတ်နဲ့ မိုင်ဝက်ခန့် ကွာဝေးတဲ့

ထူးပေါက်ရွာက ဗိုလ်မှူးကြီး ရော်ဘင်ဆင်တို့ ကုလားတပ်က ကြည်းကြောင်းက ချီပြီး အထက်အောက်ညှပ်တိုက်ကြမှာပါဘုရား"

နန္ဒကျော်ခေါင် ။ ။ "အိမ်း. . . ဒီအတိုင်းဆို တယ်. . မလွယ်ပါ့လားကွယ်၊ ငါတို့ ခံကတုတ်ကလည်း သူတို့ကို စစ်ပန်းရုံလောက်သာ တိုက်ကြမှာပါ၊ တို့မှာရှိတာကိုက အင်အား (၁၅၅၀)လောက်ပဲရှိတာ၊ သူတို့ အင်အားက တို့ထက် သုံးဆများတယ၊ ဟောဒီ ထူးပေါက်ခံကတုတ်က သူတို့ကို လုံးဝမဟန့်တားနိုင်ပေမယ့် တို့ဗျူဟာထဲ သူတို့ဝင်လာတဲ့အခါ စစ်ပန်းပြီး အင်အားချိနဲ့သွားအောင်တော့ တို့လုပ်နိုင်တယ်၊ သူတို့က နှစ်ဖက်ညှပ်တိုက်ကြမှာဆိုတော့ လွယ်တော့ မလွယ်လှဘူး၊ သူတို့ကို အင်အားနဲ့ ဖိခံထားပြီး တပ်တွေကို ဖျတ်ခနဲ အမြန်ဆုတ်ရမယ်၊ ပြီးတော့ ပန်းတော်ပြင်ခံကတုတ်ရဲ့ အနောက်ဘက်ကိုဆုတ်မယ်၊ မရောက်ခင် နောက်ကလိုက်လာတဲ့ ရန်သူကို လျှပ်တစ်ပြက် ချုံခိုတိုက်ပြီး ခြီတက်မှုနှေးအောင် လုပ်ရမယ်၊ ကဲ. . . အဲဒီအခါ ငါတို့ရဲ့ထောင်ချောက်ထဲ သူတို့ဝင်လာအောင်လုပ်ရမယ့်သူက ငရုန်မောင်ပဲ၊ ငရုန်မောင်က သူတို့ကို လမ်းပြခေါ်လာတဲ့အခါ ငါတို့ ထောင်ချောက်ထဲရောက်အောင်ခေါ်ယူခဲ့ရမယ်၊ နားလည်ရဲ့လား ငရုန်မောင်"

ရှုန်မောင် ။ ။ "ကျွန်တော်မျိုးကြီး နားလည်ပါတယ် ဘုရား၊ ဗိုလ်မှူးတို့ကသာ ဘယ်နေရာမှာ ချုံခိုတိုက်မယ်၊ ဘယ်နေရာမှာ ကျောက်မောင်းတွေ ဆင်ထားတယ်၊ ဘယ်နေရာမှ ချောင်ပိတ်ပြီးတိုက်မယ်ဆိုတာ ကြိုတင် ပြောပြထားပါ၊ သူတို့ကို လမ်းပြပေးရမှာက ကျွန်တော်မျိုးပါ ဘုရား"

တင်ယု ။ ။ "မှန်လှပါ၊ ကျွန်တော်မျိုးက ဘာလုပ်ရမှာလဲဘုရား"
(ဗိုလ်မှူးက မဖြေခင် ငရုန်မောင်က ဝင်၍ပြောလိုက်စေ။)

ရှုန်မောင် ။ ။ "အို. . . နောင်ကြီးကလည်း နောင်ကြီးက အဓိကကျတဲ့လူလေ။ မင်းလှမြို့သားဆိုတော့ ကျွန်တော့်ထက် နယ်မြေကျွမ်းကျင်တယ်၊ နယ်မြေအကြောင်း ကျွန်တော်က သိပ်မသိဘူး၊ အဲဒီတော့ နောင်ကြီးက ကျွန်တော်နဲ့ လိုက်ခဲ့ရမယ်၊ ကုလားတွေကလည်း တပ်ဦးက လမ်းပြဖို့ ကျွန်တော်နဲ့ နောင်ကြီးကိုပဲ တာဝန်ပေးထားတာ မဟုတ်လား"

တင်ယု ။ ။ "ဟုတ်လေပြီပ. . . ငါက ဒီစစ်ဆင်ရေးထဲ မပါတော့ဘူးလို့ မှတ်နေတာ"

နန္ဒကျော်ခေါင် ။ ။ "ဘယ်မှာ မပါလို့ ဖြစ်မလဲကွယ်၊ မောင်မင်းက ဒီနယ်မြေအကြောင်းကို

တို့ထက်ပိုပြီး သိတဲ့လူပဲ၊ မောင်မင်းက မင်းလှနယ်မြေကို ကျွမ်းကျင်သလို၊ စကားပြန်မောင်ဝိုင်းက ဆင်ပေါင်ဝဲနယ်မြေ ကျွမ်းကျင်တယ်၊ အဲ. . ပိုင်ဇေကတော့ သရက်မြို့သားပီပီ သရက်မြို့ရဲ့ နယ်မြေကို ကျွမ်းကျင်တယ်၊ တို့အားလုံးက သူ့နေရာနဲ့သူ ကျွမ်းကျင်ကြတာပေါ့၊ ကိုင်း. . . ကျွမ်းကျင်မှုအားလုံးကို ပေါင်းလိုက်ပြီး ငါတို့ရဲ့ ချိုးငှက် စစ်ဆင်ရေးက ကုလားတွေကို အယုံသွင်းပြီး ချောက်ထဲတွန်းချမယ်ဟေ့၊ အင်း. . . အရင်းလှဲရင် အဖျား ထင်းဖြစ်ဆိုတဲ့ စစ်ဆင်ရေးရဲ့ နောက်ဆက်တွဲပဲ၊

တင်ယု ။ ။ "ဟုတ်လိုက်လေဗျာ. . . ဟေ့. . . ကုလားတွေ မင်းတို့ လူပေါင်းမှားပြီဟေ့. . . "

(ငတင်ယုက အမှောင်ထဲကနေ အော်ဟစ်လိုက်၍ ဗိုလ်မှူးက သတိပေးစေ)

နန္ဒကျော်ခေါင် ။ ။ "ရှူး. . . ရှူး. . . တိုး. . . တိုးကွ. . . တိုးတိုး"

(ကတ္ထီပါ ပြည်ဖုံးကားကြီးချစေ)

(အခန်းပြောင်းတီးလုံးဝင်စေ)

ဇာတ်ဝင်ခန်း (၃၅) ပြီး၏။

ဇာတ်ဝင်ခန်း (၃၆)

နေရာ - ထူးပေါက်ခံကတုတ်။

အပြင်အဆင် - ထူးပေါက်ရွာ၏အရှေ့ဘက် ဧရာဝတီမြစ်ရှုခင်းကို နောက်ခံပိတ်ကားပေါ်တွင် ပရိုဂျက်တာနှင့် ထိုးပြထားရမည်။ နောက်ခံကား၏ ရှေ့ရှစ်ပေအကွာမှာ သုံးပေအမြင့် ရေကားပန်းချီချထားပြီး ရေကား၏ ရှေ့ဇာတ်ခွင်၏ ဝဲဘက်ထောင့်တွင် ခံကတုတ်ပုံ ပန်းချီဖြတ်ပိုင်း ပြုလုပ်ထားရမည်။ ခံကတုတ်တွင် အမြောက်လက်နက်များ တပ်ဆင်ထားပြီး ဒေါင်းအလံ စိုက်ထူထားရမည်။

အလင်းရောင် - နိဝါရောင်မီးများ ဖွင့်ထားပြီး သရုပ်ဆောင်များကို မီးဆလိုက်အဖြူရောင် ထိုးပေးထားရမည်။

တေးဂီတ - (မောင်းဆိုင်း၊ ပလွေတိုဖြင့် လေးထွေသံကပ်တီးလုံးကို နောက်ခံတေးဂီတအဖြစ် ခပ်ဖွဖွ တီးပေးထားရမည်။)

သရုပ်ဆောင် - ဖောင်ဝန်မင်း မဟာမင်းထင် မင်းလှသီဟသူ၊ လက်သင်လှေသင်းဗိုလ် မဟာမင်းလှ သိန္ဒီကျော်စွာတို့နှင့် စစ်သည်ရဲမက်များက ရတနာပုံခေတ် စစ်သည်အဝတ်အစားများ ဝတ်ဆင်လျက် ပါဝင်သရုပ်ဆောင်ရမည်။

ဇာတ်ဝင်ခန်းစ - (အခန်းပြောင်းတီးလုံး ပြီးဆုံးသည်နှင့် လျှပ်စစ်မီးများ လုံးဝ အမှောင်ချထားစေ။)

(မီးများမှောင်နေစဉ် အမျိုးသမီးတစ်ဦးက စူးရှတက်ကြွသော အသံဖြင့် နောက်ခံပြောပေးစေ။)

နောက်ခံပြော ။ ။ "ရွှေပွဲလာ ပရိသတ်များရှင့်. . . "

"နယ်ချဲ့ရန်သူ ဗြိတိသျှတို့က နိုဝင်ဘာလ(၁၄)ရက်နေ့က နယ်စပ်ကြားကို စတင်ကျူးကျော်လာပြီး စစ်အောင်ခန်းခံကတုတ်ကို တိုက်ယူပြီးချိန်တွင် ဗိုလ်ချုပ်ပရင်ဒါဂတ်(စ်)နဲ့ သူ့ရဲ့စစ်ဌာနချုပ်အဖွဲ့တို့က သံပရာဒိုင်းစစ်သင်္ဘောဖြင့် နိုဝင်ဘာလ (၁၅)ရက်၊ နံနက် (၈)နာရီက သရက်မြို့မှ စတင်ထွက်ခွာလာခဲ့ကြပါတယ်ရှင်၊ ဗြိတိသျှတို့ဟာ အင်္ဂလိပ်-မြန်မာနယ်ခြားကို ညနေ (၃)နာရီလောက်မှာ ဖြတ်ကျော်ပြီး ချီတက်ခဲ့ကြပါတယ်၊ နောက်တစ်နေ့ နိုဝင်ဘာလ (၁၆)ရက်၊ နံနက် (၈)နာရီ မိနစ်(၂၀)အချိန်မှာတော့ ထူးပေါက်ခံကတုတ်ရဲ့ အောက်ဘက် ကိုက်(၄၀၀၀)ခန့်အကွာမှာရှိတဲ့

ဇောင်ချမ်းတောင်ရွာကို ဆိုက်ရောက်ပြီး ဗိုလ်မှူးကြီး ရော်ဘင်ဆင်ဦးဆောင်တဲ့ တပ်ဖွဲ့တွေက သဘော်ပေါ်မှဆင်းကာ ခံကတုတ်ကို ပတ်ပြီး ခံကတုတ်ရဲ့အထက်ဘက် မိုင်ဝက်ခန့်ဝေးတဲ့ ထူးပေါက်ရွာကို ချီတက်သွားကြပါတယ်၊ ဗိုလ်မှူးကြီး ရော်ဘင်ဆင်တို့အဖွဲ့ဟာ ထူးပေါက်ရွာကို နံနက် (၁၁)နာရီ (၁၅)မိနစ်တွင် ရောက်ရှိခဲ့ချိန်မှာ ဗြိတိသျှတို့ရဲ့ စစ်သဘော်များဟာ အထက်ကို ဆန်တက်လာပြီး ထူးပေါက်ခံကတုတ်ကို အမြောက်ကြီးများနဲ့ ပစ်ခတ်တိုက်ခိုက်ကြပါတယ်ရှင်၊ ကုန်းကြောင်းချီတက်ခဲ့တဲ့ ရော်ဘင်ဆင်တို့ရဲ့ တပ်ကလည်း ခံကတုတ်ရဲ့ နောက်ကျောမှနေ ဝင်ရောက်တိုက်ခိုက်ကြပါတယ်ရှင်၊ အဲဒီတိုက်ပွဲမှာ မြန်မာတို့ဘက်က မိမိတို့ထက် အင်အားများလှသော ရန်သူကို ဘယ်လို ပြန်လည်တိုက်ခိုက်ပါသလဲ ဆိုတဲ့အကြောင်းကို ဟောဒီ ဇာတ်ခုံကြီးပေါ်မှာ ရှုစားတော်မူကြပါလားရှင်. . . ”

(ကတ္တီပါပြည်ဖုံးကားကြီး ဖွင့်စေ။)

(လျှပ်စစ်မီး နိဝါရောင်များ လင်းလာစေ)

(ဇာတ်ခွင်အတွင်းသို့ ဖောင်ဝန်မင်း မဟာမင်းထင် မင်းလှသီဟသူနှင့် လက်သစ် လှေသင်းဗိုလ် မဟာမင်းလှ သိန္ဒိကျော်စွာတို့ ဝင်လာစေ။)

ဖောင်ဝန်မင်း ။ ။ “ဗိုလ်မင်းရေ စစ်အောင်ခန်း ခံကတုတ်ကတော့ တပ်ဆုတ်သွားပြီဗျို့”

သိန္ဒိကျော်စွာ ။ ။ “မှန်လှပါ . . . စစ်အောင်ခန်း ခံကတုတ်က အင်အား (၅၀၀) လောက်နဲ့ဆိုတော့ အမြန်ဆုတ်ရပြီပေါ့၊ ဒါကလည်း သူတို့ ခံကတုတ်တာဝန်ကိုက စစ်မြို့ရုံသက်သက်ပဲကို၊ မြန်မြန်ပစ်၊ မြန်မြန်ဆုတ်ဆိုတော့ အင်အားများရင် တာဝန်ကြီးတယ်၊ အင်အားနည်းနည်းနဲ့မှ တပ်ဆုတ်တဲ့အခါ စနစ်တကျ တပ်ဆုတ်နိုင်မှာကို။ သူတို့ ခံကတုတ်က ရန်သူရဲ့ဒေါသကို နှိုးဆွပေးတဲ့အလုပ်လေ၊ အင်အားနည်းနည်းနဲ့ ထမ်းဆောင်တာက ပိုလို့သွက်လက်ပါတယ် ဘုရား”

ဖောင်ဝန်မင်း ။ ။ “အိမ်း. . . သူတို့ ခံကတုတ်က ရန်သူရဲ့ ဒေါသကို နှိုးဆွပေးတယ်၊ ဟော. . . ဒေါသကြီးလာတဲ့ရန်သူကို မောပန်းသွားအောင် လုပ်ရမယ့် တာဝန်က ကျုပ်တို့ ထူးပေါက်ခံကတုတ်ပဲ၊ ရန်သူကို စစ်ပန်းအောင် လုပ်ရမယ်ဆိုတော့ သင့်တင့်တဲ့အင်အားတော့ ရှိမှဖြစ်မှာကို၊ ဒါပေမဲ့ ကျုပ်တို့မှာ အင်အားက (၁,၅၅၀)ပဲရှိတာ၊ ဘာပဲဖြစ်ဖြစ်လေ၊ ဒီအင်အားနဲ့ပဲ ရန်သူကို စစ်ပန်းအောင် ညှဉ်းဆဲရမှာပဲ၊ နောက်ပြီး ဗိုလ်မှူးနန္ဒကျော်ခေါင်တို့ ထောက်လှမ်းရေးအဖွဲ့က သတင်း

ပို့ထားတယ်၊ ဗြိတိသျှတွေက ဇောင်ချမ်းတောင်ရွာဆိပ်ကမ်းမှာ မနက်(၈)နာရီလောက်က ကမ်းတက်တပ်ဖွဲ့တွေဆင်းပြီး တို့ခံကတုတ်ရဲ့ အထက်က ထူးပေါက်ရွာကို (၁၁)နာရီလောက်မှ အရောက်ခရီတက်ခဲ့တယ်တဲ့၊ ဒီအတိုင်းဆို သူတို့က ရေကြောင်းက တစ်ဖက်၊ နောက်ကျောဘက် ကြည်းကြောင်းကနေတစ်ဖက် တိုက်ခိုက်ကြမယ့် ပုံပဲ၊ အဲဒီတော့ ဗိုလ်မင်းရဲ့တပ်က ခံကတုတ်ရဲ့ ကျောဘက်က တာဝန်ယူထားပါ၊ ကျုပ်တပ်ဖွဲ့က မြစ်ကြောင်းကတိုက်မယ့် သဘော်တွေကို အဝေးပစ်၊ အနီးပစ်၊ အမြောက်တွေ၊ စိန်တွေနဲ့ ချေမှုန်းမယ်၊ အဲ. . . အဲ. . . ဗိုလ်မင်းဘက်ကိုလည်း ရန်သူက အနီးကပ်တိုက်လာကြမှာမို့ အနီးကပ်ဖြိုခွင်းနိုင်တဲ့ ဟိုဂျန်းကဲခေါ်တဲ့ စိန်လက်နက်တွေ ဆင်ထားဦးနော်. . . ”

သိန္ဒီကျော်စွာ ။ ။ “မှန်လှပါ. . . သတင်းရပြီးကတည်းက လက်နက်တွေနဲ့ ရဲမက်တွေ နေရာချထားပြီးပါပြီ ဘုရား၊ ဒါနဲ့ ကျွန်တော်မျိုးတို့ တပ်ဆုတ်မယ့် လမ်းက ဘယ်လိုသုံးမလဲ ဘုရား”

ဖောင်ဝန်မင်း ။ ။ “ဒါက လွယ်ပါတယ်၊ ကျုပ်တို့ လုပ်ရမယ့်အလုပ်က ရန်သူကို စစ်ပန်းအောင် ညှဉ်းဆဲရမယ့် အလုပ်လေ၊ အနိုင်တိုက်စရာမလိုတော့ ဆုတ်လမ်းကို တစ်ခါတည်း ရွေးထားရတာပေါ့၊ တိုက်ပွဲစတာနဲ့ ရေကြောင်းခရီတက်လာတဲ့ရန်သူကို ဟောဟို အဝေးပစ် အမြောက်တွေနဲ့ မြိုင်မြိုင်ဆိုင်ဆိုင်ကြီး လက်သုံးတော်ခံပေးပြီး အနီးရောက်တာနဲ့ အနီးပစ်အမြောက်တွေ၊ စိန်တွေနဲ့ ဘေးတီးပေးလိုက်မှာပေါ့။ ဗိုလ်မင်းကလည်း ရဲမက်အဆင့်ဆင့် မောင်းနင်း မောင်းတက် ပစ်ပေးပြီး စိန်တွေနဲ့ သူတို့တစ်တွေ နားပွင့်ထွက်လောက်အောင် လက်သံပြောင်ပြရမှာပေါ့၊ တပ်ဆုတ်တဲ့အခါ ခံကတုတ်ကနေ အနောက်ဘက်ကို ဆုတ်ပြီး တောထဲမှာ တပ်အချို့ ဝှက်ထားမယ်၊ တချို့တပ်ဖွဲ့က ရန်သူကို မျှားခေါ်သွားချိန်မှာ ပုန်းနေတဲ့တပ်က ရန်သူရဲ့ နောက်ကျောဘက်ကနေ ဝင်တိုက်မယ်၊ ရန်သူက နောက်လှည့်ပြန်တိုက်တဲ့အခါမှာ တို့တပ်က ညာဘက်ကို ဆုတ်ပြေးမယ်၊ ရန်သူက ညာဘက်ကိုလိုက်တဲ့အခါ ဘယ်ဘက်က ပုန်းနေတဲ့တပ်က ဝင်တိုက်မယ်၊ ဒါဆို ရန်သူက ဘယ်လိုက်ရမှန်း မသိဘဲ ဖြစ်သွားမယ်၊ ရန်သူကို ခွေးရူးလုပ်တမ်း ကစားပေးလိုက်တာပေါ့ဗျာ၊ ဒါဆို သူတို့ အတော်စစ်ပန်းသွားမယ်၊ အဲဒီအခါကျမှ ကျုပ်တို့တပ်တွေက လူစုခွဲပြီး ကြက်ပျောက် ငှက်ပျောက် ကိုယ်ရောင်ဖျောက်ပြီး တပ်အားလုံးကို

ပန်းတော်ပြင် ခံကတုတ်မှာ သွားပေါင်းကြမယ်လေ၊ နောက်ဆုံး စုရပ်က ပန်းတော်ပြင် ခံကတုတ်ပဲ”

သိန္ဒိကျော်စွာ ။ ။ “ဟာ. . . အလွန်ကောင်းတဲ့ ဗျူဟာပဲ၊ ရန်သူကို ခွေးရူးလုပ်ရမှာ ဆိုတော့ စစ်တိုက်ရမှာ ပျော်စရာတောင် ကောင်းလှသဗျာ၊ ရဲမက်တွေ အတော်ပျော်ကြမှာပဲ တပ်မှူးကြီးရဲ့”

(ထိုသို့ စကားလက်ဆုံကျနေစဉ် သိန္ဒိကျော်စွာက မြစ်ပြင်ရှိရာသို့ လက်ညှိုးထိုး၍)

“ဟာ. . . ဟိုမှာ. . . ဟိုမှာ. . . ဗြိတိသျှစစ်သင်္ဘောတွေ”

ဖောင်ဝန်မင်း ။ ။ “ဟာ. . . ဟုတ်ပါ့. . . အင်အား အတော်များတာပဲ၊ ကိုင်း စစ်ပွဲကြီး စပြီ၊ မောင်မင်းက ကျောဘက်တာဝန် အမြန်သွားယူပါ။ ရဲမက်တွေကို အချက်ပြအလံလွှင့်တင်ပြီး တပ်ကို နှိုးလိုက်တော့ မောင်မင်း”

(ချက်ချင်း ခရာသံ၊ တံပိုးသံများ ပေါ်ထွက်လာပြီး ဒေါင်းအလံရှိရာသို့ အစိမ်းရောင် အလံတစ်လက် တက်သွားစေ။)

တာဝန်မှူးများအသံ။ ။ “ရန်သူလာပြီ. . . အားလုံး နေရာယူ”

“အမြောက်တပ်ဖွဲ့ ယမ်းသိပ်၊ ကျည်ထိုး အသင့်ပြင်”

“လက်နက်ငယ်အဖွဲ့ အဆင့်ဆင့်နေရာယူ”

(တေးဂီတမှ ဗိန်းဗောင်းသံ ဆူညံစွာတီးစေ)

(ဖောင်ဝန်မင်း ခံကတုတ်ပေါ်သို့တက်သွားပြီး သိန္ဒိကျော်စွာက ခံကတုတ်နောက် ဇာတ်ခွင်ပြင်ပသို့ ထွက်သွားစေ၊ ထိုအချိန် ဇာတ်ခွင်၏ ရေကားနောက်မှ စစ်သင်္ဘောများ ဝင်လာစေ။)

ဖောင်ဝန်မင်း ။ ။ (ခံတပ်ထိပ်မှ မားကိုဝင့်၍ အမိန့်ပေးစေ။)

“ဟေ့. . . အဝေးပစ်အမြောက်တွေ ရန်သူ့သင်္ဘောတွေကိုပစ်”

အမြောက်သံ ။ ။ “ဒိန်း. . . ဒိန်း. . . ဒိန်း. . . ဒိန်း. . . . ”

ဖောင်ဝန်မင်း ။ ။ “ဟေ့. . . အနီးကပ်လာတဲ့ သင်္ဘောတွေကို စိန်နဲ့ခွင်း”

စိန်သံ ။ ။ “အုံး. . . အုံး. . . အုံး. . . ”

(ထိုအချိန်မှာ သိန္ဒိကျော်စွာက ဇာတ်ခွင်၏ လက်ဝဲဘက်မှ နောက်ပြန် ထွက်လာစေ၊ လက်ထဲတွင် ပစ္စတိုတစ်လက် ကိုင်မြှောက်ကာ)

သိန္ဒိကျော်စွာ ။ ။ “ကျောဘက်က တက်လာတဲ့ရန်သူကို ပစ်. . . ”

သေနတ်သံ ။ ။ “ဒိုင်း. . . ဒိုင်း. . . ဒိုင်း. . . ဒိုင်း. . . ”

(သေနတ်သံ ထွက်ပေါ်လာပြီး ရဲမက်များက သေနတ်ချိန်ရင်း ဇာတ်ခွင်၏ ဝဲဘက်မှ နောက်ပြန်ဆုတ်၍ဝင်လာစေ။)

သိန္ဒိကျော်စွာ ။ ။ “ပစ်. . . ”

သေနတ်သံ ။ ။ “ဒိုင်း. . . ဒိုင်း. . . ဒိုင်း. . . ဒိုင်း. . . ”

ဖောင်ဝန်မင်း ။ ။ (ခံကတုတ်ထိပ်မှ မားကိုဝင့်၍)
“အမြောက်တွေ ပစ်. . . ”

အမြောက်သံ ။ ။ “ဒိန်း. . . ဒိန်း. . . ဒိန်း. . . ဒိန်း. . . . ”

သိန္ဒိကျော်စွာ ။ ။ “ရန်သူကို ခွေးရူးလုပ်မယ်”
(တပ်ဖွဲ့တစ်ဖွဲ့က ဝဲဘက်မှ နောက်ပြန်ဆုတ်ဝင်လာရင်း သေနတ်များ နှင့်ပစ်စေ)
“ဒိုင်း. . . ဒိုင်း. . . ဒိုင်း. . . ဒိုင်း. . . ”

ရဲမက်များ ။ ။ “ခွေးရူးဟေ့. . . ခွေးရူးဟေ့. . . ပြေး. . . ပြေး. . . ”
(ဇာတ်ခွင်၏ ယာဘက်သို့ ပြေးဝင်သွားစေ၊ ထိုအခါ ဇာတ်ခွင်၏ ဝဲဘက်မှ ဗြိတိသျှ စစ်သားများ ပြေးဝင်လာပြီး ဇာတ်ခွင်အလယ်တွင် ရပ်ကာ အရာရှိဖြစ်သူက ပြေးသွားသော မြန်မာစစ်သားများဘက်သို့ ဓားဦးနှင့်ညွှန်၍)

ဗြိတိသျှ ။ ။ “ဖိုင်းယား. . . ဖိုင်းယား”
(ဗြိတိသျှစစ်သားများက ပြေးသွားသော မြန်မာရဲမက်များကို သေနတ်နှင့်ပစ်စေ)

သေနတ်သံ ။ ။ “ဒိုင်း. . . ဒိုင်း. . . ဒိုင်း. . . ဒိုင်း. . . ”
(ထိုအချိန်မှာ ဗြိတိသျှစစ်သားများ၏ နောက်ကျောဘက်ကနေ မြန်မာရဲမက်များ ပြေးဝင်လာပြီး သေနတ်များနှင့် ချိန်လိုက်စေ)

သိန္ဒိကျော်စွာ ။ ။ “ပစ်. . . ”

သေနတ်သံ ။ ။ “ဒိုင်း. . . ဒိုင်း. . . ဒိုင်း. . . ဒိုင်း. . . ”
(ဗြိတိသျှများ လဲကျသေသူသေစေ၊ မသေသော ဗြိတိသျှများက နောက်သို့လှည့်၍ သေနတ်နှင့်ချိန်လိုက်စဉ် မြန်မာရဲမက်များက နောက်သို့ ပြေးဝင်သွားစေ၊ ထိုအချိန်မှာ ဗြိတိသျှတို့၏ နောက်ကျောဘက်ကနေ မြန်မာရဲမက်များ ဝင်လာပြီး)

အမိန့်သံ ။ ။ “ပစ်. . . ”
(ဗြိတိသျှကို နောက်မှပစ်လိုက်ရာ ဗြိတိသျှတို့ လဲသူလဲ၊ သေသူသေကာ ဇာတ်ခွင်တစ်ဖက် သို့ ပြေးသွားစေ)

ရဲမက်များ ။ ။ “ခွေးရူးဟေ့. . . ခွေးရူး. . . ခွေးရူး. . . ”
(ဗြိတိသျှများ ဇာတ်ခွင်တစ်ဖက်သို့ရောက်မှ နောက်သို့ ပြန်လှည့် ပြေးလာစေ၊ မြန်မာရဲမက်များက နောက်ကနေ လိုက်လာစေ။)

သေနတ်သံ ။ ။ “ဒိုင်း. . . ဒိုင်း. . . ”

ရဲမက်များ ။ ။ “ခွေးရူးဟေ့. . . ခွေးရူး. . . ခွေးရူး. . .”
(ဗြိတိသျှတို့က ယာဘက်ဇာတ်ခွင်ရောက်မှ နောက်သို့ ပြန်ပြေးစေ၊ မြန်မာရဲမက်များက နောက်ကနေ ပြေးလိုက်လာစေ။)

သေနတ်သံ ။ ။ “ဒိုင်း. . . ဒိုင်း. . . ဒိုင်း. . . ဒိုင်း. . .”

ရဲမက်များ ။ ။ “ခွေးရူးဟေ့. . . ခွေးရူး. . . ခွေးရူး. . .”
(ထိုအချိန်မှာ ဖောင်ဝန်မင်း၏ အမိန့်သံ ထွက်လာစေ)

ဖောင်ဝန်မင်း ။ ။ “အားလုံး တပ်ဖျောက်ကြ”
(အမိန့်သံရသည်နှင့် ရဲမက်များ ဇာတ်ခွင်အတွင်းမှ ထွက်သွားစေ၊ ထိုအချိန် ဗြိတိသျှများက မောပန်းနွမ်းနယ်ဟန်နှင့် ဇာတ်ခွင်အလယ်တွင် ယိုင်ထိုးယိုင်ထိုး ဖြစ်နေစေ)

ရဲမက်များ (နောက်ခံသံ) ။ ။ “ခွေးရူးဟေ့. . . ခွေးရူး. . . ခွေးရူး. . .”
(ဗြိတိသျှများ ကြောက်လန့်ဟန်ပြုနေစေ)

ဗြိတိသျှ ။ ။ “အိုး. . . မိုင်. . . ဂေါ့”
(အားလုံး ကိုယ့်နဖူးကို လက်ပြန်ရိုက်လိုက်ကြစေ)

(ကတ္တီပါ ပြည်ဖုံးကားကြီးချစေ)

(အခန်းပြောင်းတီးလုံးဝင်စေ)

ဇာတ်ဝင်ခန်း (၃၆) ပြီး၏။

ဇာတ်ဝင်ခန်း (၃၇)

နေရာ - မင်းလှမြို့တစ်ဖက်ကမ်း၊ ကွေ့ချောင်းခံတပ်။

အပြင်အဆင် - ကွေ့ချောင်းခံတပ်၏ တစ်ဖက်ကမ်းရှုခင်းပုံကို နောက်ခံပိတ်ကား ပေါ်တွင် ပရိဂျက်တာနှင့် ထိုးဖြာပြထားရမည်။ နောက်ခံကား၏ရှေ့ ရှုစ်ပေအကွာတွင် သုံးပေမြင့် ရေကားကိုချ၍ထားကာ ဇာတ်ခွင်၏ အလယ် ရေကား၏ရှေ့တွင် ကွေ့ချောင်းခံတပ်ပုံ ဖြတ်ပိုင်းပန်းချီကို ထားရှိရမည်။ အမြောက်လက်နက်များကို ဇာတ်ခွင်၏ဝဲဘက်သို့ ထိုးခိုန်ကာ ရဲမက်စစ်သည်များ ဝတ်စုံပြည့်နေရာယူထားရမည်။

အလင်းရောင် - နံဝါရောင် လျှပ်စစ်မီးများဖွင့်ထားပြီး သရုပ်ဆောင်များရှိရာသို့ အဖြူရောင်မီးဆလိုက်များ ထိုးပေးထားရမည်။

တေးဂီတ - မောင်းဆိုင်း၊ ပလွေတို့ဖြင့် လေးထွေသံကပ်တီးလုံးကို နောက်ခံဂီတ အဖြစ် ခပ်ဖွဖွ တီးပေးထားရမည်။

သရုပ်ဆောင် - ဆယ့်နှစ်ပွဲရဗိုလ် မင်းကျော်သိဒ္ဓိရန်အောင်၊ ရွှေပြည်ရန်အောင် အနောက်ဘက်မြင်းတပ်ဗိုလ်၊ မင်းထင် မင်းလှကျော်ခေါင်။ မဟာမင်းထင် မင်းခေါင်တို့နှင့်အတူ စစ်သည်ရဲမက်များ ပါဝင် သရုပ်ဆောင်ရမည်။

ဇာတ်ဝင်ခန်းစ - (အခန်းပြောင်းတီးလုံးပြီးဆုံးသည်နှင့် လျှပ်စစ်မီးများ လုံးဝ ပိတ်သွားစေ။)

(လျှပ်စစ်မီးများ ပိတ်သွားစဉ် အမျိုးသမီးတစ်ဦး၏ စူးရှ တက်ကြွသောအသံဖြင့် နောက်ခံစကားပြောဝင်စေ။)

နောက်ခံပြော ။ ။ "စက္ခုအာရုံ၊ သောတအာရုံ ခံစားလျက် ကြည့်ရှုအားပေးကြပါသော ရွှေပွဲလာ မင်းပရိသတ်များရှင်.... ဗိုလ်ချုပ် ပရင်ဒါဂတ်(စ်) ဦးစီးတဲ့ နယ်ချဲ့ဗြိတိသျှတပ်ပေါင်းစုဟာ နိုဝင်ဘာလ (၁၇)ရက်တွင် ကွေ့ချောင်းခံတပ်နှင့် မင်းလှခံတပ်တို့ကို တိုက်ခိုက်သိမ်းပိုက်ရန် အတွက် ဧရာဝတီသင်္ဘောနှင့် ကက်သရင်းသင်္ဘောတို့က ဦးဆောင် သော ရေကြောင်းချီတပ်ဖွဲ့ကြီးမှာ မြစ်ကြောင်းအတိုင်းဆန်၍ ချီတက်လာကြပါတယ်။ ဗြိတိသျှရေကြောင်းတပ်ပေါင်းစုကြီးဟာ မင်းလှခံတပ်ကိုတိုက်ခိုက်ရန်အတွက် ဗိုလ်ချုပ်နော်မန်ဦးစီးသော ကမ်းတက်တပ်များကို မလွန်ဆိပ်ကမ်းသို့ဆင်းစေပြီး ကွေ့ချောင်း

ခံတပ်ကို တိုက်ခိုက်ရန်အတွက်ကိုတော့ ဗိုလ်ချုပ်ဖိုးယားဒ်ဦးစီးတဲ့ ကမ်းတက်တပ်များကို ပဌနဂိုရ်ဆိပ်ကမ်းမှာ ဆင်းစေခဲ့ပါတယ်။ ဗိုလ်ချုပ်ဖို့ယားဒ်ရဲ့ ကမ်းတက်တပ်မှာ ပဌနဂိုရ်ဆိပ်ကမ်းမှ ကွေ့ချောင်းခံတပ်ဆီသို့ ကုန်းလမ်းမှပတ်တက်ပြီး ခံတပ်ရဲ့အရှေ့ဘက်ဘုရားဖြူကုန်းတွင် နေရာယူလိုက်ကြပါတယ်။ ထိုအချိန်မှာ ဗြိတိသျှစစ်သင်္ဘောများကလည်း ကွေ့ချောင်းခံတပ်ကို ရေကြောင်းမှ ပစ်ခတ်တိုက်ခိုက်ရန် နေရာယူလိုက်ကြပါတယ်။ ရွှေပွဲလာများရှင်...ကုန်ကြောင်း၊ ရေကြောင်း ညှပ်ပူးညှပ်ပိတ်တိုက်ခိုက်သော ကွေ့ချောင်းတိုက်ပွဲကို မြန်မာစစ်သည်တို့ မည်သို့မည်ပုံ ခုခံတိုက်ခိုက်ကြသည်ကို ဤခေတ်မီဇာတ်ခုံကြီးပေါ်တွင် ဆက်လက်ရှုစားတော်မူကြပါလားရှင်...”

ဇာတ်ခွင်စ ။ ။ **(ကတ္တီပါ ပြည်ဖုံးကားကြီးဖွင့်စေ။)**

(နီဝါရောင် လျှပ်စစ်မီးများလင်းလာပြီး တေးဂီတမှ လေးထွေသံကပ်တီးလုံးကို ခပ်ဖွဖွ တီးပေးနေစေ။)

(သရုပ်ဆောင်များဖြစ်သော ဆယ့်နှစ်ပွဲရဗိုလ် မင်းကျော်သိဒ္ဓိရန်အောင်၊ မြင်းတပ်ဗိုလ် မင်းထင်မင်းလှကျော်ခေါင်နှင့် မဟာမင်းထင် မင်းခေါင်တို့ ဇာတ်စင်အလယ်သို့ ထွက်လာစေ။)

သိဒ္ဓိရန်အောင်။ ။ ‘‘အင်း...ကျုပ်မှာရှိတဲ့အင်အားက (၅၅၀)၊ အဝေးပစ်အမြောက်ကြီးက (၁၈)လက်၊ အဲဒီအထဲက (၆)လက်ကတော့ ပြောင်းတွင်းအရစ်များပါတဲ့ နှစ်ဆင့်ကွဲကျည်ဆန်တွေကိုသုံးထားတာပေါ့။ နောက်ပြီး မြေပြင်ပစ် စကြာတင်အမြောက်တွေကလည်း ပါသေးတယ် ဗိုလ်မင်းရဲ့”

မင်းထင်မင်းခေါင်။ ။ “အင်း...ဗိုလ်မင်းရဲ့လက်နက်တွေက ခေတ်မီပါပေရဲ့၊ ဒါပေမဲ့ဗိုလ်မင်းမှာ အင်အား(၅၅၀)သာရှိတော့ များပြားလှတဲ့ ရန်သူရဲ့အင်အားကို တောင့်ခံထားဖို့က တယ်မလွယ်ဘူး၊ ဒါကြောင့် နေပြည်တော်က ကျုပ်ရဲ့ မြင်းတပ်အင်အား (၅၀၀)ကို တောင်တွင်းကြီးစစ်ကြောင်းကနေ စစ်ကူလာစေခဲ့တာပေါ့ဗျာ”

သိဒ္ဓိရန်အောင်။ ။ “ကျေးဇူးတင်လှပါတယ် ဗိုလ်မင်းရယ်...ဩော်...ဒါနဲ့ ဗိုလ်မင်းမဟာမင်းထင် မင်းခေါင်ရဲ့တပ်က လူအင်အားဘယ်လောက်လဲ ဗိုလ်မင်း”

မင်းထင်မင်းခေါင်။ ။ “အင်း...ကျုပ်ရဲ့ ဆင်တပ်ကလည်း အင်အား (၅၀၀)ဆိုတော့ ကျုပ်တို့ တောင်တွင်းကြီး မင်းခေါင်စစ်ကြောင်းက စစ်သည်တစ်ထောင်ပေါ့ဗျာ”

သိဒ္ဓိရန်အောင်။ ။ "အင်း. . . ကျုပ်ရဲ့ခံတပ်မှာ ယခင်ကတည်းကရှိခဲ့တဲ့ တပ်သားရဲမက် (၁၅၀)၊ ဖွဲ့စည်းပုံနဲ့ ရောက်လာတာ (၅၅၀)၊ အားလုံး (၇၀၀)ရှိခဲ့တော့ ဗိုလ်မင်းတို့အင်အား တစ်ထောင်နဲ့ ပေါင်းလိုက်ရင် ဟောဒီအမြင့်ပေ (၂၁၉)ပေ အမြင့်မှာရှိတဲ့ ကွေ့ချောင်းခံတပ်မှာ စစ်သည် အင်အား (၁,၇၀၀)လောက် ရှိသွားပြီပေါ့၊ အင်အား အသင့်အတင့်တော့ ရှိလာပါပြီ၊ ဒါပေမဲ့ ဗြိတိသျှရဲ့ စစ်ဆင်ပုံက အင်အား (၁,၅၅၀)ရှိတဲ့ ထူးပေါက်ခံကတုတ်ကို တိုက်ခိုက်သိမ်းပိုက်တာတောင် အချိန်သုံးနာရီပဲကြာတယ်ဆိုတော့ သူတို့စစ်ကြောင်းရဲ့ အင်အားက ကျုပ်တို့ထက် အတော်များတဲ့ သဘောပါ၊ အင်း. . . ကျုပ်တို့လည်း ဘယ်လောက်အချိန်ကြာအောင် တောင့်ခံထားနိုင်မယ် မသိပါဘူးဗျာ"

မင်းထင်မင်းခေါင်။ ။ "အို. . ဒီစစ်ပွဲကိုက ကျုပ်တို့ စစ်ပြင်ချိန်မရခဲ့တဲ့ အရေးပေါ်စစ်ပွဲလေ၊ အင်အားအလုံအလောက် မဖြည့်ဆည်းခဲ့နိုင်ပါဘူး၊ ဒါပေမဲ့ တကယ့်လက်တွေ့တိုက်ရင် သေချာပေါက် ရှုံးနိမ့်မှာ သိထားရပေမယ့် ဒီပွဲမှာ မြန်မာ့ဇာတိသွေးဇာတိမာန်ကိုတော့ တစ်ပြားမှ အလျှော့မပေးနိုင်ဘူးလေ၊ တောင့်ခံနိုင်သမျှ တောင့်ခံထားရမှာပဲ"

မင်းလှကျော်ခေါင်။ ။ "လှေသင်းအတွင်းဝန်ကလည်း ဟောဒီ အောက်မြစ်စဉ်ခရိုင်တွေကို မင်းကြီး မင်းလက်ဝါးနဲ့ လွှဲထားခဲ့ပြီး ဧရာဝတီအထက်ပိုင်းက အင်းဝခံတပ်တို့၊ သပြေတန်းခံတပ်တို့ကို ပြန်ပြီးစီမံနေရတယ်လို့ဗျာ"

သိဒ္ဓိရန်အောင်။ ။ "အိမ်း. . . သူ့ကို အပြစ်မတင်နဲ့လေ. . . သူတာဝန်က ဧရာဝတီမြစ်ကြောင်းတစ်လျှောက်လုံးဆိုတော့ ထက်အောက် စုန်ဆန်နဲ့ ပြေးလွှားစီမံနေရမှာပဲ၊ စစ်ဦးစစ်ဖျားမှာပဲ အချိန်ကုန်ခံနေလို့ မဖြစ်ဘူးလေ၊ သူ့နေရာနဲ့သူ အရေးကြီးတဲ့နေရာတွေချည်းပါပဲဗျာ"

မင်းထင်မင်းခေါင်။ ။ "ဒါပေမဲ့ အခု စစ်ဦးမှာ အရေးကြီးတဲ့ကာလ လူအင်အားလက်နက်အင်အားက နည်းနေတဲ့အချိန် ဝန်မင်းက တပ်ဦးမှာ မရှိဘူးဆိုတော့ ရှင်နည်းရတဲ့အထဲ အဂ္ဂကလူထွက် ဆိုသလို ဖြစ်နေတာပေါ့ဗျာ"

မင်းလှကျော်ခေါင်။ ။ "အို. . . ဗိုလ်မင်းနှယ်. . . ဘယ်လိုအခြေအနေပဲဖြစ်ဖြစ် ကျုပ်တို့ကတော့တိုက်မှာပဲ၊ ဒါနဲ့ ဗိုလ်မင်း သိဒ္ဓိရန်အောင် ရန်သူရဲ့ အခြေအနေက"

သိဒ္ဓိရန်အောင်။ ။ "ရန်သူ့အခြေအနေကို မကြာသေးခင်က အထောက်တော် စကားပြန် ငပိုင်းဆီက ဆက်သားနဲ့ စာပို့တယ်၊ ဗြိတိသျှတွေက အင်္ဂလိပ်အချိန် နံနက် (၈)နာရီမှာ ပဌနဂိုရ်ဆိပ်ကမ်းကို ဆိုက်ကပ်ပြီး (၉)နာရီ

မိနစ်(၃၀)မှာ ပဌနဂိုရ်ကနေ ချီတက်လာပြီတဲ့၊ အင်း. . . ဒီအတိုင်းဆို သူတို့ ကျုပ်တို့ခံတပ်ကို နေ့ခင်း (၁၂)နာရီပတ်ဝန်းကျင်လောက် ရောက်လာကြလိမ့်မယ်၊ ဗိုလ်မင်းတို့ တပ်တွေကို အဆင်သင့်လုပ်ထားဖို့ လိုတယ်နော်၊ ကျုပ်တို့က ရေကြောင်းကပဲ တိုက်ခိုက်မယ်ဆိုပြီး ရေကြောင်းတိုက်ခိုက်ရေးအတွက်သာ ပြင်ဆင်ထားမိတော့ ကြည်းကြောင်းက တက်လာတဲ့တပ်တွေ အဆင့်ဆင့် ချီမတက်နိုင်အောင် ဘာအစီအစဉ်မှ လုပ်မထားမိခဲ့ဘူး။ အဲဒီတော့ ဗိုလ်မင်းတို့ တပ်တွေကပဲ ခံတပ်နောက်ကျောဘက်ကိုကြည့်ပြီး စီမံကြပါ။ အင်း. . . အခုပဲ မွန်းတည့်ခါနီးနေပြီ၊ ကိုင်း. . . နေရာယူအသင့်ပြင်ကြစို့”

နောက်ခံသံ ။ ။ “တူ. . . တူ. . . တူ. . . တုတ်. . . တုတ်. . . တုတ်. . . ”

(ထိုအချိန်တွင် စစ်ခရာသံများ၊ တံပိုးသံများ ပေါ်ထွက်လာပြီး တုံးခေါက်သံများ ဆူညံစွာကြားကြလေရာ ဆယ့်နှစ်ပွဲရဗိုလ် မင်းကျော်သိဒ္ဓိရန်အောင်က ခံတပ်ပေါ်သို့ ပြေးတက်သွားပြီး မင်းထင်မင်းခေါင်နှင့် မင်းလှကျော်ခေါင်တို့က ဇာတ်ခွင်၏ယာဘက်သို့ ပြေးဝင်သွားစေ)

နောက်ခံသံ ။ ။ “တူ. . . တူ. . . တူ. . . တုတ်. . . တုတ်. . . တုတ်”

“ရန်သူသဘော်တွေ ဆန်တက်လာပြီ”

သိဒ္ဓိရန်အောင်။ ။ (ခံတပ်ထိပ်မှ ဓားကိုဝင့်၍)

“ဟေ့. . . အဝေးပစ်အမြောက်များ ပစ်မှတ်ကိုချိန်. . . အသင့်. . . ”

(ဆယ့်နှစ်ပွဲရဗိုလ် မင်းကျော်သိဒ္ဓိရန်အောင်က အော်ဟစ်အမိန့်ပေးပြီး မြစ်ပြင်ဆီသို့ ပြောင်းရှည်မှန်ပြောင်းနှင့် ကြည့်နေစေ၊ ပြီးမှ အသံကုန်ဟစ်၍)

“တဝေးပစ်အမြောက် အနောက်တောင်ယွန်းယွန်းသို့ တောင်တည့်တည့်မှ အနောက်ဘက် ၄၅ ဒီဂရီအကွာ မြစ်လယ်ကိုချိန်”

(အမြောက်တပ်ရဲမက်များ အမြောက်ကိုချိန်နေစေ)

အမြောက်တပ် ။ ။ “တဝေးပစ်အမြောက် တောင်တည့်တည့်မှ အနောက်ဘက် ၄၅ ဒီဂရီ မြစ်လယ်ပစ်မှတ်ပစ်ရန်အသင့်. . . ”

သိဒ္ဓိရန်အောင်။ ။ “အမြောက်တပ်ဖွဲ့. . . အသင့်. . . ပစ်. . . ”

အမြောက်သံ ။ ။ “ဒိန်း. . . ဒိန်း. . . ဒိန်း. . . ဒိန်း”

သိဒ္ဓိရန်အောင်။ ။ (မှန်ပြောင်းနှင့်ကြည့်ပြီး)

“အမြောက်ကျည်ပစ်မှတ် အနောက်ဘက် ပေနှစ်ဆယ်ခန့်အကွာရှိနေ၊ တောင်ဘက်သို့ နှစ်ဒီဂရီပြန်ရွေ့”

အမြောက်တပ် ။ ။ “ထိမှတ်ရဲ့ တောင်ဘက် နှစ်ဒီဂရီ ရွှေ့ပြီးအသင့်”
သိဒ္ဓိရန်အောင်။ ။ “အမြောက်တပ်ဖွဲ့. . . အသင့်. . . ပစ်”
အမြောက်သံ ။ ။ “ဒိန်း. . . ဒိန်း. . . ဒိန်း. . . ဒိန်း”
သိဒ္ဓိရန်အောင်။ ။ (မှန်ပြောင်းနှင့်ကြည့်၍ လက်သီးဆုပ်ကာ ဝင့်ကြွားလိုက်စေ)
“ပစ်မှတ်တိကျ၊ ရန်သူတွဲသမွန်တစ်စီး ထိမှန်နစ်မြုပ်)
ရဲမက်များ (သံပြိုင်) ။ ။ “ဟေး. . . အောင်ပြီ. . . . အောင်ပြီ”
(မြန်မာ့ဆိုင်းမှ ဗိန်းဗောင်းအဆက်မပြတ် တီးခတ်နေစေ။)
(ထိုအချိန်မှာ ဇာတ်ခွင်၏ ဝဲဘက်မှ ဗြိတိသျှရဲမက်များ ပြေးဝင်လာစေ၊ မြန်မာရဲမက်များက ဇာတ်ခွင်၏ယာဘက်မှ ပြေးထွက်လာကာ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ပစ်ခတ်စေ)
သေနတ်သံ ။ ။ “ဒိုင်း. . . ဒိုင်း. . . ဒိုင်း. . . ဒိုင်း. . . ”
(ဗြိတိသျှများကလည်း လက်လှည့်စက်သေနတ်များကို မြေပြင်မှာ ဒေါက်ထောက်၍ ပစ်နေစေ)
သေနတ်သံ ။ ။ “ဒိုင်း. . . ဒိုင်း. . . ဒိုင်း. . . ဒိုင်း. . . ”
“ဒက်. . . ဒက်. . . ဒက်. . . ဒက်. . . ”
(တစ်ဖက်နှင့်တစ်ဖက် ထိသူထိ၊ မှန်သူမှန်၊ လဲကျသူလဲကျဖြစ်နေရင်းက ဗြိတိသျှတို့ နောက်ဆုတ်သွားစေ၊ ဗြိတိသျှတို့ နောက်ဆုတ်သွားစဉ် မြန်မာရဲမက်များက ဇာတ်ခွင်ယာဘက်မှ ဝဲဘက်သို့ ပြေးတက်လာကြစေ။ မြန်မာရဲမက်များ ဇာတ်ခွင်အလယ်သို့ ရောက်စဉ် ဇာတ်ခွင်အလယ်၌ အမြောက်လက်နက်ရဲ့ကျည်ပေါက်ကွဲပြီး စက်သေနတ်သံများ အဆက်မပြတ်ထွက်ပေါ်လာစေ)
အမြောက်သံ ။ ။ “ဒိန်း. . . ”
စက်သေနတ်သံ။ ။ “ဒက်. . . ဒက်. . . ဒက်. . . ဒက်. . . ”
သိဒ္ဓိရန်အောင်။ ။ (သိဒ္ဓိရန်အောင် ခံတပ်ပေါ်မှ အောက်ဆင်းလာ၍ ဓားကို ဝင့်ကြွားကာ)
“ရဲမက်တွေ အရိုးကြေကြေ၊ အရေခန်းခန်း တိုက်ကြဟေ့. . . မြန်မာ့သွေးတဲ့ကွ. . . ”
(တေးဂီတမှလည်း ဗိန်းဗောင်းသံ အဆက်မပြတ်တီးထားစေ)
(ဇာတ်ခွင်အလယ်သို့ အမြောက်ကျည်ဆန်ပေါက်ကွဲစေ၊ မြန်မာရဲမက်အချို့ လဲကျစေ။)
လက်နက်သံ ။ ။ “ဒိန်း. . . ဒက်. . . ဒက်. . . ဒိုင်း. . . ဒိုင်း”
(မြန်မာရဲမက်အချို့ လဲကျသွားသဖြင့် သိဒ္ဓိရန်အောင်က ဓားကိုဝင့်၍ ရှေ့သို့ပြေးတက်စေ။)

သိဒ္ဓိရန်အောင်။ ။ "ဟေ့. . . ကုလားတွေကို ချေမှုန်းကြ၊ နောက်မတွန့်စတမ်း တိုက်ကြဟေ့၊ တက် တက် တက်"

ရဲမက်များ ။ ။ "တပ်မှူး. . . မတက်နဲ့. . . . မတက်နဲ့"
"တပ်မှူး. . . ရန်သူအင်အား သိပ်များလွန်းတယ်"
"တပ်မှူး. . . သတိထား. . . "
(ထိုသို့ သိဒ္ဓိရန်အောင် ပြေးတက်သွားစဉ်)

လက်နက်သံ ။ ။ "ဒိုင်း. . . "
(သိဒ္ဓိရန်အောင် ကျည်သင့်၍ လဲကျသွားစေ)

သိဒ္ဓိရန်အောင် ။ ။ "အား. . . "
(သိဒ္ဓိရန်အောင်က ကျည်ထိသွားပြီး ချက်ချင်းလဲကျမသွားသေးဘဲ ခါးမှ ပစ္စတိုကိုထုတ်၍ ရန်သူ့ဘက်ကို လှမ်းပစ်ရင်း)

လက်နက်သံ ။ ။ "ဒိုင်း. . . "
"ဟေ့. . . တို့မြေကို မကျူးကျော်နဲ့၊ မြန်မာ့သွေး ရဲရဲနီတယ်ဟေ့"

လက်နက်သံ ။ ။ "ဒိုင်း. . . ဒိုင်း. . . "
(သိဒ္ဓိရန်အောင်က ပြင်သစ်လုပ်ပြောင်းတိုသေနတ်ပစ္စတိုနှင့် ဟစ်ကြွေးရင်း ပစ်လိုက်စဉ် ရန်သူ့ဘက်မှ ကျည်နှစ်တောင့်က ထပ်မံပစ်ခတ်သဖြင့် ထိမှန်သွားစေ၊ သိဒ္ဓိရန်အောင်မှာ ရင်ဘတ်ကို လက်ဝါးနှင့်အုပ်ရင်း အောက်သို့ ညာဘက်ဒူးထောက်ကာ ကြမ်းပြင်သို့ ဓားဦးနှင့်စိုက်ထောက်ထားရင်း)

သိဒ္ဓိရန်အောင် ။ ။ "မြန်မာကွ. . . မြန်မာ. . . အစ်. . . အစ်. . . အစ်. . အား. . . "
(ဟစ်ကြွေးရင်း လဲကျသွားစေ)

ရဲမက်များ (သံပြိုင်) ။ ။ "တပ်မှူး. . . တပ်မှူး. . . တပ်မှူး. . . "

(ကတ္တီပါ ပြည်ဖုံးကားကြီးချစေ)

(အခန်းပြောင်းတီးလုံးဝင်စေ)

ဇာတ်ဝင်ခန်း (၃၇) ပြီး၏။

ဇာတ်ဝင်ခန်း (၃၈)

နေရာ - မင်းလှမြို့ အနောက်တောင်ဘက်၊ ပန်းတော်ပြင် ခံကတုတ်။

အပြင်အဆင် - တောကား တောင်ကား ချထားရမည်။

အလင်းရောင် - နီဝါရောင် မီးဆလိုက်များ ဖွင့်ထားပြီး သရုပ်ဆောင်များကို အဖြူရောင် မီးဆလိုက်များ ထိုးပေးထားရမည်။

တေးဂီတ - တေးဂီတမှ ချီတက်ပုံကို ဒရမ်ရိုက်ချက်သံများ၊ ရှဲများကို ခပ်ဆတ်ဆတ်တီးပေး၍ စန္ဒရားလက်သံမှ ကော့တွဲများကိုနှိပ်ကာ စိတ်လှုပ်ရှားဖွယ်တီးကွက်များကို ပုံဖော်၍ နောက်ခံတီးထားရမည်။

သရုပ်ဆောင် - ဖောင်ဝန်မင်း မဟာမင်းထင် မင်းလှသီဟသူ၊ လှေသင်းဗိုလ် မဟာမင်းလှသိန္ဒိကျော်စွာ၊ စက်ဝန်းယွန်းစုဝန် မင်းရဲညွှန့်တို့နှင့် ရဲမက်များ ပါဝင်သရုပ်ဆောင်ရမည်။ ဒုတိယပိုင်းတွင် မင်းလက်ဝါး၊ မင်းဒင်၊ မင်းထင်မင်းလှရဲခေါင်သူရိန်၊ လူဦးဇဉ်တို့နှင့် ရဲမက်များ ပါဝင်ရမည်။

ဇာတ်ခွင်စ - (အခန်းပြောင်းတီးလုံး ပြီးဆုံးသည်နှင့် လျှပ်စစ်မီးများ အမှောင်ချလိုက်စေ)

(လျှပ်စစ်မီး အမှောင်ကျသွားသည်နှင့် နောက်ခံစကားပြောသူ အမျိုးသမီး၏အသံ ထွက်ပေါ်လာစေ)

နောက်ခံပြော ။ ။ "အားပေးကြပါသော ရွှေပွဲလာပရိသတ်များရှင်... ပြီးခဲ့တဲ့ ပြကွက်မှာ အောက်မြစ်စဉ်စစ်ကြောင်းအတွက် အလွန်အားထားရတဲ့ နိုင်ငံကျော် ကွေ့ချောင်းခံတပ်ကြီးဟာ ခရစ်သက္ကရာဇ် ၁၈၈၅ ခုနှစ်၊ နိုဝင်ဘာလ (၁၇) ရက်၊ နေ့ခင်း တစ်နာရီအချိန်မှာ နယ်ချဲ့ကျူးကျော်သူ ဗြိတိသျှလက်ထဲသို့ ကျရောက်သွားပါတယ်ရှင့်"

"တစ်နေ့တည်းမှာ အင်္ဂလိပ်တို့ ကွေ့ချောင်းခံတပ်ကို တိုက်ခိုက်နေချိန်မှာပဲ ဧရာဝတီမြစ်ရဲ့ အနောက်ဘက်ကမ်း၊ မလွန်ဆိပ်ကမ်းက ချီတက်လာတဲ့ ဗိုလ်ချုပ်နော်မန်ဦးစီးတဲ့ တပ်မဟာက ပန်းတော်ပြင် ခံကတုတ်ဆီသို့ ချီတက်ပြီး ဦးကင်းဘုရားနဲ့ သိမ်တော်ကြီးတို့အား ဆက်လက်တိုက်ခိုက်ကြတဲ့ ပြကွက်ဖြစ်ပါတယ်၊ မြန်မာတို့ရဲ့ ရဲရင့်ပြောင်မြောက်လှတဲ့ ပြောက်ကျားစစ်ဆင်ရေးများကို မင်းလှမြို့က စာရေးဆရာကြီး တောသားကြီးလူနိုင်ရဲ့ ကဗျာစာသားအချို့နဲ့အတူ တင်ဆက်လိုက်ရပါတယ်၊ စက္ခုအာရုံ၊ သောတအာရုံတို့ဖြင့် ခံစားကြည့်ရှုတော်မူကြပါလားရှင်..."

(နောက်ခံပြောအပြီး တောသားကြီးလူနိုင်၏ ကဗျာအချို့ကို လေယူလေသိမ်းမှန်စွာ ကောက်နုတ်ရွတ်ဆိုစေ)

"* ဦးကင်းဘုရား လေးဝပ်တွား၍ ကုက္ကားတံခွန် ဆည်းလည်းသံတို့ လေယံကိုခွင်းမာန်ပြည့်သွင်းလျက် . . . ။
* လှည်းလမ်းကြောင်းကား ဖုန်တထောင်းထောင်းထ လေပွေဆွ၍ မိုးဝတိမ်ကောဖုန်တို့ရော၏. . . ။
* ပန်းတော်ပြင်ကြောင်း စစ်ဥက္ခောင်းကို ကင်းသေစုရပ် သွေးသောက်ကြီး ညွှန့်တပ်။
* ဓားကိုမြှဲမြဲ လှံကို ကျစ်လျစ် မျိုးချစ်တပ်သား သွေးသောက်ပြည့် လူညိုထွား အရာတော်ခံကတုတ်မှ ဆီးခုတ်တားကျား. . . ။
* မြန်မာတပ်သား ဖုကြွက်သားနှင့် ကားရားရင်အုပ် ပေါင်လုံးတုတ်နှင့် ဓားခုတ်လှံထိုး မိုးကြိုးလျှပ်လက် သွက်မှသွက်ဟေ့. . . "

(တောသားကြီးလူနိုင်၏ မင်းလှခံတပ် သွေးချောင်းစီး၊ မြန်မာ-အင်္ဂလိပ်တိုက်ပွဲ၊ ၂၀၁၀ ပြည့်နှစ်ထုတ် အထက်မင်းလှမြို့နယ် မဂ္ဂဇင်းမှ ဖော်ပြမှီငြမ်းပါသည်။)

ဇာတ်ဝင်ခန်းစ ။ ။ (ကတ္တီပါပြည်ဖုံးကားကြီးဖွင့်စေ)

(တေးဂီတမှ စိတ်လှုပ်ရှားဖွယ်ရာ စစ်ချီတီးလုံးကို ကာလပေါ်တေးဂီတဖြင့် တီးစေ)

(တောကား တောင်ကားရှေ့တွင် မြန်မာရဲမက်များက လူတစ်ရပ်ခန့် သစ်ကိုင်းသစ်ခက်များကို အုပ်မိုး၍ ထိုင်နေကြစေ)

(ဇာတ်ခွင်၏ဝဲဘက်မှ ဗြိတိသျှစစ်သားများ လက်နက်အပြည့်အစုံနှင့် ဖြည်းညင်းစွာ ဝင်လာစေ၊ ဗြိတိသျှများ အနီးရောက်သည်နှင့် မြန်မာ့ရဲမက်များက သစ်ကိုင်းများကို လွှတ်ချ၍ ဓားလှံလက်နက်များဖြင့် ထိုးခုတ်တိုက်ခိုက်ကြစေ။)

(မြန်မာဆိုင်းတော်မှ လျှပ်တစ်ပြက် ဗိန်းဗောင်းတီးလိုက်စေ)

ရဲမက်များ ။ ။ "ကျား. . . ကျား. . . ကျား. . . "

"ခုတ်ကြဟေ့. . . ထိုးကြဟေ့. . . . တိုက်ကြဟေ့. . . "

"ကုလားသွေး အရေးမလုပ်ဘူးကွ"

"ကုလားတွေကို အပြီးသုတ်သင်ဟေ့"

(မြန်မာရဲမက်တို့၏ လျှပ်တစ်ပြက်တိုက်ခိုက်မှုကြောင့် ဗြိတိသျှစစ်သားများလဲကျသူ လဲကျသွားကာ ကျန်လူများ နောက်သို့ ပြန်လှည့်ပြေးစေ။)

ဖောင်ဝန်မင်း ။ ။ (ဖောင်ဝန်မင်း မဟာမင်းထင် မင်းလှကျော်သူက ဇာတ်ခွင်၏ ယာဘက်မှ ပြေးထွက်လာပြီး ဓားကိုဝင့်၍)
"ဟေ့. . . ကုလားတွေ ဆုတ်ပြေးပြီ. . . လိုက်တိုက်ကြ. . . "
(ထိုအချိန်မှာ စက်ဝန်းယွန်းစုဝန် မင်းရဲညွှန့် ပြေးထွက်လာပြီး)

မင်းရဲညွှန့်. ။ ။ "သေနတ်တပ်ဖွဲ့ ခုခံစစ်. . . နေရာယူ"
(သေနတ်ကိုင်ရဲမက်များ ပြေးထွက်လာပြီး ဇာတ်ခွင်၏ဝဲဘက်ထောင့်တွင် ဝဲဘက်သို့ မျက်နှာမူ၍ အတန်းသုံးတန်းတန်းလျက် မုဆိုးဒူးထောက် ထိုင်နေကြစေ၊ ထိုသို့ ထိုင်လိုက်စဉ် မင်းရဲညွှန့်က)

မင်းရဲညွှန့်. ။ ။ "ရှေ့တန်း. . . ပစ်"

သေနတ်သံ ။ ။ "ဒိုင်း. . . ဒိုင်း. . . ဒိုင်း. . . "
(ရှေ့တန်းမှ ထိုင်ရင်း တစ်ပြိုင်တည်းပစ်ကာ မတ်တတ်ရပ်၍ နောက်ဆုံးတန်းတွင် ထိုင်၍နေရာယူကာ ယမ်းထည့် ယမ်းထောင်း ကျည်ထည့်ဟန်ပြုနေစေ)

မင်းရဲညွှန့်. ။ ။ "ပစ် . . လှေခွက်ချည်းကျန် အလံမလဲဟေ့မောင် (မကွေး)"

သေနတ်သံ ။ ။ "ဒိုင်း. . . ဒိုင်း. . . ဒိုင်း. . . "
(ထိုအတန်းလည်း ပစ်ပြီးသည်နှင့် နောက်ဆုံးတန်းသို့ဆုတ်၍ ထိုင်ကာ ယမ်းထည့် ယမ်းထောင်း ကျည်ထည့်ဟန်ပြုနေစေ။)

မင်းရဲညွှန့်. ။ ။ "ပစ် . . . "

သေနတ်သံ ။ ။ "ဒိုင်း. . . ဒိုင်း. . . ဒိုင်း. . . "
(ထိုအတန်းကလည်း ရှေးနည်းတူ နောက်ဆုံးတန်းသို့ဆုတ်၍ ထိုင်ကာ ယမ်းထည့် ယမ်းထောင်း ကျည်ထည့်ဟန်ပြုနေစေ။)

ဖောင်ဝန်မင်း ။ ။ "ဟေ့. . . ဗြိတိသျှတွေ ရှေ့ပြန်တိုးလာပြီ၊ စက်ယွန်းဝန် ရဲညွှန့်. . . အမြန်ပစ် အမြန်ဆုတ်ပါ"
(ထိုအချိန် ဇာတ်ခွင်၏ဝဲဘက်မှ ဗြိတိသျှစစ်သားများ ရင်ပေါင်တန်း၍ဝင်လာစေ)

မင်းရဲညွှန့်. ။ ။ "ပစ် . . . "

သေနတ်သံ ။ ။ "ဒိုင်း. . . ဒိုင်း. . . ဒိုင်း. . . "
(ဗြိတိသျှများ လဲကျသူကျသွားပြီး ကျန်လူများ ရှေ့တက်လာစေ။)

မင်းရဲညွှန့်. ။ ။ "ပစ် . . . "

သေနတ်သံ ။ ။ "ဒိုင်း. . . ဒိုင်း. . . ဒိုင်း. . . "
(ဗြိတိသျှများ လဲကျသူကျသွားပြီး ကျန်လူများ ရှေ့သို့တက်လာစေ။)
(နောက်ထပ် ဗြိတိသျှများကလည်း ရှေ့က ဗြိတိသျှတို့ရဲ့နောက်က ထက်ကြပ်မကွာ ပေါ်လာစေ။)

မင်းရဲညွှန့် ။ ။ “ပစ် . . . ”

သေနတ်သံ ။ ။ “ဒိုင်း. . . ဒိုင်း. . . ဒိုင်း. . . ”
(ငြိတိသျှများ လဲကျသူ ကျသွားပြီး ကျန်လူများ ရှေ့သို့တက်လာစေ)

ဖောင်ဝန်မင်း ။ ။ “ငြိတိသျှ အင်အားများလာပြီ၊ ခံကတုတ်ကနေ ပစ်ရင်းဆုတ်ပြီး ဦးကင်းဘုရားနဲ့ သိမ်တော်ကြီးမှာ သွားပေါင်းပါ. . . ”

မင်းရဲညွှန့် ။ ။ “စည်းကမ်းစနစ်တကျနဲ့ ပစ်ရင်းခတ်ရင်း တစ်လက်မပြီး တစ်လက်မ ဆုတ်ပါ. . . ”
ပစ်. . . ပစ်. . . ပစ်. . . ”
“ဒိုင်း. . . ဒိုင်း. . . ဒိုင်း. . . ”
(လျှပ်စစ်မီး လုံးဝမှောင်အတိကျသွားစေ)
(အမျိုးသမီးတစ်ဦးက နောက်ခံစကားပြောဝင်စေ။)

နောက်ခံပြော ။ ။ “ရွှေပွဲလာ ဧည့်ပရိသတ်များရှင့်. . . ယခု ပြသသွားတဲ့ ပြကွက်မှာ မြန်မာတို့ရဲ့ ချုံခိုတိုက်ခိုက်စစ်ဆင်ရေးနှင့် ပန်းတော်ပြင် ခံကတုတ်မှ ခံစစ်ဖြင့် ဆုတ်ခွာပုံကို ပြသခဲ့ခြင်း ဖြစ်ပါတယ်ရှင်၊ ဖောင်ဝန်မင်း မဟာမင်းထင် မင်းလှသီဟသူနှင့် စက်ယွန်းဝန် မင်းရဲညွှန့်တို့ရဲ့ ပန်းတော်ပြင် ခံကတုတ်က တပ်များဟာ ဆုတ်ခွာခဲ့ပြီး ဦးကင်ဘုရားနဲ့ သိမ်တော်ကြီး၊ ထနောင်းကန် ကန်တော်ကြီးတို့တွင်ရှိတဲ့ အောက်မြစ်ဝဉ်းကြီး သူရမဟာမင်းခေါင် သမိန်ဗရမ်းခေါ် မင်းကြီး မင်းလက်ဝါး၏ တပ်များနှင့်ပေါင်းစပ်ကာ ဦးကင်းဘုရားမှနေ၍ တပ်ပေါင်းအင်အား (၁,၈၅၀)လောက်နှင့် ငြိတိသျှတို့ရဲ့အင်အား (၃,၀၀၀)ကျော်ကို ဇာတိသွေး ဇာတိမာန်အပြည့်ဖြင့် သက်စွန့်ကြိုးပမ်း တိုက်ခိုက်ကြပုံကို ဆက်လက်ရှုစား တော်မူကြပါလားရှင်. . . ”
(တောကား တောင်ကားတို့ မတင်လိုက်ကာ နောက်ခံပိတ်ကား ပေါ်တွင် ဦးကင်းဘုရားပုံကို ပရိုဂျက်တာနှင့် ထိုး၍ပြထားပြီး ဘုရားရှေ့တွင် အမြောက်များ ပြင်ဆင်ထားရမည်။)
(လျှပ်စစ်နီဝါရောင်မီးများ လင်းလာစေ)

မင်းလက်ဝါး ။ ။ (အောက်မြစ်ဝဉ်းကြီး သူရမဟာမင်းခေါင်သူရိန် သမိန်ဗရမ်း ထွက်လာစေ)
“အလို. . . ပန်းတော်ပြင် ခံကတုတ် ကျသွားပါကလား. . . ၊ အင်္ဂလိပ်တွေလည်း အတော်စစ်ပန်းသွားပုံရတယ်၊ ခေတ္တရပ်နားနေကြတယ်၊ ဟော. . . ဖောင်ဝန်မင်း မဟာမင်းထင် မင်းလှသီဟသူတို့ပါလား”
(ဖောင်ဝန်မင်းနှင့် မင်းရဲညွှန့်တို့ နောက်ပါရဲမက်များနှင့် ဝင်လာစေ။)

ဖောင်ဝန်မင်း ။ ။ "ဝန်မင်းဘုရား. . . ကျွန်တော်မျိုးတို့ ပန်းတော်ပြင်ခံကတုတ်မှာ အစွမ်းကုန်တိုက်ခဲ့ပြီး တပ်ဆုတ်လာပါတယ်ဘုရား"

မင်းလက်ဝါး ။ ။ "အိမ်း. . . ငါ ဒီကနေ မှန်ပြောင်းနဲ့ လှမ်းကြည့်နေတာ၊ မောင်မင်းတို့ တာဝန်ကျေပါတယ်၊ မောင်မင်းတို့ အစွမ်းကုန်တိုက်ခိုက်နေတာလည်း မြင်ရတယ်၊ စနစ်တကျ တပ်ဆုတ်လာ တာလည်းမြင်တယ်၊ အိမ်း. . . မောင်မင်းရဲ့တပည့် ရဲမက်ငရှန်မောင်တို့ အတော် တာဝန်ကျေပါတယ်ကွယ်၊ သူက ကုလားဖြူတွေကို မောင်မင်းတို့ ချုံခိုတိုက်ခိုက်မယ့်နေရာ အထိ လှည့်ပတ်ခေါ်နိုင်ခဲ့တယ်၊ ဒါကြောင့် ဒီပွဲမှာ ကုလားဖြူတွေ အထိနာသွားတာပေါ့၊ ကိုင်း. . . မောင်မင်းနဲ့ မင်းရဲ့ညွှန့်တို့က တောင်ဘက် သိမ်တော်ကြီးမှာ ခံစစ်အမြန်ပြင်ထားပါ၊ ဟောဒီနေရာက ဦးကင်းဘုရားရယ်၊ သိမ်တော်ကြီးရယ်၊ ထနောင်းကန်ခေါ် ကန်တော်ကြီးရယ်က သုံးပွင့်ဆိုင်ဆိုတော့ တို့ခံစစ်က ရန်သူကို သုံးပွင့်ဆိုင် ခုခံရမှာပေါ့"
(ထိုအချိန်မှာ ဗိုလ်မှူးမင်းဒင် အမြန်ဝင်လာစေ။)

မင်းဒင် ။ ။ "ဝန်မင်းဘုရား. . . ဝန်မင်းဘုရား. . . နေပြည်တော်က ကြေးနန်း ရောက်လာပါတယ်ဘုရား"

မင်းလက်ဝါး ။ ။ "ဟွဲ. . . အမြန်ဆက်သစမ်း၊ ဘာများအရေးကြီးလို့ပါလဲဟွဲ့"
(ဗိုလ်မှူးမင်းဒင်က ကြေးနန်းစာလွှာကို ဆက်သစေ)

မင်းလက်ဝါး ။ ။ "အို. . . ဆက်သမနေပါနဲ့၊ မောင်မင်းပဲ မျက်စိကောင်းကောင်းနဲ့ ကြည့်ပြီးဖတ်ပြစမ်း"

မင်းဒင် ။ ။ (စာလွှာကို ဟန်ပါပါဖြင့်ဖြန့်၍)

(အသံမြှင့်၍ဖတ်ပါ) "မှန်လှပါ. . . ကြေးနန်းစာမှာ ဖော်ပြထားတာက အင်္ဂလိပ်တို့ကို ခုခံ၍ မတိုက်ခိုက်ရ၊ ခုခံတိုက်ခိုက်လျှင် သူပုန်ဟု ဖော်ပြထားပါတယ်ဘုရား"

မင်းလက်ဝါး ။ ။ (ဒေါသကြီးစွာ အော်ငေါက်လိုက်ရင်း)
"တယ်. . . မိုက်ရိုင်းလိုက်လေ. . . အင်္ဂလိပ်ကို ခုခံမတိုက်ခိုက်ရတဲ့၊ ဘယ်သားပေါက်မသား ပို့လိုက်တဲ့ ကြေးနန်လည်းဟ၊ ဟေ့. . . မတိုက်ခိုက်ရဘဲ ဒင်းတို့ကို ဒူးထောက်အရှုံးမပေးနိုင်ဘူး. . . အားလုံး ဆက်ပြီးတိုက်ကြ"
(ထိုအချိန်တွင် မင်းလှခံတပ်ကို ဦးစီးတာဝန်ယူထားရသော မင်းထင် မင်းလှရဲခေါင်သူရိန် အပြေးရောက်လာပြီး)

ရဲခေါင်သူရိန် ။ ။ "ဝန်မင်း. . . ဝန်မင်း. . . ကြေးနန်းလာတယ်ကြားလို့"

မင်းလက်ဝါး ။ ။ "ဟောဒီမှာ ကြေးနန်း. . . ကိုယ့်ဘာသာကိုယ်ဖတ်ကြည့်"

ရဲခေါင်သူရိန် ။ ။ (ကြေးနန်းစာကို ပိုလ်မှူးမင်းဒင်လက်မှယူ၍ ဖတ်ကြည့်နေပြီး)
"ဟာ. . . ရိုင်းလိုက်လေဗျာ၊ အင်္ဂလိပ်ကို ဆက်မတိုက်ရဘူးတဲ့၊ ကျုပ်မှာ တပ်သား (၅၀၀) ရှိတယ်၊ အမြောက်ကြီးက (၃၅)လက်ရှိတယ်၊ ဘာပဲဖြစ်ဖြစ် အဲဒီအင်အားနဲ့၊ အို. . . သေလိုက သေစေ၊ ကုလားကို ဘုရားမထူးနိုင်ဘူး၊ ကျုပ်ကတော့ ဆက်တိုက်မှာပဲ"

ဖောင်ဝန်မင်း ။ ။ "ဟုတ်တယ်. . . အားမတန်လို့ မာန်မလျှော့နိုင်ဘူး၊ စစ်ရှုံးပြီး ကုလားကို ဘုရားထူးနေရမယ့်အစား စစ်တိုက်ရင်း သေသွားတာကမှ မြတ်ဦးမယ်"

မင်းရဲညွန့် ။ ။ "ဒီလောက်များတဲ့ စစ်အင်အားကြီးကို မဖြစ်စလောက် တပ်အင်အားလေးနဲ့ ခုခံနေရတာ ဒီစစ်ပွဲ ရှုံးမယ်ဆိုတာ သိသားပဲ၊ ရှုံးရှုံးနိုင်နိုင် ကျွန်တော်မျိုးတို့ကတော့ တိုက်မှာပဲ"
(ထိုသို့ မခံချိမခံသာပြောနေကြစဉ် ကြေးနန်းဆရာ လူဦးဇဉ် ပြေးဝင်လာစေ)

လူဦးဇဉ် ။ ။ "မှန်လှပါ ဝန်မင်းဘုရား. . . နောက်ထပ် ကြေးနန်းတစ်စောင် ဝင်လာပြန်ပြီ ဘုရား"

ဖောင်ဝန်မင်း ။ ။ "ကိုင်း. . . မင်းပဲ ဖတ်ပြစမ်း"

လူဦးဇဉ် ။ ။ "ကြေးနန်စာမှာက ရန်သူအင်္ဂလိပ်တို့ကို ဆက်လက်တိုက်၊ နောက်ထပ် တပ်ကူများ ပို့ပေးပါမည်. . . ပါတဲ့ဘုရား"

မင်းလက်ဝါး ။ ။ "ဟယ်. . . ရူးများ ရူးနေကြသလား၊ ခုတစ်မျိုး တော်ကြာတစ်မျိုး၊ တန်တော့. . . ပထမကြေးနန်းက ကင်းဝန်မင်းကြီးလက်ချက်ဖြစ်ရမယ်၊ အဲဒီကြေးနန်းကို ပို့မှန်းသိလို့ နောက်ထပ် လှေသင်းအတွင်းဝန်က ထပ်ပြီးပို့လိုက်တာ ဖြစ်နိုင်တယ်။ ကိုင်း. . . အဲဒီကြေးနန်းစာတွေ ဘယ်လိုပဲလာလာ ငါတို့အလုပ်က စစ်တိုက်ဖို့ပဲ၊ ကဲ. . ရဲခေါင်သူရိန် မောင်မင်းက ခံတပ်ကိုပြန်ပြီး ခုခံ တိုက်ခိုက်ဖို့ပြင်၊ ဖောင်ဝန်မင်းတို့အဖွဲ့က သိမ်တော်ကြီးဘက်သွားကြတော့ ခဏနေ ကုလားဖြူတွေ တက်လာတော့မယ်. . . သွားကြ"
(တာဝန်ရှိသူများ ထွက်သွားကြစေ၊ အားလုံးထွက်သွားမှ မင်းလက်ဝါးက)
"ဟေး. . . မင်းကြီးလက်ဝါးတဲ့ကွ၊ ဟောဒီလက်ဝါးနဲ့ ကုလားတွေကို အသေရိုက်သတ်ပြမယ် ဟော့. . . "

(ထိုသို့ ကြိမ်းဝါးလိုက်စဉ် အမြောက်သံ၊ လက်နက်ငယ်သံများ ထွက်ပေါ်လာစေ။)

လက်နက်သံ ။ ။ “ဒိန်း. . . ဒိန်း. . . ဒိုင်း. . ဒိုင်း. . . ဒက်. . . ဒက်. . . ဒက်. . . ”
(ဝဲဘက်ဇာတ်ခွင်မှ ဖြိုတိုသျှစစ်သားများ ပြေးဝင်လာစေ၊ ယာဘက်ဇာတ်ခွင်မှလည်း မြန်မာစစ်သားများ ပြေးဝင်လာကာ သေနတ်များကြားတွင် ဓားလှံလက်နက်များနှင့် အနီးကပ်ဝင်၍ တိုက်ကြစေ။)

လက်နက်သံ ။ ။ “ဒိုင်း. . . ဒိုင်း. . ဒိုင်း. . . ဒက်. . . ဒက်. . . ဒက်. . . ”

ရဲမက်များ ။ ။ “ကျား. . . ကျား. . . ကျား. . . ”

(သံဖြိုင်ဟစ်ကြွေး) “မြန်မာကွ. . . မြန်မာ”
“ခုတ်ကြဟေ့. . . သတ်ကြဟေ့. . . ”
“ကုလားသွေး. . . တဝလွေးမကွ”

လက်နက်သံ ။ ။ “ဒိုင်း. . . ဒိုင်း. . ဒိုင်း. . . ”
(မြန်မာရဲမက်အချို့ သေနတ်မှန်၍ လဲကျစေ၊ ဖြိုတိုသျှရဲမက်အချို့လည်း ဓားလှံလက်နက်ထိ၍ သေကျေကြစေ)
(မင်းကြီး မင်းလက်ဝါးက တိုက်ပွဲအတွင်းဝင်၍ ဖြိုတိုသျှရဲမက်များ၏ ကျောပြင်ကို သူ့လက်ဝါးကြီးနှင့်ရိုက်၍ သတ်နေစေ)

ရဲမက်တစ်ဦး ။ ။ “ဝန်မင်း. . . သတိထားပါ. . . ကျည်ထိမယ်”

မင်းလက်ဝါး ။ ။ (ရန်သူတစ်ယောက်ကို ရိုက်နှက်ရင်း)
“ဟေ့. . . အဲဒီ ကျည်ဆန်ကို အတောင့်လိုက် ဝါးစားပစ်မယ်ကွ”
(ထိုသို့ တိုက်ခိုက်နေစဉ် ဖောင်ဝန်မင်းနှင့် မင်းရဲညွန့်တို့က ဓားကိုယ်စီနှင့် ဝင်ရောက်တိုက်ခိုက်လာစေ)

ဖောင်ဝန်မင်း ။ ။ “ဟေ့. . . မင်းလှ သီဟသူတဲ့ကွ. . . ”
(မြန်မာဆိုင်းတော်မှ ဗိန်းဗောင်းသံ မပြတ်တီးပေးနေစေ။)
(ဇာတ်ခွင်ပေါ်တွင် သေနတ်သံများ၊ ကျားဘ အော်ဟစ်သံများ ဆူညံနေသလို ယမ်းခိုးများလည်း ဝေနေစေ၊ တစ်ဖက်နှင့်တစ်ဖက် သဲကြီးမဲကြီးတိုက်ခိုက်နေကြရင်း မြန်မာရဲမက်များ ဇာတ်ခွင်၏ ယာဘက်သို့ တဖြည်းဖြည်းဆုတ်သွားစေ။ ဖြိုတိုသျှများကလည်း ထက်ကြပ်မကွာ လိုက်နေကြစေ၊ နောက်ထပ် ဖြိုတိုသျှများ ဇာတ်ခွင်၏ ဝဲဘက်မှ ထပ်ဆင့် ထပ်ဆင့် ဝင်လာစေ၊ ဖောင်ဝန်မင်းနှင့် မင်းရဲညွန့်က ယာဘက်ဇာတ်ခွင်သို့ လက်တွဲညီညီ ဇာတ်ခွင်အလယ်ထိ ပြေးတက်သွားစေ။)

ဖောင်ဝန်မင်း ။ ။ “ကျား. . . ကျား. . . မြန်မာကွ. . . ”
လက်နက်သံ ။ ။ “ဒိုင်း. . . ဒိုင်း. . ဒိုင်း. . . ဒက်. . . ဒက်. . . ဒက်. . . ”
(ဖောင်ဝန်မင်းနှင့် မင်းရဲညွှန့်တို့ သေနတ်မှန်၍ လဲကျသွားစေ။)
ရဲမက်များ ။ ။ “ဝန်မင်း. . . ဝန်မင်း. . . ဝန်မင်းတို့ကို ထိသွားပြီ”
“ဟေ့. . . တို့ဝန်မင်းကို တက်ဆွဲကြဟေ့”
“ဟေ့. . . သေနတ်တပ်ဖွဲ့ ခံပြီးပစ်ထား. . . မရပ်နဲ့”
လက်နက်သံ ။ ။ “ဒိန်း. . . ဒိန်း. . . ဒိုင်း. . ဒိုင်း. . .
(ရဲမက်များက လဲကျသွားသူ ဖောင်ဝန်မင်းနှင့် မင်းရဲညွှန့်တို့ထံ ပြေး၍ဆွဲကြစေ။)

(ကတ္တီပါ ပြည်ဖုံးကားကြီးချစေ)

(အခန်းပြောင်းတီးလုံးဝင်စေ)

ဇာတ်ဝင်ခန်း (၃၈) ပြီး၏။

ဇာတ်ဝင်ခန်း (၃၉)

နေရာ - မင်းလှမြို့။
အပြင်အဆင် - မြို့တွင်းလမ်းမနှင့် အိမ်များပါသော ဇာတ်ကား ချထားရမည်။
အလင်းရောင် - အဖြူရောင် အလင်းဖွင့်ထားရမည်။
တေးဂီတ - ပိန်းဗောင်းတီးကွက်ကို ခပ်ဖွဖွလေး အသံထွက်ရုံ တီးပေးထားရမည်။
သရုပ်ဆောင် - ထိပ်တင်ထား၊ မယ်ခင်၊ ချင်းမကြီးဖွိုင်ပါတို့ ပါဝင်သရုပ်ဆောင်ရမည်။
ဇာတ်ဝင်ခန်းစ - ဇာတ်ကားရှေ့ထွက်စေ။
သရုပ်ဆောင် - (ထိပ်တင်ထားက ဇာတ်ကားရှေ့သို့ ပြေးထွက်လာစေ၊ ဇာတ်ခွင်အလယ်သို့ ရောက်သည်နှင့် တစ်ဦးတည်း ပြောဆိုစေ)

ထိပ်တင်ထား ။ ။ "မောင်ကြီးရယ်. . . ထားထား မောင်ကြီးအပေါ် အထင်လွဲခဲ့မိပါတယ်၊ ထားထားက မောင်ကြီးကို သစ္စာဖောက်တစ်ယောက်လို့ မြင်ထားခဲ့မိပြီး ထားထားရဲ့ချစ်မေတ္တာကို မောင်ကြီးကို မပေးတော့ဘူးလို့ ဆုံးဖြတ်ခဲ့မိပါတယ်၊ နောက်ပြီး မောင်ကြီး အိမ်ထောင်ကျသွားပြီလို့ ထပ်ပြီးသိရတော့ မောင်ကြီးအပေါ် ပိုပြီး မုန်းခဲ့မိပါတယ်ကွယ်၊ အခု. . . ကုလား အနိုင်ကျင့်လို့ အရှက်တကွဲ အကျိုးနည်းဖြစ်ခဲ့ရတဲ့ မယ်ခင်လေးရောက်လာပြီး ရှင်းပြမှ ထားထား အဖြစ်မှန်ကို သိရပါတယ်၊ မယ်ခင်လေးရဲ့ အရှက်နဲ့အသက်ကို ကာကွယ်ခဲ့တဲ့အတွက် မောင်ကြီးရဲ့ မြင့်မြတ်တဲ့ မေတ္တာတရားကို ထားထား ပိုပြီးလေးစားမိပါတယ် မောင်ကြီးရယ်၊ ဒါကြောင့် မောင်ကြီး မင်းလှမြို့ထဲ ရောက်လိုရောက်ငြား ထားထား လိုက်ရှာနေတာပါ"

(ထိုသို့ပြောဆိုနေစဉ် မယ်ခင် ပြေးဝင်လာစေ)

မယ်ခင် ။ ။ "မမထား. . . မမထား. . . အမလေး မမရယ်. . . မယ်ခင် စိုးရိမ်လိုက်တာ၊ အခုဟာက စစ်ဖြစ်နေတာလေ မမရဲ့၊ ဦးကင်းဘုရားနဲ့ သိမ်တော်ကြီး ခံကတုတ်လည်း ကျသွားပြီတဲ့၊ တပ်တွေအားလုံး မင်းလှမြို့ထဲ ပြန်ဆုတ်နေကြတယ်တဲ့၊ မကြာခင် မင်းလှမြို့ပေါ်မှာ တိုက်ပွဲတွေဖြစ်ကြတော့မှာ"

ထိပ်တင်ထား ။ ။ "အို. . . တိုက်ပွဲတွေ ဘယ်လောက်ပြင်းထန် ပြင်းထန် မမ မမှုပါဘူး၊ မမရဲ့ရင်ထဲက မောင်ကြီးကို တွေ့ချင်လှတဲ့ဆန္ဒက အဲဒီတိုက်ပွဲတွေထက် ပြင်းထန်လှပါတယ်ကွယ်"

မယ်ခင် ။ ။ "မမရယ်. . . ကိုရှန်မောင်က သူ့ကိုယ်သူ သေလူလို့ သတ်မှတ်ထားတာပါ၊ သူဘယ်လိုမှ အသက်ရှင်ရက် ရောက်မလာနိုင်ပါဘူး မမရယ်"

ထိပ်တင်ထား ။ ။ "အို. . . သူ့ကိုယ်သူ ဘယ်လိုပဲ သတ်မှတ်ပါစေ. . . မမယုံမိတယ်၊ သူဘယ်လိုအခြေအနေဖြစ်ဖြစ် မမဆီ သူအရောက်လာမှာပါ"
(နှစ်ဦးသား ပြောဆိုနေကြစဉ် ချင်းမကြီး ဖွိုင်ပါ ဝင်လာစေ)

မယ်ခင် ။ ။ "ဟင်. . . ဟိုမှာ. . . ဟိုမှာ ချင်းမကြီးတစ်ယောက်"

ထိပ်တင်ထား ။ ။ (ဖွိုင်ပါရဲ့ အနားသို့သွားကာ)
"အမေကြီး. . . အမေကြီး စစ်ဖြစ်နေကြတယ်လေ၊ ဘာလို့များ တစ်ယောက်တည်း ထွက်လာရတာလဲ၊ ရန်သူတွေက မြို့နားကို ရောက်နေပြီ"

ဖွိုင်ပါ ။ ။ "အို. . . စေ့ဖြစ်နေတာ ငါမကြောက်၊ ကုလားတွေလာရင် ဟောဒီတောင်ဝှေးနဲ့ ရိုက်သတ်မယ်၊ ငါ့ယောကျ်ားက ဘုရင့်စေ့သား၊ ငါသားကလည်း ဟောဒီခံတပ်က စေ့သားပေပ ငါမကြောက်ပြီကော"

ထိပ်တင်ထား ။ ။ "အမေက ဘယ်သွားမလို့တုန်း"

ဖွိုင်ပါ ။ ။ "ငါက အဆိုနဲ့ တွေ့ဖို့လာတာ"

ထိပ်တင်ထား ။ ။ "အဆို ဆိုတာ ဘယ်သူလဲအမေ"

ဖွိုင်ပါ ။ ။ "အဆို ဆိုတာ ချင်းစကားနဲ့ ငါ့သားလို့ပြောတာပါ၊ ငါ့သားနဲ့ တွေ့ချင်လို့"

ထိပ်တင်ထား ။ ။ "ကိုင်း. . . ဒီလိုလုပ်ရအောင်၊ အမေက သမီးတို့နဲ့လိုက်ခဲ့၊ အခုအချိန်က အတော် အန္တရာယ်များတယ်၊ သမီးရဲ့ အဖေကလည်း ဒီခံတပ်က ဗိုလ်မှူးတစ်ယောက်ပါ၊ သမီးတို့ကို ကုန်းရွာဘက် စစ်ရှောင်ဖို့ စီစဉ်ထားတယ်၊ အိမ်မှာ အားလုံးပြင်ဆင်ပြီးပြီ၊ လာပါအမေ၊ ဒီမှာ အန္တရာယ်များပါတယ်၊ သမီးတို့နဲ့ လိုက်ခဲ့ပါနော်၊ တိုက်ပွဲတွေပြီးမှ အမေ့သားကို ရှာကြတာပေါ့"

ဖွိုင်ပါ ။ ။ "သမီးတို့က အမေ့သားကို ရှာပေးမှာလား"

ထိပ်တင်ထား ။ ။ "ရှာပေးမှာပေါ့ အမေရယ်. . . ကဲ. . . လာ လာ သွားကြစို့"
(ထိပ်တင်ထားတို့အဖွဲ့ ဇာတ်ခွင်တစ်ဖက်သို့ဝင်သွားစေ)

(လျှပ်စစ်မီးများ ပိတ်သွားစေ။)

(အခန်းပြောင်းတီးလုံးဝင်စေ)

ဇာတ်ဝင်ခန်း (၃၉) ပြီး၏။

ဇာတ်ဝင်ခန်း (၄၀)

နေရာ - မင်းလှခံတပ်။

အပြင်အဆင် - မင်းလှခံတပ်၏ အနောက်ဘက် အဝင်တံခါးနှင့် ခံတပ်ကြီးပုံကို နောက်ခံပိတ်ကားပေါ်တွင် ပရိုဂျက်တာနှင့် ထိုးပြထားရမည်။

အလင်းရောင် - နီဝါရောင်လျှပ်စစ်မီးများဖွင့်ထားပြီး ဇာတ်ဆောင်များကို အဖြူရောင် မီးဆလိုက်များ ထိုးပေးထားရမည်။

တေးဂီတ - မြန်မာ့ဆိုင်းဝိုင်းမှ ဗိန်းဗောင်းတီးပေးထားရမည်။

သရုပ်ဆောင် - မင်းထင်မင်းလှ ရဲခေါင်သူရိန်၊ အောက်မြစ်စဉ်ဝန်ကြီး သူရ မဟာမင်းခေါင် သမိန်ဘရမ်း(ခေါ်) မင်းကြီး မင်းလက်ဝါးနှင့် ရဲမက်များ သရုပ်ဆောင်ပါဝင်ရမည်။

ဇာတ်ဝင်ခန်းစ - (လျှပ်စစ်မီးများ လုံးဝပိတ်ထားစေ၊ လျှပ်စစ်မီးမှောင်နေစဉ် အမျိုးသမီးတစ်ဦးရဲ့ နောက်ခံစကားပြောဝင်လာစေ။)

နောက်ခံပြော ။ ။ "ရွှေပွဲလာ ပရိသတ်များရှင် . . . မြန်မာစစ်သည်တော်များဟာ ဦးကင်းဘုရား ခံကတုတ်မှာ အင်္ဂလိပ်တို့ကို ရဲဝံ့စွာ ခုခံတိုက်ခိုက်ရင်း လက်နက်လူသူအင်အားမမျှလို့ မင်းလှမြို့ထဲကို စနစ်တကျ ဆုတ်ခွာခဲ့ရပါတယ်ရှင်၊ မင်းလှမြို့ထဲ ရောက်တဲ့အခါမှာ မင်းလှ ခံတပ်ကြီးက အမြောက်ကြီးများနှင့် ပစ်ကူပေးရင်း မြို့တွင်း တိုက်ပွဲဖြစ်ပွားချိန် မင်းလှမြို့ကြီး မီးဟုန်းဟုန်း တောက်ခဲ့ရပါတယ်၊ မြစ်ကြောင်းမှ ချီတက်လာတဲ့ ဗြိတိသျှစစ်သင်္ဘောများကလည်း မင်းလှခံတပ်ကြီးကို သင်္ဘောပေါ်မှနေပြီး ဟောင်ဝစ်ဇာအမြောက်ကြီး များနှင့် ပစ်ခတ်တိုက်ခိုက်နေလို့ မင်းလှခံတပ်မှ စစ်သည်တော်များ ကလည်း အဝေးပစ်အမြောက်များ၊ မြေပြင်ပစ်အမြောက်များ၊ နှစ်ဆင့်ကွဲကျည်များထည့်၍ပစ်ရသော ပြောင်းတွင်းအရစ်ပါတဲ့ အမြောက်ကြီးများနှင့်ပြန်လည်ပစ်ခတ်ခုခံနေရပါတယ်ရှင်၊ ဗြိတိသျှ တို့ရဲ့ အဝေးပစ်အမြောက်များမှာ ဘယ်လောက်ပင် ပြင်းထန်စွာ ပစ်ခတ်နေပါစေ. . . ပြင်သစ်၊ အီတလီ အင်ဂျင်နီယာနဲ့ နိုင်ငံခြားပြန် မြန်မာအင်ဂျင်နီယာတို့ တည်ဆောက်ခဲ့တဲ့ ခေတ်မီခံတပ်ကြီးဟာ ကြံ့ကြံ့ခံလျက်ရှိနေတဲ့အတွက် အင်္ဂလိပ်တို့ရဲ့ ခေတ်မီလှပါတယ်ဆိုတဲ့ အမြောက်ကြီးတွေဟာ ခံတပ်ကြီးကို ပွန်းပဲ့ရုံမျှပင် မပြုလုပ်

နိုင်ကြပါဘူးရှင်၊ ကြည်းကြောင်းခရီလာတဲ့ ရန်သူကိုတိုက်ရင်း ရေကြောင်းက တိုက်ခိုက်နေတဲ့ ရန်သူကိုလည်း ခုခံရင်း မည်သို့မည်ပုံ ကြံ့ကြံ့ခံနေသည်ကို ဤဇာတ်ခွင်ထက်တွင် ဆက်လက်ရှုစားတော်မူကြပါလားရှင်. . .

ဤတိုက်ပွဲကြီးကို မင်းကြီး မင်းလက်ဝါးနှင့်အတူ တာဝန်ထမ်းဆောင်နေတဲ့ ဇာတ်စာ၊ ဇာတ်စကားနှင့် ဇာတ်တော်ကြီးများကို ရေးဖွဲ့သီကုံးရာတွင် နာမည်ကျော်ကြားလှသူ ဆင်ဖြူကျွန်းမြို့မှ ကျပင်းဆရာဖီးက ယခုလို တိုက်ပွဲကြားက စာစမ်းခဲ့ပုံမှာလည်း . . .

* မင်းလှမြို့ သောင်အစွန်မှာ ဆောင်ဝန်အားစိုက်၊ မင်းလက်ဝါးနှင့် တပ်အများ တိုက်ကြသတဲ့. . .
* တိုက်ပေသမင့် ဗုံးစက်အမြောက် ကုန်းထက်ရောက်အောင် သုံးရက်လောက်ကြဲလိုက်တော့၊ နွားကွဲကျားကိုက်၊ မနုကြမ်းကြမ်း အမှုထမ်းတို့က စွမ်းသမျှတိုက်သော်လည်း
* လာလိုက်တဲ့ဗုံးဆန် မြေကတုတ်ကို ပျားတုပ်သလိုခံရလို့ ဖွဲ့ဆိုရေးသားတဲ့ တိုက်ပွဲကြားက စာစကားပါ"

ဇာတ်ခွင်စ ။ ။ **(ကတ္တီပါပြည်ဖုံးကားကြီးဖွင့်စေ)**

သရုပ်ဆောင် ။ ။ (မင်းထင် မင်းလှရဲခေါင်သူရိန်က ခံတပ်ရှေ့သို့ ရုပ်နေစဉ် မင်းကြီး မင်းလက်ဝါးနှင့်တပ်များ ဝင်လာစေ။)

ရဲခေါင်သူရိန် ။ ။ "အလို. . . ဝန်မင်း. . . ဝန်မင်း. . . အခြေအနေလေး သိပါရစေဘုရား"

မင်းလက်ဝါး ။ ။ "အိမ်း. . . အခြေအနေကတော့ ရန်သူက လူသူအင်အားတို့ထက် သုံးဆလောက်များတယ်၊ လက်နက်တွေကလည်းတို့ထက် ကောင်းမွန်ပြီး အော်ဒါမက်တစ်ဆိုလား၊ အော်တိုမက်တစ်ဆိုလား ဆက်တိုက်ပစ်နိုင်တဲ့ စက်သေနတ်တွေကလည်း ပါသေးတယ်။ ဘယ်လိုမှ အင်အားခြင်းမယှဉ်သာလို့ တို့ဆုတ်ခဲ့ရတာ။ ကိုင်းမောင်မင်း. . . ဒီအတိုင်းဆို မင့်ခံတပ်ကို ရေကြောင်းက ပွန်းပဲ့ရုံလောက်တောင် မတိုက်နိုင်ကြပေမယ့် ကြည်းကြောင်းကနေတက်ပြီး သိမ်းနိုင်လိမ့်မယ်၊ ဘာပဲဖြစ်ဖြစ်တို့ကတော့ အလျှော့ပေးလို့မရဘူး၊ စစ်ရှုံးတာထက်စာရင် တိုက်ရင်းသေသွားတာကမှ မြတ်ပါတယ်ကွာ၊ တိုက်သာ တိုက်ကြပါတော့၊ နည်းနည်းမှ အလျှော့မပေးနဲ့။ နောက်ဆုံးတစ်ယောက်တည်းကျန်နေတဲ့အထိ လှေခွက်ချည်းကျန် အလံမလဲစတမ်း ခုခံကြရမှာပဲဟေ့. . . "

ရဲခေါင်သူရိန် ။ ။ "ဝန်မင်းရယ်. . . ကျွန်တော်မျိုးလည်း အဲဒီလို ခံယူထားသူပါ။ ဒါနဲ့ ဖောင်ဝန်မင်းနဲ့ မင်းရဲညွှန့်တို့ "

မင်းလက်ဝါး ။ ။ (စိတ်မကောင်းဟန်အမူအရာနှင့် ခေါင်းတယမ်းယမ်းပြု၍)
"သူတို့ တာဝန်ကျေပါတယ်၊ တိုက်ရင်းနဲ့ မင်းတရားကြီးနဲ့ တိုင်းပြည်အတွက် အသက်. . . အသက်. . . ပေး. . . ခဲ့. . . ကြ. . . တယ်. . . ကွယ်. . . "

ရဲခေါင်သူရိန် ။ ။ "အို. . . တို့ရဲ့သွေးသောက်တွေ တို့ပြည်အတွက် တာဝန်ကျေလှပါပေတယ်ကွယ်. . . ၊ အို. . . တို့လည်း သွေးသောက်တို့လို မင်းတရားကြီးနဲ့ တိုင်းပြည်အတွက် သက်စွန့်ကြိုးပမ်းထမ်းရွက်ပါ့မယ်လေ. . . အို. . . သေလိုက သေစေ၊ ကုလားကို ဘုရားမထူးဘူးဟေ့"
(ထိုသို့ စကားပြောနေကြစဉ် လက်နက်သံများ ပေါ်ထွက်လာစေ။)

လက်နက်သံ ။ ။ "ဒိန်း. . . ဒိန်း. . . ဒိန်း. . . "
"ဒိုင်း. . . ဒိုင်း. . . ဒိုင်း. . . ဒက်. . . ဒက်. . . ဒက်. . . "

ရဲခေါင်သူရိန် ။ ။ "ရန်သူ. . . နေရာယူ. . . အသင့်. . . . အမြောက်တပ်ဖွဲ့. . . ပစ်"

လက်နက်သံ ။ ။ "ဒိန်း. . . ဒိန်း. . . ဒိန်း. . . "

ရဲမက်များ (သံပြိုင်) ။ ။ "မြန်မာတဲ့ဟေ့. . . "
"မြန်မာ. . . ကွ"
"ကုလားကို ဘုရားမထူးဟေ့"

လက်နက်သံ ။ ။ "ဒိန်း. . . ဒိန်း. . . ဒိန်း. . . "
(မြန်မာ့ဆိုင်းမှ ဗိန်းဗောင်းသံ အဆက်မပြတ်တီးကြစေ။)
(ဇာတ်ခွင်ပေါ်သို့ ဖြိတိသျှစစ်သားများ ပြေးတက်လာစဉ် မြန်မာတပ်ဖွဲ့များကလည်း တစ်ဖက်မှ ပြေးဝင်လာပြီး သေနတ်ဖြင့် ပစ်သူကပစ်၊ ဓားနဲ့ခုတ်သူကခုတ် အနီးကပ်တိုက်ပွဲ ဆင်နေကြစေ။)
(မြန်မာ့ဆိုင်းမှ ဗိန်းဗောင်းသံ အဆက်မပြတ်တီးနေစေ။)
(မင်းလက်ဝါးနှင့် ရဲခေါင်သူရိန်တို့က ဓားတဝင့်ဝင့်နှင့် အမိန့်ပေးနေစေ။)

မင်းလက်ဝါး ။ ။ "တိုက်. . . ကြဟေ့၊ ခုတ်ကြဟေ့. . . ၊ ကုလားသွေး တဝလွှေးစမ်းဟ"

ရဲခေါင်သူရိန် ။ ။ "ခုတ်ကြပါတော့လား. . . ပစ်ကြပါတော့လား. . . တိုက်ကြပါတော့လား. . . မြန်မာကွ မြန်မာ. . . . "

လက်နက်သံ ။ ။ "ဒိန်း. . . ဒိန်း. . . ဒိန်း. . . "ဒိုင်း. . . ဒိုင်း. . . ဒိုင်း. . . ဒက်. . . ဒက်. . . ဒက်. . . "

(လျှပ်စစ်မီးများ မှောင်အတိကျသွားကာ ဇာတ်ခွင်ပေါ်မှ အသံဗလံများ တိတ်ဆိတ်သွားစေ။)

(ထိုသို့ မီးအမှောင်ကျခိုက် ပရိုဂျက်တာမှ ခံတပ်မြင်ကွင်းကို ပိတ်ထားလိုက်ကာ ခံတပ်ပုံ ဖြတ်ပိုင်းပန်းချီကားကို ထရော်လီနှစ်စင်းဖြင့်တွန်း၍ ဇာတ်စင်အလယ်သို့ ရွှေ့ထားစေ။ မှတ်ချက် - ခံတပ်များပေါ်တွင် အမြောက်လက်နက်များ တပ်ဆင်ထားပြီး လူများတက်နိုင်အောင် ပြင်ဆင်ထားရမည်။)

(နောက်ခံစကားပြောဝင်စေ။)

နောက်ခံ ။ ။ "ရွှေပွဲလာဧည့်ပရိသတ်များရှင့်. . . မင်းလှခံတပ်ကြီးကို ဗြိတိသျှတို့က ကြည်းကြောင်း၊ ရေကြောင်း နှစ်ဖက်ညှပ်၍ အသည်းအသန် တိုက်ခိုက်နေကြစဉ် ကြည်းကြောင်းမှ ဗြိတိသျှအချို့က ခံတပ်ပေါ်သို့ တက်ရောက်နိုင်ရန် အစွမ်းကုန်ကြိုးစားကာ တိုက်ခိုက်နေကြပါတယ်ရှင်။ အဲဒီမြင်ကွင်းကို မင်းလှမြို့က စာရေးဆရာကြီး တောသားကြီး လူနိုင်က ကဗျာဆန်းနှင့် ပွဲကြမ်းလိုက်ပုံက. . .

* တိုက်ပွဲပုံဟာ မြန်မာတပ်သား တိုက်စွမ်းအားကြောင့် ကြေးစားမျက်ဖြူ သွေးများဖြူလျက် တူရှုမတက် တပ်နောက်ဘက်သို့ ဆုတ်လျက်အပြေး ဖုန်နှင့်ရောထွေး မင်းလှကမ်းပါး ဟိုအဝေး. . .
* ခံတပ်နှင့် ဝါးနှစ်ပြန်ခြား မြစ်ကမ်းပါး၌ ကြေးစားဗာရီတွေ ခြေကားရား၊ လက်ကားရား မှောက်လျားတချို့၊ တချို့ပက်လက်၊ ပေါင်နှစ်ဖက်ပြတ်သူ၊ လက်နှစ်ဖက်ကျိုးသူ၊ မားအထိုးခံ ဗိုက်ပေါက်နောက်စေ့ပွင့်သူ အူအခွေလိုက်ထွက် ဆူပွက်ဟစ်အော် သေဖော်ညှိသံဆန်း ကျောချမ်းပြီးရင်တုန်၊ နှလုံးတုန် တဒိန်းဒိန်း မြင်ကွင်းပိတ်ပိန်း သစ်ရွက်တို့ မစိမ်းနိုင်တော့၊ သစ်ရွက်တို့ မစိမ်းနိုင်ကြတော့" လို့ ကဗျာသံဆန်းနဲ့ ခပ်ကြမ်းကြမ်းလေးပင် ရေးဖွဲ့ခဲ့ပါတယ်၊ ဆက်လက်ရှုစား တော်မူကြပါလားရှင့်. . . "

(နီဝါရောင် လျှပ်စစ်မီးများ ပြန်လင်းလာစေ)

သရုပ်ဆောင် ။ ။ (ဗြိတိသျှစစ်သားများက လှေကားများကိုယူ၍ ခံတပ်ထက်သို့ ထောင်ကာ တက်ကြစေ။ ခံတပ်ပေါ်မှ မြန်မာတပ်သားများကလည်း ဝါးလုံးနှင့်ထိုး၍ လှေကားများကို လှန်ချစေ။ အချို့ မြန်မာရဲမက်များက အိုးများကိုမ၍ အငွေ့တထောင်းထောင်းထနေသော ရေနွေးများဖြင့် လောင်းချနေပြီး အချို့မြန်မာရဲမက်များက

လှေကားထိပ်ရောက်လာသူကို ဓားနှင့် ခုတ်ချစေ၊ သေနတ်များနှင့် ဆီး၍ပစ်သူကလည်း ပစ်နေကြစေ။)

လက်နက်သံ ။ ။ "ဒိုင်း. . . ဒိုင်း. . . ဒိုင်း. . . "

ရဲမက်များ ။ ။ "ဟေ့. . . လှေကားက တက်လာတဲ့ကုလားတွေကို ရေနွေးနဲ့ လောင်းချဟေ့"

"ဟေ့. . . လှေကားတွေကို ဝါးလုံးနဲ့ ထိုးလှန်ချဟေ့"

"ဟေ့. . . ဓားနဲ့ဆီးခုတ်ဟ"

"သေနတ်နဲ့ ပစ်ပါဟ"

"ဟေး. . . ကျား. . . ကျား. . . မြန်မာကွ"

"မြန်မာ့သွေး. . . . ရဲရဲနီတယ်ဟေ့. . . "

"ဟေ့. . . ကုလားကို ဘုရားမထူးနိုင်ဘူးကွ"

လက်နက်သံ ။ ။ "ဒိန်း. . . ဒိန်း. . . ဒိန်း. . . ဒိုင်း. . . ဒိုင်း. . . ဒိုင်း. . . "

(အပြန်အလှန်တိုက်ခိုက်နေရင်းမှ ခံတပ်၏တောင်ဘက်ဆင်ခြေလျှောမှ ဗြိတိသျှများ ပြေးတက်သွားကြစေ၊ ခံတပ်ပေါ်ရောက်သောအခါ ဗြိတိသျှစစ်သားများနှင့် မြန်မာစစ်သားတို့ ခံတပ်ပေါ်၌ အနီးကပ် လုံးထွေးသတ်ပုတ်နေကြစေ။)

(ထိုအချိန်မှာ လျှပ်စစ်မီးများက နီဝါရောင်မှ အနီရင့်ရောင်သို့ ပြောင်းထိုးလိုက်စေ)

(မြန်မာ့ဆိုင်းဝိုင်းက ဗိန်းဗောင်းတီးခတ်ရာမှ ရပ်သွားစေ။)

(ခံတပ်ပေါ်မှ လူများ ပျောက်သွားကြပြီး ခံတပ်ထိပ်တွင် လွှင့်ထူထားသော ဒေါင်းအလံကို ကြိုးလျှော့ချ၍ အင်္ဂလိပ် ယူနီယံဂျက် အလံကို လွှင့်ထူလိုက်စေ။)

(ခေတ်ပေါ်တေးဂီတမှ အလံတင် စစ်ခရာသံ မှုတ်လိုက်စေ။)

(စစ်ခရာသံ ပြီးဆုံးသည်နှင့် နောက်ခံစကားပြောဝင်စေ။)

နောက်ခံပြော ။ ။ "ရွှေပွဲလာဧည့်ပရိသတ်များရှင့်. . . မြန်မာစစ်သည်တို့ဟာ ဇွဲလုံ့လနဲ့ သူရသတ္တိတို့ကို အရင်းခံပြီး ဇာတိသွေး ဇာတိမာန်အပြည့်ဖြင့် ဘယ်လိုပင် ခုခံ တိုက်ခိုက်ပါသော်လည်း လူသူလက်နက်အင်အား အဆမတန်များပြား လှတဲ့ နယ်ချဲ့ဗြိတိသျှတို့လက်သို့ ခရစ်သက္ကရာဇ် ၁၈၈၅ ခုနှစ်၊ နိုဝင်ဘာလ (၁၇)ရက် ညနေ (၃)နာရီ (၁၅)မိနစ် အချိန်တွင် ကျဆုံးခဲ့ရပါတယ်ရှင့်. . . အဲဒီဖြစ်စဉ်ကို စာရေးဆရာတောသားကြီးလူနိုင်က . . .

* ဘတစ်ပြန် ကျားတစ်ပြန် သူပြန်ကိုယ်လှန် အားမတန်ချိန် နေမမှိန့်တမှိန် လက်ရွေးကြီး လှေသင်းတိုက်မင်းထင်၊ မင်းလှ ရဲခေါင်နှင့် သူနောက်လိုက် သွေးသောက်များ ကစဉ့်ကလျား တိုက်ပွဲကြားမှ ဝိုးတဝါးပျောက်ကွယ်၊ ယင်းနောက်ဆွယ်၍ ခံတပ်အလယ် ယူနီယံဂျက်အလံ ဝင့်ကြွားလျက် ၁၈၈၅ ခုနှစ်၊ နိုဝင်ဘာလ (၁၇)ရက်. . . . ဟု ငိုရှိုက်ကာ တငင်ငင်နဲ့ ကဗျာစဉ်သံဆန်းကို မှာတမ်းချွေ လို့ ရေးထားခဲ့ပါတယ်ရှင်. . . ”

(ကတ္တီပါ ပြည်ဖုံးကားကြီးချစေ)

(အခန်းပြောင်းတီးလုံးဝင်စေ)

ဇာတ်ဝင်ခန်း (၄၀) ပြီး၏။

ဇာတ်ဝင်ခန်း (၄၁)

နေရာ - မင်းလှမြို့အနီး ကုန်းရွာ။
အပြင်အဆင် - ကျေးလက်ရွာလေးပုံကို နောက်ခံပန်းချီဆွဲထားပြီး နောက်ခံဇာတ်ကားအဖြစ် ချထားရမည်။
အလင်းရောင် - ညနေဆည်းဆာဖြစ်၍ အနီရောင်မီးများ ဖွင့်ထားရမည်။
သရုပ်ဆောင် - ချင်းမကြီးဖိုင်ပါ၊ ထိပ်တင်ထား၊ မယ်ခင်၊ ရှန်မောင်၊ စံအောင်၊ မင်းလက်ဝါး၊ မင်းဒင်၊ ကျပင်းဆရာဖီးနှင့် ရဲမက်များ၊ ဗြိတိသျှ စစ်သားများ ပါဝင်သရုပ်ဆောင်ရမည်။
ဇာတ်ဝင်ခန်းစ - ကတ္တီပါပြည်ဖုံးကားကြီး ဖွင့်စေ။
(ရဲမက်တစ်ဦး ဇာတ်ခွင်အလယ်သို့ဝင်လာစဉ် တောင်ဝှေးကို ထောက်၍ဝင်လာသော ချင်းမကြီး ဖိုင်ပါနှင့် ဆုံတွေ့စေ”

ဖိုင်ပါ ။ ။ “အဆို. . . အဆို. . . အဆိုလားဟင်. . . ”
ရဲမက် ။ ။ “ကျွန်. . . ကျွန်တော် အဆိုမဟုတ်ပါဘူး. . . ရဲမက်မှုံကြီးပါ”
(ရဲမက်က ပြော၍ထွက်သွားစဉ် နောက်ထပ်ရဲမက်တစ်ဦး ဝင်လာသဖြင့် ချင်းမကြီးက ထပ်၍မေးစေ။)
ဖိုင်ပါ ။ ။ “အဆို. . . အဆို. . . ငါ့သားကြီး ရှန်မောင်လားလို့”
ရဲမက် ။ ။ “ကျွန်. . . ကျွန်တော်. . . ရဲမက်ရှန်မောင် မဟုတ်ပါဘူး ခင်ဗျာ”
(ထိုရဲမက်ကလည်း ထွက်သွားစေ၊ ထိုအခါ ချင်းမကြီးက တစ်ကိုယ်တည်း ညည်းညူရင်း ပြောစေ။)
ဖိုင်ပါ ။ ။ “အဆိုရယ်. . . မင်း ဘယ်ကိုရော့နေဒါလဲကွေ. . . အအူဖြင့် မင့်ကိုရှာရတာ ရေမောလှပြီကော. . . စေ့သားတစ်ယော့တွေ့လည်း အဆို မဟုတ်၊ နောက်တစ်ယော့တွေ့လည်း အဆို မဟုတ်၊ နင်ဘယ်မှာလဲဝှေး. . . ”
(ထိုသို့ပြောနေစဉ် ရဲမက်တစ်ဦး ဝင်လာစေ။)
ဖိုင်ပါ ။ ။ “ဟော. . . အဆို. . . အဆို. . . ”
သေနတ်သံ ။ ။ “ဒိုင်း. . . ”
(နောက်ကနေ ဗြိတိသျှစစ်သားတစ်ယောက်ဝင်လာပြီး ထိုရဲမက်ကို သေနတ်နဲ့ ပစ်ချလိုက်ရာ ရဲမက်လဲကျသွားစေ။)
ဖိုင်ပါ ။ ။ “ဟယ်. . . အဆို. . . အဆို. . . သား. . . သား. . . ”
(ဖိုင်ပါက ရဲမက်ကို ပြေး၍ ပွေ့ဖက်စေ။)

ရဲမက် ။ ။ "အ. . . အ. . . အမေကြီး. . . ကျွန်. . . ကျွန်တော်. . . ခင်. . ခင်ဗျားသား . . မ. . . မ မဟုတ်ဘူး. . . အား. . . "
(ရဲမက်သေဆုံးသွားကာ ချင်းမကြီးက ကြိတ်မနိုင်ခဲမရပုံနှင့် ဗြိတိသျှစစ်သားကို လှမ်းကြည့်စေ၊ ဗြိတိသျှစစ်သားကထိုင်၍ သူ့သေနတ်ကို ယမ်းမှုန့်ထည့်၍ ပြောင်းထိုးတံနှင့်သိပ်နေစေ၊ ထိုအခါ ချင်းမကြီးက လျင်မြန်သောအဟုန်ဖြင့် ရန်သူ့ထံပြေးသွား၍ လက်ထဲက တောင်ဝှေးကိုမြှောက်ကာ)

ဖွိုင်ပါ ။ ။ "ဟယ်. . . ကုလားကောင် လူယုတ်မာ၊ ငါတို့စေ့သားကို နင်သတ်တယ်၊ နင့်ကိုလည်း ငါသတ်မယ်ဝှေ့"
(တောင်ဝှေးကိုမြှောက်၍ ဗြိတိသျှစစ်သားကို ရိုက်နှက်စေ၊ ဗြိတိသျှစစ်သားဝမ်းလျားမှောက်လဲကျသွားစဉ် လက်ထဲက တောင်ဝှေးဖြင့် ထပ်ခါထပ်ခါရိုက်နေစေ၊ ထိုအခါ ငရှန်မောင် ပြေးဝင်လာပြီး)

ရှန်မောင် ။ ။ "အအူ. . . အအူ. . . တော်တော့. . . တော်ပါတော့"
(ချင်းမကြီးက ငရှန်မောင်ကို လှည့်ကြည့်ရင်း မမှတ်မိဟန်ဖြင့်)

ဖွိုင်ပါ ။ ။ "နင်. . . ဘယ်သူလဲ. . . ကုလား. . . ကုလား. . . လား. . . "

ရှန်မောင် ။ ။ "အအူ. . . အဆိုလေ. . . အဆို. . . "

ဖွိုင်ပါ ။ ။ "မဟုတ်ဘူး. . . အဆိုက မြန်မာ့စေ့သား၊ နင်. . . နင်က ကုလား. . . ကုလား. . . "

ရှန်မောင် ။ ။ "အအူရယ်. . . အဆိုက ရှန်မောင်ပါ၊ အမေချစ်တဲ့ ရှန်မောင်လေ. . အအူ. . . သားဖို့ ဘာလက်ဆောင်ပါလာသလဲ. . . အအူ"

ဖွိုင်ပါ ။ ။ "မင်း. . . မင်းက. . . လက်ဆောင်. . . လိုချင်တယ်ပေါ့"

ရှန်မောင် ။ ။ "အအူရယ်. . . အအူက ဟောဒီ အဆိုရဲ့ မွေးနေ့တိုင်း လက်ဆောင်ပေးနေကျလေ"

ဖွိုင်ပါ ။ ။ "မင်းက ငါ့သားရှန်မောင်ပေါ့"

ရှန်မောင် ။ ။ "ရှန်မောင်ပါ အအူရယ်. . . "
(ချင်းမကြီးက ရှန်မောင်ရဲ့မျက်နှာကို အရွဲ့တိုက်ကြည့်ဟန်ဖြင့် ပြူးပြဲကြည့်ရင်း သရော်တော်တော်မျက်နှာပေးဖြင့်ပြောစေ)

ဖွိုင်ပါ ။ ။ "နင်ရောက်လာကတည်းက ငါ့သားရှန်မောင်မှန်း ငါသိတယ်ပ၊ ဩော်. . . ရှန်မောင် ရှန်မောင်. . . ဘုရင့်အမှုတော်ထမ်းတဲ့ သွေးသောက် ငရှန်ကြီးရဲ့သားတဲ့၊ ဟား. . . ဟား. . . ဟား. . . ဖအေ့ခြေရာ နင်းမယ်ဆို. . . အခုလည်း မရှက်မရွံ့ လက်ဆောင်

လာတောင်းတယ်၊ ပေးရတာပ။ . . ဒီမှာအဆို . . . ပါးရဲထိုးထားတဲ့ ငါ့မျက်နှာကို သေသေချာချာကြည့်စမ်း”
(ရှုန်မောင်က နားမလည်ဟန်ဖြင့် မိခင်ရဲ့မျက်နှာကို အသေအချာ ကြည့်စေ၊ ထိုအခါ ချင်းမကြီးက. . .)

ဖွိုင်ပါ ။ ။ “အ. . . ဆို. . . ”
ရှုန်မောင် ။ ။ ‘ဗျာ. . . ”
ဖွိုင်ပါ ။ ။ “နင်က. . . ငါ့ရဲ့သား. . . နင့်ကိုပေးမယ့် လက်ဆောင်က. . . ဒါပဲ”
ပါးရိုက်သံ ။ ။ “ဖြန်း. . . ”
(ရှုန်မောင်ရဲ့ပါးကို တအားလွှဲ၍ရိုက်လိုက်စေ)
ရှုန်မောင် ။ ။ “အို. . . အအူ”
ဖွိုင်ပါ ။ ။ “‘တော်တော့. . . ငါ့ကို အအူလို့မခေါ်နဲ့၊ နင်လည်း ငါ့ရဲ့သား မဟုတ်တော့ဘူး၊ ငါ့ရဲ့သားက ချင်းတိုင်းရင်းသားပီပီ သတ္တိရှိတယ်၊ ဇွဲရှိတယ်၊ လူမျိုးနဲ့ နိုင်ငံအပေါ် သစ္စာရှိတယ်။ နင်က သူရဲဘောနည်းတယ်၊ ဇွဲလုံ့လမရှိဘူး၊ သူရဲဘောနည်းလို့ ကုလားကျွန်ခံတာ နင်လိုလူ တို့ချင်းထဲမှာ မရှိဘူး၊ ဒါကြောင့် နင်ကလည်း ငါ့သား မဟုတ်ဘူး၊ ငါသွားမယ်. . ဖယ်စမ်း”
(ချင်းမကြီးက ရှုန်မောင်ကို တွန်းထိုးထွက်သွားစေ၊ ရှုန်မောင်ကလည်း မိခင်နောက် ပြေးလိုက်၍ဆွဲစေ။)

ရှုန်မောင် ။ ။ “အအူ. . . အအူ. . . သား. . သား. . . ရှင်းပြပါ့မယ်”
ဖွိုင်ပါ ။ ။ ‘‘မလိုဘူး. . . အကောင်လိုက်မြင်နေမှတော့ ခြေရာကို ကြည့်စရာမလိုဘူး၊ နင်ဆက်မပြောနဲ့၊ တို့ချင်းတိုင်းရင်းသားတွေက သစ္စာရှိတဲ့ လူမျိုးဟဲ့၊ နင့်ကို တို့လူမျိုးထဲက ပယ်လိုက်တယ်၊ ဖယ်စမ်း. . . ငါသွားမယ်. . . ”

ရှုန်မောင် ။ ။ (မိခင်လက်ကို ဆွဲခေါ်ရင်း)
“အအူ. . . ရယ်. . . အအူထင်သလို. . . မဟုတ်ပါဘူး”

ဖွိုင်ပါ ။ ။ “မကြားချင်ဘူး၊ ဖယ်စမ်း. . . နင်မဖယ်ဘူးလား”
(ပြောပြောဆိုဆို လက်ထဲကတောင်ဝှေးကိုမြှောက်၍ ရှုန်မောင်ကို ရိုက်စေ၊ ရှုန်မောင်ကလည်း ကျောကုန်းပေးလိုက်သဖြင့် ရှုန်မောင်ရဲ့ ကျောပြင်ပေါ်သို့ ဖွိုင်ပါရဲ့ တောင်ဝှေးရိုက်ချက်များက အဆက်မပြတ် ကျသွားစေ၊ ထိုအချိန် နောက်မှရောက်လာသော ငြိတိသျှစစ်သားက သေနတ်နှင့်ထိုးချိန်ကာ)

သေနတ်သံ ။ ။ “ဒိုင်း. . . ”

ဖွိုင်ပါ ။ ။ "အား. . . "
(ဖွိုင်ပါ သေနတ်မှန်၍ လဲကျသွားစေ၊ ရှန်မောင်က မိခင်ကို ဖက်၍ငိုစေ)

ရှန်မောင် ။ ။ "အအူ. . . အအူ. . . ဖြစ်မှဖြစ်ရလေ အအူရယ်၊ အီး. . ဟီး. . . ဟီး. . . အမေ"
(ရှန်မောင်က သေနတ်ကိုင်၍ ကြက်သေသေကာ ကြည့်နေသော ဗြိတိသျှစစ်သားကို လှမ်းကြည့်ပြီး)
"ဟေ့ကောင် ကုလားစုတ်၊ ဒါ. . . ငါ့အမေကွ၊ ငါ့အမေကို နင်သတ်တယ်၊ ကိုင်း. . . မင်းလည်း သေပေတော့"
(မိခင်ကို အောက်ချ၍ ခါးကြားမှ ဓားစူးချွန်ကိုထုတ်ကာ ငိုင်၍ ကြည့်နေသော ကုလားထံပြေး၍ အချက်များစွာ ထိုးချလိုက်စေ)

ဗြိတိသျှ ။ ။ "အား. . . ဘား. . . ဘား. . . ဘား. . . "
(ဗြိတိသျှစစ်သား ခွေကျသွားသည်နှင့် နောက်ထပ် ဗြိတိသျှ စစ်သားနှစ်ယောက်ဝင်လာကာ ရှန်မောင်ကို သေနတ်နှင့်ပစ်ကြစေ)

သေနတ်သံ ။ ။ "ဒိုင်း. . . ဒိုင်း. . . "

ရှန်မောင် ။ ။ "အို့. . . အွတ်. . . "
(ရင်ဘတ်ကို လက်နှင့်အုပ်၍ ခွေကျသွားစေ၊ ထိုအချိန်မှာ ရဲမက် ငစံအောင်နှင့် ရဲမက်များ ပြေးဝင်လာပြီး ဗြိတိသျှစစ်သား နှစ်ယောက်ကို ပစ်ခတ်စေ)

သေနတ်သံ ။ ။ "ဒိုင်း. . . ဒိုင်း. . . ဒိုင်း. . . ဒိုင်း. . . "
(ဗြိတိသျှစစ်သားများ လဲကျသွားသည်နှင့် ထိပ်တင်ထားနှင့် မယ်ခင်တို့ ပြေးဝင်လာစေ၊ ထိုအခါ ငစံအောင်က)

စံအောင် ။ ။ "ထားထား. . . နှမငယ်. . . ဟောဟိုမှာ နင့်မောင်ကြီး ငရှန်မောင်လေ၊ နင်တွေ့ချင်လှပါတယ်ဆိုတဲ့ ငရှန်မောင်လေ. . . နင်ပြော ပြောနေတဲ့ သစ္စာဖောက်ကြီးလေ"
(စံအောင်က ပြောရင်း ဖြေမဆည်နိုင်ဖြစ်ကာ ချုံးပွဲချ၍ငိုစေ၊ ထိပ်တင်ထားနှင့် မယ်ခင်တို့ကလည်း ရှန်မောင်လဲကျရာနေရာသို့ ပြေးသွားကာ ထိုင်ချပြီး ပွေ့ဖက်လျက်)

ထိပ်တင်ထား ။ ။ "ဖြစ်မှဖြစ်ရလေ . . . မောင်ကြီးရယ်. . . "

မယ်ခင် ။ ။ "မောင်ကြီး. . . မောင်ကြီး. . . မောင်ကြီးကို မြန်မာတွေက သတ်မှာဆို. . . အခုတော့ ကုလားတွေက မောင်ကြီးကို. . . အီးဟီးဟီး. . . အီး. . . "

(ထိုအခါ ရှုန်မောင်က လေသံသဲ့သဲ့ဖြင့်)

ရှုန်မောင် ။ ။ "ထား. . . ထား. . . မောင်ကြီးက. . . ထား. . ထင်သလို. . . သစ္စာဖောက်. . မ. . မဟုတ်ပါဘူးကွယ်၊ တိုင်းပြည်အတွက် အမှုတော် သွားထမ်းရတဲ့ သူလျှိုပါ၊ ဒါပေမဲ့ ဟောဒီနှမလေးမယ်ခင်ရဲ့ အရှက်နဲ့ အသက်ကို ကာကွယ်ပေးရတဲ့အတွက် မောင်ကြီး. . . မောင်ကြီးလေ. . . ထားအပေါ်ထားတဲ့ မေတ္တာ. . . မေတ္တာ. . . အား. . . အား. . . "

ထိပ်တင်ထား ။ ။ "အို. . . မောင်ကြီးဒဏ်ရာက. . . အို. . . မောင်ကြီးမပြောနဲ့ မော. . . မောနေပါ့မယ်၊ ဒါတွေကို မယ်ခင်ပြောပြလို့ ထား အကုန်သိပြီးပါပြီ မောင်ကြီးရယ်. . . အဟင့်. . အဟင့်"

ရှုန်မောင် ။ ။ "မောင်ကြီးလေ. . . အခုတော့ အရာရာကို လက်လွှတ်ရတော့မယ်၊ ခံတပ်ကြီးလည်းကျသွားပြီ၊ စစ်ပွဲကြီးလည်း ရှုံးနေပြီ၊ အမေလည်း ဆုံးပါးခဲ့ပါပြီကွယ်၊ အခု. . . မောင်ကြီးလေ မောင်ကြီးချစ်တဲ့ထားနဲ့ မောင်ကြီးသနားမိတဲ့ မယ်ခင်တို့ကိုပါ ဆုံး. . . ဆုံး. . . ရ. . . ရပြီ"

(ရှုန်မောင်က ပြောရင်း ဇက်ကျိုးကျသွားစေ)

ထိပ်တင်ထား ။ ။ "မောင်ကြီး. . . မောင်ကြီး. . . ထားကို ချစ်တယ်ဆို. . . အမလေး. . . ခုတော့ မောင်ကြီးက ထားကို ပစ်ထားခဲ့ပြီပေါ့. . . အီး. . . ဟီး. . . ဟီး. . . "

မယ်ခင် ။ ။ "မောင်ကြီးရယ်. . . မယ်ခင့်ကို သနားတယ်ဆို. . . အမလေး ကျေးဇူးရှင်ကြီးရယ်. . . . အီး. . . ဟီး. . . ဟီး. . . "

(ထိုအခါ ရဲမက် စံအောင်က ရှုန်မောင်ကို ငုံ့ကြည့်ရင်း)

စံအောင် ။ ။ "သူငယ်ချင်း. . . သွေးသောက်ကြီး ရှုန်မောင်. . . မင်းဟာ ငါ့ရဲ့ သွေးသောက်ကြီးပါကွာ၊ အခုတော့. . . မင်း. . မင်းက တာဝန် ကျေသွားပြီပေါ့၊ တာဝန်မကျေသေးတာ ငါပါကွ၊ ငါလည်း မင်းလို စွန့်စွန့်စားစား အမှုတော်ထမ်းချင်ခဲ့တာပါကွာ၊ ငါ့မှာ တာဝန်မကျေ သေးဘူး၊ အဲဒီတာဝန်က ဘာလဲဆိုရင် ကုလားတွေကို တို့မြေထဲက မောင်းထုတ်ရမယ့် တာဝန်ပဲကွ"

(ထိုအချိန်မှာ ဗိုလ်မှူးမင်းဒင်၊ အောက်မြစ်စဉ်ဝန်ကြီး မင်းလက်ဝါးနှင့် စာရေးတော်ကြီး ကျပင်းဆရာဖီးတို့ ရောက်လာစေ။)

မင်းဒင် ။ ။ "ကိုင်း. . . သမီးတို့. . . ငိုမနေကြနဲ့တော့၊ ရဲမက် ငစံအောင်စကားက မှန်လှပေတယ်၊ ရဲမက်ကြီး ငရှုန်မောင်က တိုင်းပြည်ရဲ့တာဝန်တွေ ကျေပွန်သွားပါပြီ၊ သူ စွန့်စွန့်စားစား အမှုတော်ထမ်းရွက်ခဲ့လို့ ငါတို့မှာ

စစ်ရှုံးရပေမယ့် အင်္ဂလိပ်ကို အတော်ဒုက္ခပေးနိုင်ခဲ့တယ်၊ အဲဒါ သူ့ရဲ့ စွမ်းဆောင်မှုတွေပါ။ အခု တို့မှာ တာဝန်မကျေသေးဘူး၊ တို့လုပ်ရမယ့် တာဝန်က သားစဉ်မြေးဆက် ဟောဒီကုလားတွေကို တို့မြေက မောင်းထုတ်ဖို့ ဇာတိသွေး ဇာတိမာန် စိတ်ဓာတ်တွေကို အမွေပေးရမယ့် တာဝန်ပဲလေ”

မင်းလက်ဝါး ။ ။ “ဗိုလ်မှူးမင်းဒင်ပြောတာမှန်ပေစ့၊ ငါတို့မှာ ဟောဒီကုလားတွေ တို့မြေက မောင်းထုတ်ကြရဦးမယ်၊ အခုတော့ ခံတပ်ကြီးကျသွားပြီး ဒေါင်းအလံကြီးအစား ခံတပ်ကြီးရဲ့ထိပ်မှာ ယူနီယံဂျက်အလံကြီး လွှင့်ထူတာခံလိုက်ရပြီ၊ ဒါပေမဲ့ လှေခွက်ချည်းကျန် အလံမလဲဟော့ဆိုတဲ့ စိတ်ဓာတ်နဲ့ ငါတို့တိုင်းပြည်အတွက် ဦးဆွေးဆံမြည့် အမှုထမ်းခဲ့ကြပါတယ်၊ ငါတို့ သက်စွန့်ကြိုးပမ်း အမှုတော်ထမ်းခဲ့ပေမယ့် ငါတို့ရဲ့ခံတပ်ကြီး ကျဆုံးခဲ့ပါတယ်ကွယ်၊ ဒေါင်းအလံကြီးလည်း လဲကျခဲ့ရပါတယ်၊ ဒါပေမဲ့ ငါတို့ရဲ့အောင်လံက မလဲသေးပါဘူး၊ အဲဒါဟာ ဘာလဲဆိုရင် ကိုယ့်ပြည်ကိုချစ်တဲ့ ဇာတိမာန် မျိုးချစ်စိတ်ဓာတ်ပဲ၊ အဲဒီ ဇာတိမာန် မျိုးချစ်စိတ်ဓာတ်ဆိုတဲ့ အောင်လံကတော့ သားစဉ်မြေးဆက်တိုင် တလွှင့်လွှင့် လွှင့်ထူနေဦးမှာပါပဲကွယ်၊ ကဲ. . . စာရေးတော်ကြီး ကျပင်းဆရာဖီး အရေးကြီးစာလွှာတွေကို ထုပ်ပိုးပါ။ မောင်မင်းက ဆင်ဖြူကျွန်းအထိ နယ်မြေကျွမ်းကျင်တော့ ငါတို့တပ်တွေ အဲဒီကနေဆုတ်ကြမယ်၊ အဲဒီကနေ နေပြည်တော်ကို အချိန်မီကာကွယ်နိုင်အောင် သွားကြတာပေါ့”

(ထိုအခါ တိုက်ပုံရင်ဖုံးနှင့် တစ်စထောင်ခေါင်းပေါင်းကို ပေါင်းထားသော စာရေးတော်ကြီး ကျပင်းဆရာဖီးက)

ကျပင်းဆရာဖီး ။ ။ “ဝန်မင်းတို့က လက်နက်နဲ့ စစ်တိုက်နေရတဲ့အချိန်မှာ ကျွန်တော်မျိုးက အရေးကြီးတဲ့ ကြေးနန်း၊ စားနပ်ရိက္ခာနဲ့ လက်နက်ခဲယမ်းမီးကျောက်အစရှိတဲ့ ထိန်းသိမ်းမှု၊ စာရင်းပြုစုမှုတွေနဲ့ အမှုတော်ထမ်းရွက်ခဲ့ပါတယ်။ စစ်ဗျူဟာရဲ့ စီမံချက်တွေကိုလည်း ရေးဆွဲခဲ့ရပါတယ်။ အခုပွဲမှာ ကျွန်တော်မျိုးတို့ ခံတပ်ကျဆုံးပေမယ့် စစ်ပွဲက မရှုံးသေးပါဘူး၊ ဆက်လက်တိုက်ခိုက်နေကြရဦးမှာပါ၊ ဒါကြောင့် အားလုံးကို စိတ်ဓာတ်ရေးရာ မြှင့်တင်တဲ့အနေနဲ့ ဟောဒီတိုက်ပွဲ မအားတဲ့ကြားက အသာမှန်းပြီး ဟောဒီလို စာစမ်းမိခဲ့တာကတော့. . .

* ဟောဒီ မင်းလှမြို့သောင်အစွန်မှာ ဆောင်ဝန်အားစိုက် မင်းလက်ဝါးနဲ့တပ်များ တိုက်ကြသတဲ့။ ။
* တိုက်ပေသမင့် ဗုံးစက်အမြောက် ကုန်းထက်ရောက်အောင် သုံးရက်လောက် ကြံလိုက်တော့ နွားကွဲကျားကိုက် မနုကြမ်းကြမ်း အမှုထမ်းတို့က စွမ်းသမျှတိုက်သော်လည်း။ ။
* လာလိုက်တဲ့ဗုံးဆံ မြေကတုတ်ကို ပျားတုပ်သလို ခံရပါသတဲ့ဗျာ။ ။ ”

(လျှပ်စစ်မီးများ လုံးဝပိတ်သွားစေ)

(ထိုအချိန်မှာ အားလုံးဝင်သွားပြီး သေဆုံးသူများပြန်ပါမလာဘဲ ကျန်လူများနှင့်ရဲမက်များ အောင်လံ တလူလူလွင့်လျက် ဇာတ်ခွင်တစ်ဖက်မှ တန်းစီ၍ ပြန်လည်ချီတက်လာကြစေ)

(လျှပ်စစ်မီးအဖြူရောင်များအားလုံး လင်းလာစေ)

(မြန်မာ့ဆိုင်းဝိုင်းနှင့် စာရေးဆရာ မောင်(မကွေး) ရေးသား သီကုံးထားသော လေ့ခွက်ချည်းကျန် အလံမလဲဟေ့ တေးသီချင်းကို သံပြိုင်သီဆို၍ ဝင်လာစေ)

(ရဲမက်များ သံပြိုင်သီဆို၍ ဝင်လာစေ)

ရဲမက်များ (သံဖြိုင်) ။ ။ “××× မြန်မာအမျိုးတို့ တန်ခိုးဂုဏ် ဝင့်ခဲ့ပေ ××× တိုင်းပြည်နဲ့လူမျိုး ××× အကျိုးမျှော်ကိုးမလေ ××× မြန်မာတွေ အောက်တန်းမကျဖို့ ××× တို့တိုင်းရင်းသား တာဝန်ပေ ××× တိုင်းရင်းသားတွေ သွေးစည်းကြဟေ ××× လက်တွဲတည်ထောင် ပြည်ထောင်စုအကျိုးကို တို့သယ်ပိုးမလေ ××× တို့သယ်ပိုးမလေ ××× သွေးစည်းပေါင်းစပ် ကောင်းမြတ်သော အဓိဋ္ဌာန်ပေ ××× လေ့ခွက်ချည်းကျန် အလံမလဲဘူးဟေ့ ××× ”

ရဲမက်များ ။ ။ (သီချင်းအဆိုပိုဒ်ပြီးသည်နှင့် လက်သီးလက်မောင်းတန်း၍ သံပြိုင်ဟစ်ကြွေးစေ)

“လေ့ခွက်ချည်းကျန် အလံမလဲဘူးဟေ့”

(ရဲမက်များက ပရိသတ်ဘက်ကို မျက်နှာမူ၍ လက်သီးလက်မောင်းတန်းကာ ရုပ်သေပြကွက်အဖြစ် ငြိမ်သက်သွားစေ)

(သီချင်းအဆိုပိုဒ်အပြီး အတီးပိုဒ်ဝင်စေ)

(နောက်ခံစကားပြောဝင်စေ)

နောက်ခံပြော ။ ။ "ရွှေပွဲလာ မင်းပရိသတ်များရှင် . . . ခရစ်နှစ် ၁၈၈၅ ခုနှစ်၊ နိုဝင်ဘာလ (၁၃) ရက် ညနေ (၃)နာရီ (၁၅)မိနစ်မှာ မြန်မာတို့ အားအကိုးရဆုံးသော မင်းလှခေတ်မီခံတပ်ကြီးဟာ ကျဆုံးခဲ့ရပါတယ်ရှင်၊ ခံတပ်ကြီးကျဆုံးပြီး မြန်မာ့ဒေါင်းအလံအစား အင်္ဂလိပ်တို့ရဲ့ ယူနီယံဂျက်အလံကို လွှင့်ထူလိုက်ပါသော်လည်း မြန်မာတို့ရဲ့ ဇာတိသွေး၊ ဇာတိမာန်နဲ့ မျိုးချစ်စိတ်ဓာတ်ဆိုသော အောင်လံကြီးသည်ကား ရတနာပုံခေတ်မှသည် ယနေ့ထိတိုင် လွှင့်ထူနေဆဲမို့ ဤ လှေခွက်ချည်းကျန် အလံမလဲစတမ်းစိတ်ဓာတ် ဇာတိသွေး၊ ဇာတိမာန်ပြည့်ဝနေသေးသော မြန်မာရဲမက်တို့ရဲ့ ဇာတိမာန်အောင်လံက မလဲဘဲ ရှိနေပါသေးတယ်ရှင်. . . "

ရဲမက်များ (သံဖြိုင်) ။ ။ "လှေခွက်ချည်းကျန် အလံမလဲဟေ့"

(သီချင်းအဆိုပိုဒ် တစ်ခေါက်ထပ်ဝင်စေ)

(ကတ္တီပါ ပြည်ဖုံးကားကြီး ဖြည်းညင်းစွာ ကျလာစေ။)

(လျှပ်စစ်မီးများလည်း ဖြည်းညင်းစွာ ပိတ်သွားစေ)

[တေးရေး (မောင်-မကွေး)]

ကျမ်းကိုး

၁။ အလယ်တန်း ကဗျာလက်ရွေးစင် ကျောင်းသုံး။

၂။ ၂၀၁၀ ပြည့်နှစ်ထုတ် အထက်မင်းလှမြို့နယ် မဂ္ဂဇင်းမှ
* တောသားကြီးလူနိုင်၏ "မင်းလှခံတပ် သွေးချောင်းစီး အင်္ဂလိပ်-မြန်မာ တိုက်ပွဲ"
* ဆန်းအောင် (စည်တိုင်း)၏ "မင်းလှခံတပ် သို့မဟုတ် မြန်မာတို့၏ ဇာတိမာန်ပြယုဂ်"
* နေမြင့်အောင်၏ "အနောက်ရိုးမပေါ်က တောင်တန်းပျော်ဌက်ကလေးများ"

၃။ ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလထုတ် မင်းလှရတနာ မဂ္ဂဇင်းမှ
* ခင်ခင်မွေး၏ "ဇာတိမာန် ဖွင့်အံ့ပြနေသော မင်းလှခံတပ်"
* ဦးဘကြည် (ဖွံ့ဖြိုးရေး)၏ "သွေးချင်းတောင်ပေါ်သားတို့၏ ချင်းလူမျိုး မိုးကောင်းနတ်ပွဲသို့ တစ်ခေါက်"
* နတ်မောက်ဘုန်းကျော်၏ "အင်္ဂလိပ်-မြန်မာစစ်ပွဲနှင့် မင်းလှခံတပ်စာအုပ်"
* ဦးနေနိုင်ထွန်း၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ ဗိဿနိုးဌာနစု၏ "မင်းလှခံတပ်နှင့် ကွေ့ချောင်း ခံတပ် စာတမ်းများ"

၄။ မောင်(မကွေး)၏ "ကိုယ်တိုင်ကွင်းဆင်းလေ့လာရေးမှတ်စုများ"

၂၀၁၄ ခုနှစ်၊ စာပေဗိမာန်စာမူဆု
ပြဇာတ်စာပေ၊ တတိယဆု

လှေခွက်ချည်းကျန် အလံမလဲဟေ့

မောင် (မကွေး)

အဘ ဦးခင်မောင်လတ်၊ အမိ ဒေါ်ကြင်မတိန်တို့က ၁၉၅၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်တွင် စလေမြို့၌ မွေးဖွားခဲ့ပါသည်။

မူလတန်းနှင့် အလယ်တန်းကို ပခန်းငယ်ရွာတွင် ပညာသင်ကြားခဲ့ပါသည်။ အထက်တန်းကို ဆင်ဖြူကျွန်းမြို့တွင် သင်ကြားခဲ့ပါသည်။

အလယ်တန်းအရွယ်မှစ၍ ကျောင်းနှံ့ရံကပ်စာစောင်များတွင် ကဗျာများ၊ ဝတ္ထုများ စတင်ရေးသားခဲ့ပြီး ၉ တန်း၊ ၁၀ တန်း ရောက်သောအခါ ဇာတ်သဘင်များတွင် ပြဇာတ်၊ ဇာတ်ထုပ်၊ သီချင်းနှင့် ဇာတ်စာ၊ ဇာတ်စကားများ ရေးသားခဲ့ပါသည်။

နှစ် ၆၀ ပြည့် တပ်မတော်စာပေအထူးဆု၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြဇာတ်စာပေပြိုင်ပွဲတွင် ဇာတ်တော်ကြီး (ပထမဆု)၊ မန္တလေးအမေနေပြိုင်ပွဲတွင် ဝတ္ထုတိုအထူးဆု၊ MANDA အဖွဲ့ကပြုလုပ်သော စာပေပြိုင်ပွဲတွင် ဝတ္ထုတိုတတိယဆုတို့ ရရှိခဲ့ပါသည်။

အမည်ရင်း - ဦးမျိုးမြင့်မောင် ဖြစ်သည်။

နေရပ်လိပ်စာ - ဗိုလ်ဗိုလ်ဓာတ်ပုံဆိုင်၊ တက္ကသိုလ်အနီး၊ တောင်တွင်းလမ်း၊ စိုးကောမင်းနယ်မြေ ၅၊ မကွေးမြို့။